ပန၊ ဆက်၍ဆိုအံ့။ ဣမဿ အတ္ထဿ၊ ဤဆိုအပ်ပြီးသော အနက်ကို။ ဝိဘာဝနတ္ထာယ၊ ထင်စွာပြခြင်းအကျိုးငှါ။ ဣမံ ဥပမံ၊ ဤဆိုလတံ့သော ဥပမာကို။ အဋ္ဌကထာစရိယာ၊ ရှေးအဋ္ဌကထာဆရာတို့သည်။ ဥဒါဟရန္တိ၊ ထုတ်ဆောင်ကုန်၏။ ဇစ္စန္ဓော စ၊ သူကန်းသည်ရင်း။ ပီဌသပ္ပီ စ၊ ဆွံ့

---

၁-အကြင် အခြင်းအရာဖြင့် ထိုနာမ်သည် နိတ္တေဇဖြစ်၏၊ ထိုအခြင်းအရာကို ပြခြင်းငှါ န ခါဒတိ စသည်ကိုမိန့်သော်။ တနည်း အဘယ်ကိစ္စ အဘယ်အရာ၌ နိတ္တေဇဖြစ်သနည်း?ဟု၊ ကား န ခါဒတိ- စသည်ကိုမိန့်သော်။

သည့်ငှင်း[၁]။ ဒိသာပက္ကမိတုကာမာ၊ အရပ်တပါးသို့ သွားလိုကုန်သည်။ အဿု၊ ဖြစ်ကုန်ရာ၏။ ဇစ္စန္ဓော၊ သည်။ ပီဌသပ္ပိံ၊ ကို။ ဝေ အာဟ၊ ဤသို့ ဆို၏။ ဘဏေ၊ အချင်း။ အဟံ ခေါ၊ ငါမူကား။ ပါဒေဟိ၊ ခြေတို့ဖြင့်။ ပါဒကရဏီယံ၊ ခြေဖြင့် ပြုအပ်သော သွားခြင်းကိစ္စကို။ ကာတုံ၊ ငှါ။ သက္ကောမိ၊ နိုင်၏။ ယေဟိ စက္ခုဟိ၊ အကြင်မျက်စိတို့ဖြင့်။ သမဝိသမံ၊ ညီညွတ်သောအရာ မညီညွတ်သောအရာကို။ ပဿေယျ၊ မြင်နိုင်ရာ၏။ တာနိ စက္ခုနိ စ၊ ထိုသို့သောမျက်စိတို့သည်ကား။ နတ္ထိ၊ မရှိပါခဲ့။ ဣတိ- ဝေ၊ သို့။ အာဟ၊ ၏။ ပီဌသပ္ပိပိ၊ သည်လည်း။ ဇစ္စန္ဓံ၊ ကို၊ ဝေ အာဟ၊ ၏။ ဘဏေ၊ အချင်း။ အဟံ ခေါ၊ ငါမူကား။ စက္ခုနာ၊ မျက်စိဖြင့်။ စက္ခုကရဏီယံ၊ စက္ခုဖြင့်ပြုလုပ်အပ်သော မြင်ခြင်းကိစ္စကို။ ကာတုံ၊ ငှါ။ သက္ကောမိ၊ တတ်နိုင်ပါ၏။ ယေဟိ ပါဒေဟိ၊ အကြင်ခြေတို့ဖြင့်။ အဘိက္က- မေယျံ ဝါ၊ ရှေ့သို့မူလည်းတက်နိုင်ရာ၏၊ ပဋိက္ကမေယျံ ဝါ၊ နောက်သို့မူလည်း ဆုတ်နိုင်ရာ၏။ တာနိ ပါဒါနိ၊ ထိုသို့သောခြေတို့သည်။ နတ္ထိ စ၊ မရှိပါ လျှင်းခဲ့။ ဣတိ-ဝေ၊ သို့။ အာဟ၊ ၏။ သော ဇစ္စန္ဓော၊ ထိုသူကန်းသည်။ တုဋ္ဌဟဋ္ဌော၊ (ငါးထန်းရွက်စပ် ပေါင်းစပ်အပ်ကုန်သော ငါတို့နှစ်ဦးတို့၏ အစွမ်းဖြင့် အလိုရှိအပ်သောအရပ်သို့ရောက်ခြင်း ကိစ္စ ပြီးတော့မည်တကား ဟု) နှစ်သက်ရွှင်လန်းသည်ဖြစ်၍။ ပီဌသပ္ပိံ၊ ကို။ အံသကူဋံ၊ ပခုံး တက်သို့။ အာရောပေသိ၊ တင်၏။ ပီဌသပ္ပိ၊ သည်။ ဇစ္စန္ဓဿ၊ ၏။ အံသ- ကူဋေ၊ ပခုံးစွန်းဖြင့်။ နိသီဒိတွာ၊ ထိုင်၍။ ဝါမံ၊ လက်ဝဲဖက်ကို။ မုဉ္စ၊ လွှတ်လော့။ ဒက္ခိဏံ၊ ကို။ ဂဏှ၊ ယူလော့။ ဒက္ခိဏံ၊ ကို။ မုဉ္စ၊ လွှတ်လော။ ဝါမံ၊ ကို။ ဂဏှ၊ လော့။ ဣတိ-ဝေ၊ သို့။ အာဟ၊ ၏။ တတ္ထ၊ ထိုဥပမာ၌။ ဝါ၊ နှစ်ဦးသော ဆိုကန်းတို့တွင်။ ဇစ္စန္ဓောပိ၊ သည်လည်း။ [၂၃၂] နိတ္တေဇော၊ တန်ခိုးအာနုဘော်ကင်း၏။ ဒုဗ္ဗလော၊ အားနည်း၏။ သကေန၊ မိမိဥစ္စာဖြစ်သော။ တေဇေန၊ တန်ခိုးအာနုဘော်ဖြင့်။ သကေန၊ သော။ ဗလေန၊ သတ္တိဖြင့်။ န ဂစ္ဆတိ၊ နိုင်။ ပီဌသပ္ပိပိ၊ သည်လည်း။ နိတ္တေဇော၊ ၏။ ဒုဗ္ဗလော၊ ၏။ သကေန၊ သော။ တေဇေန၊ ဖြင့်။ သကေန၊ သော၊ ဗလေန၊ ဖြင့်။ န ဂစ္ဆတိ၊ နိုင်။ တေသံ၊ ထိုကန်းဆိုတို့၏။ အညမညံ၊ အချင်းချင်း၊ ဝါ၊ တယောက်သည်တယောက်ကို၊ နိဿာယ၊ ၍။ ဂမနံ၊

၁-ပီဌေန သပ္ပတိ ဂစ္ဆတီတိ ပီဌသပ္ပိ၊ ဘီးတပ်သော ပျဉ်ချပ်ငယ်ဖြင့်သာ သွားတတ် သောကြောင့် ဆိုသည် ပီဌသပ္ပိမည်သတည်း။

သွားခြင်းသည်။ န စ နပ္ပဝတ္တတိ ယထာ၊ မဖြစ်သည်လည်းမဟုတ် ဖြစ်သည်သာလျှင်ဖြစ်သကဲ့သို့။ ဧဝမေဝ၊ တူ။ နာမံပိ၊ သည်လည်း။ နိတ္တေဇံ၊ အာနုဘော်ကင်း၏။ သကေန၊ သော။ တေဇေန၊ ဖြင့်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ တာသု တာသု ကြိယာသု၊ ထိုသို့သောကြိယာတို့၌။ န ပဝတ္တတိ၊ မဖြစ်။ ရူပံပိ၊ သည်လည်း။ နိတ္တေဇံ၊ ၏။ သကေန၊ သော။ တေဇေန၊ ဖြင့်။ န ဥပ္ပဇ္ဇတိ၊ ဖြစ်။ တာသု တာသု ကြိယာသု၊ တို့၌။ န ပဝတ္တတိ၊ ဖြစ်။ တေသံ၊ ထိုရုပ်နာမ်ဘာရားတို့၏။ အညမညံ၊ အချင်းချင်းကို။ နိဿာယ၊ ၍။ ဥပ္ပတ္တိ ဝါ၊ ဖြစ်ခြင်းသည်လည်း။ ပဝတ္တိ ဝါ၊ တည်ခြင်းသည်မူလည်း။ န စ န ဟောတိ၊ မဖြစ်သည်လည်းမဟုတ် ဖြစ်သည်သာလျှင်တည်း။ တေန၊ ထိုကြောင့်။ န သကေန ။ပ။ နိဿိတာတိ၊ ဟူသော။ တေံ-ဝစနံ၊ ကို။ ဝုတ္တတိ၊ ၏။

သခ်တာ၊ သခ်တဖြစ်သော နာမ်ရုပ်တရားတို့သည်။ သကေန ဗလေန၊ မိမိအစွမ်းဖြင့်။ န ဇာယရေ၊ မဖြစ်ကုန်။ သကေန ဗလေန၊ ဖြင့်။ နာပိ တိဋ္ဌရေ၊ တည်လည်းမတည်ကုန်။ ပရဓမ္မဝသာနုဝတ္တိနော၊ မိမိမှ တပါးသော ဟေတုအကြောင်း ပစ္စယအကြောင်းဟု ဆိုအပ်သော အကြောင်းတရားတို့၏ အလိုအစွမ်းသတ္တိသို့ လိုက်ခြင်းသဘောရှိကုန်သည်ဖြစ်၍။ ဇာယရေ၊ ဖြစ်ကုန်၏။ အတ္တဒုဗ္ဗလာ၊ မိမိတို့၏အားနည်းကုန်ရကား။

ပရပစ္စယတော စ၊ တပါးသောဓမ္မတို့၏ ပစ္စယသတ္တိကြောင့်သာလျှင်။ ဇာယရေ၊ ကုန်၏။ (ဤပါဌ်ဖြင့် ဇနကပစ္စည်းကို ပြ၏) (ပရအာရမ္မဏတော၊ တပါးသောဓမ္မတို့၏အာရမ္မဏသတ္တိကြောင့်။ သမုဋ္ဌိတာ၊ ကောင်းစွာထင်ကုန်၏[၁]။ ပရဓမ္မေဟိ၊ တပါးသောဓမ္မဖြစ်ကုန်သော။ အာရမ္မဏပစ္စယေဟိ စ၊ အာရမ္မဏအကြောင်း ပစ္စယအကြောင်းတို့သည်သာလျှင်။ ဣမေ၊ ဤနာမ်ရုပ်တရားတို့ကို။ ပဘာဝိတာ-ဥပ္ပါဒိတာ၊ ဖြစ်စေအပ်ကုန်၏။ (စိမေ ၌ စ-ကား ပဒပူရဏ)

မနုဿာ၊ လူတို့သည်။ နာဝံ၊ ကို။ နိဿာယ၊ ၍။ (တနည်း) နာဝံ-နာဝါယ၊ လှေ၌။ နိဿာယ-ပတိဋ္ဌာယ၊ တည်၍။ အဏ္ဏဝေ၊ သမုဒြာ၌။ ယန္တိ ယထာပိ၊ သွားကုန်သကဲ့သို့လည်း။ ဧဝမေဝ၊ တူ။ ရူပံ၊ ကို။ နိဿာယ၊ ၍။ နာမကာယော၊ သည်။ ပဝတ္တတိ၊ ၏။

---

၁-ဤပါဌ်ဖြင့် ဥပတ္ထမ္ဘကပစ္စည်းကိုပြသတည်း၊ တနည်းသော်တုံ ပစ္စယကိုယူခြင်းသည် ရုပ်ကိုငဲ့သည်၊ အာရမ္မဏကိုယူခြင်းသည် နာမ်ကိုငဲ့သည်။

မနုဿေ၊ လူတို့ကို၊ နိဿာယ၊ ၍။ နာဝါ၊ လှေသည်။ အဏ္ဏဝေ၊ ဌ်။ ဂစ္ဆတိ ယထာ၊ သို့။ ဧဝမေဝ၊ တူ။ နာမံ၊ ကို။ နိဿယ၊ ၍။ ရူပကာယော၊ သည်။ ပဝတ္တတိ၊ ၏။

မနုဿာ စ၊ တို့သည်၎င်း။ နာဝါ စ၊ သည်၎င်း။ ဥဘော၊ လူနှင့် လှေသား ဤနှစ်ပါးတို့သည်။ အညမညံ၊ အချင်းချင်း။ နိဿာယ၊ ၍။ အဏ္ဏဝေ၊ ဌ်။ ဂစ္ဆန္တိ ယထာ၊ သို့။ ဧဝမေဝ၊ တူ။ နာမဥ္စ၊ သည်၎င်း။ ရူပဥ္စ၊ သည်၎င်း။ ဥဘော၊ နာမ်ရုပ်နှစ်ပါးတို့သည်။ အညောညနိဿိတာ၊ အချင်းချင်းမှီ၍ ဖြစ်ကုန်၏။

ဧဝံ-ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ပြီးသောအပြားဖြင့်။ နာနာနယေဟိ၊ အထူးထူးသော (စတုသတ္တတိနာမရူပပရိဂ္ဂဟနည်း, နာမရူပမတ္တတာဝဝတ္ထာပန[၁]) နည်းတို့ဖြင့်။ နာမရူပံ၊ ကို။ ဝတ္ထာပယတော၊ ပိုင်းခြား မှတ်သားဆုံးဖြတ်သော ယောဂီ၏။ (ဒဿနံ-ဌ်စပ်) သတ္တသညံ၊ (အစ မထင် သံသရာကာလပတ်လုံး ထုံအပ်သောခန္ဓာပဥ္စကဌ်)အတ္တဟူ၍ စွဲလမ်းသော အမှတ်သညာကို။ အဘိဘဝိတွာ-ဝိက္ခမ္ဘေတွာ၊ ခွါ၍။ အသမ္မောဟ-ဘူမိယံ၊ အသမ္မောဟဘုံ၌။ ဌိတံ၊ တည်သော။ နာမရူပါနံ၊ တို့ကို၊ ဝါ၊ တို့၏။ ယာထာဝဒဿနံ၊ မဖောက်မပြန် မှန်သောသဘောအားဖြင့်၊ ဝါ၊ မဖောက်မပြန် မှန်သောသဘောကို ကောင်းစွာမြင်ခြင်းကို။ ဒိဋ္ဌိဝိသုဒ္ဓီတိ၊ (အတ္တဟုစွဲလမ်းသော ဒိဋ္ဌိဟူသော အညစ်အကြေးကို သုတ်သင်တတ် စင်ကြယ်စေတတ်သောကြောင့်) ဒိဋ္ဌိဝိသုဒ္ဓိဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။ နာမရူပ-ဝဝတ္ထာနန္တိပိ၊ နာမရူပဝဝတ္ထာနဟူသော အမည်သည်၎င်း။ သင်္ခါရ-ပရိစ္ဆေဒေါတိပိ၊ သင်္ခါရပရိစ္ဆေဒေါ ဟူသောအမည်သည်၎င်း။ တဿေဝ၊ ဤနာမ်ရုပ်၏ မဖောက်မပြန် မှန်သောသဘောကိုမြင်သော ဉာဏ်၏ သာလျှင်။ အဓိဝစနံ၊ အမည်တည်း။

ဣတိ သာဓုဇနပါမောဇ္ဇတ္ထာယ ကတေ ဝိသုဒ္ဓိမဂ္ဂေ ပညာဘာဝနာဓိကာရေ

# ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသော နာမ အဋ္ဌာရသမော ပရိစ္ဆေဒေါ။

---

၁-ဤနည်းတို့၏ရေတွက်ပုံကို ဋီကာ၌ကြည့်ပါ။(ဆ-သံ-သော)

# ၁၉-ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ (၂၃၃-၁၁)

## ပစ္စယပရိဂ္ဂဟကထာ

[၂၃၃] ၆၇၈။ ပန၊ တသီးတခန်းဆိုအံ့။ တေသံဝ၊ ထိုဒိဋ္ဌိဝိသုဒ္ဓိ၏ အာရုံ၏အဖြစ်ဖြင့် ပြုအပ်ပြီးသည်သာလျှင် ဖြစ်သော။ နာမရူပါနံ၊ နာမ်ရုပ်၏။ တီသု၊ ကုန်သော။ အဒ္ဓါသု၊ အခွန့်တို့၌။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိတရိတွာ၊ လွန်၍၊ ဝါ၊ ခွါ၍။ ဌိတံ၊ တည်သော။ ဉာဏံ၊ သည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ၊ ယုံမှားခြင်းကို လွန်မြောက်နိုင်သည်ဖြစ်၍ ယုံမှားခြင်းတည်းဟူသော အညစ်အကြေးကို စင်ကြယ်စေတတ်သော ဉာဏ်မည်၏။

တံ၊ ထိုကင်္ခါဝိတရဏဝိသုဒ္ဓိကို။ သမ္ပာဒေတုကာမော၊ ပြည့်စုံစေလိုသော။ ဘိက္ခု၊ ယောဂီပုဂ္ဂိုလ်ရဟန်းသည်။ (အာပဇ္ဇတိ-၌စပ်) ယထာ နာမ၊ ဥပမာမည်သည်ကား။ ကုသလော၊ လိမ္မာသော။ ဘိသက္ကော၊ သမားသည်။ ရောဂံ၊ အနာကို။ ဒိသွာ၊ ၍။ တဿ ရောဂဿ၊ ၏။ သမုဋ္ဌာနံ၊ ဖြစ်ကြောင်းကို။ ပရိယေသတိ ယထာ၊ ရှာသကဲ့သို့ပင်း။ အနုကမ္ပကော၊ သနားတတ်သော။ ပုရိသော၊ သည်။ ဒဟရံ၊ ငယ်စွာသော။ မန္ဒံ၊ နုံ့သောပညာရှိသော။ ဥတ္တာနသေယျကံ၊ ပက်လက်အိပ်တတ်ကာမျှ ဖြစ်သော။ ကုမာရံ၊ သူငယ်ကို။ ရထိကာယ၊ ခရီးမ၌။ နိပန္နံ၊ အိပ်သည်ကို။ ဒိသွာ၊ ၍။ အယံ ကုမာရော၊ ဤသူငယ်သည်။ ကဿ၊ အဘယ်သူ၏။ ပုတ္တကော နု ခေါ၊ သားငယ်နည်း။ ဣတိ၊ သို့။ တဿ၊ ထိုသူငယ်၏။ မာတာပိတရော၊ တို့ကို။ အာဝဇ္ဇတိ ယထာ ဝါ၊ ဆင်ခြင်သကဲ့သို့ငင်း။ ဧဝမေဝ၊ တူ။ တဿ နာမရူပဿ၊ ၏။ ဟေတုပစ္စယံ၊ ဟေတုအကြောင်း ပစ္စယအကြောင်းကို။ ပရိယေသနံ၊ ရှာခြင်းကို။ အာပဇ္ဇတိ-ကရောတိ၊ ပြု၏။

သော-ဘိက္ခု၊ ထိုယောဂီရဟန်းသည်။ အာဒိတောဝ၊ အစ၌လျှင်။ ဣတိ၊ ဤဆိုလတံ့သောနည်းဖြင့်။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ ဣဒံ နာမရူပံ၊ ဤနာမ်ရုပ်သည်။ တာဝ၊ ရှေးဦးစွာ။ အဟေတုကံ၊ အကြောင်းမရှိသည်။ န၊ မဟုတ်။ (သဟေတုကမေဝ၊ အကြောင်းရှိသည်သာတည်း။) ကသ္မာ၊ ကား။ သဗ္ဗတ္ထ၊ အလုံးစုံသော အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌။

ကေသဒိသဘာဝါပတ္တိတော၊ တခုတည်းကဲ့သို့ တူသည်၏အဖြစ်သို့ ရောက်ခြင်းကြောင့်။ သဗ္ဗဒါ စ၊ ခပ်သိမ်းသော အခါ၌လည်း။ ကေသဒိသဘာဝါပတ္တိတော၊ ကြောင့်။ သဗ္ဗေသဉ္စ၊ ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အားလည်း။ ကေသဒိသဘာဝါပတ္တိတော၊ ရောက်ခြင်းကြောင့်တည်း[၁]။ (နာမရူပံ၊ သည်။ ) ဣဿရာဒိဟေတုကံ၊ ဣဿရစသည်အကြောင်းရှိသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ ကား။ နာမရူပတော၊ မှ။ ဥဒ္ဓံ၊ လွန်။ ဣဿရာဒီနံ။ ဣဿရစသည်တို့၏၊ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။ ဣဿရာဒယော၊ ဣဿရစသည်တို့သည်။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသာတည်း။ ဣတိ၊ သို့။ ယေပိ၊ အကြင်ဆရာတို့သည်လည်း။ ဝဒန္တိ၊ ကုန်၏။ တေသံ၊ ထိုဆရာတို့၏။ ဝါဒေပိ၊ အယူ၌လည်း။ ဣဿရာဒိသင်္ခါတနာမရူပဿ၊ ဣဿရအစရှိသည်ဟု ဆိုအပ်သော နာမ်ရုပ်၏။ အဟေတုကဘာဝါပတ္တိတော၊ အကြောင်းမရှိသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်။ နာမရူပံ၊ သည်။ ဣဿရာဒိဟေတုကံ၊ သည်။ န ဟောတိ၊ ဖြစ်။ တသ္မာ၊ ထို (သို့နာမ်ရုပ်၏ အကြောင်းကင်းသည်လည်းမဟုတ် ဣဿရစသော ဝိသမအကြောင်းရှိသည်လည်း မဟုတ်သည်၏ အဖြစ်)

---

၁-ဤသို့ အသီးအသီးယှဉ်၍ သမ္ဗန်။ အကြောင်းကင်း၍ ဖြစ်သည်ရှိသော် သဗ္ဗဓမ္မတို့၏ ဟေတုအဘာဝတူရကား သဗ္ဗ ဓမ္မတို့၏ တူသည်၏ အဖြစ်သည် ဖြစ်ရာ၏။ ထိုသို့ ဖြစ်ကလည်း သောတပဒေသစသော အဇ္ဈတ္တ၌ရင်း ဗဟိဒ္ဓ၌ရင်း စက္ခုဝိညာဉ် စသည်တို့၏ ဟေတုအဘာဝသည် ဖြစ်ရကား သဗ္ဗတ္ထ၊ အလုံးစုံသော အဇ္ဈတ္တဗဟိဒ္ဓ သန္တာန်၌ရင်း၊ စက္ခုစသည်တို့၏ ဖြစ်သည်မှ ရှေး၌လည်း ဟေတုအဘာဝ, ပျက်သည်မှ အထက်၌လည်း ဟေတုအဘာဝဖြစ်ရကား သဗ္ဗဒါ စ၊ ခပ်သိမ်းသောအခါ၌ရင်း, အန္ဓ စသည်တို့၏လည်း အရူပပုဂ္ဂိုလ်တို့၏လည်း အသညသတ်ပုဂ္ဂိုလ်တို့၏လည်း ဟေတုအဘာဝဖြစ်ရကား သဗ္ဗေသဉ္စ၊ ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အားရင်း စက္ခုဝိညာဉ်စသည် တို့သည်ဖြစ်ရာ၏၊ အဘယ့်ကြောင့်နည်း? ဟေတုအဘာဝါဝိသေသတော၊ အကြောင်းမရှိခြင်း မထူးသောကြောင့်တည်း၊ ထိုသို့ဖြစ်ခြင်းသည်လည်းမရှိခဲ့၊ ထိုကြောင့် သဗ္ဗတ္ထ သဗ္ဗဒါ သဗ္ဗေသဉ္စ ကေသဒိသဘာဝါပတ္တိတော-ဟု အဋ္ဌကထာဆရာမိန့်ပေသည်။ ဤသို့ အဟေတုကဘာဝကို မြစ်ပြီးလတ်သော် တစုံတခုသော ဝိသမဟေတုဝါဒီသည် ဤရုပ်နာမ်တရားသည် အဟေတုက အဘယ်သို့ဖြစ်ရသနည်း၊ သဟေတုက အကြောင်းရှိသည်သာတည်း။ အဘယ့်ကြောင့် ဖြစ်သနည်းဟူမူ? ဣဿရစသောအကြောင်းဖြင့် အကြောင်းရှိသည်ဟု ဆိုရာ၏၊ ထိုအယူကိုပယ်လိုသည်ဖြစ်၍ န ဣဿရာဒိဟေတုကံ-စသည်ကို မိန့်သည်။ (ပြည်)

ကြောင့်။ အဿ၊ ထိုနာမ်ရုပ်၏။ ဟေတုပစ္စယေဟိ၊ ဇနကအကြောင်း ဥပတ္ထမ္ဘကအကြောင်းတို့သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ တေ ဟေတုပစ္စယာ၊ တို့သည်။ ကေ နု ခေါ၊ အဘယ်သည်တို့နည်း။ ဣတိ၊ သို့။ ပဋိသဉ္စိက္ခတိ၊ ၏။

၆၇၉။ ဝေ၊ ဖြင့်။ နာမရူပဿ၊ ၏။ ဟေတုပစ္စယေ၊ တို့ကို။ အာဝဇ္ဇေတွာ၊ ၍။ တာဝ၊ လက်ဦးစွာ။ ဣမဿ ရူပကာယဿ၊ ၏။ ဟေတုပစ္စယေ၊ တို့ကို။ ဝေ၊ ဤဆိုလတ့်သောနည်းဖြင့်။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။ အယံ ကာယော၊ ဤကိုယ်သည်။ နိဗ္ဗတ္တမာနော၊ ဖြစ်သည် ရှိသော်။ ဥပ္ပလပဒုမပုဏ္ဍရီကသောဂန္ဓိကာဒီနံ၊ ဥပ္ပလကြာ ပဒုမကြာ ပုဏ္ဍရိက်ကြာ ကြာနားဒေါင်းစသည်တို့၏။ အဗ္ဘန္တရေ၊ အတွင်း၌။ နေဝ နိဗ္ဗတ္တတိ၊ ဖြစ်သည်မဟုတ်။ မဏိမုတ္တာဟာရာဒီနံ၊ ပတ္တမြားပုလဲသွယ် စသည်တို့၏။ အဗ္ဘန္တရေ၊ ၌။ န နိဗ္ဗတ္တတိ၊ ဖြစ်သည်လည်းမဟုတ်။ အထ ခေါ၊ အဟုတ်အမှန်သော်ကား။ အာမာသယပက္ကာသယာနံ၊ အစာသစ် အိမ် အစာကျက်အိမ်တို့၏။ အန္တရေ၊ ၌။ ဥဒရပဋလံ၊ ဝမ်းရေလွှာကို။ ပစ္ဆတော ကတွာ၊ နောက်မှီပြု၍။ ပိဋ္ဌိကဏ္ဍကံ၊ ကျောက်ဆူးရိုးကို။ ပုရတော ကတွာ၊ ရှေ့ပြု၍။ အန္တအန္တဂုဏပရိဝါရိတော၊ အူမအူသိမ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍။ သယံပိ၊ မိမိသည်လည်း။ ဒုဂ္ဂန္ဓဇေဂုစ္ဆပဋိက္ကူလော၊ မကောင်းသောအနံ့တို့ဖြင့် စက်ဆုပ်ရွံရှာဖွယ်ဖြစ်လျက်။ ဒုဂ္ဂန္ဓဇေဂုစ္ဆပဋိ-က္ကူလေ၊ မကောင်းစွာသောအနံ့တို့ဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိသော။ ပရမ-သမ္ဗာဓေ၊ အလွန်ကျဉ်းမြောင်းစွာသော။ သြကာသေ၊ အရပ်၌။ (နိဗ္ဗတ္တိ-၌စပ်) ပူတိမစ္ဆပူတိကုမ္မာသဩဠိဂလ္လစန္ဒနိကာဒီသု၊ ငါးပုပ်မုယောမှုံ့ပုပ် ညွန်နှင့်တကွ လုပ်ဆေးရေ ကိုယ်ဝန်အညစ်အကြေး အစရှိသည်တို့၏ သွန်ရာ ယိုစီးရာကျင်းအိုင်အရပ် ညွန်စီးရွံပုပ်ရှိသော တံစီးအိုင် အရပ်အစ ရှိသည်တို့၌။ ကိမိ ဝိယ၊ ပိုးလောက်ကဲ့သို့။ နိဗ္ဗတ္တတိ၊ ၏။ ဝေ၊ သို့။ နိဗ္ဗတ္တမာနဿ၊ သော။ တဿ၊ ထိုရူပကာယ၏။ အဝိဇ္ဇာ၊ ၎င်း။ တဏှာ၊ ၎င်း။ ဥပါဒါနံ၊ ၎င်း။ ကမ္မံ၊ ၎င်း။ ဣတိ၊ သို့။ ဣမေ စတ္တာရော ဓမ္မာ၊ ဤလေးပါးသော တရားတို့သည်။ နိဗ္ဗတ္တကတ္တာ၊ ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်။ ဟေတု၊ ဟေတုအကြောင်းမည်၏။ အာဟာရော၊ သည်။ ဥပတ္ထမ္ဘကတ္တာ၊ ထောက်ပံ့တတ်သည်၏အဖြစ်ကြောင့်။ ပစ္စယော၊ ပစ္စယ အကြောင်းမည်၏။ ဣတိ၊ သို့။ ပဉ္စ ဓမ္မာ၊ တို့သည်။ ဟေတုပစ္စယာ၊ ဇနကအကြောင်း ဥပတ္ထမ္ဘကအကြောင်းတို့သည်။ ယထာရဟံ၊ စွာ။

(ဆိုအပ်ပြီးသောတဆယ့်ခြောက်ပါးအပြားရှိသော)အလုံးစုံသောဝိစိကိစ္ဆာကိုလည်း။ ပဟီယတိ၊ ဝိက္ခမ္ဘနအားဖြင့် ပယ်အပ်၏[၁]။

၆ဂ၁။ အပရော၊ တဦးသောယောဂီသည်။ သာဓာရဏာသာဓာရဏဝသေန၊ ဆက်ဆံသည်မဆက်ဆံသည်၏အစွမ်းဖြင့်၊ ဒုဝိဓံ၊ သော။ နာမဿ၊ ၏။ ပစ္စယံ၊ ကို။ ပဿတိ၊ ရှု၏။ ကမ္မာဒိဝသေန၊ ကံစိတ်ဥတုအာဟာရတို့၏ အစွမ်းဖြင့်။ စတုဗ္ဗိဓံ၊ သော။ ရူပဿ၊ ၏။ ပစ္စယံ၊ ကို။ ပဿတိ၊ ၏။ ဟိ၊ ချဲ့အံ့။ နာမဿ၊ ၏။ ပစ္စယော၊ သည်။ သာဓာရဏော စ၊ ၎င်း။ အသာဓာရဏော စ၊ ၎င်း။ ဣတိ၊ သို့။ ဒုဝိဓော၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ စက္ခာဒီနိ၊ စက္ခုဒွါရ အစရှိကုန်သော။ ဆ၊ ကုန်သော။ ဒွါရာနိ၊ တို့သည်၎င်း။ ရူပါဒီနိ၊ ရူပါရုံ အစရှိကုန်သော။ ဆ၊ ကုန်သော။ အာရမ္မဏာနိ၊ တို့သည်၎င်း။ နာမဿ၊ ၏။ သာဓာရဏော၊ သော။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) ကုသလာဒိ-

---

၁—အမိပ္ပါယ်ကား အဟောသိံ နု ခေါ နု နု ခေါ အဟောသိံ-ဟူသော ဤနှစ်ပုဒ်ဖြင့် သဿတာကာရကိုရင်း အဓိစ္စသမုပ္ပတ္တိအာကာရကိုရင်း မှီ၍ အတိတ်၌ မိမိ၏ ရှိခဲ့သည်၏ အဖြစ်ကိုရင်း မရှိခဲ့သေးသည်၏အဖြစ်ကိုရင်း ယုံမှားသည်ကို ပြသည်။ ကိံ နု ခေါ အဟောသိံ-ပါဌ်ဖြင့် ဇာတိလိင်္ဂဥပပတ္တိကိုမှီ၍ အဘယ်သို့ဖြစ်ဘူးလေသနည်း၊ ဗြာဟ္မဏ ဂဟဋ္ဌဒေဝ စသည်တို့တွင် တပါးပါးဖြစ်ဘူးလေသလောဟု ယုံမှားသည်ကိုပြသည်။ ကထံ နု ခေါ အဟောသိံ-ဟူသောပါဌ်ဖြင့် သဏ္ဌာနာကာရကိုမှီ၍ မြင့်သောသဏ္ဌာန် ဖြစ်ဘူးသလော နိမ့်သော သဏ္ဌာန်ဖြစ်ဘူးသလော အဖြူအမည်းအဆင်းအစရှိသည်တို့တွင် အဘယ်အဆင်းသဏ္ဌာန် ဖြစ်ဘူးလေသနည်းဟု ယုံမှားသည်ကိုပြသည်။ ကိံ ဟုတွာ ကိံ အဟောသိံ-ဟူသောပါဌ် ဖြင့် ဇာတ်စသည်ပို၍ မင်းဖြစ်ပြီး၍ ပုဏ္ဏားဖြစ်ခဲ့ဘူးသလော နတ်ဖြစ်ပြီး၍ လူဖြစ်ခဲ့ဘူး သလောဟု-မိမိ၏အဆင့်ဆင့်ဖြစ်ခဲ့ခြင်းကို ယုံမှားသည်ကိုပြသည်။ဘဝိဿာမိ နု ခေါ နု နု ခေါ ဘဝိဿာမိ-ဟူသောပါဌ်ဖြင့် သဿတာကာရကိုရင်း ဥစ္ဆေဒါကာရကိုရင်း မှီ၍ အနာဂတ်၌ မိမိ၏ရှိမြဲရှိမည့်အဖြစ်, မရှိမည့်အဖြစ်ကို ယုံမှားခြင်းကို ပြသည်။ အကြွင်းနည်းတူ မှီ၍ သိလေ။ အဟံ နု ခေါ အသ္မိ-ဟူသောပါဌ်ဖြင့် မိမိ၏အတ္တဘောကို ယုံမှားသည်ကို ပြသည်။ အဘယ်သို့ မိမိကိုယ်ကို ငါဟုတ်ပါ၏လောဟု ယုံမှားခြင်းသည် သင့်အံ့နည်းဟူမူ? ဤ၌ ယုတ္တ-အယုတ္တဟု ကြံခြင်းသည်မသင့်၊ ဗာလပုထုဇဉ်သည် ဥမ္မတ္တကကဲ့သို့ ဖြစ်သတည်း။ နု နု ခေါ အသ္မိ-ဟူသောပါဌ်ဖြင့် မိမိ၏နတ္ထိဘာဝကို ယုံမှားသည်ကိုပြသည်။ ကိံ နု ခေါ အသ္မိ-ဟူသော ပါဌ်ဖြင့် မင်းဖြစ်လျက် မိမိ၏မင်းအဖြစ်ကို ယုံမှားသည် ပုဏ္ဏားဖြစ်လျက် ပုဏ္ဏားအဖြစ်ကို ယုံမှားသည်ကိုပြသည်။ ကထံ နု ခေါ အသ္မိ-ပါဌ်သည် ဥတ္တာနယတည်း။ ဤ၌ အထူးကား-အဗ္ဘန္တရ၌ ဇီဝမည်သည်ရှိ၏ဟုယူ၍ ထိုဇီဝ၏ ဒီဃရဿ ဩဒါတစသည်၏ အဖြစ်ကို ယုံမှား သည်၊ ပစ္စုပ္ပန်ဖြစ်သောမိမိ၏ ကိုယ်သဏ္ဌာန်ကို မသိသော သူမည်သည်ကားမရှိ။ ကုတော အာဂတော၊ ကုဟိံ ဘဝိဿာမိ-ဟု အတ္တဘော၏ အာဂတိဂတိဌာန လာရာအရပ် သွားရာ အရပ်ကို ယုံမှားသည်။

ဘေဒတော၊ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာအပြား ထိုဘေဒ၏လည်း သောမနဿသဟဂတစသော တပါးပါးသော အပြားအားဖြင့်။ သဗ္ဗပ္ပ-ကာရဿပိ၊ အကြွင်းအကျန်မရှိ အလုံးစုံသော အပြားရှိသည်လည်း ဖြစ်သော။ (နာမဿ၊ ၏။) တတော၊ ထိုစက္ခု အစရှိသောဒွါရ ရူပါရုံ အစရှိသောအာရုံကြောင့်။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ (သာဓာ-ရဏော၊ သော။ ပစ္စယော၊ သည်။ ဟောတိ၊ ၏[၁]။) မနသိကာရာဒိကော၊ ယောနိသောမနသိကာရအယောနိသောမနသိကာရ စသည် ကမ္မဘဝ စသည်သည်။ ကုသလာဒိဘေဒတော၊ ဖြင့်။ သဗ္ဗပ္ပကာရဿာပိ၊ သော။ နာမဿ၊ ၏။ အသာဓာရဏော၊ သော။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဟိ၊ ချဲ့အံ့။ ယောနိသောမနသိကာရသဒ္ဓမ္မဿဝနာဒိကော၊ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း, သူတော်ကောင်းတရားကို နာခြင်း စသည်သည်။ ကုသလဿေဝ၊ ၏သာလျှင်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဝိပရီတော၊ ထိုယောနိသောမနသိကာရ စသည်မှပြန်သော အယော-နိသောမနသိကာရ အသဒ္ဓမ္မဿဝန အသပ္ပုရိသူပနိဿယ စသည်သည်။ အကုသလဿ၊ ၏သာလျှင်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ကမ္မာ-ဒိကော၊ ကံ အဝိဇ္ဇာစသည်သည်။ ဝိပါကဿ၊ ၏။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဘဝင်္ဂါဒိကော၊ ဘဝင်စသည်သည်။ ကြိယဿ၊ ၏။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤရွေ့တရပ်အပြီးတည်း။ ဝါ၊ ဣတိ-တသ္မာ၊ ကြောင့်။ မနသိကာရာဒိကော၊ သည်။ သာဓာရဏော၊ သော။ အသာဓာရဏော၊ သော။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ပန၊ ပါး။ ရူပဿ၊ ၏။ ကမ္မံ၊ ၎င်း။ စိတ္တံ၊ ၎င်း။ ဥတု၊ ၎င်း။ အာဟာရော၊ ၎င်း။ ဣတိ၊ သို့။ ကမ္မာဒိတော၊ ကံစသောအားဖြင့်။ အယံ စတုဗ္ဗိဓော၊ ဤလေးပါးသောတရားသည်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏[၂]။ တတ္ထ၊ ထိုကံအစရှိသောရုပ်ကို ဖြစ်စေတတ်သော

---

၁-ဤကား အတ္တနောမတိတည်း။ ဋီကာ၌ကား ကုသလာဒိဘေဒတော သဗ္ဗပ္ပကာရ-ဿာပိ နာမဿ သာဓာရဏော ပစ္စယောတိ၊ တဘော ပဝတ္တိတော မနသိကာရာဒိကော ကုသလာဒိဘေဒတော သဗ္ဗပ္ပကာရဿာပိ နာမဿ အသာဓာရဏော ပစ္စယောတိ စ ယောဇေတဗ္ဗံ- ဟု ရှေးဝါကျ၏ ဟိတ်အနက်မယူ နောက်စကား၏ ဝိသေသနမူ၏။ ဂဏ္ဌိဆရာနိဿယဆရာတို့လည်း ဋီကာသို့သာလိုက်လျော၍ ယောဇနာ၏၊ ဆင်ခြင်။

၂-ကမ္မာဒိကော-ရှိမူ အယံ ကမ္မာဒိကော၊ ဤကံစသောတရားသည်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ပေး။

အခြေကြောင်းတို့တွင်။ အတီတမေဝ၊ အတိတ်သာလျှင်ဖြစ်သော။ ကမ္မံ၊ သည်။ (တနည်း)ကမ္မံ၊ သည်။ အတီတမေဝ၊ ဖြစ်၍သာလျှင်။ ကမ္မသမုဋ္ဌာနဿ၊ ကံလျှင်ဖြစ်ကြောင်းရှိသော။ ရူပဿ၊၏။ ပစ္စယော၊ သည်။ [၂၃၅]ဟောတိ၊ ၏။ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ဆဲဖြစ်၍သာလျှင်။ စိတ္တသမုဋ္ဌာနဿ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော။ ရူပဿ၊ ၏။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ဥတုအာဟာရာ၊ တို့သည်။ ဥတုအာဟာရသမုဋ္ဌာနဿ၊ ဥတုသမုဋ္ဌာန် အာဟာရသမုဋ္ဌာန်ဖြစ်သော။ ရူပဿ၊ ၏။ ဌိတိက္ခဏေ၊ မိမိ၏ဌီခဏ၌။ ပစ္စယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ မှတ်အပ်၏။ ဧဝံ ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ သာခါရဏာသာခါရဏဝသေန-စသည်ဖြင့် ဆိုအပ်ပြီးသော အပြားအားဖြင့်။ ဧကော၊ တဦးသောယောဂီသည်။ နာမရူပဿ၊ ၏။ ပစ္စယပရိဂ္ဂဟံ၊ ကို။ ကရောတိ၊ ၏။

သော၊ ယောဂီသည်။ ဧဝံ ဝုတ္တနယေန၊ ဖြင့်။ ပစ္စယတော၊ ကြောင့်။ နာမရူပဿ၊ ၏။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ ဒိသွာ၊ ၍။ ဣဒံ၊ ဤနာမ်ရုပ်သည်။ ဧတရဟိ၊ ယခုပစ္စုပ္ပန်၌။ ပစ္စယတော၊ ကြောင့်။ ပဝတ္တတိ ယထာ၊ ဖြစ်၏ သို့။ ဧဝံ-တထာ၊ တူ။ အတီတေပိ အဒ္ဓါနေ၊ အတိတ်အခွန့်၌လည်း။ ပစ္စယ-တော၊ ကြောင့်။ ပဝတ္တိတ္ထ၊ ဖြစ်ဘူးပြီ။ အနာဂတေပိ အဒ္ဓါနေ၊ အနာဂတ် အခွန့်၌လည်း။ ပစ္စယတော၊ ကြောင့်၊ ပဝတ္တိဿတိ၊ ဖြစ်လတ့်။ ဣတိ၊ သို့။ သမနုပဿတိ၊ အဖန်ဖန်ရှု၏။ ဧဝံ၊ ဤသို့၊ သမနုပဿတော၊ သော။ တဿ၊ ထိုယောဂီအား၊ ဝါ၊ ယောဂီသည် ။ ဝုတ္တနယေနေဝ၊ လျှင်။ တီသု အဒ္ဓါသု၊ သုံးပါးသော အခွန့်တို့၌။ ဝိစိကိစ္ဆာ၊ သည်။ ပဟီယတိ၊ ပျောက်၏။ ဝါ၊ ဝိစိကိစ္ဆာ၊ ကို။ ပဟီယတိ၊ ပယ်အပ်၏။

၆၈၂။ အပရော၊ တဦးသောယောဂီသည်။ နာမရူပသင်္ခါတာနံ၊ နာမ်-ရုပ်ဟုဆိုအပ်ကုန်သော။ တေသံဧဝ သင်္ခါရာနံ၊ ထိုသင်္ခါရတို့၏သာလျှင်။ ဇရာပတ္တိံ၊ ဇရာသို့ရောက်ခြင်းကိုရင်း။ ဇိဏ္ဏာနံ၊ ဇရာသို့ရောက်ကုန်ပြီးသော သင်္ခါရတို့၏။ ဘင်္ဂဥ္စ၊ မရဏကိုရင်း။ဒိသွာ၊ မြင်၏။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ ဣဒံ ဇရာမရဏံ နာမ၊ ဤဇရာမရဏမည်သည်ကား။ ဇာတိယာ၊ ဇာတိ သည်။ သတိ၊ ရှိသော်သာလျှင်။ ဟောတိ၊ ၏။ ဇာတိ၊ ဇာတိမည်သည်။ ဘဝေ၊ ကမ္မဘဝသည်။ သတိ၊ ရှိသော်သာလျှင်။ ဟောတိ၊ ၏။ ဘဝေါ၊ ဘဝမည်သည်။ ဥပါဒါနေ၊ ဥပါဒါန်သည်။ သတိ၊ လျှင်။ ဟောတိ၊ ၏။

ဥပါဒါနံ၊ ဥပါဒါန်မည်သည်။ တဏှာယ၊ သည်။ သတိ၊ လျှင်။ ဟောတိ၊ ၏။ တဏှာ၊ သည်။ ဝေဒနာယ၊ သည်။ သတိ၊ လျှင်။ ဟောတိ၊ ၏။ ဝေဒနာ၊ သည်။ ဖဿေ၊ သည်။ သတိ၊ လျှင်။ ဟောတိ၊ ၏။ ဖဿော၊ သည်။ သဠာယတနေ၊ သည်။ သတိ၊ လျှင်၊ ဟောတိ၊ ၏။ သဠာယတနံ၊ သည်။ နာမရူပေ၊ သည်။ သတိ၊ လျှင်။ ဟောတိ၊ ၏။ နာမရူပံ၊ သည်။ ဝိညာဏေ၊ သည်။ သတိ၊ လျှင်။ ဟောတိ၊ ၏။ ဝိညာဏံ၊ သည်။ သင်္ခါရေသု၊ တို့သည်။ သတိ-သန္တေသု၊ ရှိကုန်သော်သာလျှင်။ ဟောတိ၊ ၏။ သင်္ခါရာ၊ တို့သည်။ အဝိဇ္ဇာယ၊ သည်။ သတိ၊ လျှင်။ ဟောန္တိ၊ ကုန်၏။ ဣတိ-ဧဝံ၊ သို့။ ပဋိလောမပဋိစ္စသမုပ္ပါဒဝသေန၊ ပဋိလောမပဋိစ္စသမုပ္ပါဒ်၏ အစွမ်းဖြင့်။ နာမရူပဿ၊ ၏။ ပစ္စယပရိဂ္ဂဟံ၊ ကို။ ကရောတိ၊ ၏။ အထ၊ ထိုသို့ သိမ်းဆည်းလတ်သော်။ အဿ၊ ထိုယောဂီအား၊ ဝါ၊ ယောဂီသည်။ ဝုတ္တနယေနေဝ၊ လျှင်။ ဝိစိကိစ္ဆာ၊ သည်။ ပဟီယတိ၊ ပျောက်၏။ ဝါ၊ ဝိစိကိစ္ဆာ၊ ကို။ ပဟီယတိ၊ ပယ်အပ်၏။

၆၇၃။ အပရော၊ တဦးသောယောဂီသည်။ ဣတိ ခေါ၊ ဤသို့လျှင်။ အဝိဇ္ဇာပစ္စယာ၊ ကြောင့်။ သင်္ခါရာ၊ တို့သည်။ သမ္ဘဝန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ပုဗ္ဗေ၊ ၌။ ဝိတ္ထာရေတွာ၊ အဆုံးမှစ၍ပဋိလောမနည်းအားဖြင့် အစ အဝိဇ္ဇာတိုင်အောင် ချဲ့တော်မူ၍။ ဒဿိတအနုလောမပဋိစ္စသမုပ္ပါဒဝသေ-နေဝ၊ ပြအပ်ပြီးသော အနုလောမ ပဋိစ္စသမုပ္ပါဒ်၏ အစွမ်းဖြင့်သာလျှင်။ နာမရူပဿ၊ ၏။ ပစ္စယပရိဂ္ဂဟံ၊ ကို။ ကရောတိ၊ ၏။ အထ၊ ထိုသို့သိမ်းဆည်းလတ်သော်။ အဿ၊ ထိုယောဂီအား၊ ဝါ၊ ယောဂီသည်။ ဝုတ္တနယေနေဝ၊ လျှင်။ ကင်္ခါ၊ ယုံမှားခြင်းသည်။ ပဟီယတိ၊ ပျောက်၏၊ ဝါ၊ ယုံမှားခြင်းကို။ ပဟီယတိ၊ ပယ်အပ်၏[၁]။

၆၇၄။ အပရော၊ တဦးသောယောဂီသည်။ ပုရိမကမ္မဘဝသ္မိံ၊ ရှေးဖြစ်သောကမ္မဘဝကို။ ကရိယမာနေ၊ ပြုအပ်သည်ရှိသော်။ မောဟော၊

၁–အဆုံးမှစ၍ ပဋိလောမနည်းအားဖြင့် အစသို့ ရောက်စေသဖြင့် ချဲ့ပြီး၍ပြအပ်သော အနုလောမပဋိစ္စသမုပ္ပါဒ်အစွမ်းဖြင့် ပြသည့်ရှိသော် အသတိဇာတိယာ နတ္ထိ ဇရာ-မရဏံ၊ အစရှိသည်ဖြင့် ပဋိလောမအားဖြင့် ပြအပ်သော ပဋိစ္စသမုပ္ပါဒ်၌ အကြင်တရား၏ မရှိခြင်းကြောင့် အကြင်တရား၏ မရှိခြင်းသည်ဖြစ်၏၊ ထိုတရားသည် ထိုတရား၏ အကြောင်းဟု ဗျတိရေကအားဖြင့်ရင်း အန္ဝယအားဖြင့်ရင်း နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းလွယ်ပါ၏ ဟူလိုသတည်း။

တွေ့ဝေခြင်းသဘောသည်။ အဝိဇ္ဇာ၊ မည်၏။ အာယူဟနာ၊ အားထုတ်ခြင်း ပေါင်းစည်းရုံးစုခြင်း သဘောသည်။ သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ နိကန္တိ၊ တပ်ခြင်းသဘောသည်။ တဏှာ၊ တဏှာမည်၏။ ဥပဂမနံ၊ ကပ်ခြင်း စွဲလမ်းခြင်း သဘောသည်။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။ စေတနာ၊ သည်။ ဘဝေါ၊ ဘဝမည်၏။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ ပုရိမကမ္မဘဝသ္မိံ၊ ရှေးဖြစ်သော ကမ္မဘဝကို။ ကရိယမာနေ၊ ပြုအပ်သည်ရှိသော်။ ဣဓ၊ ဤပစ္စုပ္ပန်၌။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ ဣဓ၊ ဤပစ္စုပ္ပန်၌။ ပဋိသန္ဓိ၊ သည်။ ဝိညာဏံ၊ ဝိညာဉ်မည်၏။ ဩက္ကန္တိ၊ အမိဝမ်း၌ သက်ဝင်သကဲ့သို့ဖြစ်ခြင်းသည်။ နာမရူပံ နာမ၊ နာမရူပမည်၏။ ပသာဒေါ၊ ဘုတ်တို့ကိုကြည်စေတတ်သော ပသာဒငါးပါးသည်။ အာယတနံ၊ မည်၏။ ဖုဋ္ဌော၊ အာရုံကိုတွေ့ခြင်းသဘောသည်။ ဖဿော၊ မည်၏။ ဝေဒယိတံ၊ ခံစားသောအခြင်းအရာဖြင့်ဖြစ်သော သဘောသည်။ ဝေဒနံ၊ ဝေဒနာမည်၏။ ဣတိ၊ သို့။ ဣဓ၊ ဤပစ္စုပ္ပန်၌။ ဥပပတ္တိဘဝသ္မိံ၊ ဥပပတ္တိဘဝသည်။ သတိ၊ သော်။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသောတရားတို့သည်။ ပုရေကတဿ၊ ရှေးဘဝ၌ပြုအပ်သော။ ကမ္မဿ၊ ကံ၏၊ ဝါ၊ ကံဟူသော။ ပစ္စယာ၊ အကြောင်းကြောင့်။ ဟောန္တိ၊ ကုန်၏။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ အာယတနာနံ၊ အာယတနတို့၏။ ပရိပက္ကတ္တာ၊ ရင့်ပြီးသည်၏ အဖြစ်ကြောင့်။ မောဟော၊ မောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ပ။ စေတနာ၊ သည်။ ဘဝေါ၊ ဘဝမည်၏။ ဣတိ၊ သို့။ ဣဓ၊ ဤပစ္စုပ္ပန်၌။ ကမ္မဘဝသ္မိံ၊ ကို။ ကရိယမာနေ၊ သော်။ ဣမေ ပဉ္စ ဓမ္မာ၊ တို့သည်။ အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိယာ၊ ၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ ဧဝံ၊ သို့။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန၊ ကမ္မဝဋ်ဝိပါကဝဋ်၏ အစွမ်းဖြင့်။ နာမရူပဿ၊ ၏။ ပစ္စယပရိဂ္ဂဟံ၊ ကို။ ကရောတိ၊ ၏။ (ကံ၏အပေါင်းအဖော်ဖြစ်ရကား ကိလေသဝဋ်ကို ကမ္မဝဋ်၌သွင်း၍ နှစ်ပါးပြသည်)။

၆၈၅။ တတ္ထ၊ ထိုကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန-ဟူသောပါဠိ၌။ ကမ္မံ၊ သည်။ ဒိဋ္ဌဓမ္မဝေဒနီယံ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ ခံစားအပ်သော အကျိုးရှိသောကံဖြင့်။ ဥပပဇ္ဇဝေဒနီယံ၊ အခြားမဲ့သောကိုယ်၏အဖြစ်၌ ခံစားအပ်သော အကျိုးရှိသောကံဖြင့်။ အပရာပရိယဝေဒနီယံ၊ ဤအတ္တ-

ဘာဝနှင့် အနန္တရအနာဂတအတ္တဘာဝမှ တပါးသော အတ္တဘာဝအဆက်ဆက် အပြန်ပြန်၌ ခံစားအပ်သော အကျိုးရှိသောကံရင်း[၁]။ အဟောသိကမ္မံ၊ (ဖြစ်ပြီးသောအကျိုး ရှိသည်လည်းမဟုတ် ဖြစ်လတ္တံ့သောအကျိုး ရှိသည်လည်းမဟုတ် ဖြစ်ဆဲသော အကျိုးရှိသည်လည်းမဟုတ် ဖြစ်ပြီးသည်သာလျှင် ကံမည်သော) အဟောသိကံရင်း။ ဣတိ၊ သို့။ စတုဗ္ဗိဓံ၊ သည်။ ဟောတိ၊ ၏။ တေသု၊ ထိုလေးပါးသောကံတို့တွင်။ ဧကဇဝနဝီထိယံ၊ တခုသောဇောဝီထိ၌။ သတ္တသု စိတ္တေသု၊ ခုနစ်ပါးသော ဇောစိတ်တို့တွင်။ [၂၃၆] ကုသလာ ဝါ၊ ကုသိုလ်မူလည်းဖြစ်စေ။ အကုသလာ ဝါ၊ မူလည်းဖြစ်စေ။ ပဌမဇဝနစေတနာ၊ ပဌမဇောနှင့် ယှဉ်သောစေတနာသည်။ ဒိဋ္ဌဓမ္မဝေဒနီယကမ္မံ နာမ၊ ကံမည်၏။ တံ၊ ထိုဒိဋ္ဌဓမ္မဝေဒနီယကံသည်။ ဣမသ္မိံယေဝ အတ္တဘာဝေ၊ ဤပစ္စုပ္ပန်အတ္တဘော၌သာလျှင်။ ဝိပါကံ၊ ကို။ ဒေတိ၊ ပေး၏။ တထာ၊ ထိုပစ္စုပ္ပန်အတ္တဘာဝ၌ အကျိုးပေးခြင်းငှါ။ အသက္ကောန္တံ ပန၊ မစွမ်းနိုင်သောကံသည်ကား။ ကမ္မံ၊ သည်။ အဟောသိ၊ ဖြစ်ပြီ။ ကမ္မဝိပါကော၊ ကံ၏အကျိုးသည်။ နာဟောသိ၊ ဖြစ်ပြီးသည်လည်း မဟုတ်။ ကမ္မဝိပါကော၊ သည်။ န ဘဝိဿတိ၊ ဖြစ်လတ္တံ့သည်လည်းမဟုတ်။ ကမ္မဝိပါကော၊ သည်။ နတ္ထိ၊ ဖြစ်ဆဲလည်းမဟုတ်။ ဣတိ၊ သို့။ ဣမဿ တိကဿ၊ ဤတိက်၏။ ဝသေန၊ ဖြင့်။ အဟောသိကမ္မံ နာမ၊ မည်သည်။ ဟောတိ၊ ၏။ ပန၊ ပါး။ အတ္ထသာဓိကာ၊ ဒါနစသော ပါဏာတိပါတစသောကိစ္စကို ပြီးစေတတ်သော။ သတ္တမဇဝနစေတနာ၊ သတ္တမဇောနှင့် ယှဉ်သောစေတနာသည်။ ဥပပဇ္ဇဝေဒနီယကမ္မံ နာမ၊ ကံမည်၏။ တံ၊ ထိုဥပပဇ္ဇဝေဒနီယကံသည်။ အနန္တရေ၊ ပစ္စုပ္ပန်အတ္တဘာဝ၏ အခြားမဲ့ဖြစ်သော။ အတ္တဘာဝေ၊ ၌။ ဝိပါကံ၊ ကို။ ဒေတိ၊ ၏။ တတ္ထ၊ ထိုအနန္တရအတ္တဘာဝ၌။ (ဝိပါကံ၊ အကျိုးကို။ ဒါတုံ၊ ပေးခြင်းငှါ။) အသက္ကောန္တံ၊

---

၁-အပရာပရိယာယေ ဒိဋ္ဌဓမ္မာနန္တရနာဂတတော အညသ္မိံ အတ္တဘာဝပရိယာယေ အတ္တဘာဝပရိဝတ္တေ ဝေဒိတဗ္ဗဖလံ ကမ္မံ အပရာပရိယာယဝေဒနီယကမ္မံ။ အပရာပရိယာယ-၌ အပရ-သဒ္ဒါသည် အညအနက်ကိုဟော၏၊ ထိုအညသည် အပါဒါန်ကိုငဲ့ရကား ဒိဋ္ဌဓမ္မာနန္တရာနာဂတတော အညသ္မိံ- မိန့်သော်၊ ပရိယာယ-သဒ္ဒါသည် အဆက်ဆက်အပြန်ပြန် ဟူသော ပရိဝတ္တအနက်၌ ဖြစ်၏၊ ထိုကြောင့် အတ္တဘာဝပရိယာယေ အတ္တဘာဝပရိဝတ္တေ· မိန့်သော်၊ ထိုကြောင့် အပရာပရိယာယဝေဒနီယကမ္မံ၊ ဤအတ္တဘာဝ၏ အနန္တရအနာဂတ အတ္တဘာဝမှတပါး အတ္တဘာဝအဆက်ဆက် အပြန်ပြန်၌ ခံစားအပ်သော ကံဟူသော အနက်ကို သိအပ်သတည်း။

ကံသည်။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။ အဟောသိ-
ကမ္မံ နာမ၊ မည်သည်။ ဟောတိ၊ ၏။ ဥဘိန္နံ၊ ပဌမဇောသတ္တမဇော နှစ်ပါး
တို့၏။ အန္တရေ၊ အကြား၌။ ပဉ္စ ဇဝနစေတနာ၊ ဇောငါးချက်နှင့်ယှဉ်သော
စေတနာသည်။ အပရာပရိယဝေဒနီယကမ္မံ နာမ၊ မည်သည်။ ဟောတိ၊ ၏။
တံ၊ ထိုအပရာပရိယဝေဒနီယကံသည်။ အနာဂတေ၊ ၌။ ယဒါ၊ ၌။
ဩကာသံ၊ အခွင့်ကို။ လဘတိ၊ ၏။ တဒါ၊ ၌။ ဝိပါကံ၊ ကို။ ဒေတိ၊
၏။ သံသာရပဝတ္တိယာ၊ သံသရာဟူသော မပြတ်မစဲဖြစ်ခြင်းသည်။ သတိ၊
သော်။ အဟောသိကမ္မံ နာမ၊ မည်သည်။ န ဟောတိ၊ မဖြစ်။

၆၈၆။ အပရံပိ၊ တပါးလည်းဖြစ်သော။ ကမ္မံ၊ သည်။ ယံ ဂရုကံ၊ အကြင်မဟာသာဝဇ္ဇဖြစ်သော အကုသိုလ် မဟာနုဘာဝဖြစ်သော ကုသိုလ်ဟူသော လေးသောကံငြင်း။ ယံ ဗဟုလံ၊ အကြင်အကြိမ်များစွာ ပြုအပ်ကောင်းစွာ မှီဝဲအပ်ပြီးသော ကံငြင်း။ ယဒါသန္နံ၊ အကြင်မရဏာသန္န-အခါပြုအပ် အောက်မေ့အပ်သော ကံငြင်း။ ကဋတ္တာ ဝါ ပန ကမ္မံ၊ ရှေးဘဝပြုအပ်ပြီးသည်၏ အဖြစ်ကြောင့် ကဋတ္တာမည်သော ကံငြင်း။ ဣတိ၊ သို့။ စတုဗ္ဗိဓံ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုလေးပါးတို့တွင်။ ကုသလံ ဝါ၊ သည်မူလည်း။ ဟောတု၊ စေ။ အကုသလံ ဝါ၊ သည်မူလည်း။ ဟောတု၊ စေ။ ဂရုကာဂရုကေသု၊ ဂရုကကံ, အဂရုကကံတို့တွင်။ မာတုဃာတာဒိ-ကမ္မံ ဝါ၊ မာတုဃာတစသော ကံမူလည်းဖြစ်သော။ မဟဂ္ဂတကမ္မံ ဝါ၊ မဟဂ္ဂုတ်ကံမူလည်း ဖြစ်သော။ ယံ ဂရုကံ၊ အကြင်ဂရုကကံသည်။ အတ္ထိ၊ ရှိ၏။ တဒေဝ၊ ထိုမဟာသာဝဇ္ဇ မဟာနုဘာဝဖြစ်၍ လေးသော ဂရုကကံသည်သာလျှင်။ ပဌမံ၊ ရှေးဖျားလက်မွန်။ ဝိပစ္စတိ၊ အကျိုးကိုဖြစ်စေ၏။ တထာ၊ တူ။ ဗဟုလာဗဟုလေသုပိ၊ အကြိမ်များစွာပြုအပ် အကြိမ်များစွာ မှီဝဲအပ်သော ဗဟုလကံ, အကြိမ်များစွာ မပြုအပ် အကြိမ်များစွာ မမှီဝဲအပ်သော အဗဟုလကံတို့တွင်လည်း။ သုသီလျံ ဝါ၊ သုသီလျမူလည်းဖြစ်သော။ ဒုဿီလျံ ဝါ၊ ဒုဿီလျမူလည်းဖြစ်သော။ ယံ၊ အကြင်ကံသည်။ ဗဟုလံ၊ အကြိမ်များစွာပြုအပ် အကြိမ်များစွာ မှီဝဲအပ်သည်။ ဟောတိ၊ ၏။ တဒေဝ၊ ထိုဗဟုလအာစိဏ္ဏကံသည်သာလျှင်။ ပဌမံ၊ စွာ။ ဝိပစ္စတိ၊ ၏။ မရဏကာလေ၊ သေခါနီးကာလ၌။ အနုဿရိတကမ္မံ၊ အဖန်တလဲလဲ အောက်မေ့အပ်သော ကံသည်။ ယဒါသန္နံ နာမ၊ ယဒါသန္နကံမည်၏။

ဟိ-သစ္စံ၊ ၏။ ယံ ကမ္မံ၊ ကို။ အာသန္နမရဏော၊ နီးသော သေခြင်းရှိသော သူသည်။ အနုဿရိဘုံ၊ အဖန်တလဲလဲ အောက်မေ့ခြင်းငှါ။ သက္ကောတိ၊ ၏။ တေနေဝ၊ ထိုကံဖြင့်သာလျှင်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ (အာသန္နကာလေ ကတေ ဝတ္တဗ္ဗမေဝ နတ္ထိ- ဟူလိုသည်) ပန၊ ပါး။ ဧတေဟိ တီဟိ၊ ထိုသုံးပါး သော ကံတို့မှ။ မုတ္တံ၊ လွတ်သော။ ပုနပ္ပုနံ၊ လဲလဲ။ လဒ္ဓါသေဝနံ၊ ရအပ် သော အာသေဝနရှိသောကံသည်။ ကဋတ္တာဝါပနကမ္မံ နာမ၊ ကဋတ္တာကံ မည်သည်။ ဟောတိ၊ ၏။ တေသံ၊ ထိုဂရုကအစရှိသော သုံးပါးသောကံ တို့၏။ အဘာဝေ၊ သည်။ သတိ၊ ဖြစ်လတ်သော်။ တံ၊ ထိုကဋတ္တာကံသည်။ ပဋိသန္ဓိံ၊ ကို။ အာကဍ္ဍတိ၊ ငင်၏။

၆၇၇။ အပရမ္ပိ၊ သော။ ကမ္မံ၊ သည်။ ဇနကံ၊ ဝိပါက်ကဋတ္တာ ရုပ်ကို ဖြစ်စေတတ်သော ကံငှင်း။ ဥပတ္ထမ္ဘကံ၊ ထောက်ပံ့တတ်သော ကံငှင်း။ ဥပပီဠကံ၊ ကပ်၍နှိပ်စက် ညှဉ်းဆဲတတ်သောကံငှင်း။ ဥပဃာတ- ကံ၊ ကပ်၍ဖြတ်တပ်သောကံငှင်း။ ဣတိ၊ သို့။ စတုဗ္ဗိဓံ၊ သည်။ ဟောတိ။ ၏။ တတ္ထ၊ ထိုလေးပါးသောကံတို့တွင်။ ဇနကံ နာမ၊ ကံမည်သည်။ ကုသလမ္ပိ၊ သည်လည်း။ ဟောတိ၊ ၏။ အကုသလမ္ပိ၊ သည်လည်း။ ဟောတိ၊ ၏။ တံ၊ ထိုဇနကကံသည်။ ပဋိသန္ဓိယမ္ပိ၊ အခါ၌ငှင်း။ ပဝတ္တေပိ၊ အခါ၌ငှင်း။ ရူပါရူပဝိပါကက္ခန္ဓေ၊ ကဋတ္တာရုပ် ဝိပါက်နာမက္ခန္ဓာတို့ကို။ ဇနေတိ၊ ဖြစ်စေ၏။ ပန၊ ပါး။ ဥပတ္ထမ္ဘကံ၊ ကံသည်။ ဝိပါကံ၊ ဝိပါက်ကို။ ဇနေတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်။ အညေန၊ သော။ ကမ္မေန၊ သည်။ ပဋိသန္ဓိယာ၊ ကို။ ဒိန္နာယ၊ ပေးအပ်သည်ရှိသော်။ ဝိပါကေ၊ ကို။ ဇနိတေ၊ ဖြစ်စေအပ်သည်ရှိသော်။ ဥပ္ပဇ္ဇမာနကသုခဒုက္ခံ၊ ဖြစ်ဆဲသော ချမ်းသာ ဆင်းရဲကို။ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့တတ်၏။ အဒ္ဓါနံ၊ ရှည်စွာသော အခွင့် ကာလပတ်လုံး။ ပဝတ္တေတိ၊ စေတတ်၏။ ဥပပီဠကံ၊ ကကံသည်။ အညေန၊ သော။ ကမ္မေန၊ သည်။ ပဋိသန္ဓိယာ၊ ကို။ ဒိန္နာယ၊ သော်။ ဝိပါကေ၊ ကို။ ဇနိတေ၊ သော်။ ဥပ္ပဇ္ဇမာနကသုခဒုက္ခံ၊ ဖြစ်ဆဲသော ချမ်းသာဆင်းရဲကို။ ပီဠေတိ၊ နှိပ်စက်တတ်၏။ ဗာဓတိ၊ ညှဉ်းဆဲတတ်၏။ အဒ္ဓါနံ၊ ကြာမြင့် စွာသော ကာလပတ်လုံး။ ပဝတ္တိတုံ၊ စေခြင်းငှါ။ န ဒေတိ၊ အခွင့်မပေး။ ပန၊ ပါး။ ဥပဃာတကံ၊ ကကံသည်။ သယံ၊ မိမိသည်။ ကုသလမ္ပိ၊ သည် ငှင်း။ အကုသလမ္ပိ၊ သည်ငှင်း။ သမာနံ၊ ဖြစ်လတ်၍။ အညံ၊ မိမိမှ တပါး

သော။ ဒုဗ္ဗလကမ္မံ၊ အားနည်းသောကံကို။ ဃာတေတွာ-ဥပစ္ဆိန္ဒိတွာ၊ ဖြတ်၍။ တဿ၊ ထိုကံ၏။ ဝိပါကံ၊ ကို။ ပဋိဗာဟေတွာ၊ တားမြစ်၍[၁]။ အတ္တနော၊ ၏။ ဝိပါကဿ၊ ၏။ ဩကာသံ၊ ကို။ ကရောတိ၊ ၏[၂]။ ပန၊ ဆက်၍ဆိုအံ့။ ဧဝံ၊ သို့။ ကမ္မေန၊ သည်။ ဩကာသေ၊ ကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ တံ ဝိပါကံ၊ ထိုဝိပါက်ကို။ ဥပ္ပန္နံ နာမ၊ ဖြစ်သည်မည်၏ ဟူ၍။ ဝုစ္စတိ၊ ၏[၃]။

[၂၃၇] ဣတိ၊ သို့။ ဣမေသံ ဒွါဒသန္နံ ကမ္မာနံ၊ ဤတဆယ့်နှစ်ပါးသော ကံတို့၏။ ကမ္မန္တရဉ္စေဝ၊ ကံတို့၏ အားရှိသည်၏အဖြစ် အားမရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အထူးအပြားသည်ရင်း။ ဝိပါကန္တရဉ္စ၊ ဝိပါက်တို့၏ ယုတ်သည်၏အဖြစ် မြတ်သည်၏အဖြစ်စသော အထူးအပြားသည်ရင်း။ ဗုဒ္ဓါနံ၊ သဗ္ဗညုရှင်တော်ဘုရားတို့၏။ ကမ္မဝိပါကဉာဏဿေဝ၊ ကံအထူး ဝိပါက်အထူးကို သိသောဉာဏ်အားသာလျှင်။ ယာထာဝသရသတော။ မဖောက်မပြန် ဟုတ်မှန်သောမိမိကိစ္စအားဖြင့်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ သာဝကေဟိ၊ သာဝကတို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံ သည်။ ဟောတိ၊ ၏။ ပန၊ ထိုသို့ အသာဓာရဏဖြစ်သော်လည်း။ ဝိပဿကေန၊ ဝိပဿနာရှုသောပုဂ္ဂိုလ်သည်။ ကမ္မန္တရဉ္စ၊ ကိုရင်း။ ဝိပါ-ကန္တရဉ္စ၊ ကိုရင်း။ ဧကဒေသတော၊ တစိတ်အားဖြင့်။ ဇာနိတဗ္ဗံ၊ သိသင့် ၏။ တသ္မာ၊ ထိုသို့ တစိတ်အားဖြင့် သိသင့်သည်၏အဖြစ်ကြောင့်။ မုခမတ္တ-ဒဿနေန၊ အမြွက်မျှကိုပြသဖြင့်။ အယံ ကမ္မဝိသေသော၊ ဤကံအထူးကို။ မယာ၊ သည်။ ပကာသိတော၊ ပြအပ်၏။ ဣတိ၊ မှတ်အပ်၏။

---

၁-ဂါကိုဖြတ်ခြင်းမည်သည် ထိုကံ၏ဝိပါက်ကို တားမြစ်ခြင်းပင်တည်းဟု တဿ ဝိပါကံ ပဋိဗာဟေတွာ- မိန့်သော်။

၂-ထိုသို့တားမြစ်ခြင်းသည်လည်း မိမိဝိပါက်ဖြစ်ခြင်း၏ အခွင့်ကို ပြုခြင်းပင်ဟု အတ္တ-နော ဝိပါကဿ ဩကာသံ ကရောတိ-မိန့်သော်။

၃-ပဋိသန္ဓေကိုပေးခြင်း စသောအားဖြင့် နာမ်ရုပ်ဖြစ်သော ဝိပါက်အစဉ်ကို ဖြစ်စေ တတ်သောကံသည် ဇနကကံမည်၏။ ထိုကြောင့် တံ ပဋိသန္ဓိယံပိ ပဝတ္တေပိ ရူပါရူပဝိပါကက္ခ-န္ဓေ ဇနေတိ-မိန့်သော်။ ကံတပါးသည် ဖြစ်စေအပ်သော သုခ ဒုက္ခသန္တာန်၌။ "၏။" တနည်း နာမရူပ ပဗန္ဓ၏ စိရတရပဝတ္တိ၏ အကြောင်းဖြစ်၍ ထောက်ပံ့တတ်သော ကံ သည် ဥပတ္ထမ္ဘကမည်၏၊ ထိုကြောင့် သုခဒုက္ခံ ဥပတ္ထမ္ဘေတိ အဒ္ဓါနံ ပဝတ္တေတိ-ဟု မိန့်သော်။ သုခ ဒုက္ခ ပဗန္ဓဖြစ်ရာ၌ တဖြည်းဖြည်း ထိုသုခ ဒုက္ခကို ယုတ်စေသဖြင့် ညှဉ်းဆဲဘတ်သော ကံသည် ဥပပီဠကကံမည်၏။ ထိုကြောင့် သုခဒုက္ခံ ပီဠေတိ ဗာဓေတိ အဒ္ဓါနံ ပဝတ္တိတုံ န ဒေတိ-ဟုမိန့်သော်။

ဇဂဂ။ ဣတိ၊ သို့။ ဒွါဒသဝိဓံ၊ သော။ ဣဒံ ကမ္မံ၊ ပစ္စုပ္ပန်ဝိပါက်အစဉ်၏အကြောင်းမျှဖြစ်သော ဤကံတစိတ်ကို။ ကမ္မဝဋ္ဋေ၊ အပေါင်းဖြစ်သော ကမ္မဝဋ္ဋ၌။ ပက္ခိပိတွာ၊ ထည့်၍[1]။ ဧဝံ၊ သို့။ ဧကော၊ တဦးသောယောဂီသည်။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန၊ ဖြင့်။ နာမရူပဿ၊ ၏။ ပစ္စယပရိဂ္ဂဟံ၊ ကို။ ကရောတိ၊ ၏။ သော၊ ထိုယောဂီသည်။ ဧဝံ၊ သို့။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန၊ ဖြင့်။ ပစ္စယတော၊ အားဖြင့်။ နာမရူပဿ၊ ၏။ ပဝတ္တိံ၊ အဆက်ဆက်အဆင့်ဆင့်အားဖြင့် ဖြစ်ခြင်းကို။ ဒိသွာ၊ ၍။ ဣဒံ၊ ဤနာမ်ရုပ်တရားသည်။ ဧတရဟိ၊ ယခုမျက်မြင် ပစ္စုပ္ပန်ဘဝ၌။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေနဝ၊ ဖြင့်သာလျှင်။ ပစ္စယတော၊ ဖြင့်။ ပဝတ္တတိ ယထာ၊ သို့။ ဧဝံ-တထာ၊ တူ။ အတီတေပိ အဒ္ဓါနေ၊ ၌လည်း။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေနဝ၊ ဖြင့်သာလျှင်။ ပစ္စယတော၊ ဖြင့်။ ပဝတ္တိတ္ထ၊ ဖြစ်ခဲ့ပြီ။ အနာဂတေပိ အဒ္ဓါနေ၊ ၌လည်း။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေနဝ၊ သာလျှင်။ ပစ္စယတော၊ ဖြင့်။ ပဝတ္တိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ပစ္စယပရိဂ္ဂဟံ၊ ကို။ ကရောတိ၊ ၏။ ဣတိ၊ သို့။ ကမ္မဉ္စေဝ၊ သည်ရှင်း။ ကမ္မဝိပါကော စ၊ သည်ရှင်း။ ကမ္မဝဋ္ဋဉ္စ၊ ကံဟုဆိုအပ်သော အဆင့်ဆင့်လည်သော တရားသည်ရှင်း။ ဝိပါကဝဋ္ဋဉ္စ၊ ဝိပါက်ဟုဆိုအပ်သော အဆင့်ဆင့်လည်သော တရားသည်ရှင်း။ ကမ္မပဝတ္တဉ္စ၊ ကံဟုဆိုအပ်သော အဆင့်ဆင့်ဖြစ်သော တရားသည်ရှင်း။ ဝိပါကပဝတ္တဉ္စ၊ ဝိပါက်ဟုဆိုအပ်သော အဆင့်ဆင့်ဖြစ်သော တရားသည်ရှင်း။ ကမ္မသန္တတိ စ၊ ကံဟုဆိုအပ်သော ဟေတုဖလအဖြစ်ဖြင့် စပ်သောအစဉ်သည်ရှင်း။ ဝိပါကသန္တတိ စ၊ ဝိပါက်ဟုဆိုအပ်သော ဟေတုဖလအဖြစ်ဖြင့် စပ်သောအစဉ်သည်ရှင်း။ ကိရိယာ စ၊ ပြုခြင်းသည်ရှင်း၊ ဝါ၊ အကျိုးကို ပြုတတ်သော တရားသည်ရှင်း၊ ဝါ၊ မိမိပစ္စည်းတို့သည် ပြုအပ်သောတရားသည်ရှင်း။ ကိရိယာဖလဉ္စ၊ ကိရိယာ၏အကျိုးသည်ရှင်း။ ပဝတ္တတိ၊ ဖြစ်၏။

ကမ္မာ၊ ကံကြောင့်။ ဝိပါကာ၊ တို့သည်။ ဝတ္တန္တိ၊ ကုန်၏။ ဝိပါကော၊ သည်။ ကမ္မသမ္ဘဝေါ၊ ကံဟူသောဖြစ်ကြောင်းရှိ၏။ (သမ္ဘဝတိ ဧတသ္မာတိ သမ္ဘဝေါ၊ ကမ္မံ သမ္ဘဝေါ ဧတဿာတိ ကမ္မသမ္ဘဝေါ) ကမ္မာ၊ ကံကြောင့်။

---

၁-ယခင်ဆိုအပ်ခဲ့ပြီးသော ကံကို ပစ္စုပ္ပန်ဝိပါက်အစဉ်၏ အကြောင်းဟူ၍သာလျှင် အလိုရှိအပ်ရကား ကံတစိတ်မျှ၏ အဖြစ်ကြောင့် ဒွါဒသဝိဓံ ကမ္မံ ကမ္မဝဋ္ဋေ ပက္ခိပိတွာ-ဟူသတည်း။ ကိလေသဝဋ္ဋ်ကိုလည်း ကမ္မသဟာယ၏ အဖြစ်ကြောင့် ကမ္မဝဋ္ဋ်အဖို့ရှိသည်ကိုသာလျှင်ပြု၍ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန-ဟူသတည်း။

ပုနဗ္ဘဝေါ၊ တဖန် အသစ်ဖြစ်သောဘဝသည်။ ဟောတိ၊ ၏။ ဝေံ၊ သို့။ လောကော၊ သည်။ ပဝတ္တတိ၊ အဆင့်ဆင့်ဖြစ်၏။ ဣတိ၊ သို့။ သမနုပဿတိ၊ ၏။

ဝေံ- ဝုတ္တနယေန၊ ဖြင့်။ သမနုပဿတော၊ သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ပုဗ္ဗန္တာဒယော၊ အတိတ်ဖြစ်သောခန္ဓကောဋ္ဌာသ စသည်တို့ကို။ အာရဗ္ဘ၊ ရည်၍။ အဟောသိံ နု ခေါ အဟန္တိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဝုတ္တာ၊ သော။ သောဠသဝိဓာ၊ တဆယ့်ခြောက်ပါး အပြားရှိသော။ ယာ သာ ဝိစိကိစ္ဆာ၊ ထိုဆိုအပ်ပြီးသော သဘောရှိသော အကြင်ဝိစိကိစ္ဆာသည်။ အတ္ထိ၊ ၏။ သဗ္ဗာ၊ သော။ သာ ဝိစိကိစ္ဆာ၊ သည်။ ပဟီယတိ၊ ပျောက်၏။ သဗ္ဗဘဝယောနိဂတိဋ္ဌိတိနိဝါသေသု၊ အလုံးစုံသောဘဝ အလုံးစုံသောယောနိ အလုံးစုံသောဂတိ အလုံးစုံသောဝိညာဏဋ္ဌိတိ အလုံးစုံသောသတ္တာဝါသတို့၌။ ဟေတုဖလသမ္ဗန္ဓဝသေန၊ အကြောင်း အကျိုးစပ်သည်၏ အစွမ်းဖြင့်။ ပဝတ္တမာနံ၊ အဆင့်ဆင့်ဖြစ်သော။ နာမရူပမတ္တမေဝ၊ မျှသည်သာလျှင်။ ခါယတိ၊ ထင်၏။ သော၊ ထိုယောဂီသည်။ ကာရဏတော၊ အကြောင်းတရားထက်။ ဥဒ္ဓံ၊ အလွန်။ ကာရကံ၊ ပြုတတ်သောဗြဟ္မာဗိဿနိုးစသော ကတ္တားကို။ နေဝ ပဿတိ၊ မမြင်။ ဝိပါကပဝတ္တိတော၊ ဝိပါက်၏ အဆင့်ဆင့်ဖြစ်ခြင်းထက်။ ဥဒ္ဓံ၊ အလွန်။ ဝိပါကပဋိသံဝေဒကံ၊ ဝိပါက်ကိုခံစားတတ်သော ပုဂ္ဂိုလ်ကတ္တားကို။ န ပဿတိ၊ မမြင်။ ပန၊ စင်စစ်သော်ကား။ ကာရဏေ၊ အကြောင်းသည်။ သတိ၊ သော်။ ကာရကောတိ၊ ပြုတတ်သသူဟူ၍။ ဝိပါကပဝတ္တိယာ၊ ဝိပါက်၏ အဆင့်ဆင့်ဖြစ်ခြင်းသည်။ သတိ၊ သော်။ ပဋိသံဝေဒကောတိ၊ ခံစားတတ်သသူဟူ၍။ သမညာမတ္တေန၊ ပညတ်မျှဖြင့်။ ပဏ္ဍိတာ၊ တို့သည်။ ဝေါဟရန္တိ၊ ခေါ်ဝေါ်ကုန်၏။ ဣစ္စေဝ၊ ဤသို့သာလျှင်။ အဿ၊ ထိုယောဂီသည်။ သမ္မပ္ပညာယ၊ အသင့်မြင်တတ်သော ဝိပဿနာပညာဖြင့်။ သုဒိဋ္ဌံ၊ ကောင်းစွာမြင်အပ်သည်။ ဟောတိ၊ ၏။

၆၇၉။ တေန၊ ထိုကြောင့်။ ပေါရာဏာ၊ ရှေးသူဟောင်းတို့သည်။ ကမ္မဿ။ပ။ ပစ္စယာတိ၊ ဟူ၍။ အာဟု၊ ကုန်ပြီ။

ကမ္မဿ၊ ကို။ ကာရကော၊ ပြုတတ်သောသူသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ဝိပါက်ကို။ ဝေဒကော စ၊ ခံစားတတ်သော သူသည်လည်း။

နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ သက်သက်သော နာမ်ရုပ်ဟုဆိုအပ်သော တရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ကုန်၏။ ဧဝံဝိဓံ၊ ဤဆိုအပ်ပြီးသော သဘောရှိသော။ ဧတံ ဒဿနံ၊ ထိုသို့သောအမြင်သည်သာလျှင်။ သမ္မဒဿနံ- အဝိပရီတဒဿနံ၊ မဖောက်မပြန် ဟုတ်မှန်သောအမြင်သည်။ ဟောတိ၊ ၏။

ဗီဇရုက္ခာဒိကာနံ၊ မျိုးစေ့သစ်ပင် စသည်တို့၏။ ပုဗ္ဗာ ကောဋိ၊ ရှေးဖြစ်သော အစွန်းအစကို။ န နာယတိ ဣဝ၊ မသိအပ်သကဲ့သို့။ ဧဝံ-တထာ၊ တူ။ သဟေတုကေ၊ အကြောင်းနှင့်တကွ။ ပဝတ္တမာနေ၊ ဖြစ်သော။ ကမ္မေ စ၊ ၌ရင်း။ ဝိပါကေ စ၊ ဝိပါက်၌ရင်း။ ပုဗ္ဗာကောဋိ၊ ရှေးဖြစ်သော အစွန်းအစကို။ န နာယတိ၊ မသိအပ်။

(အတီတေ ယထာ၊ ၌ကဲ့သို့။ ဧဝံ တထာ၊ တူ။) အနာဂတေပိ၊ အနာဂတ်အခွန့်၌လည်း။ သံသာရေ၊ ခန္ဓာနဉ္စ ပဋိပါဋိ-ဤသို့ စသည်ဖြင့် ဟောတော်မူအပ်သော သံသရာသည်။ သတိ၊ သော်။ ကမ္မဝိပါကာနံ၊ တို့၏။ အပ္ပဝတ္တံ၊ မဖြစ်ခြင်းသည်။ န ဒိဿတိ၊ မထင်။ ပဝတ္တိ ဧဝ၊ အဆက်ဆက် ဖြစ်ခြင်းသည်သာလျှင်။ ဒိဿတိ၊ ၏။ (လှန်)

[၂၃၈] ဧတမတ္ထံ၊ ကမ္မဿ ကာရကော နတ္ထိ- စသည်ဖြင့် ဆိုအပ်ပြီးသော ဤအနက်ကို။ အနညာယ၊ မသိမူ၍၊ ဝါ၊ မသိခြင်းကြောင့်။ တိတ္ထိယာ၊ တို့သည်။ အသယံဝသီ၊ မဖောက်မပြန် ဉာဏ်အမြင်ဟူသော မိမိအလိုသို့ မလိုက်ကုန်။ (မှားသောအားဖြင့် နှလုံးသွင်းခြင်းဟု ဆိုအပ်သော သူတပါးအလိုသို့ လိုက်ကုန်သည် ဟူလို)။

ယေ တိတ္ထိယာ၊ အကြင်တိတ္ထိတို့သည်။ သတ္တသညံ၊ ပရမတ္ထအားဖြင့် သတ္တဝါဖြစ်၏ဟူသော အမှတ်သညာကို။ ဂဟေတွာန၊ ယူကုန်၍။ သဿ-တုစ္ဆေဒဒဿိနော၊ သဿတအယူ, ဥစ္ဆေဒအယူ ရှိကုန်သည်ဖြစ်၍၊ ဝါ၊ သဿတဥစ္ဆေဒအားဖြင့် ရှုကုန်သည်ဖြစ်၍။ ဒွါသဋ္ဌိဒိဋ္ဌိ၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူကို။ ဂဏှန္တိ၊ ယူကုန်၏။ အညမညဝိရောဓိတာ၊ အချင်းချင်း အယူတို့ကို ဆန့်ကျင်စေကုန်သော၊ ဝါ၊ အယူအားဖြင့် အချင်းချင်း ဆန့်ကျင်ကြကုန်သော။

ဒိဋ္ဌိဗန္ဓနဗဒ္ဓါ၊ မိစ္ဆာဒိဋ္ဌိဟူသော အနှောင်အဖွဲ့ဖြင့် ဖွဲ့အပ်ကုန်သော။ တေ တိတ္ထိယာ၊ တို့သည်။ တဏှာသောတေန၊ တဏှာတည်းဟူသော ရေအယဉ်ဖြင့်။ ဝုယှရေ၊ မြောစုန်ကုန်၏။ တဏှာသောတေန၊ ဖြင့်။

ဝုယှန္တာ၊ မြောစုန်ကုန်သော။ တေ တိတ္ထိယာ၊ တို့သည်။ ဒုက္ခာ၊ ဆင်းရဲ အပေါင်းမှ။ န ပမုစ္စရေ၊ မလွတ်ကုန်။

ဝေဝံ၊ သို့။ ဝေဝံ အတ္ထံ၊ ထိုဆိုအပ်ပြီးသော အနက်ကို။ ဗုဒ္ဓဿ၊ သဗ္ဗညု ရှင်တော်ဘုရား၏။ သာဝကော၊ တပည့်ဖြစ်သော။ ဘိက္ခု၊ သည်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ ဂမ္ဘီရံ၊ နက်နဲသောဉာဏ်၏ အာရုံ ဖြစ်သောကြောင့် နက်နဲစွာထသော။ နိပုဏံ၊ သိမ်မွေ့သောဉာဏ်၏ အာရုံ ဖြစ်သောကြောင့် သိမ်မွေ့စွာထသော။ သုညံ၊ သတ္တဇီဝမှ ဆိတ်သော, ဝါ၊ တပါးသည် တပါး၏သဘောမှ ဆိတ်ထသော။ ပစ္စယံ၊ နာမ်ရုပ်၏ အကြောင်းကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။ (ထိုနာမ်ရုပ်၏ အကြောင်းကို ထိုးထွင်း၍ သိသဖြင့်ပင်လျှင် အလုံးစုံသော နာမ်ရုပ်ကို ထိုးထွင်း၍ သိသည် ဟူလို)။

ဝိပါကမှို၊ ဝိပါက်၌။ ကမ္မံ၊ သည်။ နတ္ထိ၊ မရှိ။ ဝိပါကော၊ ဝိပါက်သည်။ ကမ္မေ၊ ၌။ န ဝိဇ္ဇတိ၊ မရှိ။ ဥဘော၊ ကံနှင့်ဝိပါက် နှစ်ပါးတို့သည်။ အညမညံ၊ အချင်းချင်း။ သုညာ၊ ဆိတ်ကုန်၏။ ကမ္မံ၊ ကို။ ဝိနာ၊ ကြဉ်၍။ ဖလံ၊ အကျိုးသည်။ န စ ပဝတ္တတိ၊ မဖြစ်လျှင်းတည်း။

သူရိယေ၊ နေ၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိ။ မဏိမှိ၊ သူရိယကန် ကျောက်၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိ။ ဂေါမယေ၊ နွားချေး၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိ။ သော အဂ္ဂိ၊ ထိုမီးသည်။ တေသံ၊ ထိုနေ စသည်တို့၏။ ဗဟိ၊ အပ၌။ န အတ္ထိ၊ မရှိ။ သမ္ဘာရေဟိ စ၊ နေပူ အစ ရှိသော အကြောင်း အဆောက်အဦတို့ကြောင့်သာလျှင်။ အဂ္ဂိ၊ သည်။ ဇာယတိ ယထာ၊ သကဲ့သို့။

တထာ၊ တူ။ ကမ္မဿ၊ ၏။ အန္တော၊ အတွင်း၌။ ဝိပါကော၊ ကို။ န ဥပလဗ္ဘတိ၊ မရအပ်။ ကမ္မဿ၊ ၏။ ဗဟိဒ္ဓါပိ၊ အပ၌လည်း။ န ဥပ-လဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုဝိပါက်၌။ ကမ္မမ္ပိ၊ သည်လည်း။ န ဝိဇ္ဇတိ၊ မရှိ။

တံ ကမ္မံ၊ ထိုကံသည်။ ဖလေန၊ အကျိုးမှ။ သုညံ၊ ဆိတ်၏။ (သုည ရှိမူ ဆန်းသို့လိုက်၍ နိဂ္ဂဟိတ်ကြေသည်) ဖလံ၊ သည်။ ကမ္မေ၊ ၌။ န ဝိဇ္ဇတိ၊ မရှိ။ ခေါ၊ စစ်။ ကမ္မဉ္စ၊ ကိုသာလျှင်။ ဥပါဒါယ၊ စွဲ၍။ တတော၊ ထိုကံကြောင့်။ ဖလံ၊ သည်။ နိဗ္ဗတ္တတေ၊ ဖြစ်၏။

ဟိ-သစ္စံ၊ ၏။ ဧတ္ထ၊ ဤသတ္တလောက၌။ သံသာရဿ၊ သံသရာကို။ ကာရကော၊ ပြုလုပ်ဖန်ဆင်းတတ်သော။ ဒေဝေါ ဝါ၊ နတ်သည်ရင်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်ရင်း။ န အတ္ထိ၊ မရှိ။ ဟေတုသမ္ဘာရပစ္စယာ၊ အကြောင်းအပေါင်းဟူသော အကြောင်းကြောင့်၊ ဝါ၊ ဇနကဟူသော ဟေတုအကြောင်း ဥပတ္ထမ္ဘသမ္ဘာရဟူသော ပစ္စယအကြောင်းကြောင့်။ သုဒ္ဓဓမ္မာ၊ သက်သက်သော နာမ်ရုပ်တရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ အဆက်ဆက် အဆင့်ဆင့် ဖြစ်ကုန်၏။

၆၉၀။ ဧဝံ-ယထာဝုတ္တနယေန၊ ဖြင့်။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန၊ ဖြင့်။ နာမရူပဿ၊ ၏။ ပစ္စယပရိဂ္ဂဟံ၊ ကို။ ကတွာ၊ ၍၊ ဝါ၊ ကြောင့်။ တီသု အဒ္ဓါသု၊ သုံးပါးသောအခွန့်တို့၌။ ပဟီနဝိစိကိစ္ဆဿ၊ ပယ်အပ်ပြီးသော ဝိစိကိစ္ဆာရှိသော။ တဿ၊ ထိုယောဂီအား။ သဗ္ဗေ၊ ကုန်သော။ အတီ-တာနာဂတပစ္စုပ္ပန္နဓမ္မာ၊ တို့သည်။ စုတိပဋိသန္ဓိဝသေန၊ အစွမ်းဖြင့်။ ဝိဒိတာ၊ ထင်ရှားကုန်သည်။ ဟောန္တိ၊ ကုန်၏။ (သာဿ-ကို သာ အဿ-ဖြတ်) သာ၊ ထိုနာမရူပပရိဂ္ဂဟနှင့် ပစ္စယပရိဂ္ဂဟကို ပြုကြောင်းဖြစ်သော ပညာသည်။ အဿ-ယောဂိနော၊ ၏။ ဉာတပရိညာ၊ (ဣဒံ နာမံ ဧတ္တကံ နာမံ ဤသို့ စသည်ဖြင့်ရင်း, တဿ အယံ ပစ္စယော ဧတ္တကော ပစ္စယော ဤသို့စသည် ဖြင့်ရင်း) ပိုင်းခြားသည်၏ အစွမ်းအားဖြင့် သိခြင်းရှိသော၊ ဝါ၊ သိအပ်သော နာမ်ရုပ်နှင့် အကြောင်းတရားတို့ကို ပိုင်းခြား၍ သိသော ပရိညာသည်။ ဟောတိ၊ ၏။

သော၊ ထိုယောဂီသည်။ ဧဝံ၊ ဤသို့ဆိုလတံ့သော အခြင်းအရာအားဖြင့်။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ အတီတေ၊ အတိတ်ဖြစ်သော ဘဝ၌။ ကမ္မပစ္စယာ၊ ကံဟူသော အကြောင်းကြောင့်။ နိဗ္ဗတ္တာ၊ ကုန်သော။ ယေ ခန္ဓာ၊ အကြင်ခန္ဓာတို့သည်။ ဟောန္တိ၊ ကုန်၏။ တေ၊ ထိုအတိတ်ဖြစ်သောဘဝ၌ ကံဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော ခန္ဓာတို့သည်။ တတ္ထေဝ၊ ထိုအတိတ်ဘဝ၌သာလျှင်။ နိရုဒ္ဓါ၊ ချုပ်ကုန်ပြီ။ ပန၊ စင်စစ် သော်ကား။ အတီတကမ္မပစ္စယာ၊ အတိတ်ကံဟူသော အကြောင်းကြောင့်။ ဣမသ္မိံ ဘဝေ၊ ဤပစ္စုပ္ပန်ဘဝ၌။ အညေ၊ အတိတ်ဘဝခန္ဓာမှတပါး ကုန်သော ခန္ဓာတို့သည်။ နိဗ္ဗတ္တာ၊ ကုန်၏။ အတီတဘဝတော၊ မှ။ ဣမံ ဘဝံ၊ ဤပစ္စုပ္ပန်ဘဝသို့။ အာဂတော၊ လာသော။ ဧကဓမ္မောပိ၊ တခုသော

တရားသည်လည်း။ နတ္ထိ၊ မရှိ။ ဣမသ္မိံ ဘဝေ၊ ဤပစ္စုပ္ပန်ဘဝ၌လည်း။ ကမ္မပစ္စယေန၊ ကံဟူသော အကြောင်းကြောင့်။ နိဗ္ဗတ္တာ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ နိရုဇ္ဈိဿန္တိ၊ အမြဲမတည် မရှည်မကြာ ချုပ်ကုန်လတ္တံ့။ ပုနဗ္ဘဝေ၊ တဖန်ဘဝသစ်၌။ အညေ၊ ကုန်သောခန္ဓာတို့သည်။ နိဗ္ဗတ္တိဿန္တိ၊ ကမ္မပစ္စယကြောင့် ဖြစ်ကြကုန်လတ္တံ့။ ဣမမှာ ဘဝါ၊ ဤပစ္စုပ္ပန်ဘဝမှ။ ပုနဗ္ဘဝံ၊ တဖန်ဘဝသစ်သို့။ ကေစဓမ္မောပိ၊ မျှလည်း။ န ဂမိဿတိ၊ မသွား လတ္တံ့။ အပိစ ခေါ၊ စင်စစ်သော်ကား။ အာစရိယမုခတော၊ ဆရာ၏ ခံတွင်းမှ။ သဇ္ဈာယော၊ သရဇ္ဈာယ်သံသည်။ အန္တေဝါသိကဿ၊ တပည့်၏။ မုခံ၊ ခံတွင်းသို့။ န ပဝိသတိ၊ မဝင်။ တပ္ပစ္စယာ၊ ထိုဆရာ၏ သရဇ္ဈာယ်ခြင်း ဟူသော အကြောင်းကြောင့်။ [၂၃၉] တဿ၊ ထိုတပည့်၏။ မုခေ၊ ခံတွင်း၌။ သဇ္ဈာယော၊ ခြင်းသည်။ န စ န ပဝတ္တတိ၊ မဖြစ်သည်လည်း မဟုတ်။ ပဝတ္တတိ ဧဝ၊ဖြစ်သည်သာတည်း။ ဒူတေန၊ သူနာစေခိုင်းအပ်သော တမန်သည်။ မန္တောဒကံ၊ ဆေးသွား၏ မန္တရားရေကို၊ ဝါ၊ ရေမန်းကို။ ပီတံ၊ သောက်အပ်၏။ တံ၊ ထိုတမန် သောက်အပ်သော ဆေးသွား၏ မန္တရားရေသည်။ ယောဂိနော၊ အနာရှိသောသူ၏။ ဥဒရံ၊ ဝမ်းသို့။ န ပဝိသတိ၊ မဝင်။ တပ္ပစ္စယာ၊ ထိုဆေးသွား၏ မန္တရားရေကို တမန် သောက်ခြင်းဟူသော အကြောင်းကြောင့်။ တဿ၊ ထိုသူနာ၏။ ရောဂေါ၊ ရောဂါသည်။ န စ န ဝူပသမ္မတိ၊ မငြိမ်းသည်လည်းမဟုတ်၊ ဝူပသမ္မတိ ဧဝ၊ ငြိမ်းသည်သာတည်း။ မုခေ၊ မျက်နှာ၌။ မဏ္ဍနဝိဓာနံ၊ ဆင်ယင်ပြုပြင် အပ်သော တန်ဆာသည်။ အာဒါသတလာဒီသု၊ ကြေးမုံပြင် စသည်တို့၌။ မုခနိမိတ္တံ၊ ထင်သောမျက်နှာရိပ်သို့။ န ဂစ္ဆတိ၊ မသွား။ တပ္ပစ္စယာ၊ ထိုမျက်နှာ၌ ဆင်ယင်ပြုပြင်အပ်သော တန်းဆာဟူသော အကြောင်း ကြောင့်။ တတ္ထ၊ ထိုကြေးမုံပြင် အစရှိသည်တို့၌။ မဏ္ဍနဝိဓာနံ၊ ပြုပြင် ဆင်ယင်အပ်သော တန်းဆာသည်။ န စ န ပညာယတိ၊ မထင်သည်လည်း မဟုတ်။ ပညာယတိ ဧဝ၊ သာတည်း။ ဧကိဿာ ဝဋ္ဋိယာ၊ တခုသောဆီမီး စာမှ။ ဒီပသိခါ၊ ဆီမီးလျှံသည်။ အညံ ဝဋ္ဋိံ၊ တပါးသောဆီမီးစာသို့။ န သင်္ကမတိ၊ မပြောင်း။ တပ္ပစ္စယာ၊ ထိုမူလဆီမီးစာ၌တည်သော မီးလျှံ ဟူသော အကြောင်းကြောင့်။ တတ္ထ၊ ထိုတပါးသော ဆီမီးစာ၌။ ဒီပသိခါ၊ သည်။ န စ န နိဗ္ဗတ္တတိ၊ မဖြစ်သည်ကားမဟုတ်။ နိဗ္ဗတ္တတိ ဧဝ ယထာ၊ ဖြစ်သည်သာလျှင်ဖြစ်သကဲ့သို့။ ဧဝမေဝ၊ တူ။ အတီတဘဝတော၊

အတိတ်ဘဝဟောင်း၌။ ဣမံ ဘဝံ၊ ဤပစ္စုပ္ပန် ဘဝသစ်သို့။ ကောစိ ဓမ္မော၊ တစုံတခုသော ခန္ဓာဟူသောတရားသည်။ န သင်္ကမတိ၊ မပြောင်း။ ဣတော ဝါ၊ ဤပစ္စုပ္ပန်ဘဝမှမူလည်း။ ပုနဗ္ဘဝံ၊ တဖန်ဘဝသစ်သို့။ ကောစိ ဓမ္မော၊ သည်။ န သင်္ကမတိ၊ မပြောင်းမသွား။ အတီတဘဝေ၊ ဘဝဟောင်း၌။ ခန္ဓာယတနဓာတုပစ္စယာ၊ ခန္ဓာအာယတနဓာတ်ဟူသော အကြောင်းကြောင့်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ခန္ဓာယတနဓာတုယော၊ တို့သည်။ န စ န နိဗ္ဗတ္တတိ၊ မဖြစ်သည်ကားမဟုတ်။ နိဗ္ဗတ္တတိ ဧဝ၊ သာတည်း။ ဣဓ ဝါ၊ ၌မူလည်း။ (နိဗ္ဗတ္တာ၊ ကုန်သော။) ခန္ဓာယတနဓာတုပစ္စယာ၊ ခန္ဓာယတနဓာတ်ဟူသော အကြောင်းကြောင့်။ ပုနဗ္ဘဝေ၊ တဖန်ဘဝသစ်၌။ ခန္ဓာယတနဓာတုယော၊ တို့သည်။ န စ န နိဗ္ဗတ္တန္တိ၊ မဖြစ်ကုန်သည်ကား မဟုတ်။ နိဗ္ဗတ္တန္တိ ဧဝ၊ ကုန်သည်သာတည်း။ ဣတိ၊ သို့။ ပဇာနာတိ၊ သိ၏။

မနောဓာတုအနန္တရံ၊ ကြိယာမနောဓာတ်၏ အခြားမဲ့၌။ (လဗ္ဘမာနံ၊ ရအပ်သော။) စက္ခုဝိညာဏံ၊ သည်။ န စေဝ အာဂတံ၊ ကြိယာမနောဓာတ်မှ လာသည်လည်းမဟုတ်။ အနန္တရံ၊ ထိုကြိယာမနောဓာတ်၏အခြားမဲ့၌။ နာပိ န နိဗ္ဗတ္တံ၊ မဖြစ်သည်လည်းမဟုတ်။ (နိဗ္ဗတ္တမေဝ၊ ဖြစ်သည်သာလျှင်။ ဟောတိ) ယထာ ဧဝ၊ သို့လျှင်။

တထာ ဧဝ၊ တူလျှင်။ ပဋိသန္ဓိမှိ၊ ၌။ စိတ္တသန္တတိ၊ စိတ်၏အစဉ်သည်။ ဝတ္တတေ၊ ဖြစ်၏[၁]။ ပုရိမံ၊ ရှေး၌ဖြစ်သော။ စိတ္တံ၊ စုတိစိတ်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ (တတော၊ ထိုသို့စုတိစိတ်မှ။ အနန္တရံ၊ အခြားမဲ့၌လျှင်။) ပစ္ဆိမံ၊ နောက်ဖြစ်သော ပဋိသန္ဓေစိတ်သည်။ ဇာယတိ၊ ဖြစ်၏။ (ဇာယ-တိကား ကာမတော ဇာယတီ သောကော- ကဲ့သို့ ဆန်းဒီဃတည်း)။

တေသံ၊ ထိုစုတိပဋိသန္ဓေတို့၏။ အန္တရိကာ၊ ခြားဆီးခြင်းကို ပြုတတ်သော တစုံတခုသောတရားသည်။ နတ္ထိ၊ ရှိ။ (ဝီစိ တေသံ န ဝိဇ္ဇတိ- ကား ထို၏သာလျှင်ဝေဝုစ်တည်း) တေသံ၊ စုတိစိတ် ပဋိသန္ဓေစိတ်တို့၏။ ဝီစိ၊

---

၁-စုတိစိတ်မှ မလာသော်လည်း ပဋိသန္ဓေစိတ်သည် ထိုစုတိစိတ်မှအခြားမဲ့၌ မဖြစ်သည်ကားမဟုတ် ပစ္စယသာမဂ္ဂီ၏အစွမ်းဖြင့် ဖြစ်သည်သာလျှင်ဟူလို။ ဤ၌ သန္တတိ-သဒ္ဒါဖြင့်လည်း တစုံတခုမှလာခြင်းမရှိသည်ကို ထင်စွာပြသတည်း။ အဘယ်ကြောင့်နည်း။ ဟေတုဖလအဖြစ်ဖြင့် စပ်သည်ဖြစ်၍ ချုပ်တတ်သော၊ ဝါ၊ ကျယ်ပွါးတတ်သော ဓမ္မတို့၏ ဖြစ်ခြင်းသည်ပင်လျှင် သန္တတိမည်သောကြောင့်တည်း။ ထိုကြောင့် ပုရိမံ ဘိဇ္ဇတိ စိတ္တံ-စသည်ဆိုသည်။

အကြားသည်။ န ဝိဇ္ဇတိ၊ မရှိ၊ ဣတော၊ ဤစုတိစိတ်မှ။ ကိဉ္စိ၊ တစုံတခု သော တရားသည်။ န စ ဂစ္ဆတိ၊ သွားသည်လည်းမဟုတ်။ အညမေဝ၊ စုတိစိတ်မှတပါးသာလျှင်ဖြစ်သော။ ပဋိသန္ဓိ စ၊ ပဋိသန္ဓေဝိညာဉ်သည်လည်း။ ဇာယတိ၊ အကြောင်းအားလျော်စွာဖြစ်၏။ ဣတိ၊ သို့။ ပဇာနာတိ၊ သိ၏။

၆၉၁။ ဧဝံ-ယထာဝုတ္တနယေန၊ ဖြင့်။ စုတိပဋိသန္ဓိဝသေန၊ စုတိပဋိသန္ဓေ၏ အစွမ်းဖြင့်။ ဝိဒိတသဗ္ဗဓမ္မဿ၊ သိအပ်ပြီးသော အလုံးစုံသော တေဘူမက တရားရှိသော ယောဂီ၏။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ နာမရူပဿ၊ ၏။ ပစ္စယပရိဂ္ဂဟဉာဏံ၊ အကြောင်းကို သိမ်းဆည်းသောဉာဏ်သည်။ ထာမဂတံ၊ သန်မြန်သောအားအစွမ်းသို့ ရောက်သည်။ ဟောတိ၊ ၏။ သောဠသဝိဓာ ကင်္ခါ၊ တဆယ့်ခြောက်ပါး အပြားရှိသော ယုံမှားခြင်းသည်။ သုဋ္ဌုတရံ၊ လွန်မင်းစွာ။ ပဟီယတိ၊ ပျောက်ကင်း၏။ ကေဝလဉ္စ၊ သက်သက်သော်ကား။ သာ ဧဝ၊ ထိုတဆယ့် ခြောက်ပါးအပြားရှိသော ယုံမှားခြင်းသည်သာလျှင်။ ပဟီယတိ၊ ကင်း သည်။ န၊ မဟုတ်သေး၊ သတ္ထရိ ကင်္ခတီတိအာဒိနယပ္ပဝတ္တာ၊ သတ္ထရိကင်္ခတိ ဤသို့စသောနည်းဖြင့် ဖြစ်သော။ အဋ္ဌဝိဓာ၊ သော။ ကင်္ခါပိ၊ ယုံမှား ခြင်းသည်လည်း။ ပဟီယတိယေဝ၊ ပျောက်ကင်းသည်သာတည်း။ ဒွါ-သဋ္ဌိဒိဋ္ဌိဂတာနိ၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူတို့သည်လည်း။ ဝိက္ခ-မ္ဘန္တိ ဧဝ၊ ကွာကုန်သည်သာတည်း။ ဧဝံ၊ သို့။ နာနာနယေဟိ၊ အထူးထူး သောနည်းတို့ဖြင့်။ နာမရူပပစ္စယပရိဂ္ဂဟဏေန၊ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းခြင်းဖြင့်။ တီသု အဒ္ဓါသု၊ တို့၌။ ကင်္ခံ၊ကို။ ဝိတရိတွာ-ဝိက္ခမ္ဘိတွာ၊ ခွါ၍။ ဋ္ဌိတံ၊ သော။ ဉာဏံ၊ ကို။ ကင်္ခါဝိတရဏဝိသုဒ္ဓီတိ၊ ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။ ဓမ္မဋ္ဌိတိဉာဏန္တိပိ။ ဓမ္မဋ္ဌိတိဉာဏ်ဟူသော အမည်သည်ရှင်း။ ယထာဘူတ-ဉာဏန္တိပိ၊ ယထာဘူတဉာဏ်ဟူသော အမည်သည်ရှင်း။ သမ္မာဒဿနန္တိပိ၊ သမ္မာဒဿနံဟူသော အမည်သည်ရှင်း။ ဧတဿေဝ၊ ထိုကင်္ခါဝိတရဏ-ဝိသုဒ္ဓိ၏သာလျှင်၊ ဝေစနံ၊ ဝေဝုစ်တည်း[၁]။ ဟိ-သစ္စံ၊ ၏။ အဝိဇ္ဇာပစ္စယော။

---

၁-ဓရိယန္တိ အတ္တနော ပစ္စယေဟီတိ ဓမ္မာ။ ယေ ပစ္စယုပ္ပန္နာ၊ အကြင်ပစ္စယုပ္ပန်တရားတို့ကို။ အတ္တနော၊ ၏။ ပစ္စယေဟိ၊ ပစ္စည်းတရားတို့သည်။ ဓရိယန္တိ၊ ဆောင်အပ်ကုန်၏။ ဣတိ-တသ္မာ၊ ကြောင့်။ တေ ပစ္စယုပ္ပန္နာ၊ တို့သည်။ ဓမ္မာ၊ မည်ကုန်၏။ အကျိုးတရားရသတည်း။ တိဋ္ဌတိ ဧတ္ထ တဒါယတ္တဝုတ္တိတာယ ဖလန္တိ ဋ္ဌိတိ။ ဧတ္ထ၊ ဤအကြောင်းဘရား၌။ တဒါယတ္တ-ဝုတ္တိတာယ၊ ထိုအကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်။ ဖလံ၊ အကျိုး

ပ။ ဓမ္မဋ္ဌိတိဉာဏန္တိ၊ ဟူသော။ ဧတံ- ဝစနံ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။

[အဝိဇ္ဇာ၊ သည်။ ပစ္စယော၊ ဟေတုသဟဇာတစသော သတ္တိဖြင့် သင်္ခါရတို့အား ယထာရဟကျေးဇူးပြုတတ်သည်။ ဟောတိ၊ ၏။ (တတော ဝေ၊ ထိုသို့ အဝိဇ္ဇာကျေးဇူးပြုသည်၏ အဖြစ်ကြောင့်သာလျှင်။) သင်္ခါရာ၊ တို့သည်။ ပစ္စယသမုပ္ပန္နာ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့် ဖြစ်ကုန် သည်။ ဟောန္တိ၊ ကုန်၏။ ဥဘောပိ၊ အဝိဇ္ဇာသင်္ခါရနှစ်ပါးလည်း ဖြစ်ကုန် သော။ ဧတေ ဓမ္မာ၊ တို့သည်။ ပစ္စယသမုပ္ပန္နာ၊ ပစ္စည်းကြောင့် ဖြစ်ကုန် သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ ဧဝံ၊ သို့။ ပစ္စယပရိဂ္ဂဟေ၊ အကြောင်းကို သိမ်းဆည်းခြင်း၌။ (ပဝတ္တာ၊ သော။) ပညာ၊ သည်။ ဓမ္မဋ္ဌိတိဉာဏံ၊ မည်၏။

အနိစ္စတော၊ အနိစ္စအားဖြင့်။ (တနည်း) အနိစ္စတော အနိစ္စဣတိ၊ အနိစ္စဟူ၍။ မနသိကရောန္တော၊ နှလုံးသွင်းသောပုဂ္ဂိုလ်သည်။ ကတမေ ဓမ္မေ၊ အဘယ်တရားတို့ကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော သဘောအလျောက်၊ ဝါ၊ အကြင် အကြင် မဖောက်မပြန်ဟုတ်မှန်သော သဘောအားဖြင့်။ (ဤနောက်ဝိကပ်၌ အဗျယီဘောသမာသ်ဖြစ်၍

သည်။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ-ဘသ္မာ၊ ထိုသို့တည်ရာ၏အဖြစ်ကြောင့်။ ဌိတိ၊ မည်၏။ အကျိုး၏ တည်ရာအကြောင်းရ၏။ အကြောင်းနှင့်စပ်၍ဖြစ်သည်ကိုပင် အကြောင်း၌ တည်သည်ဟူ၍ ဆိုသည်။ ဓမ္မာနံ ဌိတိ ဓမ္မဋ္ဌိတိ။ အကြောင်းတရားရင်းရ၏။ တနည်း ဓမ္မ· ပဋ္ဌိသမ္ဘိဒါ စသည်တို့၌ကဲ့သို့ ဓမ္မကား ကာရဏဟောတည်း၊ ဌိတိကား သဘာဝဝါစက တည်း။ ဓမ္မဿ ဌိတိသဘာဝေါ ဓမ္မဋ္ဌိတိ၊ ဓမ္မမှတပါးအသီးအခြား သဘောမည်သည်မရှိခဲ့ ရကား အကြောင်းဖြစ်သော ပစ္စယဓမ္မတို့၏ကျေးဇူးပြုတတ်သည်၏ အဖြစ်တည်းဟူသော သတ္တိသဘောသည် ဓမ္မဋ္ဌိတိမည်သတည်း။ ဓမ္မဋ္ဌိတိယံ ဉာဏံ ဓမ္မဋ္ဌိတိဉာဏံ။ ဓမ္မဋ္ဌိတိယံ၊ အကျိုးတရားတို့၏ တည်ရာအကြောင်းတရား၌၊ ရှေးဝိကပ်အလို။ ဓမ္မဋ္ဌိတိယံ၊ အကြောင်း တရား၏ ကျေးဇူးပြုတတ်သည်၏ အဖြစ်တည်းဟူသောသတ္တိသဘော၌၊ နောက်ဝိကပ်အလို။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ဓမ္မဋ္ဌိတိဉာဏံ၊ မည်၏။ သင်္ခါရာနံ ယံ ယံ ဘူတံ ယထာဘူတံ။ သင်္ခါရာနံ၊ တို့၏။ ယံ ယံ၊ အကြင် အကြင်သို့သော။ ဘူတံ၊ ဟုတ်မှန်သောသဘောတည်း။ ယထာဘူတံ၊ အကြင် အကြင်သို့သော ဟုတ်မှန်သောသဘော။ သင်္ခါရတို့၏ မဖောက်မပြန် ဟုတ်မှန်သော အနိစ္စတာစသော သဘောရ၏။ ယထာဘူတေ ဉာဏံ ယထာဘူတဉာဏံ။ ယထာဘူတေ၊ သင်္ခါရတို့၏ အကြင် အကြင် မဖောက်မပြန်ဟုတ်မှန်သော အနိစ္စတာ စသော သဘော၌။ ပဝတ္တံ၊ သော။ ဉာဏံ၊ သည်။ ယထာဘူတဉာဏံ၊ မည်၏။ သမ္မာ ပဿတီတိ သမ္မာဒဿနံ။ သမ္မာ၊ မဖောက်မပြန်။ ပဿတိ၊ မြင်တတ်၏။ ဣတိ- တသ္မာ၊ ကြောင့်။ သမ္မာဒဿနံ၊ မည်၏။

တတိယာ နာ ကိုအံ-ရေးသည် ) ဇာနာတိ၊ သိသနည်း။ ပဿတိ၊ မြင်သနည်း။ ကထံ၊ အဘယ်သို့သောအကြောင်းကြောင့်။ သမ္မာဒဿနံ၊ မဖောက်မပြန်အဟုတ်အမှန် မြင်တတ်သည်မည်သည်။ ဟောတိ၊ နည်း။ ကထံ၊ အသို့။ တဒနန္တယေန၊ ထိုသို့မြင်အပ်ပြီးသည်ကို အစဥ်မှီးသဖြင့်။ သဗ္ဗေ သင်္ခါရာ၊ ခပ်သိမ်းကုန်သော သင်္ခါရတို့သည်။ အနိစ္စတော၊ အားဖြင့်၊ ဝါ၊ ဟူ၍။ သုဒိဋ္ဌာ၊ ကောင်းစွာ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်သနည်း။ ကတ္ထ၊ အဘယ်တရား၌။ ကင်္ခါ၊ သည်။ ပဟီယတိ၊ ပျောက်ကင်းသနည်း။ ဒုက္ခတော၊ အားဖြင့်။ပ။ အနတ္တတော၊ အားဖြင့်။ မနသိကရောန္တော၊ သည်။ ကတမေ ဓမ္မေ၊ တို့ကို။ ယထာဘူတံ၊ သဘောအလျောက်၊ ဝါ၊ သဘောအားဖြင့်။ ဇာနာတိ၊ နည်း။ ပဿတိ၊ နည်း။ပ။ ကတ္ထ၊ ၌။ ကင်္ခါ၊ သည်။ ပဟီယတိ၊ နည်း။ ဣတိ-အယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း[၁]။

---

၁-ဤသို့ အမေးပုစ္ဆာဖြစ်လတ်သော် သင်္ခါရတရားဟူသော နိမိတ်ကို ဤ၌ နိမိတ်ဟူ၍ လိုအပ်သတည်း၊ ကသိဏ်းနိမိတ် စသည်ကိုကား မလိုအပ်သတည်း။ သရုပ်အားဖြင့်မူကား ငါးပါးသောခန္ဓာတို့သည် သင်္ခါရနိမိတ်မည်သတည်း။ အဘယ့်ကြောင့်နည်း? အပေါင်းအခဲဟုမှတ်သော ဃနသညာဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် နိမိတ်မည်သတည်း။ တနည်း လုံးလုံးလျောင်းလျောင်း တရားအထည်ကိုယ်ရှိသည်၏အဖြစ်ဖြင့် ဉာဏ်အားထင်ခြင်းကြောင့် နိမိတ်မည်သတည်း။ အကြင်ကြောင့်ကား အနိစ္စ၏ အဖြစ်မည်သည် သင်္ခါရတရာ့တို့၏ မဖောက်မပြန်မှန်သော အခြင်းအရာမည်သတည်း။ အဘယ်ကြောင့်နည်း? ထိုသင်္ခါရတရားတို့၌ မြဲသော နိစ္စအဖြစ်၏ အမြွက်မျှ၏လည်း မရှိခြင်းကြောင့် မဖောက်မပြန် မှန်သောအခြင်းအရာ မည်သတည်း။ ထိုကြောင့်ရကား အနိစ္စအားဖြင့်ရှုသော ယောဂီသည် မဖောက်မပြန် ဟုတ်မှန်သောသဘောအလျောက် ဝါ၊ အကြင်အကြင် မဖောက်မပြန် ဟုတ်မှန်သောသဘောဖြင့် သင်္ခါရတို့ကို သိသည်မည်သတည်း။ ထိုယထာဘူတ သိတတ်သောဉာဏ်သည်လည်း မဖောက်မပြန်ဟုတ်မှန်သောသဘောကို ယူတတ်မှတ်တတ်သည်၏အဖြစ်ကြောင့် သမ္မာဒဿနမဖောက်မပြန် အမှန်မြင်တတ်သည် မည်သတည်း။ ထိုယထာဘူတ သမ္မာဒဿနပြည့်စုံသော ယောဂီသည်လည်း ပစ္စုပ္ပန်တရားတို့၌ကဲ့သို့ အတိတ်အနာဂတ်တရားတို့၌လည်း နည်းကိုဆောင်သည်ဖြစ်၍ ထိုအတိတ်အနာဂတ် ပစ္စုပ္ပန်တရားတို့၌လည်း နည်းကိုဆောင်သည်ဖြစ်၍ ထိုအတိတ်အနာဂတ် ပစ္စုပ္ပန်တရားတို့သည် လုံမစောက်ထက်ဝန်းကျင်အားဖြင့် သိအပ်ကုန်သည်ဖြစ်သတည်း။ အနိစ္စ၏အဖြစ်မည်သည်လည်း ဖြစ်ခြင်းရှိသောတရား၏ အခြင်းအရာတည်း။ ဖြစ်သည်ပြီးသည်ရှိသော် ဝါ၊ ထင်ရှားသည်ရှိသော် သင်္ခါရတို့၏ သပစ္စယအဖြစ်ကို ပြီးစေသည်ဖြစ်၍ ယထာဝုတ္တသင်္ခါရကိုပယ်ခြင်းငှါ ကောင်းစွာဖြစ်သတည်း။ ဤသို့သော အနက်ကို ပြလိုသည်ဖြစ်၍ အနိစ္စတော မနသိကရောန္တော နိမိတ္တံ ယထာဘူတံ ဇာနာတိ-စသည်ကို မိန့်သည်။

[၂၄၀] အနိစ္စတော၊ အားဖြင့်။ မနသိ ကရောန္တော၊ သည်၊ နိမိတ္တံ၊ သင်္ခါရနိမိတ်ကို၊ ဝါ၊ ဃနသညာဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ကြောင့် နိမိတ္တမည်သော သင်္ခါရပဉ္စက္ခန္ဓာကို၊ ဝါ၊ လုံးလုံးလျောင်းလျောင်း တရားကိုယ်အထည်ရှိသည်၏အဖြစ်ဖြင့် ဉာဏ်အားထင်ခြင်းကြောင့် နိမိတ္တမည်သော ပဉ္စက္ခန္ဓာကို။ ယထာဘူတံ၊ အလျောက်၊ ဝါ၊ အားဖြင့်။ ဇာနာတိ၊ ၏။ ပဿတိ၊ ၏။ တေန၊ ထိုသို့ ယထာဘူတမြင်ခြင်းကြောင့်။ သမ္မာဒဿနံ၊ မဖောက်မပြန် အမှန်မြင်တတ်သော တရားဟူ၍။ ဝုစ္စတိ၊ ၏။ ဧဝံ၊ သို့။ တဒနွယေန၊ ထိုသို့ပစ္စက္ခအားဖြင့် သိအပ်သည်ကို အစဉ်မှီးသဖြင့်။ သဗ္ဗေ၊ ကုန်သော။ သင်္ခါရာ၊ တို့သည်။ အနိစ္စတော၊ အားဖြင့်။ သုဒိဋ္ဌာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဧတ္ထ-ယထာဒိဋ္ဌေသု ဓမ္မေသု၊ ဤ ယခင်မြင်အပ်ပြီးသော တရားတို့၌။ ကင်္ခါ၊ သည်။ ပဟီယတိ၊ ပျောက်ကင်း၏။ ဒုက္ခတော၊ အားဖြင့်။ မနသိ ကရောန္တော၊ သည်။ ပဝတ္တံ၊ ကိလေသအဘိသင်္ခါရတို့ကြောင့် အဆင့်ဆင့်ဖြစ်သော ဥပါဒိန္နခန္ဓာကို။ ယထာဘူတံ၊ အလျောက်၊ ဝါ၊ အားဖြင့်။ ဇာနာတိ၊ ၏။ ပဿတိ၊ ၏။ပ။ အနတ္တတော၊ အားဖြင့်။ မနသိ ကရောန္တော၊ သည်။ နိမိတ္တဉ္စ၊ သင်္ခါရနိမိတ်ကိုလည်းကောင်း။ ပဝတ္တဉ္စ၊ ကိလေသအဘိသင်္ခါရတို့ကြောင့် အဆင့်ဆင့်ဖြစ်သော ဥပါဒိန္နခန္ဓာကိုလည်းကောင်း။ ယထာဘူတံ၊ အလျောက်၊ ဝါ၊ အားဖြင့်။ ဇာနာတိ၊ ၏။ ပဿတိ၊ ၏။ တေန၊ ထိုသို့ ယထာဘူတမြင်ခြင်းကြောင့်။ သမ္မာဒဿနံ၊ မဖောက်မပြန် အမှန်မြင်တတ်သော တရားဟူ၍။ ဝုစ္စတိ၊ ၏။ ဧဝံ၊ သို့။ တဒနွယေန၊ မှီးသဖြင့်။ သဗ္ဗေ၊ ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ အနတ္တတော၊ အားဖြင့်။ သုဒိဋ္ဌာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဧတ္ထ-ယထာဒိဋ္ဌေသု ဓမ္မေသု၊ တရားတို့၌။ ကင်္ခါ၊ သည်။ ပဟီယတိ၊ ပျောက်ကင်း၏။

ယဉ္စ ယထာဘူတဉာဏံ၊ အကြင် ယထာဘူတဉာဏ်သည်လည်းကောင်း။ ယဉ္စ သမ္မာဒဿနံ၊ အကြင် သမ္မာဒဿနဉာဏ်သည်လည်းကောင်း။ ယာ စ ကင်္ခါဝိတရဏာ၊ အကြင် ကင်္ခါဝိတရဏဉာဏ်သည်လည်းကောင်း။ အတ္ထိ၊ ၏။ ဣမေ ဓမ္မာ၊ ဤ သုံးပါးသော ဉာဏ်ပညာတရားတို့သည်။ နာနတ္ထာ၊ ထူးသောအနက်ရှိကုန်သလော၊ ဝါ၊ အနက်အားဖြင့် ထူးပြားကြကုန်သလော။ နာနာဗျဉ္ဇနာ၊ ထူးသောသဒ္ဒါရှိကုန်သလော၊ ဝါ၊ သဒ္ဒါအားဖြင့် ထူးပြားကြကုန်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ဧကတ္ထာ၊ တူသောအနက်

ရှိကုန်သလော၊ ဝါ၊ အနက်အားဖြင့် တူကြကုန်သလော။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ထူးခြားကွဲပြားသလော။ ဣတိ အယံ၊ ကား။ ပုစ္ဆာ၊ တည်း။ ယဉ္စ ယထာဘူတဉာဏံ၊ အကြင်ယထာဘူတဉာဏ်သည်၎င်း။ ယဉ္စ သမ္မာဒဿနံ၊ အကြင်သမ္မာဒဿနဉာဏ်သည်၎င်း။ ယာ စ ကင်္ခါဝိတ-ရဏာ၊ အကြင်ကင်္ခါဝိတရဏာဉာဏ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ ဤသုံးပါးသော ဉာဏ်ပညာတရားတို့သည်။ ဧကတ္ထာ၊ တူသောအနက်ရှိကုန်၏၊ ဝါ၊ အနက်အားဖြင့် တူကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ၏။ ဣတိ-အယံ၊ ကား။ ပရိဟာရော၊ အဖြေတည်း။

ပန၊ အကျိုးကြီးမားသည်ကို ဆိုအံ့။ ဣမိနာ ဉာဏေန၊ ဤဆိုခဲ့ပြီးသော ယထာဘူတဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည်။ ဗုဒ္ဓသာသနေ၊ သဗ္ဗညုရှင်တော်ဘုရား သာသနာ၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော တည်ရာရှိသည်။ နိယတဂတိကော၊ မြဲသော သုဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန် မည်သည်၊ ဝါ၊ သောတာပန်ထွေးမည်သည်။ ဟောတိ၊ ၏။

တသ္မာ၊ ထိုသို့ယထာဘူတဉာဏ်၏ မဟာနိသံသရှိသည်၏ အဖြစ်ကြောင့်။ ဘိက္ခု၊ သံသရာဘေးကို ရှုသောယောဂီသည်။ ကင်္ခါဝိတရဏ-တ္ထိကော၊ ကင်္ခါဝိတရဏာဉာဏ်ကို အလိုရှိသည်ဖြစ်၍။ သဒါ၊ အခါခပ်သိမ်း၊ ဝါ၊ ညဉ့်၌၎င်း နေ့၌၎င်း။ သတော၊ သမ္မာသတိနှင့် ပြည့်စုံသည် ဖြစ်၍။ နာမရူပဿ၊ ၏။ ပစ္စယေ၊ အကြောင်းတို့ကို။ သဗ္ဗသော-သဗ္ဗာကာရေန၊ (ဖြစ်စေတတ်သော အကြောင်းစသည်ကို သိမ်းဆည်းသောအားဖြင့်) အလုံးစုံသောအပြားဖြင့်။ ပရိဂ္ဂဏှေယျ၊ ပညာဖြင့် သိမ်းဆည်းဆင်ခြင်ရာ၏။ ဣတိ၊ ဤရွေ့အပြီးတည်း။

ဣတိ သာဓုဇနပါမောဇ္ဇတ္ထာယ ကတေ ဝိသုဒ္ဓိမဂ္ဂေ
ပညာဘာဝနာဓိကာရေ

## ကင်္ခါဝိတရဏာဝိသုဒ္ဓိနိဒ္ဒေသော နာမ ဧကူနဝီသတိမော ပရိစ္ဆေဒေါ။

# ၂၀-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ (၂၄၁-၇)

## သမ္မသနဉာဏကထာ

[၂၄၁] ၆၉၂။ ပန၊ ပါး။ အယံ၊ ဤ ဥပက္ကိလေသမှ လွတ်သော လမ်းမှန်သွားသော ဝိပဿနာပညာသည်။ မဂ္ဂေါ၊ အရိယမဂ်၏ ပုဗ္ဗ-ဘာဂမဂ်တည်း၊ ဝါ၊ အရိယမဂ်၏ ရှေးအဖို့၌ဖြစ်သော လမ်းမှန် လမ်းရိုးတည်း။ အယံ၊ ဤဩဘာသ စသည်အပြားရှိသော ဆယ်ပါးသော အပြားရှိသော ဥပက္ကိလေသသည်။ န မဂ္ဂေါ၊ အရိယမဂ်၏ ပုဗ္ဗဘာဂမဂ် မဟုတ်၊ ဝါ၊ အရိယမဂ်၏ ရှေးအဖို့၌ဖြစ်သော လမ်းမှန်လမ်းရိုး မဟုတ်၊ ဣတိ-ဧဝံ၊ သို့။ မဂ္ဂဉ္စ၊ အရိယမဂ်၏ ရှေးအဖို့ဖြစ်သော လမ်းမှန်လမ်းရိုးကိုရင်း။ အမဂ္ဂဉ္စ၊ လမ်းမှန်လမ်းရိုးမဟုတ်သည်ကိုရင်း။ (ယာထာဝတော၊ မဖောက်မပြန်သောအားဖြင့်။) ဉတွာ-ဝဝတ္ထပေတွာ၊ နားလည်ပိုင်းခြားကောင်းစွာ မှတ်သား၍။ ဌိတံ၊ သော။ ဉာဏံ၊ ဉာဏ်သည်။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နာမ၊ ဤကား လမ်းမှန်, ဤကား လမ်းမှားဟု သိမြင်သည်ဖြစ်၍ ဝိပဿနာ အညစ်အကြေးမှ စင်ကြယ်သောဉာဏ် မည်၏။

တံ၊ ထိုမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို။ သမ္ပာဒေတုကာမေန၊ ပြည့်စုံစေလိုသောယောဂီသည်။ ကလာပသမ္မသနသင်္ခါတာယ၊ အပေါင်းအစည်းအားဖြင့်စုရုံး၍ သုံးသပ်သောဉာဏ်ဟု ဆိုအပ်သော။ နယဝိပဿနာယ၊ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ-စသောနည်းဖြင့် နာမ်ရုပ်တရားတို့ကို အထူးထူးအပြားပြား ရှုတတ်သောပညာ၌။ တာဝ-ကမေန၊ အစဉ်သဖြင့်။ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုသင့်၏။ ကသ္မာ၊ ကြောင့်။ နယဝိပဿနာယ၊ ၌။ အာဒိတော၊ လက်မွန်အစ၌။ ယောဂေါ၊ ကို။ ကာတဗ္ဗော၊ ပြုအပ်သနည်း[၁]။ အာရဒ္ဓဝိပဿကဿ၊ အားထုတ်အပ်သော ဝိပဿနာရှိသော ယောဂီအား။ ဩဘာသာဒိသမ္ဘဝေ၊ ဩဘာသ-စသည်တို့၏ ဖြစ်ခြင်းသည်။ သတိ၊ ရှိလတ်သော်။ မဂ္ဂါမဂ္ဂဉာဏသမ္ဘဝတော၊ မဂ္ဂါ

---

၁-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-ကို ပြည့်စုံစေအပ်သည် အကယ်၍ ဖြစ်အံ့၊ ထိုသို့ဖြစ်လျက်လိုရင်းဖြစ်သော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-ကို မပြုရ၊ နယဝိပဿနာ-၌ လက်မွန်ရှေးဖျားအားထုတ်ခြင်းကို ပြုအပ်၏-ဟု အဘယ့်ကြောင့် ဆရာဆိုသနည်း ဟူလို။

မဂ္ဂဉာဏ်၏ ဖြစ်သင့်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ အကျယ်ကိုဆိုအံ့။ အာရဒ္ဓဝိပဿကဿ၊ အား။ ဩဘာသာဒီသု၊ ဩဘာသ စသည်တို့သည်။ သမ္ဘူတေသု၊ ဖြစ်ကုန်သည်ရှိသော်။ မဂ္ဂါမဂ္ဂဉာဏံ၊ မဂ္ဂါမဂ္ဂဉာဏ်သည်။ ဟောတိ၊ ၏^၁။ စ၊ ဆက်၍ဆိုအံ့။ ဝိပဿနာယ၊ ၏၊ ဝါ၊ ၌။ ကလာပသမ္မသနံ၊ အပေါင်းအစည်းအားဖြင့် သုံးသပ်ခြင်းသည်။ အာဒိ၊ အစ တည်း။ တသ္မာ၊ ထို(သို့ ကလာပသမ္မသန၏ လက်မှန်အစ ဖြစ်သည်၏ အဖြစ်ကြောင့်၊ ဝါ၊ အာရဒ္ဓဝိပဿကအား ဩဘာသ-စသည် ဖြစ်ကုန် လတ်သော် မဂ္ဂါမဂ္ဂဉာဏ်သည် ဖြစ်၏၊ ဝိပဿနာ၏လည်း ကလာပသမ္မသနသည် အာဒိဘူတဖြစ်သည်၏ အဖြစ်)ကြောင့်။ ဧတံ-ကလာပသမ္မသနံ၊ ကို။ ကင်္ခါဝိတရဏာနန္တရံ၊ ကင်္ခါဝိတရဏာဉာဏ်၏ အခြားမဲ့၌။ ဥဒ္ဒိဋ္ဌံ၊ ပြအပ်၏။ အပိ စ၊ တနည်းလည်း။ ယသ္မာ၊ ကြောင့်။ တီရဏပရိညာယ၊ တီရဏပရိညာသည်။ ဝတ္တမာနာယ၊ ဖြစ်ဆဲဖြစ်လတ်သော်။ မဂ္ဂါမဂ္ဂဉာဏံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ စ၊ ဆက်၍ဆိုအံ့။ တီရဏပရိညာ၊ တီရဏပရိညာသည်။ ဉာတပရိညာနန္တရာ၊ ဉာတပရိညာ၏ အခြားမဲ့၌။ ဟောတိ၊ ၏။ တသ္မာပိ၊ ကြောင့်လည်း။ တံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိံ၊ ကို။ သမ္ပာဒေတုကာမေန၊ ပြည့်စုံစေလိုသော ယောဂီသည်။ ကလာပသမ္မသနေ၊ အပေါင်းအစည်းအားဖြင့် သုံးသပ်ခြင်း၌။ တာဝ၊ စွာ။ ယောဂေါ၊ ကို။ ကာတဗ္ဗော၊ သင့်၏။

၆၉၁။ တတြ၊ ထိုတီရဏပရိညာသည် ဉာတပရိညာ၏ အခြားမဲ့၌ ဖြစ်သည်၏ အဖြစ်၌၊ ဝါ၊ တတြ-တာသု ပရိညာသု၊ ထိုပရိညာဉ်တို့၌။ အယံ၊ လတ့်သည်ကား။ ဝိနိစ္ဆယော၊ (သရူပအားဖြင့်ရင်း ကိစ္စအားဖြင့် ရင်း ဘုံအားဖြင့်ရင်း) ဆုံးဖြတ်ခြင်းတည်း။ ဟိ၊ ချဲ့အံ့။ လောကိယ-

တဏှာကို။ ပဇဟတိ၊ ၏။ ဝိပရိဏာမာနုပဿနံ၊ ဇရာမရဏဟူသော နှစ်ပါးသောအဖို့တို့ဖြင့် ဖောက်ပြန်ခြင်းကို အဖန်တလဲလဲရှုသော အနုပဿနာကို၊ ဝါ၊ ရူပသတ္တကစသည်တို့၏ အစွမ်းဖြင့် သိမ်းဆည်းအပ်ပြီးသော ရုပ်နာမ်တရား၏ ထိုထိုအပိုင်းအခြားမှ နောက်၌ တပါး၏အဖြစ်ကို အဖန်တလဲလဲ ရှုသော အနုပဿနာကို။ ဘာဝေန္တော၊ သည်။ ဓုဝသညံ၊ ခိုင်ခံ့မြဲမြံသည်၏ အဖြစ်ကို မှတ်တတ်သောသညာကို။ ပဇဟတိ၊ ၏။ အနိမိတ္တာနုပဿနံ၊ နိမိတ်ကင်းကြောင်းဖြစ်သော အနိစ္စာနုပဿနာကို။ ဘာဝေန္တော၊ သည်။ နိမိတ္တံ၊ အစဉ်၌ရင်း, အပေါင်း၌ရင်း တခုတည်း တလုံးတခဲတည်း၏ အဖြစ်ကိုမှတ်သော သညာဖြင့်ယူအပ်သော လုံးလုံးလျောင်းလျောင်း အထည်ကိုယ်ရှိသကဲ့သို့ ကပ်၍ထင်ခြင်းဟူသော နိမိတ်ကို[၁]။ ပဇဟတိ၊ ၏။ အပ္ပဏိဟိတာနုပဿနံ၊ တောင့်တ တပ်မက်နှစ်သက်ဖွယ်မရှိဟု အသိဉာဏ်ဖြစ်ကြောင်းဖြစ်သော ဒုက္ခာနုပဿနာကို။ ဘာဝေန္တော၊ သည်။ ပဏိဓိံ၊ တဏှာအားဖြင့် သုခကိုတောင့်တခြင်းကို၊ ဝါ၊ သုခကိုတောင့်တသော တဏှာကို။ ပဇဟတိ၊ ၏။ သုညတာနုပဿနံ၊ သင်္ခါရတို့၏ အတ္တမှ

---

သတည်း။ ဘင်ကို အဖန်တလဲလဲရှုသည်မှစ၍ ထိုခယာနုပဿနာ၏ ပါရိပူရိ-ထက်ဝန်းကျင်ပြည့်စုံခြင်းဖြစ်ရကား ဃနသညာ၏ ကွာခြင်းသည်ဖြစ်သတည်း။ ထိုဘင်္ဂါနုပဿနာမှ ရှေးအဖို့၌ကား မပြည့်စုံသေးသည်၏ အဖြစ်ကြောင့် ဃနသညာ၏ ကွာခြင်းမဖြစ်သေးသတည်း။ ပစ္စက္ခအားဖြင့်ရင်း, အနုမာန-ဆ၍သိသော အန္ဝယအားဖြင့်ရင်း သင်္ခါရတို့၏ ဘင်ကိုရှု၍ ထိုဘင်ဟုဆိုအပ်သော ချုပ်ခြင်း၌သာလျှင် နှလုံးသွင်းသည်၏အဖြစ် နှလုံးညွတ်သည်၏အဖြစ်သည် ဝယာနုပဿနာမည်၏။ ထိုပျက်ခြင်း ချုပ်ခြင်းကိုရှုသော ဝယာနုပဿနာဖြင့် သင်္ခါရတို့ကို ဆည်းပူးရုံးစု ပေါင်းစည်းခြင်းကိုပြုသော တဏှာကို စွန့်ခွါနိုင်သတည်း။ အကြင်မပြတ် ဆက်ကာဆက်ကာဖြစ်သော ဝဋ္ဋတရားအကျိုးငှါ အကြင်တဏှာဖြင့် သင်္ခါရတို့ကို ဆည်းပူးရုံးစု ပေါင်းစည်းခြင်းကိုပြု၏၊ ထိုဝဋ္ဋတရား၌ တဏှာဖြင့် ထိုယောဂီ၏စိတ်သည်ကား မညွတ်ပြီ၊ ထို့ကြောင့် ဝယာနုပဿနံ ဘာဝေန္တော အာယူဟနံ ပဇဟတိ-မိန့်သော်။

[၁]-နိမိတ္တန္တိ သန္တတိယံ သမူဟေ စ ကေတ္တသညာယ ဂယှမာနံ ကာလန္တရာဝဋ္ဌာယိဘာဝေန နိစ္စဘာဝေန စ သင်္ခါရာနံ သကိစ္စပရိစ္ဆေဒတာယ သဝိဂ္ဂဟံ ဝိယ ဥပဋ္ဌာနမတ္တံ။ ဋီကာ။ နိမိတ္တန္တိ၊ ကား။ သန္တတိယံ၊ အစဉ်၌ရင်း။ သမူဟေ စ၊ အပေါင်း၌ရင်း။ ကေတ္တသညာယ၊ တလုံးတခဲတခုတည်း၏အဖြစ်ကို မှတ်သောသညာဖြင့်။ ဂယှမာနံ၊ ယူအပ်သော။ ကာလန္တရာဝဋ္ဌာယိဘာဝေန၊ ကာလတပါးတိုင်အောင် တည်လေ့ရှိသည်၏ အဖြစ်ဖြင့်ရင်း။ နိစ္စဘာဝေန စ၊ မြဲသည်၏အဖြစ်ဖြင့်ရင်း။ သင်္ခါရာနံ၊ တို့၏။ သကိစ္စပရိစ္ဆေဒတာယ၊ မိမိကိစ္စအပိုင်းအခြား ရှိသည်၏အဖြစ်ဖြင့်။ သဝိဂ္ဂဟံ ဝိယ၊ လုံးလုံးလျောင်းလျောင်း အထည်ကိုယ်ရှိသကဲ့သို့။ ဥပဋ္ဌာနမတ္တံ၊ ထင်ခြင်းမျှသည်။ နိမိတ္တံ၊ မည်၏။ ရင်းအနက်။

ဆိတ်သည်၏အဖြစ်ကို အဖန်တလဲလဲရှုသော အနတ္တာနုပဿနာကို။ ဘာဝေန္တော၊ သည်။ အဘိနိဝေသံ၊ အတ္တဟု မှားသောနှလုံးသွင်းခြင်းကို။ ပဇဟတိ၊ ၏[၁]။ အဓိပညာဓမ္မဝိပဿနံ၊ သင်္ခါရတို့၏ နိစ္စ သုခ အတ္တမှ ဆိတ်သည်၏ အဖြစ်ကိုယူ၍ဖြစ်သော လွန်ကဲသော ဝိပဿနာပညာဟု ဆိုအပ်သော၊ ဝါ၊ အဓိပညာ သိက္ခာမည်ထိုက်သောဓမ္မတို့၌ အဖန်တလဲလဲ ရှုသော ဝိပဿနာကို။ ဘာဝေန္တော၊ သည်။ သာရာဒါနာဘိနိဝေသံ၊ နိစ္စသာရစသည်တို့ကိုယူသည်၏ အစွမ်းဖြင့်ဖြစ်သော မှားသောနှလုံးသွင်းခြင်းဟု ဆိုအပ်သော တဏှာနှင့်တကွသော ဒိဋ္ဌိကို။ ပဇဟတိ၊ ၏။ ယထာဘူတဉာဏဒဿနံ၊ မဖောက်မပြန် ဟုတ်မှန်သောသဘောကို သိတတ် မြင်တတ်သောအကြောင်းနှင့်တကွသော နာမ် ရုပ်ကို ရှုသောအနုပဿနာကို။ ဘာဝေန္တော၊ သည်။ သမ္မောဟာဘိနိဝေသံ၊ (အဟောသိ နု ခေါ အဟမတီတမဒ္ဓါနံ ဤအစရှိသည်မှုလည်းဖြစ်သော, အစိုးရသောပရမိဿွ ပြုဟွာစသည်ကြောင့် လောကသည်ဖြစ်၏ ဤအစရှိသည်မှုလည်းဖြစ် သော) ပြင်းစွာတွေဝေသောအားဖြင့် နှလုံးသွင်းခြင်းဟု ဆိုအပ်သော ကင်္ခါနှင့်တကွသောဒိဋ္ဌိကို။ ပဇဟတိ၊ ၏။ အာဒီနဝါနုပဿနံ၊ အပြစ်ဒေါသ အာဒီနဝကို အဖန်တလဲလဲရှုသော အနုပဿနာကို။ ဘာဝေန္တော၊ သည်။ အာလယာဘိနိဝေသံ၊ (တစုံတခုမျှ၏လည်း ပုန်းအောင်းရာ မှီခိုရာ မရှိ သည်၏အဖြစ်ကို မြင်ခြင်းကြောင့်) ပုန်းအောင်းရာ မှီခိုရာဟု မှားသော အားဖြင့် နှလုံးသွင်းသောတဏှာကို၊ ဝါ၊ ကပ်ငြိတွယ်တာ မှီခိုရာမရှိသည်၏ အဖြစ်ကို မြင်ခြင်းကြောင့် မှီခိုရာဟု ကပ်ငြိ တပ်သောအားဖြင့် မှားသော နှလုံးသွင်းခြင်းဟု ဆိုအပ်သောတဏှာကို။ ပဇဟတိ၊ ၏။ ပဋိသင်္ခါနုပဿနံ၊ သင်္ခါရတို့ကို စွန့်လွှတ်ခြင်း၏ အကြောင်းဖြစ်သော အနိစ္စ စသည်တို့၌ အဖန်တလဲလဲ ဆင်ခြင်သောဉာဏ်ဟု ဆိုအပ်သော အနုပဿနာကို။ ဘာဝေန္တော၊ သည်။ အပ္ပဋိသင်္ခံ၊ အနိစ္စစသည်တို့၌ အဖန်တလဲလဲ

---

၁-အနိစ္စာနုပဿနာ - စသည်တို့သည်ပင် အနိမိတ္တာနုပဿနာ - စသည်မည်လေသော ကြောင့် နိစ္စသညာ-စသည်တို့သည်သာ ပဋိပက္ခဖြစ်ကောင်းပါလျက် နိမိတ္တံ ပဇဟတိ-စသည်ဖြင့် နိမိတ္တဂါဟ-စသည်တို့၏ ပဋိပက္ခအဖြစ်ကို အဘယ့်ကြောင့်ဆိုရသနည်း ? ကြောင့် ဧတေသံ ဟိ နိမိတ္တာဒီနံ ပဋိပက္ခဘာဝေန အနိစ္စာနုပဿနာဒယော အနိမိတ္တာဒိ နာမေဟိ ဝုတ္တာတိ အနိစ္စာနုပဿနာဒီဟိ ပဟာတဗ္ဗာ နိစ္စသညာဒယော ဝိယ နိမိတ္တဂါဟာဒယော စ ပဋိပက္ခာတိ ဒဋ္ဌဗ္ဗာမိန့်သော်။ ဋီကာ။

ဆင်ခြင်သောဉာဏ်၏ ဆန့်ကျင်ဖက်ဖြစ်သော အဝိဇ္ဇာကို။ ပဇဟတိ၊ ၏။ ဝိဝဋ္ဋာနုပဿနံ၊ ဝဋ္ဋကင်းခြင်းအကျိုးငှါ အဖန်တလဲလဲရှုသော သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်ကို။ ဘာဝေန္တော၊ သည်။ သံယောဂါဘိနိဝေသံ၊ ကာမဂုဏ်နှင့် စပ်ယှဉ်ခြင်းအစရှိသော ကိလေသာ၏ ဖြစ်ခြင်းဟု ဆိုအပ်သော မှားသောနှလုံးသွင်းခြင်းကို။ ပဇဟတိ၊ ၏။

[၂၆၅] တာသု၊ ထိုတဆယ့်ရှစ်ပါးသော မဟာဝိပဿနာတို့၌၊ ဝါ၊ တို့တွင်။ ယသ္မာ၊ ကြောင့်။ ဣမိနာ၊ ဤယောဂီပုဂ္ဂိုလ်သည်။ အနိစ္စာဒိလက္ခဏတ္တယဝသေန၊ အနိစ္စအစရှိသော လက္ခဏာသုံးပါးအပေါင်း၏ အစွမ်းဖြင့်။ သင်္ခါရာ၊ တို့ကို။ ဒိဋ္ဌာ၊ မြင်အပ်ကုန်၏။ တသ္မာ-သင်္ခါရာနံ ဒိဋ္ဌတ္တာ၊ ထိုသို့ အနိစ္စစသော လက္ခဏာသုံးပါးအပေါင်း၏ အစွမ်းဖြင့် သင်္ခါရတို့၏ မြင်အပ်သည်၏ အဖြစ်ကြောင့်။ အနိစ္စာဒုက္ခာနတ္တာနုပဿနာ၊ အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာတို့သည်။ ပဋိဝိဒ္ဓါ-ပဋိလဒ္ဓါ၊ ရအပ်သည်မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏[၁]။ စ၊ ဆက်၍ဆိုအံ့။ ယသ္မာ၊ ကြောင့်။ ယာ စ အနိစ္စာနုပဿနာ၊ အကြင် အနိစ္စာနုပဿနာသည်ရှင်း။ ယာ စ အနိမိတ္တာနုပဿနာ၊ အကြင်အနိမိတ္တာ နုပဿနာသည်ရှင်း။ (အတ္ထိ၊ ၏။) ဣမေ ဓမ္မာ၊ ဤအနိစ္စာနုပဿနာ အနိမိတ္တာနုပဿနာ တရားနှစ်ပါးတို့သည်။ ဧကတ္ထာ၊ တူသောအနက်ရှိကုန်၏၊ ဝါ၊ အနက်အားဖြင့်တူကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါသည်သာလျှင်။ နာနံ၊ ထူး၏။ (ရုက္ခော ပါဒပေါ တရု ဟူသကဲ့သို့တည်း) တထာ၊ ထိုမှတပါး။ ယာ စ ဒုက္ခာနုပဿနာ၊ သည်ရှင်း။ ယာ စ အပ္ပဏိဟိတာနုပဿနာ၊ သည်ရှင်း။ (အတ္ထိ၊ ၏။) ဣမေ ဓမ္မာ၊ ဤဒုက္ခာနုပဿနာ အပ္ပဏိဟိတာနုပဿနာ တရားနှစ်ပါးတို့သည်။ ဧကတ္ထာ၊ တူသောအနက်ရှိကုန်၏၊ ဝါ၊ အနက်အားဖြင့်တူကုန်၏။ ဗျဉ္ဇနမေဝ၊ သည်သာလျှင်။ နာနံ၊ ထူး၏။ ယာ စ အနတ္တာနုပဿနာ၊ သည်ရှင်း။ ယာ စ သုညတာနုပဿနာ၊ သည်ရှင်း။ (အတ္ထိ၊ ၏။) ဣမေ ဓမ္မာ၊ ဤအနတ္တာနုပဿနာ

---

၁-ယဒဂ္ဂေန ဟိ ဉာဏေန သဝိသယော ပဋိဝိဒ္ဓေါ၊ တဒဂ္ဂေန တံ ပဋိလဒ္ဓံ နာမ ဟောတိ။ ဋီကာ။ ဟိ-သစ္စံ၊ ၏။ ယဒဂ္ဂေန၊ အကြင်အဖို့ဖြင့်။ ဉာဏေန၊ ဖြင့်။ သဝိသယော၊ မိမိအာရုံကို။ ပဋိဝိဒ္ဓေါ၊ ရအပ်သည်။ ဟောတိ၊ ၏။ တဒဂ္ဂေန၊ ထိုအဖို့ဖြင့်။ တံ ဒဿနံ၊ ထိုအနိစ္စဟုရှုသောဉာဏ် ဒုက္ခဟုရှုသောဉာဏ် အနတ္တဟုရှုသောဉာဏ်သည်။ ပဋိလဒ္ဓံ နာမ၊ ရအပ်သည်မည်သည်။ ဟောတိ၊ ၏။ ရှင်းနက်။

သုညတာနုပဿနာတရားနှစ်ပါးတို့သည်။ ဧကတ္တာ၊ ကုန်၏၊ ဝါ၊ ကုန်၏။ ဗျဉ္ဇနမေဝ၊ သည်သာလျှင်။ နာနံ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ တာပိ၊ ထိုအနိမိတ္တာနုပဿနာ အပ္ပဏိဟိတာ-နုပဿနာ သုညတာနုပဿနာတို့သည်လည်း။ ပဋိဝိဒ္ဓါ-ပဋိလဒ္ဓါ၊ ရအပ်သည်မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ပန၊ အထူးကိုဆိုအံ့။ အဓိပညာဓမ္မဝိပဿနာ၊ အဓိပညာဝိပဿနာ ဟူသည်။ သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဝိပဿနာ၊ ဝိပဿနာတို့ ပင်တည်း။ (ထိုကြောင့် တစိတ်အားဖြင့် ရအပ်သည်မည်ကုန်သည်-ဟူလို သော်) ယထာဘူတဉာဏဒဿနံ၊ ယထာဘူတဉာဏဒဿနကို။ ကင်္ခါဝိတ-ရဏဝိသုဒ္ဓိယာ ဧဝ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့်သာလျှင်။ သင်္ဂဟိတံ၊ သင်္ဂြိုဟ် အပ်ပြီ။ (ထိုကြောင့် ထိုယထာဘူတဉာဏဒဿနဝိသုဒ္ဓိသည် မဆွကပင်ပြီးပြီ-ဟူလို။ တေနာဟ ဣဒမ္ပိ ဒွယံ ပဋိဝိဒ္ဓံ ဟောတီတိ) ဣတိ တသ္မာ၊ ကြောင့်။ ဣဒမ္ပိ ဒွယံ၊ ဤအဓိပညာဓမ္မဝိပဿနာ ယထာဘူတဉာဏဒဿန နှစ်ပါး အပေါင်းသည်လည်း။ ပဋိဝိဒ္ဓမေဝ၊ ရအပ်သည်မည်သည်သာလျှင်။ ဟော-တိ၊ ၏။ သေသေသု၊ အနိစ္စာနုပဿနာစသည်မှ ကြွင်းကုန်သော။ ဝိပဿနာဉာဏေသု၊ နိဗ္ဗိဒါနုပဿနာစသော ဝိပဿနာဉာဏ်ဆယ်ပါးတို့၌။ ကိဉ္စိ၊ အချို့ကို။ ပဋိဝိဒ္ဓံ၊ ရအပ်ပြီ။ ကိဉ္စိ၊ အချို့ကို။ အပဋိဝိဒ္ဓံ၊ မရအပ်သေး။ တေသံ၊ ထိုဆယ်ပါးသော အနုပဿနာဉာဏ်တို့၏။ ဝိဘာဂံ၊ အထူးအပြား ကို။ ပရတော၊ နောက်ဖြစ်သော ပဋိပဒါဉာဏဒဿနကထာ၌။ အာဝိ-ကရိဿာမ၊ ထင်ရှားပြုကုန်အံ့။

ဟိ-သစ္စံ၊ ၏။ ယဒေဝ၊ အကြင် တစိတ်ကိုသာလျှင်၊ ဝါ၊ ဝိပဿနာ ဉာဏ်ကိုသာလျှင်။ ပဋိဝိဒ္ဓံ၊ ရအပ်ပြီ။ တံ၊ ထိုရအပ်သော တစိတ်ကို၊ ဝါ၊ ရအပ်သော ဝိပဿနာဉာဏ်ကို။ သန္ဓာယ၊ ရည်၍။ ဧဝံ။ပ။ ပဇဟ-တီတိ၊ ဟူသော။ ဣဒံ ဝစနံ၊ ကို။ ဝုတ္တံ၊ ပြီ။

ဥဒယဗ္ဗယဉာဏကထာ

၇၂၃။ သော-ယောဂီ၊ သည်။ ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အနိစ္စာနုပဿနာဒိပဋိပက္ခာနံ၊ အနိစ္စာနုပဿနာ စသည်တို့၏ ဆန့်ကျင်ဖက် ဖြစ်ကုန်သော။ နိစ္စသညာဒီနံ၊ နိစ္စသညာ စသည်တို့ကို။ ပဟာနေန၊

ပယ်ခြင်းကြောင့်။ ဝိသုဒ္ဓဉာဏော၊ အထူးသဖြင့် စင်ကြယ်သော ဉာဏ်ရှိသည်။ ဟုတွာ၊ ၍[၁]။ သမ္မသနဉာဏဿ၊ နယဝိပဿနာဟု ဆိုအပ်သော ကလာပသမ္မနဉာဏ်၏[၂]။ ဝါ၊ ကလာပသမ္မသနစသော သမ္မသနဉာဏ်၏[၃]။ ပါရံ၊ ကမ်းတဘက်သို့၊ ဝါ၊ အပြီးအဆုံးသို့။ ဂန္တွာ၊ ရောက်၍။ သမ္မသနဉာဏာနန္တရံ၊ သမ္မသနဉာဏ်၏ အခြားမဲ့၌။ ပစ္စုပ္ပန္နာနံ ဓမ္မာနံ။ပ။ ဉာဏန္တိ၊ ဟူ၍။ ယန္တံ ဥဒယဗ္ဗယာနုပဿနံ၊ အကြင်ဥဒယဗ္ဗယာနုပဿနာကို။ ဝုတ္တံ၊ ၏။ တဿ ဥဒယဗ္ဗယာနုပဿနဿ၊ ကို။ အဓိဂမာယ၊ ရခြင်းငှါ။ ယောဂံ၊ လုံ့လကို။ အာရဘတိ၊ အားထုတ်၏။ စ၊ ဆက်၍ဆိုအံ့။ အာရဘမာနော၊ အားထုတ်သော ယောဂီသည်။ သင်္ခေပတော၊ ဖြင့်။ တာဝ၊ စွာ။ အာရဘတိ၊ ရာ၏။ တတြ-တသ္မိံ သင်္ခေပေန အာရမ္ဘေ၊ ထိုအကျဉ်းအားဖြင့် အားထုတ်ရာ၌။ အယံ၊ လတ္တံ့သည်ကား။ ပါဠိ၊ ပါဠိတည်း။

ပစ္စုပ္ပန္နာနံ ဓမ္မာနံ။ပ။ ဥဒယဗ္ဗယာနုပဿနေ ဉာဏန္တိ၊ ဉာဏံဟူသော။ ယံ-ဝစနံ၊ ကို။ ဝုတ္တံ၊ ပြီ။ တံ-ဝစနံ၊ ကို။ ကထံ-ကေန ပကာရေန၊ အဘယ် သို့သော အပြားအားဖြင့်။ ဉာတဗ္ဗံ၊ သိအပ်သနည်း။ ဣတိ စေ၊ မေးငြားအံ့။ [ပစ္စုပ္ပန္နာနံ၊ သန္တတိပစ္စုပ္ပန် ခဏပစ္စုပ္ပန် ဖြစ်ကုန်သော။ ဓမ္မာနံ၊ တေဘူမကဓမ္မတို့၏။ ဝိပရိဏာမာနုပဿနေ၊ ဖောက်ပြန်ခြင်းကို အဖန် တလဲလဲ ရှုခြင်း၌။ ပညာ၊ ဖြစ်သောပညာသည်။ ဥဒယဗ္ဗယာနုပဿနေ၊

---

၁- တိမ်တိုက်စသည်တို့၏ ကင်းခြင်းကြောင့် ကောင်းကင်၏ ထက်ဝန်းကျင် စင်ကြယ်ခြင်း ဖြစ်သကဲ့သို့ရင်း, ညွှန်အညစ် အကြေး ကင်းခြင်းကြောင့် ရေ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်း ဖြစ်သကဲ့သို့ရင်း, မည်းညစ်ခြင်းကို ပြုတတ်သော သံစသော အညစ်အကြေး ကင်းခြင်းကြောင့် ရွှေ၏ စင်ကြယ်ခြင်းဖြစ်သကဲ့သို့ရင်း, သံကိလေသ၏ ကင်းခြင်းကြောင့် ဉာဏ်၏ ထက်ဝန်းကျင် စင်ကြယ်ခြင်း ဖြစ်ရကား နိစ္စသညာဒီနံ ပဟာနေန ဝိသုဒ္ဓဉာဏော မိန့်ပေသတည်း။ တပါးမက များစွာသော အခြင်းအရာတို့ဖြင့် ပြွမ်းသောသင်္ခါရတို့၌ လက္ခဏတ္တယကို ကောင်းစွာမှတ်ခြင်းဟု ဆိုအပ်သော သမ္မသနဉာဏ်၏ ကိစ္စပြေကုန်စွာ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့် သမ္မသနဉာဏဿ ပါရံ ဂန္တွာ-ဟု မိန့်လတ်သော်။

၂- သမ္မသနဉာဏဿာတိ နယဝိပဿနာ သင်္ခါတဿ ကလာပသမ္မသနဉာဏဿ။ တဿေဝ ဟိ ထိရဘာဝါယ ဣတရေ သမ္မသနဝိသေသာတိ ဝဒန္တိ-ဟုဋီကာ အာစရိယဝါဒ ပြသည်နှင့်အညီ။

၃-သမ္မသနဉာဏဿာတိ ဝါ ကလာပသမ္မသနာဒိ သမ္မသနဉာဏဿ။ အနုပဒဓမ္မဝိပဿနာယ သဒိသာ ဟိ သာ၊ တာယ ဟိ ဒိဋ္ဌိဥဂ္ဃါဋနာဒိ သမ္ဘဝတီတိ။ ဋီကာသကဝါဒပြ ဒုတိယဝိကပ်နှင့်အညီ။

ဖြစ်ခြင်း ပျက်ခြင်းကို ရှုခြင်း၌။ ဉာဏံ၊ ဖြစ်သောဉာဏ်မည်၏။] ဇာတံ-နိဗ္ဗတ္တံ၊ ဖြစ်ဆဲသော။ (ပဋိလဒ္ဓတ္တဘာဝံ၊ ရအပ်သော အတ္တဘာဝရှိသော၊ ဝါ၊ အတ္တဘောကို ရဆဲဖြစ်သော) ရူပံ၊ ရုပ်သည်။ ပစ္စုပ္ပန္နံ၊ မည်၏[၁]။ (ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ရူပံ နာမ၊ ရုပ်မည်သည်။ ဇာတံ၊ ဖြစ်ဆဲဖြစ်၍။ ခဏတ္တယပရိယာပန္နံ၊ ခဏသုံးပါး၌အတွင်းဝင်သော ရုပ်ပင်တည်း။ ဤကား အဓိပ္ပါယတ္ထတည်း) တဿ ရူပဿ၊ ထိုပစ္စုပ္ပန်ဖြစ်သောရုပ်၏။ နိဗ္ဗတ္တိ-လက္ခဏံ၊ စ၍ဖြစ်ခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏လက္ခဏာသည်။ ဥဒယော၊ ဖြစ်ခြင်းမည်၏[၂]။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်ခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏လက္ခဏာသည်။ ဝယော၊ ပျက်ခြင်းမည်၏။ ယာ အနုပဿနာ၊ အကြင်ဥဒယဝယကို အဖန်တလဲလဲရှုခြင်းသည်၊ ဝါ၊ ရှုသောပညာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဥဒယဝယကို အဖန်တလဲလဲ ရှုသော ပညာသည်။ ဉာဏံ၊ မည်၏[၃]။ ဇာတော၊ ဖြစ်ဆဲသော။ ဘဝေါ၊

---

၁- ဥပါဒ်ဌီ ဘင်အားဖြင့် သရုပ်အထည် ထင်ထင်ရှားရှား ဖြစ်သည်ကိုပင် အတ္တဘောကို ရသည်ဆိုသည်။ ဤဇာတသဒ္ဒါကို ယေ မမ္မာ ဇာတာ ဘူတာ-စသည်တို့၌ကဲ့သို့ ခဏတ္တယ သမင်္ဂီ၏အဖြစ်ကိုရည်၍ ဆိုအပ်သည်။ ယေ တေ ဇာတာ န တေသန္တိ။ ယေ န ဇာတာ တထေဝ တေ။ လဒ္ဓတ္တဘာဝါ နော ဘဂ္ဂါ၊ တေဝ သန္တိသဘာဝတော-စသည်တို့၌ကဲ့သို့ အတိတ်ကိုရည်၍ ဆိုအပ်သည်မဟုတ်၊ ယံ တံ ဇာတံ ဘူတံ သင်္ခတံ-စသည်တို့၌ကဲ့သို့ ထင်ရှားရှိသည်၏ အဖြစ်မျှဟူသော ဇာတတာမတ္တကို ရည်၍ ဆိုအပ်သည်လည်းမဟုတ်၊ ထိုကြောင့် ဇာတံ ရူပံ ပစ္စုပ္ပန္နံ-မိန့်သော်။

၂-ပစ္စယလက္ခဏ ဥဒယလေးပါးသည် ကျယ်ဝန်းများပြားသည် ဖြစ်၍ ထိုပစ္စယ လက္ခဏ ဥဒယကို မသုံးသပ်မူ၍ တခုတည်းသာဖြစ်သော နိဗ္ဗတ္တိလက္ခဏ ဥဒယကိုဆိုလို ရကား နိဗ္ဗတ္တိလက္ခဏံ ဥဒယော-ဟူသတည်း။

၃-ဇာတာ ဝေဒနာ ပစ္စုပ္ပန္နာ၊ တဿာ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ဝိပရိဏာမလက္ခဏံ ဝယော။ အနုပဿနာ ဉာဏံ။ သညာကို ဇာတာသညာ စသည်ဖြင့် ဝေဒနာနှင့်အတူထုတ်။ ဇာတာ သင်္ခါရာ ပစ္စုပ္ပန္နာ၊ တေသံ နိဗ္ဗတ္တိလက္ခဏံ စသည်ဖြင့်ထုတ်။ ဇာတံ ဝိညာဏံ ပစ္စုပ္ပန္နံ စသည်ဖြင့် ရုပ်နှင့်အတူထုတ်။ အာယတန တဆယ့်နှစ်ပါး၌ ဇာတံ စက္ခုံ-ဟု အစတွင်သာပြသည်။ ဇာတံ စက္ခုံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော-စသည်ဖြင့် အာယတန တဆယ့်နှစ်ပါးကုန်အောင်ထုတ်။ ဇာတော မနော ပစ္စုပ္ပန္နော-ဟူ၍ လိင်အားလျော်စွာထုတ်။ ဇာတာ ရူပါ-ဟူ၍ ဗာဟိရာယတန၌ လိင်ဝုစ်အားလျော်စွာထုတ်။ ဇာ တာ စက္ခုဓာတု-စသည်ဖြင့် ဓာတ်တဆယ့်ရှစ်ပါးကိုထုတ်။ ဇာတံ စက္ခုန္ဒြိယံ-စသည်ဖြင့် ဣန္ဒြေနှစ်ဆယ့်နှစ်ပါးကိုထုတ်။ ဤသို့နှင့်နှင့်အဘိဓေယျနိဒ္ဒေသ၌ လာသည်ကိုရှု၍ ဝိပဿနာပြုရသည်။ ကလာပသမ္မသန စသည်တို့၌ အဝိဇ္ဇာမှသည် ဇရာမရဏကျအောင် ပဋိစ္စသမုပ္ပါဒ်နိဒ္ဒေသလာငြားသော်လည်း ဤ၌ ဘဝတွင်အဆုံးသတ်လို၍ ဇာတော ဘဝေါ ပစ္စုပ္ပန္နော တဿ နိဗ္ဗတ္တိလက္ခဏံ-ဥဒယော။

ဘဝသည်။ ပစ္စုပ္ပန္နေ၊ မည်၏။ တနည်း—ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန်ဖြစ်သော။ ဘဝေ၊ ဘဝမည်သည်။ ဇာတော၊ ဖြစ်ဆဲဖြစ်၍ ခဏသုံးပါး၌ အကျုံး ဝင်သောတရားတည်း။ တဿ၊ ထိုဘဝ၏။ နိဗ္ဗတ္တိလက္ခဏံ၊ သည်။ ဥဒယော၊ မည်၏။ ဝိပရိဏာမလက္ခဏံ၊ သည်။ ဝယော၊ မည်၏။ အနုပဿနာ၊ သည်။ ဉာဏံ၊ မည်၏။ ဣတိ အယံ၊ သည်ကား။ ပါဠိ၊ တည်း။

[၂၆၆] သော၊ ထိုယောဂီသည်။ ဣမိနာ ပါဠိနယေန၊ ဇာတံ ရူပံ ပစ္စုပ္ပန္နံ စသည်ဖြင့် ပြအပ်ပြီးသော ဤပါဠိဂတိဖြင့်။ ဇာတဿ၊ ဖြစ်ဆဲ ဖြစ်သော။ နာမရူပဿ၊ နာမ်ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ စ၍ဖြစ်ခြင်း ဟု မှတ်အပ်သော သင်္ခတ၏လက္ခဏာဖြစ်သော။ ဇာတိံ ဥပ္ပါဒံ၊ ဖြစ်ခြင်း ကို။ အဘိနဝါကာရံ၊ အသစ်ဖြစ်သော အခြင်းအရာကို။ ဥဒယောတိ၊ ဟူ၍။ သမနုပဿတိ၊ အဖန်တလဲလဲ ရှု၏။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန် ခြင်းဟူ၍ မှတ်အပ်သော သင်္ခတ၏လက္ခဏာဖြစ်သော။ ခယံ၊ ကုန်ခြင်း ချုပ်ခြင်းကို။ ဘင်္ဂံ၊ ပျက်ခြင်းကို။ ဝယောတိ၊ ဟူ၍။ သမနုပဿတိ၊ ၏။ သော ယောဂီ၊ သည်။ ဧဝံ၊ ဤသို့သော အခြင်းအရာ အားဖြင့်။ ပဇာနာတိ၊ သိ၏။ ဣမဿ နာမရူပဿ၊ ဤနာမ်ရုပ်၏။ ဥပ္ပတ္တိတော၊ ဖြစ်သည်မှ။ ပုဗ္ဗေ၊ ရှေး၌။ အနုပ္ပန္နဿ၊ မဖြစ်မီ။ တနည်း— အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ဣမဿ နာမရူပဿ၊ ၏။ ဥပ္ပတ္တိတော၊ မှ။ ပုဗ္ဗေ၊ ၌။ (ယတော၊ အကြင်ရာသိ, အကြင်နိစယမှ။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ရာသို့၊ ဝါ၊ ဖြစ်ဆဲတရားသို့။ အာဂစ္ဆေယျ၊ လာရာ၏။) (သော) ရာသိ ဝါ၊ ထိုစုံ့စုံ့တက်သော အစုအပုံသည်ရှင်း။ (သော) နိစယော ဝါ၊ ထိုအပေါင်းအစုသည်ရှင်း။ နတ္ထိ၊ မရှိ။ (ကသ္မာ၊ ကား။ အလဒ္ဓတ္တဘာဝဿ၊ မရအပ်သော အတ္တဘောရှိသောတရား၏။ သမ္ဘေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ အဝိဇ္ဇမာနတ္တာ၊ မရှိသည်၏အဖြစ်ကြောင့်တည်း)။ ဥပ္ပဇ္ဇမာနဿာပိ၊ ဖြစ်ဆဲဖြစ်သောနာမ်ရုပ်၏လည်း။ ရာသိတော ဝါ၊ စုံ့စုံ့တက်သော အစုအပုံမှရှင်း။ နိစယတော ဝါ၊ အပေါင်းအစုမှရှင်း။ အာဂမနံ နာမ၊ လာခြင်းမည်သည်။ နတ္ထိ၊ မရှိ။ နိရုဇ္ဈမာနဿာပိ၊

ဝိပရိဏာမလက္ခဏံ ဝယော။ အနုပဿနာ ဉာဏံ-မိန့်သော်။ ဤသို့လျှင် ကလာပသမ္မသန စသည်တို့၌ အဝိဇ္ဇာမှသည် ဇရာမရဏအဆုံးကျအောင်ယူပါလျက် ထိုနှင့်မတူ ဤ၌ဘဝတွင် သာ အဆုံးယူခြင်းသည်ကား ဇာတိဇရာမရဏတို့၌ ဥဒယဝယရှိသည်ဟု မဆိုသင့်သော ကြောင့်ပေတည်း။ (ပြည်)

ချုပ်ဆဲသောနာမ်ရုပ်၏လည်း[၁]။ ဒိသာဝိဒိသာဂမနံ နာမ၊ တူရူလေးရပ် အထောင့်လေးရပ်သို့ ကပ်ခြင်း သွားခြင်းမည်သည်။ နတ္ထိ၊ မရှိ။ နိရုဒ္ဓဿာပိ၊ ချုပ်ပြီးသောနာမ်ရုပ်၏လည်း။ ကေသ္မိံ ဌာနေ၊ တခုသော အရာ၌။ ရာသိတော၊ စုံ့စုံ့တက်သော အစုအပုံအားဖြင့်ရင်း။ နိစယ-တော၊ အပေါင်းအစုအားဖြင့်ရင်း။ နိဓာနတော၊ မြေ၌သိုမြှုပ်ထားအပ်သောအားဖြင့်ရင်း။ အဝဋ္ဌာနံ နာမ၊ တည်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုစကားကို ထင်ရှားပြုအံ့။ ဝီဏာယ၊ စောင်းကို။ ဝါဒိယမာနာယ၊ တီးအပ်သည်ရှိသော်။ တနည်း—ဝါဒိယမာနာယ၊ တီးအပ်သော။ ဝီဏာယ၊ စောင်း၏၊ ဝါ၊ စောင်းမှ။ ဥပ္ပန္နသဒ္ဒဿ၊ ဖြစ်သောအသံ၏။ ဥပ္ပတ္တိတော၊ ဖြစ်သည်မှ။ ပုဗ္ဗေ၊ ရှေး၌။ သန္နိစယော၊ အစိုင်အခဲအပေါင်းအစုသည်။ နေဝ အတ္ထိ၊ မရှိ။ ဥပ္ပဇ္ဇမာနော၊ ဖြစ်ဆဲသောအသံသည်လည်း။ သန္နိစယတော၊ အစိုင်အခဲအပေါင်းအစုမှ။ န အာဂတော၊ လာသည်မဟုတ်။ နိရုဇ္ဈမာနဿာပိ၊ ချုပ်ဆဲသောအသံ၏လည်း။ (ပိကျေ) ဒိသာဝိဒိသာဂမနံ၊ တူရူဖြစ်သောလေးရပ် အထောင့်ဖြစ်သောလေးရပ်သို့ သွားခြင်းကပ်ခြင်းမည်သည်။ န အတ္ထိ၊ မရှိ။ နိရုဒ္ဓေါ၊ ချုပ်ပြီးသော အသံသည်လည်း။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ သန္နိစိတော၊ ပေါင်းစုစည်းဝေး၍။ န တိဋ္ဌတိ၊ မတည်။ အထ ခေါ၊ စင်စစ်သော်ကား။ ဝီဏာဉ္စ၊ စောင်းကိုရင်း။ ဥပဝီဏာဉ္စ၊ စောင်းကြက်သားရေကိုရင်း[၂]။ ပုရိသဿ၊

---

၁-အနာဂတ်ဖြစ်သောအခွန့်၌ ဤနာမ်ရုပ်တရားတို့သည် အချင်းခပ်သိမ်း မရှိကုန်သကဲ့သို့ ထိုအတူ အတိတ်ဖြစ်သောအခွန့်၌လည်း အချင်းခပ်သိမ်း မရှိကုန်ဟုပြလို၍ နိရုဇ္ဈ-မာနဿာပိ-စသည်ကိုဆိုပြီး၍ ရှေးကထင်ရှားမရှိကုန်သည်သာဖြစ်သော ရုပ်နာမ်တရားတို့၏ ဟေတုအကြောင်း ပစ္စယအကြောင်း ညီညွတ်သည်ရှိသော် ဥပါဒ်ခြင်းသည် ဖြစ်၏၊ ဖြစ်ပြီး၍လည်း အရှည်မတည် အချင်းခပ်သိမ်းအားဖြင့် မရှိ ပျောက်ကင်းချုပ်ခြင်းသို့ ရောက်၏၊ ဤသို့သော အပေါင်းဖြစ်သောအနက်ကို တဒေကဒေသဖြစ်သော ဥပမာဖြင့် ထင်စွာပြခြင်းငှါ ယထာ ပန-စသည်ကိုမိန့်သော်။

၂-ဥပဝီဏော တု ဝေဌကော-ဟု စောင်းကြက်သားရေ ပရိယာယ်နှစ်ပါး အဘိဓာန်၌ လာရကား ဥပဝီဏကို စောင်းကြက်သားရေဟု ယောဇနာသည်၊ ဒွယံ ပေါက္ခရဝေဌကေ စမ္မနိ၊ ဝီဏာဘာဝံ ဥပဂစ္ဆတိ ယေနာတိ ဥပဝီဏော၊ ဝေဌတိ ပေါက္ခရန္တိ ဝေဌကော၊ ဏျူ။ ရင်းအဘိဓာန်ဋီကာ။ ဤမဟာဋီကာ၌ကား ဥပဝီဏေတိ ဓောနာတိ ဥပဝီဏံ၊ ဝီဏာဝါဒနံ-ဟု ရှိ၏။ ဝီန ဇနနေ၊ နော ဏတ္တံ၊ ဝီဏဝေဌနေတိ ဝါ မာတု။ အ။ ဝီဏာ-ဟူသော အဘိဓာန်ဋီကာကိုရှု၍ ဓောန-စမ္မေန၊ ဤသားရေဖြင့်။ ဝီဏံ၊ စောင်းကို။ ဥပဝီဏေတိ၊ ကပ်၍မြွေးတတ်၏။ ဣတိ-တသ္မာ၊ ထိုသို့စောင်းကိုကပ်၍မြွေးကြောင်း၏

စောင်းသမား၏။ တန္တံ၊ ထိုအသံဖြစ်ခြင်းအား လျောက်ပတ်သော။ ဝါယာမဉ္စ၊ စောင်းတီးခြင်းလုံ့လကိုဇင်း။ ပဋိစ္စ၊ စွဲ၍။ အဟုတွာ၊ ရှေးက မရှိမူ၍။ သမ္ဘောတိ၊ ယခုမှဖြစ်၏။ ဟုတွာ၊ ဖြစ်ပြီး၍။ ပဋိဝေတိ ယထာ၊ အရှည်မတည် ချက်တဖြုတ် ချုပ်ပျောက်ပျက်စီးသကဲ့သို့။ ဧဝံ တထာ၊ တူ။ သဗ္ဗေပိ၊ ကုန်သော။ ရူပါရူပိနော၊ ရုပ်နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ အဟုတွာ၊ ရှေးက မရှိမူ၍။ သမ္ဘောန္တိ၊ ယခုမှဖြစ်ကုန်၏။ ဟုတွာ၊ ဖြစ်ပြီး၍။ ပဋိဝေန္တိ၊ အရှည်မတည် ချက်တဖြုတ်ချုပ်ပျောက် ပျက်စီးကုန်၏။ ဣတိ၊ ဤသို့။ (ပဋိဇာနာတိ၊ သိ၏။)

၇၂၄။ ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ သင်္ခေပတော၊ ဖြင့်။ ဥဒယဗ္ဗယမနသိကာရ၏၊ ဖြစ်ခြင်း ပျက်ခြင်းကို နှလုံးထားခြင်းကို။ ကတွာ၊ ၍။ ပုန၊ တဖန်။ ယာနိ၊ တို့ကို။ ဝေဒယာ၀ ဥဒယဗ္ဗယဉာဏဿ၊ ဤ ဥဒယဗ္ဗယဉာဏ်၏သာလျှင်။ ဝိဘင်္ဂေ၊ ၌။

အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ၏ ရှေးဘဝ၌ဖြစ်ပြီးခြင်းကြောင့်[၁]။ ရူပ-သမုဒယော၊ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ပစ္စယ-

---

အဖြစ်ကြောင့်။ တံ စမ္မံ၊ ထိုအရေသည်။ ဥပဝီဏံ၊ မည်၏။ ဝီဏာဝါနံ၊ စောင်းကို မြှုးကြောင်းဖြစ်သော သားရေရ၏။ ဤသို့ယောဇနာမှ ကျမ်းတပါးနှင့်ညီ၍ ဝီဏာဝါနံသာ ရှိသင့်သည်ဖြစ်၍ ဒ-ပိုသည်။ ကောဏော ဝီဏာဒိဝါဒနံ။ အဘိဓာန်။ တီးကြောင်း လက် သည်းလက်ခတ်စသော ပရိယာယ်နှစ်ပုဒ်သာ လာသည်။

၁-သမုဒယသည် ဥပ္ပါဒတည်း ဥပ္ပါဒဟူသော်လည်း ဥပါဒ်ဋ္ဌီဘင်အားဖြင့် ပစ္စုပ္ပန် ခဏတ္တယသို့ရောက်၍ ဖြစ်ဆဲဖြစ်သည်ကိုမလို မဂ်ဖြင့်မပယ်အပ်သေးသည်ဖြစ်၍ ခန္ဓာ သန္တာန်ဝယ် ထင်ရှားရှိသည်၏ အဖြစ်ကြောင့်ဟူလိုသည်။ ထိုကြောင့် ဋီကာ၌ အဝိဇ္ဇာ သမုဒယာတိ အဝိဇ္ဇာယ ဥပ္ပါဒါ အတ္ထိဘာဝါတိ အတ္ထော နိရောဓဝိရောဓိ ဟိ ဥပ္ပါဒေါ အတ္ထိဘာဝဝါစကောပိ ဟောတီတိ ဝုတ္တော ဝါယမတ္ထော။ တသ္မာ ပုရိမဘဝသိဒ္ဓါယ အဝိဇ္ဇာယ သတိ ဣမသ္မိံ ဘဝေ ရူပဿ ဥပ္ပါဒေါ ဟောတီတိ အတ္ထော-မိန့်သော် အဝိဇ္ဇာ-သမုဒယာတိ၊ ကား။ အဝိဇ္ဇာယ၊ ၏။ ဥပ္ပါဒါ၊ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့်။ အတ္ထိ-ဘာဝါ၊ မဂ်ဖြင့် မပယ်အပ်သေးသည်ဖြစ်၍ ထင်ရှားရှိသည်၏အဖြစ်ကြောင့်။ ဣတိ အတ္ထော၊ ဤကား လိုအပ်သောအနက်။ ဟိ-သစ္စံ၊ ၏။ နိရောဓဝိရောဓိ၊ နိရောဓ၏ ဆန့်ကျင်ဖက် ဖြစ်သော။ ဥပ္ပါဒေါ၊ ဥပ္ပါဒသဒ္ဒါသည်။ အတ္ထိဘာဝဝါစကောပိ၊ ထင်ရှားရှိသည်၏အဖြစ်ကို ဟောတတ်သည်လည်း။ ဟောတိ၊ ၏။ ဣတိ အယံ အတ္ထော၊ ဤအနက်ကို။ ဝုတ္တောဝ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။ တသ္မာ၊ ကြောင့်။ ပုရိမဘဝသိဒ္ဓါယ၊ ရှေးဘဝ၌ပြီးသော။ အဝိဇ္ဇာယ၊ သည်။ သတိ၊ သော်။ ဣမသ္မိံ ဘဝေ၊ ဤမျက်မြင်လောက ပစ္စုပ္ပန်ဘဝ၌။ ရူပဿ၊ ၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊

သမုဒယဋ္ဌေန၊ အကြောင်း၏ ဖြစ်ပြီးသည်၏အဖြစ်ဖြင့်၊ ဝါ၊ အကြောင်း၏ ထင်ရှားရှိသည်၏ အဖြစ်ဖြင့်။ (ပစ္စယဿ ဥပ္ပန္နဘာဝတောတိ အတ္ထော။ ဋီကာ) ရူပက္ခန္ဓဿ၊ ရူပက္ခန္ဓာ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿတိ၊ ၏။ တဏှာသမုဒယာ၊ တဏှာ၏ ရှေးဘဝ၌ဖြစ်ပြီးခြင်းကြောင့်။ ကမ္မသမုဒယာ၊ ကံ၏ ရှေးဘဝ၌ဖြစ်ပြီးခြင်းကြောင့်[၁]။ အာဟာရသမုဒယာ၊ ကဗဠီကာရအာဟာရ၏ ထင်ရှားရှိသည်၏အဖြစ်ကြောင့်။ ရူပသမုဒယော၊ ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ ထင်ရှားရှိသည်၏ အဖြစ်ဖြင့်။ ရူပက္ခန္ဓဿ၊ ၏။ ဥဒယံ၊ ကို။ ပဿတိ၏။ နိဗ္ဗတ္တိလက္ခဏံ၊ စ၍ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတ လက္ခဏာကို။ ပဿန္တောပိ၊ ရှုသည်ဖြစ်၍လည်း။ ရူပက္ခန္ဓဿ၊ ၏။ ဥဒယံ၊ ဥပ္ပါဒလက္ခဏာဟု ဆိုအပ်သောအဖြစ်ကို။ ပဿတိ၊ ၏[၂]။ ရူပက္ခန္ဓဿ၊ ၏။ ဥဒယံ၊ အဖြစ်ကို။ ပဿန္တော၊ ရှုသောယောဂီသည်။ ဣမာနိ ပဉ္စ လက္ခဏာနိ၊ အဝိဇ္ဇာ တဏှာ ကံ အာဟာရ ဤအကြောင်းတို့၏ ရှိသည်၏အဖြစ်ဟု ဆိုအပ်သောလက္ခဏာ၊ ပစ္စုပ္ပန်ရုပ်၏ ဥပါဒ်ခြင်း

---

ဆိုလိုသောအနက်တည်း။ ၎င်းအနက်။ အတ္ထေ အသမ္ဘဝေယေဝ၊ သဒ္ဒေ ဝုတ္တဝိဓိဘာဝေ ဟူရကား ဥပ္ပါဒေါ အတ္ထိဘာဝဝါစကော-၌ ဥပ္ပါဒေါ-ကား သဒ္ဒပဒတ္ထက။ သဒ္ဒေ အသမ္ဘဝေ-ယေဝ၊ အတ္ထေ ဝုတ္တဝိဓိဘာဝေ-ဟူရကား ရူပဿ ဥပ္ပါဒေါ-၌ ဥပ္ပါဒေါ-ကား အတ္ထပဒတ္ထက။

၁-ရူပသမုဒယော ဟိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိဟူ၍ချည်း ယောဇနာ။ ဤသုံးပါးဖြင့် အတိတ်အကြောင်းကိုပြသည်။ အတီတေ ဟေတဝေါ ပဉ္စ၊ ဟူသည်နှင့်မညီ အကြောင်းငါးပါးမစေ့ ဖြစ်ခဲ့၏တကား ဟူမူ အဝိဇ္ဇာဒီဟိ စ တီဟိ အတီတကာလိကာနိ တေသံ သဟကာရီကာရဏဘူတာနိ ဥပါဒါဒီနိပိ ဂဟိတာနေဝါတိ ဒဋ္ဌဗ္ဗံ။ ဋီကာ။ စ၊ ဆက်၍ဆိုအံ့။ အဝိဇ္ဇာဒီဟိ၊ အဝိဇ္ဇာ အစရှိကုန်သော။ တီဟိ၊ သုံးပါး ကုန်သော အတိတ်အကြောင်းတို့ဖြင့်။ အတီတကာလိကာနိ၊ အတိတ်ကာလ၌ဖြစ်ကုန်သော။ တေသံ၊ ထိုသုံးပါးသော အဝိဇ္ဇာတဏှာကံတို့၏။ သဟကာရီကာရဏဘူတာနိ၊ တက္ကပြုလေ့ ရှိသော အကြောင်းဖြစ်၍ ဖြစ်ကုန်သော။ ဥပါဒါဒီနိပိ၊ ဥပါဒါန်ဘဝတို့ကိုလည်း။ ဂဟိတာနေဝ၊ ယူအပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ၎င်းနက်။

၂-ထိုရူပက္ခန္ဓာ၏ ဥဒယကိုရှုရာ၌ အဒ္ဓါနပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ရှေးဦးကလျှင် ဥဒယကိုမြင်၍ တည်သောယောဂီသည် ဤ၌သန္တတိပစ္စုပ္ပန်အားဖြင့်မြင်၍ အစဉ်အတိုင်း ခဏအားဖြင့် ရှုသတည်း။ အကျဉ်းဖြစ်သော အဒ္ဓါနပစ္စုပ္ပန်ကိုရှု၍ တရွေ့တရွေ့ အလတ်ဖြစ်သော သန္တတိပစ္စုပ္ပန် အနုဖြစ်သော ခဏပစ္စုပ္ပန်အားဖြင့် သွားကြသော ခြပရွက် အပေါင်းကို ရိုးရိုးရှုရှုမြင်သကဲ့သို့ ခဏပစ္စုပ္ပန်အားဖြင့်ဖြစ်သော ရုပ်အစုကို ခုဖြစ်ခုချုပ် လက်ထက် ဥသျှစ်သို့ ထစ်ထစ်ထင်ထင် ဉာဏ်ဖြင့်မြင်သည်-ဟူလို။

ဖြစ်ခြင်းလက္ခဏာဟူသော ဤငါးပါးသောလက္ခဏာတို့ကို[၁]။ ပဿတိ၊ ၏၊ ဝါ၊ မြင်၏။

အဝိဇ္ဇာနိရောဓာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် အဝိဇ္ဇာ၏တဖန် မဖြစ်ပြန်ခြင်းဟူသော ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ အနာဂတ်ဖြစ်သောရုပ်၏ မဖြစ်ခြင်းဟူသော ချုပ်ခြင်းသည်။ (ဟောတိ၊) ၏။ ဣတိ၊ သို့။ ပစ္စယ-နိရောဓဋ္ဌေန၊ အဝိဇ္ဇာဟုဆိုအပ်သော အနာဂတ်၌ဖြစ်လတ့်သော ရုပ်၏ အကြောင်းချုပ်သည်၏ အဖြစ်ဖြင့်။ ရူပက္ခန္ဓဿ၊ ၏။ ဝယံ၊ အပျက်ကို။ ပဿတိ၊ ၏။ တဏှာနိရောဓာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် တဏှာ၏တဖန် မဖြစ်ပြန်ခြင်းဟူသော ချုပ်ခြင်းကြောင့်။ ကမ္မနိရောဓာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ကံ၏တဖန် မဖြစ်ပြန်ခြင်းဟူသော ချုပ်ခြင်းကြောင့်။ အာဟာရနိရောဓာ၊ ပစ္စုပ္ပန် အကြောင်းဖြစ်သော ကဗဠီကာရာဟာရ၏ မရှိခြင်းကြောင့်။ ရူပနိရောဓော၊ ထိုအာဟာရသမုဋ္ဌာန်ဖြစ်သောရုပ်၏ မဖြစ်ခြင်းသည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ပစ္စယနိရောဓဋ္ဌေန၊ အနာဂတ်၌ ရုပ်ဖြစ်ခြင်း၏အကြောင်း၏ ချုပ်သည်၏အဖြစ်ဖြင့်၊ ဝါ၊ မရှိသည်၏အဖြစ်ဖြင့်။ ရူပက္ခန္ဓဿ၊ ၏။ ဝယံ၊ ကို။ ပဿတိ၊ မြင်၏။ ဝိပရိဏာမ-လက္ခဏံ၊ ရုပ်၏ဘင်ဟု ဆိုအပ်သော ဖောက်ပြန်ခြင်းလက္ခဏာကို။ ပဿန္တောပိ၊ သည်လည်း။ ရူပက္ခန္ဓဿ၊ ၏။ ဝယံ၊ ကို။ ပဿတိ၊ ၏။ ရူပက္ခန္ဓဿ၊ ၏။ ဝယံ၊ ကို။ ပဿန္တော၊ သည်။ ဣမာနိ ပဉ္စ လက္ခဏာနိ၊ အဝိဇ္ဇာအစရှိသော အကြောင်းလေးပါးတို့၏ အနုပ္ပါဒနိရောဓ, ရုပ်၏ခဏနိရောဓဟုဆိုအပ်သော ဤငါးပါးသောလက္ခဏာတို့ကို။ ပဿတိ၊ ၏။

တထာ၊ ထိုမှတပါး။ အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ၏ ရှေးဘဝ၌ဖြစ်ပြီးခြင်းကြောင့်။ ဝေဒနာသမုဒယော၊ ဝေဒနာ၏ဖြစ်ခြင်းသည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ဖြစ်ပြီးသည်၏ အဖြစ်ဖြင့်၊ ဝါ၊ အကြောင်း၏ ထင်ရှားရှိသည်၏အဖြစ်ဖြင့်။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဥဒယံ၊ အဖြစ်ကို။ ပဿတိ၊ ၏။ တဏှာသမုဒယာ၊ တဏှာ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့်။ ကမ္မသမုဒယာ၊ ကံ၏ရှေးဘဝ၌ ဖြစ်ပြီး

---

၁-နိဗ္ဗတ္တိလက္ခဏာဟူသည် ရုပ်၏ဇာတိပင်ဖြစ်၍ ဇာတိသည်လည်း လက္ခဏရုပ်ဖြစ်၍ လက္ခဏာဟု သင့်ပစေ၊ အဝိဇ္ဇာတဏှာကံတို့၏ ရှိသည်၏အဖြစ်သည် လက္ခဏာမဟုတ် ကောင်းခဲ့ တကား-ဟူမူ။ တေသံ အတ္ထိတာ ဟိ ရူပဿ ဥဒယော လက္ခီယတိ ဧတေဟီတိ လက္ခဏာနီတိ ဝုစ္စန္တိ၊ နိဗ္ဗတ္တိ ပန သင်္ခတလက္ခဏမေဝါတိ။ ဋီကာ။ (ပြည်)

ခြင်းကြောင့်။ ဖဿသမုဒယာ၊ ဖဿ၏ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ ဝေဒနာသမုဒယော၊ ဝေဒနာ၏ဖြစ်ခြင်းသည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ပစ္စယသမုဒယဋ္ဌေန၊ အကြောင်း၏ ထင်ရှားရှိသည်၏အဖြစ်ဖြင့်။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဥဒယံ၊ ကို။ ပဿတိ၊ ၏။ နိဗ္ဗတ္တိလက္ခဏံ၊ စ၍ ဖြစ်ခြင်းဟု မှတ်အပ်သောသင်္ခတလက္ခဏာကို။ ပဿန္တောပိ၊ ရှုသည်ဖြစ်၍ လည်း။ [၂၆၇] ဝေဒနာက္ခန္ဓဿ၊ ၏။ ဥဒယံ၊ ကို။ ပဿတိ၊ ၏။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဥဒယံ၊ ကို။ ပဿန္တော၊ ရှုသောယောဂီသည်။ ဣမာနိ ပဉ္စ လက္ခဏာနိ၊ အဝိဇ္ဇာတဏှာကံဖဿ ဤအကြောင်းတို့၏ ရှိသည်၏ အဖြစ်ဟုဆိုအပ်သော လက္ခဏာ, ပစ္စုပ္ပန်ဝေဒနာ၏ ဥပါဒ်ခြင်းဖြစ်ခြင်း လက္ခဏာဟူသော ဤငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ ၏။ အဝိဇ္ဇာနိရောဓာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် အဝိဇ္ဇာ၏ တဖန်မဖြစ်ခြင်းဟူသော ချုပ်ခြင်းကြောင့်။ တဏှာနိရောဓာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် တဏှာ၏ တဖန်မဖြစ်ပြန်ခြင်းဟူသော ချုပ်ခြင်းကြောင့်။ ကမ္မနိရောဓာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ကံ၏ တဖန်မဖြစ်ခြင်းဟူသော ချုပ်ခြင်းကြောင့်။ ဝေဒနာ-နိရောဓော၊ ဝေဒနာ၏မဖြစ်ခြင်းသည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ပစ္စယနိရောဓဋ္ဌေန၊ အနာဂတ်၌ ဝေဒနာဖြစ်ခြင်း၏ အကြောင်း၏ ချုပ်သည်၏အဖြစ်ဖြင့်၊ ဝါ၊ မရှိသည်၏အဖြစ်ဖြင့်။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဝယံ၊ ကို။ ပဿတိ၊ ၏။ ဖဿနိရောဓာ၊ ပစ္စုပ္ပန်အကြောင်းဖြစ်သော ဖဿ၏ မရှိခြင်းကြောင့်။ (ဝေဒနာနိရောဓော၊ ဝေဒနာ၏မရှိခြင်းသည်။ ဟောတိ၊ ၏။ ပစ္စယနိရောဓဋ္ဌေန၊ ဝေဒနာဖြစ်ခြင်း၏အကြောင်း မရှိသည်၏အဖြစ်ဖြင့်။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဝယံ၊ ကို။ ပဿတိ၊ ၏။) ဝိပရိဏာမလက္ခဏံ၊ ဝေဒနာ၏ဘင်-ဟု ဆိုအပ်သော ဖောက်ပြန်ခြင်း လက္ခဏာကို။ ပဿန္တောပိ၊ ရှုသောယောဂီသည်လည်း။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဝယံ၊ ကို။ ပဿတိ၊ ၏။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဝယံ၊ ကို။ ပဿန္တော၊ သည်။ ဣမာနိ ပဉ္စ လက္ခဏာနိ၊ အဝိဇ္ဇာအစရှိသော အကြောင်းလေးပါးတို့၏ အနုပ္ပါဒနိရောဓ, ဝေဒနာ၏ ခဏနိရောဓဟု ဆိုအပ်သော ဤငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ ၏။

စ၊ ဆက်၍ဆိုအံ့။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿန္တော၊ ရှုသောယောဂီသည်။ ပဉ္စ လက္ခဏာနိ၊ ငါးပါးသော

လက္ခဏာတို့ကို။ ပဿတိ ဝိယ၊ သကဲ့သို့။ သညာသင်္ခါရဝိညာဏက္ခန္ဓာနံ၊ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့၏။ (ဥဒယဗ္ဗယံ၊ ကို။ ပဿန္တောပိ၊ ရှုသောယောဂီသည်လည်း။ ပဉ္စ လက္ခဏာနိ၊ တို့ကို။ ပဿတိ၊ ၏။) ပန၊ အထူးကိုဆိုအံ့။ အယံ၊ ဤဆိုလဘွံ့သည်ကား။ ဝိသေသော၊ အထူးတည်း။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ (ဥဒယဗ္ဗယံ၊ ကို။ ပဿန္တော၊ ရှုသောယောဂီသည်။) ဖဿဋ္ဌာနေ၊ ဖဿအရာ၌။ နာမရူပသမုဒယာ နာမရူပနိရောဓာတိ၊ ဟူ၍။ (ပဿတိ၊ ၏။)

ဧဝံ-ယထာဝုတ္တနယေန၊ ဖြင့်။ ဧကေကဿ၊ တခုတခုသော။ ခန္ဓဿ၊ ၏။ ဥဒယဗ္ဗယဒဿနေန၊ ဖြစ်ခြင်းပျက်ခြင်းကိုရှုသဖြင့်။ ဒသ ဒသ၊ ဆယ်ပါးဆယ်ပါးတို့ကို။ ကတွာ၊ ၍။ ယာနိ ပညာသ လက္ခဏာနိ၊ အကြင်ငါးဆယ်သောလက္ခဏာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏ [၁]။

---

၁-ဤဥဒယဗ္ဗယဒဿနအရာ၌ ကေစိဝါဒ အပရေဝါဒကိုပြ၍ အပရေဝါဒသာ ယုတ္တ-ဟု ဆုံးဖြတ်၍ တံသမနုတ္တနကိုပြလိုရကား ဧတ္ထ စ ကေစိ တာဝ အာဟု အရူပက္ခန္ဓာနံ ဥဒယဗ္ဗယဒဿနံ အဒ္ဓါသန္တတိဝသေနေဝ၊ န ခဏဝသေနာတိ။ တေသံ မတေန ခဏတော ဥဒယဗ္ဗယဒဿနမေဝ န သိယာ။ အပရေ ပနာဟု "ပစ္စယတော ဥဒယဗ္ဗယဒဿနေ အတီတာဒိဝိဘာဂံ အနာမသိတွာ သဗ္ဗသာဓာရဏတော အဝိဇ္ဇာဒိပစ္စယာ ဝေဒနာသမ္ဘဝံ လဗ္ဘမာနတံ ပဿတိ၊ န ဥပ္ပါဒံ။ အဝိဇ္ဇာဒိအဘာဝေ စ တဿာ အသမ္ဘဝံ အလဗ္ဘမာနတံ ပဿတိ၊ န ဘင်္ဂံ။ ခဏတော ဥဒယဗ္ဗယဒဿနေ ပစ္စုပ္ပန္နာနံ ဥပ္ပါဒံ ဘင်္ဂဉ္စ ပဿတိ"တိ။ တံ ယုတ္တံ။ သန္တတိဝသေန ဟိ ရူပါရူပဓမ္မေ ဥဒယတော ဝယတော စ မနသိ ကရောန္တဿ အနုက္ကမေန ဘာဝနာယ ဗလပ္ပတ္တကာလေ ဉာဏဿ တိက္ခဝိသဒဘာဝပ္ပတ္တိယာ ခဏတော ဥဒယဗ္ဗယာ ဥပဋ္ဌဟန္တီတိ။ အယံ ဟိ ပဌမံ ပစ္စယတော ဥဒယဗ္ဗယံ မနသိ ကရောန္တော အဝိဇ္ဇာဒိကေ ပစ္စယဓမ္မေ ဝိဿဇ္ဇေတွာ ဥဒယဗ္ဗယဝန္တေ ခန္ဓေ ဂဟေတွာ တေသံ ပစ္စယတော ဥဒယဗ္ဗယဒဿနမုခေန ခဏတောပိ ဥဒယဗ္ဗယံ မနသိ ကရောတိ။ တဿ ယဒါ ဉာဏံ တိက္ခံ ဝိသဒံ ဟုတွာ ပဝတ္တတိ၊ တဒါ ရူပါရူပဓမ္မာ ခဏေ ခဏေ ဥပ္ပဇ္ဇန္တာ ဘိဇ္ဇန္တာ စ ဟုတွာ ဥပဋ္ဌဟန္တိ။ တေန ဝုတ္တံ ဧဝမ္ပိ ရူပဿ ဥဒယောတိအာဒိ။ ဋီကာ။ ။ စ၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤဥဒယဗ္ဗယဒဿနအရာ၌။ ကေစိ၊ ကေစိတို့သည်။ တာဝ၊ စွာ။ အာဟု၊ ကုန်၏။ အရူပက္ခန္ဓာနံ၊ နာမက္ခန္ဓာတို့၏။ ဥဒယဗ္ဗယဒဿနံ၊ ဖြစ်ခြင်းပျက်ခြင်းကို ရှုခြင်းသည်။ အဒ္ဓါသန္တတိဝသေနေဝ၊ အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်၏အစွမ်းဖြင့်သာလျှင်။ ဟောတိ၊ ၏။ ခဏဝသေန၊ ခဏပစ္စုပ္ပန်၏အစွမ်းဖြင့်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ အာဟု၊ ကုန်၏။ တေသံ၊ ထိုကေစိတို့၏။ မတေန၊ အလိုအားဖြင့်။ ခဏတော၊ ခဏအားဖြင့်။ ဥဒယဗ္ဗယဒဿနမေဝ၊ ဖြစ်ခြင်းပျက်ခြင်းကို ရှုခြင်းသည်သာလျှင်။ န သိယာ၊ မဖြစ်ရာခဲ့။ အပရေ ပန၊ အပရေဆရာတို့သည်ကား။ အာဟု၊ ကုန်၏။ ပစ္စယတော၊ အကြောင်းအားဖြင့်။ ဥဒယဗ္ဗယဒဿနေ၊ ဖြစ်ခြင်းပျက်ခြင်းကိုရှုခြင်း၌။ အတီတာဒိဝိဘာဂံ၊ အတိတ်အစရှိသည်ကို ဝေဖန်ခြင်းကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ သဗ္ဗသာ-

တေသံ၊ ထိုငါးဆယ်သော လက္ခဏာတို့၏။ ဝသေန၊ ဖြင့်။ ဇေ-ဝုတ္တ-နယေန၊ ဖြင့်။ (အဝိဇ္ဇာသမုဒယာပိ၊ အဝိဇ္ဇာ၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်း ကြောင့်လည်း ¹။ တဏှာသမုဒယာပိ၊ ကြောင့်လည်း။ ကမ္မသမုဒယာပိ၊ ကြောင့်လည်း။ အာဟာရသမုဒယာပိ၊ ကဗဠီကာရာဟာရ၏ ထင်ရှား ရှိခြင်းကြောင့်လည်း။) ရူပဿ၊ ၏။ ဥဒယော-သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းသည်။

---

ဓာရဏာတော၊ အလုံးစုံတို့နှင့်ဆက်ဆံသောအားဖြင့်။ အဝိဇ္ဇာဒိပစ္စယာ၊ အဝိဇ္ဇာအစရှိ သော အကြောင်းကြောင့်။ ဝေဒနာသမ္ဘဝံ၊ ဝေဒနာ၏ဖြစ်သင့်ခြင်းကို။ လဗ္ဘမာနတံ၊ ရကောင်းသည်၏အဖြစ်ကို။ ပဿတိ၊ ၏။ ဥပ္ပါဒံ၊ ဖြစ်ဆဲဆဲကို။ န ပဿတိ၊ မရှု။ စ၊ ထိုမှတပါး။ အဝိဇ္ဇာဒိအဘာဝေ၊ အဝိဇ္ဇာအစရှိသည်တို့၏ မရှိခြင်းကြောင့်၊ ဝါ၊ အဝိဇ္ဇာ အစရှိသည်တို့သည် မရှိလတ်သော်။ တဿာ၊ ထိုဝေဒနာ၏။ အသမ္ဘဝံ၊ မဖြစ်သင့်ခြင်းကို။ အလဗ္ဘမာနတံ၊ မရကောင်းသည်၏အဖြစ်ကို။ ပဿတိ၊ ၏။ ဘင်္ဂံ၊ ပျက်ဆဲဆဲကို။ န ပဿတိ၊ မရှု။ ခဏတော၊ အားဖြင့်။ ဥဒယဗ္ဗယဒဿနေ၊ ၌။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ် သော တရားတို့၏။ ဥပ္ပါဒဥ္စ၊ ဖြစ်ဆဲဆဲကိုရင်း။ ဘင်္ဂဥ္စ၊ ပျက်ဆဲဆဲကိုရင်း။ ပဿတိ၊ ၏။ ဣတိ၊ သို့။ အာဟ၊ ကုန်၏။ တံ ဝစနံ၊ ထိုအပရေဆရာတို့၏စကားသည်။ ယုတ္တံ၊ သင့်၏။ ဟိ-ယသ္မာ၊ ကြောင့်။ သန္တတိဝသေန၊ သန္တတိပစ္စုပ္ပန်၏အစွမ်းဖြင့်။ ရူပါရူပဓမ္မေ၊ ရုပ် နာမ်တရားတို့ကို။ ဥဒယတော စ၊ အဖြစ်အားဖြင့်ရင်း။ ဝယတော စ၊ အပျက်အားဖြင့်ရင်း။ မနသိ ကရောန္တဿ၊ ယောဂီအား။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဘာဝနာယ၊ ၏။ ဗလပတ္တကာလေ၊ သန်မြန်သော အားသို့ရောက်သောကာလ၌။ ဉာဏဿ၊ ၏။ တိက္ခဝိသဒ-ဘာဝပ္ပတ္တိယာ၊ ထက်သည်၏အဖြစ်၊ သန့်ရှင်းသည်၏အဖြစ်သို့ ရောက်ခြင်းကြောင့်။ ခဏတော၊ အားဖြင့်။ ဥဒယဗ္ဗယာ၊ တို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ ယုတ္တံ၊ ၏။ ဟိ-သစ္စံ၊ ၏။ အယံ ယောဂီ၊ သည်။ ပဌမံ၊ စွာ။ ပစ္စယတော၊ အားဖြင့်။ ဥဒယဗ္ဗယံ၊ ကို။ မနသိ ကရောန္တော၊ နှလုံးသွင်းသည်ဖြစ်၍။ အဝိဇ္ဇာဒိကေ၊ ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ဥဒယဗ္ဗယဝန္တေ၊ ဖြစ်ခြင်း ပျက်ခြင်း ရှိကုန်သော။ ခန္ဓေ၊ တို့ကို။ ဂဟေတွာ၊ ၍။ တေသံ၊ ထိုခန္ဓာတို့၏။ ပစ္စယတော၊ အားဖြင့်။ ဥဒယဗ္ဗယဒဿနမုခေန၊ ရှုခြင်းကို ပဋ္ဌာနပြုသဖြင့်။ ခဏတောပိ၊ အားဖြင့်လည်း။ ဥဒယဗ္ဗယံ၊ ကို။ မနသိ ကရောတိ၊ နှလုံးသွင်း၏။ တဿ၊ ထိုယောဂီအား။ ယဒါ၊ ၌။ ဉာဏံ၊ သည်။ တိက္ခံ၊ ထက်သည်။ ဝိသဒံ၊ သန့်ရှင်းသည်။ ဟုတွာ၊ ၍။ ပဝတ္တတိ၊ ၏။ တဒါ၊ ၌။ ရူပါ-ရူပဓမ္မာ၊ တို့သည်။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း၌။ ဥပ္ပဇ္ဇန္တာ စ၊ ဖြစ်ကုန်သည်ရင်း။ ဘိဇ္ဇန္တာ စ၊ ပျက်ကုန်သည်ရင်း။ ဟုတွာ၊ ၍။ ဥပဋ္ဌဟန္တိ၊ ကုန်၏။ တေန၊ ကြောင့်။ ဧဝမ္ပိ ရူပဿ ဥဒယောတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ၎င်းနက်။ ဧဝမ္ပိ ရူပဿ ဥဒယော ဧဝမ္ပိ ရူပဿ ဝယော-ဟူသောပါဌ်ဖြင့် ပစ္စယအားဖြင့် ဥဒယဝယကို ပြသည်။ ဧဝမ္ပိ ရူပံ ဥဒေတိ ဧဝမ္ပိ ရူပံ ဝေတိ-ပါဌ်ဖြင့်ကား ခဏအားဖြင့် ဥဒယဗ္ဗယကို ပြသတည်း။ (ပြည်)

၁။ ဧဝမ္ပိ-မှ ဇေ-ကို ဝုတ္တနယေန-ဟု ဖွင့်၍ အနက်သမ္ဗန်ထားသည်၊ ပိ-ကို အဝိဇ္ဇာ-သမုဒယာ-စသည်နှင့် ယှဉ်၍ သမ္ဗန်ထားသည်၊ ပြည်မူရင်းပေတည်း။ ဧဝမ္ပိ၊ ဤသို့လည်း။ ဝါ၊ ဤသို့အဝိဇ္ဇာသမုဒယ စသော အကြောင်းကြောင့်လည်း-ဟု ဤသို့လည်း အနက်ကျဉ်း သမ္ဗန်သင့်၏။ (ဆ-သံ-သော)

ဟောတိ၊ ၏။ ဧဝံ-ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ အဝိဇ္ဇာနိရောဓာပိ၊ အဝိဇ္ဇာ၏ တဖန်မဖြစ်သော ချုပ်ခြင်းကြောင့်လည်း။ တဏှာနိရောဓာပိ၊ ကြောင့်လည်း။ ကမ္မနိရောဓာပိ၊ ကြောင့်လည်း။ အာဟာရနိရောဓာပိ၊ ပစ္စုပ္ပန် အကြောင်းဖြစ်သော ကဗဠီကာရာဟာရ၏ မရှိခြင်းကြောင့်လည်း။ ရူပဿ၊ ၏။ ဝယော အနုပ္ပါဒေါ၊ မဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ (ဣတိ၊ သို့။ ပစ္စယတော စေဝ၊ အကြောင်းအားဖြင့်လည်း။ ဝိတ္ထာရေန၊ ဖြင့်။ မနသိကာရံ၊ ကို။ ကရောတိ၊ ၏။) ဧဝံ-ဝုတ္တနယေန၊ ဖြင့်။ နိဗ္ဗတ္တိလက္ခဏံ၊ ကို။ ပဿန္တောပိ၊ ရှုသည်ဖြစ်၍လည်း။ ရူပံ၊ စတုသမုဋ္ဌာန်ရုပ်သည်။ ဥဒေတိ-ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝံ-ဝုတ္တနယေနေဝ၊ သာလျှင်။ ဝိပရိဏာမလက္ခဏံ၊ ကို။ ပဿန္တောပိ၊ ၍လည်း။ ရူပံ၊ စတုသမုဋ္ဌာန်ရုပ်သည်။ ဝေတိ-နိရုဇ္ဈတိ၊ ချုပ်၏။ ဣတိ၊ သို့။ ခဏတော စ၊ အားဖြင့်လည်း။ ဝိတ္ထာရေန၊ ဖြင့်။ မနသိကာရံ၊ ကို။ ကရောတိ၊ ၏။ (ဤသို့ ပါဌ်သေသနှင့် တကွ ခြားနားသိသာအောင် ယောဇနာ)

၇၂၅။ ဧဝံ၊ သို့။ မနသိ ကရောတော၊ သော။ တဿ၊ ထိုယောဂီအား။ ဣတိ၊ သို့။ ဣမေ ဓမ္မာ၊ ဤရုပ်တရားတို့သည်။ အဟုတွာ၊ ရှေးကမရှိမူ၍။ သမ္ဘောန္တိ ကိရ၊ ဖြစ်ကုန်သတတ်။ ဟုတွာ၊ ဖြစ်၍။ ပဋိဝေန္တိ ကိရ၊ ချုပ်ပျက် ပျောက်ကင်းကုန်သတတ်။ ဣတိ။ သို့။ ဉာဏံ၊ ဉာဏ်သည်။ ဝိသဒတရံ၊ အထူးသဖြင့် သန့်ရှင်းစင်ကြယ်သည်။ ဟောတိ၊ ၏[၁]။ ဧဝံ သို့။ ပစ္စယတော စေဝ၊ ဖြင့်ရင်း။ ခဏတော စ၊ ဖြင့်ရင်း။ ဒွေဓာ၊ ဖြင့်။ ဥဒယဗ္ဗယံ၊ ကို။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂီအား။ သစ္စပဋိစ္စသမုပ္ပါဒနယလက္ခဏဘေဒါ၊ သစ္စာအပြား ပဋိစ္စသမုပ္ပါဒ်အပြား ဧကတ္တစသော နည်းအပြား အနိစ္စတာစသော လက္ခဏာအပြားတို့သည်။ ပါကဋာ၊ ထင်ရှားကုန်သည် ဟောန္တိ၊ ကုန်၏။

---

၁-ဤသို့နှလုံးသွင်းသော ထိုယောဂီအား အကြင်ရှေ့လောက် ဥဒယဗ္ဗယဉာဏ်မဖြစ်သေး၊ ထိုရှေ့လောက် ဥဒယဗ္ဗယတို့သည် လွန်စွာထင်သည် မဖြစ်ကုန်ရကားဝိုဝါးသာမျှ အနုမာနဆ၍ အလျော်ရမ်းလိုက်ရသည်ကို အကြောင်းပြု၍ ဣတိ ကိရိမေဓမ္မာ။ပ။ ပဋိဝေန္တိ-ဟု ပစ္စက္ခမဟုတ် အနုမာနပြ ကိရ-သဒ္ဒါနှင့် ယှဉ်၍ဆိုသတည်း။ ။တနည်း နယဒဿနအားဖြင့် ဤသို့ဆိုသတည်း။ ရှေးဦးစွာ ပစ္စုပ္ပန္နဓမ္မတို့၏ ဥဒယဗ္ဗယကို ပစ္စက္ခဖြင့် ပြီး၍ ထိုနောင်မှ အတိတ်အနာဂတ်တို့၌ ရင်းနည်းဟု နည်းကိုဆောင်သည် ဖြစ်ဘိသော်။ (ပြည်)

၇၂၆။ ဟိ၊ ခွဲ၍ဆိုအံ့။ သော၊ ထိုယောဂီသည်။ အဝိဇ္ဇာဒိသမုဒယာ၊ အဝိဇ္ဇာစသည်တို့၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့်။ ခန္ဓာနံ၊ တို့၏။ သမုဒယဥ္စ၊ ဖြစ်သင့်ခြင်းကိုငင်း၊ အဝိဇ္ဇာဒိနိရောဓာ၊ အဝိဇ္ဇာစသည်တို့၏ အနုပ္ပါဒနိရောဓကြောင့်။ ခန္ဓာနံ၊ တို့၏။ နိရောဓဥ္စ၊ အနုပ္ပါဒနိရောဓကိုငင်း။ ယံ ပဿတိ၊ အကြင်ရှု၏။ တနည်း— ပဿတိ၊ ၏။ (ဧတ္ထ၊ ဤပဿတိ-ဟူသောပုဒ်၌။) ယံ ဧတံ ဒဿနံ၊ အကြင်ရှုခြင်းသည်။ အတ္ထိ၊ ၏။ ဣဒံ ဒဿနံ၊ ဤရှုခြင်းသည်။ အဿ၊ ထိုယောဂီ၏။ ပစ္စယတော၊ အားဖြင့်။ ဥဒယဗ္ဗယဒဿနံ၊ မည်၏။ ပန၊ ပါး။ နိဗ္ဗတ္တိလက္ခဏဝိပရိဏာမလက္ခဏာနိ၊ နိဗ္ဗတ္တိလက္ခဏာ ဝိပရိဏာမလက္ခဏာတို့ကို။ ပဿန္တော၊ ရှုသောယောဂီသည်။ ခန္ဓာနံ၊ တို့၏။ ဥဒယဗ္ဗယံ၊ ကို။ ယံ ပဿတိ၊ ၏။ ဣဒံ ဒဿနံ၊ သည်။ အဿ-ယောဂိနော၊ ၏။ ခဏတော၊ ဖြင့်။ ဥဒယဗ္ဗယဒဿနံ၊ မည်၏။ ဟိ-ယသ္မာ၊ ကြောင့်။ ဥပ္ပတ္တိက္ခဏေယေဝ၊ ဥပ္ပါဒက္ခဏ၌သာလျှင်။ နိဗ္ဗတ္တိလက္ခဏံ၊ နိဗ္ဗတ္တိလက္ခဏာသည်။ ဟောတိ၊ ၏။ ဘင်္ဂက္ခဏေယေဝ၊ ၌သာလျှင်။ ဝိပရိဏာမလက္ခဏဥ္စ၊ ဝိပရိဏာမလက္ခဏာသည်လည်း။ ဟောတိ၊ ၏။ (တသ္မာ၊ ကြောင့်။ တာနိ၊ ထိုနိဗ္ဗတ္တိဝိပရိဏာမလက္ခဏာတို့ကို။ ပဿန္တော၊ ရှုသောယောဂီသည်။ ခဏတော၊ ဖြင့်။ ခန္ဓာနံ၊ တို့၏။ ဥဒယဗ္ဗယေ၊ တို့ကို။ ပဿတိ နာမ၊ မည်၏။)

၇၂၇။ ဣတိ တသ္မာ၊ ထို (သို့အဝိဇ္ဇာဒိသမုဒယာ ဤသို့စသည်ကား ပစ္စယအားဖြင့် ခန္ဓာတို့၏ဥဒယဗ္ဗယကိုရှုခြင်း နိဗ္ဗတ္တိလက္ခဏာစသည်ကား ခဏအားဖြင့် ခန္ဓာတို့၏ဥဒယဗ္ဗယကို ရှုခြင်းမည်သည်၏အဖြစ်) ကြောင့်။ ဧဝံ-ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ပြီးသောအပြားအားဖြင့်။ ပစ္စယတော စေဝ၊ အားဖြင့်ငင်း။ ခဏတော စ၊ အားဖြင့်ငင်း။ ဒွေဓာ၊ နှစ်ပါးသော အဖို့အားဖြင့်။ ဥဒယဗ္ဗယံ၊ ကို။ ပဿတော။ သော။ အဿ၊ ထိုယောဂီ အား။ ပစ္စယတော၊ ဖြင့်။ ဥဒယဒဿနေန၊ အဖြစ်ကိုရှုခြင်းဖြင့်။ ဇနကာ-ဝဗောဓတော၊ ခန္ဓာတို့ကိုဖြစ်စေတတ်သော အဝိဇ္ဇာစသော ပစ္စည်းကို ထိုးထွင်း၍သိခြင်းကြောင့်။ သမုဒယသစ္စံ၊ သမုဒယသစ္စာသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ ခဏတော၊ အားဖြင့်။ ဥဒယဒဿနေန၊ အဖြစ်ကိုရှုခြင်းဖြင့်။ ဇာတိဒုက္ခာဝဗောဓတော၊ ဇာတိဟုဆိုအပ်သော ဝဋ်ဒုက္ခကိုသိခြင်းကြောင့်။ ဒုက္ခသစ္စံ၊ သည်။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။

(ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဧကဒေသေဒဿနေန၊ တစိတ်ကို မြင်သဖြင့်။ ပဗ္ဗတသမုဒ္ဒါဒိဒဿနကာနံ၊ တောင်သမုဒ္ဒရာ စသည်တို့ကို မြင်သောသူတို့အား။ ပါကဋံ ဝိယ၊ အပေါင်းဖြစ်သော တောင်သမုဒ္ဒရာ၏ ထင်ရှားခြင်းကဲ့သို့တည်း။) ပစ္စယတော၊ ဖြင့်။ ဝယဒဿနေန၊ အပျက်ကို မြင်သဖြင့်။ နိရောဓသစ္စံ၊ သည်။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကား။ ပစ္စယာနုပ္ပါဒေန၊ ပစ္စည်းတရားတို့၏ မဖြစ်ခြင်းဖြင့်။ ပစ္စယဝတံ၊ ပစ္စည်းရှိကုန်သော အကျိုးတရားတို့၏(သဒ္ဒါအနက်)။ ဝါ၊ ပစ္စည်း ကြောင့် ဖြစ်ကုန်သောအကျိုးတရားတို့၏။ အနုပ္ပါဒါဝဗောဓတော၊ တဖန် မဖြစ်ခြင်းကို သိခြင်းကြောင့်တည်း။ ခဏတော၊ ဖြင့်။ ဝယဒဿနေန၊ ဖြင့်။ မရဏဒုက္ခာဝဗောဓတော၊ မရဏဟုဆိုအပ်သော ဝဋ်ဒုက္ခကို သိခြင်း ကြောင့်။ ဒုက္ခသစ္စမေဝ၊ သည်သာလျှင်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ [၂၆၀] အဿ၊ ထိုယောဂီ၏။ (ပစ္စယတော စ၊ ဖြင့်၎င်း။ ခဏတော စ၊ ဖြင့်၎င်း။) ယံ ဥဒယဗ္ဗယဒဿနံ၊ အကြင်ဥဒယဗ္ဗယတို့ကို မြင်ခြင်းသည်။ အတ္ထိ၊ ၏။ အယံ၊ ဤမြင်ခြင်းသည်၊ ဝါ၊ ဤမြင်သောအသမ္မောဟပြဋ္ဌာန်း သော ဝိတက်စသောတရားအစုသည်။ လောကိကော၊ လောကီဖြစ်သော။ မဂ္ဂေါဝ၊ မဂ်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်၊ မဂ္ဂသစ္စံ၊ သည်။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကား။ တတြ၊ ထို ဥဒယဗ္ဗယ၌။ သမ္မောဟဝိဃာတတော၊ တဒင်္ဂအားဖြင့် သမ္မောဟကို သတ်တတ် ပယ်တတ်သည်၏အဖြစ်ကြောင့်တည်း။

၇၂၀။ စ၊ ထိုမှတပါး။ ပစ္စယတော၊ အားဖြင့်။ အဿ၊ ထိုယောဂီ၏။ ဥဒယဒဿနေန၊ ဖြင့်။ အနုလောမော၊ ဝဋ်တရားဖြစ်ခြင်းအားလျော် သော၊ ဝါ၊ အနုလုံဖြစ်သော။ ပဋိစ္စသမုပ္ပါဒေါ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသော ပဋိစ္စသမုပ္ပါဒ်သည်။ ပါကဋော၊ သည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကား။ ဣမသ္မိံ၊ ဤအဝိဇ္ဇာစသော အကြောင်းတရားသည်။ သတိ၊ သော်။ ဣဒံ၊ ဤသင်္ခါရစသောအကျိုးတရားသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ အဝဗောဓတော၊ သိခြင်းကြောင့်။ (ပါကဋော၊ သည်။ ဟောတိ၊ ၏။) ပစ္စယတော၊ ဖြင့်။ ဝယဒဿနေန၊ ဖြင့်။ ပဋိလောမော၊ ဝဋ်ဖြစ်ခြင်း အားမလျော်ဆန့်ကျင်သော၊ ဝါ၊ ပဋိလုံဖြစ်သော။ ပဋိစ္စသမုပ္ပါဒေါ၊ အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော အစရှိသော

ပဋိစ္စသမုပ္ပါဒ်သည်။ ပါကဋော၊ သည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကား။ ဣမဿ၊ ဤအဝိဇ္ဇာစသော အကြောင်းတရား၏။ နိရောဓာ၊ (အနုပ္ပါဒ-နိရောဓ ဟူသော)ချုပ်ခြင်းကြောင့်။ ဣဒံ၊ ဤသင်္ခါရစသော အကျိုးတရားသည်။ နိရုဇ္ဈတိ၊ တဖန်မဖြစ်သောအားဖြင့် ချုပ်၏။ ဣတိ၊ သို့။ အဝဗောဓတော၊ ထိုးထွင်း၍သိခြင်းကြောင့်။ (ပါကဋော၊ သည်။ ဟောတိ၊ ၏။) ပန၊ ထိုမှတပါး။ ခဏတော၊ ဖြင့်။ ဥဒယဗ္ဗယဒဿနေန၊ အဖြစ်အပျက်ကို ရှုခြင်းဖြင့်။ ပဋိစ္စသမုပ္ပန္နာ၊ ဇာတိစသော အကြောင်းတရားကိုစွဲ၍ ဖြစ်ကုန်သော။ ဓမ္မာ၊ ဇရာမရဏစသော အကျိုးတရားတို့သည်။ ပါကဋာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ကသ္မာ၊ ကား။ သင်္ခတလက္ခဏာဝဗောဓတော၊ သင်္ခတ၏လက္ခဏာကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ ဟိ-ယသ္မာ၊ ကြောင့်။ ဥဒယဗ္ဗယဝန္တော၊ ဖြစ်ခြင်းပျက်ခြင်းရှိသော တရားတို့သည်။ သင်္ခတာ၊ သင်္ခတတရားတို့သည်။ ဟောန္တိ၊ ကုန်၏။ တေ စ-သင်္ခတာ၊ ထိုသင်္ခတတရားတို့သည်လည်း။ (ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နန္တိအာဒိဝစနတော-ဤသို့စသည်ကို ဟောတော်မူခြင်းကြောင့်။) ပဋိစ္စသမုပ္ပန္နာ၊ ပဋိစ္စသမုပ္ပန္နတရားတို့သည်။ (ဟောန္တိ၊ ကုန်၏။) ဣတိ-တသ္မာ၊ ကြောင့်။ (ဥဒယဗ္ဗယဒဿနေန၊ ဖြင့်။ ပဋိစ္စသမုပ္ပန္နာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ပါကဋာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။)

၇၂၉။ စ၊ ထိုမှတပါး။ အဿ၊ ထိုယောဂီအား။ ပစ္စယတော၊ ဖြင့်။ ဥဒယဒဿနေန၊ ဥဒယကိုရှုခြင်းဖြင့်။ ဧကတ္တနယော၊ ဧကတ္တနည်းသည်။ ပါကဋော၊ သည်။ ဟောတိ၊ ၏[၁]။ ကသ္မာ၊ ကား။ ဟေတုဖလသမ္ဗန္ဓေန၊ အကြောင်းနှင့် အကျိုးစပ်သဖြင့်။ သန္တာနဿ၊ သန္တာန်၏။ အနုပစ္ဆေဒါ-ဝဗောဓတော၊ အစဉ်အဆက်မပြတ်သည်ကို ထိုထွင်း၍သိခြင်းကြောင့်။ (ပါကဋော၊ သည်။ ဟောတိ၊ ၏။) အထ၊ ထိုသို့သန္တာန်၏ အစဉ်အဆက်မပြတ်သည်ကို သိလတ်သော်။ သုဋ္ဌုတရံ၊ လွန်မင်းစွာလျှင်။ ဥစ္ဆေဒဒိဋ္ဌိံ၊ ကို။ ပဇဟတိ၊ ၏။ ခဏတော၊ ဖြင့်။ ဥဒယဒဿနေန၊

---

၁-ထိုသို့ ဧကတ္တနည်းကိုသိခြင်းကြောင့် အညော ကရောတိ အညော ပဋိသံဝေဒေတိ အစရှိသော ဝေါဟာရဖြင့်ပြီးသော ဥစ္ဆေဒဒိဋ္ဌိ၏ ဖြစ်ခွင့်မရသည်၏အဖြစ်သည် ဖြစ်လတ်သတည်း။ ထိုကြောင့် ဟေတုဖလသမ္ဗန္ဓေန-စသည်ကို မိန့်သော်။ (ပြည်)

ဖြင့်[1]။ နာနတ္တနယော၊ သည်။ ပါကဋော၊ သည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကား။ နဝနဝါနံ၊ အသစ်အသစ်သော သင်္ခါရတို့၏။ ဥပ္ပါဒါဝဗောဓတော၊ ဖြစ်ခြင်းကို ထိုထွင်း၍သိခြင်းကြောင့်။ အထ၊ အသစ် အသစ်သော သင်္ခါရတို့၏ ဖြစ်ခြင်းကိုသိလတ်သော်။ သုဋ္ဌုတရံ၊ လွန်မင်းစွာလျှင်။ သဿတဒိဋ္ဌိံ၊ ကို။ ပဇဟတိ၊ နိုင်၏။ စ၊ ထိုမှတပါး။ အဿ၊ ထိုယောဂီအား။ ပစ္စယတော၊ ဖြင့်။ ဥဒယဗ္ဗယဒဿနေန၊ ဖြင့်။ အဗျာပါရနယော၊ သည်။ ပါကဋော၊ သည်။ ဟောတိ၊ ၏[2]။ ကသ္မာ၊ ကား။ ဓမ္မာနံ၊ ပရမတ္ထဓမ္မတို့၏။ အဝသဝတ္တိဘာဝါဝဗောဓတော၊ အလိုသို့ မလိုက်တတ်သည်၏အဖြစ်ကို သိတတ်သောကြောင့်တည်း။ အထ၊ သော်။ သုဋ္ဌုတရံ၊ စွာ။ အတ္တဒိဋ္ဌိံ၊ ပရမတ္ထအားဖြင့် အတ္တရှိ၏ဟု စွဲလမ်းသောဒိဋ္ဌိကို။ ပဇဟတိ၊ နိုင်၏။ ပန၊ ထိုမှတပါး။ ပစ္စယတော၊ ဖြင့်။ ဥဒယဒဿနေန၊ ဖြင့်။ ဧဝံဓမ္မတာနယော၊ သည်။ ပါကဋော၊ သည်။ ဟောတိ၊ ၏[3]။ ကသ္မာ၊ ကား။ ပစ္စယာနုရူပေန၊ ပစ္စည်းအားလျော်သဖြင့်။ ဖလဿ၊ ၏။ ဥပ္ပါဒါဝဗောဓတော၊ ဖြစ်ခြင်းကို ထိုထွင်း၍ သိခြင်းကြောင့်တည်း။ အထ၊ ထိုပစ္စယာနုရူပအားဖြင့် ဖလုပ္ပါဒကို ထိုးထွင်း၍သိလတ်သော်။ သုဋ္ဌုတရံ၊ လုံ့မစောက်မြဲမြံစွာလျှင်။ အကိရိယဒိဋ္ဌိံ၊ ကို။ ပဇဟတိ၊ နိုင်၏။

---

၁-သင်္ခါရတရားတို့သည် ခဏခဏ၌ ဖြစ်ကုန်၏၊ ဤသို့သောအနက်သည် ခဏအားဖြင့် ဥဒယကိုရှုခြင်းဖြင့် ပြီးသည်ဖြစ်၍ နာနတ္တနည်းကို သိခြင်းငှါ ဖြစ်၏၊ ထိုသို့ နာနတ္တနည်းကို သိသဖြင့် ပစ္စည်းပစ္စယုပ္ပန်ဖြစ်သောတရားတို့၏ သဘာဝဘေဒကိုထိုးထွင်း၍ သော ကရောတိ သော ပဋိသံဝေဒေတိ-စသောနည်းဖြင့်ဖြစ်သော သဿတဒိဋ္ဌိ၏ ဖြစ်ခွင့်မရှိသည်၏အဖြစ်သည် ထင်ရှားသတည်း။ ထိုကြောင့် ခဏတော ဥဒယဒဿနေန-စသည်ကို မိန့်သော်။ (ပြည်)

၂-ပစ္စည်းအားဖြင့် ဥဒယဝယကိုရှုခြင်းဖြင့် ပစ္စယေ သတိ ဖလဿ ဘာဝေါ အသတိ အဘာဝေါ-ဟူသောအနက်၏ ပြီးခြင်းကြောင့် ထင်ရှားရှိသည်၏ အဖြစ်မျှဖြင့်သာလျှင် ထိုတရားတို့သည် အကြောင်းဖြစ်ကုန်၏ဟု အဗျာပါရနည်း ထင်ရှားဖြစ်သတည်း။ ထိုသို့ ထင်ရှားသောကြောင့် အလိုသို့လိုက်တတ်သည်၏အဖြစ်ကို မရသည်၏အဖြစ်ကြောင့် အတ္တ-ဒိဋ္ဌိ၏ဖြစ်ခွင့်မရသည်၏အဖြစ်သည် မချွတ်တည်း။ ထိုကြောင့် ပစ္စယတော။ပ။ ဟောတိ ဟုမိန့်ပြီး၍ ဓမ္မာနံ-စသည်ကိုမိန့်သော်။ (ပြည်)

၃-သူတပါးနှင့် စပ်သည်၏အဖြစ်သည်ကား အဝသဝတ္တိဘာဝမည်၏၊ ထိုသူတပါးနှင့် စပ်သည်၏ အဖြစ်ကိုလည်း ပစ္စည်းရှိသည်၏အဖြစ်ဖြင့် သိအပ်သတည်း။ ပစ္စည်းအားဖြင့် ဥဒယကိုရှုခြင်းဖြင့် ထိုထို ပစ္စည်းတို့ဖြင့် ဤသင်္ခါရတရားတို့သည် ဖြစ်ကုန်၏၊ ဖြစ်ကုန်သော်လည်း ဖြစ်လိုသရွေ့ ယံ ဝါ တံ ဝါ မဖြစ်၊ အကြောင်းအားလျော်စွာသာလျှင် ဖြစ်ကုန်၏ဟု ဟေတုဖလ၏ ဟေတုအနုရူပအားဖြင့်ပြီးခြင်းကြောင့် အကိရိယဒိဋ္ဌိ၏ ဖြစ်ခွင့်မရသည်၏ အဖြစ်သည် ထင်သတည်း။ ထိုကြောင့် ပစ္စယတော ပန-စသည်ကို မိန့်သော်။ (ပြည်)

၇၃၀။ စ၊ ပါး။ အဿ၊ ထိုယောဂီအား။ ပစ္စယတော၊ ဖြင့်။ ဥဒယဒဿနေန၊ ဖြင့်။ အနုတ္တလက္ခဏာ၊ သည်။ ပါကဋ္ဌာ၊ သည်။ ဟောတိ၊ ၏[၁]။ ကသ္မာ၊ ကား။ ဓမ္မာနံ၊ ပရမတ္ထဓမ္မတို့၏။ နိရီဟကတ္တ-ပစ္စယပဋိဗဒ္ဓဝုတ္တိတာဝဗောဓတော၊ အားထုတ်ခြင်း ဗျာပါရကင်းသည်၏အဖြစ်, ပစ္စည်းနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏အဖြစ်ကို ထိုးထွင်း၍သိခြင်းကြောင့်တည်း။ ခဏတော၊ ဖြင့်။ ဥဒယဗ္ဗယဒဿနေန၊ အဖြစ်အပျက်ကို ရှုခြင်းဖြင့်။ အနိစ္စလက္ခဏံ၊ သည်။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) ဟုတွာ၊ ရှေးကမရှိ ယခုဖြစ်၍။ အဘာဝါဝဗောဓတော၊ အရှည်မတည် ချက်တဖြုတ် ပျက်စီး ချုပ်ပျောက်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်ရင်း။ ပုဗ္ဗန္တာပရန္တဝိဝေကာဝဗောဓတော စ၊ ရှေးအဖို့ နောက်အဖို့၌ ဆိတ်သည်၏အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်ရင်းတည်း။ (ဥဒယဗ္ဗယဒဿနေန၊ ဖြင့်။) ဒုက္ခလက္ခဏမ္ပိ၊ ဒုက္ခလက္ခဏာသည်လည်း။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) ဥဒယဗ္ဗယေဟိ၊ တို့သည်။ ပဋိပီဠနာဝဗောဓတော၊ အဖန်တလဲလဲ နှိပ်စက်အပ်သည်၏အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ (ဥဒယဗ္ဗယဒဿနေန၊ ဖြင့်။) သဘာဝ-လက္ခဏမ္ပိ၊ ပထဝီဖဿစသည်တို့၏ ကက္ခဠဖုသနစသော သဘာဝဟုဆိုအပ်သော လက္ခဏာသည်လည်း။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။) ဥဒယဗ္ဗယပရိစ္ဆိန္နာဝဗောဓတော၊ ဖြစ်ခြင်းပျက်ခြင်းဖြင့် ပိုင်းခြားအပ်သည်၏အဖြစ်ကို ထိုးထွင်း၍သိခြင်းကြောင့်တည်း။ သဘာဝလက္ခဏေ၊ ထိုပထဝီဖဿစသောတရားတို့၏ မိမိတို့၏ သဘာဝဟုမှတ်အပ်သော လက္ခဏာ၌၊ ဝါ၊ သည်။ (ပါကဋ္ဌေ၊ သော်။) သင်္ခတလက္ခဏဿ၊ ဥပါဒ်အစရှိသော သင်္ခတလက္ခဏာ၏။ တာဝကာလိကတ္တမ္ပိ၊ ဥပ္ပါဒက္ခဏစသော တိုသောကာလရှိသည်၏အဖြစ်သည်လည်း။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။

---

၁-ပစ္စည်းအားဖြင့် ဥဒယကိုရှုသောယောဂီအား ပစ္စယေ၊ အကြောင်းသည်။ သတိ၊ သော်။ ဖလဿ၊ ၏။ သမ္ဘဝေါ၊ သည်။ ဟောတိ၊ ၏။ ဤသို့ ပစ္စည်း၏ ရှိသည်၏အဖြစ်မျှဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်သည် ဖြစ်ခဲ့ရကား သင်္ခတတရားတို့၏ အားထုတ်ခြင်း ဗျာပါရမရှိသည်၏အဖြစ်သည်ရင်း, ပစ္စယေ၊ သည်။ အသတိ၊ သော်။ ဖလဿ၊ ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ၏။ ဤသို့ ပစ္စည်းနှင့်စပ်သည်၏အဖြစ်သည်ရင်း ထင်ရှားသိအပ်သည်ဖြစ်၍ အတ္တမှဆိတ်သည်၏အဖြစ်ကို ထင်းရှားပြတတ်ရကား ပစ္စ-ယတော စဿ-စသည်ကို မိန့်သော်။ (ပြည်)

(ကသ္မာ၊ ကား။) ဥဒယက္ခဏေ၊ ဖြစ်သောခဏ၌။ ဝယဿ၊ ပျက်ခြင်း၏။ ဝယက္ခဏေ စ၊ ပျက်ဆဲခဏ၌လည်း။ ဥဒယဿ၊ ဖြစ်ခြင်း၏။ အဘာဝါဝဗောဓတော၊ မရှိသည်၏အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ ဣတိ၊ ဤရွေ့တရပ် အပြီးသတ်တည်း။

၇၃၁။ ဧဝံ-ယထာဝုတ္တနယေန၊ ဖြင့်။ ပါကဋီဘူတသစ္စပဋိစ္စသမုပ္ပါဒနယလက္ခဏဘေဒဿ၊ ထင်ရှားသည်ဖြစ်၍ဖြစ်သော သစ္စာအပြား, ပဋိစ္စသမုပ္ပါဒ်အပြား, ဧကတ္တစသောနည်းအပြား, အနိစ္စတာစသော လက္ခဏာအပြားရှိသော။ တဿ၊ ထိုယောဂီအား။ ဧဝံ၊ သို့။ ဣမေ ဓမ္မာ၊ ဤသင်္ခါရတရားတို့သည်။ အနုပ္ပန္နပုဗ္ဗာ၊ ရှေး၌မဖြစ်ဘူးကုန်သည်ဖြစ်၍။ ဥပ္ပဇ္ဇန္တိ ကိရ နာမ၊ ယခုမှအသစ်ဖြစ်ကုန်သတတ်။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော သင်္ခါရတရားတို့သည်။ နိရုဇ္ဈန္တိ ကိရ၊ အရှည်မတည် ချက်တဖြုတ်ချုပ်ပျက်ကုန်သတတ်။ ဣတိ၊ သို့။ နိစ္စနဝါဝ၊ အမြဲအသစ်တို့သည်သာလျှင်။ ဟုတွာ၊ ၍။ [၂၆၉] သင်္ခါရာ၊ တို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ကေဝလဉ္စ၊ သက်သက်လည်း။ နိစ္စနဝါ၊ အမြဲအသစ်တို့သည်သာလျှင်။ န၊ မဟုတ်ကုန်သေး။ (အထ ခေါ၊ အဟုတ်သော်ကား။) (ပရိတ္တဋ္ဌာယိနောတိ စ ဥပဋ္ဌဟန္တိ-ဟု သမ္ဗန္ဓပြု) သူရိယုဂ္ဂမနေ၊ နေထွက်သောကာလ၌။ ဥဿာဝဗိန္ဒု ဝိယ စ၊ ဆီးနှင်းပေါက်ကဲ့သို့ရင်း။ ဥဒကပုပ္ဖုဠော ဝိယ စ၊ ရေပွက်ကဲ့သို့ရင်း။ ဥဒကေ ဒဏ္ဍရာဇိ ဝိယ စ၊ ရေ၌ တောင်ဝှေးဖြင့် သားသော အရေးကဲ့သို့ရင်း။ အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပေါ ဝိယ စ၊ မုန်ညင်းစေ့ကဲ့သို့ရင်း။ ဝိဇ္ဇုပ္ပါဒေါ ဝိယ စ၊ လျှပ်စစ်ပြက်သကဲ့သို့ရင်း။ ပရိတ္တဋ္ဌာယိနောတိ စ၊ တိုစွာသောကာလမျှသာ တည်ခြင်းရှိကုန်၏ဟူ၍လည်း။ ဥပဋ္ဌဟန္တိ၊ ကုန်၏။ (ကေဝလံ၊ သက်သက်။ နိစ္စနဝါ၊ အမြဲအသစ်တို့သည်သာလျှင်။ န၊ မဟုတ်ကုန်သေး။ ပရိတ္တဋ္ဌာယိနောဝ၊ တိုစွာသော ကာလမျှ တည်ခြင်းရှိကုန်သည်သာလျှင်။ န၊ မဟုတ်ကုန်သေး။ အထ ခေါ၊ သော်ကား။) မာယာ မရီစိ သုပိနန္တ အလာတစက္က ဂန္ဓဗ္ဗနဂရဖေဏကဒလီအာဒယော ဝိယ၊ မျက်လှည့် တံလျှပ် အိပ်မက် ပတ်ပတ်လှည့် အပ်သောမီးစက် ဂန္ဓဗ္ဗနတ်တို့၏ မြူးတူးကစားလိုသောအလိုဖြင့် မြို့ကဲ့သို့ ကောင်းကင်၌ ထင်စေအပ်သောနတ်မြို့ ရေမြှုပ်စိုင် ငှက်ပျောတုံးအစ ရှိသည်တို့ကဲ့သို့။ အသာရာ၊ အနှစ်ကင်းကုန်သည်ဖြစ်၍။ နိဿာရာ၊ အနှစ်မဲ့ကုန်၏။ ဣတိ ဧဝံပိ၊ ဤသို့လည်း။ ဥပဋ္ဌဟန္တိ၊ ကုန်၏။

ဝေတ္တာဝတာ၊ (ဇာတံ ရူပံ ပစ္စုပ္ပန္နံ ဤသို့အစရှိသောပါဠိနည်းကို အစဉ်မှီးသဖြင့်ရင်း၊ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ ဤသို့အစရှိသောပါဠိနည်းကို အစဉ်မှီးသဖြင့်ရင်း၊) ဤမျှအတိုင်းအရှည်ရှိသော ဥဒယဝယပဋိဝေဓတိုင်အောင်သော ဘာဝနာအစီအရင်ဖြင့်။ အနေန-ယောဂိနာ၊ သည် (အမိဂတံ-၌စပ်)။ ဝယဓမ္မမေဝ၊ ပျက်ခြင်းသဘောရှိသည်ဖြစ်၍ သာလျှင်။ ဥပ္ပဇ္ဇတိ၊ ၏။ ဥပ္ပန္နဥ္စ၊ ဖြစ်ပြီး၍လည်း။ ဝယံ၊ မိမိ၏သဘောဓမ္မတာအားဖြင့် ပျက်ခြင်းသို့။ ဥပေတိ၊ ရောက်၏။ ဣတိ၊ သို့။ ဣမိနာ အာကာရေန၊ ဤသို့ဆိုအပ်ပြီးသော အပြားရှိသော ဥဒယကိုရင်း, ဝယကိုရင်း ပစ္စက္ခပြုသော အခြင်းအရာအားဖြင့်။ သမပညာသလက္ခဏာနိ၊ အမျိုးဆယ်သော လက္ခဏာတို့ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်း၍။ ဌိတံ၊ တည်သော။ ဥဒယဗ္ဗယာနုပဿနံ နာမ၊ ဥဒယဗ္ဗယာနုပဿနာမည်သော။ (ပဌမံ၊ လက်ဦးစွာသော။) တရုဏဝိပဿနာဉာဏံ၊ နုသောဝိပဿနာဉာဏ်သည်။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ၏[၁]။ ယဿ၊ အကြင်ဥဒယဗ္ဗယာနုပဿနာ ဉာဏ်ကို။ အဓိဂမာ၊ ရခြင်းကြောင့်။ အာရဒ္ဓဝိပဿကောတိ သင်္ချံ၊ အားထုတ်အပ်သော ဝိပဿနာရှိသော ယောဂီဟုခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏[၂]။

## ဝိပဿနုပက္ကိလေသကထာ

၇၃၂။ အထ-ပစ္ဆာ၊ ထိုနောက်မှ။ ဣမာယ တရုဏဝိပဿနာယ၊ ဥဒယဗ္ဗယာနုပဿနာဟုဆိုအပ်သော ဤတရုဏဝိပဿနာ၏။ (ဝသေန၊ ဖြင့်။) အာရဒ္ဓဝိပဿကဿ၊ အားထုတ်အပ်သော ဝိပဿနာရှိသော ယောဂီအားသာလျှင်။(ဝေကာရော လုတ္တနိဒ္ဒိဋ္ဌော) ဒသ၊ ဆယ်ပါးကုန်သော။ ဝိပဿနုပက္ကိလေသာ၊ ဝိပဿနာကို ညစ်ညူးစေတတ်သောတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဟိ၊ ဗျတိရိက်ကိုဆိုအံ့။ ဝိပဿနုပက္ကိလေသာ၊ တို့သည်။ ပဋိဝေဓပ္ပတ္တဿ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ရောက်သော။ အရိယသာဝကဿ

---

၁-ယခုသာဖြစ်သည်ဖြစ်၍ အားရှိသောအဖြစ်သို့ရောက်သည်မဟုတ်သေးရကား တရုဏ-ဝိပဿနာဉာဏ်ဟူသတည်း။ (ပြည်)

၂-ကလာပသမ္မသနစသည်တို့၏ အစွမ်းဖြင့်ဖြစ်သော သမ္မသနသည် မုချအားဖြင့် ဝိပဿနာအမည်ကိုမရ၊ ဥဒယဗ္ဗယာနုပဿနာ စသောအားဖြင့်ဖြစ်သော သမ္မသနသည်သာ ရ၏။ ထိုကြောင့် ယဿာဓိဂမာ-စသည်ကို မိန့်သော်။ (ပြည်)

စေဝ၊ အရိယာသာဝကအားရင်း[၁]။ ဝိပ္ပဋိပန္နကဿ စ၊ သီလ ဝိပ္ပတ္တိစသော တစုံတခုဖြင့် ပျက်သော အကျင့်ရှိသော ပုဂ္ဂိုလ်အားရင်း။ (စ-သဒ္ဒေါ ဥပရိ ဒွယေပိ ယောဇေတဗ္ဗော) နိက္ခိတ္တကမ္မဋ္ဌာနဿ စ၊ ဝိပဿနာကို အားထုတ်လျက် အကြား၌ တွန့်၍ ပစ်စွန့်ချထားအပ်သော ကမ္မဋ္ဌာန်းရှိသော ပုဂ္ဂိုလ်အားရင်း။ ကုသီတပုဂ္ဂလဿ စ၊ သီလသမ္ပန္နဖြစ်လျက် ပျင်းရိသောအားဖြင့် ဘာဝနာကို အားမထုတ်သော ပုဂ္ဂိုလ်အားရင်း။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ တနည်း—ဝိပ္ပဋိပန္နကဿ၊ ဝိပဿနာဟု ဆိုအပ်သော သမ္မာပဋိပတ်၏ မရှိခြင်းကြောင့် ကဲ့ရဲ့ထိုက်သော အကျင့်ရှိသော။ နိက္ခိတ္တကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်းဟူသော ဝန်ကို ပစ်စွန့်ချထားသော။ ကုသီတပုဂ္ဂလဿ စ၊ ပျင်းရိ ပေါ့တန်သော ပုဂ္ဂိုလ်အားရင်း။ နုပ္ပဇ္ဇန္တိ၊ ကုန်။ ပန၊ အန္ဒယကို ဆိုအံ့။ သမ္မာပဋိပန္နကဿ၊ ကောင်းသော အကျင့်ရှိသော။ ယုတ္တ-ပယုတ္တဿ၊ ရှေ့လုံ့လ နောက်လုံ့လစပ်၍ မပြတ်အားထုတ်သော၊ ဝါ၊ ကောင်းသောလုံ့လဖြင့် ဉာဏဘာဝနာကို မပြတ်အားထုတ်သော။ အာ-ရဒ္ဓဝိပဿကဿ၊ အားထုတ်အပ်သော ဝိပဿနာရှိသော[၂]။ ကုလပုတ္တဿ၊ အာစာရကုလပုတ္တအား။ ဥပ္ပဇ္ဇန္တိယေဝ၊ ဖြစ်ကုန်သည်သာတည်း။ န နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်သည်ကား မဟုတ်ကုန်။ (အညထာ မဂ္ဂါမဂ္ဂဉာဏသောဓ အသမ္ဘဝတော)

တေ ဒသ ဥပက္ကိလေသာ၊ ထိုဆယ်ပါးသော ဥပက္ကိလေသာတို့သည်။ ကတမေ ပန၊ အဘယ်သည်တို့နည်း။ ဣတိ စေ၊ ဤသို့ မေးငြားအံ့။ ဩဘာသော၊ ဩဘာသရင်း။ ဉာဏံ၊ ရင်း။ ပီတိ၊ ရင်း။ ပဿဒ္ဓိ၊ ရင်း။ သုခံ၊ ရင်း။ အဓိမောက္ခော၊ ရင်း။ ပဂ္ဂဟော၊ ရင်း။ ဥပဋ္ဌာနံ၊ ရင်း။ ဥပေက္ခာ၊ ရင်း။ နိကန္တိ၊ ရင်း။ ဣတိ ဣမေ ဒသ၊ တို့တည်း။ ဟိ-သစ္စံ၊ ၏။ ကထံ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသံ ဟောတိ။ပ။ န ပဇာနာတီတိ၊ ဟူသော။ ဝေါ-ဝစနံ၊ ကို။ ဝုတ္တံ၊ ၏။

---

၁-အရိယာသာဝကဿာတိ စ ဣဒံ ဥက္ကဋ္ဌနိဒ္ဒေသေန ဝုတ္တံ ဖလဝဝိပဿနာပတ္တဿာပိ အနုပ္ပဇ္ဇနတော။ (ပြည်)

၂-အာရဒ္ဓိတိ အာရဒ္ဓော၊ ဝိပဿတီတိ ဝိပဿကော၊ အာရဒ္ဓော စ သော ဝိပဿကော စာတိ အာရဒ္ဓဝိပဿကော-ဟု ဝစနတ္ထပြု။ ဥဒယဗ္ဗယဉာဏ်တိုင်အောင် အားထုတ်စပြုခဲ့ပြီးသော ဝိပဿနာရှိသူဟု ဆိုလို၏။ (ဆ-သံ-သော)

[ကထံ၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတ-မာနသံ၊ ဩဘာသစသည်တို့၌ အရိယဓမ္မဟု ဖြစ်သော ဥဒ္ဓစ္စသည် ဝိပဿနာခရီးမှ ဖဲသဖြင့် ဖောက်ပြန်စွာယူအပ် ဖြစ်စေအပ်သော စိတ်သည်။ ဟောတိ၊ ဖြစ်သနည်း။ အနိစ္စတော၊ အနိစ္စအားဖြင့်၊ ဝါ၊ အနိစ္စဟူ၍။ မနသိ ကရောတော၊ နှလုံးသွင်းသော ယောဂီအား။ ဩဘာသော၊ ဝိပဿနာ၏ အာနုဘော်ကြောင့် ဖြစ်သော အရောင်အလင်းသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဩဘာသော၊ ဤသို့သော အရောင်အလင်းကို လွှတ်သောတရားသည်။ ဓမ္မော၊ ငါလိုချင် တောင့်တအပ်သော အရိယ-မဂ်ဖိုလ်နိဗ္ဗာန် တရားတည်း။ ဣတိ၊ သို့။ ဩဘာသံ၊ အရောင်အလင်းကို။ အာဝဇ္ဇတိ၊ နှလုံးသွင်း၏။ တတော၊ ထိုဝိပဿနာ အရောင်အလင်း ကြောင့်။ ယော ဝိက္ခေပေါ၊ အကြင် ပျံ့လွင့်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ၏။ တံ၊ ထိုပျံ့လွင့်ခြင်းသည်။ ဥဒ္ဓစ္စံ၊ မည်၏။ တေန ဥဒ္ဓစ္စေန၊ ထိုဝိပဿနာ အရောင်အလင်းကြောင့် ဖြစ်သော ဥဒ္ဓစ္စသည်။ ဝိဂ္ဂဟိတမာနသော၊ ဝိပဿနာခရီးမှ ဖဲသဖြင့် ဖောက်ပြန်စွာယူအပ် ဖြစ်စေအပ်သော စိတ်ရှိသော ယောဂီသည်။ အနိစ္စတော၊ အားဖြင့်။ ဥပဋ္ဌာနံ၊ ထင်သော အာရုံကို။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သော သဘော အလျောက်၊ ဝါ၊ ဟုတ်တိုင်းမှန်စွာ။ န ပဇာနာတိ၊ မသိ။ ဒုက္ခတော၊ အားဖြင့်။ အနတ္တတော၊ အားဖြင့်။ ဥပဋ္ဌာနံ၊ ထင်သောအာရုံကို။ ယထာဘူတံ၊ အလျောက်၊ ဝါ၊ မှန်စွာ။ န ပဇာနာတိ၊ မသိ။]

တထာ၊ ပါး။ အနိစ္စတော၊ အားဖြင့်။ မနသိ ကရောတော၊ ယောဂီ အား။ ဉာဏံ၊ အလွန်သန့်ရှင်းစင်ကြယ်သော ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဉာဏံ၊ အလွန်သန့်ရှင်းစင်ကြယ်သော ဉာဏ်သည်။ ဓမ္မော၊ ငါလိုချင် တောင့်တအပ်သော အရိယမဂ်ဖိုလ်တရားတည်း။ ဣတိ၊ သို့။ ဉာဏံ၊ ကို။ အာဝဇ္ဇတိ၊ နှလုံးသွင်း၏။ တတော-ဉာဏတော၊ ထိုဉာဏ်ဟူသော အကြောင်းကြောင့်။ ယော ဝိက္ခေပေါ၊ အကြင်ပျံ့လွင့်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ၏။ တံ၊ ထိုပျံ့လွင့်ခြင်းသည်။ ဥဒ္ဓစ္စံ၊ မည်၏။ တေန ဥဒ္ဓစ္စေန၊ ထိုဉာဏ် ဟူသော အကြောင်းကြောင့်ဖြစ်သော ဥဒ္ဓစ္စသည်။ ဝိဂ္ဂဟိတမာနသော၊ ဝိပဿနာခရီးမှ ဖဲသဖြင့် ဖောက်ပြန်စွာယူအပ် ဖြစ်စေအပ်သော စိတ်ရှိ သော ယောဂီသည်။ အနိစ္စတော၊ ဖြင့်။ ဥပဋ္ဌာနံ၊ ကို။ ယထာဘူတံ၊

အလျောက်၊ ဝါ၊ စွာ။ န ပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဖြင့်။ အနတ္တတော၊ ဖြင့်။ ဥပဋ္ဌာနံ၊ ကို။ ယထာဘူတံ၊ လျောက်၊ ဝါ၊ စွာ။ န ပဇာနာတိ၊ မသိ။ (ပီတိပဿဒ္ဓိ စသည်တို့၌လည်း ဤနည်းနှင်နှင် ယောဇနာ) ပီတိ၊ ငါးပါးအပြားရှိသော ပီတိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပဿဒ္ဓိ၊ ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိသည်။ ဥပ္ပဇ္ဇတိ၊ ၏။ သုခံ၊ အလွန်မွန်မြတ်သော သုခသည်။ ဥပ္ပဇ္ဇတိ၊ ၏။ အဓိမောက္ခော၊ စိတ်စေတသိက်တို့ကို အလွန်ကြည်စေတတ်သော အားရှိသောသဒ္ဓါသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ပဂ္ဂဟော၊ သမ္ပယုတ်တရားကို ကောင်းစွာချီးမြှင့်တတ်သော ဝီရိယသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဥပဋ္ဌာနံ၊ အာရုံသို့ကပ်၍ မြဲစွာတည်သောသတိသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဥပေက္ခာ၊ ဝိပဿနုပေက္ခာ အာဝဇ္ဇနုပေက္ခာသည်။ ဥပ္ပဇ္ဇတိ၊ ၏။ နိကန္တိ၊ ဩဘာသစသည်တို့၌ ငဲ့ကွက်တပ်မက်သော သိမ်မွေ့သောသဘောရှိသော တဏှာသည်။ ဥပ္ပဇ္ဇတိ၊ ၏။ နိကန္တိ၊ နိကန္တိသည်။ ဓမ္မော၊ ငါလိုချင်တောင့်တအပ်သော အရိယာမဂ်ဖိုလ်တရားတည်း။ ဣတိ၊ သို့။ နိကန္တိံ၊ နိကန္တိကို။ အာဝဇ္ဇတိ၊ နှလုံးသွင်း၏[၁]။ တတော နိကန္တိဟေတု၊ ထိုနိကန္တိဟူသော အကြောင်းကြောင့်။ ယော ဝိက္ခေပေါ၊ သည်။ အတ္ထိ၊ ၏။ (တံ၊ သည်။) ဥဒ္ဓစ္စံ၊ မည်၏။ တေန ဥဒ္ဓစ္စေန၊ ထိုနိကန္တိဟူသော အကြောင်းကြောင့်ဖြစ်သော ဥဒ္ဓစ္စသည်။ ဝိဂ္ဂဟိတမာနသော၊ ဝိပဿနာခရီးမှဖဲသဖြင့် ဖောက်ပြန်စွာယူအပ် ဖြစ်စေအပ်သောစိတ်ရှိသော ယောဂီသည်။ အနိစ္စတော၊ ဖြင့်။ ဥပဋ္ဌာနံ၊ ကို။ ယထာဘူတံ၊ လျောက်၊ ဝါ၊ စွာ။ န ပဇာနာတိ၊ မသိ။ ဒုက္ခတော၊ ဖြင့်။ အနတ္တတော၊ ဖြင့်။ ဥပဋ္ဌာနံ၊ ကို။ ယထာဘူတံ၊ လျောက်၊ ဝါ၊ စွာ။ န ပဇာနာတိ၊ မသိ။

[၂၇၀] ၇၃၃။ တတ္ထ၊ ထိုဩဘာသစသော ဆယ်ပါးတို့တွင်။ ဩဘာသောတိ၊ ကား။ ဝိပဿနောဘာသော၊ ဝိပဿနာစိတ်ကြောင့်ဖြစ်သော မိမိသန္တာန်၌ ကျရောက်သော ပြိုးပြိုးပြက် ထွက်သောအရောင်, ဥတုသမုဋ္ဌာန်ဖြစ်သော ပြိုးပြိုးပြက်ထွက်သော အရောင်သည်။ ဩဘာသော၊

၁-ဝိပဿနာ၌ အလွန်မွေ့လျော်သော အခြင်းအရာအားဖြင့်ထင်သော ထိုနိကန္တိကို အဓိမာနိက ရနိုးသော ယောဂီသည် ဓမ္မဟူ၍ ယူအပ်ရကား နိကန္တိဓမ္မောတိ နိကန္တိံ အာဝဇ္ဇတိ-မိန့်သော်။ (ပြည်)

မည်၏[၁]။ တသ္မိံ၊ ထိုဝိပဿနာသြဘာသသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ယောဂါဝစရော၊ သည်။ မေ၊ ငါ့အား။ ဧတော၊ ဤအခါမှ။ ပုဗ္ဗေ၊ ရှေး၌။ ဧဝရူပေါ၊ ဤသို့ သဘောရှိသော။ သြဘာသော၊ အရောင်အလင်းသည်။ န ဥပ္ပန္နပုဗ္ဗော ဝတ၊ မဖြစ်ဘူးလေစွတကား။ အဒ္ဓါ၊ မချွတ်။ မဂ္ဂပ္ပတ္တော၊ မဂ်သို့ရောက်သည်။ အသ္မိ၊ ငါဖြစ်လတ်ပြီ။ ဖလပ္ပတ္တော၊ ဖိုလ်သို့ရောက်သည်။ အသ္မိ၊ ငါဖြစ်လတ်ပြီ။ ဣတိ၊ သို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်သော သြဘာသကိုပင်လျှင်။ မဂ္ဂေါတိ၊ ဟူ၍။ အဖလမေဝ၊ ဖိုလ်မဟုတ်သော သြဘာသကိုပင်လျှင်။ ဖလန္တိ၊ ဖိုလ်ဟူ၍။ ဂဏှာတိ၊ ၏။ အမဂ္ဂံ၊ မဂ်မဟုတ်သည်ကို။ မဂ္ဂေါတိ၊ ၍၊ အဖလံ၊ ကို။ ဖလန္တိ၊ ဟူ၍။ ဂဏှတော၊ ယူသော။ တဿ၊ ထိုယောဂါဝစရ၏။ ဝိပဿနာဝီထိ၊ ဝိပဿနာအစဉ်သည်၊ ဝါ၊ အစဉ်အားဖြင့်ဖြစ်သော ဝိပဿနာသည်။ ဥက္ကန္တာ နာမ၊ ဖယ်သည် မည်သည်။ ဟောတိ၊ ၏။ (ယောဂီနာ၊ သည်။ မဂ္ဂပ္ပတ္တော၊ မဂ်သို့ရောက်သည်။ အမှိ၊ ဖြစ်လတ်ပြီ။ ဣတိ၊ သို့။ အဓိမာနေန၊ ရနိုးသဖြင့်။ ဝိဿဋ္ဌတ္တာ၊ လွှတ်အပ်သည်၏ အဖြစ်ကြောင့်တည်း။) တနည်း—ဂဏှတော၊ ယူသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာ၊ သည်။ (တတော ဧဝ၊ ထိုသို့မဂ်မဟုတ်သည်ကို မဂ်ဟူ၍, ဖိုလ်မဟုတ်သည်ကို ဖိုလ်ဟူ၍ ယူခြင်းကြောင့်လျှင်။) ဝီထိ-ဥက္ကန္တာ နာမ၊ ခရီးလမ်းရိုးမှ ဖယ်သည်မည်သည်။ ဟောတိ၊ ၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ဝိပဿနာဟူသော မူလကမ္မဋ္ဌာန်းကို။ ဝိဿဇ္ဇေတွာ၊ လွှတ်၍။ သြဘာသမေဝ၊ အရောင်အလင်းကိုသာလျှင်။ အဿာဒေန္တော၊ သာယာလျက်။ နိသီဒတိ၊ နေ၏။

ပန၊ ဆက်၍ဆိုအံ့။ ခေါ၊ စင်စစ်။ သော အယံ သြဘာသော၊ ထိုအရောင်သည်။ ကဿစိ ဘိက္ခုနော၊ အချို့သောရဟန်းအား။ ပလ္လင်္ကဋ္ဌာန-

၁-ထိုစိတ္တသမုဋ္ဌာန် ဥတုသမုဋ္ဌာန် နှစ်ပါးတို့တွင် ဝိပဿနာစိတ်ကြောင့်ဖြစ်သော အရောင်သည် ယောဂီပုဂ္ဂိုလ်၏ ကိုယ်၌သာလျှင် တည်သည်ဖြစ်၍ ပြိုးပြိုးပြက်ဖြစ်၍တည်၏၊ ဥတုသမုဋ္ဌာန်ဖြစ်သောအရောင်သည် ကိုယ်ကိုလွှတ်၍ ဉာဏ်၏အာနုဘော်အား လျော်စွာ ထက်ဝန်းကျင်မှ ပျံ့နှံ့၍တည်၏၊ ထိုအရောင်သည် ထိုယောဂီပုဂ္ဂိုလ်အားသာလျှင် ထင်၏၊ ထိုအရောင်နှင့် တွေ့ထိသောအရပ်၌ ရှုပါရုံကိုလည်းမြင်၏၊ မြင်သော်ကား စက္ခုဝိညာဉ်ဖြင့် မြင်သလော၊ ထိုသို့မဟုတ် မနောဝိညာဉ်ဖြင့် မြင်သလောဟု စိစစ်သင့်သည်ဟူ၍ ဆရာတို့ ဆို၏၊ ဒိဗ္ဗစက္ခုလာဘီအားကဲ့သို့ ထိုအဆင်းကို မနောဝိညာဉ်ဖြင့်သာလျှင် သိအပ်၏ဟု ယူသော် သင့်သကဲ့သို့ထင်သည်ဟု ဋီကာဆရာဆုံးဖြတ်သတည်း။ (ပြည်)

မတ္တမေဝ၊ ထက်ဝယ်ဖွဲ့ခွေ နေရာအရပ်မျှကိုသာလျှင်။ ဩဘာသေနေ္တာ၊ ထွန်းလင်းလျက်။ ဥပ္ပဇ္ဇတိ၊ ၏။ ကဿစိ၊ အချို့သောရဟန်းအား။ အန္တောဂဗ္ဘံ၊ တိုက်ခန်းတွင်းကို။ (ဩဘာသေနေ္တာ၊ လျက်။ ဥပ္ပဇ္ဇတိ၊ ၏။) ကဿစိ၊ အား။ ဗဟိဂဗ္ဘမ္ပိ၊ တိုက်ခန်းပကိုလည်း။ (ဩဘာသေနေ္တာ၊ လျက်။ ဥပ္ပဇ္ဇတိ၊ ၏။) ကဿစိ၊ အား။ သကလဝိဟာရံ၊ ကျောင်းတိုက်အလုံးကို။ ဂါဝုတံ၊ တဂါဝုတ်ကို။ အဍ္ဎယောဇနံ၊ ယူဇနာခွဲကို။ ယောဇနံ၊ တယူဇနာကို။ ဒွိယောဇနံ၊ နှစ်ယူဇနာကို။ တိယောဇနံ၊ သုံးယူဇနာကို။ပ။ ကဿစိ၊ အား။ ပထဝီတလတော၊ မြေအပြင်မှ။ ယာဝ အကနိဋ္ဌဗြဟ္မ-လောကာ၊ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင်။ ဧကာလောကံ၊ တခဲနက်အလင်းကို။ ကုရုမာနော၊ ပြုလျက်။ (ဥပ္ပဇ္ဇတိ၊ ၏။) ပန၊ အထူးကိုဆိုအံ့။ ဘဂဝတော၊ ၏။ (ဩဘာသော၊ သည်။) ဒသသဟဿိလောကဓာတုံ၊ တသောင်းသော လောကဓာတ်ကို။ ဩဘာသေနေ္တာ၊ ထွန်းလင်းစေလျက်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

စ၊ ဆက်၍ဆိုအံ့။ ဧဝံ၊ သို့။ အဿ၊ ထိုဩဘာသ၏။ ဝေမတ္တတာယ၊ နည်းသည်၏အဖြစ် ကြီးပြန့်သည်၏အဖြစ်ဖြင့် မတူထူးသည်၏အဖြစ်၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဝတ္ထု၊ သိခြင်း၏ အကြောင်းတည်း။ ကိရ၊ ကြားဘူးသည်ကား။ စိတ္တလပဗ္ဗတေ၊ စိတ္တလတောင်၌။ ဒွိကုဋ္ဋဂေဟာသ၊ နှစ်ခုသော အထွဋ်ရှိသော ကျောင်း၏။ အန္တော၊ အတွင်း၌။ ဒွေ ထေရာ၊ နှစ်ဦးသော မထေရ်တို့သည်။ နိသီဒိံသု၊ သီတင်းသုံးကုန်၏။ တံ ဒိဝသဉ္စ၊ ထိုနေ့၌လည်း။ ကာဠပက္ခုပေါသထော၊ လကွယ်ပက္ခဥပုသ်သည်။ ဟောတိ၊ ၏။ မေဃပဋလစ္ဆန္နာ၊ မိုဃ်းတိမ်လွှာဖြင့် ဖုံးလွှမ်းအပ်ကုန်သော။ ဒိသာ၊ ရှစ်ရပ်မျက်နှာတို့သည်။ ဟောန္တိ၊ ကုန်၏။ ရတ္တိဘာဂေ၊ ညဥ့်အဖို့၌။ စတုရင်္ဂသမန္နာဂတံ၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော။ တမံ၊ အမိုက်မှောင်သည်။ ပဝတ္တတိ၊ ၏။ အထ၊ ထိုအခါ၌။ ဧကော၊ တဦးသော။ ထေရော၊ သီတင်းငယ်ထေရ်သည်။ ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ ငါ့အား။ ဣဒါနိ၊ ယခုအခါ၌။ စေတိယင်္ဂဏမှိ၊ စေတီပြင်၌။ သီဟာသနေ၊ မြတ်သောနေရာ၌။ ပဉ္စဝဏ္ဏာနိ၊ ငါးပါးသော အဆင်းရှိကုန်သော။ ကုသုမာနိ၊ ပန်းတို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။ ဣတိ၊ သို့။ အာဟ၊ ဆို၏။ တံ၊ ထိုမထေရ်ငယ်ကို။ ဣတရော၊ မဟာထေရ်သည်။ အာဝုသော၊ ငါ့ရှင်။

အနုစ္ဆရိယံ၊ မအံ့လောက်သည်ကို။ ကထေသိ၊ ဆိုဘိ၏။ မယှံ ပန၊ ငါ့အားမူကား။ တေရဟိ၊ ဤအခါ၌။ မဟာသမုဒ္ဒမှိ၊ မဟာသမုဒြာ၌။ ယောဇနဋ္ဌာနေ၊ ယူဇနာအရပ်၌။ မစ္ဆကစ္ဆပါ၊ ငါးလိပ်တို့သည်။ ပညာ-ယန္တိ၊ ထင်ကုန်၏။ ဣတိ၊ သို့။ အာဟ၊ ဆို၏။ ပန၊ ဆက်၍ဆိုအံ့။ အယံ ဝိပဿနုပက္ကိလေသော၊ ဤဆိုလတ့်သော ဝိပဿနာ ညစ်ညူးကြောင်းသည်[1]။ ယေဘုယျေန၊ ဖြင့်။ သမထဝိပဿနာလာဘိနော၊ သမထနှင့်တကွ ဝိပဿနာရသော ယောဂီအား။ ဥပ္ပဇ္ဇတိ၊ ၏။ သော သမထဝိပဿနာလာဘီ အဓိမာနိကော၊ သမထနှင့်တကွ ဝိပဿနာကိုရ၍ ရနိုးခြင်းရှိသော ယောဂီသည်။ သမာပတ္တိဝိက္ခမ္ဘိတာနံ၊ သမာပတ်ဖြင့် ခွါအပ်ကုန်သော။ ကိလေသာနံ၊ တို့၏။ အသမုဒါစာရတော၊ မဖြစ်ပေါ်ခြင်းကြောင့်။ အရဟာ အဟန္တိ၊ ငါရဟန္တာဟူ၍။ စိတ္တံ၊ ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဥစ္စဝါလိကဝါသီ မဟာနာဂတ္ထေရော ဝိယ၊ ဥစ္စဝါလိကအရပ်၌ သီတင်းသုံးသော မဟာနာဂမထေရ်ကဲ့သို့ရင်း။ ဟံကနကဝါသီ မဟာဒတ္တ-တ္ထေရောဝိယ၊ ဟံကနကအရပ်၌ သီတင်းသုံးသော မဟာဒတ္တမထေရ်ကဲ့သို့ရင်း။ စိတ္တလပဗ္ဗတေ၊ စိတ္တလတောင်၌။ နိင်္ကပေဏ္ဏကပဓာနဃရဝါသီ-စူဠသုမနတ္ထေရောဝိယ စ၊ နိင်္ကပေဏ္ဏကမည်သော ပဓာနဃရကျောင်း၌ သီတင်းသုံးသော စူဠသုမနထေရ်ကဲ့သို့ရင်းတည်း။

တတြ၊ ထိုဝတ္ထုတို့တွင်။ ဣဒံ၊ ဤဆိုလတ့်သည်ကား။ ဧကဝတ္ထုပရိ-ဒီပနံ၊ တခုသောဝတ္ထုကို ပြကြောင်းဖြစ်သော စကားတည်း။ ကိရ၊ ကြားဘူးသည်ကား။ တလင်္ဂရဝါသီဓမ္မဒိန္နတ္ထေရော နာမ၊ တလင်္ဂရဝါသီ ဓမ္မဒိန္နထေရ်မည်သော။ ဧကော၊ တဦးသော။ ပဘိန္နပဋိသမ္ဘိဒေါ၊ အပြားအားဖြင့် ဖြစ်သော ပဋိသမ္ဘိဒါရှိသော။ မဟာခီဏာသဝေါ၊ ရဟန္တာကြီးသည်။ မဟတော၊ များစွာသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ [၂၇၁] ဩဝါဒဒါယကော၊ ဩဝါဒပေးသည်။ အဟောသိ၊ ၏။ သော၊ ထိုဓမ္မဒိန္နမထေရ်သည်။ ဧကဒိဝသံ၊ တနေ့သ၌။ အတ္တနော၊ မိမိ၏။ ဒိဝါသနေ၊ နေ့ခင်း၌ နေအပ်သော နေရာ၌။ နိသီဒိတွာ၊ နေ၍။ ကိံ နု ခေါ၊ အသို့နည်း။ အမှာကံ၊ ငါတို့၏။ အာစရိယဿ၊ ဆရာကြီးဖြစ်သော။

---

[1] ၁-ဤသို့ ဩဘာသ၏ ဝေမတ္တအဖြစ်၌ ဝတ္ထုကိုပြပြီး၍ ရှည်မြင့်စွာ ကာလပတ်လုံး ချွတ်ယွင်း၍ ပြောဆိုသည်၌ ဝတ္ထုကိုပြခြင်းငှါ အယံ ပန စသည်ကိုမိန့်သော်။ (ပြည်)

ဥစ္စဝါလိကဝါသီမဟာနာဂတ္ထေရဿ၊ ဥစ္စဝါလိက၌ သီတင်းသုံးသော မဟာနာဂထေရ်၏။ သမဏဘာဝကိစ္စံ၊ ရဟန်းအဖြစ်ကို ပြုသောကိစ္စသည်။ မတ္ထကံ ပတ္တံ၊ အပြီးသို့ရောက်ပြီလော။ နော ပတ္တံ၊ အပြီးသို့မရောက်သေးသလော။ ဣတိ၊ သို့။ အာဝဇ္ဇန္တော၊ ဆင်ခြင်လတ်သော်။ အဿ၊ ထိုမဟာနာဂထေရ်၏။ ပုထုဇ္ဇနဘာဝမေဝ၊ ပုထုဇဉ်အဖြစ်ကိုသာလျှင်။ ဒိသွာ၊ မြင်၍။ မယိ၊ ငါသည်။ အဂစ္ဆန္တေ၊ မသွားသည်ရှိသော်။ ပုထုဇ္ဇနကာလကိရိယမေဝ၊ ပုထုဇဉ်၏အဖြစ်ဖြင့် သေခြင်းကိုသာလျှင်။ ကရိဿတိ၊ လဘုံ။ ဣတိ စ၊ ဤသို့လည်း။ ဉတွာ၊ သိ၍။ ဣဒ္ဓိယာ၊ တန်းခိုးဖြင့်။ ဝေဟာသံ၊ ကောင်းကင်သို့။ ဥပ္ပတိတွာ၊ ပျံ၍။ ဒိဝါသနေ၊ နေ့ခင်း၌ နေအပ်သော နေရာ၌။ နိသိန္နဿ၊ နေသော။ ထေရဿ၊ မဟာနာဂထေရ်၏။ သမီပေ၊ အနီး၌။ ဩရောဟိတွာ၊ သက်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဝတ္တံ၊ ဝတ်ကို။ ဒဿေတွာ၊ ပြ၍။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌။ နိသီဒိ၊ ၏။ အာဝုသော ဓမ္မဒိန္န၊ ငါ့ရှင်ဓမ္မဒိန္န။ အကာလေ၊ အခါမဟုတ်သည်၌။ ကိံ၊ အဘယ်ကြောင့်။ အာဂတော၊ လာသည်။ အသိ၊ ဖြစ်သနည်း။ ဣတိ စ၊ သို့လည်း။ ဝုတ္တော၊ မေးလတ်သော်။ ဘန္တေ၊ ဘုရား။ ပဉ္ဟံ၊ ပြဿနာကို။ ပုစ္ဆိတုံ၊ ငှါ။ အာဂတော၊ သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ သို့။ အာဟ၊ လျှောက်၏။ တတော၊ ထိုနောင်မှ။ အာဝုသော၊ ငါ့ရှင်ဓမ္မဒိန္န။ ပုစ္ဆ၊ မေးလော့။ ဇာနမာနာ၊ သိကုန်သည်ရှိသော်။ ကထယိဿာမ၊ ဖြေဆိုကုန်အံ့။ ဣတိ၊ သို့။ ဝုတ္တော၊ ဆိုပေလတ်သော်။ ပဉ္ဟာသဟဿံ၊ ပြဿနာတထောင်ကို။ ပုစ္ဆိ၊ မေး၏။

ထေရော၊ မဟာနာဂမထေရ်သည်။ ပုစ္ဆိတ ပုစ္ဆိတံ၊ မေးတိုင်း မေးတိုင်းကို။ အသဇ္ဇမာနော၊ မငြိမရှက်မူ၍သာလျှင်။ ကထေသိ၊ လျင်စွာ ဖြေဆို၏။ တတော၊ ထိုနောင်မှ။ ဘန္တေ၊ ဘုရား။ ဝေါ၊ အရှင်ဘုရားတို့၏။ ဉာဏံ၊ ဉာဏ်သည်။ အတိတိက္ခံ၊ အလွန်ထက်ပေစွ။ ကဒါ၊ အဘယ်အခါ၌။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ အယံ ဓမ္မော၊ ဤအရိယမဂ်ဖြင့်လာသော ပဋိသမ္ဘိဒါတရားကို။ အဓိဂတော၊ ရပေသနည်း။ ဣတိ၊ သို့။ ဝုတ္တော၊ လျှောက်လတ်သော်။ (မဟာနာဂမထေရ်၏ အလိုအားဖြင့် ဆိုသတည်း။) အာဝုသော၊ ငါ့ရှင်ဓမ္မဒိန္န၊ ဣတော၊ ဤမှ။ သဋ္ဌိဝဿကာလေ၊ အနှစ်ခြောက်ဆယ်ကာလ၌။ အဓိဂတော၊ ရအပ်၏။

ဣတိ၊ သို့။ အာဟ၊ ၏။ ဘန္တေ၊ ဘုရား။ သမာဓိံ၊ အဘိညာဉ်သမာဓိကို။ ဝဠဉ္ဇေထ၊ သုံးဆောင်နိုင်ကုန်၏လော။ ဣတိ၊ သို့။ ဝုတ္တေ၊ လျှောက်သည် ရှိသော်။ အာဝုသော၊ ငါ့ရှင်ဓမ္မဒိန္န။ ဣဒံ၊ ဤအဘိညာဉ်သမာဓိကို သုံးဆောင်ခြင်းသည်။ န ဘာရိယံ၊ ဝန်လေးသည်မဟုတ်။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ ဘန္တေ၊ ဘုရား။ တေနဟိ၊ ထိုသို့ ဝန်မလေးပြီတကား။ ဧကံ ဟတ္ထိံ၊ တခုသောဆင်ကို။ မာပေထ၊ ဖန်ဆင်းတော်မူကုန်လော့။ ဣတိ၊ သို့။ အာဟ၊ လျှောက်၏။ ထေရော၊ သည်။ သဗ္ဗသေတံ၊ ငွေတောင်အတူ ကိုယ်လုံးဖြူသော။ ဟတ္ထိံ၊ ကို။ မာပေသိ၊ ဖန်ဆင်း၏။ ဘန္တေ၊ ဘုရား။ ဣဒါနိ၊ ယခု။ ယထာ၊ အကြင်အခြင်းဖြင့်။ (ကရိယမာနေ၊ ပြုတော်မူသည်ရှိသော်။) အယံ ဟတ္ထိ၊ ဤဆင်သည်။ အဉ္စိတကဏ္ဏော၊ မတုန်မလှုပ်ထားအပ်သော နားရွက်ရှိသည်ဖြစ်၍။ (နိစ္စလဠပိတကဏ္ဏပုဋ္ဌော၊ ဋီကာဖွင့်သည်။) ပသာရိတနင်္ဂုဋ္ဌော၊ ထောင်အပ်သော အမြီးရှိသည်ဖြစ်၍။ သောဏ္ဍံ၊ နှာမောင်းကို။ မုခေ၊ ၌။ ပက္ခိပိတွာ၊ ထည့်၍။ ဘေရဝံ၊ ကြောက်မက်ဖွယ်သော။ ကောဉ္စနာဒံ၊ ကြိုးကြာသံကို။ ကရောန္တော၊ ပြုလျက်။ တုမှာကံ၊ ဘုရားတို့၏။ အဘိမုခေါ၊ ရှေးရှု။ အာဂစ္ဆတိ၊ လာ၏။ တထာ၊ ထိုအခြင်းဖြင့်။ နံ ဟတ္ထိံ၊ ထိုဆင်ကို။ ကရောထ၊ ပြုတော်မူကုန်လော့။ ဣတိ၊ သို့။ အာဟ၊ လျှောက်၏။ ထေရော၊ မဟာနာဂထေရ်သည်။ တထာ၊ ထိုဓမ္မဒိန္နမထေရ်ဆိုတိုင်း။ ကတွာ၊ ၍။ ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ အာဂစ္ဆတော၊ လာသော။ ဟတ္ထိဿ၊ ဆင်၏။ ဘေရဝံ၊ ကြောက်မက်ဖွယ်ဖြစ်သော။ အာကာရံ၊ အမူအရာကို။ ဒိသွာ၊ ၍။ (ဘယေန၊ ကြောက်သဖြင့်) ဥဋ္ဌာယ ပလာယိတုံ၊ ထ၍ပြေးခြင်းငှါ။ အာရဒ္ဓေါ၊ အားထုတ်၏။ တမေနံ၊ ထိုမဟာနာဂထေရ်ကို။ ခီဏာသဝတ္ထေရော၊ ရဟန္တာဖြစ်သော ဓမ္မဒိန္နထေရ်သည်။ ဟတ္ထံ၊ လက်ကို။ ပသာရေတွာ၊ ဆန့်၍။ စီဝရကဏ္ဏေ၊ သင်္ကန်းစွန်း၌။ ဂဟေတွာ၊ ကိုင်၍။ ဘန္တေ၊ ဘုရား။ ခီဏာသဝဿ၊ ရဟန္တာအား။ သာရဇ္ဇံ နာမ၊ ရွံ့ရှာထိတ်လန့်ခြင်း မည်သည်။ ဟောတိ၊ ဖြစ်သေးသလော။ ဣတိ၊ သို့။ အာဟ၊ ၏။

သော၊ ထိုမဟာနာဂမထေရ်သည်။ တမှိ ကာလေ၊ ထိုကာလ၌။ အတ္တနော၊ ၏။ ပုထုဇ္ဇနဘာဝံ၊ ပုထုဇဉ်၏အဖြစ်ကို။ ဉတွာ၊ ၍။ အာဝုသော ဓမ္မဒိန္န၊ ငါ့ရှင်ဓမ္မဒိန္န။ (တွံ၊ ငါ့ရှင်သည်။) မေ၊ ငါ၏။

အဝဇ္ဇယော၊ ကိုးကွယ်ရာသည်။ ဟောဟိ၊ ဖြစ်ပါလော့။ ဣတိ၊ သို့။ ဝတွာ၊ ၍။ ပါဒမူလေ၊ ခြေရင်း၌။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိ၊ ၏။ ဘန္တေ၊ ဘုရား။ တုမှာကံ အဝဇ္ဇယော၊ အရှင်ဘုရားတို့ ကိုးကွယ်ရာသည်။ ဘဝိဿာမိစ္စေဝ၊ ဖြစ်အံ့ဟူ၍သာလျှင်။ အဟံ၊ သည်။ အာဂတော၊ ၏။ မာ စိန္တယိတ္ထ၊ စိုးရိမ်တော်မမူလင့်။ ဣတိ၊ သို့။ (ဝတွာ၊ ၍။) ကမ္မဋ္ဌာနံ၊ ကို။ ကထေသိ၊ ဟော၏။ ထေရော၊ မဟာနာဂထေရ်သည်။ ကမ္မဋ္ဌာနံ၊ ကို။ ဂဟေတွာ၊ ၍။ စင်္ကမံ၊ သို့။ အာရုယှ၊ တက်၍။ တတိယေ ပဒဝါရေ၊ သုံးကြိမ်မြောက်ခြေလှမ်း၌။ အဂ္ဂဖလံ၊ မြတ်သော ဖိုလ်ဟုဆိုအပ်သော။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ ထေရော၊ သည်။ ဒေါသစရိတော၊ ဒေါသစရိုက်ပြေသည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဩဘာသေ၊ ဝိပဿနာ အရောင်အလင်း၌။ ကမ္ပန္တိ၊ တုန်လှုပ် ကုန်၏။

၇၃၄။ ဉာဏန္တိ၊ ကား။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်တည်း။ ရူပါရူပဓမ္မေ၊ ရုပ်နာမ်တရားတို့ကို။ တုလယန္တဿ၊ ချိန်သော။ တီရေန္တဿ၊ စုံစမ်းသော။ တဿ၊ ထိုဥဒယဗ္ဗယဉာဏ်ကို အပြီးအဆုံးသို့ရောက်စေသော ယောဂီအား။ ဝိဿဋ္ဌဣန္ဒဝဇိရံဝ၊ လွှတ်အပ်သောသိကြားမင်း၏ ဝဇိရစိန် ကဲ့သို့။ အဝိဟတဝေဂံ၊ မပျက်သောအဟုန်ရှိသော။ တိခိဏံ၊ ထက်သော။ သူရံ၊ တန်ခိုးရှိသော။ အတိဝိသဒံ၊ သွေးအပ်သည်ဖြစ်၍ အလွန် ထက်သော။ ဉာဏံ၊ သည်။ ဥပ္ပဇ္ဇတိ ကိရ၊ တတ်။

[၇၇၂] ပီတီတိ၊ ကား။ ဝိပဿနာပီတိ၊ ဝိပဿနာစိတ်နှင့်ယှဉ်သော ပီတိတည်း။ တဿ၊ ထိုယောဂီအား။ တသ္မိံ သမယေ၊ ထိုအခါ၌။ ခုဒ္ဒကာပီတိ၊ ခုဒ္ဒိကာပီတိရှင်း။ ခဏိကာပီတိ၊ ရှင်း။ ဩက္ကန္တိကာပီတိ၊ ရှင်း။ ဥဗ္ဗေဂါပီတိ၊ ရှင်း။ ဖရဏာပီတိ၊ ရှင်း။ ဣတိ၊ သို့။ ပဉ္စဝိဓာ၊ သော။ အယံ ပီတိ၊ ဤပီတိသည်။ သကလသရီရံ၊ ကိုယ်အလုံးကို။ ပူရယမာနာ ပြည့်စေလျက်။ ဥပ္ပဇ္ဇတိ ကိရ၊ ဖြစ်သတတ်။

ပဿဒ္ဓိတိ၊ ဟူသည်ကား။ ဝိပဿနာပဿဒ္ဓိ၊ ဝိပဿနာစိတ်နှင့်ယှဉ်သော ပဿဒ္ဓိတည်း။ တသ္မိံ သမယေ၊ ထိုအခါ၌။ ရတ္တိဋ္ဌာနေ ဝါ၊ ညဥ့်နေရာ၌ရှင်း။

ဒိဝါဋ္ဌာနေ ဝါ၊ နေ့နေရာ၌ဖြစ်စေ။ နိသိန္နဿ၊ နေသော။ တဿ၊ ထိုယောဂီအား။ ကာယစိတ္တာနံ၊ ကိုယ်စိတ်တို့၏။ ဒရထော၊ ပူပန်ခြင်းသည်။ နေဝ ဟောတိ၊ မဖြစ်။ ဂါရဝံ၊ လေးသည်၏အဖြစ်သည်။ န ဟောတိ၊ မဖြစ်။ ကက္ခဠတာ၊ ကြမ်းတမ်းခက်မာသည်၏အဖြစ်သည်။ န ဟောတိ၊ မဖြစ်။ အကမ္မညတာ၊ အမှု၌မခန့်သည်၏အဖြစ်သည်။ န ဟောတိ၊ မဖြစ်။ ဂေလညံ၊ နာကျင်သည်၏အဖြစ်သည်။ န ဟောတိ၊ မဖြစ်။ ဝင်္ကတာ၊ ကောက်သည်၏အဖြစ်သည်။ န ဟောတိ၊ မဖြစ်။ ပန၊ အလျော်ကိုဆိုအံ့။ အထ ခေါ၊ စင်စစ်သော်ကား။ အဿ၊ ထိုယောဂီ၏။ ကာယစိတ္တာနိ၊ ကိုယ်စိတ်တို့သည်။ ပဿဒ္ဓါနိ၊ ငြိမ်းကုန်သည်။ လဟူနိ၊ ပေါ့ကုန်သည်။ မုဒူနိ၊ နူးညံ့ကုန်သည်။ ကမ္မညာနိ၊ အမှု၌ခန့်ကုန်သည်။ သုဝိသဒါနိ၊ အလွန်စင်ကြယ်သန့်ရှင်းကုန်သည်။ ဥဇုကာနိယေဝ၊ ဖြောင့်မတ်ကုန်သည် သာလျှင်။ ဟောန္တိ၊ ကုန်၏။ သော၊ ထိုယောဂီသည်။ ဣမေဟိ ပဿဒ္ဓါဒီဟိ၊ ဤပဿဒ္ဓိအစရှိသည်တို့ဖြင့်။ အနုဂ္ဂဟိတကာယစိတ္တော၊ ချီးမြှောက်အပ်သော ကိုယ်စိတ်ရှိသည်ဖြစ်၍။ တသ္မိံ သမယေ၊ ထိုဥဒယဗ္ဗယဉာဏ်ဖြစ်သောကာလ၌။ အမာနုသိံ နာမ၊ လူတို့၏ဥစ္စာမဟုတ်သော၊ ဝါ၊ လူတို့ခံစားခြင်းငှါ လျောက်ပတ်သော ကာမသုခရတိကို လွန်သည်ဖြစ်၍ အမာနုသီမည်သော။ ရတိ၊ မွေ့လျော်ခြင်းကို[၁]။ အနုဘဝတိ၊ ခံစားရ၏။ တံ ရတိံ၊ ထိုအမာနုသီရတိကို။ သန္ဓာယ၊ ၍။ သုညာဂါရံ ပဝိဋ္ဌဿ။ပ။ အမတံ တံ ဝိဇာနတန္တိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

[သုညာဂါရံ၊ ဆိတ်ငြိမ်သောကျောင်းသို့၊ ဝါ၊ ဝိပဿနာသို့။ ပဝိဋ္ဌဿ၊ ဝင်ပြီး၍။ သန္တစိတ္တဿ၊ အလွန်ငြိမ်သက်သောစိတ်ရှိသော။ သမ္မာ၊ အသင့်အားဖြင့်။ ဓမ္မံ၊ နာမ်ရုပ်တရားကို။ ဝိပဿတော၊ ဥဒယဗ္ဗယာနုပဿနာစသည်တို့၏ အစွမ်းဖြင့်ရှုသော။ ဘိက္ခုနော၊ ယောဂီရဟန်းအား။ အမာနုသီ၊ အားထုတ်အပ်သော ဝိပဿနာမရှိသောလူတို့၏ အရာမဟုတ်

---

၁-မနုဿာနံ အယန္တိ မာနုသီ၊ မနုဿယောဂ္ဂါ ကာမသုခရတိ။ လူတို့သုံးဆောင်ခံစားခြင်းငှါ လျောက်ပတ်သော ကာမသုခရတိရသတည်း။ ထိုသို့သော် မန္ဒာတ်စကြာမင်းစသော မနုဿဝိသေသတို့သည် ခံစားအပ်သည်၏အဖြစ်ကို မလွန်သောကြောင့် ဒိဗ္ဗရတိကိုလည်း သင်္ဂြိုဟ်အပ်၏။ တနည်း-ကာမသုခအဖြစ်ဖြင့် မာနုသီရတိနှင့်တူသည်၏ အဖြစ်ကြောင့် ဒိဗ္ဗရတိကိုလည်း သင်္ဂြိုဟ်အပ်၏၊ ထိုကာမသုခရတိကို လွန်သည်၏အဖြစ်ကြောင့် န မာနုသီတိ အမာနုသီ-ပြု။ (ပြည်)

သည်၏အဖြစ်ကြောင့် အမာနုသီမည်သော။ ရတိ၊ ဝိပဿနာနှင့်ယှဉ်သော ပီတိသုခဟု မှတ်အပ်သော မွေ့လျော်ခြင်းသည်။ ဟောတိ၊ ၏။

ယတော ယတော၊ အကြင်အကြင် ရုပ်အဖို့ နာမ်အဖို့မှ။ ခန္ဓာနံ၊ တို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ သမ္မသတိ၊ သုံးသပ်၏။ (တတော တတော၊ ထိုထိုသုံးသပ်တိုင်းသော ရုပ်နာမ်အဖို့မှ။) ပီတိပါမောဇ္ဇံ၊ ကို။ လဘတိ၊ ရ၏။ တံ၊ ထိုပီတိပါမောဇ္ဇသည်။ ဝိဇာနတံ-ဝိဇာနန္တာနံ၊ အဖြစ်အပျက်ကို သိမြင်ကုန်သော ပညာရှိတို့၏။ အမတံ၊ အမြိုက်နိဗ္ဗာန် အဆုံးရှိသောကြောင့် အမြိုက်တရားပါပေတည်း။]

ဝေ၊ သို့။ အဿ၊ ထိုယောဂီအား။ ဣမံ အမာနုသိံ ရတိံ၊ ဤလူတို့၏ ဥစ္စာမဟုတ်သော၊ ဝါ၊ လူတို့ခံစားခြင်းငှါ လျောက်ပတ်သော ကာမသုခရတိကို လွန်သည်ဖြစ်၍ အမာနုသီမည်သော ရတိကို။ သာဓယမာနာ၊ ပြီးစေလျက်။ လဟုတာဒိသမ္ပယုတ္တာ၊ လဟုတာ စသည်နှင့်ယှဉ်သော။ ပဿဒ္ဓိ၊ ပဿဒ္ဓိသည်။ ဥပ္ပဇ္ဇတိ၊ ၏။

သုခန္တိ၊ ကား။ ဝိပဿနာသုခံ၊ ဝိပဿနာစိတ်နှင့်ယှဉ်သော စေတသိက သုခသည်။ တဿ၊ ထိုယောဂီအား။ တသ္မိံ သမယေ၊ ထိုအခါ၌။ သကလံ၊ ကိုယ်အလုံးကို။ အဘိသန္ဒယမာနံ၊ စွတ်စိုစေလျက်။ အတိပဏီတံ၊ အလွန် မွန်မြတ်သော။ သုခံ၊ သည်။ ဥပ္ပဇ္ဇတိ ကိရ၊ သတတ်[၁]။

အဓိမောက္ခောတိ၊ ကား။ သဒ္ဓါ၊ သဒ္ဓါတရားတည်း။ ဟိ-သစ္စံ၊ ၏။ ဝိပဿနာသမ္ပယုတ္တာယေဝ၊ ဝိပဿနာနှင့် ယှဉ်သည်သာလျှင်ဖြစ်သော။ အဿ၊ ထိုယောဂီ၏။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့ကို။ အတိ-သယပသာဒဘူတာ၊ အလွန်အကဲ ကြည်လင်စေတတ်သည် ဖြစ်၍ဖြစ်သော။ ဗလဝတီ၊ သန်မြန်သော အားရှိသော။ သဒ္ဓါ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

ပဂ္ဂဟောတိ၊ ကား။ ဝီရိယံ၊ ဝီရိယတည်း။ ဟိ-သစ္စံ၊ ၏။ ဝိပဿနာ-သမ္ပယုတ္တမေဝ၊ ဝိပဿနာနှင့် ယှဉ်သည်သာလျှင်ဖြစ်သော။ အဿ၊

---

၁- ဝိပဿနာနှင့် သမ္ပယုတ်ဖြစ်သော သုခကြောင့် ဖြစ်ကုန်သော အတိပဏီတရုပ်တို့ဖြင့် အလုံးစုံသော ကာယသည် တွေ့နှံ့သည်လည်းဖြစ်၏၊ ထက်ဝန်းကျင်မှ ပွါးစေအပ်သည်လည်းဖြစ်၏၊ ထိုကြောင့် သကလသရီရံ အဘိသန္ဒယမာနံ- မိန့်သော်။ (ပြည်)

ထိုယောဂီ၏။ အသိထိလံ၊ မလျော့သော။ အနစ္စာရဒ္ဓံ၊ အားမထုတ်လွန်းသော။ သုပဂ္ဂဟိတံ၊ ကောင်းစွာချီးပင့်တတ်သော။ ဝီရိယံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

ဥပဋ္ဌာနန္တိ၊ ကား။ သတိ၊ သတိတည်း။ ဟိ-သစ္စံ၊ ၏။ ဝိပဿနာ-သမ္ပယုတ္တာယေဝ၊ ဝိပဿနာနှင့် ယှဉ်သည်သာလျှင်ဖြစ်သော။ အဿ၊ ထိုယောဂီအား။ သူပဋ္ဌိတာ-သုဋ္ဌု ဥပဋ္ဌိတာ၊ သဘာဝကို ကောင်းစွာ မှတ်သဖြင့် အာရုံ၌ မြဲစွာကပ်၍တည်သော။ သုပ္ပတိဋ္ဌိတာ၊ (ဆန့်ကျင်ဖက်ကင်းခြင်းကြောင့် ထိုဆန့်ကျင်ဖက်တရားသည် မလှုပ်မရှားအပ်သည်၏ အဖြစ်ဖြင့်) မြဲစွာတည်သော။ (တတော ဝေ၊ ထိုသို့မြဲစွာ တည်သည်၏ အဖြစ်ကြောင့်သာလျှင်။) နိခါတာ-နိခါတာ ဝိယ၊ စိုက်ထားအပ်သော ကျောက်စာတိုင်ကဲ့သို့။ အစလာ၊ မတုန်မလှုပ်သော။ (အစလဘာဝေ-နေဝ၊ မတုန်လှုပ်သည်၏ အဖြစ်ကြောင့်သာလျှင်။) ပဗ္ဗတရာဇသဒိသာ၊ မြင့်မိုရ်တောင်မင်းနှင့်တူသော[၁]။ သတိ၊ သတိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သော-ယောဂါဝစရော၊ သည်။ ယံ ယံ ဌာနံ၊ အကြင် အကြင်မိမိအား ရှေးရှုထင်သော ရုပ်နာမ်ဟူသော အရာကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ သမန္နာဟရတိ၊ နှလုံးသို့ ကောင်းစွာဆောင်၏။ မနသိကရောတိ၊ နှလုံး၌ ထား၏။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ တံ တံ ဌာနံ၊ ထိုထိုရုပ်နာမ်ဟူသော အရာသည်။ အဿ၊ ထိုယောဂီ၏။ သတိယာ၊ သတိအား။ ဩက္ခန္ဒိတွာ၊ သက်ဝင်၍။ ပက္ခန္ဒိတွာ၊ သက်ဝင်၍ (ဝေဝုစ်)။ ဒိဗ္ဗစက္ခုနော၊ ဒိဗ္ဗစက္ခု-အဘိညာဉ်အား၊ ဝါ၊ ဒိဗ္ဗစက္ခု၏ ပရိဘဏ္ဍဖြစ်သော ယထာကမ္မူပဂဉာဏ်အား။ ပရလောကော၊ တပါးသောလောကသည်။ ဥပဋ္ဌာတိ ဝိယ၊ ထင်သကဲ့သို့။ ဥပဋ္ဌာတိ-ခါယတိ၊ ထင်၏။

[၂၇၃] ဥပေက္ခာတိ၊ ကား။ ဝိပဿနုပေက္ခာ စေဝ၊ သင်္ခါရတို့ကို စိစစ်ခြင်း၌ လျစ်လျူ၏ အဖြစ်ဖြင့် တည်သော ဝိပဿနုပေက္ခာသည်၎င်း။ အာဝဇ္ဇနုပေက္ခာ စ၊ မနောဒွါရာဝဇ္ဇန်းနှင့် သမ္ပယုတ်ဖြစ်သော စေတနာ ဟူသော အာဝဇ္ဇနုပေက္ခာသည်၎င်း။ ဟိ-သစ္စံ၊ ၏။ တသ္မိံ သမယေ၊

---

၁- နိခါတာ အစလာ ပဗ္ဗတရာဇသဒိသာ ဟူသော- သုံးပုဒ်တို့ဖြင့် သုပ္ပတိဋ္ဌိတာမေဝ၊ မြဲစွာတည်သည်ကိုသာလျှင်ပြ၏။ (ပြည်)

ထိုအခါ၌။ အဿ၊ ထိုယောဂီ၏။ သဗ္ဗသင်္ခါရေသု၊ တို့၌။ မဇ္ဈတ္တဘူတာ၊ လျစ်လျူ ဖြစ်၍ ဖြစ်သော။ ဝိပဿနုပေက္ခာပိ၊ ဝိပဿနုပေက္ခာသည်လည်း [၁]။ ဗလဝတီ၊ သန်မြန်သော အားရှိသည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ၏။ မနောဒွါရေ၊ ၌။ အာဝဇ္ဇနုပေက္ခာပိ၊ အာဝဇ္ဇနုပေက္ခာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ၏၊ ဟိ-သစ္စံ၊ ၏။ တံ တံ ဌာနံ၊ ထိုထိုရှုပ်နာမ်ဌာနကို။ အာဝဇ္ဇန္တဿ၊ ဆင်ခြင်သော။ အဿ၊ ထိုယောဂါဝစရ၏။ သာ အာဝဇ္ဇနုပေက္ခာ၊ သည်။ ဝိဿဋ္ဌဣန္ဒဝဇိရံ ဣဝ၊ သိကြားမင်းသည် လွှတ်အပ်သော ဝဇိရစိန်လက်နက်ကဲ့သို့ရင်း။ ပတ္တပုဋေ၊ ဖက်ထုပ်၌။ ပက္ခန္ဒတတ္တနာရာစော ဝိယ၊ ပြေးဝင်သော မီးရဲရဲတောက်သောစဉ်းသွားကဲ့သို့ရင်း။ သူရာ၊ ရဲသည်။ တိခိဏာ၊ ထက်သည်။ ဟုတွာ၊ ၍။ ဝဟတိ-ပဝတ္တတိ၊ ဖြစ်၏။

နိကန္တီတိ၊ ကား။ ဝိပဿနာနိကန္တိ၊ ဝိပဿနာ၌ အလိုရှိသော ငဲ့ကွက်တပ်မက်သော နိကန္တိတည်း။ ဟိ-သစ္စံ၊ ၏။ ဧဝံ၊ သို့။ ဩဘာသာဒိမဏ္ဍိတာယ၊ ဩဘာသစသည်တို့ဖြင့် တန်းဆာဆင်အပ်သော။ ဝိပဿနာယ၊ ၌။ အာလယံ၊ ငဲ့ကွက်ခြင်းကို။ ကုရုမာနာ၊ ပြုလျက်။ သုခုမာ၊ သိမ်မွေ့သည်လည်းဖြစ်သော။ သန္တာကာရာ၊ ငြိမ်သက်သော အခြင်းအရာရှိသည်လည်းဖြစ်သော။ နိကန္တိ၊ နိကန္တိသည်။ အဿ၊ ထိုယောဂီအား။ ဥပ္ပဇ္ဇတိ၊ ၏။ ယာ နိကန္တိ၊ အကြင်နိကန္တိသည်၊ ဝါ၊ ကို။ ကိလေသောတိ၊ ကိလေသာဟူ၍။ ပရိဂ္ဂဟေတုံ၊ သိမ်းဆည်းခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်းသည်။ ဟောတိ၊ ၏ [၂]။

စ၊ ဆက်၍ဆိုအံ့။ ဩဘာသေ၊ အရောင်အလင်းသည်။ ဥပ္ပန္နေ ယထာ၊ ဖြစ်ရာ၌ကဲ့သို့။ ဧဝံ-တထာ၊ တူ။ စေတေသုပိ။ ဤပြအပ်ကုန်ပြီးသောဉာဏ်စသည်တို့တွင်လည်း။ အညတရသ္မိံ၊ တပါးပါးသည်။ ဥပ္ပန္နေ၊ သော်။

---

၁-ဥဒယဗ္ဗယတို့၏ အလွန်ထင်သည်၏ အဖြစ်ကြောင့် ဥဒယဗ္ဗယကို ရှုခြင်း၌ လျစ်လျူ ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာသည် ဤ၌ ဝိပဿနုပေက္ခာမည်သတည်း။ ထိုဥဒယဗ္ဗယ တို့သည်ကား သဗ္ဗသင်္ခါရတို့၏ ဥဒယဗ္ဗယတို့ပင်တည်းဟု နှလုံးပိုက်၍ ဥဒယဗ္ဗယေသု-ဟု မဆိုမူ၍ သဗ္ဗသင်္ခါရေသု မဇ္ဈတ္တဘူတာ-ဆိုသတည်း။ (ပြည်)

၂-ထိုနိကန္တိ၏ထိုသို့သိမ်မွေ့သည်၏အဖြစ် ငြိမ်သက်သောအခြင်းအရာရှိသည်၏ အဖြစ်သည် ဘာဝနာ၏ သာတိသယအားဖြင့် ဖြစ်ခြင်းကြောင့်ဖြစ်၏၊ ထိုသို့ဖြစ်၍ နိကန္တိ၏ ကိလေသာ၏အဖြစ်ကိုလည်းသိနိုင်ခဲသည်ဖြစ်သတည်း။ ထိုကြောင့် ယာ နိကန္တိ ကိလေသော-စသည်ကို မိန့်သော်။ (ပြည်)

ယောဂါဝစရော၊ သည်။ ဝတ၊ စင်စစ်။ မေ၊ ငါ့အား။ ဣတော၊ ဤအခါမှ။ ပုဗ္ဗေ၊ ၌။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ဉာဏံ၊ သည်။ န ဥပ္ပန္နပုဗ္ဗံ၊ မဖြစ်ဘူးစွတကား။ ဝေရူပါ၊ သော။ ပီတိ၊ သည်။ န ဥပ္ပန္နပုဗ္ဗာ၊ မဖြစ်စဘူး။ ဝေရူပါ၊ သော။ ပဿဒ္ဓိ၊ သည်။ န ဥပ္ပန္နပုဗ္ဗာ၊ ဘူး။ ဝေရူပံ၊ သော။ သုခံ၊ သည်။ န ဥပ္ပန္နပုဗ္ဗံ၊ ဘူး။ ဝေရူပေါ၊ သော။ အဓိမောက္ခော၊ သည်။ န ဥပ္ပန္နပုဗ္ဗော၊ ဘူး။ ဝေရူပေါ၊ သော။ ပဂ္ဂဟော၊ သည်။ န ဥပ္ပန္နပုဗ္ဗော၊ ဘူး။ ဝေရူပံ၊ သော။ ဥပဋ္ဌာနံ။ သည်။ န ဥပ္ပန္နပုဗ္ဗံ၊ ဘူး။ ဝေရူပါ၊ သော။ ဥပေက္ခာ၊ သည်။ န ဥပ္ပန္နပုဗ္ဗာ၊ ဘူး။ ဝေရူပါ၊ သော။ နိကန္တိ၊ သည်။ န ဥပ္ပန္နပုဗ္ဗာ၊ မဖြစ်စဘူး[၁]။ အဒ္ဓါ၊ မချွတ်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်၏။ ဖလပ္ပတ္တော၊ ဖိုလ်သို့ရောက်သည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ သို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်သည်ကိုပင်လျှင်။ မဂ္ဂေါတိ၊ ဟူ၍။ အဖလမေဝ၊ ဖိုလ်မဟုတ်သည်ကိုပင်လျှင်။ ဖလန္တိ၊ ဟူ၍။ ဂဏှာတိ၊ ယူ၏။ အမဂ္ဂံ၊ မဂ်မဟုတ်သည်ကို။ မဂ္ဂေါတိ၊ ဟူ၍။ အဖလံ၊ ဖိုလ်မဟုတ်သည်ကို။ ဖလန္တိ၊ ၍။ ဂဏှတော၊ ယူသော။ တဿ၊ ထိုယောဂီအား။ ဝိပဿနာဝီထိ၊ ဝိပဿနာအစဉ်သည်၊ ဝါ၊ အစဉ်အားဖြင့်ဖြစ်သော ဝိပဿနာသည်။ ဥက္ကန္တာ နာမ၊ ဖဲသည်မည်သည်။ ဟောတိ၊ ၏။ (တနည်း) ဂဏှတော၊ ယူသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာ၊ သည်။ (တတော ဧဝ ထိုမဂ်မဟုတ်သည်ကို မဂ်ဟူ၍, ဖိုလ်မဟုတ်သည်ကို ဖိုလ်ဟူ၍ ယူခြင်းကြောင့်သာလျှင်) ဝီထိ-ဥက္ကန္တာ နာမ၊ ခရီးလမ်းရိုးမှ ဖဲသည်မည်သည်။ ဟောတိ၊ ၏။ သော၊ ထိုယောဂီသည်။ အတ္တနော၊ ၏။ မူလကမ္မဋ္ဌာနံ၊ ဝိပဿနာဟူသော မူလကမ္မဋ္ဌာန်းကို။ ဝိဿဇ္ဇေတွာ၊ ၍။ နိကန္တိမေဝ၊ နိကန္တိကိုသာလျှင်။ အဿာဒေန္တော၊ သာယာသည်ဖြစ်၍။ နိသီဒတိ၊ နေ၏။ ဣတိ၊ ဤကား

---

[၁] န ဝတ မေ ဣတော ပုဗ္ဗေ ဝေရူပါ နိကန္တိ ဥပ္ပန္နပုဗ္ဗာ-ဟူသော ဤစကားကို ဓမ္မသဘောကို ပြသည်၏အစွမ်းဖြင့်ဆိုအပ်၏၊ ထိုအခါ၌ ယောဂီအားထိုသို့သောအခြင်းအရာဖြင့် စိတ်ဖြစ်သည်၏ အစွမ်းဖြင့်မဆိုအပ်။ ထိုစကားသင့်၏၊ ထိုယောဂီသည် ထိုအခါ၌ ထိုဖြစ်သော တရားကို နိကန္တိဟူ၍ပင်မသိ၊ ထိုသို့နိကန္တိဟူ၍ မသိသည်ရှိသော် ထိုနိကန္တိလျှင်အာရုံရှိသော မဂ္ဂပတ္တောမှိ ဤသို့အစရှိသော စွဲလမ်းခြင်းသည် မဖြစ်သင့်ခြင်းသည်သာလျှင်တည်း။ ထို့ကြောင့် ထိုယောဂီအား ဤသို့သောနှလုံးသွင်းခြင်းသည်ဖြစ်ရာ၏။ န ဝတ မေ ဝေရူပါ ဘာဝနာဘိရတိ ဥပ္ပန္နပုဗ္ဗာ အဒ္ဓါ မဂ္ဂပတ္တောမှိ-ဟူ၍ နှလုံးသွင်းခြင်းသည် ဖြစ်ရာ၏-ဋီကာ ဆိုသတည်း။ (ပြည်)

တရပ် အပြီးသတ်တည်း။ (နောက်ဆုံးကိုသာပြသည်၊ ကိုးပါးလုံးမှာပင် အသီးအသီး အဿာဒေန္တော နိသိဒတိ-တိုင်အောင်ဆောင်လေ)

၇၃၅။ စ၊ အထူးကိုဆိုအံ့။ တွေ၊ ဤဆယ်ပါးတို့တွင်။ ဩဘာသော- ဒယော၊ ဩဘာသအစရှိသည်တို့ကို။ ဥပက္ကိလေသဝတ္ထုတာယ၊ နိပ္ပရိယာယအားဖြင့် ဥပက္ကိလေသဖြစ်သော ဒိဋ္ဌိမာနတဏှာတို့၏ဖြစ်ရာဌာနအကြောင်း၏ အဖြစ်ကြောင့်။ ဥပက္ကိလေသာတိ၊ ဟူ၍။ ဝုတ္တာ၊ ကုန်၏။ အကုသလတ္တာ၊ အကုသိုလ်၏အဖြစ်ကြောင့်။ ဥပက္ကိလေသာတိ၊ ဟူ၍။ န ဝုတ္တာ၊ မဆိုအပ်ကုန်။ ပန၊ အထူးကိုဆိုအံ့။ နိကန္တိ၊ နိကန္တိသည်။ ဥပက္ကိလေသော စေဝ၊ ဥပက္ကိလေသမည်သည်လည်း။ ဟောတိ၊ ၏။ ဥပက္ကိလေသဝတ္ထု စ၊ ဒိဋ္ဌိဂါဟစသော ဥပက္ကိလေသ၏ ဝတ္ထုသည်လည်း။ ဟောတိ၊ ၏။ စ၊ ဆက်၍ဆိုအံ့။ ဝတ္ထုဝသေနေဝ၊ ဂါဟတို့ကို မသုံးသပ်မူ၍ ဂါဟတို့၏ ဝတ္ထုအဖြစ်၏ အစွမ်းဖြင့်သာလျှင်။ ဧတေ ဥပက္ကိလေသာ၊ ထိုဥပက္ကိလေသတို့သည်။ ဒသ၊ ဆယ်ပါးတို့သည်။ (ဟောန္တိ၊ ကုန်၏။) ပန၊ ပါး။ ဂါဟဝသေန၊ စွဲလမ်းတတ်သော ဒိဋ္ဌိတဏှာမာနတို့၏ အစွမ်းဖြင့်။ သမတိံသ၊ အမျှသုံးဆယ်တို့သည်။ ဟောန္တိ၊ ကုန်၏။ ကထံ ဟောန္တိ၊ ကား။ ဟိ၊ ချဲ့အံ့။ မမ၊ ငါ၏။ ဩဘာသော၊ အရောင်အလင်းသည်။ ဥပ္ပန္နော၊ ဖြစ်ပြီ။ ဣတိ၊ သို့။ ဂဏှတော၊ ယူသော ယောဂီအား။ ဒိဋ္ဌိ- ဂါဟော၊ ဒိဋ္ဌိဟုစွဲလမ်းတတ်သော တရားသည်။ ဟောတိ၊ ၏။ ဝတ၊ စစ်။ မနာပေါ၊ နှစ်သက်ဖွယ်သော၊ ဝါ၊ နှလုံးကိုပွါးစေတတ်သော။ ဩဘာသော၊ သည်။ ဥပ္ပန္နော၊ ဖြစ်လတ်ပြီ။ ဣတိ၊ သို့။ ဂဏှတော၊ ယူသော ယောဂီအား။ မာနဂါဟော၊ မာနဟူသော စွဲလမ်းတတ်သောတရားသည်။ ဟောတိ၊ ၏။ ဩဘာသံ၊ ကို။ အဿာဒယတော၊ ချစ်မြတ်နိုးသော ယောဂီအား။ တဏှာဂါဟော၊ တဏှာဟူသော စွဲလမ်းတတ်သော တရားသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဩဘာသေ၊ ၌။ ဒိဋ္ဌိမာနတဏှာ- ဝသေန၊ ဒိဋ္ဌိမာနတဏှာ၏ အစွမ်းအားဖြင့်။ တယော၊ ကုန်သော။ ဂါဟာ၊ ဖမ်းတတ်သောတရားတို့သည်။ ဟောန္တိ၊ ကုန်၏။ သေသေသုပိ၊ ဩဘာသမှကြွင်းသော ဉာဏ်ပီတိစသော ကိုးပါးတို့၌လည်း။ တထာ၊ တူ။ တယော တယော ဂါဟာ၊ သုံးပါးသုံးပါးသော ဂါဟတို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ ဧဝံ၊ သို့။ ဂါဟဝသေန၊ ဖမ်းတတ်သော တရား၏အစွမ်း

ဖြင့်။ သမတိံသ၊ အမျှသုံးဆယ်ကုန်သော။ ဥပက္ကိလေသာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တေသံ၊ ထိုဒိဋ္ဌိဂါဟစသည်ဟု မှတ်အပ်ကုန်သော ဥပက္ကိလေသတို့၏။ ဝသေန၊ ဖြင့်။ အကုသလော၊ မလိမ္မာသော။ အဗျတ္တော၊ ထင်သောဉာဏ်မရှိသော။ ယောဂါဝစရော၊ သည်။ ဩဘာသာဒီသု၊ ဩဘာသစသည်တို့ကြောင့်။ ကမ္ပတိ၊ တုန်လှုပ်၏။ ဝိက္ခိပတိ၊ ပျံ့လွင့်၏။ ဩဘာသာဒီသု၊ ဩဘာသစသည်တို့တွင်။ ကေကံ၊ တပါး တပါးကို။ တေံ၊ ဤတရားသည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ သော။ ဤသည်ကား။ အဟံ အသ္မိ၊ ငါဖြစ်၏။ သော၊ ဤသည်ကား။ မေ အတ္တာ၊ ငါ၏ကိုယ်တည်း။ ဣတိ၊ သို့။ သမနုပဿတိ၊ အဖန်တလဲလဲ ရှု၏။ တေန၊ ထိုကြောင့်။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ ဩဘာသေ စေဝ။ပ။ နိကန္တိယာတိ၊ ဟူ၍။ အာဟု၊ ကုန်ပြီ။

[ယေဟိ၊ အကြင်ဥပက္ကိလေသတို့ဖြင့်။ စိတ္တံ၊ သည်။ ပဝေဓတိ၊ တုန်လှုပ်၏။ ဩဘာသေ စေဝ၊ ဩဘာသကြောင့်ရင်း၊ ဝါ၊ ဩဘာသ၌ရင်း။ ဉာဏေ စ၊ ဉာဏ်ကြောင့်ရင်း၊ ဝါ၊ ၌ရင်း။ ပီတိယာ စ၊ ကြောင့်ရင်း၊ ဝါ၊ ၌ရင်း။ ပဿဒ္ဓိယာ စ၊ ကြောင့်ရင်း၊ ဝါ၊ ၌ရင်း။ သုခေ စ၊ ကြောင့် ရင်း၊ ဝါ၊ ၌ရင်း။ တေဟိ ဥပက္ကိလေသေဟိ၊ တို့ဖြင့်။ စိတ္တံ၊ သည်။ ဝိကမ္ပတိ၊ လှုပ်၏။

[၂၇၄] အဓိမောက္ခေ စ၊ ကြောင့်ရင်း၊ ဝါ၊ ၌ရင်း။ ပဂ္ဂါဟေ စ၊ ကြောင့်ရင်း၊ ဝါ၊ ၌ရင်း။ ဥပဋ္ဌာနေ စ၊ သတိကြောင့်ရင်း၊ ဝါ၊ ၌ရင်း။ ဥပေက္ခာဝဇ္ဇနာယ စ၊ ဥပေက္ခာဝဇ္ဇနာကြောင့်ရင်း၊ ဝါ၊ ၌ရင်း။ ဥပေက္ခာယ စ၊ ဝိပဿနုပေက္ခာကြောင့်ရင်း။ ဝါ၊ ၌ရင်း။ နိကန္တိယာ စ၊ ကြောင့်ရင်း၊ ဝါ၊ ၌ရင်း။ တေဟိ ဥပက္ကိလေသေဟိ၊ တို့ဖြင့်။ စိတ္တံ၊ သည်။ ကမ္ပတိ၊ တုန်လှုပ်၏။]

မဂ္ဂါမဂ္ဂဝဝတ္ထာနကထာ

၇၃၆။ ပန၊ အလျော်ကိုဆိုအံ့။ ကုသလော၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌ လိမ္မာသော။ ပဏ္ဍိတော၊ မှည့်ရင့်သော ပညာရှိသော။ ဗျတ္တော၊ အာဂုံ ပါဠိ နှံ့သိလိမ္မာသော။ ဗုဒ္ဓိသမ္ပန္နော၊ ဥပက္ကိလေသတို့၌အပြစ် ထိုဥပက္ကိ- လေသတို့ကို သုတ်သင်ခြင်း၌ အကျိုးကိုသိသော ပညာနှင့်ပြည့်စုံသော။

ယောဂါဝစရော၊ သည်။ ဩဘာသာဒီသု၊ ဩဘာသစသည်တို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်လတ်သော်။ (အာစရိယေန၊ ကမ္မဋ္ဌာန်းပေးသော ဆရာသည်။ ကမ္မဋ္ဌာနဒါနကာလေ၊ ကမ္မဋ္ဌာန်းပေးသောကာလ၌။ ဥဒယဗ္ဗယဉာဏုပ္ပတ္တိသမယေ၊ ဥဒယဗ္ဗယဉာဏ်ဖြစ်သောအခါ၌။ ယေ ဩဘာသော၊ အကြင်ဩဘာသစသည်ကို။ ဥပ္ပဇ္ဇတီတိ၊ ဖြစ်တတ်သည်ဟူ၍။ ဝုတ္တော၊ မှာတော်မူအပ်၏။) မေ၊ ငါအား။ ခေါ၊ စင်စစ်။ သော၊ ထို ငါ့ဆရာမှာလိုက်သော သဘောရှိသော။ အယံ ဩဘာသော၊ ဤဝိုးဝိုး ဝင်းဝင်း ထွန်းလင်းသောအရောင်သည်။ ဥပ္ပန္နော၊ ဖြစ်လတ်ပြီ။ သော ခေါ ပနာယံ ဩဘာသော၊ ထိုဆရာမှာလိုက်သော သဘောရှိသော ဤ ဩဘာသသည်။ အနိစ္စော၊ မမြဲ။ သင်္ခတော၊ အကြောင်းတရားတို့သည် ပြုပြင်အပ်၏။ ပဋိစ္စသမုပ္ပန္နော၊ အကြောင်းတရားကိုစွဲ၍ ဖြစ်တတ်၏။ ခယဓမ္မော၊ ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မော၊ ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မော၊ ကင်းခြင်းသဘောရှိ၏။ နိရောဓဓမ္မော၊ ချုပ်ခြင်းသဘော ရှိ၏။ ဣတိ၊ သို့။ ဣတိ ဝါ၊ ဤသို့သော အခြင်းအရာအားဖြင့်မူလည်း။ တံ၊ ထိုဩဘာသကို။ ပညာယ၊ ပညာဖြင့်။ ပရိစ္ဆိန္ဒတိ၊ ပိုင်းခြား၏။ ဥပပရိက္ခတိ၊ အဖန်တလဲလဲ စုံစမ်းဆင်ခြင်၏[၁]။ အထ ဝါ ပန၊ ထိုမှတပါး လည်း။ အဿ၊ ထိုယောဂီအား။ ဧဝံ စိတ္တံ၊ ဤဆိုလတံ့သောစိတ်သည်။ ဟောတိ၊ ၏။ ဩဘာသော၊ ဩဘာသသည်။ သစေ အတ္တာ ဘဝေယျ၊ အကယ်၍ အတ္တဖြစ်ငြားအံ့။ အတ္တာတိ ဂဟေတုံ၊ အတ္တဟူ၍မှတ်ယူခြင်းငှါ။ ဝဋ္ဋေယျ၊ ဖြစ်ရာ၏။ ပန၊ ထိုသို့ကားမဟုတ်။ အနတ္တာ စ၊ အတ္တမဟုတ် ပါပဲလျက်။ အယံ၊ ဤဩဘာသကို။ အတ္တာတိ၊ ဟူ၍။ ဂဟိတော၊ ယူအပ်၏။ တသ္မာ၊ ထိုကြောင့်။ သော ဩဘာသော၊ ထိုဩဘာသသည်။ အဝသဝတ္တနဋ္ဌေန၊ အလိုသို့လိုက်တတ်သော သဘောမရှိသည်၏အဖြစ် ကြောင့်။ အနတ္တာ၊ မည်၏။ ဟုတွာ၊ ရှေးကမရှိ ယခုမှဖြစ်၍။ အဘာဝဋ္ဌေန၊ အရှည်မတည် ပျက်စီးတတ်သည်၏အဖြစ် တည်းဟူသောသဘော

---

[၁] -ဤပဌမနည်း၌ အနိစ္စလက္ခဏာဝိဘာဝနကိုသာလျှင် ပြအပ်၏၊ ထိုအနိစ္စလက္ခဏာ သည် ပြီးလတ်သော် ဤမှတပါးသော လက္ခဏာနှစ်ပါးသည် ပြီးသည်သာတည်း၊ ယခု အခါ ဩဘာသစသည်တို့ကိုမှီ၍ ဖြစ်လတံ့သော ဒိဋ္ဌိဂါဟစသည်တို့ကို ဥဂ္ဃါဋိတညူသမုဂ္ဃါဋိတညူ- ပရိယာဒါန၏အစွမ်းဖြင့် မနသိကာရဝီထိကိုပြခြင်းငှါ သစေ ဩဘာသော အတ္တာ ဘဝေယျ- စသည်ကို မိန့်သော်။ (ပြည်)

ကြောင့်။ အနိစ္စေ၊ အနိစ္စမည်၏။ ဥပ္ပါဒဝယပဋိပီဠနဋ္ဌေန၊ ဖြစ်ခြင်းပျက်ခြင်းတို့သည် အဖန်တလဲလဲ နှိပ်စက်အပ်သည်၏အဖြစ် တည်းဟူသော သဘောကြောင့်။ ဒုက္ခေ၊ မည်၏။ ဣတိ၊ သို့။ ဧဝံ စိတ္တံ၊ ဤသို့သော စိတ်သည်။ ဟောတိ၊ ၏။ သဗ္ဗံ၊ အလုံးစုံကို။ အရူပသတ္တကေ၊ ၌။ ဝုတ္တနယေန၊ ဖြင့်။ ဝိတ္ထာရေတဗ္ဗံ၊ ချဲ့အပ်၏။ စ၊ ဆက်ဦးဆိုအံ့။ ဩဘာသေ၊ ၌။ ဝိတ္ထာရေတဗ္ဗံ ယထာ၊ ချဲ့အပ်၏ သို့၊ ဧဝံ၊ တူ။ သေသေသုပိ၊ ကြွင်းသော ကိုးပါးသောဥပက္កိလေသတို့၌လည်း။ ဝိတ္ထာရေတဗ္ဗံ၊ ချဲ့အပ်၏။

သော၊ ထိုယောဂီသည်။ ဧဝံ၊ သို့။ ဥပပရိက္ခိတွာ၊ စုံစမ်းဆင်ခြင်၍။ ဩဘာသံ၊ ကို။ ဧတံ၊ ဤဩဘာသသည်။ မမ၊ ငါ၏။ န သန္တကံ၊ ဥစ္စာ မဟုတ်။ ဧသော၊ ဤဩဘာသသည်။ အဟံ န အသ္မိ၊ ငါမဖြစ်။ ဧသော၊ ဤဩဘာသသည်။ မေ၊ ငါ၏။ အနတ္တာ၊ ကိုယ်မဟုတ်။ ဣတိ၊ သို့။ သမနုပဿတိ၊ ၏[၁]။ ဉာဏံ၊ ဉာဏ်ကို။ပ။ နိကန္တိံ၊ ကို။ ဧတံ၊ ဤနိကန္တိသည်။ မမ၊ ၏။ န သန္တကံ၊ မဟုတ်။ ဧသော၊ ဤနိကန္တိသည်။ အဟံ န အသ္မိ၊ ငါမဖြစ်။ ဧသော၊ ဤနိကန္တိသည်။ မေ၊ ၏။ န အတ္တာ၊ ကိုယ် မဟုတ်။ ဣတိ၊ သို့။ သမနုပဿတိ၊ ၏။ ဧဝံ၊ သို့။ သမနုပဿန္တော၊ အဖန်တလဲလဲရှုသော ယောဂီသည်။ ဩဘာသာဒီသု၊ ဩဘာသစသည်တို့ကြောင့်။ န ကမ္ပတိ၊ မတုန်မလှုပ်။ န ဝေဓတိ၊ မတုန်မလှုပ်။ တေန၊ ကြောင့်။ ပေါရာဏာ၊ တို့သည်။ ဣမာနိ ဒသဋ္ဌာနာနိ။ပ။ ဂစ္ဆတီတိ၊ ဟူ၍။ အာဟု၊ ကုန်ပြီ။

[ဣမာနိ ဒသဋ္ဌာနာနိ၊ ဤဆိုအပ်ပြီးသော အပြားရှိကုန်သော ဩဘာသစသော ဆယ်ပါးသော ဥပက္ကိလေသကာရဏတို့ကို။ ယဿ၊ အကြင်ယောဂီ၏။ ပညာ၊ သည်။ ပရိစိတာ၊ ဩဘာသစသည်တို့၌ အနိစ္စတာစသည်တို့ကို မှတ်သည်၏အစွမ်းအားဖြင့် လေ့ကျက်ခြင်းရှိလတ်ပြီ၊ ဝါ၊ သိမ်းဆည်း၍ ထက်ဝန်းကျင်မှ ဆင်ခြင်၍တည်လတ်ပြီ။ သော ယောဂီ၊ သည်။ ဓမ္မုဒ္ဓစ္စကုသလော၊ ဓမ္မုဒ္ဓစ္စ၏မဂ်မဟုတ်သည်၏အဖြစ်ကို သိသဖြင့်

---

၁-ဩဘာသံ နေတံ မမ-ဟု အဖန်တလဲလဲရှုသော ယောဂီသည် တဏှာဂါဟမှ စိတ်ကို စင်ကြယ်စေသည်မည်၏၊ နေသောဟမသ္မိ-ဟု ရှုသောယောဂီသည် မာနဂါဟမှ စိတ်ကို စင်ကြယ်စေသည်မည်၏၊ န မေသော အတ္တာ-ဟု ရှုသောယောဂီသည် ဒိဋ္ဌိဂါဟမှ စိတ်ကို စင်ကြယ်စေသည်မည်၏။ ထိုကြောင့် ဩဘာသံ နေတံ မမ-စသည်ကို မိန့်သော်။ (ပြည်)

ဓမ္မုဒ္ဓစ္စ၌လိမ္မာသည်။ ဟောတိ၊ ၏။ ဝိက္ခေပဥ္စ၊ ပျံ့လွင့်ခြင်းသို့လည်း။ န ဂစ္ဆတိ၊ မရောက်။]

သော၊ ထိုယောဂီသည်။ ဝေ၊ သို့။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ အဂစ္ဆန္တော၊ မရောက်သည်ဖြစ်၍။ သမတိံသဝိဓံ၊ အမျှသုံးဆယ် အပြားရှိသော။ တံဉပက္ကိလေသဇဋံ၊ ထိုဉပက္ကိလေသတည်းဟူသော အမြွေးအရှက်ကို။ ဝိဇဋေတွာ၊ သုတ်သင်ရှင်းလင်း၍။ ဩဘာသာဒယော၊ ကုန်သော၊ ဓမ္မာ၊ တို့သည်။ န မဂ္ဂေါ၊ မဂ်မဟုတ်ကုန်။ ပန၊ အလျှော်ကိုဆိုအံ့။ ဥပက္ကိလေသ-ဝိမုတ္တံ၊ ဥပက္ကိလေသမှလွတ်သော။ ဝီထိပဋိပန္နံ၊ ဥဒယဗ္ဗယာနုပဿနာ၏ အစွမ်းဖြင့် ဝိပဿနာ ခရီးမှန်သွားသော။ ဝိပဿနာဉာဏံ၊ ဝိပဿနာ ဉာဏ်သည်။ မဂ္ဂေါ၊ ဖြောင့်မှန်သောခရီးတည်း။ ဣတိ၊ သို့။ မဂ္ဂဉ္စ၊ ခရီး ဟုတ်သည်ကိုရင်း။ အမဂ္ဂဉ္စ၊ ခရီးမဟုတ်သည်ကိုရင်း။ ဝဝတ္ထပေတိ၊ ပိုင်းခြားမှတ်သား၏။ တဿ၊ ထိုယောဂီ၏။ ဝေ၊ သို့။ အယံ၊ ဤဝီထိ-ပဋိပန္န ဝိပဿနာဉာဏ်သည်။ မဂ္ဂေါ၊ ခရီးတည်း။ အယံ၊ ဤဉပက္ကိလေသသည်။ န မဂ္ဂေါ၊ ခရီးမဟုတ်။ ဣတိ၊ သို့။ မဂ္ဂဉ္စ၊ ကိုရင်း၊ အမဂ္ဂဉ္စ၊ ကိုရင်း။ ဉတွာ၊ ၍။ ဌိတံ၊ တည်သော။ ဉာဏံ၊ သည်။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ မည်၏၊ ဝါ၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိတတ်သောမြင်တတ်သော ဉာဏ်စင်ကြယ်ခြင်းမည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

ပန၊ အကျိုးကိုဆိုအံ့။ ဧတ္တာဝတာ၊ ဤမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံခြင်းတည်းဟူသော အတိုင်းအရှည်ရှိသည်၏ အဖြစ်ဖြင့်၊ ဝါ၊ ဤမျှ အတိုင်းအရှည်ရှိသော အစီအရင်ဖြင့်။ (စ-ကား၊ ပဒပူရဏ။) တေန၊ ထို ယောဂီသည်။ တိဏ္ဏံ သစ္စာနံ၊ သစ္စာသုံးပါးတို့ကို။ ဝဝတ္ထာနံ၊ ပိုင်းခြားခြင်း မှတ်ခြင်းကို။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ၏။ ကထံ ဟောတိ၊ ကား။ ဒိဋ္ဌိဝိသုဒ္ဓိယံ၊ ဒိဋ္ဌိဝိသုဒ္ဓိကို။ အဓိဂတာယ၊ ရအပ်သည်ရှိသော်။ (တနည်း) ဒိဋ္ဌိဝိသုဒ္ဓိယံ၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဖြင့် မိစ္ဆာအယူကို သုတ်သင်ခြင်း၌။ တာဝ၊ စွာ။ နာမရူပဿ၊ နာမ်ရုပ်ကို။ ဝဝတ္ထာပနေန၊ ပိုင်းခြားမှတ်သားသဖြင့်။ ဒုက္ခသစ္စဿ၊ ဒုက္ခသစ္စာကို။ ဝဝတ္ထာနံ၊ ကို။ ကတံ၊ သည်။ (ဟောတိ၊ ၏။ ကသ္မာ၊ ကား။ ဒုက္ခသစ္စာပရိယာပန္နဿ၊ ဒုက္ခသစ္စာ၌ အတွင်း ဝင်သော။ နာမရူပဿ၊ ကို။ ဝဝတ္ထာပနတော၊ ပိုင်းခြားမှတ်သားခြင်း

ကြောင့်တည်း။) ကင်္ခါဝိတရဏဝိသုဒ္ဓိယံ၊ ကို။ (အဓိဂတာယ၊ သော်။) ပစ္စယပရိဂ္ဂဟေန၊ ပစ္စည်းကို သိမ်းဆည်းသဖြင့်။ သမုဒယသစ္စဿ၊ ကို။ ဝဝတ္ထာနံ၊ ကို။ ကတံ၊ သည်။ ဟောတိ၊ ၏။ ဣမိဿံ မဂ္ဂါမဂ္ဂဉာဏ-ဒဿနဝိသုဒ္ဓိယံ၊ ကို။ (အဓိဂတာယ၊ သော်။) သမ္မာ၊ မဖောက်မပြန်။ မဂ္ဂဿ၊ အရိယမဂ်၏အကြောင်းဖြစ်သော လောကီမဂ်ကို။ အဝဓာရဏေန၊ ပိုင်းခြားခြင်းဖြင့်။ မဂ္ဂသစ္စဿ၊ ကို။ [၂၇၅] ဝဝတ္ထာနံ၊ ကို။ ကတံ၊ သည်။ ဟောတိ၊ ၏။ ဣတိ ဇဝံ၊ ဤသို့။ လောကိယေနေဝ၊ လောကီ သာလျှင်ဖြစ်သော။ ဉာဏေန၊ ဖြင့်။ တာဝ၊ လက်ဦးစွာ။ တိဏ္ဏံ၊ ကုန်သော။ သစ္စာနံ၊ တို့ကို။ ဝဝတ္ထာနံ၊ ကို။ ကတံ၊ သည်။ ဟောတိ၊ ၏။

ဣတိ သာဓုဇနပါမောဇ္ဇတ္ထာယ ကတေ ဝိသုဒ္ဓိမဂ္ဂေ

ပညာဘာဝနာဓိကာရေ

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသော နာမ ဝီသတိမော ပရိစ္ဆေဒေါ။

# ၂၁-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ

## ဥပက္ကိလေသဝိမုတ္တဥဒယဗ္ဗယဉာဏကထာ (၂၇၆-၇)

[၂၇၆] ၇၃၇။ ပန၊ တသီးတခန်းကိုဆိုအံ့။ အဋ္ဌန္နံ၊ ရှစ်ပါးအတိုင်းအရှည်ရှိကုန်သော။ ဉာဏာနံ၊ ဥဒယဗ္ဗယစသောဉာဏ်တို့၏။ ဝသေန၊ ဖြင့်။ သိခါပ္ပတ္တာ၊ အပြီးသို့ရောက်သော၊ ဝါ၊ အထွတ်အဖျားသို့ ရောက်သော။ ဝိပဿနာ စ၊ ဝိပဿနာဉာဏ်သည်၎င်း။ နဝမံ၊ ကိုးခုမြောက်သော။ သစ္စာနုလောမိကံ၊ သစ္စာလေးပါးကို သိခြင်းအားလျော်သော။ ဉာဏဥ္စ၊ အနုလောမဉာဏ်သည်၎င်း။ ဣတိ၊ သို့။ အယံ၊ ဤကိုးပါးသော ဉာဏ်သည်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏[၁]။ စ၊ ဆက်၍ဆိုအံ့။ အဋ္ဌန္နန္တိ ဧတ္ထ၊ ဟူသော ဤပါဌ်၌။ ဥပက္ကိလေသဝိမုတ္တံ၊ ဥပက္ကိလေသမှလွတ်သော။ ဝီထိပဋိပန္နံ၊ ဝိပဿနာ ခရီးလမ်းမှန်သွားသော။ ဝိပဿနာသင်္ခါတံ၊ ဝိပဿနာဟုဆိုအပ်သော။ ဥဒယဗ္ဗယာနုပဿနာဉာဏံ၊ ၎င်း။ ဘင်္ဂါနုပဿနာဉာဏံ၊ ၎င်း။ ဘယတုပဋ္ဌာနဉာဏံ၊ ၎င်း။ အာဒီနဝါနုပဿနာဉာဏံ၊ ၎င်း။ နိဗ္ဗိဒါနုပဿနာဉာဏံ၊ ၎င်း။ မုဉ္စိတုကမျတာဉာဏံ၊ ၎င်း။ ပဋိသင်္ခါနုပဿနာဉာဏံ၊ ၎င်း။ သင်္ခါရုပေက္ခာ-

---

၁-အဘယ့်ကြောင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်သနည်း? ဥဒယဗ္ဗယာဒီနံ ပန ဇာနနဋ္ဌေန, ပစ္စက္ခတော ဒဿနဋ္ဌေန စ ဉာဏဒဿနာနိ၊ ဥဒယဗ္ဗယဉာဏာဒီနိ။ တာနိ-ယေဝ ပဋိပက္ခတော ဝိသုဒ္ဓတ္တာ ဉာဏဒဿနဝိသုဒ္ဓိ၊ သာ ဝေ အရိယမဂ္ဂေ ပဋိပဇ္ဇတိ တာယာတိ ပဋိပဒါ စာတိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။ ပန၊ ဆက်၍ဆိုအံ့။ ဥဒယဗ္ဗယာဒီနံ၊ ဖြစ်ခြင်း ပျက်ခြင်းစသည်တို့ကို။ ဇာနနဋ္ဌေန၊ သိခြင်းအနက်ကြောင့်၎င်း။ ပစ္စက္ခတော၊ ပစ္စက္ခအားဖြင့်။ ဒဿနဋ္ဌေန စ၊ မြင်ခြင်းအနက်ကြောင့်၎င်း။ ဥဒယဗ္ဗယဉာဏာဒီနိ၊ ဥဒယဗ္ဗယဉာဏ်စသည်တို့သည်။ ဉာဏဒဿနာနိ၊ သိတတ်မြင်တတ်သည်ဖြစ်ကုန်၏။ တာနိ-ယေဝ၊ ထိုဉာဏဒဿနတို့သည်သာလျှင်။ ပဋိပက္ခတော၊ ဆန့်ကျင်ဖက်မှ။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ ဉာဏဒဿနဝိသုဒ္ဓိ၊ မည်၏။ သာ ဝေ၊ ထိုဉာဏဒဿနဝိသုဒ္ဓိသည်ပင်လျှင်။ တာယ၊ ထိုဉာဏဒဿနဝိသုဒ္ဓိဖြင့်။ အရိယမဂ္ဂေ၊ အရိယမဂ်သို့။ ပဋိပဇ္ဇတိ၊ ရောက်အပ်၏၊ ဝါ၊ အရိယမဂ္ဂေ၊ ကို။ ပဋိပဇ္ဇတိ၊ ကျင့်အပ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ပဋိပဒါ စ၊ ပဋိပဒါမည်သည်လည်း။ ဟောတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ပဋိပဒါ-ဉာဏဒဿနဝိသုဒ္ဓိ၊ မည်၏။ ဋီကာနက်။ (ပြည်)

ဉာဏံ၊ ၎င်း။ ဣတိ၊ သို့။ ဣမာနိ အဋ္ဌ ဉာဏာနိ၊ ဤရှစ်ပါးသောဉာဏ်တို့ကို။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ နဝမံ သစ္စာနုလောမိကဉာဏန္တိ တေ၊ ဉာဏံဟူသော ဤအမည်သည်။ အနုလောမဿ၊ အနုလောမဉာဏ်၏။ အဓိဝစနံ၊ အမည် တည်း။ တသ္မာ၊ ထို (သို့ ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်အစ ရှိသော ကိုးပါးသောဉာဏ်၏ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်သည်၏အဖြစ်) ကြောင့်။ တံ၊ ထိုပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကို။ သမ္ပာဒေတုကာမေန၊ ပြည့်စုံစေခြင်းငှါ အလိုရှိသောယောဂီသည်။ ဥပက္ကိလေသဝိမုတ္တံ၊ ဥပက္ကိ- လေသမှလွတ်သော။ ဥဒယဗ္ဗယဉာဏံ၊ ဥဒယဗ္ဗယဉာဏ်ကို။ အာဒိံ ကတွာ၊ အစပြု၍။ ဧတေသု ဉာဏေသု၊ ထိုကိုးပါးသောဉာဏ်တို့၌။ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။

၇၇၈။ ပုန၊ တဖန်။ ဥဒယဗ္ဗယဉာဏေ၊ ၌။ ယောဂေါ၊ အားထုတ် ခြင်းသည်။ ကိမတ္ထိယော၊ အဘယ်အကျိုးရှိသနည်း။ ဣတိ၊ သို့။ စေ ဝဒေ- ယျ၊ အကယ်၍ဆိုငြားအံ့ [၁]။ လက္ခဏသလ္လက္ခဏတ္ထော၊ အနိစ္စစသော လက္ခဏာတို့ကို ကောင်းစွာမှတ်နိုင်ခြင်း အကျိုးရှိ၏။ ဟိ-ယသ္မာ၊ ကြောင့်။ ဥဒယဗ္ဗယဉာဏံ၊ သည်။ ဟေဋ္ဌာ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမှအောက်၌။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဥပက္ကိလေသေဟိ၊ ဥပက္ကိလေသတို့ဖြင့်။ ဥပက္ကိလိဋ္ဌံ၊ ညစ်နွမ်းသည်။ ဟုတွာ၊ ၍။ ယာထာဝသရသတော၊ မဖောက် မပြန် မိမိ၏သဘောအားဖြင့်၊ ဝါ၊ မိမိ၏ကိစ္စအားဖြင့်။ တိလက္ခဏံ၊ အနိစ္စစသော သုံးပါးသောလက္ခဏာကို။ သလ္လက္ခေတုံ၊ ကောင်းစွာ မှတ်ခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်ခဲ့။ ပန၊ လဒ္ဓဂုဏ်ကိုဆိုအံ့၊ ဝါ၊ စင်စစ်။ ဥပက္ကိလေသဝိမုတ္တံ၊ ဥပက္ကိလေသမှလွတ်သော။ (ဥဒယဗ္ဗယဉာဏံ၊ သည်။) တိလက္ခဏံ၊ ကို။ သလ္လက္ခေတုံ၊ ငှါ။ သက္ကောတိ၊ ၏။ တသ္မာ၊ ကြောင့်။ လက္ခဏသလ္လက္ခဏတ္ထံ၊ အနိစ္စစသောလက္ခဏာတို့ကို ကောင်းစွာမှတ်နိုင်ခြင်း

---

၁-ဥပက္ကိလေသဝိမုတ္တံ-ဟူသော ဝိသေသနဖြင့် ထင်စွာပြအပ်သောအနက်ကို နား မလည်သည်ဖြစ်၍ စောဒကသည် ပုန ဥဒယဗ္ဗယဉာဏေ ယောဂေါ ကိမတ္ထိယော-ဟု ပုစ္ဆာ ပြုသတည်း။ ရှေးဦးကပင် ပြီးပြီဖြစ်ရကား ကျက်ပြီးသည်ကို တဖန်ချက်ပြန်သကဲ့သို့ အကျိုး မရှိ နိရတ္ထကဟူလို။ တနည်း။ လက္ခဏာကို ကောင်းစွာမှတ်ခြင်းစသော အကြောင်းအစဉ် ကို ယူခြင်းအားဖြင့် ထိုအနက်ကိုသိစေလို၍ ဆရာသည်ပင် ကထေတုကမျတာ ပုစ္ဆာအား ဖြင့် ကိမတ္ထိယော-ဟု မေးသတည်း။ (ပြည်)

အကျိုး၄ါ။ ဓွေ၊ ဤဥဒယဗ္ဗယညာဏ်၌။ ပုန၊ ဖန်။ ယောဂေါ၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။

၇၃၉။ ပန၊ ပါး။ လက္ခဏာနိ၊ လက္ခဏာတို့သည်။ ကိဿ၊ အဘယ်တရားကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ကေန၊ အဘယ်တရားသည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ န ဥပဋ္ဌဟန္တိ၊ မထင်ကုန်သနည်း။ တာဝ၊ စွာ။ အနိစ္စလက္ခဏံ၊ သည်။ ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်းပျက်ခြင်းတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ သန္တတိယာ၊ အစဉ်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ န ဥပဋ္ဌာတိ၊ မထင်[၁]။ ဒုက္ခလက္ခဏံ၊ သည်။ အဘိဏှသမ္ပဋိပီဠနဿ၊ မပြတ်အဖန်တလဲလဲ နှိပ်စက်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဣရိယာပထေဟိ၊ ဣရိယာပုထ်တို့သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ န ဥပဋ္ဌာတိ၊ မထင်[၂]။ အနတ္တလက္ခဏံ၊ သည်။ နာနာဓာတုဝိနိဗ္ဘောဂဿ၊ ပထဝီအာပေါစသော အထူးထူးသောဓာတ် ဖဿဝေဒနာစသော အထူးထူးသော သဘာဝဓမ္မကို အသီးသီး ခွဲခြမ်းဝေဖန်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဃနေန၊ တခဲနက်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ န ဥပဋ္ဌာတိ၊ မထင်[၃]။ ပန၊ အလျှော်ကိုဆိုအံ့။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ သန္တတိယာ၊ အစဉ်ကို။ ဝိကောပိတာယ၊ ဖျက်ဆီးအပ်သည်ရှိသော်။ အနိစ္စလက္ခဏံ၊ သည်။ ယာထာဝသရသတော။

---

၁-ထိုသန္တတိသည် ဖြစ်ခြင်းပျက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့် ဖုံးလွှမ်းတတ်သည် ဖြစ်ရကား ဥဒယဗ္ဗယာနံ အမနသိကာရာ-ဟူသတည်း။

၂-ထိုဣရိယာပုထ်တို့သည်လည်း မပြတ်အဖန်ဖန် နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဖုံးလွှမ်းတတ်သည် ဖြစ်ကုန်ရကား အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ-ဟူသတည်း။ (ပြည်)

၃-ထိုဃနတို့သည်လည်း နာနာဓာတုဝိနိဗ္ဘောဂအမနသိကာရကြောင့် ဖုံးလွှမ်းတတ်သည် ဖြစ်ကုန်ရကား နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ-ဟူသတည်း။ ဥဒယဗ္ဗယကို ရှုသော ယောဂီအား ဥဒယအဝတ္ထာသည် ဝယအဝတ္ထာသို့မရောက်၊ ဝယအဝတ္ထာသည်လည်း ဥဒယအဝတ္ထာသို့မရောက်၊ ဥဒယက္ခဏလည်းတပါး ဝယက္ခဏလည်းတပါးဖြစ်၍ တခုတည်းသော ဓမ္မသည်လည်း ခဏ၏အစွမ်းအားဖြင့် ဘေဒအားဖြင့် ထင်တုံသေး၏၊ အတိတ်စသည် ကွဲပြားသောဓမ္မသည်ကား အဘယ်ဆိုဖွယ် ရှိအံ့နည်းဟု ပြလိုရကား ဥဒယဗ္ဗယံပန။ပ။ ဥပဋ္ဌာတိ-မိန့်သော်။ (ပြည်)

ဖြင့်။ ဥပဋ္ဌာတိ၊ ၏[၁]။ အဘိဏှသမ္ပဋိပီဠနံ၊ သိမ်းဆည်းအပ်ပြီးသော ဥဒယဗ္ဗယ၏အစွမ်းဖြင့် သင်္ခါရတို့၏ မပြတ် အဖန်တလဲလဲ နှိပ်စက်အပ်ညှဉ်းဆဲအပ်သည်၏ အဖြစ်ကို။ မနသိ ကရိတွာ၊ နှလုံးသွင်း၍။ ဣရိယာ-ပထေ၊ ဣရိယာပုထ်ကို၊ ဝါ၊ ၌။ (လဗ္ဘမာနဒုက္ခပဋိစ္ဆာဒကဘာဝေ၊ ရသင့်သောဒုက္ခကို ဖုံးလွှမ်းတတ်သည်၏ အဖြစ်ကို။) ဥဂ္ဃါဋိတေ၊ ခွါအပ်သည်ရှိသော်။ ဒုက္ခလက္ခဏံ၊ သည်။ ယာထာဝသရသတော၊ ဖြင့်။ ဥပဋ္ဌာတိ၊ ၏။ နာနာဓာတုယော၊ ပထဝီအာပေါစသော အထူးထူးသောဓာတ်တို့ကို၊ ဝါ၊ ဖဿဝေဒနာစသော အထူးထူးသော သဘာဝဓမ္မတို့ကို။ ဝိနိဗ္ဘုဇိတွာ၊ (အညာ ပထဝီဓာတု အညာ အာပေါဓာတု-စသည်ဖြင့်ရင်း ဒေ့သော ဖဿော အညာ ဝေဒနာ-စသည်ဖြင့်ရင်း) အသီးအသီး ခွဲခြမ်းဝေဖန်ခြင်းကို ပြု၍။ ဃနဝိနိဗ္ဘောဂေ၊ သမူဟဃန ကိစ္စဃန အာရမ္မဏဃနကို ခွဲခြမ်းဝေဖန်ခြင်းကို[၂]။ ကတေ၊ ပြုအပ်သည်ရှိသော်။ အနတ္တလက္ခဏံ၊ သည်။ ယာထာဝသရသတော၊ ဖြင့်။ ဥပဋ္ဌာတိ၊ ၏။

---

၁-ပုဗ္ဗာပရိယရှေ့နောက်အစဉ်အားဖြင့် ဖြစ်ကုန်သောဓမ္မတို့၏ တပါးတပါး၏ အဖြစ်ကို ကောင်းစွာမှတ်သဖြင့် အစဉ်ကို ခွါအပ်သည်ဟူလို။ ထိုစကားဆိုသင့်၏။ ကောင်းစွာလျှင် ဥဒယဗ္ဗယကိုမှတ်သော ယောဂီအား ဓမ္မတို့သည် တစပ်တည်းအားဖြင့် မထင်ကုန်၊ စင်စစ်သော်ကား သံချောင်းတို့ကဲ့သို့ အချင်းချင်း မစပ်သောအားဖြင့်သာလျှင် ထင်ကုန်သည်ဖြစ်၍ ကောင်းမွန်စွာလျှင် အနိစ္စလက္ခဏာသည် ထင်ရှားဖြစ်သတည်း။ (ပြည်)

၂-ဃနသုံးပါးတို့၏ အထူးအတိနည်း ? ယာ ဟေသာ အညမညူပတ္ထမ္ဘေသု သမုဒိတေသု ရူပါရူပဓမ္မေသု ကေတ္တာဘိနိဝေသဝသေန အပရိမဒ္ဒိတသင်္ခါရေဟိ ဂယှမာနာ သမူဟ-ဃနတာ၊ တထာ တေသံ တေသံ ဓမ္မာနံ ကိစ္စဘေဒဿ သတိပိ ပဋိနိယတဘာဝေ ကေတော ဂယှမာနာ ကိစ္စဃနတာ။ တထာ သာရမ္မဏဓမ္မာနံ သတိပိ အာရမ္မဏကရဏဘေဒေ ကေတော ဂယှမာနာ အာရမ္မဏဃနတာ စ၊ တာ ဓာတူသု ဉာဏေန ဝိနိဗ္ဘုဇ္ဇိတွာ ဒိဿမာနာ ဟတ္ထေန ပရိမဇ္ဇီယမာနော ဖေဏပိဏ္ဍော ဝိယ ဝိလယံ ဂစ္ဆန္တိ။ ယထာပစ္စယံ ပဝတ္တမာနာ သုညာ ဧတေ ဓမ္မာ ဓမ္မမတ္တာတိ အနတ္တလက္ခဏံ ပါကဋတရံ ဟောတိ၊ တေန ဝုတ္တံ နာနာ-ဓာတုယော။ပ။ ဥပဋ္ဌာတီတိ၊ ဋီကာ။ ဟိ-သစ္စံ၊ ၏။ အညမညူပတ္ထမ္ဘေသု၊ အချင်းချင်း ထောက်ပံ့အပ်ကုန်သော။ သမုဒိတေသု၊ အပေါင်းအစုဖြစ်ကုန်သော။ ရူပါရူပဓမ္မေသု၊ ရုပ်နာမ်တရားတို့၌။ ကေတ္တာဘိနိဝေသဝသေန၊ တခုတည်း၏အဖြစ်ကို နှလုံးသွင်းခြင်း၏ အစွမ်းဖြင့်။ အပရိမဒ္ဒိတသင်္ခါရေဟိ၊ ကမ္မဋ္ဌာန်းဖြင့် မနယ်ချေအပ်သော သင်္ခါရရှိသောသူတို့သည်။ ဂယှမာနာ၊ ယူအပ်သော။ ယာ သာ သမူဟဃနတာ စ၊ အကြင်အပေါင်းအားဖြင့် တလုံးတခဲတည်း၏ အဖြစ်သည်ရင်း။ တထာ၊ ထိုမှတပါး။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို ပထဝီဖဿစသော သဘာဝဓမ္မတို့၏။ ကိစ္စဘေဒဿ၊ ကိစ္စအထူးအပြား၏။ ပဋိနိယတဘာဝေ၊ အသီးအသီးမှတ်အပ်သည်၏ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ ကေတော၊ တပေါင်းတည်းအားဖြင့်။ ဂယှမာနာ၊ ယူအပ်သော။ ယာ သော

၇၄၀။ စ၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤနာမ်ရုပ်တရားအပေါင်းတို့၌။ အနိစ္စံ၊ အနိစ္စရင်း။ အနိစ္စလက္ခဏံ၊ အနိစ္စဟူ၍ မှတ်ကြောင်းလက္ခဏာရင်း။ ဒုက္ခံ၊ ဒုက္ခရင်း။ ဒုက္ခလက္ခဏံ၊ ဒုက္ခဟူ၍ မှတ်ကြောင်းလက္ခဏာရင်း။ အနတ္တာ၊ ရင်း။ အနတ္တလက္ခဏံ၊ အနတ္တဟူ၍ မှတ်ကြောင်းလက္ခဏာရင်း။ ဣတိ၊ သို့။ အယံ ဝိဘာဂေါ၊ ဤခြောက်ပါးသော ဝေဖန်ခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။ တတ္ထ၊ ထိုခြောက်ပါးသော ဝိဘာဂတို့တွင်။ အနိစ္စန္တိ၊ ကား။ ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါးအပေါင်းတည်း။ (မုဝဘာဝပဋိက္ခေပတော န နိစ္စန္တိ အနိစ္စံ ပြု၍ ခန္ဓာပဉ္စကရသတည်း) ကသ္မာ၊ ကြောင့်။ (အနိစ္စံ၊ အနိစ္စမည်သနည်း။) [၂၇၇] ဥပ္ပါဒဝယညထတ္တဘာဝါ၊ ဖြစ်ခြင်းပျက်ခြင်း, ဖြစ်ခြင်းပျက်ခြင်းမှတပါးသော ဌီဟူသော ဇရာသဘော ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စံ၊ မည်၏၊ ဝါ၊ ကား။ ဟုတွာ၊ ဖြစ်၍။ အဘာဝတော၊ အရှည်မတည်ပျက်စီးခြင်းကြောင့်။ အနိစ္စံ၊ မည်၏[၁]။ ဥပ္ပါဒဝယညထတ္တံ၊ ဖြစ်ခြင်းသဘော ပျက်ခြင်းသဘော ဖြစ်ခြင်းပျက်ခြင်းမှတပါး

---

ကိစ္စဃနတာ စ၊ အကြင်ကိစ္စအားဖြင့် တလုံးတခဲတည်း၏အဖြစ်သည်ရင်း။ တထာ၊ ပါး။ သာရမ္မဏဓမ္မာနံ၊ အာရုံရှိကုန်သောတရားတို့၏၊ ဝါ၊ အာရုံကိုယူတတ်ကုန်သော တရားတို့၏။ အာရမ္မဏကရဏဘေဒေ၊ အာရုံပြုခြင်း၏ ထူးပြားသည်၏အဖြစ်သည်။ သတိပိ၊ လည်း။ ဧကတော၊ ဖြင့်။၊ ဂယှမာနာ၊ သော။ ယာ သော အာရမ္မဏဃနတာ စ၊ အကြင်အာရုံအားဖြင့် တလုံးတတည်း၏အဖြစ်သည်ရင်း။ ဟောတိ၊ ၏။ တာ၊ ထိုသမူဟဃန ကိစ္စဃန အာရမ္မဏဃနတို့သည်။ ဓာတုသု၊ ဓာတ်တို့၌။ ဉာဏေန၊ ဉာဏ်ဖြင့်။ ဝိနိဗ္ဘုဇ္ဇိတွာ၊ ဝေဖန်၍။ ဒိဿမာနာ၊ ရှုအပ်ကုန်သည်ရှိသော်။ ဟတ္ထေန၊ လက်ဖြင့်။ ပရိမဇ္ဇိယမာနော၊ ဆုပ်နယ်အပ်သော။ ဖေဏပိဏ္ဍော ဝိယ၊ ရေမြှုပ်ဆိုင်ကဲ့သို့။ ဝိလယံ၊ ကျေပျက်ခြင်းသို့။ ဂစ္ဆန္တိ၊ ကုန်၏။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တမာနာ၊ ဖြစ်ကုန်သော။ ဧတေ ဓမ္မာ၊ ထိုတရားတို့သည်။ သုညာ၊ အတ္တမှဆိတ်ကုန်၏။ ဓမ္မမတ္တာ၊ သဘာဝဓမ္မမျှ ဖြစ်ကုန်၏။ ဣတိ၊ သို့။ အနတ္တလက္ခဏံ၊ သည်။ ပါကဋတရံ၊ အထူးသဖြင့်ထင်ရှားသည်။ .ဟောတိ၊ ၏။ တေန၊ ကြောင့်။ နာနာဓာတုယော။ပ။ ဥပဋ္ဌာတီတိ၊ ဟူ၍။ဝုတ္တံ၊ ၏။ ရင်းနက်။ (ပြည်)

၁-ဤနှစ်ပါးတို့တွင်လည်း ရှေးဟိတ်ဖြင့် ဇာတိသဘော ဇရာသဘော မရဏသဘော ထင်ရှားသည်၏အဖြစ်ကြောင့် အနိစ္စမည်၏-ဟု ပြသတည်း။ ဒုတိယဟိတ်ဖြင့် ပါကဘာဝ-ဝိဒ္ဓံသာဘာဝတော-ရင့်သည်၏အဖြစ် ပျက်စီးသည်၏အဖြစ်ကြောင့် အနိစ္စမည်၏-ဟု ပြသတည်း။ (ပြည်) ပါဂဘာဝဝိဒ္ဓံသာဘာဝတော-ဟူသော သီမူအရအားဖြင့် "မဖြစ်မီ ရှေးမဆွက မရှိသေးခြင်း, ဘင်ခဏဖြင့် ပျက်ပြီး၍ မရှိတော့ခြင်းကြောင့် အနိစ္စမည်၏ဟု ပြသည်ဟူ၍ မှတ်အပ်၏။ ဤအရာ၌ ပါဂဘာဝ-သာ ယုတ္တတရဖြစ်ကြောင်းကို ဝိသုဒ္ဓိနိဿယ ၂-၂၇၇-၂၇၈ အောက်ခြေမှတ်ချက်၌ ပြခဲ့ပြီ။ (ဆ-သံ-သော)

သော ဌီဟူသော ဇရာသဘော၏အဖြစ်သည်။ အနိစ္စလက္ခဏံ၊ အနိစ္စဟု မှတ်ကြောင်းလက္ခဏာမည်၏[၁]။ ဝါ၊ ကား။ ဟုတွာ အဘာဝသင်္ခါတော၊ ဖြစ်၍ပျက်ခြင်းဟု ဆိုအပ်သော။ အာကာရဝိကာရော၊ အခြင်းအရာ၏ ဖောက်ပြန်ခြင်းသည်၊ ဝါ၊ ဖောက်ပြန်သော အခြင်းအရာသည်။ အနိစ္စ-လက္ခဏံ၊ မည်၏[၂]။ (တနည်း) အာကာရဝိကာရော၊ အခြင်းအရာထူးသည်။ အနိစ္စလက္ခဏံ၊ မည်၏[၃]။

ပန၊ တပါး။ ယံ၊ အကြင်သဘောသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော သဘောတရားသည်။ ဒုက္ခံ၊ မည်၏။ ဣတိ၊ သို့။ ဝစနတော၊ ဟောတော်မူသောကြောင့်။ တဒေဝ ခန္ဓပဉ္စကံ၊ ထိုခန္ဓာငါးပါးအပေါင်းသည်ပင်လျှင်။ ဒုက္ခံ၊ မည်၏။ ကသ္မာ၊ ကား။ အဘိဏှပဋိပီဠနာ၊ ဖြစ်ခြင်းပျက်ခြင်းဖြင့် မပြတ် အဖန်တလဲလဲ နှိပ်စက်ညှဉ်းဆဲအပ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခံ၊ မည်၏။ အဘိဏှပဋိပီဠနာကာရော၊ ဖြစ်ခြင်းပျက်ခြင်းဖြင့်မပြတ် အဖန် တလဲလဲ နှိပ်စက်ညှဉ်းဆဲသော အခြင်းအရာသည်။ ဒုက္ခလက္ခဏံ၊ ဒုက္ခဟု မှတ်ကြောင်း လက္ခဏာမည်၏။

ပန၊ တပါး။ ယံ၊ အကြင်ခန္ဓာငါးပါး အပေါင်းသည်။ ဒုက္ခံ၊ မည်၏။ တံ၊ ထိုဒုက္ခမည်သော ခန္ဓာငါးပါးအပေါင်းသည်။ အနတ္တာ၊ မည်၏။ ဣတိ၊ သို့။ ဝစနတော၊ ဟောတော်မူသောကြောင့်။ တဒေဝ ခန္ဓပဉ္စကံ၊ ထိုခန္ဓာငါးပါးအပေါင်းသည်ပင်လျှင်။ အနတ္တာ၊ မည်၏။ ကသ္မာ၊ ကား။ အဝသဝတ္တနတော၊ တစုံတယောက်သောသူ၏အလိုသို့ မလိုက်ခြင်းကြောင့်

---

၁-အကြင်သို့သော လက္ခဏာရှိသည်၏အဖြစ်ကြောင့် ခန္ဓာပဉ္စကကို အနိစ္စဟုဆိုအပ်၏၊ ထိုသို့သော မှတ်ကြောင်းသည် အနိစ္စန္တိ လက္ခီယတိ ဧတေနာတိ အနိစ္စလက္ခဏံ-ဟူသော ဝစနတ္ထကြောင့် အနိစ္စလက္ခဏာမည်၏ဟု ပြလိုရကား ဥပ္ပါဒဝယညထတ္တ-စသည်ကို မိန့်သော်။ (ပြည်)

၂-ထိုစကား ဆိုသင့်၏။ ပျက်သောအခြင်းအရာကို ဖောက်ပြန်သောသဘောအားဖြင့် သိအပ်၏။ ဝိရူပတ္တာ၊ ဖောက်ပြန်သောသဘော ဖြစ်သောကြောင့်တည်း၊ ဖြစ်သောအခြင်း အရာကိုကား ဖောက်ပြန်သောသဘောအားဖြင့် မသိအပ်သောကြောင့်တည်း။ (ပြည်)

၃-ထိုစကား ဆိုသင့်၏။ ဖြစ်၍ပျက်ခြင်းသဘောသည် ပါကဘာဝ-ရင့်ခြင်းသဘောမှ ထူး၏။ အဘယ့်ကြောင့်နည်း? ဝိဒ္ဓံသာဘာဝတ္တာ-ပျက်စီးသည်၏ အဖြစ်ကြောင့်တည်း။ (ပြည်) ပါဂဘာဝတော ဘိန္နော-ဟူသော သိမှုအလိုအားဖြင့် ဟုတွာအဘာဝသည် ရှေး မဆွက မရှိသေးခြင်းမှ ထူး၏။ အဘယ့်ကြောင့်နည်း? ပျက်စီးခြင်းဟူသော မရှိခြင်းဖြစ် သောကြောင့်-ဟု မှတ်အပ်၏။ (ဆ-သံ-သော) ထိုပျက်စီးခြင်း၌လည်း အနိစ္စလက္ခဏာ သည် ဖြစ်၏။

တည်း။ အ၀သ၀တ္တနာကာရော၊ အလိုသို့မလိုက်သော အခြင်းအရာသည်။ အနတ္တလက္ခဏံ၊ အနတ္တဟုမှတ်ကြောင်း လက္ခဏာမည်၏[၁]။

တယိဒံ-တံ ဣဒံ သဗ္ဗမ္ပိ၊ ထိုအလုံးစုံသော (လက္ခဏတ္တယလက္ခိတဗ္ဗ ဖြစ်သော) ခန္ဓာပဉ္စကကိုလည်း။ အယံ ယောဂါ၀စရော၊ သည်။ ဥပက္ကိလေသဝိမုတ္တေန၊ ဥပက္ကိလေသမှလွတ်သော။ ဝီထိပဋိပန္နဝိပဿနာသင်္ခါတေန၊ ခရီးလမ်းမှန်သွားသော ဝိပဿနာဟု ဆိုအပ်သော။ ဥဒယဗ္ဗယာနုပဿနာဉာဏေန၊ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့်။ ယာထာ၀သရသတော၊ မဖောက်မပြန်ဟုတ်မှန်သော မိမိ၏သဘော လက္ခဏာအားဖြင့်။ သလ္လက္ခေတိ၊ ကောင်းစွာမှတ်၏[၂]။

---

၁-နိစ္စအဖြစ်ကို ပယ်သောအားဖြင့် နိစ္စံ၊ မြဲသည်။ န၊ မဟုတ်။ အနိစ္စံ၊ မမြဲ ဟု အနိစ္စအခြင်းအရာကို ပယ်သောအားဖြင့် ဆိုအပ်ပြီးသော အပြားရှိသော ပျက်သော အခြင်းအရာဟုဆိုအပ်သော အနိစ္စအခြင်းအရာသည် အနိစ္စလက္ခဏာ မည်သကဲ့သို့ ထိုအတူ သုခအဖြစ်ကိုပယ်သောအားဖြင့် ဒုက္ခမည်ရကား သုခအခြင်းအရာကို ပယ်သောအားဖြင့် မပြတ် အဖန်တလဲလဲ နှိပ်စက်ညှဉ်းဆဲခြင်းဟု ဆိုအပ်သော ဒုက္ခအခြင်းအရာသည် ဒုက္ခလက္ခဏာမည်၏။ ထိုအတူ အတ္တအဖြစ်ကို ပယ်သောအားဖြင့် အနတ္တမည်ရကား အတ္တအခြင်းအရာကို ပယ်သောအားဖြင့် အလိုသို့မလိုက်သော အခြင်းအရာဟု ဆိုအပ်သော အနတ္တအခြင်းအရာသည် အနတ္တလက္ခဏာမည်၏။ ထိုသုံးပါးသော လက္ခဏာတို့သည် သဘာ၀ဓမ္မ မဟုတ်သောကြောင့် ခန္ဓာ၌အတွင်းဝင်ကုန်သည် မဖြစ်ကုန်၊ ခန္ဓာနှင့်လည်း ကင်း၍ မရအပ်သောကြောင့် ခန္ဓာမှလွတ်ကုန်သည်လည်း မဖြစ်ကုန်၊ ခန္ဓာတို့ကိုကားစွဲ၍ ဝေါဟာရအားဖြင့်ရအပ်သော ခန္ဓာတို့၏ အာဒီနဝကို ထင်စွာပြခြင်း၏ ဝိသေသ အကြောင်းဖြစ်သော တဇ္ဇာပညတ်အထူး-ဟူ၍ မှတ်အပ်၏။ (ပြည်)

၂-ဥဒယဗ္ဗယာနုပဿနာဉာဏေန-ဟူသော စကားကို ဖလူပစာရအားဖြင့် ဆိုအပ်သတည်း။ ဥဒယဗ္ဗယဉာဏ်အကျိုးငှါ ဖြစ်စေအပ်သော လက္ခဏာရမ္မဏိကဝိပဿနာကို ဥဒယဗ္ဗယဉာဏ်ဟု ဆိုသောကြောင့်တည်း။ ဥဒယဗ္ဗယာနုပဿနာဉာဏေန သလ္လက္ခေတီတိ ဣဒံ ॥ပ॥ လက္ခဏတ္တယတီရဏမေ၀ ကာတဗ္ဗံ။ ပရိကမ္မသဒိသံ ဟောတံ တဿ။ ဧသ နယော သေသဉာဏေသုပီတိ။ ॥ဋီကာ။ ဥဒယဗ္ဗယ॥ပ॥ သလ္လက္ခေတီတိ ဣဒံ၊ ဟူသော ဤစကားကို။ တဒတ္ထေ၊ ထိုဥဒယဗ္ဗယ ဉာဏ်အကျိုးရှိသော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာ၌။ တဗ္ဗောဟာရ၀သေန၊ ထိုဥဒယဗ္ဗယာနုပဿနာ ဉာဏ်ဟူသော ဝေါဟာရဖြင့်။ ၀ုတ္တံ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဥဒယဗ္ဗယဉာဏတ္ထံ၊ ဥဒယဗ္ဗယဉာဏ်အကျိုးငှါ။ ပ၀တ္တာ၊ သော။ လက္ခဏာရမ္မဏိကဝိပဿနာ၊ လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာကို။ ဥဒယဗ္ဗယဉာဏန္တိ၊ ဟူ၍။ ကထိတာ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဥဒယဗ္ဗယဉာဏံ၊ သည်။ ဒုက္ခလက္ခဏာဒိဝိသယံ၊ ဒုက္ခလက္ခဏာ အစရှိသည်လျှင် အာရုံရှိသည်။ န ဟောတိ၊ မဖြစ်။ ဝါ၊ ကား။ တဗ္ဗိသယတ္တေ၊ ထိုဒုက္ခလက္ခဏာစသည်လျှင် အာရုံရှိသည်၏ အဖြစ်သည်။ သတိ၊ သော်။ ဥဒယဗ္ဗယဉာဏမေ၀၊ ဥဒယဗ္ဗယဉာဏ်မည်သည်သာလျှင်။ န သိယာ၊ မဖြစ်ရာ။ ပန၊ စင်စစ်သော်ကား။ ဥဒယဗ္ဗယဉာဏံ၊ ကို။ တိက္ခဥ္စ၊ ထက်သည်ကိုရင်း။

## ဘင်္ဂါနုပဿနာဉာဏကထာ

၇၄၁။ ဧဝံ၊ သို့။ သလ္လက္ခေတွာ၊ ၍။ ပုနပ္ပုနံ၊ လဲ။ အနိစ္စံ၊ အနိစ္စ၊ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ သို့။ ရူပါရူပဓမ္မေ၊ ရုပ်နာမ် တရားတို့ကို။ တုလယတော၊ ချိန်သော။ တီရယတော၊ စုံစမ်းသော။ တဿ၊ ထိုယောဂါဝစရ၏။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ တိက္ခံ၊ ထက်သည်။ ဟုတွာ၊ ၍။ ဝဟတိ-ပဝတ္တတိ၊ ဖြစ်၏။ (တနည်း) အတ္တနော၊ ၏။ (တိက္ခဘာဝံ၊ ကို။) ဝဟတိ၊ ဆောင်၏။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ လဟုံ၊ လျင်စွာ။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏[၁]။ ဉာဏေ၊ ဉာဏ်သည်။ တိက္ခေ၊ ထက်သည်ဖြစ်၍။ ဝဟန္တေ၊ ဖြစ်သည်ရှိသော်။ ဝါ၊ ကား။ တိက္ခေ-တိက္ခဘာဝံ၊ ထက်သည်၏ အဖြစ်ကို။ ဝဟန္တေ၊ ဆောင်သည်ရှိသော်။ သင်္ခါရေသု၊ သင်္ခါရတို့သည်။ လဟုံ၊ လျင်စွာ။ ဥပဋ္ဌဟန္တေသု၊ ထင်ကုန်သည်ရှိသော်။ ဥပ္ပါဒံ ဝါ၊ ဖြစ်ခြင်းဟုဆိုအပ်သော ဝိကာရသို့ရင်း။ ဌိတိံ ဝါ၊ ဌီဟု ဆိုအပ်သော ဇရာသို့ရင်း။ ပဝတ္တံ ဝါ၊ ဥပါဒိန္နကဟု ဆိုအပ်သော ပဝတ္တတရားသို့ရင်း။ နိမိတ္တံ ဝါ၊ သင်္ခါရတို့၏ အထည်အကိုယ် လုံးလုံးလျောင်းလျောင်း ထင်ခြင်းမျှသို့ရင်း။ (ဋီကာနှင့်အညီပင်တည်း။ တနည်း) ပဝတ္တံ ဝါ၊ ရူပါရူပဘဝဟု ဆိုအပ်သော ပဝတ္တကိုရင်း။ နိမိတ္တံ ဝါ၊ သင်္ခါရဟူသော နိမိတ်ကိုရင်း။ (ဤကား နိမိတ္တန္တိ သင်္ခါရနိမိတ္တံ၊ အတီတာနာဂတပစ္စုပ္ပန္နာနံ သင်္ခါရာနမေဝေတံ အဓိဝစနံ။ ပဝတ္တန္တိ ရူပါရူပဘဝပဝတ္တံဟူသော ဝိသုဒ္ဓိ ၂၂၇၄-ကိုမြှော်၍ ယောဇနာသည်) န သမ္ပာပုဏာတိ၊ မရောက်။ (ကောင်းစွာ မယူခြင်းကြောင့်တည်း။ အဘယ်သို့ကား ရောက်သနည်းဟု။ ကား။ ခယဝယ။ပ။ သန္တိဋ္ဌန္တိ- မိန့်သော်)

---

ဝိသဒ္ဒေ၊ သန့်ရှင်းသည်ကိုရင်း။ ကာတုကာမေန၊ ပြုခြင်းငှါလိုသော ယောဂီသည်။ လက္ခဏတ္တယတီရဏမေဝ၊ လက္ခဏာသုံးပါး အပေါင်းကို စုံစမ်းခြင်းကိုသာလျှင်။ ကာတဗ္ဗံ၊ ၏။ ဟိ-သစ္စံ၊ ၏။ တေ၊ ဤလက္ခဏာသုံးပါးကို စုံစမ်းသောဉာဏ်သည်။ တဿ၊ ထိုဥဒယဗ္ဗယဉာဏ်၏။ ပရိကမ္မသဒိသံ၊ ပရိကံနှင့်တူသည်။ ဟောတိ၊ ၏။ သေသဉာဏေသုပိ၊ ကြွင်းသော ဉာဏ်တို့၌လည်း။ သေ နယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ ရင်းနက်။ (ပြည်)

[၁]-ဉာဏ်၏တိက္ခဘာဝသည် ဘာဝနာ၏လေ့လာအပ်သည်၏ အဖြစ်ဖြင့် ဖြစ်၏၊ ပဂုဏသည်လည်း ဘာဝနာပျံ့လွင့်ခြင်း၏ မရှိခြင်းကြောင့် အာရုံ၌ ဝင်သကဲ့သို့ ဖြစ်၏။ ထိုကြောင့် ဉာဏ်၏ ထက်သည်၏အဖြစ်ဖြင့် သင်္ခါရတို့၏ လျင်စွာထင်သည်၏အဖြစ်ကို ပြအပ်သတည်း။ (ပြည်)

ခယဝယဘေဒနိရောဓေယေဝ၊ ခယဝယဘေဒဟု ဆိုအပ်သော ခဏိက-နိရောဓ၌သာလျှင်။ သတိ၊ သတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်၏[၁]။ သင်္ခါရဂတံ၊ သင်္ခါရ၌ အတွင်းဝင်သောတရား အပေါင်းသည်။ ဧဝံ၊ သို့။ ဥပ္ပဇ္ဇိတွာ၊ ၍။ ဧဝံ၊ သို့။ နိရုဇ္ဈတိ နာမ၊ စက်ဆုပ်ဖွယ်လိ ချုပ်ဘိ၏တကား။ (နာမ-ကား ဂရဟတ္ထ) ဣတိ၊ သို့။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂါဝစရအား။ တေသမ္ဘိ ဌာနေ၊ ဖြစ်ခြင်းကိုလည်းလွှတ်၍ ပျက်ခြင်းကိုသာလျှင် နှလုံးပြုရာ တခုသောဌာန၌[၂]။ ဘင်္ဂါနုပဿနံ နာမ၊ ဘင်ကိုသာလျှင် အဖန်တလဲလဲ ရှုသည်မည်သော။ ဝိပဿနာဉာဏံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ယံ၊ အကြင် ဘင်္ဂါနုပဿနာဉာဏ်ကို။ သန္ဓာယ၊ ၍။ ကထံ အာရမ္မဏပဋိသင်္ခါ။ပ။ ဝိပဿနေ ဉာဏန္တိ။ ဉာဏံဟူ၍။ ဝုတ္တံ၊ ၏။

[အာရမ္မဏပဋိသင်္ခါ၊ ရုပ်ဝေဒနာစသော အာရုံကို ခယအားဖြင့် သာလျှင် ဆင်ခြင်၍။ (သယံ အဘိညာ-ကဲ့သို့ ယကာရလောပ။ တနည်း) ဘင်္ဂါနုပဿနေ၊ ရုပ်ဝေဒနာစသော အာရုံရှိသောစိတ်၏ ဘင်ကို အဖန်တလဲလဲရှုခြင်း၌၊ ဝါ၊ ရှုသော။ ပညာ၊ အပြားအားဖြင့် သိတတ်သောပညာသည်။ (အတ္ထိ၊ ၏။) ဣဒံ၊ ဤပညာကို။ ဝိပဿနေ၊ အထူးသဖြင့် ရှုခြင်း၌၊ ဝါ၊ ရှုသော။ ဉာဏံ၊ ဉာဏ်ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ (ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။) ရူပါရမ္မဏတာ၊ ရုပ်လျှင်အာရုံရှိသော။ (ဒေဝတာ-ကဲ့သို့ တာ-ကား အနက်မရှိ) ဝါ၊ ရူပါရမ္မဏတာ- ရူပါရမ္မဏတာယ၊ ရုပ်လျှင်အာရုံရှိသည်၏အဖြစ်၌၊ ဝါ၊ ရုပ်လျှင်အာရုံရှိသည်၏ အဖြစ်ဖြင့်။ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇိတွာ၊ ၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံ အာရမ္မဏံ၊ ထိုရုပ်ဟူသော အာရုံကို။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ သိ၍၊ ဝါ၊ ခယ ဝယအားဖြင့် မြင်၍။ တဿ စိတ္တဿ၊ ထိုခယဝယအားဖြင့် သိသောစိတ်၏။ ဘင်္ဂံ၊ ဘင်ကို။ အနုပဿတိ၊ အဖန်တလဲလဲရှု၏။ အနုပဿတီတိ၊ ကား။ ကထံ၊ အသို

---

၁- နိရောဓ-သဒ္ဒါသည် အနုပ္ပါဒနိရောဓ၌လည်း ထင်ရကား ဘေဒ-သဒ္ဒါဖြင့် အထူးပြုသည်၊ ဘေဒ-သဒ္ဒါသည်လည်း ဝိဘေဒဝါစကလည်း ရှိရကား ဝယ-သဒ္ဒါဖြင့် အထူးပြုသည်၊ ထိုဝယသည်လည်း အနိရောဓဝါစကလည်း ရှိရကား ခယ-ဖြင့် အထူးပြုသတည်း။ သတိ သန္တိဋ္ဌတိ-ဟု သတိသီသဖြင့် ဉာဏ်ကို ဆိုအပ်၏။ (ပြည်)

၂- တေသမ္ဘိ ဌာနေ-ဟူသော သီဿျှာနှင့် ယခုမူအရအားဖြင့် "ဤသို့ ရှုမြင်သော အရာ၌" ဟု အနက်ပေးရာ၏။ (ဆ-သံ-သော)

သော အခြင်းအရာအားဖြင့်။ အနုပဿတိ၊ အဖန်တလဲလဲ ရှုသနည်း။ အနိစ္စတော၊ အနိစ္စအားဖြင့်။ အနုပဿတိ၊ ၏။ နိစ္စတော၊ ဖြင့်။ နော အနုပဿတိ၊ မရှု။ ဒုက္ခတော၊ အားဖြင့်။ အနုပဿတိ၊ ၏။ သုခတော၊ အားဖြင့်။ နော အနုပဿတိ၊ မရှု။ အနတ္တတော၊ ဖြင့်။ အနုပဿတိ၊ ၏။ အတ္တတော၊ ဖြင့်။ နော အနုပဿတိ၊ မရှု။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နော နန္ဒတိ၊ မနှစ်သက်။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ နော ရဇ္ဇတိ၊ မတပ်မက်။ နိရောဓေတိ၊ ချုပ်စေ၏။ နော သမုဒေတိ၊ မဖြစ်စေ။ ပဋိနိဿဇ္ဇတိ၊ စွန့်၏။ နော အာဒိယတိ၊ မစွဲလမ်း။

အနိစ္စတော၊ ဖြင့်။ အနုပဿန္တော၊ အဖန်တလဲလဲ ရှုသည်ဖြစ်၍။ နိစ္စသညံ၊ ကို။ ပဇဟတိ၊ စွန့်၏။ ဒုက္ခတော၊ ဖြင့်။ အနုပဿန္တော၊ ၍။ သုခသညံ၊ ကို။ ပဇဟတိ၊ ၏။ အနတ္တတော၊ ဖြင့်။ အနုပဿန္တော၊ ၍။ အတ္တသညံ၊ ကို။ ပဇဟတိ၊ ၏။ [၂၇၈] နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သည်ဖြစ်၍။ နန္ဒိံ၊ သပီတိကတဏှာကို။ ပဇဟတိ၊ ၏။ ဝိရဇ္ဇန္တော၊ တပ်ခြင်းကင်းသည် ဖြစ်၍။ ရာဂံ၊ ရာဂကို။ ပဇဟတိ၊ ၏။ နိရောဓေန္တော၊ ချုပ်စေသည် ဖြစ်၍။ သမုဒယံ၊ ဖြစ်ခြင်းကို။ ပဇဟတိ၊ ၏။ ပဋိနိဿဇ္ဇန္တော၊ စွန့်လွှတ်သည် ဖြစ်၍။ အာဒါနံ၊ စွဲလမ်းခြင်းကို။ ပဇဟတိ၊ ၏။

ဝေဒနာရမ္မဏတာ၊ ဝေဒနာလျှင် အာရုံရှိသော။ ဝါ၊ ဝေဒနာရမ္မဏတာ-ဝေဒနာရမ္မဏတာယ၊ ဝေဒနာလျှင် အာရုံရှိသည်၏ အဖြစ်ဉ်၊ ဝါ၊ အဖြစ်ဖြင့်။ သညာရမ္မဏတာ၊ သညာလျှင် အာရုံရှိသော။ ဝါ၊ သညာ-ရမ္မဏတာ-သညာရမ္မဏတာယ၊ ဉ်၊ ဝါ၊ ဖြင့်။ သင်္ခါရာရမ္မဏတာ၊ သင်္ခါ-ရလျှင် အာရုံရှိသော။ ဝါ၊ သင်္ခါရာရမ္မဏတာ-သင်္ခါရာရမ္မဏတာယ၊ ဉ်၊ ဝါ၊ ဖြင့်။ ဝိညာဏာရမ္မဏတာ၊ ဝိညာဉ်လျှင် အာရုံရှိသော။ ဝါ၊ ဝိညာဏာ-ရမ္မဏတာ-ဝိညာဏာရမ္မဏတာယ၊ ဉ်၊ ဝါ၊ ဖြင့်။ စက္ခာရမ္မဏတာ၊ စက္ခုလျှင် အာရုံရှိသော။ ဝါ၊ စက္ခာရမ္မဏတာ-စက္ခာရမ္မဏတာယ၊ ဉ်၊ ဝါ၊ ဖြင့်။ (ဤပေယျာလဉ် အာယတနတဆယ့်တပါး၊ ဓာတ်တဆယ့်ရှစ်ပါး၊ စက္ခုန္ဒြေစသော ရသင့်သောဣန္ဒြေ၊ အဝိဇ္ဇာမှသည် ဇာတိတိုင်အောင် ပေယျာလငုပ်သည်) ဇရာမရဏာရမ္မဏတာ၊ ဇရာမရဏလျှင် အာရုံရှိသော၊ ဝါ၊ ဇရာမရဏတာ-ဇရာမရဏတာယ၊ ဉ်၊ ဝါ၊ ဖြင့်။

စိတ္တံ၊ သည်။ ဥပ္ပဇ္ဇိတွာ၊ ၍။ ဘိဇ္ဇတိ၊ ၏။ပ။ ပဋိနိဿဇ္ဇန္တော၊ စွန့်သည် ဖြစ်၍။ အာဒါနံ၊ စွဲလမ်းခြင်းကို။ ပဇဟတိ၊ ၏။

ဝတ္ထုသင်္ကမနာ စေဝ၊ ပုရိမဝတ္ထုမှ တပါးဝတ္ထုသို့ ပြောင်းခြင်းရင်း။ ပညာယ၊ ဥဒယဝယဒဿနာ၏ အစွမ်းအားဖြင့် ဖြစ်သော ဝိပဿနာပညာ၏။ ဝိဝဋ္ဋနာ စ၊ ဝယကိုသာယူသည်၏ အစွမ်းအားဖြင့် ဥဒယမှနစ်ခြင်း ရင်း။ အာဝဇ္ဇနာဗလဉ္စေဝ၊ အခြားမဲ့၌ ဆင်ခြင်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ရင်း။ သော၊ ဤသည်ကား။ ပဋိသင်္ခါဝိပဿနာ၊ ရုပ်စသော အာရုံကိုသိ၍ ဘင်ကိုရှုသော အနုပဿနာမည်၏။

အာရမ္မဏအန္ဒယေန၊ ဒိဋ္ဌဖြစ်သောအာရုံကို အစဉ်လျှောက်သဖြင့်။ ဥဘော၊ ဒိဋ္ဌာဒိဋ္ဌအာရုံနှစ်ပါးတို့ကို။ ဧကဝဝတ္ထနာ၊ ခဏဘင်ဟူသော တူသော သဘောအားဖြင့် ပိုင်းခြားမှတ်သားခြင်းရင်း။ နိရောဓေ၊ ချုပ်ခြင်း၌။ အဓိမုတ္တတာ၊ ညွတ်ရှိုင်းသော အဖြစ်ရင်း။ (သော၊ ဤသည်ကား။) ဝယလက္ခဏဝိပဿနာ၊ ပျက်ခြင်းလက္ခဏာကို ရှုသောဝိပဿနာမည်၏။

အာရမ္မဏဉ္စ၊ ရုပ်စသော အာရုံကိုလည်း။ ပဋိသင်္ခါ၊ သိ၍။ ဘင်္ဂဉ္စ၊ ထိုရုပ်စသည်လျှင် အာရုံရှိသောစိတ်၏ ဘင်ကိုလည်း။ အနုပဿတိ၊ အဖန် တလဲလဲရှု၏။ သုညတော စ၊ သုညအားဖြင့်လည်း။ ဥပဋ္ဌာနံ၊ ထင်ခြင်း။ အယံ၊ ဤသည်လျှင်။ အဓိပညာဝိပဿနာ၊ အဓိပညာဝိပဿနာမည်၏။

တီသု၊ ကုန်သော။ အနုပဿနာသု၊ တို့၌။ ကုသလော၊ လိမ္မာသော။ (ဘိက္ခု၊ ရဟန်းသည်။) စတဿော စ ဝိပဿနာသု၊ နိဗ္ဗိဒါနုပဿနာ စသော လေးပါးသော အနုပဿနာတို့၌ရင်း။ တယော ဥပဋ္ဌာနေ စ၊ သုံးပါးသော ထင်ခြင်းတို့၌ရင်း။ ကုသလတာ-ကုသလတာယ၊ လိမ္မာသည်၏ အဖြစ် ကြောင့်။ နာနာဒိဋ္ဌီသု၊ အထူးထူးသော ဒိဋ္ဌိတို့ကြောင့်။ န ကမ္ပတိ၊ မတုန် မလှုပ်။

တံ-ဓမ္မဇာတံ၊ ထိုသဘောတရားသည်။ ဉာတဋ္ဌေန၊ သိတတ်သော အနက်ကြောင့်။ ဉာဏံ၊ မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့် သိတတ် သော အနက်ကြောင့်။ ပညာ၊ မည်၏။ တေန၊ ထိုကြောင့်။ အာရမ္မဏ- ပဋိသင်္ခါဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏန္တိ၊ ဉာဏံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ၂

၇၄၂။ တတ္ထ၊ ထိုပါဠိတော်၌။ အာရမ္မဏပဋိသင်္ခါတိ၊ ဟူသည်ကား။ ယံ ကိဉ္စိ အာရမ္မဏံ၊ (ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ကသည် ဓမ္မာရုံတိုင်အောင်) ဝိပဿနာ၏ ဘုံအလုံးစုံသော အာရုံကို။ ပဋိသင်္ခါယ ဇာနိတွာ၊ သိ၍[၁]။ ခယတော၊ ကုန်ခြင်းအားဖြင့်။ ဝယတော၊ ပျက်ခြင်းအားဖြင့်။ ဒိသွာ၊ ၍။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ဘင်္ဂါနုပဿနေ ပညာတိ၊ ကား။ အာရမ္မဏံ၊ ရုပ်ဝေဒနာစသော ဝိပဿနာဘုံ အာရုံကို။ ခယတော၊ ဖြင့်။ ဝယတော၊ ဖြင့်။ ပဋိသင်္ခါယ၊ သိ၍။ ဥပ္ပန္နဿ၊ ဖြစ်သော။ တဿ ဉာဏဿ၊ ထိုဉာဏ်၏။ ဘင်္ဂံ၊ ဘင်ကို။ အနုပဿနေ၊ အဖန်တလဲလဲရှုခြင်း၌။ ယာ ပညာ၊ သည်။ (အတ္ထိ၊ ရှိ၏။) ဣဒံ၊ ဤဉာဏ်၏ဘင်ကို ရှုသောပညာကို။ ဝိပဿနေ ဉာဏန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တံ၊ ထိုဝိပဿနာဉာဏ်သည်။ ကထံ ဟောတိ၊ အသို့ဖြစ်သနည်း။ ဣတိ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ တာဝ၊ စွာ။ ကထေတုကမျတာပုစ္ဆာယ၊ ၏။ အတ္ထော၊ တည်း။ တတော၊ ထိုနောင်မှ။ ယထာ၊ အကြင် အခြင်း အရာဖြင့်။ တံ ဉာဏံ၊ သည်။ ဟောတိ၊ ၏။ တံ အာကာရံ၊ ကို။ ဒဿေတုံ၊ ငှါ။ ရူပါရမ္မဏတာတိအာဒိ၊ ဤသို့အစရှိသော စကားကို။ ဝုတ္တံ၊ ၏။

တတ္ထ၊ ထိုပါဠိ၌။ ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတီတိ၊ ကား။ ရူပါရမ္မဏံ၊ ရူပါရုံလျှင် အာရုံရှိသော။ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇိတွာ၊ ၍။ ဘိဇ္ဇတိ၊ ၏။ (တာ-ပစ္စည်းအနက် မရှိသည်ကိုပြသည်) အထ ဝါ၊ ကား။ ရူပါရမ္မဏဘာဝေ၊ ရုပ်လျှင် အာရုံရှိသည်၏ အဖြစ်၌၊ ဝါ၊ အဖြစ်ကြောင့်။ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇိတွာ၊ ၍။ ဘိဇ္ဇတိ၊ ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ တံ အာရမ္မဏံ ပဋိသင်္ခါတိ၊ ကား။ တံ ရူပါရမ္မဏံ၊ ထိုရုပ်ဟူသော အာရုံကို။ ပဋိသင်္ခါယ ဇာနိတွာ၊ သိ၍။ ခယတော၊ ဖြင့်။ ဝယတော၊ ဖြင့်။ ဒိသွာ၊ ၍။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတီတိ၊ ကား။ ယေန စိတ္တေန၊ ဖြင့်၊ ဝါ၊ သည်။ တံ ရူပါရမ္မဏံ၊ ထိုရုပ်ဟူသော အာရုံကို။ ခယတော၊ ဖြင့်။ ဝယတော၊ ဖြင့်။ ဒိဋ္ဌံ၊ ရှုအပ်၏။ တဿ စိတ္တဿ၊ ထိုရုပ်ဟူသော အာရုံကို ခယဝယအားဖြင့် ရှုသော စိတ်၏။ ဘင်္ဂံ၊ ဘင်ကို။ အပရေန၊ သော။ စိတ္တေန၊ ဝိပဿနာစိတ်ဖြင့်။

---

၁- ပဋိသင်္ခါန္တိ နာမ ဇာနန္တံ၊ တဉ္စ ဘင်္ဂါနုပဿနာယ အဓိပ္ပေတတ္တာ ဘင်္ဂတော ဒဿနမေဝါတိ အာဟ ဇာနိတွာ ခယတော ဝယတော ဒိသွာတိ အတ္ထော။ ဋီကာ။ (ပြည်)

အနုပဿတိ၊ အဖန်တလဲလဲရှု၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း[၁]။ တေန၊ ထိုကြောင့်။ ပေါရာဏာ၊ ပေါရာဏတို့သည်။ ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတီတိ၊ ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ [ဉာတဉ္စ၊ အနုပဿနာဉာဏ်ဖြင့် သိအပ်သော ရုပ်ဝေဒနာစသော အာရုံကိုရင်း။ ဉာဏဉ္စ၊ ရုပ်ဝေဒနာ စသော အာရုံကို အဖန်တလဲလဲရှုသော အနုပဿနာဉာဏ်ကိုရင်း။ ဥဘောပိ၊ ဉာတနှင့် ဉာဏနှစ်ပါးလုံးကိုလည်း။ ဝိပဿတိ၊ ခယဝယအားဖြင့် ရှု၏[၂]။]

[၂၇၉] စ၊ ဆက်၍ဆိုအံ့။ ယော၊ ဤ တဿ စိတ္တဿ။ပ။ အနုပဿတိ ဟူသောပါဌ်၌။ အနုပဿတီတိ၊ ကား။ အနု အနု၊ အဖန်တလဲလဲ။ ပဿတိ၊

၁- အပရေန စိတ္တေန ဘင်္ဂံ အနုပဿတိ-ဟူသောပါဌ်ဖြင့် ဝိပဿနာလျှင် အာရုံရှိသော ဘင်္ဂါနုပဿနာဉာဏ်ကိုဆိုသတည်း။ ဇေဝံ ဟိ ဘင်္ဂါနုပဿနာ ပဂုဏာ ဟောတိ။ အာရမ္မဏဉ္စဿ ဝိဘူတတရံ ဟုတွာ ဉပဋ္ဌာတိ။ ဋီကာ။ ဟိ၊ အကျိုးကိုဆိုအံ့။ ဇေဝံ၊ ထိုရုပ်ဟူသော အာရုံကို ခယဝယအားဖြင့် ရှုသောစိတ်၏ ဘင်ကိုရှုသည်ရှိသော်။ ဘင်္ဂါနုပဿနာ၊ ဘင်္ဂါ-နုပဿနာသည်။ ပဂုဏာ၊ လေ့လာအပ်သည်။ ဟောတိ၊ ဖြစ်၏။ အဿ၊ ထိုယောဂီအား။ အာရမ္မဏဉ္စ၊ သည်လည်း။ ဝိဘူတတရံ၊ အထူးသဖြင့် ထင်ရှားသည်။ ဟုတွာ၊ ၍။ ဉပဋ္ဌာတိ၊ ၏။ ဇင်းနက်။ (ပြည်)

၂-အယံ ဟေတ္ထ သခ်ေပတ္ထော။ ရူပဿ ယာဝ ဇရာမရဏဿ ခယတော ဝယတော ဒဿနံ အာရမ္မဏပဋိသင်္ခါ တံဒဿနကဉာဏဿ ခယတော ဝယတော ဒဿနံ အာရမ္မဏပဋိသင်္ခါယ ဘင်္ဂဿ အနုပဿနန္တိ။ ဥဘယတ္ထ ပညာ ပုရိမံ ဝါ တဒဘာဝေ အဘာဝတော ပစ္ဆိမာယံ ပက္ခိ-ပိတွာ ပစ္ဆိမာ ဧဝ ပညာ ဝိပဿနေ ဉာဏန္တိ။ ဋီကာ။ ဟိ-ယုတ္တံ၊ သင့်၏။ အယံ၊ ဤဆိုလတံ့ သည်ကား။ ဇတ္ထ၊ အာရမ္မဏပဋိသင်္ခါ-အစရှိသောပါဌ်၌။ သခ်ေပတ္ထော၊ အကျဉ်းဖြစ်သော အနက်တည်း။ ရူပဿ၊ ရုပ်ကို။ ယာဝ ဇရာမရဏဿ၊ ဇရာမရဏတိုင်အောင်သော တရားကို။ ခယတော၊ ဖြင့်။ ဝယတော၊ ဖြင့်။ ဒဿနံ၊ ရှုခြင်းသည်၊ ဝါ၊ ရှုသောဉာဏ်သည်။ အာရမ္မဏပဋိသင်္ခါ၊ ရုပ်ဝေဒနာကသည် ဇရာမရဏတိုင်အောင်သော အာရုံကို အဖန်တလဲလဲ ရှုဆင်ခြင်သော ပညာမည်၏။ တံဒဿနကဉာဏဿ၊ ထိုရုပ်ဝေဒနာကသည် ဇရာမရဏ တိုင်အောင်သော အာရုံကိုရှုသောဉာဏ်ကို။ ခယတော၊ ဖြင့်။ ဝယတော၊ ဖြင့်။ ဒဿနံ၊ ရှုသောဉာဏ်သည်။ အာရမ္မဏပဋိသင်္ခါယ၊ ရုပ်ဝေဒနာကသည်ဇရာမရဏတိုင်အောင်သော အာရုံကို ရှုဆင်ခြင်သော ဉာဏ်၏။ ဘင်္ဂဿ၊ ဘင်ကို။ အနုပဿနံ၊ အဖန်တလဲလဲရှုသော ဉာဏ်မည်၏။ ဣတိတသ္မာ၊ ကြောင့်။ ဥဘယတ္ထ၊ အာရုံကိုရှုရာ ဉာဏ်ကိုရှုရာနှစ်ပါး၌။ ပညာ၊ ပညာသည်။ ဝိပဿနေဉာဏံ၊ ဝိပဿနာဉာဏ်မည်၏။ ဝါ၊ တနည်းကား။ ပုရိမံ၊ ရှေးဖြစ်သော အာရုံကိုရှုသောဉာဏ်ကို။ တဒဘာဝေ၊ ထိုနောက်ဉာဏ်မရှိလတ်သော်။ အဘာဝ-တော၊ မရှိခြင်းကြောင့်။ ပစ္ဆိမာယံ၊ နောက်ဖြစ်သောဉာဏ်ကို ရှုသောဉာဏ်၌။ ပက္ခိပိတွာ၊ ထည့်၍။ ပစ္ဆိမာ၊ နောက်ဖြစ်သော။ ပညာ ဧဝ၊ ဉာဏ်ကိုရှုသော ပညာသည်သာလျှင်။ ဝိပဿနေ ဉာဏံ၊ ဝိပဿနာဉာဏ် မည်၏။ ဣတိ-အယံ၊ ကား။ သခ်ေပတ္ထော၊ တည်း။ ဇင်းနက်။ (ပြည်)

ရှု၏။ အနေကေဟိ အာကာရေဟိ၊ အနိစ္စတော အနုပဿတိစသောတပါး မက များစွာသောအခြင်းအရာတို့ဖြင့်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပဿတိ၊ ရှု၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ (အနု-သဒ္ဒါသည် ဘိယျော၊ အဖန်ဖန်အလီလီဟူသော ဤအနက်၌ဖြစ်ရကား ပုနပ္ပုနံ ပဿတိ ဟူ သတည်း) တေန၊ ထိုကြောင့်။ အနုပဿတီတိ ကထံ အနုပဿတိ အနိစ္စတော အနုပဿတီတိအာဒိ၊ ကို။ အာဟ၊ ဟောတော်မူပြီ။

တတ္ထ၊ ထိုအနိစ္စတော အနုပဿတိ-အစရှိသော ပါဠိ၌။ ယသ္မာ၊ ကြောင့်။ ဘဂေါ နာမ၊ ဘင်မည်သည်။ အနိစ္စတာယ၊ အနိစ္စတာ၏။ ပရမာ ကောဋိ၊ အမြတ်ဖြစ်သော ကောဋိတည်း၊ ဝါ၊ အဆုံးဖြစ်သော ကောဋိတည်း[၁]။ တသ္မာ၊ ကြောင့်။ ဘင်္ဂါနုပဿကော၊ ဘင်ကိုရှုသော။ သော ယောဂါဝစရော၊ သည်။ သဗ္ဗံ၊ ရုပ်ဝေဒနာကသည် ဇရာမရဏတိုင် ကုန်အောင်စုံသော။ သင်္ခါရဂတံ၊ သင်္ခါရ၌အတွင်းဝင်သော တရား အပေါင်းကို။ အနိစ္စတော၊ အနိစ္စအားဖြင့်သာလျှင်။ အနုပဿတိ၊ အဖန် တလဲလဲရှု၏။ နိစ္စတော၊ နိစ္စအားဖြင့်။ နော အနုပဿတိ၊ မရှု။ တတော၊ ထိုနောင်မှ။ အနိစ္စဿ၊ အနိစ္စဖြစ်သောသင်္ခါရ၏။ ဒုက္ခတ္တာ၊

၁-ဤသင်္ခတတရားမည်သည် ဇာတိဇရာမရဏပကတိရှိ၏၊ ထိုဇာတိဇရာ မရဏ ပကတိ ရှိသော သင်္ခတတရား၏ ဇာတိသည် အာဒိကောဋိတည်း၊ ဇရာသည် မဇ္ဈိမကောဋိတည်း၊ မရဏသည် ဩသာနကောဋိတည်း၊ ဇာတိဇရာမရဏတို့တွင် ဥပါဒ်စသော သုံးပါးအပြား ရှိသော လက္ခဏာသည်လည်း သင်္ခတလက္ခဏာ၏အဖြစ်ကြောင့် အကယ်၍ကား အနိစ္စ လက္ခဏာမည်၏၊ သို့သော် ဇာတိဇရာတို့ကို မြင်အပ်ကုန်သော်လည်း ဝယဓမ္မ၌ အနိစ္စ-လက္ခဏာသည် ပါကဋဖြစ်၍ထင်သကဲ့သို့ ထိုအတူ အနိစ္စလက္ခဏာသည် ပါကဋဖြစ်၍ မထင်ခဲ့၊ ထိုကြောင့် ဘင်္ဂေါ နာမ အနိစ္စတာယ ပရမာ ကောဋိ-ဟူသတည်း။ ယထာ ဟိ ဇရာဓမ္မံ မရဏဓမ္မမေဝ ဇာယတီတိ ဇာတိ အနိစ္စတာယ အာဒိ ကောဋိ၊ တထာ ဇာတိဓမ္မံ မရဏဓမ္မမေဝ စ ဇီရတီတိ ဇရာ မဇ္ဈိမာ ကောဋိ၊ ဇာတိဓမ္မံ ဇရာဓမ္မမေဝ စ ဘိဇ္ဇတီတိ ဘင်္ဂေါ ပရမာ ကောဋီတိ။ ဋီကာ။ ဟိ၊ ထင်ရှားပြအံ့။ ဇရာဓမ္မံ၊ ဇရာသဘောရှိသည်သာလျှင် ဖြစ်သော။ မရဏဓမ္မမေဝ စ၊ မရဏသဘောရှိသည်သာလျှင် ဖြစ်သောတရားသည်လည်း။ ဇာယတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ ဇာတိ၊ သည်။ အနိစ္စတာယ၊ ၏။ အာဒိကောဋိ၊ အစကောဋိသည်၊ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ တူ။ ဇာတိဓမ္မံ၊ ဇာတိသဘော ရှိသည်သာလျှင်ဖြစ်သော။ မရဏဓမ္မမေဝ စ၊ မရဏသဘောရှိသည်သာလျှင် ဖြစ်သောတရား သည်လည်း။ ဇီရတိ၊ ရင့်၏။ ဣတိ၊ ကြောင့်။ ဇရာ၊ သည်။ မဇ္ဈိမာ ကောဋိ၊ သည်၊ ဟောတိ၊ ၏။ ဇာတိဓမ္မံ၊ ဖြစ်သော။ မရဏဓမ္မမေဝ စ၊ မရဏသဘော ရှိသည်သာလျှင် ဖြစ်သော တရားသည်လည်း။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ကြောင့်။ ဘင်္ဂေါ၊ သည်။ ပရမာ ကောဋိ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ (ပြည်)

ဒုက္ခ၏အဖြစ်ကြောင့်။ ဒုက္ခဿ၊ ဒုက္ခဖြစ်သောသင်္ခါရ၏။ အနတ္တတ္တာ၊ အနတ္တ၏ အဖြစ်ကြောင့်။ တဒေဝ၊ ထိုအနိစ္စအားဖြင့် ယူအပ်ပြီးသော အလုံးစုံသောသင်္ခါရတရား အပေါင်းကိုပင်လျှင်။ ဒုက္ခတော၊ အားဖြင့်။ အနုပဿတိ၊ ၏။ သုခတော၊ အားဖြင့်။ နော အနုပဿတိ၊ မရှု။ အနတ္တတော၊ ဖြင့်။ အနုပဿတိ၊ ၏။ အတ္တတော၊ အားဖြင့်။ နော အနုပဿတိ၊ မရှု။

ပန၊ ထိုမှတပါး။ ယသ္မာ၊ ကြောင့်။ ယံ၊ အကြင်သင်္ခါရတရား အပေါင်းသည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဒုက္ခအတိတည်း။ အနတ္တာ၊ အလိုသို့ လိုက်တတ်သော အတ္တမဟုတ်။ တံ သင်္ခါရဂတံ၊ ကို။ န အဘိနန္ဒိတဗ္ဗံ၊ (ဧတံ မမ, ဧသော မေ အတ္တာဟု) လွန်စွာမနှစ်သက်အပ်။ တတ္ထ သင်္ခါရ-ဂတေ၊ ၌။ န ရဉ္ဇိတဗ္ဗံ၊ မတပ်မက်အပ်။ (ကာမရာဂ ဘဝရာဂကို မဖြစ်စေအပ်ဟူလိုသည်) တသ္မာ၊ ကြောင့်။ ဘင်္ဂါနုပဿနာနုသာရေန၊ ဘင်္ဂါ-နုပဿနာကို အစဉ်လျှောက်သဖြင့်။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ သို့။ ဒိဋ္ဌေ၊ မြင်အပ်ပြီးသော။ တေသ္မိံ သင်္ခါရဂတေ၊ ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နော နန္ဒတိ၊ မနှစ်သက်။ ဝိရဇ္ဇတိ၊ စက်ဆုပ်၏။ နော ရဇ္ဇတိ၊ မတပ်မက်။ သော-ယောဂါဝစရော၊ သည်။ ဧဝံ၊ သို့။ အရဇ္ဇန္တော။ မတပ်သည်ဖြစ်၍။ တာဝ၊ စွာ။ လောကိယေနေဝ၊ လောကီသာလျှင်ဖြစ်သော။ ဉာဏေန၊ ဖြင့်။ ရာဂံ၊ ရာဂကို။ နိရောဓေတိ၊ ဝိက္ခမ္ဘနနိရောဓသို့ ရောက်စေ၏။ (ခွါ၏ဟူလိုသတည်း) နော သမုဒေတိ၊ သမုဒယကိုမပြု။ သမုဒယံ၊ သမုဒယကို။ န ကရောတိ၊ မပြု။ ဣတိ-အယံ၊ ကား။ အတ္ထော၊ တည်း။

အထ ဝါ၊ ကား။ ဧဝံ၊ ဤသို့ဘင်္ဂါနုပဿနာကို လျှောက်သဖြင့်။ ဝိရတ္တော၊ တပ်ခြင်းကင်းသော။ သော-ယောဂါဝစရော၊ သည်။ ဒိဋ္ဌံ၊ မျက်မှောက်မြင်အပ်သော၊ ဝါ၊ ရှေးရှုထင်လာသော။ သင်္ခါရဂတံ၊ ကို။ နိရောဓေတိ-နိရောဓံ မနသိ ကရောတိ ယထာ၊ ချုပ်ခြင်းကို နှလုံးသွင်းသကဲ့သို့။ တထာ၊ တူ။ အဒိဋ္ဌမ္ပိ၊ မမြင်အပ်သော အတိတ်အနာဂတ်သင်္ခါရ တရားကိုလည်း။ အန္ဝယဉာဏဝသေန၊ အလျော်ဆသော ဉာဏ်၏အစွမ်းဖြင့်။ (ဧတရဟိ၊ ယခုမျက်မှောက်၌။ ဣဒံ ယထာ၊ ဤပစ္စုပ္ပန်ဒိဋ္ဌသင်္ခါရကဲ့သို့။ ဧဝံ-တထာ၊ တူ။ တမ္ပိ၊ ထိုအဒိဋ္ဌဖြစ်သော အတိတ် အနာဂတ် သင်္ခါရ

တရားသည်လည်း။ ဧဝံသဘာဝမေဝ၊ ဤသို့ ချုပ်ပျက်ခြင်းသဘောရှိသည် သာတည်း။ ဣတိ၊ သို့။ အနုမိနန္တော၊ နှိုင်းရှည့်လျက်။) နိရောဓေတိ- နိရောဓံ မနသိ ကရောတိ၊ နိရောဓကို နှလုံးသွင်း၏။ နော သမုဒေတိ-နော သမုဒယံ မနသိ ကရောတိ၊ သမုဒယကိုနှလုံးမသွင်း။ နိရောဓတောဝ၊ ချုပ်သောအားဖြင့်သာလျှင်။ မနသိ ကရောတိ၊ ၏။ အဿ-သင်္ခါရဂတဿ၊ ၏။ နိရောဓမေဝ၊ ကိုသာလျှင်။ ပဿတိ၊ ၏။ သမုဒယံ၊ ဖြစ်ခြင်းကို။ နော ပဿတိ၊ မရှု။ ဣတိ အယံ၊ ကား။ အတ္တော၊ တည်း။

ဧဝံ-ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ပြီးသော အပြားရှိသော အနိစ္စာနုပဿနာစသည်တို့၏အစွမ်းဖြင့်။ ပဋိပန္နော၊ ကျင့်သော။ သော-ယောဂါဝစရော၊ သည်။ ပဋိနိဿဇ္ဇတိ၊ စွန့်၏။ နော အာဒိယတိ၊ မစွဲလမ်း။ ကိံ-ကော အဓိပ္ပါယော၊ ကို။ ဝုတ္တံ-ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ နည်း။ အယမ္ပိ အနိစ္စာဒိအနုပဿနာ၊ ဤအနိစ္စာဒိအနုပဿနာသည်လည်း၊ ဝါ၊ ကိုလည်း။ တဒင်္ဂဝသေန၊ တဒင်္ဂ၏အစွမ်းဖြင့်။ ခန္ဓာဘိသင်္ခါရေဟိ၊ ခန္ဓာတို့နှင့် အဘိသင်္ခါရတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကိလေသာနံ၊ တို့ကို။ ပရိစ္စဇနတော စ၊ စွန့်ခြင်းကြောင့်ရင်း[၁]။ သင်္ခတဒေါသဒဿနေန စ၊ သင်္ခတဓမ္မတို့၌ အနိစ္စတာစသော အပြစ်ကိုမြင်သဖြင့်လည်း။ တဗ္ဗိပရီတေ၊ ထို အနိစ္စစသည်မှပြန်သော နိစ္စသုခစသော သဘောရှိသော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ တန္နိန္နတာယ၊ ထိုနိဗ္ဗာန်သို့ညွတ်သော နှလုံးရှိသည်၏အဖြစ်ဖြင့်။ ပက္ခန္ဒနတော စ၊ ပြေးဝင်ခြင်းကြောင့်ရင်း။ ပရိစ္စာဂပဋိနိဿဂ္ဂေါ စေဝ၊ ပရိစ္စာဂပဋိနိဿဂ္ဂမည်သည်လည်း။ ဟောတိ၊ ၏။ ပက္ခန္ဒနပဋိနိဿဂ္ဂေါ စ၊ ပက္ခန္ဒနပဋိနိဿဂ္ဂမည်သည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝုစ္စတိ၊ ၏။ တသ္မာ၊ ကြောင့်။ တာယ၊ ထိုအနိစ္စာဒိအနုပဿနာနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ သည်။ ယထာဝုတ္တေန၊ အကြင်အကြင်ဆိုအပ်ပြီးသော တဒင်္ဂပဟာန်အပြား တန္နိန္နအပြားရှိသော။ နယေန၊ ဖြင့်။ ကိလေသေ၊ ကိလေသာတို့ကို။ ပရိစ္စဇတိ၊ စွန့်၏။ နိဗ္ဗာနေ စ၊ ၌လည်း။ ပက္ခန္ဒတိ၊ ပြေးဝင်၏၊ ဝါ၊ နှလုံးညွတ်၏။ နိဗ္ဗတ္တနဝသေန၊ ဖြစ်စေသည်၏

၁-ခန္ဓာအဘိသင်္ခါရတို့သည် အပ္ပဟာတဗ္ဗ ဖြစ်ကုန်သော်လည်း ကိလေသာတို့ကို ပယ်စွန့်သည်ရှိသော် ထိုကိလေသာအကြောင်းရှိသော ကံကိုရင်း တံနိဗ္ဗတ္တခန္ဓာတို့ကိုရင်း ပယ်စွန့်သည်မည်ရကား သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသာနံ ပရိစ္စဇနတော-မိန့်သော်။ (ပြည်)

အစွမ်းအားဖြင့်။ ကိလေသေ၊ တို့ကို။ နာပိ အာဒိယတိ၊ ယူလည်းမယူ။ အဒေါသဒဿိတာဝသေန၊ အပြစ်ကို မမြင်သည်၏အဖြစ်၏ အစွမ်းဖြင့်။ သင်္ခတာရမ္မဏံ၊ သင်္ခတဖြစ်သောအာရုံကို။ န အာဒိယတိ၊ မယူ။ တေန၊ ထိုကြောင့်။ ပဋိနိဿဂ္ဂတိ နေဝ အာဒိယတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

၇၄၃။ ဣဒါနိ၊ ၌။ အဿ၊ ထိုယောဂီ၏။ တေဟိ ဉာဏေဟိ၊ ထို အနိစ္စာနုပဿနာစသော ဉာဏ်တို့ဖြင့်။ ယေသံ ဓမ္မာနံ၊ အကြင်တရားတို့ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဟောတိ၊ ၏။ တံ ပဟာနံ၊ ထိုတရားတို့ကို ထိုသို့ပယ်ခြင်းကို။ ဒဿေတုံ၊ ငှါ။ အနိစ္စတော အနုပဿန္တော အနိစ္စသညံ ပဇဟတီတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုပါဠိတော်၌။ နန္ဒိန္တိ၊ ကား။ သပ္ပီတိကံ၊ ပေါ်လွင်သောပီတိနှင့်တကွဖြစ်သော။ တဏှံ၊ တဏှာကို။ သေသံ၊ ဖွင့်ပြသည်မှ အကျန်ဖြစ်သောစကားသည်။ ဝုတ္တနယမေဝ၊ ဖွင့်ပြီးနည်း ရှိသည်သာတည်း။

[၂၀၀] ၇၄၄။ ပန၊ ထိုမှတပါး။ ဂါထာသု၊ ဂါထာတို့၌။ ဝတ္ထုသင်္ကမနာတိ ဝတ္ထုံ၊ ဟူသောဤပါဌ်၌။ ရူပဿ၊ ၏။ ဘင်္ဂံ၊ ဘင်ကို။ ဒိသွာ၊ ၍။ ပုန၊ ဖန်။ ယေန စိတ္တေန၊ အကြင်စိတ်ဖြင့်။ ဘင်္ဂေါ၊ ရုပ်၏ဘင်ကို။ ဒိဋ္ဌော၊ ရှုအပ်၏။ တဿာပိ၊ ထိုရှုသော ဝိပဿနာစိတ်၏လည်း။ ဘင်္ဂဒဿနဝသေန၊ ဘင်ကိုရှုသည်၏အစွမ်းဖြင့်။ ပုရိမဝတ္ထုတော၊ ရုပ်၏ဘင် ဟူသော ရှေးဖြစ်သောအာရုံမှ။ အညဝတ္ထုသင်္ကမနာ၊ ဝိပဿနာစိတ်၏ ဘင်ဟူသောတပါးသောအာရုံသို့ ပြောင်းခြင်းတည်း။ ပညာယ စ ဝိဝဋ္ဋနာတိ၊ ကား။ ဥဒယံ၊ ကို။ ပဟာယ၊ ပယ်၍။ ဝယေ၊ ဝယ၌။ သန္တိဋ္ဌနာ၊ ကောင်းစွာတည်ခြင်းတည်း။ အာဝဇ္ဇနာဗလဉ္စေဝါတိ၊ ကား။ ရူပဿ၊ ၏။ ဘင်္ဂံ၊ ကို။ ဒိသွာ၊ ရှု၍။ ပုန၊ ဖန်။ ဘင်္ဂါရမ္မဏဿ၊ ရုပ်၏ဘင်လျှင် အာရုံရှိသော။ စိတ္တဿ၊ ၏။ ဘင်္ဂဒဿနတ္ထံ၊ ဘင်ကိုရှုခြင်းငှါ။ အနန္တရမေဝ၊ အခြားမဲ့၌သာလျှင်။ အာဝဇ္ဇနသမတ္ထတာ၊ ဆင်ခြင်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်တည်း။ ပဋိသင်္ခါဝိပဿနာတိ၊ ကား။ ဧသာ၊ ဤဆိုအပ်ပြီးသည်ကား။ အာရမ္မဏပဋိသင်္ခါဘင်္ဂါနုပဿနာ နာမ၊ ရုပ်စသော အာရုံကိုသိ၍ ထိုဝိပဿနာစိတ်၏ ဘင်ကိုရှုခြင်းမည်၏။

၇၄၅။ အာရမ္မဏအန္ဒယေန ဥဘော ဧကဝဝတ္ထနာတိ၊ ကား။ ပစ္စက္ခတော၊ ပစ္စက္ခအားဖြင့်။ ဒိဋ္ဌဿ၊ မြင်အပ်ပြီးသော။ အာရမ္မဏဿ၊

အာရုံကို။ အန္ွယေန အနုဂမနေန၊ အစဉ်လျှောက်သဖြင့်။ ဣဒံ၊ ဤပစ္စုပ္ပန် ဖြစ်သော တရားသည်။ ဘိဇ္ဇတိ ယထာ၊ ပျက်သကဲ့သို့။ တထာ၊ တူ။ အတီတေပိ၊ ၌လည်း။ သင်္ခါရဂတံ၊ သည်။ ဘိဇ္ဇိတ္ထ၊ ပျက်ခဲ့ပြီ။ အနာ-ဂတေပိ၊ ၌လည်း။ ဘိဇ္ဇိဿတိ၊ ပျက်လတ့်။ ဣတိ ဧဝံ၊ သို့။ ဥဘိန္နံ၊ ဒွိဋ္ဌ အဒိဋ္ဌအားဖြင့် နှစ်ပါးကုန်သော အာရုံတို့ကို။ ဧကမိနာ ကေသဘာဝေ-နေဝ၊ ဤခဏဘင်အားဖြင့် ပျက်ခြင်းဟူသော တူသောသဘောအားဖြင့် သာလျှင်။ ဝဝတ္ထာပနံ၊ ကောင်းစွာ မှတ်သားခြင်း။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ စ-သစ္စံ၊ ၏။ ပေါရာဏေဟိ၊ တို့သည်။ သံဝိဇ္ဇ-မာနမှိ။ပ။ ဥဂ္ဂတေတိ၊ ဟူသော။ ဧတံ-ဝစနံ၊ ဤစကားကို။ ဝုတ္တမ္ပိ-ဝုတ္တံ ဧဝ၊ ဆိုအပ်ပြီးသည်သာတည်း။

[သံဝိဇ္ဇမာနမှိ၊ ပစ္စက္ခအားဖြင့် ရအပ်သော ပစ္စုပ္ပန်သင်္ခါရတရား အပေါင်း၌။ ဝိသုဒ္ဓဒဿနော၊ အထူးသဖြင့် စင်ကြယ်သောဘင်ကို ရှုသော ဉာဏ်အမြင်ရှိသော ယောဂီသည်။ တဒန္ွယံ၊ ထိုပစ္စုပ္ပန်သင်္ခါရ၏ ဘင်ကို ရှုသောဉာဏ်၏ အတုလိုက်၍ဖြစ်သော၊ ဝါ၊ ဉာဏ်သို့အစဉ်လိုက်၍ ဖြစ်သော ဝိပဿနာဉာဏ်ကို။ အတီတေ၊ အတိတ်ဖြစ်သော သင်္ခါရ၌ရင်း။ အနာ-ဂတေ၊ အနာဂတ်ဖြစ်သော သင်္ခါရ၌ရင်း။ နေတိ၊ ဆောင်၏၊ ဝါ၊ ဖြစ်စေ ၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သင်္ခါရဂတာ၊ အတိတ် သင်္ခါရ အနာဂတ်သင်္ခါရ တရားအပေါင်းတို့သည်။ ပလောကိနော၊ ပျက်ခြင်းသဘောရှိကုန်၏။ ကိမိဝ၊ ကား။ သူရိယေ၊ နေသည်။ ဥဂ္ဂတေ၊ တက်လတ်သည်ရှိသော်။ ဥဿာဝဗိန္ဒူ၊ ဆီးနှင်းပေါက်သည်။ (ပလော-ကတိ) ဣဝ၊ ပျောက်ပျက်သကဲ့သို့တည်း။]

နိရောဓေ အဓိမုတ္တတာတိ၊ ကား။ ဧဝံ၊ သို့။ ဥဘိန္နံ၊ ဒိဋ္ဌ အဒိဋ္ဌအားဖြင့် နှစ်ပါးကုန်သော အာရုံတို့၏။ ဘင်္ဂဝသေန၊ ခဏဘင်၏ အစွမ်းအားဖြင့်။ ဧကဝဝတ္ထာနံ၊ တူမျှကုန်၏ဟု ပိုင်းခြားမှတ်သားခြင်းကို။ ကတွာ၊ ၍။ ဘင်္ဂသင်္ခါတေ၊ ဘင်ဟုဆိုအပ်သော။ တသ္မိံ ယေဝ နိရောဓေ၊ ထိုချုပ်ခြင်း၌ သာလျှင်။ အဓိမုတ္တတာ၊ နှလုံးသွင်းသည်၏ အဖြစ်သည်။ တဂ္ဂရုတာ၊ ထိုသို့ ခဏနိရောဓ၌ အလေးပြုသည်၏ အဖြစ်သည်။ တန္နိန္နတာ၊ ထိုခဏ နိရောဓ၌ ညွတ်သည်၏အဖြစ်သည်။ တပေ္ပါဏတာ၊ ထိုခဏနိရောဓသို့ ကိုင်းသည်၏ အဖြစ်သည်။ တပ္ပဗ္ဘာရတာ၊ ထိုခဏနိရောဓသို့ ရှိုင်းသည်၏

အဖြစ်သည်။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ဝယလက္ခဏာဝိပဿနာတိ၊ ကား။ သော၊ ဤပစ္စက္ခဖြင့် မြင်အပ်သည့် အာရုံကို အစဉ်လျောက်သဖြင့် နှစ်ပါးကုန်သော ဒိဋ္ဌ အဒိဋ္ဌအာရုံတို့ကို ခဏဘင်အားဖြင့် တူသည်၏ အဖြစ်ဖြင့် ပိုင်းခြားမှတ်သားခြင်းသည်။ ဝယလက္ခဏာနုပဿနာ နာမ၊ ပျက်ခြင်းဟု ဆိုအပ်သော ဝယလက္ခဏာကို ရှုသော ဝိပဿနာမည်၏၊ ဝါ၊ ဘင်္ဂါနုပဿနာမည်၏။ ဣတိ၊ သို့။ ဝုတ္တံ-ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

၇၄၆။ အာရမ္မဏဉ္စ ပဋိသင်္ခါတိ၊ ကား။ ပုရိမံ၊ သော။ ရူပါဒိ-အာရမ္မဏဉ္စ၊ ရုပ်စသော အာရုံကိုလည်း။ ဇာနိတွာ၊ ၍။ ဘင်္ဂဉ္စ အနုပဿ-တီတိ၊ ကား။ တဿ- အာရမ္မဏဿ၊ ထိုရုပ်စသော အာရုံ၏။ ဘင်္ဂံ၊ ကို။ ဒိသွာ၊ ၍။ တဒါရမ္မဏဿ၊ ထိုရုပ်စသည်လျှင် အာရုံရှိသော။ စိတ္တဿ၊ ၏။ ဘင်္ဂံ၊ ကို။ အနုပဿတိ၊ ၏။ သုညတော စ ဥပဋ္ဌာနန္တိ၊ ကား။ ဧဝံ၊ သို့။ ဘင်္ဂံ၊ ရုပ်စသော အာရုံ၏ ဘင်ကိုပင်လျှင် အာရုံရှိသောစိတ်၏ ဘင်ကို။ အနုပဿတော၊ သော။ တဿ၊ ထိုယောဂီအား။ (သုညတော ဥပဋ္ဌာနံ-ဉ်စပ်) သင်္ခါရာဝ၊ တို့သည်သာလျှင်။ ဘိဇ္ဇန္တိ၊ ကုန်၏။ တေသံ၊ ထိုသင်္ခါရတို့၏။ ဘေဒေါ၊ ပျက်ခြင်းသည်။ မရဏံ၊ မရဏမည်၏။ အညော၊ သင်္ခါရမှ တပါးသော။ (အတ္တာ နာမ၊ အတ္တမည်စကောင်းသော။) ကောစိ၊ တစုံတယောက်သည်။ န အတ္ထိ၊ မရှိ။ ဣတိ၊ သို့။ သုညတော၊ အတ္တမှ ဆိတ်သောအားဖြင့်။ ဥပဋ္ဌာနံ၊ ထင်ခြင်းသည်။ ဣဇ္ဈတိ၊ ပြည့်စုံ၏။

[၂၇၁] တေန၊ ကြောင့်။ ပေါရာဏာ၊ တို့သည်။ ခန္ဓာ။ပ။ ယောနိ-သောတိ၊ ဟူ၍။ အာဟု၊ ကုန်ပြီ။

ခန္ဓာ၊ ခန္ဓာဖြစ်သော သင်္ခါရတို့သည်သာလျှင်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ (ဣမဿ္မိံ လောကေ၊ ဤလောက၌။) အညော၊ ခန္ဓာမှတပါးသော ချုပ်တတ်သော သေတတ်သောသူသည်။ န စ အတ္ထိ။ မရှိသည်သာလျှင် တည်း။ ခန္ဓာနံ၊ တို့၏။ ဘေဒေါ၊ ပျက်ခြင်းကို။ မရဏန္တိ၊ ဟူ၍။ ပဝုစ္စတိ၊ အပ်၏။ တေသံ- ခန္ဓာနံ၊ ထိုခန္ဓာဖြစ်သောတရားတို့၏။ ဝယံ၊ ခဏတိုင်း ခဏတိုင်း ထင်လှာသော ဘင်ကို။ အပ္ပမတ္တော၊ မမေ့လျော့သော ယောဂီသည်။ ပဿတိ၊ ရှုမြင်၏။ (ယထာ ကိံ၊ အဘယ်ကဲ့သို့နည်း

ဟူမှုကား။ ကုသလော၊ လိမ္မာသော။ ပုရိသော၊ သည်။) ယောနိသော ဥပါယေန၊ သင့်သောအကြောင်းဖြင့်။ မဏိံ၊ ရွဲကို။ ဝဇိရေန၊ စိန်ဖြင့်။ ဝိဇ္ဈံ-ဝိဇ္ဈန္တော၊ ထွင်းသည်ရှိသော်။ (မဏိဿ၊ ရွဲ၏။ ဆိဒ္ဒမေဝ၊ အပေါက်ကိုသာလျှင်။ မနသိ ကရောတိ) ဣဝ၊ နှလုံးမူသကဲ့သို့။ (မဏိဿ၊ ရွဲ၏။ ဝဏ္ဏာဒိံ၊ အဆင်းစသည်ကို။ န မနသိ ကရောတိ ဣဝ၊ နှလုံးမမူသကဲ့သို့။ ဧဝမေဝ၊ တူလျှင်။ သင်္ခါရာနံ၊ တို့၏။ နိရန္တရံ၊ မပြတ်သော။ ဘင်္ဂမေဝ၊ ကိုသာလျှင်။ ယောနိသော။ အသင့်အားဖြင့်။ မနသိ ကရောတိ၊ နှလုံးမူ၏။ သင်္ခါရေ၊ တို့ကို။ န မနသိ ကရောတိ၊ နှလုံးမမူ[၁]။) (ဤသို့ အဓိပ္ပါယ် ကွက်ကွက်ထင်အောင် ပါဌ်သေသစွက်၍ ယောဇနာ။ တနည်း) ဝဇိရေန၊ စိန်ဖြင့်။ မဏိံ၊ ရွဲကို။ ဝိဇ္ဈံ-ဝိဇ္ဈန္တဿ၊ ထွင်းသော ရွဲသမား၏။ (ဝိဒ္ဓဋ္ဌာနံ၊ ထွင်းရာအရပ်သည်။ ပုန၊ ဖန်။ န ရူဟတိ) ဣဝ၊ မရောက်သကဲ့သို့။ (ဧဝံ-တထာ၊ တူ။ ဝဇိရသဒိသေန၊ စိန်ကောင်းနှင့်တူသော။ ဘင်္ဂါနုပဿနာဉာဏေန၊ ဘင်္ဂါနုပဿနာဉာဏ်ဖြင့်။ ဘင်္ဂေ၊ ဘင်ကို။ ဒိဋ္ဌေ၊ မြင်အပ်သည်ရှိသော်။ ပုန၊ ဖန်။ နိစ္စဂါဟော၊ နိစ္စဟုစွဲလမ်းခြင်းသည်။ န ရူဟတိ၊ မရောက်။ ဧဝံ၊ သို့။ ဘင်္ဂမေဝ၊ ဘင်ကိုသာလျှင်။ ပဿတိ၊ ရှု၏။) (ဤသို့ဂဋ္ဌိကာနတ်ဆေး ဆူလယ်ပေးသို့ ဉာဏ်မှေးသော ပုဂ္ဂိုလ်တို့ သိသာအောင် ယောဇနာ)

အဓိပညာဝိပဿနာတိ၊ ကား။ (ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ ၊တံ အာရမ္မဏံ ပဋိသင်္ခါတိ၊ ဟူ၍။ ဧဝံ၊ သို့။ အာဂတာ၊ လာသော။) ယာ စ အာရမ္မဏပဋိသင်္ခါ၊ အကြင်အာရုံကို ဆင်ခြင်ခြင်းသည်ရင်း။ (တဿ စိတ္တဿ ဘင်္ဂံ အနုပဿတီတိ၊ ဟူ၍၊ ဧဝံ၊ သို့။ ဝုတ္တာ၊ သော။) ယာ စ ဘင်္ဂါနုပဿနာ၊ အကြင်ဘင်ကို အဖန်တလဲလဲ ရှုခြင်းသည်ရင်း။ (သင်္ခါရာဝ ဘိဇ္ဇန္တိ၊ တေသံ ဘေဒေါ မရဏံ န အညော ကောစိ အတ္ထီတိ၊ ဟူ၍။ ဧဝံ၊ သို့။ ဝုတ္တံ၊ သော။) ယဉ္စ သုညတော ဥပဋ္ဌာနံ၊ အကြင် အတ္တမှ ဆိတ်သော အားဖြင့် ထင်ခြင်းသည်ရင်း။ အတ္ထိ၊ ၏။ အယံ၊ ဤသုံးပါး အပြားအားဖြင့်ဆိုအပ်သော ပညာသည်လည်း။ အဓိပညာဝိ-

---

၁-ဤအနက်ယောဇနာပုံ၌ ပါဌ်သေသများလွန်း၏၊ အတိုချုပ်ပေးလိုလျှင်"ယောနိသော၊ အသင့်နည်းမှန်ဖြင့်။ မဏိံ၊ ပတ္တမြားကို။ ဝိဇ္ဈံ-ဝိဇ္ဈန္တော၊ ထွင်းသောသူသည်။ ဝဇိရေန၊ စိန်ဖြင့်။ (ဝိဇ္ဈတိ) ဣဝ၊ ဖောက်ထွင်းသကဲ့သို့တည်း" ဟု ပေးရာ၏။ (ဆ-သံ-သော)

ပဿနာ နာမ၊ အဓိပညာဝိပဿနာမည်၏။ ဣတိ၊ သို့။ ဝုတ္တံ-ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

၇၄၇။ ကုသလော တီသု အနုပဿနာသူတိ၊ ကား။ အနိစ္စာနုပဿနာဒီသု၊ အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာဟု ဆိုအပ်ကုန်သော။ တီသု၊ သုံးပါးသော အနုပဿနာတို့၌။ ဆေကော၊ လိမ္မာသော။ ဘိက္ခု၊ သည်။ စတသော စ ဝိပဿနာသူတိ၊ ကား။ နိဗ္ဗိဒါဒီသု၊ နိဗ္ဗိဒါနုပဿနာ ဝိရာဂါနုပဿနာ နိရောဓာနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာ ဟုဆိုအပ်ကုန်သော။ စတူသု ဝိပဿနာသု စ၊ လေးပါးသော ဝိပဿနာ တို့၌ရင်း။ တယော ဥပဋ္ဌာနေ ကုသလတာတိ၊ ကား။ ခယတော၊ ခယအားဖြင့်။ ဝယတော၊ အားဖြင့်။ (ဥပဋ္ဌာနံ၊ ထင်ခြင်းရင်း။) ဘယတော၊ ဘယအားဖြင့်[၁]။ (ဥပဋ္ဌာနံ၊ ရင်း။) သုညတော၊ အတ္တမှဆိတ်သော အားဖြင့်။ (ဥပဋ္ဌာနံ၊ ရင်း။) ဣတိ၊ သို့။ (အနိစ္စာဒိဝသေန၊ အနိစ္စဒုက္ခ အနတ္တတို့၏ အစွမ်းဖြင့်။) တိဝိဓေ၊ သုံးပါးအပြားရှိသော။ ဣမသ္မိံ ဥပဋ္ဌာနေ စ၊ ဤထင်ခြင်း၌ရင်း။ ကုသလတာယ၊ လိမ္မာသည်၏အဖြစ်ကြောင့်။ နာနာဒိဋ္ဌိသု န ကမ္ပတီတိ၊ ကား။ သဿတဒိဋ္ဌိအာဒီသု၊ သဿတဒိဋ္ဌိ အစရှိကုန်သော။ နာနပကာရာသု၊ အထူးထူး အပြားပြားကုန်သော။ ဒိဋ္ဌီသု၊ ဒိဋ္ဌိတို့ကြောင့်။ န ဝေဓတိ၊ မတုန်လှုပ်။

၇၄၈။ ဝေ၊ သို့။ အဝေဓမာနော၊ မတုန်လှုပ်သော။ သော၊ ထို ယောဂီသည်။ (ပဿတိ-၌စပ်) အနိရုဒ္ဓမေဝ၊ မချုပ်သေးသောသင်္ခါရ သည်သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်၏။ အဘိန္နမေဝ၊ မပျက်သေးသောသင်္ခါရ သည်သာလျှင်။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ သို့။ ပဝတ္တမနသိကာရော၊ ဖြစ်သော နှလုံးသွင်းခြင်းရှိသည်ဖြစ်၍။ ဘိဇ္ဇမာနဿ၊ ကွဲသော။ ဒုဗ္ဗလဘာဇနဿ၊ အားနည်းသော စိုသောမြေခွက်စိမ်း၏။ ဘေဒမေဝ၊ ကွဲခြင်းကိုသာလျှင်။ ပဿတိ ဝိယ၊ ရှုသကဲ့သို့ရင်း။ ဝိပ္ပကိရမာနဿ၊ ဖရိုဖရဲလွင့်အပ်သော။ သုခုမရဇဿ၊ သိမ်မွေ့သောမှုန့်၏။ ဘေဒမေဝ၊ ပျောက်ပျက်ခြင်းကိုသာလျှင်။ ပဿတိ ဝိယ၊ ရင်း။ ဘဇ္ဇိယမာနာနံ၊ လှော်

---

၁-ဘယတော-ကား ကျတတ်သည်။ တယော ဥပဋ္ဌာနေတိ အနိစ္စာဒိဝသေန တိဝိဓေ ဥပဋ္ဌာနေ။ခယတော ဝယတော ဥပဋ္ဌာနံ ဟိ အနိစ္စတော ဥပဋ္ဌာနံ၊ ဘယတော ဥပဋ္ဌာနံ ဒုက္ခတော၊ သုညတော ဥပဋ္ဌာနံ အနတ္တတောတိ။ ဋီကာကိုရှု။ (ပြည်)

အပ်ကုန်သော။ တိလာနံ၊ နှမ်းတို့၏။ ဘေဒမေဝ၊ ပျက်ခြင်းကိုသာလျှင်။ ပဿတိ ဝိယ၊ ရှုသကဲ့သို့ ဝိယ၊ ၎င်း[1]။ သဗ္ဗသင်္ခါရာနံ၊ အလုံးစုံသော သင်္ခါရတို့၏။ ဥပ္ပါဒဋ္ဌိတိပဝတ္တနိမိတ္တံ၊ ဥပါဒ်ဋ္ဌီပဝတ္တနိမိတ်ကို။ ဝိဿဇ္ဇိတွာ၊ လွှတ်၍။ ဘေဒမေဝ၊ ပျက်ခြင်းကိုသာလျှင်။ ပဿတိ၊ မြင်၏၊ ဝါ၊ နှလုံးသွင်း၏။ ယထာ နာမ၊ ဥပမာမည်သည်ကား။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ သည်။ ပေါက္ခရဏီတီရေ ဝါ၊ ရေကန်၏ကမ်းဦးရင်း။ နဒီတီရေ ဝါ၊ မြစ်ကမ်းဦးရင်း။ ဌိတော၊ တည်သျက်။ ထူလဖုသိတကေ၊ ကြီးစွာသော မိုဃ်းပေါက်ရှိသော။ ဒေဝေ၊ မိုဃ်းသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ ဥဒကပိဋ္ဌေ၊ ရေအပြင်၌။ မဟန္တမဟန္တာနိ၊ ကြီးကုန် ကြီးကုန်သော။ ဥဒကဗုဗ္ဗုဠကာနိ၊ ရေပွက်တို့ကို။ ဥပ္ပဇ္ဇိတွာ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍ ဖြစ်၍။ သီဃံ သီဃံ၊ လျင်စွာ လျင်စွာ။ ဘိဇ္ဇမာနာနိ၊ ပျက်သည်တို့ကိုသာလျှင်။ ပဿေယျ ယထာ၊ မြင်ရာသကဲ့သို့။ ဧဝမေဝ၊ တူသာလျှင်။ (သော၊ ထိုယောဂါဝစရသည်။) သဗ္ဗေ သင်္ခါရာ၊ အလုံးစုံသော ရုပ်နာမ်သင်္ခါရတို့သည်။ ဘိဇ္ဇန္တိ ဘိဇ္ဇန္တိတိ၊ လျင်စွာ လျင်စွာ ပျက်ကုန် ပျက်ကုန်သည် တကားဟူ၍။ ပဿတိ၊ မြင်၏။ ဟိ-သစ္စံ၊ ၏။ ဧဝရူပံ၊ ဤသို့ ရေပွက် တန္တု ပျက်လွယ်သည်ကိုရှုသော သဘောရှိသော။ ယောဂါဝစရံ၊ ကို။ သန္ဓာယ၊ ရည်၍။ ဘဂဝတာ၊ သည်။ ယထာ။ပ။ န ပဿတီတိ၊ ဟူ၍။ ဝုတ္တံ၊ အပ်၏။

[ဗုဗ္ဗုဠကံ၊ ရေပွက်ကို။ ပဿေ-ပဿေယျ ယထာ၊ ရှုသကဲ့သို့ရင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေ-ပဿေယျ ယထာ၊ သို့ရင်း။ ဧဝံ-တထာ၊ တူ။ လောကံ၊ ရုပ်နာမ်ခန္ဓာဟူသော လောကကို။ အဝေက္ခန္တံ၊ ဉာဏ်ဖြင့်သက်၍ အပျက်အပျက်ကိုသာရှုသော ယောဂါဝစရကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်ရပြီ။]

၇၄၉။ ဧဝံ၊ သို့။ သဗ္ဗေ သင်္ခါရာ၊ တို့သည်။ ဘိဇ္ဇန္တိ ဘိဇ္ဇန္တိတိ၊ လျင်စွာ လျင်စွာ ပျက်ကုန် ပျက်ကုန်ကာသာဟူ၍။ အဘိဏှံ၊ မပြတ်။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂါဝစရအား။ အဋ္ဌာနိသံသပရိဝါရံ၊ ရှစ်ပါးသော

၁-ဒုဗ္ဗလဘာဇနူပမာသည် မိမိသဘောအားဖြင့် ပျက်တတ်သည်၏အဖြစ်ကို ပြရခြင်း အကျိုးရှိ၏၊ ဝိပ္ပကိရမာနသုခုမရဇူပမာသည် အချင်းချင်းမစပ်သည်၏အဖြစ်ကို ပြရခြင်း အကျိုးရှိ၏၊ ဘဇ္ဇိယမာနတိလူပမာသည် ခဏတိုင်းခဏတိုင်း ပျက်ခြင်းသဘောရှိသည်၏ အဖြစ်ကို ပြရခြင်းအကျိုးရှိ၏။ (ပြည်)

အာနိသင်ဖြင့် ခြံရံအပ်သော။ ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်္ဂါနုပဿနာဉာဏ်သည်။ ဗလပ္ပတ္တံ၊ သန်မြန်သောအားသို့ရောက်သည်။ ဟောတိ၊ ၏။ တတြ၊ ထိုဘင်္ဂါနုပဿနာဉာဏ်၌။ ဣမေ၊ ဤဆိုလတ့်သည်တို့ကား။ အဋ္ဌာနိသံသာ၊ ရှစ်ပါးသော အာနိသင်တို့တည်း။ ဘဝဒိဋ္ဌိပ္ပဟာနံ၊ သဿတဒိဋ္ဌိကို ပယ်နိုင်ခြင်းရှင်း။ ဇီဝိတနိကန္တိပရိစ္စာဂေါ၊ ဇီဝိတ၌ တပ်ခြင်းကို စွန့်နိုင်ခြင်းရှင်း။ သဒါ၊ နေ့ညဉ့်မပြတ်။ ယုတ္တပယုတ္တတာ၊ ဘာဝနာ၌ လွန်စွာ လွန်စွာအားထုတ်သည်၏ အဖြစ်ရှင်း။ ဝိသုဒ္ဓါဇီဝိတာ၊ (ယုတ်မာသော အလိုရမ္မက်ဝေးသည်ဖြစ်၍) စင်ကြယ်သော အသက်မွေးခြင်းရှိသည်၏ အဖြစ်ရှင်း။ ဥဿုက္ကပ္ပဟာနံ၊ ထက်သောသံဝေဂကြောင့် ကိစ္စကြီးငယ်တို့၌ ကြောင့်ကြဗျာပါရကို ပယ်နိုင်ခြင်းရှင်း။ ဝိဂတဘယတာ၊ (အတ္တသိနေဟကင်းသည်ဖြစ်၍ တစုံတခုသော အကြောင်းကြောင့်လည်း) ဘေးကင်းသည်၏ အဖြစ်ရှင်း။ ခန္တိသောရစ္စပဋိလာဘော၊ (အနိစ္စတာကို ကောင်းစွာ မြင်အပ်သည်၏အဖြစ်ကြောင့်) သည်းခံခြင်း ကောင်းသော အမှု၌ မွေ့လျော်ခြင်းကိုရခြင်းရှင်း။ (သောဘဏေ ရတော သုရတော၊ သုရတဿ ဘာဝေါ သောရစ္စံ) အရတိရတိသဟနတာ၊ ဆိတ်ညိမ်သော တောကျောင်း သမထ ဝိပဿနာ ဘာဝနာဟူသော လွန်ကဲသောကုသိုလ်တို့၌ မမွေ့လျော်ခြင်း ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက်ခြင်းကို နှိပ်နင်းနိုင်သည်၏ အဖြစ်ရှင်း။ ဣတိ-ဣမေ အဋ္ဌ၊ ဤရှစ်ပါးတို့တည်း။

[၂၈၂] တေန၊ ထိုကြောင့်။ ပေါရာဏာ၊ တို့သည်။ ဣမာနိ။ပ။ ပတ္တိယာတိ၊ ဟူ၍။ အာဟု၊ ကုန်ပြီ။

[တဟိံ၊ ထိုဘင်္ဂါနုပဿနာ၌။ ဣမာနိ အဋ္ဌဂုဏမုတ္တမာနိ၊ ဘဝဒိဋ္ဌိကို ပယ်ခြင်းအစရှိသော ဤရှစ်ပါးသော မြတ်သောအာနိသင်တို့ကို။ ဒိသွာ၊ မြင်၍။ အာဒိတ္တစေလဿိရသူပမော၊ ဦးခေါင်း၌ ပြောင်ပြောင်လောင်သော ဦးရစ်ရှိသောသူလျှင် ဥပမာရှိသော။ ဘင်္ဂါနုပဿီ၊ ဘင်ကိုရှုလေ့ရှိသော။ မုနီ၊ ရဟန်းသည်။ အမတဿ၊ အမြိုက်နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ ပုနပ္ပုနံ၊ လဲ။ သမ္မသတေ၊ သုံးသပ်၏။]

(ဤဂါထာ၌ ဣမာနိ အဋ္ဌဂုဏမုတ္တမာနိ-ကား လိင်္ဂဝိပ္ပလ္လာသတည်း၊ အဋ္ဌဂုဏ-ဟုဂသံယုတ်နှင့်ရွတ်။ ဂုဏ-ကား အာနိသံသဟောတည်း။ မ-ကား အာဂုံ။ ။ဘင်္ဂါနုပဿနာဉာဏ် နိဋ္ဌိတံ။

## ဘယတုပဋ္ဌာနဉာဏကထာ

၇၅၀။ ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသောနည်းဖြင့်။ သဗ္ဗသင်္ခါရာနံ၊ အလုံးစုံသော တေဘူမကသင်္ခါရတို့၏။ (အဓိကာရဝသေန ဟိ ပဒေသသဗ္ဗဝိသယော ဣဓ သဗ္ဗသဒ္ဒေါ) ခယဝယ်ဘေဒနိရောဓာရမ္မဏာ၊ ခယဝယဘေဒ ဟုဆိုအပ်သော ခဏိကနိရောဓလျှင် အာရုံရှိသော။ ဘင်္ဂါနုပဿနံ၊ ဘင်္ဂါနုပဿနာဉာဏ်ကို။ အာသေဝန္တဿ၊ အရှိအသေအားဖြင့် မှီဝဲသော၊ ဝါ၊ ဖြစ်စေသော။ ဘာဝေန္တဿ၊ ပွါးစေသော။ ဗဟုလီကရောန္တဿ၊ အဖန်ဖန် အလီလီ အားထုတ်သော။ တဿ၊ ထိုယောဂါဝစရအား။ သဗ္ဗဘဝယောနိ ဂတိဋ္ဌိတိသတ္တာဝါသေသု၊ အလုံးစုံသော သုံးပါးသောဘဝ, လေးပါးသောယောနိ, ငါးပါးသောဂတိ, ခုနစ်ပါးသော ဝိညာဏဋ္ဌိတိ, ကိုးပါးသော သတ္တာဝါသတို့၌။ ပဘေဒကာ၊ ခဏတိုင်း ခဏတိုင်း ပျက်ခြင်း သဘောရှိကုန်သော။ သင်္ခါရာ၊ တို့သည်။ (ဉပဋ္ဌဟန္တိ- ၌စပ်) သုခေန၊ ချမ်းသာသဖြင့်။ ဇီဝိတုကာမဿ၊ အသက်ရှင်လိုသော။ ဘီရုကပုရိသဿ၊ ကြောက်လန့်တတ်သောသူအား။ သီဟာ၊ ခြင်္သေ့။ ဗျဂ္ဃ၊ ကျား။ ဒီပိ၊ သစ်။ အစ္ဆ၊ ဝံ။ တရစ္ဆ၊ ခြောင်း။ ယက္ခ၊ ဘီလူး။ ရက္ခသ၊ ရက္ခိုသ်။ စဏ္ဍဂေါဏ၊ ကျန်းသောနွား။ စဏ္ဍကုက္ကုရ၊ ကျန်းသောခွေး။ ပဘိန္နမဒစဏ္ဍဟတ္ထိ၊ ပါးစောင်နှစ်ဖက်မှ ယိုထွက်သော မုန်ရှိသော ကျန်းသောဆင်။ ဃောရအာသီဝိသ၊ လျင်သော အဆိပ်ရှိသောမြွေ။ အသနိဝိစက္က၊ မိုဃ်းကြိုးစက်ဝန်း။ သုသာန၊ သုသာန်။ ရဏဘူမိ၊ စစ်မြေအရပ်။ ဇလိတအင်္ဂါရကာသုအာဒယော၊ အလျှံပြောင်ပြောင် တောက်လောင်သော မီးကျီးတွင်း စသည်တို့သည်။ (မဟာဘယံ၊ ကြီးစွာသော ကြောက်မက်ဖွယ် သည်။ ဟုတွာ၊ ၍။ ဉပဋ္ဌဟန္တိ) ဝိယ၊ ထင်ကုန်သကဲ့သို့။ မဟာဘယံ၊ ကြီးစွာသော ကြောက်မက်ဖွယ်သည်။ ဟုတွာ၊ ၍။ ဉပဋ္ဌဟန္တိ၊ ကုန်၏။ အတီတာ၊ လွန်ကုန်ပြီးသော။ သင်္ခါရာ၊ တို့သည်။ နိရုဒ္ဓါ၊ ချုပ်ကုန်ပြီ။ ပစ္စုပ္ပန္နာ၊ သန္တတိပစ္စုပ္ပန် ဖြစ်ကုန်သော။ (သင်္ခါရာ၊ တို့သည်။) နိရုဇ္ဈန္တိ၊ ချုပ်ကုန်ဆဲ။ အနာဂတေ၊ အနာဂတ်၌။ နိဗ္ဗတ္တနကသင်္ခါရာပိ၊ ဖြစ်လတံ့ သော သင်္ခါရတို့သည်လည်း။ ဧဝမေဝ၊ ဤပစ္စုပ္ပန် သင်္ခါရအတူလျှင်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ကုန်လတံ့။ ဣတိ၊ သို့။ ပဿတော၊ သော။ တဿ၊ ထိုယောဂီအား။ တေသ္မိံ ဌာနေ၊ ဘင်္ဂဒဿနမုခဖြင့် သင်္ခါရတို့၏

ကြောက်ဖွယ်အဖြစ်ဖြင့် ထင်သော ဤအရာ၌။ ဘယတုပဋ္ဌာနဉာဏံ နာမ၊ ကြောက်မက်ဖွယ်အားဖြင့် ထင်လာသော သင်္ခါရတို့၌ဖြစ်သော ဉာဏ်မည်သည်၊ ဝါ၊ သင်္ခါရတို့သည် ကြောက်မက်ဖွယ်အားဖြင့် ထင်ကုန်လတ်သော် ကြောက်အပ်သော အခြင်းအရာကို ယူတတ်သော ဉာဏ်မည်သည်။ ဥပ္ပဇ္ဇတိ၊ ၏။

တတြ၊ ထိုဘယတုပဋ္ဌာနဉာဏ်၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဥပမာ၊ ဥပမာတည်း။ ဧကိဿာ၊ တယောက်သော။ ဣတ္ထိယာ၊ မိန်းမ၏။ တယော ပုတ္တာ၊ သုံးယောက်သော သားတို့သည်။ ရာဇပရာဓိကာ၊ မင်းပြစ်မင်းဒဏ် သင့်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ရာဇာ၊ မင်းသည်။ တေသံ၊ ထိုသုံးယောက်သော သားတို့၏။ သီသစ္ဆေဒံ၊ ဦးခေါင်းဖြတ်ခြင်းကို။ အာဏာပေသိ၊ စေ၏။ သာ-ဣတ္ထီ၊ သည်။ ပုတ္တေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ အာဃာတနံ၊ သတ်ရာသင်းချိုင်းသို့။ အဂမာသိ ကိရ၊ လိုက်သတတ်။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုမိန်းမ၏။ ဇေဋ္ဌပုတ္တဿ၊ သားကြီး၏။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိတွာ၊ ဖြတ်ပြီး၍။ မဇ္ဈိမဿ၊ အလတ်ဖြစ်သော သား၏။ (သီသံ၊ ကို။) ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှါ။ အာရဘိံသု၊ အားထုတ်ကုန်၏။ သာ၊ ထိုသားများအမိသည်။ ဇေဋ္ဌဿ၊ သားကြီး၏။ ဆိန္နံ၊ ပြတ်ပြီးသော။ သီသံ၊ ဦးခေါင်းကိုငင်း။ မဇ္ဈိမဿ၊ သားလတ်၏။ ဆိဇ္ဇမာနံ၊ ပြတ်ဆဲသော။ သီသဥ္စ၊ ကိုငင်း။ ဒိသွာ၊ ၍။ ကနိဋ္ဌမှိ၊ သားငယ်၌။ အာလယံ၊ မြော်လင့်ခြင်းကို။ ဝိဿဇ္ဇိ၊ စွန့်၏။ အယမ္ပိ၊ ဤသူငယ်သည်လည်း။ ဧတေသညေဝ၊ ထိုသားကြီး သားလတ်တို့၏သာလျှင်။ သဒိသော၊ တူသည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ အာလယံ၊ ကို။ ဝိဿဇ္ဇိ၊ ၏။ တတ္ထ၊ ထိုဥပမာ၌။ တဿာ ဣတ္ထိယာ၊ ထိုမိန်းမ၏။ ဇေဋ္ဌပုတ္တဿ၊ ၏။ ဆိန္နသီသဒဿနံ ဝိယ၊ ပြတ်ပြီးသော ဦးခေါင်းကို ရှုခြင်းကဲ့သို့။ ယောဂိနော၊ ၏။ အတီတသင်္ခါ-ရာနံ၊ အတိတ်သင်္ခါရတို့၏။ နိရောဓဒဿနံ၊ ခဏိကနိရောဓကို ရှုခြင်းကို၊ ဝါ၊ ဘင်ကိုရှုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ မဇ္ဈိမဿ၊ သားလတ်၏။ ဆိဇ္ဇမာန-သီသဒဿနံ ဝိယ၊ ပြတ်ဆဲသော ဦးခေါင်းကို ရှုခြင်းကဲ့သို့။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်သင်္ခါရတို့၏။ နိရောဓဒဿနံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ အယမ္ပိ၊ ဤသားငယ်သည်လည်း။ ဧတေသညေဝ၊ ထိုသားကြီး သားလတ် တို့၏သာလျှင်။ သဒိသော၊ အတူ ဦးခေါင်းပြတ်သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။

ကနိဋ္ဌပုတ္တမှိ၊ သားငယ်၌။ အာလယဝိဿဇ္ဇနံ ဝိယ၊ မြော်လင့်ခြင်းကို စွန့်ခြင်းကဲ့သို့။ အနာဂတေပိ၊ ၌လည်း။ နိဗ္ဗတ္တနကသင်္ခါရာ၊ ဖြစ်လတ္တံ့သော သင်္ခါရတို့သည်။ ဘိဇ္ဇိဿန္တိ၊ ပျက်ကုန်လတ္တံ့၊ ဝါ၊ ချုပ်ကုန်လတ္တံ့။ ဣတိ၊ သို့။ အနာဂတာနံ၊ အနာဂတ်ဖြစ်သော သင်္ခါရတို့၏။ နိရောဓဒဿနံ၊ ချုပ်လတ္တံ့သောဘင်ကို ရှုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဝေ၊ သို့။ ပဿတော၊ သော။ တဿ၊ ထိုယောဂီအား။ တေသ္မိံ ဌာနေ၊ ထိုရှုသောအရာ၌။ ဘယတုပဋ္ဌာနဉာဏံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

အပရာပိ၊ တပါးလည်းဖြစ်သော။ ဥပမာ၊ ကို။ ဝုစ္စတေ၊ ၏[၁]။ ပူတိပဇာ၊ သားသေသားပုပ်ကိုသာ ဖွားတတ်သော။ ကော ဣတ္ထီ၊ တယောက်သော မိန်းမသည်။ ဒသ ဒါရကေ၊ တကျိပ်သောသားငယ်တို့ကို။ ဝိဇာယိ ကိရ၊ ဖွားသတတ်။ တေသု၊ ထိုသားတကျိပ်တို့တွင်။ နဝ၊ ကိုးယောက်သောသားတို့သည်။ မတာ၊ သေကုန်၏။ ဟတ္ထဂတော၊ လက်၌ရှိသော။ ဧကော၊ သားတယောက်သည်။ မရတိ၊ သေဆဲ။ အပရော၊ သားတယောက်သည်။ ကုစ္ဆိယံ၊ ဝမ်း၌။ တိဋ္ဌတိ၊ တည်၏။ သာ-ဣတ္ထီ၊ ထိုသားများအမိသည်။ နဝ ဒါရကေ၊ ကိုးယောက်သောသား တို့ကို။ [၂၈၃] မတေ၊ သေပြီးသည်တို့ကို။ ဒသမဉ္စ၊ ဆယ်ယောက် မြောက်သော သားကိုလည်း။ မီယမာနံ၊ သေဆဲကို။ ဒိသွာ၊ ၍။ အယမ္ပိ၊ ဤဝမ်းဝယ်လွယ်သော သားသည်လည်း။ ဧတေသဉ္ဇေဝ၊ ထို သားတကျိပ်တို့၏သာလျှင်။ သဒိသော၊ သေခြင်းတူသည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ကုစ္ဆိဂတေ၊ ဝမ်းရှိသား၌။ အာလယံ၊ မြော်လင့်ခြင်းကို။ ဝိဿဇ္ဇ၊ စွန့်၏။ တတ္ထ၊ ထိုဥပမာ၌။ တဿာ ဣတ္ထိယာ၊ ၏။ နဝန္နံ ဒါရကာနံ၊ ကိုးယောက်သော သားတို့၏။ မရဏာနုဿရဏံ ဝိယ၊ သေခြင်းကို အောက်မေ့ခြင်းကဲ့သို့။ ယောဂိနော၊ ၏။ အတီတသင်္ခါရာနံ၊ အတိတ် ဖြစ်သော သင်္ခါရတို့၏။ နိရောဓဒဿနံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဟတ္ထဂတဿ၊

၁-ယခုအခါ၌ ပုပ်သိုးပြီးသော ထမင်းစသောဝတ္ထုသည် သဘောအတိုင်းမတည် ပျက် သည်သာဖြစ်၏၊ ထိုအတူအကြင်မိန်းမ၏ ဖွားတိုင်းဖွားတိုင်းသော သားတို့သည် အသက်မရှည်ကုန်၊ သေကုန်သည်သာဖြစ်ကုန်၏။ ထိုမိန်းမကို ပူတိပဇာ- သားပုပ် ဖွားတတ်သည်ဟု ဆိုအပ်သတည်း။ ထိုသားပုပ်ဖွားသော မိန်းမဥပမာဖြင့် ပြပြန်လိုရကား အပရာပိ ဥပမာ ကော ကိရ- စသည်ကို မိန့်သော်။

လက်၌တည်သောသားငယ်၏။ မိယမာနဘာဝဒဿနံ ဝိယ၊ သေဆဲအဖြစ်ကို ရှုခြင်းကဲ့သို့။ ယောဂိနော၊ ၏။ ပစ္စုပ္ပန္နာနံ၊ တို့၏။ နိရောဓဒဿနံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ကုစ္ဆိဂတော၊ ဝမ်းရှိသားငယ်၌။ အာလယဝိဃဋ္ဋနံ ဝိယ၊ မြော်လင့်ခြင်းကိုစွန့်ခြင်းကဲ့သို့။ အနာဂတာနံ၊ တို့၏။ နိရောဓဒဿနံ၊ ကို။ (ဒဋ္ဌဗ္ဗံ၊ ၏။) ဧဝံ၊ သို့။ ပဿတော၊ သော။ တဿ။ ထိုယောဂီအား။ ဧတသ္မိံ ခဏေ၊ ဘင်ကိုရှုခြင်းကိုအကြောင်းပြုသဖြင့် သင်္ခါရတို့၏ ဘယာနကအဖြစ်ဖြင့် ထင်သော ထိုခဏ၌။ ဘယတုပဋ္ဌာနညာဏံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

၇၅၁။ ပန၊ ဆက်၍ဆိုအံ့။ ဘယတုပဋ္ဌာနညာဏံ၊ သည်။ ဘာယတိ၊ ကြောက်သလော။ န ဘာယတိ၊ မကြောက်သလော။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ တည်း။ န ဘာယတိ၊ မကြောက်။ (ညာဏသာ၊ ညာဏ်၏။ ဘယနာကာရေန။ ကြောက်သော အခြင်းအရာအားဖြင့်။ အပ္ပဝတ္တနတော၊ မဖြစ်ခြင်းကြောင့်တည်း။) ဟိ-သစ္စံ၊ မှန်၏။ တံ၊ ထိုဘယတုပဋ္ဌာနညာဏ်သည်။ အတီတာ၊ အတိတ်ဖြစ်ကုန်သော။ သင်္ခါရာ၊ တို့သည်။ နိရုဒ္ဓါ၊ ချုပ်ကုန်ပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်ဆဲ။ အနာဂတာ၊ အနာဂတ်ဖြစ်ကုန်သော သင်္ခါရတို့သည်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ကုန်လတ္တံ့။ ဣတိ၊ သို့။ တီရဏမတ္တမေဝ၊ စူးစမ်းခြင်းမျှသည်သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ယထာ နာမ၊ မည်သည်ကား။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ သည်။ နဂရဒွါရေ၊ မြို့တံခါး၌။ တိဿော၊ သုံးခုကုန်သော။ အင်္ဂါရကာသုယော၊ မီးကျီးပြည့်သောတွင်းတို့ကို။ ဩလောကယမာနော၊ ကြည့်လတ် မြင်လတ်သော်။ သယံ၊ မိမိသည်။ န ဘာယတိ၊ မကြောက်။ ဟိ-သစ္စံ၊ ၏။ ကေဝလံ၊ သက်သက်။ အဿ၊ ထိုယောကျ်ားအား။ ဧတ္ထ၊ ဤမီးကျီးတွင်း၌။ ယေ ယေ၊ အကြင်အကြင်သူတို့သည်။ နိပတိဿန္တိ၊ ကျကုန်လတ္တံ့။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ တေ၊ ကျသသူထိုထိုတို့သည်။ အနပ္ပကံ၊ များစွာသော။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိဿန္တိ၊ ခံစားရကုန်လတ္တံ့။ ဣတိ၊ သို့။ တီရဏမတ္တမေဝ၊ စူးစမ်းခြင်းမျှသည်သာလျှင်။ ဟောတိ ယထာ၊ သို့ရင်း။ ပန၊ ထိုမှတပါး။ စက္ခုမာ၊ သော။ ပုရိသော၊ သည်။ ခဒိရသူလံ၊ ရှားတံကျင်ရင်း။ အယောသူလံ၊ သံတံကျင်ရင်း။ သုဝဏ္ဏသူလံ၊ ရွှေတံကျင်ရင်း။ ဣတိ၊ သို့။ ပဋိပါဋိယာ၊ အစဉ်သဖြင့်။ ဌပိတံ၊ ထားအပ်သော။ သူလတ္တယံ၊ တံကျင်သုံးခုကို။

ဩလောကယမာနော၊ ကြည့်လတ်မြင်လတ်သော်။ သယံ၊ မိမိသည်။ န ဘာယတိ၊ မကြောက်။ ဟိ-သစ္စံ၊ ၏။ ကေဝလံ၊ သက်။ အဿ၊ ထို ယောကျ်ားအား။ ယေ ယေ၊ အကြင်အကြင်သူတို့သည်။ ဂူမေသု သူလေသု၊ ဤတံကျင်တို့၌။ နိပတိဿန္တိ၊ ကျကုန်လတ္တံ့။ သဗ္ဗေ၊ ကုန်သော။ တေ တေ၊ ကျသသူ ထိုထိုတို့သည်။ အနပ္ပကံ၊ သော။ ဒုက္ခံ၊ ကို။ အနု-ဘဝိဿန္တိ၊ ကုန်လတ္တံ့။ ဣတိ၊ သို့။ တီရဏမတ္တမေဝ၊ သည်သာလျှင်။ ဟောတိ ယထာ ဝါ၊ သို့ရင်း။ ဧဝမေဝ၊ တူသာလျှင်။ ဘယတုပဋ္ဌာနဉာဏံ၊ သည်။ န ဘာယတိ၊ မကြောက်။ ဟိ-သစ္စံ၊ ၏။ ကေဝလံ၊ သက်။ အဿ၊ ထိုဘယတုပဋ္ဌာနဉာဏ်အား။ အင်္ဂါရကာသုတ္တယသဒိသေသု၊ မီးကျီးတွင်း သုံးခုနှင့် တူကုန်သော။ သူလတ္တယသဒိသေသု စ၊ တံကျင်သုံးခုနှင့် တူသည်လည်း ဖြစ်ကုန်သော။ တီသု ဘဝေသု၊ ဘုံသုံးပါးတို့၌။ အတီတာ၊ ကုန်သော။ သင်္ခါရာ၊ တို့သည်။ နိရုဒ္ဓါ၊ ကုန်ပြီ။ ပစ္စုပ္ပန္နာ၊ သင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ကုန်ဆဲ။ အနာဂတာ၊ ကုန်သော။ သင်္ခါရာ၊ တို့သည်။ နိရုဇ္ဈိဿန္တိ၊ ကုန်လတ္တံ့။ ဣတိ၊ သို့။ တီရဏမတ္တမေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ ယသ္မာ ပန၊ ကြောင့်ကား။ အဿ၊ ထိုဘယတုပဋ္ဌာနဉာဏ်အား။ ကေဝလံ၊ သက်။ သဗ္ဗဘဝယောနိဂတိဋ္ဌိတိနိဝါသဂတာ၊ အလုံးစုံသော သုံးပါးသော ဘဝ, လေးပါးသောယောနိ, ငါးပါးသောဂတိ, ခုနစ်ပါးသောဝိညာဏဋ္ဌိတိ, ကိုးပါးသော သတ္တာဝါသ၌တည်ကုန်သော။ သင်္ခါရာ၊ တို့သည်။ ဗျသနာ-ပန္နာ၊ အထူးထူးသော အပြားရှိသော ကြီးကျယ်သော အကျိုးမဲ့သို့ ရောက်ကုန်သည်။ သပ္ပဋိဘယာ၊ ဘေးဘျမ်းရှိကုန်သည်၊ ဟုတွာ၊ ၍။ ဘယတော၊ ကြောက်မက်ဖွယ်အားဖြင့်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ တသ္မာ၊ ကြောင့်။ တံ ဉာဏံ၊ ကို။ ဘယတုပဋ္ဌာနန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပန၊ ဆက်၍ဆိုအံ့။ ဧဝံ၊ သို့။ အဿ၊ ထိုဉာဏ်အား။ ဘယတော၊ ကြောက်အပ်သည်၏အဖြစ်ဖြင့်။ ဥပဋ္ဌာနေ၊ ထင်ခြင်း၌။ အယံ၊ ဤ ဆိုလတ္တံ့သည်ကား။ ပါဠိ၊ တည်း။

[အနိစ္စတော၊ အားဖြင့်။ မနသိ ကရောတော၊ နှလုံးသွင်းသော ယောဂီအား။ ကိံ၊ အဘယ်တရားသည်။ ဘယတော၊ ကြောက်အပ်သည်၏ အဖြစ်ဖြင့်။ ဥပဋ္ဌာတိ၊ နည်း။ ဒုက္ခတော၊ အားဖြင့်။ အနတ္တတော၊ အားဖြင့်။ မနသိ ကရောတော၊ အား။ ကိံ၊ သည်။ ဘယတော၊ ဖြင့်။

ဥပဋ္ဌာတိ၊ နည်း။ (ဇလတိ အယံ၊ ကား။ ပုစ္ဆာ၊ တည်း။) အနိစ္စတော၊ အားဖြင့်။ မနသိကရောတော၊ အား။ နိမိတ္တံ၊ နိမိတ်သည်။ ဘယတော၊ ဖြင့်။ ဥပဋ္ဌာတိ၊ ၏။ ဒုက္ခတော၊ အားဖြင့်။ မနသိကရောတော၊ အား။ ပဝတ္တံ၊ ပဝတ္တသည်။ ဘယတော၊ ဖြင့်။ ဥပဋ္ဌာတိ၊ ၏။ အနတ္တတော၊ ဖြင့်။ မနသိကရောတော၊ အား။ နိမိတ္တဉ္စ၊ နိမိတ်သည်၎င်း။ ပဝတ္တဉ္စ၊ ပဝတ္တသည်၎င်း။ ဘယတော၊ ဖြင့်။ ဥပဋ္ဌာတိ၊ ၏။]

[၂၀၄] တတ္ထ၊ ထိုပါဠိတော်၌။ နိမိတ္တန္တိ၊ ကား။ သင်္ခါရနိမိတ္တံ၊ သင်္ခါရနိမိတ်တည်း။ ဧတံ၊ ဤသင်္ခါရနိမိတ္တံ-ဟူသောပုဒ်သည်။ အတီတာ-နာဂတပစ္စုပ္ပန္နာနံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရာနံ-မေဝ၊ တို့၏သာလျှင်။ အဓိဝစနံ၊ တည်း [၁]။ ဟိ-သစ္စံ၊ ၏။ အနိစ္စတော၊ အားဖြင့်။ မနသိ ကရောန္တော၊ ယောဂီသည်။ သင်္ခါရာနံ၊ တို့၏။ မရဏ-မေဝ၊ ဘင်ကိုသာလျှင်။ ပဿတိ၊ မြင်၏။ တေန၊ ထိုသို့ဘင်ကိုမြင်ခြင်းကြောင့်။ အဿ၊ ထိုယောဂီအား။ နိမိတ္တံ၊ နိမိတ်သည်။ ဘယတော၊ ကြောက်အပ်သည်၏အဖြစ်ဖြင့်။ ဥပဋ္ဌာတိ၊ ၏။ ပဝတ္တန္တိ၊ ကား။ ရူပါရူပ-ဘဝပဝတ္တိ၊ ရူပါရူပ ဘဝဟူသော မပြတ်မစဲဖြစ်သော ဝဋ်တရားတည်း [၂]။ ဟိ-သစ္စံ၊ ၏။ ဒုက္ခတော၊ အားဖြင့်။ မနသိ ကရောန္တော၊ ယောဂီသည်။

---

၁-အဋ္ဌကထာပါဠ်ကို ယထာရုတအားဖြင့် ယူသော် သင်္ခါရာ ဧဝ နိမိတ္တံ သင်္ခါရနိမိတ္တံ ဟု ယူဖွယ်ရှိ၏။ ဋီကာ၌ကား သင်္ခါရနိမိတ္တန္တိ သင်္ခါရာနံ သမူဟာဒိဃနဝသေန သကိစ္စ-ပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနန္တိ ဝုတ္တော ဝါယမတ္ထော။ သင်္ခါရာနံ ပန တထာဉပဋ္ဌာနံ သင်္ခါရဝိနိမုတ္တံ န ဟောတီတိ အာဟ "အတီတာ။ပ။ အဓိဝစန"န္တိ ဟူ၏။ သင်္ခါရနိမိတ္တံ-ဟူသောပုဒ်၏ သင်္ခါရာနံ သမူဟာဒိဃနဝသေန သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ-ဟူသော ဤအနက်ကိုဆိုအပ်ခဲ့ပေပြီ။ သို့သော်လည်း သင်္ခါရ တို့၏ ထိုအခြင်းဖြင့် ထင်ခြင်းသည် သင်္ခါရတို့မှလွတ်သည်မဟုတ်။ ထို့ကြောင့် အတီတာ။ပ။ အဓိဝစနံ-မိန့်သည်ဟူ၏။ ဋီကာအလိုသော် သင်္ခါရာနံ နိမိတ္တံ သင်္ခါရနိမိတ္တံ၊ ပြု။ သင်္ခါရာနံ၊ တို့၏။ နိမိတ္တံ၊ သမူဟစသော ဃန၏အစွမ်းဖြင့်၎င်း မိမိကိစ္စအပိုင်းအခြားရှိသည်၏ အဖြစ် ဖြင့်၎င်း အထည်အကိုယ် လုံးလုံးလျောင်းလျောင်း ရှိကုန်သကဲ့သို့ထင်ခြင်း။ သင်္ခါရနိမိတ္တံ၊ ခြင်း။ ဤအနက်ကို ဋီကာဆရာဆိုသည်။ (ပြည်)

၂-ပဝတ္တမည်သည် အကယ်၍ကား သဗ္ဗဘဝပဝတ္တဖြစ်ပေ၏၊ သို့သော်လည်း အထွေ့ရ အထိပ်သို့ရောက်သော ဘင်္ဂါနုပဿနာဖြင့် အလုံးစုံသော ဘဝတို့၌ မပြတ်မစဲ အဖန်တလဲလဲ နှိပ်စက်ခြင်းအလွန်လျှင် ထင်သည်၏ အဖြစ်ကြောင့် ငြိမ်သက်သော သုခဟုသမုတ်အပ် ကုန်သော ရူပါရူပဘဝတို့သည်လည်း ဒုက္ခသဘောအားဖြင့် ကြောက်မက်ဖွယ်အားဖြင့် ထင်ကုန်၏-ဟုပြခြင်းငှါ ပဝတ္တန္တိ ရူပါရူပဘဝပဝတ္တိ- စသည်ကိုမိန့်သော်။

သုခသမ္မတာယပိ၊ သုခဟုသမုတ်အပ်သော်လည်း။ ပဝတ္တိယာ၊ ရူပါရူပ ဘဝဟူသော ပဝတ္တိ၏။ အဘိဏှပဋိပီဠနဘာဝမေဝ၊ မပြတ်အဖန်ဖန် နှိပ်စက် အပ်သည်၏အဖြစ်ကိုသာလျှင်။ ပဿတိ၊ မြင်၏။ တေန၊ ထိုသို့မပြတ် အဖန်ဖန် နှိပ်စက်အပ်သည်၏အဖြစ်ကို မြင်ခြင်းကြောင့်။ အဿ၊ ထို ယောဂါဝစရအား။ ပဝတ္တံ၊ ရူပါရူပဘဝဟူသော ပဝတ္တသည်။ ဘယတော၊ ကြောက်အပ်သည်၏အဖြစ်ဖြင့်။ ဥပဋ္ဌာတိ၊ ၏။ ပန၊ ပါး။ အနတ္တတော၊ အားဖြင့်။ မနသိ ကရောန္တဿ၊ သည်။ ဥဘယမ္ပိ၊ နှစ်ပါးလည်းဖြစ်သော။ ဧတံ၊ ထိုနိမိတ္တ, ပဝတ္တကို။ သုညဂါမံ ဝိယ၊ လူဆိတ်သော ရွာကဲ့သို့ရင်း။ မရီစိဂန္ဓဗ္ဗနဂရာဒီနိ ဝိယ စ၊ တံလျှပ် ကောင်းကင်၌မြူးတူးခြင်းငှါ ဂန္ဓဗ္ဗ နတ် တို့သည် ဖန်ဆင်းအပ်သော နတ်မြို့တို့ကဲ့သို့ရင်း။ ရိတ္တံ၊ ကင်း၏ဟူ၍။ တုစ္ဆံ၊ အချည်းနှီးဟူ၍။ သုညံ၊ အတ္တမှဆိတ်၏ဟူ၍။ အဿာမိကံ၊ အရှင်မရှိဟူ၍။ အပရိဏာယကံ၊ အကြီးအကဲမရှိဟူ၍။ ပဿတိ၊ ရှု၏။ (တနည်း) ရိတ္တံ၊ ကင်းသည်။ တုစ္ဆံ၊ အချည်းနှီးသည်။ သုညံ။ အတ္တမှဆိတ်သည်။ အဿာ- မိကံ၊ သည်။ အပရိဏာယကံ၊ အကြီးအကဲမရှိသည်။ ဟောန္တံ၊ ဖြစ်လတ် သည်ကို။ ပဿတိ၊ မြင်၏။ တေန၊ ထိုသို့မြင်ခြင်းကြောင့်။ အဿ၊ ထို ယောဂါဝစရအား။ နိမိတ္တဉ္စ၊ သည်ရင်း။ ပဝတ္တဉ္စ၊ သည်ရင်း။ ဥဘယံ၊ နှစ်ပါးသည်။ ဘယတော၊ ကြောက်အပ်သည်၏အဖြစ်ဖြင့်။ ဥပဋ္ဌာတိ၊ ၏။ ဣတိ၊ ဤရွေ့အပြီးတည်း။ ။ဘယတုပဋ္ဌာနဉာဏ် နိဋ္ဌိတံ။

## အာဒီနဝါနုပဿနာဉာဏကထာ

၇၅၂။ တံ ဘယတုပဋ္ဌာနဉာဏံ၊ ကို။ အာသေဝန္တဿ၊ ရှိသေသော အားဖြင့်မှီဝဲသော၊ ဝါ၊ ဖြစ်စေသော။ ဘာဝေန္တဿ။ သော။ ဗဟုလီ- ကရောန္တဿ၊ သော။ တဿ။ ထိုယောဂီအား။ သဗ္ဗဘဝယောနိဂတိဋ္ဌိတိ- သတ္တာဝါသေသု၊ အလုံးစုံ သုံးပါးသောဘဝ, လေးပါးသောယောနိ, ငါးပါးသောဂတိ, ခုနစ်ပါးသောဝိညာဏဋ္ဌိတိ, ကိုးပါးသောသတ္တာဝါသ တို့၌၊ ဝါ၊ တို့တွင်။ တာဏံ၊ သနိုရလျှင်အကြောင်းရှိသော အနတ္တမှ စောင့်ရှောက်တတ်သော တရားသည်။ နေဝ ပညာယတိ၊ မထင်^၁။

---

၁-သဗ္ဗဘဝါဒီနံ သာဒီနဝတာယ ကေသဒိသတ္တာ၊ သဗ္ဗဘဝစသည်တို့၏ အပြစ်ရှိသည်၏ အဖြစ်ဖြင့် တူသည်၏အဖြစ်ကြောင့်ဟူလို။

လေဏာံ၊ သခါရလျှင် အကြောင်းရှိသော အနတ္တကို ရှောင်လွှဲသဖြင့် စောင့်ရှောက်ခြင်းငှါ ပုန်းအောင်းရာသည်။ နပညာယတိ၊ မထင်။ ဂတိ၊ သခါရလျှင် အကြောင်းရှိသော အနတ္တကို ရှောင်လွှဲခြင်းငှါ ပြေးသွားရာသည်။ နပညာယတိ၊ မထင်။ ပဋိသရဏာံ၊ သခါရလျှင်အကြောင်းရှိသော အနတ္တမှ ကိုးကွယ်ရာသည်။ နပညာယတိ၊ ထင်။ သဗ္ဗဘဝ-ယောနိဂတိဋ္ဌိတိနိဝါသဂတေသု၊ အလုံးစုံသုံးပါးသောဘဝ။ပ။ သတ္တာဝါသတို့၌ ဖြစ်ကုန်သော။ သခါရေသု၊ တို့တွင်။ ကေသခါရေပိ၊ တခုသော သခါရ၌လည်း။ ပတ္ထနာ ဝါ၊ တောင့်တခြင်းသည်ငှင်း။ ပရာမာသော ဝါ၊ မှားသောအားဖြင့် သုံးသပ်ခြင်းသည်ငှင်း။ နဟောတိ၊ မဖြစ်။ တယော ဘဝါ၊ သုံးပါးသောဘဝတို့သည်။ ဝီတစ္စိကင်္ဂါရပုဏ္ဏအင်္ဂါရကာသုယော ဝိယ၊အလျှံကင်းသောမီးကျီးတို့ဖြင့် ပြည့်သောမီးကျီးတွင်းတို့ကဲ့သို့။ (ဥပဋ္ဌ-ဟန္တိ-ဥစပ်) စတ္တာရော မဟာဘူတာ၊ လေးပါးသော မဟာဘုတ်တို့သည်။ ဃောရဝိသာ အာသီဝိသာ ဝိယ၊ ကြမ်းသောအဆိပ်ရှိသောမြွေ, လျင်သော အဆိပ်ရှိသော မြွေတို့ကဲ့သို့။ ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့သည်။ ဥက္ခိတ္တာသိကဝဓကာ ဝိယ၊ ချီအပ်မိုးအပ်သော သန်လျက်ရှိသောသူသတ်ယောကျ်ားတို့ကဲ့သို့။ ဆ အဇ္ဈတ္တိကာယတနာနိ၊ ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့သည်။ သုညဂါမော ဝိယ။ လူမှဆိတ်သော ရွာဆိုးကဲ့သို့။ ဆ ဗာဟိရာယတနာနိ၊ ခြောက်ပါးသော ဗာဟိရာယတနတို့သည်။ ဂါမဃာ-တကစောရာ ဝိယ၊ ရွာကိုဖျက်သော ခိုးသားတို့ကဲ့သို့။ သတ္တဝိညာဏဋ္ဌိတိ-ယော၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့သည်ငှင်း။ နဝ စ သတ္တာဝါသာ။ ကိုးပါးသော သတ္တာဝါသတို့သည် ငှင်း။ ဧကာဒသဟိ အဂ္ဂီဟိ၊ ရာဂဂ္ဂိစသော တဆယ့်တသီးသော မီးတို့ဖြင့်။ အာဒိတ္တာ ဝိယ စ၊ တောက်လောင်အပ်ကုန်သကဲ့သို့ငှင်း။ သမ္ပဇ္ဇလိတာ ဝိယ စ၊ ထက်ဝန်းကျင်မှ အလျှံပြောင်ပြောင်တောက်ကုန်သကဲ့သို့ငှင်း။ သဇောတိဘူတာ ဝိယ စ၊ တပြိုင်နက်သော အလျှံအပေါင်းနှင့်တကွ ဖြစ်ကုန်သကဲ့သို့ငှင်း။ သဗ္ဗေ သခါရာ၊ အလုံးစုံသော သခါရတို့သည်။ ဂဏ္ဍဘူတာ၊ အိုင်းအမာကဲ့သို့ ဖြစ်ကုန်၍ငှင်း။ ရောဂဘူတာ၊ များစွာသောအနာကဲ့သို့ ဖြစ်ကုန်၍ငှင်း။ သလ္လဘူတာ၊ မြားငြောင့်ကဲ့သို့ ဖြစ်ကုန်၍ငှင်း။ အဃဘူတာ၊ အစီးအပွါးမဲ့ကို ဆောင်သကဲ့သို့ ဖြစ်ကုန်၍ငှင်း။ အာဗာဓဘူတာ ဝိယ စ၊ ယာပျဗျာဓိဟူသော မူလရောဂါမှ တပါးသော ပြင်းပြသည်းစွာသော အနာကဲ့သို့ ဖြစ်ကုန်၍

ၡင်း။ နိရဿာဒါ၊ (ဒုက္ခသဘော ရှိသည်၏အဖြစ်ကြောင့်) သာယာ အပ်သောသဘောမှ ကင်းကုန်သည်။ နိရသာ၊ (ဝိပတ္တိ အဆုံးရှိသည်၏ အဖြစ်ကြောင့်) ပြည့်စုံခြင်းမှ ကင်းကုန်သည်။ (ရသ·သဒ္ဒါသမ္ပတ္တိဝါစက တည်း) မဟာအာဒီနဝရာသိဘူတာ၊ ကြီးမားသော အပြစ်အစုဖြစ်၍ ဖြစ်ကုန်သည်။ ဟုတွာ၊ ၍။ ဥပဋ္ဌဟန္တိ၊ ကုန်၏။

ကထံ ဥပဋ္ဌဟန္တိ၊ အဘယ်သို့ ထင်ကုန်သနည်း။ သုခေန၊ ချမ်းသာ သဖြင့်။ ဇီဝိတုကာမဿ၊ အသက်ရှည်လိုသော။ ဘီရုကပုရိသဿ၊ ကြောက်တတ်သော ယောကျ်ားအား။ ရမဏီယာကာရသဏ္ဌိတမ္ပိ၊ မွေ့လျော်ဖွယ်သော အခြင်းအရာအားဖြင့် တည်သော်လည်း။ သဝါဠကံ၊ သားရဲရှိသော။ ဝနဂဟနံ ဝိယ၊ သက်ဝင်ခြင်းငှါခဲယဉ်းသော တောအုပ် ကဲ့သို့ၡင်း။ သသဒ္ဒူလာ၊ ကျားရဲရှိသော။ ဂုဟာ ဝိယ၊ ဂူကဲ့သို့ၡင်း။ သဂါဟရက္ခသံ၊ ဖမ်းယူကိုက်စားတတ်သော မိကျောင်း စသည်ရှိသော ရေစောင့်ရက္ခိုသ်ရှိသော။ ဥဒကံ ဝိယ၊ ရေကဲ့သို့ၡင်း။ သမုဿိတခဂ္ဂါ၊ ချီအပ် မိုးအပ်သော သန်လျက်ရှိကုန်သော။ ပစ္စတ္ထိကာ ဝိယ၊ ရန်သူတို့ ကဲ့သို့ၡင်း။ သဝိသံ၊ အဆိပ်ရှိသော။ ဘောဇနံ ဝိယ၊ ဘောဇဉ်ကဲ့သို့ၡင်း။ သစောရော၊ ခိုးသူရှိသော။ မဂ္ဂေါ ဝိယ၊ ခရီးကဲ့သို့ၡင်း။ အာဒိတ္တံ၊ အလျှံ ပြောင်ပြောင် တောက်လောင်သော။ အဂါရံ ဝိယ၊ အိမ်ကဲ့သို့ၡင်း။ ဥယျုတ္တသေနာ၊ မြို့မှထွက်သော စစ်သည်ရှိသော။ ရဏဘူမိ ဝိယ၊ စစ်မြေ ကဲ့သို့ၡင်း။ နိရဿာဒါ၊ သာယာအပ်သောသဘောမှ ကင်းကုန်သည်ဖြစ်၍။ နိရသာ၊ ပြည့်စုံခြင်း ကင်းကုန်သည်ဖြစ်၍။ မဟာအာဒီနဝရာသိဘူတာ၊ ကြီးစွာသော အပြစ်အစုဖြစ်ကုန်သည်။ ဟုတွာ၊ ၍။ ဥပဋ္ဌဟန္တိ၊ ကုန်၏။ (ပြန်၍စပ်) ဟိ-တံ ပါကဋ္ဌံ ကရောမိ၊ အံ့။ သော ပုရိသော၊ ထိုကြောက်တတ် သော ယောကျ်ားသည်။ တောနိ သဝါဠကဝနဂဟနာဒီနိ၊ ထိုသားရဲရှိသော သက်ဝင်ခြင်းငှါ ခဲယဉ်းသောတောအုပ် စသည်တို့သို့။ အာဂမ္မ၊ ရောက် လတ်၍။ ဘီတော၊ ကြောက်သည်ဖြစ်၍။ သံဝိဂ္ဂေါ၊ ထိတ်လန့်သည် ဖြစ်၍။ လောမဟဋ္ဌဇာတော၊ ဖြစ်သော ကြက်သီးမွေးညှင်းထခြင်းရှိသည် ဖြစ်၍။ သမန္တတော၊ ထက်ဝန်းကျင်မှ။ အာဒီနဝမေဝ၊ အပြစ်ကိုသာလျှင်။ ပဿတိ ယထာ၊ မြင်သကဲ့သို့။ ဧဝမေဝ၊ တူ။ အယံ ယောဂါဝစရော၊ သည်။ [၂၀၅] ဘင်္ဂါနုပဿနာဝသေန၊ သင်္ခါရတို့၏ပျက်ခြင်းကို ရှုသည်၏အစွမ်း

ဖြင့်။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသောသင်္ခါရတို့သည်။ ဘယတော၊ ကြောက်အပ်သည်၏ အဖြစ်ဖြင့်။ ဥပဋ္ဌိတေသု၊ ထင်ကုန်လတ်သော်။ သမန္တတော၊ မှ။ နိရသံ၊ ပြည့်စုံခြင်းကင်းသော။ နိရဿာဒံ၊ သာယာအပ်သည်၏ အဖြစ်ကင်းသော[၁]။ အာဒီနဝမေဝ၊ ကိုသာလျှင်။ ပဿတိ၊ ၏။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂါဝစရအား။ အာဒီနဝဉာဏံ နာမ၊ အပြစ်ကိုရှုတတ်သော ဉာဏ်မည်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ၏။ ယံ၊ အကြင်အာဒီနဝဉာဏ်ကို။ သန္ဓာယ၊ ၍။ ဣဒံ၊ ဤပြလတ္တံ့သော ပဒဘာဇနီကို။ ဝုတ္တံ၊ ပဋိသမ္ဘိဒါ၌ ဟောတော်မူအပ်ပြီ[၂]။

ဘယတုပဋ္ဌာနေ၊ ကြောက်အပ်သည်၏အဖြစ်ဖြင့် သင်္ခါရတို့၏ထင်ခြင်း၌။ ပညာ၊ ဖြစ်သောပညာသည်။ အာဒီနဝေ ဉာဏံ၊ အာဒီနဝဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ ဥပ္ပါဒေါ၊ သင်္ခါရတို့၏ဖြစ်ခြင်းသည်။ ဘယံ၊ ကြောက်ဖွယ်ဘေးတည်း။ ဣတိ၊ သို့။ ဘယတုပဋ္ဌာနေ၊ ကြောက်ဖွယ်ဘေးအဖြစ်ဖြင့် သင်္ခါရတို့၏ထင်ခြင်း၌။ ပညာ၊ ဖြစ်သောပညာသည်။ အာဒီနဝေ၊ အပြစ်ဒေါသ အာဒီနဝဟူသော အာရုံ၌။ ဉာဏံ၊ ဖြစ်သောဉာဏ်မည်၏။ ပဝတ္တံ၊ ပဝတ္တိအခါသင်္ခါရတို့၏ စပ်ကာ စပ်ကာဖြစ်ခြင်းသည်။ ဘယံ၊ ကြောက်ဖွယ်ဘေးတည်း။ ဣတိ၊ သို့။ (ဘယတုပဋ္ဌာနေ အာဒီနဝေ ဉာဏံ-ဟု စပ်၍ချည်း ယောဇနာလေ) နိမိတ္တံ၊ သင်္ခါရနိမိတ်သည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ အာယူဟနာ၊ နောင်အခါ ပဋိသန္ဓေ၏ အကြောင်းဖြစ်သောကံသည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ ပဋိသန္ဓိ၊ အာယတိံ ပဋိသန္ဓေသည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ ဂတိ၊ ပဋိသန္ဓေ၏ ဖြစ်ရာငါးဖြာသော ဂတိသည်။ ဘယံ၊ တည်း။ ဣတိ၊

---

၁-နိရသံ နိရဿာဒံ-ပါဌ်ဖြင့် အာဒီနဝ၏ တပါးနှင့်မပြွမ်း တကြမ်းတည်း၏အဖြစ်ကိုပြ၏။ ထိုကြောင့်သာလျှင် ထိုယောဂီအား အလုံးစုံသော ဘဝစသည်တို့၌ သဗ္ဗသင်္ခါရတို့သည်လည်း အမြဲနိရန္တရသပ္ပဋိဘယဖြစ်၍ ထင်ကုန်၏။ အကြင်တရားသဘောသည်လည်း သပ္ပဋိ-ဘယဖြစ်၏၊ ထိုတရားသဘောသည် သာဒီနဝအဖြစ် ရှိသည်သာတည်း။ ထိုကြောင့် တဿေဝံ- စသည်ကိုမိန့်သော်။ (ပြည်)

၂-ဆယ်ပါးသောဝတ္ထုရှိသော တဆယ့်နှစ်ပါးသောဝါရတို့ဖြင့် တန်းဆာဆင်အပ်သော အနွယဗျတိရေက၏ အစွမ်းဖြင့် ထိုအာဒီနဝဉာဏ်၏ ပဒဘာဇနီကို ပဋိသမ္ဘိဒါ၌ ဟောသည်ဟူလို။ (ပြည်)

သို့။ နိဗ္ဗတ္တိ၊ ခန္ဓာတို့၏ဖြစ်ခြင်းသည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ ဥပပတ္တိ၊ ဝိပါက်၏ဖြစ်ခြင်းသည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ ဇာတိ၊ ဇာတိသည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ ဇရာ၊ သည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ ဗျာဓိ၊ ဗျာဓိသည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ မရဏံ၊ သည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ သောကော၊ သည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ ပရိဒေဝေါ၊ သည်။ ဘယံ၊ တည်း။ ဣတိ၊ သို့။ ဥပါယာသော၊ သည်။ပ။ ဘယတုပဋ္ဌာနေ၊ ၌။ ပညာ၊ သည်။ အာဒီနဝေ ဉာဏံ၊ မည်၏။ (ဤတွင်ရှိကား ပဌမပါဠိရတည်း) အနုပ္ပါဒေါ၊ ဖြစ်ခြင်းမရှိသော နိဗ္ဗာန်သည်၊ ဝါ၊ သင်္ခါရတို့၏ နောင်အခါ ဖြစ်ခြင်းကင်းကြောင်းဖြစ်သော နိဗ္ဗာန်သည်။ ခေမံ၊ ဘေးမရှိ။ ဣတိ၊ သို့။ (ဇာနနာ၊ သိသောဉာဏ်သည်။) သန္တိပဒေ၊ အလုံးစုံသော သင်္ခါရတို့၏ငြိမ်းရာဖြစ်သော အမြိုက်နိဗ္ဗာန်၌။ ဉာဏံ၊ ဖြစ်သောဉာဏ်မည်၏။ အပ္ပဝတ္တံ၊ ပဝတ္တမရှိသောနိဗ္ဗာန်သည်၊ ဝါ၊ ပဝတ္တကင်းကြောင်းဖြစ်သော နိဗ္ဗာန်သည်။ပ။ အနုပါယာသော၊ ဥပါယာသ မရှိသော နိဗ္ဗာန်သည်၊ ဝါ၊ ကင်းကြောင်းဖြစ်သော နိဗ္ဗာန်သည်။ ခေမံ၊ ဘေးမရှိ။ ဣတိ၊ သို့။ (ဇာနနာ၊ သိသောဉာဏ်သည်။) သန္တိပဒေ၊ ၌။ ဉာဏံ၊ ဖြစ်သောဉာဏ်မည်၏။ (ဤရွေ့ကား ဒုတိယပါဠိရ) ဥပ္ပါဒေါ၊ သည်။ ဘယံ၊ ကြောက်ဖွယ်ဘေးတည်း။ အနုပ္ပါဒေါ၊ နိဗ္ဗာန်သည်။ ခေမံ၊ ဘေးမရှိ။ ဣတိ၊ သို့။ (ဇာနနာ၊ သည်။) သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ ပဝတ္တံ၊ သည်။ပ။ ဥပါယာသော၊ သည်။ ဘယံ၊ တည်း။ အနုပါယာသော၊ သည်။ ခေမံ၊ ဘေးမရှိ။ ဣတိ၊ သို့။ (ဇာနနာ၊ သည်။) သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏[1]။ (ဤရွေ့ကား တတိယပါဠိရ)

ဥပ္ပါဒေါ၊ သည်။ ဒုက္ခံ၊ တည်း။ ဣတိ၊ သို့။ ဘယဘုပဋ္ဌာနေ၊ ကြောက်ဖွယ်အဖြစ်ဖြင့် သင်္ခါရတို့၏ထင်ခြင်း၌။ ပညာ၊ သည်။ အာဒီ-

---

၁-ပဝတ္တိ၌ အာဒီနဝကိုမြင်၍ တဒနန္တရ၌ပင် နိဝတ္တိ၌ အာနိသံသကိုမြင်သဖြင့် လျင်စွာ ဝိပဿနာကို ဥဿုက္ကပြုကုန်သောသူတို့၏ အစွမ်းအားဖြင့် ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမံ-ဟု တတိယပါဠိရကို အားထုတ်သတည်း။ သေ နယော ဆဋ္ဌဝါရာဒီသုပိ။ ဥပ္ပါဒသည် ဝိသေသဘည်း၊ ဘယသည် သာမညဖြစ်ရကား ဝိသေသိတဗ္ဗတည်း၊ နှစ်ပုဒ်တို့၏ သမာနာဓိကရဏအဖြစ် ရှိသော်လည်း ဒုက္ခသမုဒယော အရိယသစ္စံ-စသည်ကဲ့သို့ လိင်္ဂဘေဒကို ယူအပ်သတည်း။ သေ နယော ဂတိဘယန္တိအာဒီသုပိ။ (ပြည်)

နဝေ ဉာဏံ၊ မည်၏။ ပဝတ္တံ၊ ပဝတ္တိအခါသင်္ခါရတို့၏ စပ်ကာ စပ်ကာ ဖြစ်ခြင်းသည်။ပ။ ဥပါယာသော၊ သည်။ ဒုက္ခံ၊ မည်၏။ ဣတိ၊ သို့။ ဘယတုပဋ္ဌာနေ၊ ၌။ ပညာ၊ သည်။ အာဒီနဝေ ဉာဏံ၊ မည်၏။ (ဤရွေ့ စတုတ္ထဝါရ) အနုပ္ပါဒေါ၊ သည်။ သုခံ၊ မည်၏။ ဣတိ၊ သို့။ သန္တိပဒေ၊ အလုံးစုံသောသင်္ခါရတို့၏ ငြိမ်းရာဖြစ်သော အမြိုက်နိဗ္ဗာန်၌။ ဉာဏံ၊ မည်၏။ အပဝတ္တံ၊ နိဗ္ဗာန်သည်။ပ။ အနုပါယာသော၊ ဥပါယာသ မရှိသောနိဗ္ဗာန်သည်။ သုခံ၊ မည်၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ (ဤရွေ့ပဉ္စမဝါရ) ဥပ္ပါဒေါ၊ သည်။ ဒုက္ခံ၊ မည်၏။ အနုပ္ပါဒေါ၊ သည်။ သုခံ၊ မည်၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ ပဝတ္တံ၊ သည်။ပ။ ဥပါယာသော၊ သည်။ ဒုက္ခံ၊ မည်၏။ အနုပါယာသော၊ သည်။ သုခံ၊ မည်၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်။ (ဤရွေ့ ဆဋ္ဌဝါရ)

ဥပ္ပါဒေါ၊ သည်။ သာမိသံ၊ သုံးပါးသောအာမိသနှင့်တကွဖြစ်၏။ ဣတိ၊ သို့။ ဘယတုပဋ္ဌာနေ၊ ၌။ ပညာ၊ သည်။ အာဒီနဝေ ဉာဏံ၊ မည်၏။ ပဝတ္တံ၊ သည်။ ပ ။ ဥပါယာသော၊ သည်။ သာမိသံ၊ သုံးပါး သော အာမိသနှင့်တကွဖြစ်၏။ ဣတိ၊ သို့။ ဘယတုပဋ္ဌာနေ၊ ၌။ ပညာ၊ သည်။ အာဒီနဝေ ဉာဏံ၊ မည်၏။ (ဤရွေ့ သတ္တမဝါရ) အနုပ္ပါဒေါ၊ သည်။ နိရာမိသံ၊ သုံးပါးသောအာမိသမှ ကင်း၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ အပ္ပဝတ္တံ၊ သည်။ ပ ။ အနုပါယာသော၊ သည်။ နိရာမိသံ၊ သုံးပါးသောအာမိသမှ ကင်း၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ (ဤရွေ့ အဋ္ဌမဝါရ) ဥပ္ပါဒေါ၊ သည်။ သာမိသံ၊ ၏။ အနုပ္ပါဒေါ၊ သည်။ နိရာမိသံ၊ မည်၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ ပဝတ္တံ၊ သည်။ ပ ။ ဥပါယာသော၊ သည်။ သာမိသံ၊ ၏။ အနုပါယာသော၊ သည်။ နိရာမိသံ၊ ကင်း၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ (ဤရွေ့ နဝမဝါရ)

[၂၈၆] ဥပ္ပါဒေါ၊ သည်။ သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ သို့။ ဘယတုပဋ္ဌာနေ၊ ၌။ ပညာ၊ သည်။ အာဒီနဝေ ဉာဏံ၊ မည်၏။ ပဝတ္တံ၊ သည်။ ပ ။ ဥပါယာသော၊ သည်။ သင်္ခါရာ၊ တို့တည်း။ ဣတိ၊ သို့။

ဘယတုပဋ္ဌာနေ၊ ၌။ ပညာ၊ သည်။ အာဒီနဝေ ဉာဏံ၊ မည်၏[၁]။ (ဤရွေ့ ဒဿမဝါရ) အနုပ္ပါဒေါ၊ သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ အပ္ပဝတ္တံ၊ သည်။ ပ ။ အနုပါယာသော၊ သည်။ နိဗ္ဗာနံ၊ မည်၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ (ဤရွေ့ ဧကာဒဿမဝါရ) ဥပ္ပါဒေါ၊ သည်။ သင်္ခါရာ၊ မည်ကုန်၏။ အနုပ္ပါဒေါ၊ သည်။ နိဗ္ဗာနံ၊ မည်၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ ပဝတ္တံ၊ သည်။ ပ ။ ဥပါယာသော၊ သည်။ သင်္ခါရာ၊ မည်ကုန်၏။ အနုပါယာသော၊ သည်။ နိဗ္ဗာနံ၊ မည်၏။ ဣတိ၊ သို့။ သန္တိပဒေ၊ ၌။ ဉာဏံ၊ မည်၏။ (ဤရွေ့ ဒွါဒဿမဝါရ)

ဥပ္ပါဒဉ္စ၊ ဥပ္ပါဒကိုင်း။ ပဝတ္တဉ္စ၊ ကိုင်း။ နိမိတ္တံ၊ ကိုင်း။ အာယူဟနံ၊ ကိုင်း။ ပဋိသန္ဓိံ၊ ကိုင်း။ ဒုက္ခန္တိ၊ ဟူ၍။ ပဿတိ၊ ရှု၏။ ဣဒံ ဉာဏံ၊ ဤငါးပါးသောဝတ္ထုရှိသောဉာဏ်ကို။ အာဒီနဝေ။ အပြစ်ဒေါသအာဒီနဝ ဟူသောအာရုံ၌။ ဉာဏံ၊ ဖြစ်သောဉာဏ်ဟူ၍။ (ဝေဒိတဗ္ဗံ၊ အပ်၏။) (တနည်း) အာဒီနဝေ၊ ၌။ ဣဒံ ပဉ္စဝတ္ထုကံ၊ ဤငါးပါးသောဝတ္ထုရှိသော။ ဉာဏံ၊ ဉာဏ်ကို။ (ဝေဒိတဗ္ဗံ၊ အပ်၏။)

အနုပ္ပါဒံ၊ ဥပ္ပါဒမရှိသောနိဗ္ဗာန်ကိုင်း။ အပ္ပဝတ္တံ၊ ပဝတ္တကင်းသော နိဗ္ဗာန်ကိုင်း။ အနိမိတ္တံ၊ နိမိတ်ကင်းသောနိဗ္ဗာန်ကိုင်း။ အနာယူဟနံ၊ အာယူဟနကင်းသောနိဗ္ဗာန်ကိုင်း။ အပ္ပဋိသန္ဓိ၊ ပဋိသန္ဓေကင်းသော နိဗ္ဗာန်ကိုင်း။ သုခန္တိ၊ ဟူ၍။ (ပဿတိ၊ ၏။) သန္တိပဒေ၊ အလုံးစုံသော သင်္ခါရတို့၏ငြိမ်းရာအမြိုက်နိဗ္ဗာန်၌။ (နိဒ္ဒေသဝိဘာဝေန၊ ညွှတ်သည်စသည် ၏ အဖြစ်ဖြင့်။ ဌိတံ၊ တည်သော။) ဣဒံ ဉာဏံ၊ ဤငါးပါးသော ဝတ္ထု ရှိသောဉာဏ်ကို။ ဝေဒိတဗ္ဗံ၊ ၏။ (ဤနှစ်ဂါထာဖြင့် ဆယ်ပါးသောဝတ္ထုကို ပြသည်)

အာဒီနဝေ၊ အပြစ်ဒေါသအာဒီနဝဟူသောအာရုံ၌။ ဉာဏံ၊ ဖြစ်သော ဉာဏ်သည်။ ပဉ္စဋ္ဌာနေသု၊ ငါးပါးသောဝတ္ထုတို့၌။ ဇာယတိ၊ ဖြစ်၏။

၁-ဥပ္ပါဒေါ သင်္ခါရာ-၌ကား အလုံးစုံသော သင်္ခါရတို့၏ဥပ္ပါဒကို သာမညအားဖြင့်ယူ၍ အလုံးစုံ၌ပင် ထိုသင်္ခါရတို့၏ ဝိဘာဂအားဖြင့် ရှုအပ်သည်၏အဖြစ်ကြောင့် သင်္ခါရတို့ကို ဘေဒအားဖြင့် ယူအပ်ကုန်၏၊ ထိုကြောင့် ဥပ္ပါဒေါ သင်္ခါရာ-ဟု ဝုစ်အပြားကို ပြုအပ် သတည်း။ (ပြည်)

သန္တိပဒေ၊ အလုံးစုံသောသင်္ခါရတို့၏ငြိမ်းရာအမြိုက် နိဗ္ဗာန်ဟူသောအာရုံ၌။ ဉာဏံ၊ ဖြစ်သောဉာဏ်သည်။ ပဉ္စဋ္ဌာနေ-ပဉ္စဋ္ဌာနေသု၊ ဝတ္ထုတို့၌။ (ဇာယတိ၊ ၏။ ဣတိ၊ သို့။) ဒသ ဉာဏေ၊ ဆယ်ပါးသောဉာဏ်တို့ကို။ ပဇာနာတိ၊ သိ၏။ ဒွိန္နံ ဉာဏာနံ၊ အာဒီနဝဉာဏ်, သန္တိပဒဉာဏ်နှစ်ပါးတို့၌။ ကုသလတာ-ကုသလတာယ၊ လိမ္မာသည်၏အဖြစ်ကြောင့်။ နာနာဒိဋ္ဌီသု၊ အထူးထူးသောဒိဋ္ဌိတို့ကြောင့်။ န ကမ္ပတိ၊ မတုန်လှုပ်။ ဣတိ၊ ဤမှ အပြီးတည်း။

တံ ဇာနနံ၊ ထိုသို့သိသောဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သောအနက်ကြောင့်။ ဉာဏံ၊ မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့်သိတတ်သော အနက်ကြောင့်။ ပညာ၊ မည်၏။ တေန၊ ကြောင့်။ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ (ဣတိ-တခုကား လုတ္တ)

၇၅၃။ တတ္ထ၊ ထိုပါဠိတော်၌။ ဥပ္ပါဒေါတိ၊ ကား။ ပုရိမကမ္မပစ္စယာ၊ ရှေးဘဝ၌ပြုအပ်သောကံဟူသောအကြောင်းကြောင့်။ ဣဓ၊ ဤပစ္စုပ္ပန် ဘဝ၌၊ ဥပ္ပတ္တိ၊ သင်္ခါရတို့၏ဖြစ်ခြင်းတည်း။ ပဝတ္တန္တိ၊ ကား။ တထာ၊ ထိုရှေးဘဝ၌ပြုအပ်သောကံဟူသောအကြောင်းကြောင့်။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသောသင်္ခါရ၏။ ပဝတ္တိ၊ ပစ္စုပ္ပန်ဘဝပဝတ္တိအခါ၌ မပြတ်ဆက်၍ဖြစ်ခြင်းတည်း[၁]။ နိမိတ္တန္တိ၊ ကား။ သဗ္ဗမ္ပိ၊ သုံးပါးသောအဓွန့်၌တည်သော ရုပ်နာမ်အဇ္ဈတ္တဗဟိဒ္ဓစသည် ဝေဖန်ခြင်းရှိသော အလုံးစုံလည်းဖြစ်သော။ သင်္ခါရနိမိတ္တံ၊ သင်္ခါရနိမိတ်တည်း။ အာယူဟနာတိ၊ ကား။ အာယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိဟေတုဘူတံ၊ ပဋိသန္ဓေ၏အကြောင်းဖြစ်သော။ ကမ္မံ၊ ယခုပစ္စုပ္ပန်ဖြစ်သောကံတည်း။ ပဋိသန္ဓီတိ၊ ကား။ အာယတိံ၊ ၌။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းတည်း။ ဂတီတိ၊ ကား။ ယာယ ဂတိယာ၊ အကြင်ဂတိ၌။ သာ ပဋိသန္ဓိ၊ သည်။ ဟောတိ၊ ၏။ (နိရယာဒိဘေဒါ၊ နိရယဂတိစသည် ငါးပါးအပြားရှိသော။ သာ ဂတိ၊ ထိုဂတိ

---

၁-ကမ္မပစ္စည်းကြောင့် ပစ္စုပ္ပန်ဘဝ၌ဖြစ်ကုန်သော သင်္ခါရတို့၏ ဥပ္ပါဒသည် ပါကဋတရ ဖြစ်၍ ထင်ရကား ပုရိမကမ္မပစ္စယာ ဣဓ ဥပ္ပတ္တိ-ဟူသတည်း။ ပဝတ္တမည်သည် ဤပစ္စုပ္ပန်ပဝတ္တိ အခါ၌ ဓမ္မပဝတ္တိ ပဋိသန္ဓေခဏ၌ဖြစ်ခဲ့ပြီးသော ရုပ်နာမ်တရားတို့၏ မပြတ်ဆက်၍ဖြစ်ခြင်း ဖြစ်ရကား တထာ ဥပ္ပန္နဿ ပဝတ္တိ-ဟူသတည်း။ (ပြည်)

သည်။ သုစရိတဒုစရိတဝသေန၊ သုစရိုက်ဒုစရိုက်၏အစွမ်းဖြင့်။ ဂန္တဗ္ဗတ္တာ၊ လားအပ်သည်၏အဖြစ်ကြောင့်။ ဂတိ၊ ဂတိမည်၏[၁]။) နိဗ္ဗတ္တီတိ၊ ကား။ ခန္ဓာနံ၊ အလုံးစုံသော ခန္ဓာတို့၏[၂]။ နိဗ္ဗတ္တနံ၊ ဖြစ်ခြင်းတည်း။ ဥပပတ္တီတိ၊ ကား။ သမာပန္နဿ ဝါ၊ သမာပတ်ဝင်စားသည်မူလည်းဖြစ်သော။ ဥပပန္နဿ ဝါ၊ ပဋိသန္ဓေစွဲနေသည် မူလည်းဖြစ်သော။ ဣတိ ဧဝံ၊ သို့။ ဝုတ္တာ၊ ဟောတော်မူအပ်သော။ ဝိပါကပ္ပဝတ္တိ၊ ဝိပါက်၏ဖြစ်ခြင်းတည်း။ ဇာတီတိ၊ ကား။ ဇရာဒီနံ၊ ဇရာမရဏစသည်တို့၏။ ပစ္စယဘူတာ၊ အကြောင်းဖြစ်၍ဖြစ်သော။ ဘဝပစ္စယာ၊ ဘဝဟူသောအကြောင်းကြောင့်။ (သမ္ဘဝါ၊ ဖြစ်သော။) ဇာတိ၊ ဇာတိတည်း။ ဇရာမရဏာဒယော၊ တို့သည်။ ပါကဋာ ဧဝ၊ ထင်ရှားကုန်သည်သာတည်း။ ဧတ္ထ စ၊ ဤပါဠိတော်၌လည်း။ ဥပ္ပါဒါဒယော၊ ဥပ္ပါဒအစရှိကုန်သော။ ပဉ္စ၀၊ ငါးပါးတို့ကိုသာလျှင်။ အာဒီနဝဉာဏဿ၊ အာဒီနဝဉာဏ်၏။ ဝတ္ထုဝသေန၊ အာရုံဟုဆိုအပ်သော ဖြစ်ရာဌာန၏ အစွမ်းဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ သေသာ၊ ကြွင်းသောပုဒ်တို့ကို။ တေသံ၊ ထိုဥပ္ပါဒစသော ငါးပုဒ်တို့၏။ ဝေဝစန- ဝသေန၊ ဝေဝုစ်၏အစွမ်းဖြင့်။ ဝုတ္တာ၊ ကုန်၏။ ဟိ-သစ္စံ၊ မှန်၏။ နိဗ္ဗတ္တိ- ဇာတီတိ ဣဒံ ဒွယံ၊ ဟူသော ဤနှစ်ပုဒ်အပေါင်းသည်။ ဥပ္ပါဒဿ စေဝ၊ ဥပ္ပါဒ၏ရင်း။ ပဋိသန္ဓိယာ စ၊ ပဋိသန္ဓေ၏ရင်း။ ဝေဝစနံ၊ တည်း။ ဂတိ ဥပပတ္တီတိ ဣဒံ ဒွယံ၊ သည်။ ပဝတ္တဿ၊ ပဝတ္တ၏။ ဝေဝစနံ၊ တည်း။ ဇရာဒယော၊ ဇရာအစရှိသည်တို့သည်။ နိမိတ္တဿ၊ ၏။ ဝေဝစနာ၊ တို့တည်း။ ဣတိ၊ ဤသို့မှတ်အပ်၏။ တေန၊ ထိုကြောင့်။ ဥပ္ပါဒဥ္စ။ပ။

---

၁-ဤသို့ နိယတ်ဖော်၍ယောဇနာ။ ထိုဂတိသည်ကား အတ္တအားဖြင့် ထိုထိုက်ဖြင့် မှတ်အပ်ကုန်သော ဘဝဟူသောအမည်ကို ရခြင်းငှါထိုက်ကုန်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ပင်ဟူ၍ သိအပ်၏၊ ဤပုဂ်တို့တွင်လည်း ဥပ္ပါဒ၊ ပဝတ္တ၊ အာယူဟန-သဒ္ဒါဖြင့် ပစ္စုပ္ပန် အခွန့်၌ အတွင်းဝင်ကုန်သော သင်္ခါရတို့ကို ယူအပ်ကုန်၏။ ပဋိသန္ဓိ-သဒ္ဒါဖြင့် အနာဂတ် အခွန့်၌ အတွင်းဝင်ကုန်သော ဥပါဒိန္နခန္ဓာတို့ကို ယူအပ်ကုန်၏။ ဥပ္ပါဒ-သဒ္ဒါဖြင့်လည်း အတိတ်အဂ္ဂန့်၌ အတွင်းဝင်ကုန်သော ကမ္မသင်္ခါရတို့ကို ထုတ်ပြအပ်ကုန်၏။ နိမိတ္တ-သဒ္ဒါ ဖြင့်ကား သုံးပါးသော အခွန့်၌တည်သော ရုပ်နာမ်အဇ္ဈတ္တ ဗဟိဒ္ဓစသည် ဝေဖန်ခြင်းရှိသော ကုန်အောင်စုံသော သင်္ခါရတို့ကိုလည်း ယူအပ်၏။ (ပြည်) ဤအရာ၌ ပါဌ်သေသ မျှားစွာ မထည့်ပဲ အတိုချုပ် အနက်ပေးလိုလျှင် "ယာယ ဂတိယာ၊ ၌။ ပဋိသန္ဓိ၊ သည်။ ဟောတိ၊ ၏။ (သာ၊ ထိုဂတိပင်တည်း)"ဟု အနက်ပေးရာ၏။ (ဆ-သံ-သော)

၂-ကေဒေသဿ ဂဟဏေ အသတိ ဂဟေတဗ္ဗဿ နိပ္ပဒေသတာ၀ ဝိညာယတိ-ဟူသည် နှင့်အညီတည်း။ (ပြည်)

ဣဒန္တိ စ၊ ဟူသော စကားကိုရှင်း။ အာဒီနဝေ ဉာဏံ ပဉ္စဌာနေသု ဇာယတီတိ စ၊ ဟူသော စကားကိုရှင်း။ အာဟ၊ ဟောပြီ။

[၂၇၇] ပန၊ ပါး။ အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏန္တိအာဒိ၊ ဤသို့ အစရှိသော စကားကို။ အာဒီနဝဉာဏဿ၊ အန္ဒယအားဖြင့် ပြအပ်သော အာဒီနဝဉာဏ်၏။ ပဋိပက္ခဉာဏဒဿနတ္ထံ၊ ပဋိပက္ခဉာဏ်ကို ဗျတိရိက်အားဖြင့်ပြခြင်းငှါ။ ဝုတ္တံ၊ ၏။ ဝါ၊ ကား။ ဘယတုပဋ္ဌာနေန၊ သင်္ခါရတို့၏ ကြောက်ဖွယ်အဖြစ်ဖြင့် ထင်ခြင်းဖြင့်။ အာဒီနဝံ၊ ကို။ ဒိသွာ၊ ၍။ ဥဗ္ဗိဂ္ဂဟဒယာနံ၊ ထိတ်လန့်သော နှလုံးရှိသော ယောဂီတို့အား။ အဘယမ္ပိ၊ ဘေးမရှိရာသည်လည်း။ ခေမံ၊ ဘေးဥပဒ်ကုန်ရာသည်လည်း။ နိရာဒီနဝံ၊ အပြစ်မရှိသော တရားသည်လည်း။ အတ္ထိ၊ ရှိပါသေး၏။ ဣတိ၊ သို့။ အဿာသဇနနတ္ထမ္ပိ၊ သက်သာခြင်းကို ဖြစ်စေခြင်းအကျိုးငှါလည်း။ ဧတံ၊ ဤအနုပ္ပါဒေါ ခေမံ-အစရှိသော စကားကို။ ဝုတ္တံ၊ ၏။ ဝါ ပန၊ တနည်း ကား။ ယသ္မာ၊ ကြောင့်။ အဿ၊ ထိုယောဂီအား။ ဥပ္ပါဒါဒယော၊ ဥပ္ပါဒအစရှိသည်တို့သည်။ ဘယတော၊ ကြောက်ဖွယ်အဖြစ်ဖြင့်။ သုပတိ-ဋ္ဌိတာ၊ ကောင်းစွာထင်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တဿ၊ ထိုယောဂီ အား။ တပ္ပဋိပက္ခနိန္နံ၊ ထိုဘယ၏ ပဋိပက္ခဖြစ်သော အဘယသို့ညွတ်သော။ စိတ္တံ၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဘယတုပဋ္ဌာနဝသေန၊ ကြောက်ဖွယ်အဖြစ်ဖြင့် ထင်သည်၏အစွမ်းဖြင့်။ သိဒ္ဓဿ၊ ပြီးသော။ အာဒီနဝဉာဏဿ၊ ၏။ အာနိသံသဒဿနတ္ထမ္ပိ၊ အာနိသင်ကို ပြခြင်းငှါ လည်း။ ဧတံ၊ ဤအနုပ္ပါဒေါ ခေမံ-ဤသို့အစရှိသော စကားကို။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

စ၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤပါဠိတော်၌။ ယံ၊ အကြင်ဥပ္ပါဒအစရှိ သည်သည်။ ဘယံ၊ ကြောက်ဖွယ်ဘေးတည်း။ တံ၊ ထိုဥပ္ပါဒအစရှိ သည်သည်။ ယသ္မာ၊ ကြောင့်။ နိယမတော၊ အမြဲအားဖြင့်။ ဒုက္ခံ၊ ဒုက္ခ တည်း[၁]။ တံ၊ ထိုနိယမအားဖြင့် ဒုက္ခဖြစ်သော ကြောက်ဖွယ်သဘော ရှိသော ဥပ္ပါဒစသည်သည်။ ဝဋ္ဋာမိသလောကာမိသကိလေသာမိသေဟိ၊ ဝဋ္ဋာမိသ လောကာမိသ ကိလေသာမိသတို့မှ။ အဝိပ္ပမုတ္တတ္တာ၊ မလွတ်သည်

၁-ဤပါဠိဖြင့် ထိုဥပ္ပါဒစသည်၏ဒုက္ခ၏အဖြစ်ဖြင့် ကြောက်ဖွယ်ဘေးဖြစ်ရကား ကြောက် ဖွယ်ဘေးသည် ဒုက္ခအဖြစ်ကို လွန်၍မဖြစ်ဟု ပြ၏။ (ပြည်)

၏အဖြစ်ကြောင့်။ သာမိသမေဝ၊ အာမိသနှင့်တကွဖြစ်သည်သာတည်း။ ယဥ္စ၊ အကြင်ဥပ္ပါဒစသောတရားသည်လည်း။ သာမိသံ၊ သာမိသတည်း။ တံ၊ ထိုသာမိသ ဖြစ်သော ဥပ္ပါဒစသောတရားသည်။ သင်္ခါရမတ္တမေဝ၊ (လောကီ) သင်္ခါရမျှသာတည်း [၁]။ တသ္မာ၊ ထိုသို့ဘယဟုဆိုအပ်သော ဥပ္ပါဒစသည်သည် ဒုက္ခစသည်ပင်ဖြစ်သောကြောင့်။ ဥပ္ပါဒေါ။ပ။ ဉာဏန္တိ-အာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ဧဝံ သန္တေပိ၊ ဤသို့တပုဒ်ပုဒ်ဖြင့် ဒုက္ခသဘော ဟူသော အနက်သည် ပြီးကောင်းသော်လည်း။ ဘယာကာရေန၊ ကြောက်အပ်သည်၏အဖြစ်ဟူသော အခြင်းအရာအားဖြင့်။ ဒုက္ခာကာရေန၊ ဒုက္ခ ဟူသော အခြင်းအရာအားဖြင့်။ သာမိသာကာရေန၊ သာမိသဟူသော အခြင်းအရာအားဖြင့်။ ဣတိ ဧဝံ၊ သို့။ အာကာရနာနတ္တတော၊ အခြင်း အရာထူးသောအားဖြင့်။ ပဝတ္တိဝသေန၊ ဖြစ်ခြင်းအထူး၏အစွမ်းဖြင့်။ ဧတ္ထ၊ ဤပုဒ်တို့၌။ နာနတ္တံ၊ ဉာဏ်ထူးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗံ၊ ၏ [၂]။

ဒသ ဉာဏေ ပဇာနာတီတိ၊ ကား။ အာဒီနဝဉာဏံ၊ အာဒီနဝဉာဏ်ကို။ ပဇာနန္တော၊ သိသောယောဂီသည်။ ဥပ္ပါဒါဒိဝတ္ထုကာနိ၊ ဥပ္ပါဒအစရှိသည် ဖြစ်ရာရှိကုန်သော။ ပဉ္စ၊ ငါးပါးသောဉာဏ်တို့ငှင်း။ အနုပ္ပါဒါဒိဝတ္ထုကာနိ၊ အနုပ္ပါဒအစရှိသည်ဖြစ်ရာ ရှိကုန်သော။ ပဉ္စ၊ ငါးပါးသောဉာဏ်တို့ငှင်း။ ဣတိ၊ သို့။ ဒသ ဉာဏာနိ၊ ဆယ်ပါးသောဉာဏ်တို့ကို။ ပဇာနာတိ၊ သိ၏။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏ [၃]။ ဒွိန္နံ

၁-သင်္ခါရမတ္တမေဝ-၌ဧဝ-သဒ္ဒါဖြင့် ဝိသင်္ခါရဟု ဆိုအပ်သောနိဗ္ဗာန်ကို နစ်စေ၏၊ အဘယ့် ကြောင့်နည်း? ထိုဝိသင်္ခါရဟုဆိုအပ်သော နိဗ္ဗာန်၌ သာမိသအဖြစ်အမြွက်မျှလည်း မရှိသော ကြောင့်တည်း။ မတ္တ-သဒ္ဒါဖြင့်ကား မပြည့်မစုံသောသင်္ခါရအဖြစ်ကို ထင်ရှားပြ၏၊ အဘယ့် ကြောင့်နည်း? သဗ္ဗသင်္ခါရသည် သာမိသချည်းမဟုတ် လောကုတ္တရာမဂ်ဖိုလ်လည်း ပါဝင် ၏၊ ထိုတွင် ဤ၌ လောကီသင်္ခါရမျှသာဖြစ်သောကြောင့်တည်း။ (ပြည်)

၂-ထိုသင်္ခါရတို့၌ပင်လျှင် အနိစ္စတော ဒုက္ခတော အနတ္တတော-ဟု ဖြစ်ခြင်းအထူး၏ အစွမ်းဖြင့် အခြင်းအရာထူးသည်၏အဖြစ်ဖြင့် အနုပဿနာဉာဏ်ထူးသည်၏အဖြစ်ကဲ့သို့ ထိုအတူဘယာကာရစသော အာကာရနာနတ္တအားဖြင့် ဖြစ်ခြင်းအထူး၏အစွမ်းဖြင့် ဤပုဒ် တို့၌ ဉာဏ်၏ထူးသည်၏အဖြစ်ကို သိအပ်သတည်း။ ထိုအာကာရတို့တွင် ဘယာကာရအား ဖြင့်ဖြစ်သောဉာဏ်သည် ဘယတုပဋ္ဌာနဉာဏ်မည်၏၊ ဒုက္ခာကာရ သာမိသာကာရအားဖြင့် ဖြစ်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။ (ပြည်)

၃-အာဒီနဝဉာဏ်၏ ဝိသယအဖြစ်ဖြင့် ဆိုအပ်ကုန်သော ပန္နရသအတ္တတို့သည် ဥပ္ပါဒအစ ရှိကုန်သော ပဉ္စကတို့၌ အန္တောဂဓဖြစ်၏၊ ထို့၌လည်း ဉာဏ်သည် ဒွန္ဒယဗျတိရေက အားဖြင့် ဖြစ်ခြင်းကြောင့် ဒသဝိဓဖြစ်သတည်း။ ထိုကြောင့် ဒသ ဉာဏာနိ ပဇာနာတိ

ဉာဏာနံ ကုသလတာတိ၊ ကား။ အာဒီနဝဉာဏဿ စေဝ၊ အာဒီနဝ ဉာဏ်၌ရင်း။ သန္တိပဒဉာဏဿ၊ သန္တိပဒဉာဏ်၌ရင်း။ ဣတိ၊ သို့။ ဣမေသံ ဒွိန္နံ၊ ဤနှစ်ပါးသောဉာဏ်တို့၌ [၁]။ ကုသလတာယ၊ လိမ္မာသည်၏အဖြစ် ကြောင့်။ နာနာဒိဋ္ဌိသု န ကမ္ပတီတိ၊ ကား။ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနာဒိဝသေန၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌ လွန်မြတ်သော နိဗ္ဗာန်ရှိ၏ ဤသို့စသော မိစ္ဆာအယူ၏ အစွမ်းဖြင့်။ ပဝတ္တာသု၊ ဖြစ်ကုန်သော။ ဒိဋ္ဌိသု၊ ဒိဋ္ဌိတို့ ကြောင့်။ န ဝေဓတိ၊ မတုန်မလှုပ်။ သေသံ၊ ကြွင်းသောစကားသည်။ ဧတ္ထ၊ ဤအာဒီနဝါနုပဿနာဉာဏ်၌။ ဥတ္တာနမေဝ၊ ပေါ်သည်သာလျှင် တည်း[၂]။ ဣတိ၊ ဤ၌ရွေ့အပြီးတည်း။ ။အာဒီနဝါနုပဿနာဉာဏံ နိဋ္ဌိတံ။

## နိဗ္ဗိဒါနုပဿနာဉာဏကထာ

၇၅၄။ သော၊ ထိုယောဂါဝစရသည်။ ဧဝံ၊ သို့။ သဗ္ဗသင်္ခါရေ၊ အလုံးစုံသော တေဘူမကသင်္ခါရတို့ကို။ အာဒီနဝတော၊ အပြစ်အားဖြင့်။

---

ဟူသည်၊ ယင်းသို့သော်လည်း ဉာဏ်သည် မိမိကိုယ် မိမိမသိသည်မဟုတ်လော အဘယ့် ကြောင့် ဤသို့ဆိုသနည်း ?ဟု၊ ကား ပစ္စာနန္တ သာတိသယံ ဝိသယဂတသမ္မောဟဝိဂမေန အသမ္မုဋ္ဌံ အတ္တနိပိ အသမ္မုဋ္ဌမေဝါတိ အတ္တာနမ္ပိ ပစ္စာနန္တံ ဝိယ ဟောတီတိ ကတွာ ဝုတ္တံ။ တေနာဟ ပဋ္ဌဝိဇ္ဇတိ သစ္စိကရောတီတိ။ ဋီကာ။ စ၊ ဆက်၍ဆိုအံ့။ ပစ္စာနန္တံ၊ သိခြင်း သည်။ သာတိသယံ၊ အလွန်အကဲနှင့်တကွ။ ဝိသယဂတသမ္မောဟဝိဂမေန၊ အာရုံဖြစ်သော သမ္မောဟကင်းသဖြင့်။ အသမ္မုဋ္ဌံ၊ တွေဝေခြင်းကင်းသည်ဖြစ်၍။ အတ္တနိပိ၊ မိမိ၌လည်း။ အသမ္မုဋ္ဌမေဝ၊ တွေဝေခြင်းကင်းသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ အတ္တာနမ္ပိ၊ မိမိကိုလည်း။ ပစ္စာနန္တံ ဝိယ၊ သိသကဲ့သို့။ ဟောတိ၊ ၏။ ဣတိ ကတွာ-ဣမိနာ ကာရဏေန၊ ဤသို့သောအကြောင်းကြောင့်။ ဒသ ဉာဏာနိ ပစ္စာနာတီတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တေန၊ ကြောင့်။ ပဋိ။ပ။ ရောတီတိ၊ ဟူ၍။ အာဟ၊ မိန့်ပြီ။ ရှင်းနက်။ (ပြည်)

၁-ဒွိန္နံ ဉာဏာနံ-သည် ကုသလ-သဒ္ဒါနှင့်ယှဉ်ခြင်းကြောင့် ဘုမ္မတ္ထသာမိဝစနတည်း၊ ကုသလာ နစ္စဂီတဿ-၌ကဲ့သို့တည်း။ ကုသလတာ-၌ ကာရဏ၌ ပစ္စတ္တဝစနတည်း။ ထို့ကြောင့် ဒွိန္နံ ကုသလတာယ-ဟု မိန့်သော်။ တနည်းလည်း ဒွိန္နံ ဉာဏာနံ ဝသေန-ဟု ယောဇနာ။ (ပြည်)

၂-မပြတ်ဖြစ်သော ရုပ်နာမ်အစဉ်ဟူသော ပဝတ္တိ၌ မဖောက်မပြန်သောအားဖြင့် မြင်ပြီးသည်၏ အဖြစ်ကြောင့် တပ္ပဋိပက္ခအားဖြင့် သန္တိပဒသည် ကောင်းစွာ ဆုံးဖြတ်အပ် သည် ဖြစ်၍သာလျှင် ထင်၏။ ထို့ကြောင့် ထိုယောဂီ၏ စိတ်သည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ အလွန်မွန်မြတ်သော နိဗ္ဗာန်ရှိ၏၊ ဤသို့စသော မိစ္ဆာဂါဟ၏ အစွမ်းဖြင့် မတုန်လှုပ်။ အဘယ့်ကြောင့်နည်း? ထိုပဝတ္တိ၌ ကောင်းစွာ ထက်ဝန်းကျင် မြင်အပ်သော အာဒီနဝ ရှိသည်၏ အဖြစ်ကြောင့်တည်း။ ထို့ကြောင့် နာနာဒိဋ္ဌိသု န ကမ္ပတိ-စသည်တို့မိန့်သော်။ (ပြည်)

ပဿန္တော၊ ရှုသည်ဖြစ်၍။ သဗ္ဗဘဝယောနိဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ-
ဂတေ၊ အလုံးစုံသော ဘဝယောနိဂတိ ဝိညာဏဋ္ဌိတိသတ္တာဝါသတို့၌
ဖြစ်သော။ သဘေဒကေ၊ ပျက်စီးခြင်းသဘောနှင့်တကွ ဖြစ်သော။ သင်္ခါရ-
ဂတေ၊ တေဘူမကသင်္ခါရ တရားအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏။ ဥက္ကဏ္ဌတိ၊
ဆန့်ကျင်၏။ နာဘိရမတိ၊ မမွေ့လျော်။ သေယျထာပိ နာမ၊ ဥပမာမည်
သည်ကား။ စိတ္တကူဋပဗ္ဗတပါဒါဘိရတော၊ အနောတတ်အိုင်၏ အနောက်
မျက်နှာ စိတ္တကူဋ တောင်ရင်း၌ မွေ့လျော်သော။ သုဝဏ္ဏရာဇဟံသော၊
ရွှေဟင်္သာမင်းသည်။ အသုစိမှိ၊ မစင်ကြယ်သော။ စဏ္ဍာလဂါမဒွါရ-
အာဝါဋေ၊ ဒွန်းစဏ္ဍား ရွာတံခါးအနီး အိုင်ငယ်၌။ နာဘိရမတိ ယထာ၊
မမွေ့လျော်သကဲ့သို့။ သတ္တသု မဟာသရေသုယေဝ၊ အိုင်ကြီး ခုနစ်အိုင်တို့၌
သာလျှင်။ အဘိရမတိ ယထာ၊ မွေ့လျော်သကဲ့သို့။ ဧဝမေဝ၊ ဤအတူ
သာလျှင်။ အယမ္ပိ ယောဂီရာဇဟံသော၊ ဤယောဂီဟူသော ဟင်္သာမင်း
သည်လည်း။ သုပရိဒိဋ္ဌာဒီနဝေ၊ ကောင်းစွာ ထက်ဝန်းကျင် မြင်အပ်သော
အပြစ်ရှိသော။ သဘေဒကေ၊ ပျက်စီးခြင်းသဘောနှင့် တကွဖြစ်သော။
သင်္ခါရဂတေ၊ တေဘူမကသင်္ခါရ တရားအပေါင်း၌။ နာဘိရမတိ၊
မမွေ့လျော်။ ပန၊ စင်စစ်သော်ကား။ ဘာဝနာရာမတာယ၊ ဘာဝနာ
ဟူသော မွေ့လျော်ရာရှိသည်၏ အဖြစ်ကြောင့်။ ဘာဝနာရတိယာ၊
ဘာဝနာ၌ မွေ့လျော် ပျော်ပိုက်သော ပီတိနှင့်။ သမန္နာဂတတ္တာ၊ ပြည့်စုံ
သည်၏အဖြစ်ကြောင့်။ သတ္တသု အနုပဿနာသုယေဝ၊ ခုနစ်ပါးသော
အနုပဿနာတို့၌သာလျှင်။ ရမတိ၊ မွေ့လျော်၏။

[၂၀၀] စ၊ ထိုမှတပါး။ သုဝဏ္ဏပဉ္စရေ၊ ရွှေချိုင့်၌။ ပက္ခိတ္တော၊
လှောင်အပ်သော။ သီဟော မိဂရာဇာ၊ သားတို့မင်းဖြစ်သော ခြင်္သေ့သည်။
နာဘိရမတိ ယထာ၊ မမွေ့လျော်သကဲ့သို့။ ပန၊ စင်စစ်သော်ကား။
တိယောဇနသဟဿဝိတ္ထတေ၊ ယူဇနာသုံးထောင် အပြောကျယ်သော။
ဟိမဝန္တေယေဝ၊ ဟိမဝန္တာ၌သာလျှင်။ ရမတိ ယထာ၊ မွေ့လျော်သကဲ့သို့။
ဧဝံ-တထာ၊ တူ။ အယံ ယောဂီသီဟော၊ ဤယောဂီဟူသော ခြင်္သေ့မင်း
သည်လည်း။ တိဝိဓေ၊ ကာမသုဂတိစသော သုံးပါးအပြားရှိသော။
သုဂတိဘဝေပိ၊ သုဂတိဘုံ၌လည်း။ နာဘိရမတိ၊ မမွေ့လျော်။ ပန၊
စင်စစ်သော်ကား။ တီသု၊ ကုန်သော။ အနုပဿနာသုယေဝ၊ တို့၌သာလျှင်။
ရမတိ၊ မွေ့လျော်၏။

စ ထိုမှတပါး။ သဗ္ဗသေတော၊ ငွေတောင်အတူ ကိုယ်လုံးဖြူသော။ သတ္တပတိဋ္ဌော၊ ခုနစ်ပါးသော အင်္ဂါတို့ဖြင့် မြေ၌တည်သော၊ ဝါ၊ မြေ၌ တည်သော ခုနစ်ပါးသော အင်္ဂါရှိသော။ (လက်ခြေလေးဖက် အမြီး နှာမောင်း ဝတ္ထိကောသဟု ဆိုအပ်သော အင်္ဂါဇာတ်အားဖြင့် ခုနစ်ပါးယူ) ဣဒ္ဓိမာ၊ တန်ခိုးကြီးသော။ ဝေဟာသင်္ဂမော၊ ကောင်းကင်ပျံသွားနိုင် သော။ ဆဒ္ဒန္တော နာဂရာဇာ၊ ဆဒ္ဒန်ဆင်မင်းသည်။ နဂရမဇ္ဈေ၊ မြို့လယ်၌။ နာဘိရမတိ၊ မမွေ့လျော်။ ဟိမဝတိ၊ ဟိမဝန္တာ၌။ ဆဒ္ဒန္တဒဟဂဟဏေယေဝ၊ ဆဒ္ဒန်အိုင်တော၌သာလျှင်။ အဘိရမတိ ယထာ၊ မွေ့လျော်သကဲ့သို့။ ဧဝံ၊ တူ။ အယံ ယောဂါဝစရကော၊ ဤယောဂီဟူသော ဆင်မြတ်သည်လည်း။ သဗ္ဗသ္မိမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ သင်္ခါရဂတေ၊ တေဘူမကသင်္ခါရ၌။ နာဘိရမတိ၊ လျော်။ အနုပ္ပါဒေါ ခေမန္တိအာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ ဖြင့်။ ဒိဋ္ဌေ၊ (နှလုံးသွင်းခြင်း ရှေးရှိသော အလျော်သဘော ဉာဏ်ဖြင့်) မြင်အပ်သော။ သန္တိပဒေယေဝ၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော အမြိုက်နိဗ္ဗာန်၌သာလျှင်။ အဘိရမတိ၊ မွေ့လျော်၏။ တန္နိန္နတပ္ပေါဏတပ္ပဗ္ဘာရမာနသော။ ထိုသန္တိပဒညွတ်သော, ထိုသန္တိပဒ ကိုင်းသော, ထိုသန္တိပဒရှိုင်းသော စိတ်ရှိသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤမွေ့အပြီးတည်း။ ။နိဗ္ဗိဒါနုပဿနာဉာဏံ နိဋ္ဌိတံ။

၇၅၅။ ပန၊ ပါး။ တံ ဧတံ၊ ထိုနိဗ္ဗိဒါဉာဏ်သည်။ ပုရိမေန၊ ရှေးဖြစ် သော။ ဉာဏဒ္ဝယေန၊ ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝါနုပဿနာဉာဏ် နှစ်ပါးနှင့်။ အတ္ထတော၊ သရုပ်သဘောအနက်အားဖြင့်။ ဧကံ၊ တူ၏။ တေန၊ ထိုကြောင့်။ ပေါရာဏာ၊ တို့သည်။ ဘယတုပဋ္ဌာနံ။ပ။ ဇာတန္တိ၊ ဟူ၍။ အာဟု၊ ကုန်ပြီ။

[ဘယတုပဋ္ဌာနံ ဧကမေဝ၊ ဘယတုပဋ္ဌာန ဉာဏ်တပါးသည်ပင်လျှင်။ တီဏိ နာမာနိ၊ သုံးပါးသောအမည်တို့ကို။ လဘတိ၊ ရ၏။ သဗ္ဗသင်္ခါရေ၊ အလုံးစုံသောသင်္ခါရတို့ကို။ ဘယတော၊ ကြောက်ဖွယ်ဘေး၏အဖြစ်ဖြင့်။ အဒ္ဒသ၊ မြင်ပြီ။ ဣတိ-တသ္မာ၊ ကြောင့်။ ဘယတုပဋ္ဌာနံ နာမ၊ မည်သည်။ ဇာတံ၊ ဖြစ်၏။ တေသုယေဝ သင်္ခါရေသု၊ ထိုတေဘူမကသင်္ခါရတို့၌ သာလျှင်။ အာဒီနဝံ၊ အပြစ်ကို။ ဥပ္ပါဒေသိ-ပါတုဘာကာသိ၊ ထင်ရှားပြု၏။ (တနည်း) ဥပ္ပါဒေသိ-ဝိဘာဝေသိ၊ ထင်ရှားပြ၏။ ဣတိ-တသ္မာ၊ ကြောင့်။

အာဒီဝါနုပဿနာ နာမ၊ မည်သည်။ ဇာတံ၊ ၏။ တေသုယေဝ သင်္ခါ-ရေသု။ တို့၌သာလျှင်။ နိဗ္ဗိန္ဒနာကာရံ၊ ငြီးငွေ့သည်ဖြစ်၍။ ဉပ္ပန္နံ၊ ဖြစ်၏။ ဉာတိ-တသ္မာ၊ ကြောင့်။ နိဗ္ဗိဒါနုပဿနာ နာမ၊ မည်သည်။ ဇာတံ၊ ၏။]

ပါဠိဥယမ္ပိ၊ ပဋိသမ္ဘိဒါပါဠိတော်၌လည်း။ ယာ စ ဘယတုပဋ္ဌာနေ။ပ။ ဉာဏန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ [ဘယတုပဋ္ဌာနေ၊ ကြောက်ဖွယ်ဘေးအားဖြင့် ထင်ခြင်း၌။ ယာ စ ပညာ၊ အကြင်ပညာသည်ရှင်း။ ယဥ္စ အာဒီနဝေ ဉာဏံ၊ အကြင်အာဒီနဝ ဉာဏ်သည်ရှင်း။ ယာ စ နိဗ္ဗိဒါ၊ အကြင်နိဗ္ဗိဒါ ဉာဏ်သည် ရှင်း။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဧကတ္ထာ၊ အနက်အားဖြင့်တူကုန်၏။ ဗျဥ္ဇနမေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ထူး၏။]

## မုဥ္စိတုကမျတာဉာဏကထာ

၇၇၆။ အပရမ္ပိ၊ တပါးသော သာဓကသုတ်ကိုလည်း။ ဝုတ္တံ၊ ၏[၁]။ သဒ္ဒဟန္တော၊ ယုံကြည်သည်ဖြစ်၍။ ဝိမုတ္တော၊ လွတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ သဒ္ဓါဝိမုတ္တော၊ မည်၏[၂]။ ဖုဋ္ဌန္တံ၊ ရောက်အပ် ရအပ်သော အရူပ-ဈာန်တို့၏ အနန္တရကာလပတ်လုံး[၃]၊ ဝါ၊ ရောက်အပ် ရအပ်သော အရူပ-

---

၁-သဒ္ဓိန္ဒြေ လွန်သည်၏ အဖြစ်ကြောင့် သဒ္ဓါဝိမုတ္တမည်၏။ ဤသို့စသော အတ္ထ၏ သာဓကတပါးကို ပြခြင်းငှါ အပရမ္ပိ-စသည်ကို မိန့်သော်။ (ပြည်)

၂-သဒ္ဒဟန္တော ဝိမုတ္တော-ဟူသော ပါဠ်ဖြင့် အခြင်းခပ်သိမ်း မလွန်သေးသော ပုဂ္ဂိုလ်၏ သဒ္ဓါမတ္တဖြင့် ဝိမုတ္တမည်သည်၏ အဖြစ်ကိုပြသဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၏ သေက္ခအဖြစ်ကို သာလျှင် ထင်စွာပြသတည်း။ တနည်းလည်း-သဒ္ဓါဝိမုတ္တော-ဟူသောပုဒ်၏ သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ အဓိမုတ္တော၊ နှလုံးသွင်းသော ပုဂ္ဂိုလ်သည်၊ ဝါ၊ နိဗ္ဗာန်သို့ညွတ်သောပုဂ္ဂိုလ်သည်။ သဒ္ဓါဝိမုတ္တော၊ သဒ္ဓါဝိမုတ္တမည်၏။ ဤအနက်ကို မှတ်အပ်၏။ (ပြည်)

၃-ဖုဋ္ဌန္တံ သစ္ဆိကတောတိ ဖုဋ္ဌာနံ အန္တော ဖုဋ္ဌန္တော၊ ဖုဋ္ဌာနံ အရူပဈာနာနံ အနန္တရော ကာလောတိ အဓိပ္ပါယော။ အစ္စန္တသံယောဂေ စေတံ ဥပယောဂဝစနံ။ ဖုဋ္ဌာနန္တရကာလမေဝ သစ္ဆိကရဏူပါယေန သစ္ဆိကာတဗ္ဗံ သစ္ဆာကာသိတိ ဝုတ္တံ ဟောတိ-ဟူသော ဋီကာနှင့် လျော်စေသည်။ (ပြည်)

ဈာန်တို့၏ အနန္တရကာလပင်လျှင်[၁]။ သစ္ဆိကတော၊ မျက်မှောက်ပြုအပ်သည်ကို မျက်မှောက်ပြုလေပြီ။ ဣတိ-တသ္မာ၊ ထိုသို့ (မျက်မှောက်ပြုအပ်သည်ကို နာမကာယဖြင့် မျက်မှောက်ပြုပြီးသည်၏ အဖြစ်) ကြောင့်။ ကာယ-သက္ခိ၊ ကာယသက္ခိမည်၏၊ ဝါ၊ မျက်မှောက်ပြုအပ်သည်ကို နာမကာယဖြင့် မျက်မှောက်ပြုသော ပုဂ္ဂိုလ်မည်၏။ ဒိဋ္ဌန္တံ၊ ဒဿနဟုဆိုအပ်သော သောတာပတ္တိမဂ်ဉာဏ် ကိစ္စ၏အဆုံး အနန္တရလျှင်။ ပတ္တော၊ နိရောဓသို့ ရောက်သတည်း။ ဣတိ-တသ္မာ၊ ကြောင့်။ ဒိဋ္ဌိပ္ပတ္တော၊ ဒိဋ္ဌိပ္ပတ္တမည်၏[၂]။

---

၁-ဤသို့ ပေးမှုဘာဝနပုံတည်း။ ဘာဝနပုံသက်ံ ဝါ ဇတံ ယထာ ကေမန္တန္တိ။ ယော ဟိ အရူပဈာနေန ရူပကာယတော နာမကာယေကဒေသတော စ ဝိက္ခမ္ဘနဝိမောက္ခေန ဝိမုတ္တော၊ တေန နိရောဓသင်္ခါတော ဝိမောက္ခော အာလောစိတော ပကာသိတော ဝိယ ဟောတိ၊ န ပန ကာယေန သစ္ဆိကတော။ နိရောဓံ ပန အာရမ္မဏံ ကတွာ ကေစ္စေသု အာသဝေသု ခေပိ-တေသု တေန သော သစ္ဆိကတော ၀ ဟောတိ။ တသ္မာ သော သစ္ဆိကာတဗ္ဗံ ယထာ အာလောစိတံ နာမကာယေန သစ္ဆာကာသီတိ ကာယသက္ခီတိ ဝုစ္စတိ၊ န တု ဝိမုတ္တော ကေစ္စာနံ အာသဝါနံ အပရိက္ခီဏတ္တာ။ ဋီကာ။ ဟိ-သစ္စံ၊ ၏။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အရူပဈာနေန၊ အရူပဈာန်ဖြင့်။ ရူပကာယတော၊ ရူပကာယမှရင်း။ နာမကာယေကဒေသ-တော စ၊ နာမကာယ တစိတ်မှရင်း။ ဝိက္ခမ္ဘနဝိမောက္ခေန၊ ဝိက္ခမ္ဘနဝိမောက္ခဖြင့်။ ဝိမုတ္တော၊ လွတ်သည်။ ဟောတိ၊ ၏။ တေန၊ ထိုပုဂ္ဂိုလ်သည်။ နိရောဓသင်္ခါတော၊ နိရောဓဟု ဆိုအပ်သော။ ဝိမောက္ခော၊ ဝိမောက္ခသည်။ အာလောစိတော ဝိယ၊ ငဲ့အပ် ကြည့်အပ်သကဲ့သို့။ ပကာသိတော ဝိယ၊ ထင်စွာပြအပ်သကဲ့သို့။ ဟောတိ၊ ၏။ ပန၊ ဗျတိရိက်ကိုဆိုအံ့။ ကာယေန၊ နာမကာယဖြင့်။ သစ္ဆိကတော၊ မျက်မှောက်ပြုအပ်သည်မည်သည်။ န ဟောတိ၊ မဖြစ်။ ပန၊ အလျော်ကား။ နိရောဓံ၊ နိရောဓသစ္စာကို။ အာရမ္မဏံ၊ ကို။ ကတွာ၊ ၍။ ကေစ္စေသု၊ ကုန်သော။ အာသဝေသု၊ အာသဝေါတရားတို့ကို။ ခေပိတေသု၊ ကုန်စေအပ်ကုန်သည်ရှိသော်။ တေန၊ ထိုပုဂ္ဂိုလ်သည်။ သစ္ဆိကတော၀၊ မျက်မှောက်ပြုအပ်သည်မည်သည်သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ သော၊ ထိုပုဂ္ဂိုလ်ကို။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော နိရောဓကို။ ယထာအာလောစိတံ၊ ငဲ့သည်ကြည့်သည်အတိုင်း။ နာမကာယေန၊ ဖြင့်။ သစ္ဆာကာသိ၊ မျက်မှောက်ပြုပြီ။ ဣတိ-တသ္မာ၊ ကြောင့်။ ကာယ-သက္ခီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တု၊ ဂရဟာကိုဆိုအံ့။ ကေစ္စာနံ၊ ကုန်သော။ အာသဝါနံ၊ တို့၏။ အပရိက္ခီဏတ္တာ၊ မကုန်သည်၏အဖြစ်ကြောင့်။ ဝိမုတ္တော၊ လွတ်ပြီဟူ၍။ န ဝုစ္စတိ၊ မဆိုအပ်။ ၎င်းအနက်။ (ပြည်)

၂-အန္တ-ကျေသည်။ ဒိဋ္ဌန္တံ ပတ္တောတိ ဒဿနသင်္ခါတဿ သောတာပတ္တိမဂ္ဂဉာဏ-ကိစ္စဿ အနန္တရံ ပတ္တောတိ ဝုတ္တံ ဟောတိ။ ပဠမဖလတော ပဋ္ဌာယ ဟိ ယာဝ အဂ္ဂမဂ္ဂါ ဒိဋ္ဌိပ္ပတ္တောတိ။ ဒိဋ္ဌိယာ ပတ္တောတိ ဝါ ပါဌော။ စတုသစ္စဒဿနသင်္ခါတာယ ဒိဋ္ဌိယာ နိရောဓံ ပတ္တောတိ အတ္ထော။ ဤအလိုသော် ဒိဋ္ဌိပ္ပတ္တော-လိုသည်။ သဒ္ဒါဝိမုတ္တစသော ဤသုံးယောက်သော ပုဂ္ဂိုလ်တို့သည် ပရမတ္ထအားဖြင့်မပြီးသေးသော ဉာဏကိစ္စ ရှိကုန်၏။ ထိုကြောင့် ထိုနည်းကိုပြခြင်းငှါ သဒ္ဓာဟန္တော ဝိမုစ္စတိ-စသည်ကိုမိန့်သော်။ (ပြည်)

သဒ္ဒဟန္တော၊ ယုံကြည်သည်ဖြစ်၍။ ဝိမုစ္စတိ၊ လွတ်ဆဲဖြစ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ သဒ္ဓါဝိမုတ္တော၊ မည်၏။ ဈာနဖဿံ၊ သာတိသယဖြစ်သော ဈာန်အတွေ့ကို။ ပဌမံ၊ လက်ဦးစွာ။ ဖုသတိ၊ တွေ့တတ်ရောက်တတ်၏။ ပစ္ဆာ၊ နောက်မှ။ နိရောဓံ၊ နိရောဓဟုဆိုအပ်သော။ နိဗ္ဗာနံ၊ ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုဆဲ ဖြစ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ကာယ-သက္ခိ၊ မည်၏။ (ဈာနဖဿံ-ဟူသော ပါဌ်ဖြင့် အရူပဈာနဖဿကို သင်္ဂြိုဟ်သတည်း) သဒ္ဓါရ။ တို့သည်။ ဒုက္ခာ၊ ဒုက္ခတို့သာတည်း။ (ဣတိ၊ သို့။ ဉာတံ၊ သည်။ ဟောတိ၊ ၏။) (ဤပါဌ်ဖြင့် ဒုက္ခသစ္စပဋိဝေဓကိုဆိုသတည်း) နိရောဓော၊ နိဗ္ဗာန်သည်။ သုခေါ၊ သုခအစစ်တည်း။ ဣတိ၊ သို့။ ဉာတံ၊ သည်။ ဟောတိ၊ ၏။) (ဤပါဌ်ဖြင့် နိရောဓသစ္စပဋိဝေဓကိုဆိုသတည်း၊ ထိုနှစ်ပုဒ်ဖြင့်ပင် နာနန္တရိက၏ အဖြစ်ကြောင့် သမုဒယမဂ္ဂသစ္စပဋိဝေဓကို ဆိုသတည်း) ပညာယ၊ ပညာဖြင့်။ ဉာတံ၊ သိအပ်ပြီးသည်။ ဒိဋ္ဌံ၊ မြင်အပ်ပြီးသည်။ ဝိဒိတံ၊ ထင်ရှားပြုအပ်သည်။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်ပြီးသည်။ ဖုသိတံ၊ တွေ့အပ်ရောက်အပ်ပြီးသည်။ ဟောတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဒိဋ္ဌိပ္ပတ္တော၊ မည်၏[၁]။

၇၇၇။ ပန၊ ထိုမှတပါး။ ဣတရေသု၊ ဤမှတပါးကုန်သော။ စတူသု၊ သဒ္ဓါနုသာရီအစရှိသော လေးပုဒ်တို့၌။ (အတ္ထော၊ အနက်ကို။ ဧဝံ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ ) သဒ္ဓံ၊ အာရုံအရာ၌တည်သော သဒ္ဓါတရားသို့။ အနုသရတိ၊ အစဉ်လိုက်တတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ သဒ္ဓါနုသာရီ၊ မည်၏။ ဝါ၊ ကား။ သဒ္ဓါယ၊ အကြောင်းဖြစ်သော သဒ္ဓါဖြင့်။ အနု-အနု-ရူပံ၊ သစ္စာပဋိဝေဓအားလျော်စွာ။ သရတိ ဂစ္ဆတိ၊ သွားတတ်ကျင့်တတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ သဒ္ဓါနုသာရီ၊ မည်၏။ တထာ၊ ထို့အတူ။ ပညာသင်္ခါတံ၊ ပညာဟုဆိုအပ်သော။ ဓမ္မံ၊ သဘောတရားကို။ အနုသရတိ၊ အစဉ်လိုက်တတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဓမ္မာနုသာရီ၊ မည်၏။ ဝါ၊ ကား၊ ဓမ္မေန၊ ပညာဖြင့်။ အနု-အနုရူပံ၊ သစ္စပဋိဝေဓအားလျော်စွာ။

---

၁-ဉာတံ ဟောတိ-ဖြင့် ဒုတိယမဂ္ဂကိစ္စကို၊ ဒိဋ္ဌံ ဟောတိ-ဖြင့် တတိယမဂ္ဂကိစ္စကို၊ ဝိဒိတံ ဟောတိ-ဖြင့် စတုတ္ထမဂ္ဂကိစ္စကို၊ သစ္ဆိကတံ ဟောတိ-ဖြင့် ပဌမဖိုလ်ကိစ္စကို၊ ဖုသိတံ ဟောတိ-ဖြင့် ကြွင်းသော ဖလဒွယကိစ္စကိုပြ၏။ ဤသို့လျှင် ဉာတံ ဒိဋ္ဌံ-စသော ဤပုဒ်တို့သည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၏မဂ္ဂဖလဉာဏ ဗျာပါရကိုပြသော ပုဒ်တို့တည်းဟု ကျမ်းမြင် ဆရာတို့ဆိုကုန်သတည်း။ (ပြည်)

သရတိ၊ သွားတတ်ကျင့်တတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဓမ္မာနုသာရီ၊ မည်၏[၁]။ အရူပစျာနေန စေဝ၊ အရူပစျာန်ဖြင့်ငှင်း။ အရိယမဂ္ဂေန စ၊ အရိယမဂ်ဖြင့်ငှင်း။ ဣတိ၊ သို့။ ဥဘတောဘာဂေန၊ နှစ်ပါးစုံသော အဖို့ဖြင့်။ ဝိမုတ္တော၊ လွတ်သည်တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ ဥဘတော-ဘာဂဝိမုတ္တော၊ မည်၏။ ပဇာနန္တော၊ (ရှေးဦးစွာ ဈာန်ဖဿနှင့် ကင်း၍ ပိုင်းခြား၍ သိခြင်းစသော လေးပါးလေးပါးသော အပြားတို့ဖြင့်) လေးပါးသော သစ္စာတို့ကို ထိုးထွင်း၍ သိသည်ဖြစ်၍။ ဝိမုတ္တော (ထိုကိစ္စတို့၏ အပြီးအဆုံးသို့ရောက်ခြင်းဖြင့် ပြီးပြီးသော ကိစ္စရှိသည်၏အဖြစ်ကြောင့်) အထူးသဖြင့် လွတ်သည်တည်း။ ဣတိ-တသ္မာ၊ ကြောင့်။ ပညာဝိမုတ္တော၊ မည်၏။ ဣတိ ဧဝံ၊ သို့။ ဝစနတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏[၂]။

## သင်္ခါရုပေက္ခာဉာဏ် ၅

၇၇၈။ (ဝိမောက္ခမုခဘာဝံ အာပဇ္ဇိတွာ သတ္တအရိယပုဂ္ဂလဝိဘာဂါယ စ ပစ္စယော ဟောတီတိ၊ ဟူ၍။ ယံ တံ သင်္ခါရုပေက္ခာဉာဏံ၊ ကို။ ဝုတ္တံ၊

---

၁-သဒ္ဓါနုသာရီ နှစ်ဝိကပ်တို့ဖြင့် သဒ္ဓါ၏လွန်သည်၏အဖြစ်ကိုသာလျှင် ပြသတည်း။ ဓမ္မာနုသာရီ၌လည်း ဤနည်းတူပညာ၏ လွန်သည်၏အဖြစ်ကိုသာလျှင် ပြသတည်း။ (ပြည်)

၂-ဤတွင် သင်္ခါရုပေက္ခာဉာဏ်-ရှိသည်ကား အဆုံးနိဂုံးအပြီးမသတ်သေးသောကြောင့် မသင့်။ အကြင်ပုဂ္ဂိုလ်အား အနိစ္စအခြင်းအရာအားဖြင့် ထသည်ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် အဓိမောက္ခအဖြစ်များ၍ သဒ္ဓိန္ဒြေထက်သည်၏ အဖြစ်ကြောင့် ပဌမမဂ်ခဏ၌ သဒ္ဓါနုသာရီမည်၏၊ အလယ်ခြောက်ဌာနတို့၌ သဒ္ဓါဝိမုတ္တမည်၏၊ အရဟတ္တဖိုလ်ခဏ၌ ပညာဝိမုတ္တမည်၏။ အကြင်ပုဂ္ဂိုလ်အား ဒုက္ခအခြင်းအရာအားဖြင့် ဝုဋ္ဌာနသည် ဖြစ်၏၊ ထိုပုဂ္ဂိုလ်အား ပဿဒ္ဓိများသည်၏အဖြစ်ကြောင့် သမာဓိန္ဒြေလွန်ကဲသည် ဖြစ်၏။ အဘယ့်ကြောင့်နည်း? ဒုက္ခမှ ဥပနိဿယကိုရ၍ဖြစ်သော သဒ္ဓါ၏လည်း အလွန်ထက်သည်၏အဖြစ်ကြောင့်ငှင်း ဝန်ကို ဆောင်ခြင်း၌ မြဲမြံသည်၏ အဖြစ်ကြောင့်ငှင်းတည်း၊ ထိုပုဂ္ဂိုလ်သည်လည်း ပဌမမဂ်ခဏ၌ သဒ္ဓါနုသာရီမည်သည်သာတည်း၊ အလယ်ခြောက်ဌာနတို့၌ သဒ္ဓါဝိမုတ္တမည်၏၊ အဆုံး၌ ပညာဝိမုတ္တမည်၏။ အကြင်ပုဂ္ဂိုလ်အားကား အနတ္တအခြင်းအရာဖြင့် ထသည်ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် ပညာဖြင့်များ၍ ပညိန္ဒြေထက်သည်၏အဖြစ်ကြောင့် ပဌမမဂ်ခဏ၌ ဓမ္မာနုသာရီမည်၏၊ အလယ်ခြောက်ဌာနတို့၌ ဒိဋ္ဌိပ္ပတ္တမည်၏၊ အဆုံး၌ ပညာဝိမုတ္တမည်၏၊ ဤပုဂ္ဂိုလ်တို့သည်ကား အဋ္ဌဝိမောက္ခကိုမရသော ပုဂ္ဂိုလ်တို့တည်း။ အဋ္ဌဝိမောက္ခကိုရသော ပုဂ္ဂိုလ်ဖြစ်မူကား ပဌမမဂ်ခဏ၌ သဒ္ဓါနုသာရီသော်လည်း ဖြစ်ရာ၏၊ ဓမ္မာနုသာရီသော်လည်း ဖြစ်ရာ၏၊ အလယ်ခြောက်ဌာနတို့၌ ကာယသက္ခိ မည်သတည်း။ အဆုံး၌ ဥဘယတော-ဘာဂဝိမုတ္တမည်ရာ၏၊ ဤသည်ကား ဤအရာ၌ နိပ္ပရိယာယအားဖြင့် သန္နိဋ္ဌာနတည်း။ (ပြည်)

ပြီ။) တံ ပနေတံ-သင်္ခါရုပေက္ခာဉာဏံ၊ သည်ကား။ ပုရိမေန၊ ရှေး၌ ဖြစ်သော။ ဉာဏဒ္ဒယေန၊ မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါနုပဿနာဉာဏ် နှစ်ပါးနှင့်။ အတ္ထတော၊ သရုပ်အနက်အားဖြင့်။ ဧကံ၊ တူ၏။ တေန၊ ထိုကြောင့်။ ပေါရာဏာ၊ တို့သည်။ အာဟု၊ ကုန်ပြီ။ ဣဒံ သင်္ခါရုပေက္ခာ-ဉာဏံ၊ သည်။ ဧကမေဝ၊ တခုတည်းဖြစ်လျက်လျှင်။ တီဏိ နာမာနိ၊ သုံးပါးသောအမည်တို့ကို။ လဘတိ၊ ရ၏[၁]။ [၂၉၉] ဟေဋ္ဌာ၊ ၌။ မုဉ္စိတု-ကမျတာဉာဏံ နာမ၊ ဉာဏ်မည်သည်။ ဇာတံ၊ ဖြစ်၏။ မဇ္ဈေ၊ ၌။ ပဋိသင်္ခါနုပဿနာဉာဏံ နာမ၊ မည်သည်။ ဇာတံ၊ ၏။ အန္တေ စ၊ အဆုံး၌ကား။ သိခါပ္ပတ္တံ၊ အထွတ်အမြတ်သို့ရောက်သည်ဖြစ်၍။ သင်္ခါရုပေက္ခာ-ဉာဏံ နာမ၊ မည်သည်။ ဇာတံ၊ ၏။ ဣတိ၊ သို့။ အာဟု၊ ကုန်ပြီ။ (ဣတိ-လိုသည်)

၇၇၉။ ပါဠိယမ္ပိ၊ ၌လည်း။ ကထံ မုဉ္စိတု။ ပ ။ ဉာဏန္တိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

[မုဉ္စိတုကမျတာပဋိသင်္ခါသန္တိဋ္ဌနာပညာ၊ ဆန္ဒရာဂကိုပယ်သဖြင့် လွှတ်လိုသည်၏အဖြစ်မှုလည်းဖြစ်သော အဖန်တလဲလဲ စုံစမ်းဆင်ခြင်တတ်သည်မှုလည်းဖြစ်သော လျစ်လျူအားဖြင့် အညီအညွတ်တည်သည်မှုလည်းဖြစ်သော ပညာသည်။ သင်္ခါရုပေက္ခာသု၊ သင်္ခါရကို လျစ်လျူရှုခြင်းတို့၌။ ဉာဏံ၊ ဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ဥပ္ပါဒံ၊ ဥပ္ပါဒကို။ မုဉ္စိတုကမျတာပဋိသင်္ခါသန္တိဋ္ဌနာပညာ၊ လွှတ်လိုသည်၏ အဖြစ်မှုလည်းဖြစ်သော အဖန်တလဲလဲစုံစမ်းဆင်ခြင်တတ်သည်မှုလည်းဖြစ်သော လျစ်လျူအားဖြင့် အညီအညွတ်တည်သည်မှုလည်းဖြစ်သော ပညာသည်။ သင်္ခါရုပေက္ခာသု၊ သင်္ခါရကိုလျစ်လျူရှုခြင်းတို့၌။ ဉာဏံ၊ ဉာဏ်မည်၏။ ပဝတ္တံ၊ ကို။ နိမိတ္တံ၊ ကို။ ပ ။ ဥပါယာသံ၊ ကို။ မုဉ္စိတုကမျတာပဋိသင်္ခါ-သန္တိဋ္ဌနာပညာ၊ သည်။ သင်္ခါရုပေက္ခာသု၊ တို့၌။ ဉာဏံ၊ မည်၏။ ဥပ္ပါဒေါ၊ ဥပ္ပါဒသည်။ ဒုက္ခံ၊ ဒုက္ခတည်း။ ဣတိ၊ သို့။ ပ ။ ဘယံ၊ ဘေးတည်း။ ဣတိ၊ သို့။ ပ။ သာမိသံ၊ သာမိသတည်း။ ဣတိ၊ သို့။ ပ။ ဥပ္ပါဒေါ၊ သည်။

---

၁-မုဉ္စိတုကမျတာဉာဏ် မုဉ္စနုပါယကရဏဉာဏ်တို့သည်လည်း သင်္ခါရတို့၌ ဥပေက္ခာနေသည်၏အဖြစ်ဖြင့်သာလျှင်ဖြစ်ခြင်းကြောင့် သင်္ခါရုပေက္ခာဟူသော အမည်ရှိကုန်သည်သာ ဖြစ်ကုန်၏ဟု နှလုံးပိုက်၍ ဣဒံ သင်္ခါရုပေက္ခာဉာဏံ ဧကမေဝ တီဏိ နာမာနိ လဘတိ-ဟူသတည်း။ ဤပါဌ်ဖြင့် သင်္ခါရုပေက္ခာဟူသော ဝေါဟာရသည် မုဉ္စိတုကမျတာစသော ဉာဏ်အပေါင်းလျှင် အရာရှိ၏ဟု ပြသည်။ (ပြည်)

သင်္ခါရာ၊ သင်္ခါရတို့တည်း။ ဣတိ၊ သို့။ ပ။ ဥပါယာသော၊ သသည်။ သင်္ခါရာ၊ တို့တည်း။ ဣတိ၊ သို့။ မုဉ္စိတုကမျတာပဋိသင်္ခါသန္တိဋ္ဌနာပညာ၊ သည်။ သင်္ခါရုပေက္ခာသု၊ တို့၌။ ဉာဏံ၊ မည်၏။]

၇၈၀။ တတ္ထ၊ ထိုပါဠိတော်၌။ မုဉ္စိတုကမျတာ စ၊ လွတ်လိုသည်၏ အဖြစ်လည်း ဟုတ်၏။ သာ၊ ထိုလွတ်လိုသည်၏အဖြစ်ဟူသည်။ ပဋိသင်္ခါ စ၊ အဖန်တလဲလဲစုံစမ်းဆင်ခြင်ခြင်းသည်လည်း ဟုတ်၏။ သန္တိဋ္ဌနာ စ၊ လျစ်လျူအားဖြင့် အညီအညွတ်တည်သည်လည်း ဟုတ်၏။ ဣတိ-တသ္မာ၊ ထိုသုံးပါးသောသတ္တိကြောင့်။ မုဉ္စိတုကမျတာပဋိသင်္ခါသန္တိဋ္ဌနာ၊ မည်၏။ ဣတိ၊ သို့။ ပုဗ္ဗဘာဂေ၊ မဂ်၏ရှေးအဖို့၌။ နိဗ္ဗိဒါဉာဏေန၊ နိဗ္ဗိဒါဉာဏ်ဖြင့်။ နိဗ္ဗိန္နဿ၊ ငြီးငွေ့သောပုဂ္ဂိုလ်၏။ ဥပ္ပါဒါဒီနိ၊ ဥပ္ပါဒပဝတ္တစသည်ကို ညွန်းသဖြင့် ဆိုအပ်သောသင်္ခါရတို့ကို။ ပရိစ္စဇိတုကာမတာ၊ ထိုသင်္ခါရတို့၌ တပ်သော ဆန္ဒရာဂကိုပယ်သဖြင့် စွန့်လိုသည်၏အဖြစ်သည်။ မုဉ္စိတုကမျ-တာ၊ လွတ်လိုသည်၏အဖြစ်မည်၏။ မုဉ္စနဿ၊ လွတ်ခြင်း၏။ ဥပါယ-ကရဏတ္ထံ၊ အကြောင်းကိုပြုခြင်းငှါ။ မဇ္ဈေ၊ ၌။ ပဋိသင်္ခါနံ၊ အဖန်တလဲလဲ စုံစမ်းဆင်ခြင်ခြင်းသည်။ ပဋိသင်္ခါ၊ မည်၏။ မုဉ္စိတွာ၊ အာလယကင်းသည် ၏ အဖြစ်သို့ရောက်ခြင်းဖြင့် ငဲ့ကွက်ခြင်းကို စွန့်သည်၏အစွမ်းဖြင့် လွတ်၍။ အဝသာနေ၊ ထိုသို့စွန့်လွတ်ခြင်းကို ပြုခြင်း၏အဆုံးနောက်ကာလ၌။ အဇ္ဈု-ပေက္ခနံ၊ လျစ်လျူရှုခြင်းသည်။ သန္တိဋ္ဌနာ၊ အညီအညွတ်တည်သည် မည်၏ [၁]။ ယံ သင်္ခါရုပေက္ခာဉာဏံ၊ ကို။ သန္ဓာယ၊ ၍။ ဥပ္ပါဒေါ။ပ။ သင်္ခါရုပေက္ခာတိအာဒိ၊ ကို။ ဝုတ္တံ၊ ပြီ။ [ဥပ္ပါဒေါ၊ ဒသည်။ သင်္ခါရာ၊ မည်ကုန်၏။ တေ သင်္ခါရေ၊ တို့ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သင်္ခါရုပေက္ခာ၊ မည်၏။] ဧဝံ၊ (အဇ္ဈုပေက္ခန အခြင်းအရာတူသောအားဖြင့် မုဉ္စိတုကမျတာလည်းမည်၏၊ သန္တိဋ္ဌနာ လည်း မည်၏ဟု ဆိုအပ်သော) ဤအခြင်းအရာအားဖြင့်။ ဣဒံ ဉာဏံ၊ ဤဉာဏ်သည်။ ဧကမေဝ၊ တပါးသာတည်း။

၇၈၁။ အပိစ၊ တနည်းလည်း။ ဣမာယ ပါဠိယာ၊ ဖြင့်။ ဣဒံ ဉာဏံ၊ ဤဉာဏ်ကို။ ဧကမေဝါတိ၊ တပါးဟူ၍သာလျှင်။ ဝေဒိတဗ္ဗံ၊ ၏။ ဟိ-သစ္စံ၊

---

၁-အကြင်ရွှေလောက် နိဗ္ဗာန်သို့ သက်ဝင်ပြေးသွားခြင်းသည် မပြည့်စုံသေး၊ ထိုရွှေ လောက် စုံစမ်းစိစစ်ခြင်း၌လည်း လျစ်လျူနေသည်၏အဖြစ်ဖြင့် ဉာဏ်အစဉ်အားဖြင့် ဖြစ်ခြင်းကိုရည်၍ အဇ္ဈုပေက္ခနံ သန္တိဋ္ဌနာ-ဟူသတည်း။ (ပြည်)

၏။ ယာ စ။ပ။ နာနန္တိ၊ ဟူသော။ တေ-ဝစနံ၊ ကို။ ဝုတ္တံ၊ ၏။ [ယာ စ မုဥ္စိတုကမျတာ၊ အကြင်မုဉ္စိတုကမျတာဉာဏ်သည်ရှင်း။ ယာ စ ပဋိသင်္ခါ-နုပဿနာ၊ အကြင်ပဋိသင်္ခါနုပဿနာဉာဏ်သည်ရှင်း။ ယာ စ သင်္ခါရုပေက္ခာ၊ အကြင်သင်္ခါရုပေက္ခာဉာဏ်သည်ရှင်း။ (အတ္ထိ၊ ၏။) ဣမေ ဓမ္မာ၊ ဤဉာဏ်ဟု ဆိုအပ်သော တရားတို့သည်၊ ဝါ၊ ဣမေ ဓမ္မာ၊ ဤသုံးပါးသော ဉာဏ်တို့သည်။ (ဤနောက်ဝိကပ်၌ ဓမ္မ-သဒ္ဒါ ဉာဏပရိယာယ်တည်း) ဧကတ္ထာ-ဧကသဘာဝ၊၊ တူသောသဘောရှိကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါ မျှသည်သာလျှင်။ နာနံ၊ ထူး၏။]

၇၈၂။ ပန၊ ထိုမှတပါး၊ ဧဝံ၊ သို့။ အဓိဂတသင်္ခါရုပေက္ခဿ၊ ရအပ်သော သင်္ခါရုပေက္ခာဉာဏ်ရှိသော။ ဣမဿ ကုလပုတ္တဿ၊ ဤအမျိုးသား ၏။ ဝိပဿနာ၊ ဝိပဿနာသည်။ သိခါပ္ပတ္တာ၊ အထွတ်အမြတ်သို့ရောက်သည် ဖြစ်၍။ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဟုဆိုအပ်သော မဂ်သို့ဆိုက်သောကြောင့် ဝုဋ္ဌာနဂါမိနီမည်သည်။ ဟောတိ၊ ၏။ သိခါပ္ပတ္တဝိပဿနာတိ ဝါ၊ သိခါပ္ပတ္တ-ဝိပဿနာဟူသည်ရှင်း။ ဝုဋ္ဌာနဂါမိနီတိ ဝါ၊ ဝုဋ္ဌာနဂါမိနီဟူသည်ရှင်း။ တေ နာမံ၊ ဤအမည်သည်။ သင်္ခါရုပေက္ခာဒိဉာဏတ္တယဿေဝ၊ သင်္ခါရုပေက္ခာ ဉာဏ် အနုလောမဉာဏ် ဂေါတြဘူဟုမှတ်အပ်သော ဉာဏ်သုံးပါးအပေါင်း ၏သာလျှင်။ နာမံ၊ သည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ သာ၊ ထို ဝိပဿနာသည်။ သိခံ ဥတ္တမဘာဝံ၊ အထွတ်အမြတ်၏အဖြစ်သို့။ ပတ္တတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။ သိခါပ္ပတ္တာ၊ သိခါပ္ပတ္တမည်သည်။ ဟောတိ၊ ၏။ ဝုဋ္ဌာနံ၊ အရိယမဂ်သို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ ဝုဋ္ဌာနဂါမိနီ၊ မည်သည်။ ဟောတိ၊ ၏။ ဗဟိဒ္ဓါ၊ အပ၌။ နိမိတ္တဘူတတော၊ ဝိပဿနာ၏အာရုံ နိမိတ်ဖြစ်၍ဖြစ်သော။ အဘိနိဝိဋ္ဌ-ဝတ္ထုတော စေဝ၊ ဝိပဿနာဖြင့် (အာရုံပြုခြင်းဟုဆိုအပ်သော သုံးသပ်ခြင်းဖြင့်) နှလုံးသွင်းသုံးသပ်အပ်သော ခန္ဓာငါးပါးဟူသော ဝတ္ထုမှရင်း [၁]။ အဇ္ဈတ္တပဝတ္တတော စ၊ မိမိသန္တာန်၌မပြတ်ဖြစ်သော ကိလေသာအယဉ် ဥပါဒိန္နခန္ဓာအယဉ်ဟူသော ပဝတ္တမှရင်း။ ဝုဋ္ဌာနတော၊ ထသည်၏ အဖြစ် ကြောင့်။ မဂ္ဂေါ၊ မဂ်ကို။ ဝုဋ္ဌာနံ၊ ဝုဋ္ဌာနဟူ၍။ ဝုစ္စတိ၊ ၏။ တံ၊ ထိုဝုဋ္ဌာန

၁-ထိုဝိပဿနာ၏အာရုံဖြစ်သော ခန္ဓာပဉ္စကကို မိမိသန္တာန်၌ အကျုံးဝင်သော်ရှင်း မဝင် သော်ရှင်း သူစိမ်းပြင်ပအားဖြင့် ရှုအပ်သည်၏အဖြစ်ကြောင့် ဗဟိဒ္ဓဟုဆိုအပ်သည်ဟူလို။ (မြည်)

မည်သောမဂ်သို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဝုဋ္ဌာန-ဂါမိနီ၊ မည်၏။ မဂ္ဂေန၊ မဂ်နှင့်။ သဒ္ဓိံ၊ ကွ။ ဃဋိယတိ၊ စပ်အပ်၏၊ ဝါ၊ စပ်မိ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း[၁]။

၇၈၃။ တတြ၊ ထိုအဘိနိဝိဋ္ဌဝတ္ထုတော ဝုဋ္ဌာနတော -ဟူသောသခင်ပစကား၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ အဘိနိဝေသဝုဋ္ဌာနနံ၊ အဘိနိဝေသနှင့် ဝုဋ္ဌာနတို့ကို။ အာဝိဘာဝတ္ထာယ၊ ထင်စွာပြခြင်း အကျိုးငှါ။ မာတိကာ၊ (အဇ္ဈတ္တဗဟိဒ္ဓ ရူပါရူပ ပဉ္စက္ခန္ဓ လက္ခဏာတ္တယ၏ အစွမ်းဖြင့် ဆိုအပ်သော) ဥဒ္ဒေသတည်း။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ အကျုံးဝင်သော တရားတို့၌။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍၊ ဝါ၊ ဝိပဿနာကိုဖြစ်စေ၍။ အဇ္ဈတ္တာ၊ မိမိသန္တာန်၌ အတွင်းဝင်သော တရားမှ။ ဝုဋ္ဌာတိ၊ ထ၏[၂]။ အဇ္ဈတ္တံ၊ ၌။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍၊ ဝါ၊ ဝိပဿနာကို ဖြစ်စေ၍။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓသန္တာန်၌ အတွင်းဝင်သော တရားမှ။ [၃၀၀] ဝုဋ္ဌာတိ၊ ၏။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓသန္တာန်၌ အတွင်းဝင်သော တရားတို့၌။ အဘိနိဝိသိတွာ၊ ၍။ ဗဟိဒ္ဓါ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ ဗဟိဒ္ဓါ၊ တို့၌။ အဘိနိဝိသိတွာ၊ ၍။ အဇ္ဈတ္တာ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ ရူပေ၊ ၌။ အဘိနိဝိသိတွာ၊ ၍။ ရူပါ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ အရူပေ၊ ၌။ အဘိနိဝိသိတွာ၊ ၍။ အရူပါ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ အရူပေ၊ ၌။ အဘိနိဝိသိတွာ၊ ၍။ ရူပါ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ ဧကပ္ပဟာရေန၊ တပြိုင်နက် အားဖြင့်၊ ဝါ၊ တပေါင်းတည်း။ ပဉ္စဟိ ခန္ဓေဟိ၊ တို့မှ။ ဝုဋ္ဌာတိ၊ ၏။ အနိစ္စတော၊ ဖြင့်။ အဘိနိဝိသိတွာ၊ ဝိပဿနာကို ဖြစ်စေ၍။ အနိစ္စတော၊ ဖြင့်။ ဝုဋ္ဌာတိ၊ ၏။ အနိစ္စတော၊ ဖြင့်။ အဘိနိဝိသိတွာ၊ ၍။ ဒုက္ခတော၊ ဖြင့်။ အနတ္တတော၊ ဖြင့်။ ဝုဋ္ဌာတိ၊ ၏။ ဒုက္ခတော၊ ဖြင့်။ အဘိနိဝိသိတွာ၊ ၍။ ဒုက္ခတော၊ ဖြင့်။ အနိစ္စ-

---

၁-အဘယ်သို့ ဝိပဿနာ၏ အာရုံဖြစ်သော ခန္ဓာပဉ္စကနိမိတ်မှထသနည်း၊ အဘယ်သို့ကား အဇ္ဈတ္တပဝတ္တမှ ထသနည်း?ဟူမူ-ဝုဋ္ဌဟနဥ္စ နေသံ အာရမ္မဏာကရဏံ အာယတိံ အနုပ္ပတ္တိဓမ္မတာပါဒနဥ္စ။ ဋီကာ။ ခန္ဓာပဉ္စကနိမိတ်တို့ကို အာရုံမပြုခြင်းသည် ထိုနိမိတ်မှ ထသည်မည်၏၊ နောင်အခါ၌ တဖန် မဖြစ်ခြင်းသဘောရှိသည်၏ အဖြစ်သို့ ရောက်စေခြင်းသည် အဇ္ဈတ္တပဝတ္တမှ ထသည်မည်၏ ဟူလို။ (ပြည်)

၂-နပဉ္စမျာယမံဘာဇေဝါ၊ ကွစိတိအဓိကာရဘော-ဟူရကား ပဉ္စမီဝိဘတ်ဖြစ်၍ အံမပြုရသတည်း။ အကယ်၍ အဇ္ဈတ္တံ-ရှိအံ့၊ ကစ္စည်းစာတော်ကို လွန်သတည်း။ အဇ္ဈတ္တာ ဝုဋ္ဌာတိ ဟူသော ဤစကားကို ဝုဋ္ဌာနဂါမိနိဝိပဿနာ၏ အဇ္ဈတ္တာရမ္မဏ၏ အဖြစ်ကြောင့် ပရိယာယ် အားဖြင့် ဆိုသတည်း။ နိပ္ပရိယာယ်အားဖြင့်ကား မဂ်သည် အလုံးစုံမှ ထသလျှင်ကတည်း။ (ပြည်)

တော၊ ဖြင့်။ အနတ္တတော၊ ဖြင့်။ ဝုဋ္ဌာတိ၊ ၏။ အနတ္တတော၊ ဖြင့်။ အဘိနိဝိသိတွာ၊ ၍။ အနတ္တတော၊ ဖြင့်။ အနိစ္စတော၊ ဖြင့်။ ဒုက္ခတော၊ ဖြင့်။ ဝုဋ္ဌာတိ၊ ၏။

၇၈၄။ ကထံ ဝုဋ္ဌာတိ၊ အဘယ်သို့ထသနည်း။ ဣဓ၊ ဤသာသနာတော်၌။ ကေစ္စော၊ အချို့သော ယောဂါဝစရသည်။ အာဒိတော၀၊ အစ၌လျှင်။ အဇ္ဈတ္တသင်္ခါရေသု၊ အဇ္ဈတ္တသင်္ခါရတို့၌။ အဘိနိဝိသတိ၊ ဝိပဿနာကိုဖြစ်စေ၏။ အဘိနိဝိသိတွာ၊ ၍။ တေ သင်္ခါရေ၊ ထိုအဇ္ဈတ္တ-သင်္ခါရတို့ကို။ ပဿတိ၊ ၏။ ပန၊ ဆက်။ ယသ္မာ၊ အကြင့်ကြောင့်။ သုဒ္ဓ-အဇ္ဈတ္တဒဿနမတ္တေနေ၀၊ သက်သက်သော အဇ္ဈတ္တသင်္ခါရကို ရှုကာမျှဖြင့် သာလျှင်။ မဂ္ဂဝုဋ္ဌာနံ၊ မဂ်ဟူသော ဝုဋ္ဌာနသည်၊ ဝါ၊ မဂ်ဖြင့် ထခြင်းသည်။ န ဟောတိ၊ မဖြစ်။ ဗဟိဒ္ဓါပိ၊ ဗဟိဒ္ဓသန္တာန်၌လည်း။ ဒဋ္ဌဗ္ဗမေ၀၊ ရှုအပ်သည်သာလျှင်တည်း။ တသ္မာ၊ ထိုသို့ရှုအပ်သည်၏ အဖြစ်ကြောင့်။ ပရဿ၊ သူတပါး၏။ ခန္ဓေပိ၊ ခန္ဓာတို့ကိုရင်း။ အနုပါဒိန္နသင်္ခါရေပိ၊ တို့ကိုရင်း။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ ဟူ၍။ ပဿတိ၊ ၏။ သော၊ ထိုယောဂါဝစရသည်။ ကာလေန၊ ရံခါ၊ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ အတွင်းဝင်သော သင်္ခါရအပေါင်းကို။ သမ္မသတိ၊ သုံးသပ်၏။ ကာလေန၊ ရံခါ။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓ-ဖြစ်သောသင်္ခါရတို့ကို။ သမ္မသတိ၊ သုံးသပ်၏။ (ဣတိ၊ ဤသို့မှတ်အပ်၏။) ဧဝံ၊ ဤသို့သောနည်းဖြင့်။ သမ္မသတော၊ သုံးသပ်သော။ တဿ၊ ထိုယောဂါဝစရအား။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ အတွင်းဝင်သောသင်္ခါရကို။ သမ္မသနကာလေ၊ သုံးသပ်သော ကာလ၌။ ဝိပဿနာ၊ သည်။ မဂ္ဂေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဃဋီယတိ၊ စပ်၏။ အယံ၊ ဤယောဂါဝစရသည်။ အဇ္ဈတ္တံ၊ ၌။ အဘိနိဝိသိတွာ၊ ၍။ အဇ္ဈတ္တာ၊ မှ။ ဝုဋ္ဌာတိ နာမ၊ ထသည်မည်၏။

ပန၊ ထိုသို့မဟုတ်၊ ဝါ၊ အဖို့တပါး။ အဿ၊ ထိုယောဂါဝစရ၏။ ဗဟိဒ္ဓါ၊ ၌။ သမ္မသနကာလေ၊ သုံးသပ်သောအခါ၌။ ဝိပဿနာ၊ သည်။ မဂ္ဂေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ သစေ ဃဋီယတိ၊ အကယ်၍ စပ်သည်ဖြစ်အံ့။ အယံ၊ ဤယောဂါဝစရသည်။ အဇ္ဈတ္တံ၊ ၌။ အဘိနိဝိသိတွာ၊ ၍။ ဗဟိဒ္ဓါ၊ မှ။ ဝုဋ္ဌာတိ နာမ၊ မည်၏။ ဗဟိဒ္ဓါ၊ ၌။ အဘိနိဝိသိတွာ၊ ၍။ ဗဟိဒ္ဓါ စ၊ မှရင်း။ အဇ္ဈတ္တာ စ၊ မှရင်း။ ဝုဋ္ဌာနေပိ၊ ထခြင်း၌လည်း။ ဧသ နယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

၇၈၅။ အပရော၊ တဦးသော ယောဂီသည်။ အာဒိတော၀၊ လက်ဦး အစ၌လျှင်။ ရူပေ၊ ရုပ်၌။ အဘိနိဝိသိသတိ၊ နှလုံးသွင်း၏၊ ဝါ၊ ဝိပဿနာကို ဖြစ်စေ၏။ အဘိနိဝိသိတွာ၊ ၍။ ဘူတရူပဉ္စ၊ ဘူတရုပ်ကိုရင်း။ ဥပါဒါရူပဉ္စ၊ ဥပါဒါရုပ်ကိုရင်း။ ရာသိံကတွာ၊ တပေါင်း တစုတည်းပြု၍။ ပဿတိ၊ ၏။ ပန၊ ထိုသို့သော်လည်း၊ ဝါ၊ ဆက်။ ယသ္မာ၊ ကြောင့်။ သုဒ္ဓရူပဒဿန- မတ္တေန၊ သက်သက် ရုပ်ကို ရှုခြင်းမျှဖြင့်သာလျှင်။ ဝုဋ္ဌာနံ၊ ထခြင်းသည်။ န ဟောတိ၊ မဖြစ်သေး။ အရူပံပိ၊ နာမ်ကိုလည်း။ ဒဋ္ဌဗ္ဗမေဝ၊ ရှုအပ်သည် သာတည်း။ တသ္မာ၊ ကြောင့်။ တံ ရူပံ၊ ထိုရုပ်ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဥပ္ပန္နံ၊ သော။ ဝေဒနံ၊ ဝေဒနာကိုရင်း။ သညံ၊ ကိုရင်း။ သင်္ခါရေ၊ တို့ကိုရင်း။ ဝိညာဏဉ္စ၊ ကိုရင်း။ ဣဒံ၊ ဤဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တရားလေးပါးသည်။ အရူပံ၊ နာမ်တရားတည်း။ ဣတိ၊ သို့။ အရူပံ၊ ကို။ ပဿတိ၊ ရှု၏။ သော၊ ထိုယောဂါဝစရသည်။ ကာလေန၊ ရံခါ။ ရူပံ၊ ရုပ်ကို။ သမ္မသတိ၊ သုံးသပ်၏။ ကာလေန၊ ခါ။ အရူပံ၊ ကို။ သမ္မသတိ၊ ၏။ ဧဝံ၊ သို့။ သမ္မသတော၊ သော။ တဿ၊ ထိုယောဂီအား။ ရူပသမ္မသနကာလေ၊ ၌။ ဝိပဿနာ၊ သည်။ မဂ္ဂေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဃဋိယတိ၊ ၏။ အယံ၊ သည်။ ရူပေ၊ ၌။ အဘိနိဝိသိတွာ၊ ၍။ ရူပါ၊ မှ။ ဝုဋ္ဌာတိ နာမ၊ မည်၏။

ပန၊ ထိုသို့မဟုတ်။ ဝါ၊ တပါး။ အဿ၊ ထိုယောဂီ၏။ အရူပသမ္မ- သနကာလေ၊ ၌။ ဝိပဿနာ၊ သည်။ မဂ္ဂေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ သစေ ဃဋိယတိ၊ အံ့။ ရူပေ၊ ၌။ အဘိနိဝိသိတွာ၊ ၍။ အရူပါ၊ မှ။ ဝုဋ္ဌာတိ နာမ၊ ၏။ အရူပေ၊ ၌။ အဘိနိဝိသိတွာ၊ ၍။ အရူပါ စ၊ မှရင်း။ ရူပါ စ၊ မှရင်း။ ဝုဋ္ဌာနေပိ၊ ၌လည်း။ ဧသ နယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏[၁]။

---

၁-ရုပ်၌ ဝိပဿနာကို နှလုံးသွင်းခြင်းသည် ယေဘုယျအားဖြင့် ဝိပဿနာယာနိက ပုဂ္ဂိုလ်အား ဖြစ်သကဲ့သို့ ဤအတူ နာမ်၌ ဝိပဿနာကို နှလုံးသွင်းခြင်းသည် ယေဘုယျ အားဖြင့် သမထယာနိကပုဂ္ဂိုလ်အားဖြစ်၏၊ နှလုံးသွင်း၏ဟူသည်ကိုလည်း ဝိပဿနာ၏ ရှေးအဖို့၌ ပြုအပ်သောနာမ်ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်စသောအားဖြင့် ပိုင်းခြား ခြင်း‘ဟူ၍ သိအပ်၏။ ထို့ကြောင့် လက်ဦးစွာ ရုပ်ကို လက္ခဏရသပစ္စုပဋ္ဌာန်ပဒဋ္ဌာန် အဝိဇ္ဇာ စသော အကြောင်းအားဖြင့် သိမ်းဆည်းခြင်းသည် ရုပ်၌နှလုံးသွင်းခြင်း မည်၏၊ နာမ်၌ နှလုံးသွင်းခြင်းစသည်တို့၌လည်း ဤနည်းကိုသိအပ်၏။ (ပြည်)

[၇၈၆] ပန၊ တပါး။ ယံကိဉ္စိ၊ အမှတ်မရှိ အလုံးစုံသော တေဘူမက နာမ် ရုပ်တရားအပေါင်းသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ တံ သဗ္ဗံ၊ ထိုဖြစ်ခြင်းသဘောရှိသော တေဘူမကနာမ်ရုပ်တရား အလုံးစုံသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘော ပျက်ခြင်းသဘောရှိသည်ချည်းနှင်နှင်တည်း။ ဣတိ ဧဝံ၊ သို့။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍။ ဧဝမေဝ၊ ဤသို့သော နည်းဖြင့်သာလျှင်။ ဝုဋ္ဌာနကာလေ၊ ထသောကာလ၌။ ဧကပ္ပဟာရေန၊ တပြိုင်နက် တချက်တည်းအားဖြင့်၊ ဝါ၊ တပေါင်းတစုတည်းဖြစ်၍။ ပဉ္စဟိ ခန္ဓေဟိ၊ တို့မှ။ ဝုဋ္ဌာတိ နာမ၊ ၏[၁]။

---

၁-ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မံ ဟူသောပါဠိဖြင့် ဥဒယဗ္ဗယ ပရိဂ္ဂဏှန အဖြစ် အပျက်ကို သိမ်းဆည်းသော ဉာဏ်ဟူသော ဝိပဿနာဘိနိဝေသကို အဋ္ဌကထာဆရာပြအပ် သောကြောင့် နာမ်ရုပ်တရားကို မသိမ်းဆည်း ထိုနာမ်ရုပ်တရား၏ အကြောင်းကိုလည်း မသိမ်းဆည်း ကင်္ခါဝိတရဏဝိသုဒ္ဓိကိုမဖြစ်စေပဲ ဘင်္ဂဉာဏ် ဘယတုပဋ္ဌာနဉာဏ် စသော ကိုးပါးသော ဉာဏ်ကို အစဉ်အတိုင်း မဖြစ်စေပဲ ဥဒယဗ္ဗယဉာဏ်တခု ပုပုတုတ်တုတ်ဖြင့် သာလျှင် နိဗ္ဗာန်ကိုရ၍ ဝုဋ္ဌာနဖြစ်လေယောင်တကားဟု ယုံမှားသံသယရှိရာသောကြောင့် ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မန္တိ ကာမံ ဥဒယဗ္ဗယပရိဂ္ဂဏှနံ အဘိနိဝေသောတိ ဒဿိတံ။ ယထာဥပဋ္ဌိတေ ပန ရူပါရူပဓမ္မေ တေသဥ္စ ပစ္စယေ ပရိဂ္ဂဟေတွာ သင်္ခေပေနေဝ ဝိပဿနာဉာဏံ စာရေန္တော ဉာဏုတ္တရော ယထာနိသိန္နောဝ ဉာဏပဋိပါဋိယာ ခိပ္ပမေဝ သစ္စာနိ ပဋိဝိဇ္ဈန္တော ဧကပ္ပဟာရေန ပဉ္စဟိ ခန္ဓေဟိ ဝုဋ္ဌာတိ နာမ ဟု ဋီကာ၌မိန့်သည်။

ယံကိဉ္စိ ။ပ။ ဓမ္မန္တိ ဣမိနာ၊ ဖြင့်။ ဥဒယဗ္ဗယပရိဂ္ဂဏှနံ၊ အဖြစ်အပျက်ကို သိမ်းဆည်း သော ဥဒယဗ္ဗယဉာဏ်ကို။ အဘိနိဝေသောတိ၊ ဝိပဿနာ နှလုံးသွင်းခြင်းဟူ၍။ ကာမံ ဒဿိတံ၊ အကယ်၍ပြအပ်ပေ၏။ ပန၊ ထိုသို့ပြ‌အပ်သည်ဖြစ်သော်လည်း။ ယထာဥပဋ္ဌိတေ၊ အကြင် အကြင်ဉာဏ်အား ထင်ကုန်သော။ ရူပါရူပဓမ္မေ၊ ရုပ်နာမ်တရားတို့ကို။ သင်္ခေပေ- နေဝ၊ ရုပ္ပနလက္ခဏေန ရုပ်, နမနလက္ခဏေန နာမ်-ဟုအကျဉ်းအားဖြင့်သာလျှင်။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းပြီး၍။ တေသံ၊ ထိုရုပ်တရားနာမ်တရားတို့၏။ ပစ္စယေ စ၊ အဝိဇ္ဇာသင်္ခါရ တဏှာ ကံ ဥပါဒါန်စသော အကြောင်းတို့ကိုလည်း။ သင်္ခေပေနေဝ၊ အကျဉ်းအားဖြင့် သာလျှင်။ ပရိဂ္ဂဟေတွာ၊ ၍။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်ကို။ စာရေန္တော၊ လျင်စွာ စိုင်းနှင်သော။ ဉာဏုတ္တရော၊ လွန်ကဲသော ဉာဏ်ရှိသည်ဖြစ်၍။ ယထာနိသိန္နောဝ၊ ထိုင်နေမြဲတိုင်းသော ဣရိယာပုထ်ရှိသည်ဖြစ်၍သာလျှင်။ ဉာဏပဋိပါဋိယာ၊ ဥဒယဗ္ဗယ- ဉာဏ် ဘင်္ဂဉာဏ် ဘယတုပဋ္ဌာနဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါနုပဿနာဉာဏ် သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ် အစဉ်အားဖြင့်။ ခိပ္ပမေဝ၊ လျင်မြန်စွာလျှင်။ သစ္စာနိ၊ သစ္စာတို့ကို။ ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍သိသောပုဂ္ဂိုလ်သည်။ ဧကပ္ပဟာရေန၊ တပြိုင်နက်အားဖြင့်၊ ဝါ၊ အဇ္ဈတ္တဗဟိဒ္ဓစသော ဝေဖန်ခြင်းကိုမပြု တစု တည်းသာလျှင်။ ပဉ္စဟိ ခန္ဓေဟိ၊ တို့မှ။ ဝုဋ္ဌာတိ နာမ၊ ထသည်မည်၏။

အဓိပ္ပါယ်ကား ဥဒယဗ္ဗယဉာဏ်ဟူသော တခုတည်းသော အဘိနိဝေသကို ပြအပ် သော်လည်း မိမိပါရမီရှေ့လေ့လာဘူးသော ဝါသီဘော်ပြ၍ လက်ထက်ဉသျှစ်သို့ ထစ်ယစ်

[၃၀၁] ၇၇၇။ ကောၥ၊ တဉီးသောပုဂ္ဂိုလ်သည်။ အာဒိတောဝ၊ ဦးလျှင်။ အနိစ္စတော၊ အားဖြင့်။ သင်္ခါရေ၊ တို့ကို။ သမ္မသတိ၊ ၏။ ပန၊ ထိုသို့ သုံးသပ်သော်လည်း။ ယသ္မာ၊ ကြောင့်။ အနိစ္စတော၊ ဖြင့်။ သမ္မသနမတ္တေနေဝ၊ သုံးသပ်ကာမျှဖြင့်သာလျှင်။ ဝုဋ္ဌာနံ၊ မဂ်ဟူသော ထခြင်းသည်။ န ဟောတိ၊ မဖြစ်။ ဒုက္ခတောပိ၊ ဖြင့်ရင်း။ အနတ္တတောပိ၊

ထင်ထင် ရှေး႔ရှုထင်လာသော ဘူတရုပ် ဥပါဒါရုပ်အားဖြင့် နှစ်ပါးအပြားရှိသောရုပ်ကို အတွင်းဝင်သော အပြားအားဖြင့် တပါးမက များသောအပြားရှိသည် ဖြစ်သော်လည်း ရုပ္ပနဋ္ဌေန၊ ဖောက်ပြန်တတ်သောအနက်သဘောကြောင့်။ ရူပံ၊ ရုပ်မည်၏- ဟု အကျဉ်း အားဖြင့်သာ လက္ခဏာကို သိမ်းဆည်း၍ ဝေဒနာသညာသင်္ခါရဝိညာဉ်နာမ်တရား လေးပါးကို တပါးမက များသောအပြားရှိသော်လည်း နမဋ္ဌေန၊ အာရုံသို့ညွတ်တတ်သော အနက် ကြောင့်။ နာမံ၊ နာမ်မည်၏-ဟု အကျဉ်းအားဖြင့်သိမ်းဆည်း၍ ထိုနာမ်ရုပ်တရားတို့၏ အကြောင်းကိုလည်း အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝေါ၊ အဝိဇ္ဇာသင်္ခါရတဏှာ ဥပါဒါန် ဘဝသည်။ ဟေတု၊ အကြောင်းမည်၏-ဟူ၍ အကျဉ်းအားဖြင့်သာ သိမ်းဆည်း၍ ဝိပဿနာ ဉာဏ်ကို တိတိမြေပြင် သိန္ဓောနှင်သို့ လျင်မြန်စွာပြေးသွားစေ၍ သူများထက် လွန်ကဲသော ဉာဏ်ရှိရကား ဣရိယာပုထ် မပြောင်းမရွှေ့ တဆွေမလှမ်း ဘုရားရှေ့မှောက်တော်စသည်၌ ဒေသနာကို အစဉ်လျှောက်သဖြင့် ဝိပဿနာဉာဏ်ကို ဆေးလွှတ်လျက် ထိုင်နေမြဲသော ဣရိယာပုထ်ဖြင့်သာလျှင် ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်စသော ဉာဏ်ကိုးပါးအစဉ်ဖြင့် လျင်မြန်စွာ သစ္စာလေးပါးကိုထိုးထွင်း၍ သိသောပုဂ္ဂိုလ်သည် တပြိုင်နက်အားဖြင့် အဇ္ဈတ္တဗဟိဒ္ဓစသော ဝေဖန်ခြင်းကိုမပြု တစုတည်းဖြင့်သာလျှင် ငါးပါးသောခန္ဓာတို့မှ ထသည်မည်၏ဟူလို။

ဤသို့ဆိုအပ်သည်မှတပါးသော အများအားဖြင့် အနက်ကို ယူချေသည်ရှိသော် အဘယ် အပြစ် ရောက်ရာသနည်း?ဟု ဆစ်ဖွယ်ရှိပြန်သောကြောင့် အညထာ ဧကေနေဝ လောကိယ-စိတ္တေန ပဉ္စန္နံ ခန္ဓာနံ ပရိဂ္ဂဟပရိဇာနနာဒီနံ အသမ္ဘဝတော-မိန့်သော်။ ကသ္မာ၊ ကား။ အညထာ၊ ဆိုအပ်ပြီးသည်မှတပါးသော အပြားအားဖြင့်။ အတ္ထေ၊ အနက်ကို။ ဂယှမာနေ၊ ယူအပ်သည်ရှိသော်။ ဧကေနေဝ၊ တပါးသာလျှင်ဖြစ်သော။ လောကိယစိတ္တေန၊ လောကီ စိတ်ဖြင့်။ ပဉ္စန္နံ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့ကို။ ပရိဂ္ဂဟပရိဇာနနာဒီနံ၊ လက္ခဏာစသော အားဖြင့်ရင်း, အကြောင်းအားဖြင့်ရင်း, သိမ်းဆည်းခြင်း ပိုင်းခြား၍ သိခြင်းစသည်တို့၏။ အသမ္ဘဝတော၊ မဖြစ်သင့်သောကြောင့်တည်း။

မဖြစ်သင့်သည်ကို ထင်ရှားပြလို၍ န ဟိ-စသည်ကိုမိန့်သော်။ တနည်း မဖြစ်သင့်သည်ကို ယုတ္တိအားဖြင့် မြဲစေလို၍ န ဟိ သနိဒဿနသပ္ပဋိဃာဒိ ကေဇ္ဈံ အာရမ္မဏံ ကာတုံ သက္ကာ-ကို မိန့်သော်။ ဟိ၊ ထင်ရှားပြအံ့။ ဝါ၊ ဟိ၊ သင့်စွ။ သနိဒဿနသပ္ပဋိဃာဒိ၊ သနိဒဿန-သပ္ပဋိဃ အနိဒဿနသပ္ပဋိဃ အနိဒဿနအပ္ပဋိဃတရားကို။ ကေဇ္ဈံ၊ တပေါင်းတည်း။ အာရမ္မဏံ ကာတုံ၊ အာရုံပြုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။

အသင့်အလျော်ကို အဘယ်သို့မှတ်ရအံ့နည်း?ဟု စုဒ်ရှိရကား ယဿ ပန ကေဝါရ ဉာဏေန ဖဿိတံ၊ ပုန တံ ဖဿိတမေဝ၊ (ပုန န တံ ဖဿိတဗ္ဗမေဝ-သီမူ) တာဒိသဿ ဝသေန ဝုတ္တန္တိ ဝဒန္တိ-မိန့်သော်။ (ဋီကာ စကားချည်း) ပန၊ အသင့်အလျော်ကိုဆိုအံ့။

ဖြင့်ရင်း။ သမ္မသိတဗ္ဗမေဝ၊ သုံးသပ်အပ်သည်သာတည်း။ တသ္မာ၊ ကြောင့်။ ဒုက္ခတောပိ၊ ဖြင့်ရင်း။ အနတ္တတောပိ၊ ဖြင့်ရင်း။ သမ္မသတိ၊ ၏။ ဝေံ၊ ဤနည်းဖြင့်။ ပဋိပန္နဿ၊ ကျင့်သော။ တဿ၊ ထိုယောဂီအား။

---

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ကေဝါရံ၊ တကြိမ်။ ဉာဏေန၊ ဉာဏ်ဖြင့်။ ယံ၊ အကြင်နာမ်ရုပ်တရားကို။ ဖဿိတံ၊ တွေ့ထိအပ်၏။ ပုန၊ ဖန်။ တံ၊ ထိုတကြိမ်တွေ့ထိအပ်သော နာမ်ရုပ်တရားသည်။ ဖဿိတမေဝ၊ တွေ့ထိပြီးသည်သာတည်း။ (သိမ္မကွဲအလိုအားဖြင့်-တံ၊ ထိုတကြိမ်တွေ့ပြီးသောနာမ်ရုပ်ကို။ ပုန၊ တဖန်။ န ဖဿိတဗ္ဗမေဝ၊ မတွေ့အပ်တော့သည်သာတည်း၊ ဝါ၊ တွေ့ရန်မလိုတော့သည်သာတည်း-ဟု အနက်ပေး။ (ဆ-သံ-သော) တာဒိသဿ၊ ထိုသို့လျင်မြန်အားသန်သော ဉာဏ်ရှိသောပုဂ္ဂိုလ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ပေါရာဏာ၊ ကျမ်းဂန်သိမြင် ရှေးဆရာသခင်တို့သည်။ ဝဒန္တိ၊ ဆုံးဖြတ်တော်မူကုန်၏။ အဓိပ္ပါယ်ကား အကြင်ပုဂ္ဂိုလ်အား အကြင်နာမ်ရုပ်တရားကို တကြိမ်ဉာဏ်ဖြင့် တွေ့ထိအပ်၏၊ ဉာဏ်သန်သည်ဖြစ်၍ မိုးကြိုးကျသို့ တွေ့ချက်နာရကား ထိုနာမ်ရုပ်တရားကို တဖန်တွေ့ဖွယ်မရှိ တွေ့ပြီးမည်သည်သာတည်း။ ဉာဏ်လေး ဉာဏ်ထိုင်းသောပုဂ္ဂိုလ်သည်လည်း နမော တဿ-ကို ရွတ်လတ်သော် နမော တဿ နမော တဿ-ဟု မတတ်နိုင်ပဲ အဖန်တလဲလဲ ရွတ်၏၊ သို့မဟုတ် ဝဇီရစိန်လက်နက်သည် ပစ်ချက်နာ၍ တဖန် ထပ်ဖွယ်မရှိ သိသိညက်ညက်ကျေသကဲ့သို့ မျက်စိတမှိတ်၌ ကုဋေသိန်းသန်းမျှမကဖြစ်သော ဉာဏသမ္ပယုတ်စိတ်အစုသည် အမှုထမ်းရလျက် အချည်းစည်းမရှိသည်ဖြစ်၍ ကိစ္စပြေကုန်လွယ်သည်။ ဉာဏ်ထိုင်းဉာဏ်လေး နုံ့နှေးသောပုဂ္ဂိုလ်အား ဘဝင်အကျများ၍ရင်း အကြားအကြား၌ အခြားသောအာရုံ၌ ပြေး၍ရင်း ကိစ္စမပြီးနိုင် နှေးဖျည်းသကဲ့သို့မဟုတ်၊ ထိုဆိုအပ်ပြီးသော သဘောရှိသော ထက်မျက်လျင်မြန်အားသန်သော ဉာဏ်ရှိပုဂ္ဂိုလ်၏ ဝိပဿနာပညာအစွမ်းဖြင့် ဆိုအပ်သည်ဟူလို။ ဝဒန္တိ-ဟူသော ဤပါဠ်ဖြင့် ဤအဆုံးအဖြတ်သည် လက်ဖြစ် အတ္တနောမတိ မဟုတ်ပေဘူး၊ ကျမ်းဂန်သိမြင် ရှေးဆရာအရှင်တို့မှ ပရံပရလဒ္ဓေါပဒေသ ရသောစကားဖြစ်ပေသည်ဟူသော အနက်ကိုပြသည်။ ဤဋီကာကျမ်းပြုဆရာသည် လဒ္ဓေါပဒေသကိုသာ ထုတ်ဖော်ပြရသဖြင့် အဖု အဆစ် အနှစ် သက်သက် ကျမ်းအမျက်သည် အလွယ်တွင် သိနိုင်ခက်သည်မဟုတ်၊ လျှိုနှက်သုံးချောင်း ကွဲကြောင်းဝှက်ဖုံး ဝါးလုံးခြောက်ဆယ်ဖြတ်သော ဓားကဲ့သို့ အားသန်စွာလှ ရှုနစ်ူးဝင် လျင်မြန်သော ဉာဏ်ရှိသောပုဂ္ဂိုလ်၏ အရာသာဖြစ်သည်ဟူသော အနက်ကို သာမညအားဖြင့် ပြသတည်း။ ဇာတိရှစ်မည်၊ ပုလဲရည်တွင်၊ စံတည်လွန်ကဲ၊ တိမ်တိုက်ထဲက၊ ပုလဲမူးပြည့်၊ အာနီမှည့်နှင့်၊ နှိုင်းရှည့်စာနာ၊ မြင်ခဲစွာသား၊ မဟာဒုဒ္ဒသတ်၊ ဓိပ္ပါယတ်သ၊ ဆတ်ဆတ်မှန်စွာ၊ သိစိမ့်ငှါဟု၊ ဥဋ္ဌာရဏ္ဍာသဃ၊ နိသမ္မကာရီ၊ ပီပီကျင့်သုံး၊ နှလုံးဆေးငြိမ်၊ ကျမ်းဆီစိမ်၍၊ မွှေသိမ်ပျော့အိ၊ မနောရှိသည်၊ မေဓိယဒ္ဓ၊ ထေရ်ကိုးလျှော်၊ ညာဏသတိ၊ လက်စွဲရှိလျက်၊ ပါဠိအဋ္ဌကထာ၊ ဋီကာအနု၊ ရှုမြော်သေသပ်၊ ပြုတ်တုဟပ်သို့၊ ကြပ်ကြပ်စိစိ၊ ထိထိခိုက်ခိုက်၊ သိုက်မြိုက်သေချာ၊ ဖွေရှာပွတ်နှည်၊ ကျမ်းဆီရည်ကို၊ ရွှေပြည်အမြိုက်၊ စိုက်စိုက်တင်နာ၊ လိုက်စရာဟု၊ သဒ္ဓါဖွားဖွား၊ လွန်တိုးပွါးလျက်၊ ငါးခန်းတိုက်၌၊ သိုက်မြိုက်သိမှီး၊ ပညာကြီး၍၊ ဟန့်ဆီးရန်မက်၊ ဟူးဟူးထွက်သည်၊ အမျက်ဒေါသ၊ မာနတံခွန်၊ မလွန်လှည့်ခွါ၊ ဘာဝနာလမ်းမှန်၊ မဖောက်ပြန်၍၊ နိဗ္ဗာန်ဟူသည်၊ ဘေးမဲ့ပြည်သို့၊ သာကြည်ရောက်ပစေသတည်း။ (ပြည်)

အနိစ္စတော၊ ဖြင့်။ သမ္မသနကာလေ၊ ၌။ ဝုဋ္ဌာနံ၊ သည်။ သစေ ဟောတိ၊ အံ့။ အယံ၊ ဤယောဂီသည်။ အနိစ္စတော၊ ဖြင့်။ အဘိနိဝိသိတွာ၊ ၍။ အနိစ္စတော၊ ဖြင့်။ ဝုဋ္ဌာတိ နာမ၊ ၏။

ပန၊ ပါး။ အသ၊ ထိုယောဂီအား။ ဒုက္ခတော၊ ဖြင့်ငှင်း။ အနတ္တတော၊ ဖြင့်ငှင်း။ သမ္မသနကာလေ၊ ၌။ ဝုဋ္ဌာနံ၊ သည်။ ဟောတိ၊ ၏။ အယံ၊ ဤယောဂီသည်။ အနိစ္စတော၊ ဖြင့်။ အဘိနိဝိသိတွာ၊ ၍။ ဒုက္ခတော၊ ဖြင့်။ အနတ္တတော၊ ဖြင့်။ ဝုဋ္ဌာတိ နာမ၊ မည်၏။ ဒုက္ခတော။ ဖြင့်။ အနတ္တတော၊ ဖြင့်။ အဘိနိဝိသိတွာ၊ ၍။ သေသဝုဋ္ဌာနေသုပိ၊ ကြွင်းသော ဝုဋ္ဌာနတို့၌လည်း။ ဧသ နယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

၇၈၈။ စ၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤပုဂ္ဂိုလ်တို့တွင်။ ယောပိ၊ အကြင် ပုဂ္ဂိုလ်သည်လည်း [၁]။ အနိစ္စတော၊ အားဖြင့်။ အဘိနိဝိဋ္ဌော၊ ဝိပဿနာကို ဖြစ်စေ၏။ ယောပိ၊ သည်လည်း။ ဒုက္ခတော၊ ဖြင့်။ အဘိနိဝိဋ္ဌော၊ ၏။ ယောပိ၊ သည်လည်း။ အနတ္တတော၊ ဖြင့်။ အဘိနိဝိဋ္ဌော၊ ၏။ ဝုဋ္ဌာန-ကာလေ စ၊ ထသောအခါ၌ကား။ အနိစ္စတော၊ ဖြင့်။ ဝုဋ္ဌာနံ၊ သည်။ ဟောတိ၊ အံ့။ တယောပိ ဇနာ၊ ဤသုံးဦးသော ပုဂ္ဂိုလ်တို့သည်လည်း။ အဓိမောက္ခဗဟုလာ၊ အဓိမောက္ခ အဖြစ်များကုန်သည်။ ဟောန္တိ၊ ကုန်၏။ သဒ္ဓိန္ဒြိယံ၊ ကို။ ပဋိလဘန္တိ၊ ရကုန်၏။ အနိမိတ္တဝိမောက္ခေန၊ ဖြင့်။ ဝိမုစ္စန္တိ၊ လွတ်ကုန်၏။ ပဌမမဂ္ဂက္ခဏေ၊ ပဌမမဂ်ခဏ၌။ သဒ္ဓါ-နုသာရိနော၊ သဒ္ဓါနုသာရီမည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ သတ္တသု ဌာနေသု၊ ခုနစ်ပါးသောအရာတို့၌။ သဒ္ဓါဝိမုတ္တာ၊ သဒ္ဓါဝိမုတ္တမည်ကုန် သည်။ ဟောန္တိ၊ ကုန်၏။ ပန၊ ထိုမှတပါး။ ဒုက္ခတော၊ ဖြင့်။ ဝုဋ္ဌာနံ၊ သည်။ သစေ ဟောတိ၊ အံ့။ တယောပိ ဇနာ၊ တို့သည်လည်း။ ပဿဒ္ဓိ-ဗဟုလာ၊ ပဿဒ္ဓိအဖြစ်များကုန်သည်။ ဟောန္တိ၊ ကုန်၏။ သမာဓိန္ဒြိယံ၊ ကို။ ပဋိလဘန္တိ၊ ကုန်၏။ အပ္ပဏိဟိတဝိမောက္ခေန၊ ဖြင့်။ ဝိမုစ္စန္တိ၊ ကုန်၏။ သဗ္ဗတ္ထ၊ အလုံးစုံသော ရှစ်ဌာနတို့၌။ ကာယသက္ခိနော၊ ကာယသက္ခိ

[၁] -အဘိနိဝေသဝုဋ္ဌာနတို့တွင် အဘိနိဝေသသည် အကာရဏတည်း၊ ဝုဋ္ဌာနသည် သာလျှင် ပမာဏတည်း၊ ထိုကြောင့် အောက်၌ဆိုခဲ့ပြီးသော ဝိမောက္ခအရိယ ဝိဘာဂတို့ သည်လည်း ဝုဋ္ဌာနအားဖြင့်သာ ဖြစ်ကုန်၏ဟု ပြခြင်းငှါ ဧတ္ထ စ ယောပိ- စသည်ကို အားထုတ်သော်။ (ပြည်)

မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပန၊ ထူးသည်ကိုဆိုအံ့။ ဧတ္ထ၊ ဤပုဂ္ဂိုလ်တို့တွင်။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ အရူပဇ္ဈာနံ၊ သည်။ ပါဒကံ၊ အခြေသည်။ ဟောတိ၊ ၏။ သော၊ ထိုအရူပဈာန်ကို အခြေပြုသောပုဂ္ဂိုလ်သည်။ အဂ္ဂဖလေ၊ အရဟတ္တဖိုလ်၌။ ဉဘတောဘာဂဝိမုတ္တော၊ မည်သည်။ ဟောတိ၊ ၏။ အထ၊ ထိုမှတပါး။ နေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ အနတ္တတော၊ ဖြင့်။ ဝုဋ္ဌာနံ၊ သည်။ ဟောတိ၊ ၏။ တဧယာပိ ဇနာ၊ တို့သည်လည်း။ ဝေဒဗဟုလာ၊ ပညာအဖြစ်များကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပညိန္ဒြိယံ၊ ကို။ ပဋိလဘန္တိ၊ ကုန်၏။ သုညတာဝိမောက္ခေန၊ ဖြင့်။ ဝိမုစ္စန္တိ၊ ကုန်၏။ ပဌမမဂ္ဂက္ခဏေ၊ ၌။ ဓမ္မာနုသာရိနော၊ ဓမ္မာနုသာရီမည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဆသု ဌာနေသု၊ တို့၌။ ဒိဋ္ဌိပ္ပတ္တာ၊ ဒိဋ္ဌိပ္ပတ္တမည်ကုန်သည်။ အဂ္ဂဖလေ၊ အရဟတ္တဖိုလ်၌။ ပညာဝိမုတ္တာ၊ ပညာဝိမုတ္တမည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

၇၈၉။ ဣဒါနိ၊ ၌။ ပုရိမပစ္ဆိမဉာဏေဟိ၊ ဘယတုပဋ္ဌာန အစရှိသော ပုရိမဉာဏ် ဂေါတြဘူအစရှိသော ပစ္ဆိမဉာဏ်တို့နှင့်။ သဒ္ဓိံ၊ ကွ။ ဣမိဿာ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ၊ ဤဝုဋ္ဌာနဂါမိနီဝိပဿနာကို။ အာဝိဘာဝတ္ထံ၊ ထင်ရှားပြခြင်းငှါ၊ ဒွါဒသ ဥပမာ၊ တဆယ့်နှစ်ပါးသော ဥပမာတို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။ တာသံ၊ ထိုဥပမာတို့၏။ ဣဒံ၊ ဤဆိုလတ့ံသည်ကား။ ဥဒ္ဒါနံ-ဥဒ္ဒေသော၊ အကျဉ်းတည်း။

ဝဂ္ဂုလိ၊ လင်းနို့ရင်း။ ကဏှသပ္ပေါ စ၊ မြွေဟောက်ရင်း။ ဃရံ၊ အိမ်။ ဂေါ၊ နွား။ ယက္ခီ၊ ဘီလူးမ။ ဒါရကော၊ သူငယ်။ ခုဒ္ဒံ၊ အစာငတ်မွတ်ခြင်း။ ပိပါသံ၊ ရေသိတ်ခြင်း။ သီတံ၊ အအေး။ ဉဏှံ၊ အပူ။ ဝိသေန၊ အဆိပ်နှင့်။ သဟ၊ ကွ။ အန္ဓကာရဍ္ဍ၊ အမိုက်တိုက်ရင်း။ ဣတိ၊ ဤသည်ကား။ ဥဒ္ဒါနံ၊ တည်း။ (ဤဥပမာတို့ကို ဤအရာ၌သာ ဆောင်သင့်သလော)

စ၊ ဆက်၍ဆိုအံ့။ ဣမာ ဥပမာ၊ ဤဥပမာတို့ကို။ ဘယတုပဋ္ဌာန-တော၊ ဘယတုပဋ္ဌာနဉာဏ်မှ။ ပဘုတိ၊ စ၍။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ ဝဋ္ဋေယျုံ၊ သင့်ကုန်ရာ၏။ (တံတံဉာဏဋ္ဌာနိယ၊ ထိုထို ဉာဏ်အရာ၌ တည်သော။ ဥပမာဝတ္ထုနော၊ ၏။ လဗ္ဘမာနတော၊ ရသင့်သော

ကြောင့်တည်း။) ပန၊ အကျိုးကိုဆိုအံ့။ ဣမသ္မိံ ဌာနေ၊ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာအရာ၌။ အာဟရိယမာနာသု။ ဆောင်အပ်ကုန်သည်ရှိသော်။ ဘယတုပဋ္ဌာနတော၊ မှ။ ယာဝဖလဉာဏာ၊ ဖိုလ်ဉာဏ်တိုင်အောင်။ သဗ္ဗံ၊ အလုံးစုံသောဉာဏ်သည်၊ ဝါ၊ အလုံးစုံသော ဉာဏ်ကိစ္စသည်။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။ (ဝေမဇ္ဈေ ဌတွာ ဝိဘာဝိယမာနတ္တာ။ ဟိတ်) တသ္မာ၊ ကြောင့်။ ဣဓေဝ၊ ဤဝုဋ္ဌာနဂါမိနီဝိပဿနာအရာ၌သာလျှင်။ အာဟရိတဗ္ဗာ၊ ကုန်၏။ ဣတိ၊ သို့။ ဝုတ္တာ၊ ဝိသုဒ္ဓိကထာ၌ဆိုအပ်ကုန်၏။

[၃၀၂] ၇၉၀။ ဝဂ္ဂုလီတိ၊ ကား။ ဧတ္ထ၊ ဤသစ်ပင်၌။ ပုပ္ဖံ ဝါ၊ အပွင့်ကိုရင်း။ ဖလံ ဝါ၊ အသီးကိုရင်း။ လဘိဿာမိ၊ ရလတ်အံ့။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ပဉ္စသာခေ၊ ငါးခက်ရှိသော။ မဓုကရုက္ခေ၊ သစ်မည် စည်ပင်၌။ နိလီယိတွာ၊ ဝင်နား၍။ ဧကံ သာခံ၊ တခက်ကို။ ပရာမသိတွာ- ဝီမံသိတွာ၊ စုံစမ်း၍။ တတ္ထ၊ ထိုအခက်၌။ ကိဉ္စိ၊ တစုံတခုသော။ ပုပ္ဖံ ဝါ၊ ကိုရင်း။ ဖလံ ဝါ၊ ကိုရင်း။ ဂယှုပဂံ၊ ယူအပ်သည်၏ အဖြစ်သို့ ရောက်သည်ကို။ န အဒ္ဒသ၊ မမြင်။ ဧကံ သာခံ၊ တခက်ကို။ ဝီမံသတိ ယထာ၊ စုံစမ်းသကဲ့သို့။ ဧဝံ-တထာ၊ တူ။ ဒုတိယံ၊ ဒုတိယအခက်ကိုရင်း။ တတိယံ၊ ကိုရင်း။ စတုတ္ထံ၊ ကိုရင်း။ ပဉ္စမံပိ သာခံ၊ ပဉ္စမအခက်ကိုရင်း။ ပရာမသိတွာ၊ စုံစမ်း၍။ (ဂယှုပဂံ၊ ကို။) န အဒ္ဒသ၊ မမြင်။ သာ၊ ထိုလင်းနို့သည်။ အယံ ရုက္ခော၊ သည်။ အဖလော ဝတ၊ အသီးမဲ့စွ တကား။ ဧတ္ထ၊ ဤသစ်ပင်၌။ ဂယှုပဂံ၊ ယူအပ်သည်၏ အဖြစ်သို့ ရောက်သော။ ကိဉ္စိ၊ တစုံတခုသော အပွင့်အသီးသည်။ နတ္ထိ၊ မရှိခဲ့ တကား။ ဣတိ၊ သို့။ တသ္မိံ ရုက္ခေ၊ ၌။ အာလယံ၊ တပ်ခြင်းကို။ ဝိဿဇ္ဇိတွာ၊ စွန့်၍။ ဥဇုကာယ သာခါယ၊ ဖြောင့်ဖြောင့်တက်သောအခက် သို့။ အာရုယှ၊ တက်၍။ ဝိဋပန္တရေန၊ သစ်ခွကြားမှ။ သီသံ နီဟရိတွာ၊ ဦးခေါင်းဖော်၍။ ဥဒ္ဓံ ဥလ္လောကေတွာ၊ အထက်သို့မြော်၍။ အာကာသေ၊ ကောင်းကင်၌။ ဥပ္ပတိတွာ၊ ပျံတက်၍။ အညသ္မိံ ဖလရုက္ခေ၊ တပါးသော အသီးရှိသောသစ်ပင်၌။ နိလီယတိ၊ ဝင်နား၏။

တတ္ထ၊ ထိုဥပမာ၌။ ဝဂ္ဂုလိ ဝိယ၊ လင်းနို့ကဲ့သို့။ ယောဂါဝစရော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ပဉ္စသာခါ မဓုကရုက္ခော ဝိယ၊ ငါးခက်ရှိသော သစ်မည်စည် ပင်ကဲ့သို့။ ပဉ္စုပါဒါနက္ခန္ဓာ၊ တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ တတ္ထ၊

ထိုသစ်ပင်၌။ ဝဂ္ဂုလိယာ၊ ၏။ နိလီယနံ ဝိယ၊ ဝင်နားခြင်းကဲ့သို့။ ယောဂိနော၊ ၏။ ခန္ဓပဉ္စကေ၊ ၌။ အဘိနိဝေသော၊ နှလုံးသွင်းခြင်းကို။ ဒဋ္ဌဗ္ဗော၊ ၏။ တဿ၊ ထိုလင်းနို့၏။ ကောကံ သာခံ၊ တခုတခုသောအခက်ကို။ ပရာမသိတွာ၊ စုံစမ်း၍။ ကိဉ္စိ၊ သော။ ဂယှုပဂံ၊ ကို။ အဒိသွာ၊ ၍။ အဝသေသသာခါပရာမသနံ ဝိယ၊ ကြွင်းသောအခက်တို့ကို စုံစမ်းခြင်းကဲ့သို့။ ယောဂိနော၊ ၏။ ရူပက္ခန္ဓံ၊ ကို။ သမ္မသိတွာ၊ ၍။ တတ္ထ၊ ထိုရူပက္ခန္ဓာ၌။ ဂယှုပဂံ၊ ယူခြင်းငှါလျောက်ပတ်သော။ ကိဉ္စိ၊ တစုံတခုသော နိစ္စသာရသုခသာရစသော အနှစ်ကို။ အဒိသွာ၊ ၍။ အဝသေသက္ခန္ဓသမ္မသနံ၊ ကြွင်းသောခန္ဓာကို သုံးသပ်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ တဿာ၊ ၏။ အယံ ရုက္ခော၊ သည်။ အဖလော ဝတ၊ အသီးမဲ့စွတကား။ ဣတိ၊ သို့။ ရုက္ခေ၊ ၌။ အာလယဝိဿဇ္ဇနံ ဝိယ၊ အာလယကိုစွန့်ခြင်းကဲ့သို့။ ယောဂိနော၊ ၏။ ပဉ္စသုပိ ခန္ဓေသု၊ တို့၌လည်း။ အနိစ္စလက္ခဏာဒိဒဿနဝသေန၊ အနိစ္စလက္ခဏာစသည်ကို မြင်သည်၏အစွမ်းဖြင့်။ နိဗ္ဗိန္နဿ၊ လည်ဝယ်ဆွဲသောခွေးပုပ်ကဲ့သို့ စက်ဆုပ်ငြီးငွေ့ရကား။ မုဉ္စိတုကမျတာဒိဉာဏတ္တယံ၊ မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါနုပဿနာဉာဏ် သင်္ခါရုပေက္ခာဉာဏ် သုံးပါးအပေါင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ တဿာ၊ ၏။ ဥဇုကာယ သာခါယ၊ ဖြောင့်ဖြောင့်တက်သော အခက်၏။ ဥပရိ၊ အထက်သို့။ အာရောဟနံ ဝိယ၊ တက်ခြင်းကဲ့သို့။ ယောဂိနော၊ ၏။ အနုလောမံ၊ အနုလောမဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ သီသံ နီဟရိတွာ၊ ဦးခေါင်းဖော်၍။ ဥဒ္ဓံ ဥလ္လောကနံ ဝိယ၊ အထက်မြော်ကြည့်ခြင်းကဲ့သို့။ ဂေါတြဘုဉာဏံ၊ ကို။ အာကာသေ၊ ၌။ ဥပ္ပတနံ ဝိယ၊ ပျံခြင်းကဲ့သို့။ မဂ္ဂဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ အညသ္မိံ ဖလရုက္ခေ၊ ၌။ နိလီယနံ ဝိယ၊ ကဲ့သို့။ ဖလဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏[၁]။

၇၉၁။ ကဏှသပ္ပုပမာ၊ မြွေဟောက်ဥပမာကို။ ပဋိသင်္ခါဉာဏေ၊ ၌။ ဝုတ္တာဝ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။ ပန၊ ထူးသည်ကိုဆိုအံ့။ တတ္ထ၊ ထိုကဏှသပ္ပုပမာ၌။ ဥပမာသံသန္ဒနေ၊ ဥပမာနနှင့်ဥပမေယျကို နှီးနှောရာ၌။ သပ္ပဝိဿဇ္ဇနံ ဝိယ၊ မြွေကိုလွှတ်ခြင်းကဲ့သို့။ ဂေါတြဘုဉာဏံ၊ ဉာဏ်ကို။

၁-စိတ်၏ဝင်္ကဘာဝကို ပြုတတ်ကုန်သော မာယာစသည်တို့ကို ခွါသဖြင့် အနုလောမဉာဏ်၏ ဥဇုသာခသဒိသအဖြစ်ကို နိဗ္ဗာန်ကိုကြည့်သောအားဖြင့် ဂေါတြဘုဉာဏ်၏ ဥဒ္ဓံဥလ္လောကနသဒိသအဖြစ်ကို တည်ရာမရှိသော နိဗ္ဗာန်၌ တည်ခြင်းကြောင့် မဂ်ဉာဏ်၏ အာကာသေ ဥပ္ပတနသဒိသအဖြစ်ကို မှတ်အပ်၏။ (ပြည်)

ဒဋ္ဌဗ္ဗံ၊ ၏။ (သဗ္ဗသင်္ခါရဂတံ၊ ကို။ ဝိဿဇ္ဇိတွာ၊ လွှတ်၍။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ အာရမ္မဏတော၊ အာရုံပြုခြင်းကြောင့်တည်း။) မုဉ္စိတွာ၊ မြေကိုလွှတ်ပြီး၍။ အာဂတမဂ္ဂံ၊ လာရာခရီးကို။ ဩလောကေန္တဿ၊ ကြည့်လျက်။ ဌာနံ ဝိယ၊ ရပ်ခြင်းကဲ့သို့။ မဂ္ဂဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ (အသမ္ဘောပဋိဝေဓဝသေန၊ အသမ္မောဟပဋိဝေဓ၏ အစွမ်းဖြင့်။ အတ္တနော ပိ၊ မိမိဟူသောမဂ်ကိုလည်း။ ဒဿနတော၊ မြင်ခြင်းကြောင့်တည်း။) ဂန္တွာ၊ သွား၍။ အဘယဋ္ဌာနေ၊ ဘေးကင်းရာအရပ်၌။ ဌာနံ ဝိယ၊ တည်ခြင်းကဲ့သို့။ ဖလဉာဏံ၊ ဖိုလ်ဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏ [၁]။ ဣတိ အယံ၊ ကား။ ဝိသေသော၊ တည်း။

၇၉၂။ ဃရန္တိ၊ ကား။ ဃရသာမိကော၊ အိမ်ရှင်သည်။ သာယံ၊ ညအခါ၌။ ဘုဉ္စိတွာ၊ စားသောက်၍။ သယနံ၊ အိမ်ရာသို့။ အာရုယှ၊ တက်၍။ နိဒ္ဒံ၊ အိပ်မွေ့ခြင်းသို့။ ဩက္ကန္တေ၊ သက်သည်ရှိသော်။ ဃရံ၊ အိမ်ကို။ အာဒိတ္တံ ကိရ၊ မီးလောင်သတတ်။ သော၊ ထိုအိမ်ရှင်သည်။ ပဗုဇ္ဈိတွာ၊ နိုးလတ်၍။ အဂ္ဂိံ၊ မီးကို။ ဒိသွာ၊ ၍။ ဘီတော၊ ကြောက်သည်ဖြစ်၍။ အဒုယှမာနော၊ ကိုယ်ကိုမီးမလောင်မီ။ သစေ နိက္ခမေယျံ၊ အကယ်၍ ထွက်ပြေးရမူကား။ သာဓု ဝတ၊ အကောင်းကြီးစစ်စစ်။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ သို့။ ဩလောကယမာနော၊ ထွက်ရာအရပ်ကို ကြည့်သည် ရှိသော်။ မဂ္ဂံ၊ လမ်းကို။ ဒိသွာ၊ ၍။ နိက္ခမိတွာ၊ ထွက်လတ်၍။ ဝေဂေန၊ လျင်စွာ။ ခေမဋ္ဌာနံ၊ ဘေးကင်းရာ အရပ်သို့။ ဂန္တွာ၊ ၍။ ဌိတော၊ တည်၏။ တတ္ထ၊ ထိုဥပမာ၌။ ဃရသာမိကဿ၊ အိမ်ရှင်၏။ ဘုဉ္စိတွာ၊ ၍။ သယနံ၊ သို့။ အာရုယှ၊ ၍။ နိဒ္ဒေါက္ကမနံ ဝိယ၊ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့။ ဗာလပုထုဇ္ဇနဿ၊ ၏။ ခန္ဓပဉ္စကေ၊ တို့ကို။ အဟံ မမာတိ ဂဟဏံ၊ ငါ, ငါ၏ဥစ္စာဟု စွဲလမ်းခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ပဗုဇ္ဈိတွာ၊ ၍။ အဂ္ဂိံ၊ ကို။ ဒိသွာ၊ ၍။ ဘီတကာလော ဝိယ၊ ကြောက်သောကာလကဲ့သို့။ သမ္မာပဋိပဒံ၊ ကောင်းသောအကျင့်ကို။ ပဋိပဇ္ဇိတွာ၊ ကျင့်၍။ လက္ခဏံ၊ ကို။ ဒိသွာ၊ ၍။ ဘယတုပဋ္ဌာနဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ နိက္ခမနမဂ္ဂံ၊ ထွက်ရာလမ်းကို။ ဩလောကနံ ဝိယ၊ ကြည့်ခြင်းကဲ့သို့။ [၃၀၃] မုဉ္စိတုက-

၂ အဘယဋ္ဌာနေ ဌာနံ-ဟူသောပါဌ်ဖြင့် အဘယဋ္ဌာနသို့ ရောက်ပြီးသည်ကိုဆိုသည်၊ ထိုအဘယဋ္ဌာနသို့ ရောက်အံ့သောငှါ ကျင့်ခြင်းကိုမဆို။ (ပြည်)

မျှတာညာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏[၁]။ မဂ္ဂဒဿနံ ဝိယ၊ လမ်းကိုမြင်ခြင်းကဲ့သို့။ အနုလောမံ၊ အနုလောမညာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ နိက္ခမနံ ဝိယ၊ မီးလောင်သော အိမ်မှထွက်ခြင်းကဲ့သို့။ ဂေါတြဘုညာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ (သင်္ခါရ-နိမိတ္တတော၊ သင်္ခါရနိမိတ်မှ။ နိက္ခန္တတ္တာ၊ ထွက်သည်၏ အဖြစ်ကြောင့်တည်း။) ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ ဂမနံ ဝိယ၊ ပြေးခြင်းကဲ့သို့။ မဂ္ဂညာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ (ဝိဿဇ္ဇေတဗ္ဗဂဟေတဗ္ဗပဒေသေသု၊ စွန့်အပ်သောအရပ် ယူအပ်သောအရပ်တို့၌။ သာဓနကိစ္စဝိသေသယောဂတော၊ ပြီးစေခြင်း ကိစ္စအထူးနှင့် ယှဉ်ခြင်းကြောင့်တည်း။) ခေမဋ္ဌာနေ၊ ဘေးကင်းရာအရပ်၌။ ဌာနံ ဝိယ၊ သို့။ ဖလညာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။

၇၉၃။ ဂေါတိ၊ ကား။ ဧကော၊ တယောက်သော။ ကဿကော၊ လယ်လုပ်သော ယောကျ်ားသည်။ ရတ္တိဘာဂေ၊ ညဉ့်အဖို့၌။ နိဒ္ဒံ၊ အိပ်ပျော်ခြင်းသို့။ ဩက္ကန္တဿ၊ ရောက်စဉ်။ ဝဇံ ဘိန္ဒိတွာ၊ ခြံကိုဖောက်၍။ ဂေါဏာ၊ နွားတို့သည်။ ပလာတာ ကိရ၊ ပြေးကုန်သတတ်။ သော၊ ထိုလယ်လုပ်ယောကျ်ားသည်။ ပစ္စူသသမယေ၊ မိုးသောက်ထအခါ၌။ တတ္ထ၊ ထိုနွားခြံသို့။ ဂန္တွာ၊ ၍။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ တေသံ၊ ထိုနွားတို့၏။ ပလာတဘာဝံ၊ ပြေးသောအဖြစ်ကို။ ဉတွာ၊ ၍။ အနုပဒံ၊ နွားခြေရာအစဉ်အတိုင်း။ ဂန္တွာ၊ လိုက်၍။ ရညော၊ မင်း၏။ ဂေါဏေ၊ နွားတို့ကို။ အဒ္ဒသ၊ မြင်လေ၏။ တေ ဂေါဏေ၊ ထိုမင်း၏ နွားတို့ကို။ မယှံ ဂေါဏာတိ၊ ငါ့နွားတို့ဟူ၍။ သလ္လက္ခေတွာ၊ ၍။ အာဟရန္တော၊ ဆောင်လေသည်ရှိသော်။ ပဘာတကာလေ၊ မိုးသောက်သောကာလ၌။ ဉာမေ၊ ဤနွားတို့သည်။ န မယှံ ဂေါဏာ၊ ငါ့နွားမဟုတ်ကုန်။ ရာဇ-ဂေါဏာ၊ မင်း၏နွားတော်တို့တည်း။ ဣတိ၊ သို့။ သဉ္ဇာနိတွာ၊ သိ၍။ ယာဝ၊ အကြင်မျှလောက်။ မံ၊ ငါ့ကို။ အယံ၊ ဤနွားလိုက်သသူကား။ စောရော၊ ခိုးသူတည်း။ ဣတိ၊ သို့။ ဂဟေတွာ၊ ဖမ်း၍။ ရာဇပုရိသာ၊ မင်းချင်းတို့သည်။ အနယဗျသနံ၊ စီးပွါးမရှိ ပျက်စီးခြင်းသို့။ န ပါပေန္တိ၊ မရောက်စေကုန်သေး။ တာဝဒေဝ၊ ထိုသို့ပျက်စီးခြင်းသို့ မရောက်မီလျှင်။

---

၁-မုဉ္စိတုကမျတာ-သဒ္ဒါဖြင့် ပဋိသင်္ခါသန္တိဋ္ဌနာတို့ကိုလည်း ယူအပ်ကုန်၏။ သုံးပါးသောညာဏ်တို့၏လည်း သံသရာမှထွက်မြောက်ခြင်းကို နှလုံးသွင်းသည်၏ အဖြစ်ကြောင့် ထွက်ရာခရီးကိုကြည့်သည်နှင့် တူသည်၏ အဖြစ်ကိုမှတ်အပ်၏။ (ပြည်)

ပလာယိဿာမီတိ၊ ပြေးအံ့ဟူ၍။ ဘီတော၊ ကြောက်သည်ဖြစ်၍။ ဂေါဏော၊ တို့ကို။ ပဟာယ၊ စွန့်၍။ ဝေဂေန၊ လျင်စွာ။ ပလာယိတွာ၊ ပြေး၍။ နိဗ္ဗယဋ္ဌာနေ၊ ဘေးကင်းရာအရပ်၌။ အဋ္ဌာသိ၊ တည်၏။ တတ္ထ၊ ထိုဥပမာ၌။ မယှံ ဂေါဏာတိ၊ ငါ့နွားတို့ဟူ၍။ ရာဇဂေါဏာနံ၊ မင်း၏နွားတော်တို့ကို။ ဂဟဏံ ဝိယ၊ ဖမ်းယူခြင်းကဲ့သို့။ ဗာလပုထုဇ္ဇနဿ၊ ၏။ အဟံ မမာတိ၊ ဟူ၍။ ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာတို့ကို။ ဂဟဏံ၊ စွဲလမ်းခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏[၁]။ ပဘာတေ၊ မိုးလင်းလတ်သော်။ ရာဇဂေါဏာတိ၊ မင်း၏နွားတော်တို့ဟူ၍။ သဉ္ဇာနနံ ဝိယ၊ သိခြင်းကဲ့သို့။ ယောဂိနော၊ ၏။ တိလက္ခဏဝသေန၊ ဖြင့်။ ခန္ဓာနံ၊ တို့ကို။ အနိစ္စ ဒုက္ခ အနတ္တာတိ၊ ဟူ၍။ သဉ္ဇာနနံ၊ သိခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဘီတကာလော ဝိယ၊ မင်းချင်းတို့ ဖမ်းယူသတ်ခြင်းမှ ကြောက်သောကာလကဲ့သို့။ ဘယတုပဋ္ဌာနဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဝိဿဇ္ဇိတွာ၊ နွားကိုလွှတ်၍။ ဂန္တုကာမတာ ဝိယ၊ ပြေးလိုသည်၏ အဖြစ်ကဲ့သို့။ မုဉ္စိတုကမျတာ၊ ဉာဏ်ကို။ ဒဋ္ဌဗ္ဗာ၊ ၏။ ဝိဿဇ္ဇနံ ဝိယ၊ နွားကိုလွှတ်ခြင်းကဲ့သို့။ ဂေါတြဘု၊ ကို၊ ဒဋ္ဌဗ္ဗံ၊ ၏။ ပလာယနံ ဝိယ၊ ပြေးခြင်းကဲ့သို့။ မဂ္ဂေါ၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ပလာယိတွာ၊ ၍။ အဘယဒေသေ၊ ဘေးကင်းရာအရပ်၌။ ဌာနံ ဝိယ၊ ကဲ့သို့။ ဖလံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။

၇၉၄။ ယက္ခီတိ၊ ကား။ ဧကော ပုရိသော၊ ယောကျ်ားတယောက်သည်။ ယက္ခိနိယာ၊ ဘီလူးမနှင့်။ သံဝါသံ၊ အိမ်ထောင်ခြင်းကို။ ကပ္ပေသိ ကိရ၊ ပြုသတတ်။ သာ၊ ထိုဘီလူးမသည်။ ရတ္တိဘာဂေ၊ ၌။ အယံ၊ ဤယောကျ်ားသည်။ သုတ္တော၊ အိပ်ပြီ။ ဣတိ၊ သို့။ မန္တွာ၊ မှတ်၍။ အာမကသုသာနံ၊ သူကောင်ပစ်ရာ သုသာန်သို့။ ဂန္တွာ၊ ၍။ မနုဿမံသံ၊ ကို။ ခါဒတိ၊ စား၏။ သော၊ ထိုယောကျ်ားသည်။ သော၊ ဤမိန်းမသည်။ ကုဟိံ ဂစ္ဆတိ၊ အဘယ်သို့သွားသနည်း။ ဣတိ၊ သို့။ အနုဗန္ဓိတွာ၊ အစဉ်သဖြင့်လိုက်လေ၍။ မနုဿမံသံ၊ ကို။ ခါဒမာနံ၊ စားနေသည်ကို။ ဒိသွာ၊ ၍။ တဿာ၊ ထိုဘီလူးမ၏။ အမနုဿီဘာဝံ၊ လူမဟုတ်သည်၏အဖြစ်ကို။ ဉတွာ၊ ၍။ ယာဝ၊ လောက်။ မံ၊ ကို။ န ခါဒတိ၊ မစားသေး။ တာဝ၊

---

၁-သုစိမ်း ပြင်ပအားဖြင့်ရင်း မြတ်နိုးဖွယ်မရှိသည်၏ အဖြစ်ဖြင့်ရင်း ပုပ်အပ်ကုန်သော ခန္ဓာတို့ကို အဟံ မမ-ဟု စွဲလမ်းခြင်း၏ မင်းနွားတော်တို့ကို မိမိနွားဟူ၍ ဖမ်းခြင်းနှင့် တူသည်၏ အဖြစ်ကို ဆိုအပ်၏။ (ပြည်)

ထို့ရွှေမစားမီ။ ပလာယိဿာမီတိ၊ ပြေးအံ့ဟု။ ဘီတော၊ ၍။ ဝေဂေန၊ ဖြင့်။ ပလာယိတွာ၊ ၍။ ခေမဋ္ဌာနေ၊ ၌။ အဋ္ဌာသိ၊ ၏။ တတ္ထ၊ ထိုဥပမာ၌။ ယက္ခိနိယာ၊ နှင့်။ သဒ္ဓိံ၊ ကူ၊ သံဝါသော ဝိယ၊ ပေါင်းဖော်ခြင်းကဲ့သို့။ ခန္ဓာနံ၊ တို့ကို။ အဟံ မမာတိ ဂဟဏံ၊ ငါ,ငါ၏ဥစ္စာဟု စွဲလမ်းခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ သုသာနေ၊ ၌။ မနုဿမံသံ၊ ကို။ ခါဒမာနံ၊ ကို။ ဒိသွာ၊ ၍။ အယံ၊ ဤမိန်းမကား။ ယက္ခိနီ၊ ဘီလူးမတည်း။ ဣတိ၊ သို့။ ဇာနနံ ဝိယ၊ ကဲ့သို့။ ခန္ဓာနံ၊ တို့၏။ တိလက္ခဏံ၊ ကို။ ဒိသွာ၊ ၍။ အနိစ္စာဒိ-ဘာဝဇာနနံ၊ အနိစ္စစသည်၏အဖြစ်ကို သိခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဘီတ-ကာလော ဝိယ၊ ကဲ့သို့။ ဘယတုပဋ္ဌာနံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ပလာယိတုကာမတာ ဝိယ၊ ပြေးလိုသည်၏အဖြစ်ကဲ့သို့။ မုဉ္စိတုကမျတာ၊ ကို။ သုသာနဝိဇဟနံ ဝိယ၊ သုသာန်ကိုစွန့်ခြင်းကဲ့သို့။ ဂေါတြဘု၊ ကို။ ဝေဂေန၊ ဖြင့်။ ပလာယနံ ဝိယ၊ ကဲ့သို့။ မဂ္ဂေါ၊ ကို။ အဘယဒေသေ၊ ၌။ ဌာနံ ဝိယ၊ ကဲ့သို့။ ဖလံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏[၁]။

၇၉၅။ ဒါရကောတိ၊ ကား။ ကော၊ တယောက်သော။ ဣတ္ထီ၊ မိန်းမသည်။ ပုတ္တဂိဒ္ဓိနီ၊ သား၌ ချစ်ခြင်းပြင်းပြစွာရှိသည်။ ဟောတိ ကိရ၊ ဖြစ်သတတ်။ သာ ဣတ္ထီ၊ ထိုနမူးနထူးသား၌ ချစ်ခြင်းကျူးသော မိန်းမသည်။ ဥပရိပါသာဒေ၊ ပြာသာဒ်ထက်၌။ နိသိန္နာဝ၊ နေလျက်လျှင်။ အန္တရဝီထိယံ၊ အိမ်၏အကြားသွားသောလမ်း၌။ ဒါရကသဒ္ဒံ၊ သူငယ်ငိုသံကို။ သုတွာ၊ ၍။ မေ၊ ၏။ ပုတ္တော၊ ကို။ ကေနစိ၊ တစုံတယောက်သော သူသည်။ ဝိဟေဋ္ဌိယတိ နု ခေါ၊ ပုတ်ခတ်ညှဉ်းဆဲအပ်လေသလော။ ဣတိ၊ သို့။ ဝေဂသာ၊ လျင်စွာ။ ဂန္တွာ၊ သွား၍။ အတ္တနော ပုတ္တောတိ သညာယ၊ မိမိသားဟူသော အမှတ်ဖြင့်။ ပရပုတ္တံ၊ သူတပါးသားကို။ အဂ္ဂဟေသိ၊ ပိုက်ယူ၏။ သာ ဣတ္ထီ၊ သည်။ အယံ၊ ဤသူငယ်သည်။ ပရပုတ္တောတိ၊ သူတပါးသားဟူ၍။ သဉ္ဇာနိတွာ၊ ၍။ ဩတ္တပ္ပမာနာ၊ ရှုံ့ရှာနိုးသည်ဖြစ်၍။ ဣတော စိတော စ၊ ထိုမှဤမှလည်း။ [၃၀၄] ဩလောကေတွာ၊ ကြည့်၍။ မံ၊ ကို။ ကောစိ၊ တစုံတယောက်သောသူသည်။ အယံ၊ ဤမိန်းမသည်။

၁-ဘေးရှိရာ၌ ဘေးမရှိဟု ရှုခြင်း၏ အကြောင်း၏အဖြစ်ကြောင့် ခန္ဓာတို့ကို အဟံ မမ-ဟု စွဲလမ်းခြင်း၏ ဘီလူးမနှင့် ပေါင်းဖော် အိမ်ထောင်ခြင်းနှင့် တူသည်၏အဖြစ်ကို မှတ်အပ်၏။ သုသာန်ကိုစွန့်ခြင်းကဲ့သို့ သင်္ခါရဟူသော သုသာန်ကိုစွန့်၍ နိဗ္ဗာန်လျှင် အာရုံရှိသည်၏အစွမ်းဖြင့် ဖြစ်သော ဂေါတြဘုကို မှတ်အပ်၏။ (ပြည်)

ဒါရကစောရိ၊ သားငယ်ခိုးမိန်းမတည်း။ ဣတိ၊ သို့။ မာ ဟော ဝဒေယျ၊ မဆိုပါစေလင့်။ ဣတိ၊ သို့။ ဒါရကံ၊ သူငယ်ကို။ တတ္ထေဝ၊ ထိုလမ်း၌ ပင်လျှင်။ သြရောပေတွာ၊ ချ၍။ ပုန၊ တဖန်၊ ဝေဂသာ၊ အဆောတလျှင်။ ပါသာဒံ၊ သို့။ အာရုယှ၊ ၍။ နိသီဒိ၊ နေ၏။ တတ္ထ၊ ထိုဥပမာ၌။ အတ္တနော ပုတ္တသညာယ၊ မိမိသားဟူသော အမှတ်ဖြင့်။ ပရပုတ္တဿ၊ သူတပါးသားကို။ ဂဟဏံ ဝိယ၊ ပိုက်ယူခြင်းကဲ့သို့။ အဟံ မမာတိ၊ ၍။ ပဉ္စက္ခန္ဓဂဟဏံ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို စွဲလမ်းခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ အယံ၊ ဤသူငယ်ကား။ ပရပုတ္တောတိ၊ သူတပါးသားဟူ၍။ သဉ္ဇာနနံ ဝိယ၊ သိခြင်းကဲ့သို့။ တိလက္ခဏဝသေန၊ ဖြင့်။ နာဟံ၊ ငါမဟုတ်။ န မမ၊ ငါ၏ဥစ္စာမဟုတ်။ ဣတိ၊ သို့။ သဉ္ဇာနနံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ သြတ္တပ္ပနံ ဝိယ၊ သားငယ်ခိုးသူမဟု ဆိုအပ်သည်မှ ကြောက်ခြင်းကဲ့သို့။ ဘယတုပဋ္ဌာနံ၊ ဘယတုပဋ္ဌာနဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဣတော စိတော စ၊ ထိုမှဤမှအရပ်သို့လျှင်။ သြလောကနံ ဝိယ၊ ကဲ့သို့။ မုဉ္စိတုကမျတာဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ တတ္ထေဝ၊ ထိုယူရာလမ်း၌သာလျှင်။ ဒါရကဿ၊ ကို။ သြရောပနံ ဝိယ၊ ချခြင်းကဲ့သို့။ အနုလောမံ၊ ဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏[၁]။ သြရောပေတွာ၊ ချ၍။ အန္တရဝီထိယံ၊ ၌။ ဌိတကာလော ဝိယ၊ တည်သော ကာလကဲ့သို့။ ဂေါတြဘု၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ (ဂေါတြဘုကား နပုလ္လိင်ဖြစ်၍ ဒဋ္ဌဗ္ဗံ-ဆိုသည်) ပါသာဒါရုဟနံ ဝိယ၊ ပြာသာဒ်သို့ တက်သကဲ့။ မဂ္ဂေါ၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ အာရုယှနိသီဒနံ ဝိယ၊ ပြာသာဒ်သို့တက်၍နေခြင်း ကဲ့သို့။ ဖလံ၊ ကို၊ ဒဋ္ဌဗ္ဗံ၊ ၏။

၇၉၆။ ပန၊ ထူးသည်ကိုဆိုအံ့။ ခုဒ္ဒံ၊ ငတ်မွတ်ခြင်း။ ပိပါသံ၊ ရေသိတ်ခြင်း။ သီတံ၊ အချမ်း။ ဥဏှံ၊ အပူ။ ဝိသေန၊ အဆိပ်နှင့်။ သဟ၊ တကွ။ အန္ဓကာရံ၊ အမိုက်တိုက်။ ဣတိ၊ သို့။ ဣမာ ဆ ဥပမာ၊ ဤခြောက်ပါးသော ဥပမာတို့ကို။ ဝုဋ္ဌာနဂါမိနိယာ၊ အရိယာမဂ်သို့ဆိုက်သော။ ဝိပဿနာယ၊ ဝိပဿနာ၌။ ဌိတဿ၊ တည်သောယောဂီ၏။ လောကုတ္တရ-ဓမ္မာဘိမုခနိန္နပေါဏပဗ္ဘာရဘာဝဒဿနတ္ထံ၊ လောကုတ္တရာတရားသို့ ရှေးရှု ညွတ်သည်၏အဖြစ်, ရှိုင်းသည်၏အဖြစ်, ကိုင်းသည်၏အဖြစ်ကို ပြခြင်းငှါ။

---

၁ ရုန့်ရင်းရုန့်ရင်းသော လောဘက္ခန္ဓ စသည်ကိုခွါသဖြင့် သင်္ခါရကို စွန့်ခြင်းကြောင့် အနုလောမဉာဏ်၏ ထိုလမ်း၌ပင်လျှင် သူငယ်ကို ချထားသည်၏အဖြစ်ကို သိအပ်၏။ (ပြည်)

ဝုတ္တာ၊ ကုန်၏။ (ရှေးဥပမာတို့ကဲ့သို့ ဘယတုပဋ္ဌာနအစရှိသည်တို့၌ တည်သော ယောဂီ၏ ဘာယနအစရှိသော အာကာရကို ပြခြင်းငှါ မဆိုအပ်ကုန်ဟူလို) ဟိ၊ ထင်ရှားပြုအံ့။ ခုဒ္ဒါယ၊ တော်မွတ်ခြင်းသည်။ အဘိဘူတော၊ နှိပ်စက်အပ်သော။ သုဇိဃစ္ဆိတော၊ အလွန်တော်မွတ်သော။ ပုရိသော၊ သည်။ သာဒုရသဘောဇနံ၊ ကောင်းသောအရသာရှိသော ဘောဇဉ်ကို။ ပဋ္ဌေကိ ယထာ၊ တောင့်တသကဲ့သို့။ ဧဝမေဝ၊ တူ။ သံသာရဝဋ္ဋဇိဃစ္ဆာယ၊ သံသရာဝဋ်၌ဖြစ်သော တော်မွတ်ခြင်းသည်။ ဖုဋ္ဌော၊ နှိပ်စက်အပ်သော။ အယံ ယောဂါဝစရော၊ သည်။ အမတရသံ၊ အမြိုက်အရသာရှိသော။ ကာယဂတာသတိဘောဇနံ၊ ကာယဂတာသတိဟူသော ဘောဇဉ်ကို။ ပဋ္ဌေတိ၊ တောင့်တ၏[၁]။

စ၊ ထိုမှတပါး။ ပိပါသိတော၊ ရေသိတ်သော။ ပုရိသော၊ သည်။ ပရိသုဃမာနကဏ္ဍမုခေါ၊ ခြောက်ထပ်သော လည်ချောင်းခံတွင်းရှိသည်ဖြစ်၍။ အနေကင်္ဂသမ္ဘာရံ၊ အသီးရည်,သျှစ်သျှား,ချင်း အစရှိသော များစွာသောအကြောင်း အဆောက်အဦရှိသော။ ပါနကံ၊ အဖျော်ကို။ ပဋ္ဌေတိ ယထာ၊ သို့။ ဧဝမေဝ၊ တူ။ သံသာရဝဋ္ဋပိပါသာယ၊ သံသရာဝဋ်တည်းဟူသော ရေသိတ်ခြင်းသည်။ ဖုဋ္ဌော၊ သော။ အယံ ယောဂါဝစရော၊ သည်။ အရိယံ အဋ္ဌင်္ဂိကမဂ္ဂပါနကံ၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်အဖျော်ကို။ ပဋ္ဌေတိ၊ ၏။

ပန၊ ပါး။ သီတသမ္ဖုဋ္ဌော၊ အအေးဖြင့်နှိပ်စက်အပ်သော။ ပုရိသော၊ သည်။ ဉဏှံ၊ အပူကို။ ပဋ္ဌေတိ ယထာ၊ တောင့်တသကဲ့သို့။ ဧဝမေဝ၊ တူ။ သံသာရဝဋ္ဋေ၊ ၌။ တဏှာသိနေဟသီတေန၊ အလွန်တပ်နှစ်သက်ခြင်းတည်းဟူသော အချမ်းဖြင့်။ ဖုဋ္ဌော၊ သော။ အယံ ယောဂါဝစရော၊

၁-အဆင့်ဆင့်ဖြစ်သော အားဖြင့်ရင်း ရှည်မြင့်စွာကာလပတ်လုံး အစဉ်လိုက်သည်၏ အဖြစ်ကြောင့်ရင်း သည်းခံနိုင်ခဲသည် အဖြစ်ကြောင့်ရင်း ဝဋ္ဋဒုက္ခသည် တော်မွတ်သော ဒုက္ခနှင့်တူ၏ဟု နှလုံးပိုက်၍ သံသာရဝဋ္ဋဇိဃစ္ဆာယ-မိန့်သော်။ ကာယဂတာသတိ ဧဝ ဘောဇနံ ကာယဂတာသတိဘောဇနံ။ ထိုကာယဂတာသတိကား ဤ၌ အရိယမဂ်နှင့်ယှဉ်သော သမ္မာသတိတည်း၊ ထိုသတိကို ကာယာနုပဿနာစသော ကိစ္စကို ပြီးစေသော အားဖြင့်ရင်း အမတရသကို သုံးဆောင်သောအားဖြင့်ရင်း အမတရသံ ကာယဂတာသတိ-ဘောဇနံဟူ၍-ဆိုအပ်သတည်း။ တေနာဟ ဘဂဝါ အမတန္တေ ဘိက္ခဝေ ပရိဘုဥ္ဇန္တိ ယေ ကာယဂတာသတိံ ပရိဘုဥ္ဇန္တီတိအာဒိ။ (ပြည်)

သည်။ ကိလေသသန္တာပကံ၊ ကိလေသာကို ပူပန်စေတတ်သော။ မဂ္ဂတေဇံ၊ အရိယမဂ်တည်းဟူသော မီးကို။ ပတ္ထေတိ၊ ၏။

စ၊ ပါး။ ဥဏှသမ္ဘူတွေ၊ အပူနှိပ်စက်အပ်သော။ ပုရိသော၊ သည်။ သီတံ၊ အအေးကို။ ပတ္ထေတိ ယထာ၊ သို့။ ဧဝမေဝ၊ တူ။ သံသာရဝဋ္ဋေ၊ ၌။ ဧကာဒသဂ္ဂိသန္တာပသန္တတ္တော၊ တဆယ့်တပါးသောမီးပူဖြင့် ပြင်းစွာ ပူပန်သော။ အယံ ယောဂါဝစရော၊ သည်။ ဧကာဒသဂ္ဂိုပသမံ၊ ရာဂဂ္ဂိ စသော တဆယ့်တပါးသောမီးပူတို့၏ ငြိမ်းရာဖြစ်သော။ နိဗ္ဗာနံ၊ ကို။ ပတ္ထေတိ၊ ၏။

ပန၊ ထိုမှတပါး။ အန္ဓကာရပရေတော၊ လေးပါးသောအင်္ဂါနှင့် ပြည့်စုံသော အမှောင်အမိုက်သည် နှိပ်စက်အပ်သော။ ပုရိသော၊ သည်။ အာလောကံ၊ ကို။ ပတ္ထေတိ ယထာ၊ သို့။ ဧဝမေဝ၊ တူ။ အဝိဇ္ဇန္ဓ-ကာရေန၊ အဝိဇ္ဇာဟူသော အမိုက်သည်။ ဩနဒ္ဓပရိယောနဒ္ဓေါ၊ ဖုံးလွှမ်းအပ် အဖန်တလဲလဲ ဖုံးလွှမ်းအပ်သော။ အယံ ယောဂါဝစရော၊ သည်။ ဉာဏာလောကံ၊ ဉာဏ်ဖြင့်ပြီးသော အလင်းရှိသော။ မဂ္ဂဘာဝနံ၊ ကို။ ပတ္ထေတိ၊ ၏။

စ၊ ပါး။ ဝိသသမ္ဘူတွေ၊ အဆိပ်ဖြင့်နှိပ်စက်အပ်သော။ ပုရိသော၊ သည်။ ဝိသဃာတနံ၊ အဆိပ်ကိုဖျောက်တတ်သော။ ဘေသဇ္ဇံ၊ ကို။ ပတ္ထေတိ ယထာ၊ သို့။ ဧဝမေဝ၊ တူ။ ကိလေသဝိသသမ္ဘူတွေ၊ ကိလေသာ ဟူသောအဆိပ်ဖြင့် နှိပ်စက်အပ်သော။ အယံ ယောဂါဝစရော၊ သည်။ ကိလေသဝိသနိမ္မဒနံ၊ ကိလေသာဟူသောအဆိပ်ကို နှိပ်နင်းနိုင်သော။ အမတောသဓံ၊ အမြိုက်ဖြစ်၍ဖြစ်သော ဆေးဟုဆိုအပ်သော၊ ဝါ၊ မသေ သည်၏အဖြစ်ကို ပြီးစေတတ်သောဆေးဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ ကို။ ပတ္ထေတိ၊ ၏။ တေန၊ ကြောင့်။ တဿေဝံ။ပ။ ဉ်သကပေါဏောတိ၊ ဟူသောစကားကို။ ဝုတ္တံ၊ ပြီ။ [၁၀၅] သဗ္ဗံ၊ အလုံးစုံသောစကားကို။ ပုဗ္ဗေ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ ၏။

၇၉၇။ ပန၊ ဆက်၍ဆိုအံ့။ တွောဝတာ စ၊ ဤမျှအတိုင်းအရှည် ရှိသော ဝိပဿနာအစဉ်ဖြင့်သာလျှင်။ သေ-သော ယောဂီ၊ ဤယောဂီ သည်။ ပဋိလီနစရော နာမ၊ ဘဝစသည်တို့မှ တွန့်လိပ်သောစိတ် ရှိသည်၏

အဖြစ်ဖြင့် ကျင့်သောပုဂ္ဂိုလ် မည်သည်။ ဟောတိ၊ ၏ ^၁ ။ ယံ ပဋိလီန-စရံ၊ အကြင်ဘဝစသည်တို့မှ တွန့်လိပ်သောစိတ် ရှိသည်၏အဖြစ်ဖြင့် ကျင့်တတ်သောပုဂ္ဂိုလ်ကို။ သန္တာယ၊ ၍။ ပဋိလီနစရဿ။ပ။ န ဒဿ-ယေတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

[ဘိက္ခဝေ၊ တို့။ ယော-ဘိက္ခု၊ သည်။ ဘဝနေ၊ ဘုံသုံးပါး၌။ အတ္တာနံ၊ မိမိအတ္တဘောကို။ န ဒဿယေ၊ မပြရာ၊ ဝါ၊ မမြင်ရာ။ ဝိဝိတ္တမာနသံ၊ ကာယဝိဝေက စိတ္တဝိဝေကေ၌ယှဉ်သောစိတ်သို့။ ဘဇမာနဿ၊ ဆည်းကပ်သော။ ပဋိလီနစရဿ၊ ဘဝသုံးပါးတို့မှ တွန့်လိပ်သောစိတ် ရှိသည်၏အဖြစ်ဖြင့် ကျင့်နိုင်ပေသော။ တဿ ဘိက္ခုနော၊ ထိုယောဂီ ရဟန်း၏။ တံ-အဒဿနံ၊ ထိုဘုံသုံးပါး၌ မိမိအတ္တဘောကို မမြင်ရခြင်းကို။ သာမဂ္ဂိယံ-ပဋိရူပံ၊ သင့်တင့်လှ၏ဟူ၍။ ဗုဒ္ဓါဒယော၊ ဘုရားအစရှိကုန်သော အရိယာအရှင်မြတ်တို့သည်။ အာဟု-ကထေန္တိ၊ ချီးမွမ်းတော်မူကုန်၏။]

ဧဝံ-ယထာဝုတ္တနယေန၊ ဖြင့်။ ဣဒံ သင်္ခါရုပေက္ခာဉာဏံ၊ သည်။ (နိယ-မေတိ-၌စပ်) ယောဂိနော၊ ၏။ ပဋိလီနစရဘာဝံ၊ တွန့်လိပ်သောစိတ်ရှိသည်၏ အဖြစ်ဖြင့်ကျင့်နိုင်သော ပုဂ္ဂိုလ်၏အဖြစ်ကို။ နိယမေတွာ၊ မှတ်၍၊ ဝါ၊ အမြဲကေသိကအဖြစ်ကိုပြု၍။ ဥတ္တရိ၊ အလွန်၊ ဝါ၊ အထက်၌။ အရိယ-မဂ္ဂဿာပိ၊ အရိယမဂ်၏လည်း။ ဗောဇ္ဈင်္ဂ။ပ။ ဝိသေသံ၊ (အရိယမဂ်ခဏ၌ ရစကောင်းသော) ဗောဇ္ဈင်၏ ခြောက်ပါး ခုနစ်ပါးဟူသောအထူး, မဂ္ဂင်၏ ခုနစ်ပါးရှစ်ပါးဟူသောအထူး, ဈာနင်၏ ငါးပါးလေးပါးစသောအထူး, ပဋိပါဒါအထူး, ဝိမောက္ခအထူးကို။ နိယမေတိ၊ မှတ်၏၊ ဝါ၊ မြဲစေ၏။ ဟိ၊ ချဲ့ဦးအံ့။ ကေစိ ထေရာ၊ အချို့သော တိပိဋကစူဠနာဂ မထေရ်တို့သည်။ ဗောဇ္ဈင်္ဂမဂ္ဂင်္ဂဈာနင်္ဂါနံ၊ အရိယမဂ်ခဏ၌ ရစကောင်းသော ဗောဇ္ဈင်မဂ္ဂင် ဈာနင်တို့၏။ ဝိသေသံ၊ ခုနစ်ပါးခြောက်ပါး, ခုနစ်ပါးရှစ်ပါး, ငါးပါး လေးပါး စသည်အထူးကို။ ပါဒကဈာနံ၊ မဂ်၏အာသန္နဝုဋ္ဌာနဂါမိနီဝိပဿ နာ၏ အခြေဖြစ်သောဈာန်သည်။ နိယမေတိ၊ မြဲစေ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ကေစိ ထေရာ၊ အချို့သော မောရဝါပိဝါသိမဟာဒတ္တမထေရ်တို့

---

၁-အာလယကင်းသည်၏ အဖြစ်ဖြင့် တဏှာ၏အစွမ်းအားဖြင့် ဘဝစသည်တို့၌ မပြန့်သော အဇ္ဈာသယရှိသည်ဖြစ်၍ ထိုဘဝစသည်တို့မှ တွန့်လိပ်သောစိတ်ရှိရကား တွန့်လိပ်သည်၏အဖြစ်ဖြင့် ကျင့်တတ်သောပုဂ္ဂိုလ်မည်သည်ဟူလို။ (ပြည်)

သည်။ ဝိပဿနာယ၊ မဂ္ဂါသန္နဝုဋ္ဌာနဂါမိနီဝိပဿနာ၏။ အာရမ္မဏဘူတာ၊ ရှုအပ်သောအာရုံဖြစ်၍ ဖြစ်ကုန်သော။ ခန္ဓာ၊ တို့သည်။ နိယမေန္တိ၊ မြဲစေကုန်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ကေစိ ထေရာ၊ အချို့သော တိပိဋကစူဠာဘယမထေရ်တို့သည်။ (ဥဘိန္နံ၊ ပါဒကဈာန်သမ္မသိတဈာန်နှစ်ပါးတို့၏။ ဘိန္ဒေ၊ ကွဲပြားခြင်းသည်။ သတိ၊ သော်။) ပုဂ္ဂလဇ္ဈာသယော၊ ဝိပဿကပုဂ္ဂိုလ်၏အလိုသည်။ နိယမေတိ၊ မြဲစေ၏၊ ဝါ၊ မှတ်၏။ တေသံပိ၊ ထိုသုံးဦးသော သခင်တို့၏လည်း။ ဝါဒေသု၊ အယူတို့၌။ အယံ ပုဗ္ဗဘာဂဝုဋ္ဌာနဂါမိနီဝိပဿနာ၊ သည်။ နိယမေတိယေဝ၊ မှတ်သည်သာတည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

၇၉၈။ တတြ·တသ္မိံ ဗောဇ္ဈင်္ဂါဒိဝိသေသနိယမေ၊ ထိုဗောဇ္ဈင်အစရှိသည်တို့၏အထူးကို မှတ်ခြင်း၌။ အယံ၊ ဤဆိုလတ့ံသည်ကား။ အနုပုဗ္ဗိကထာ၊ အစဉ်ဖြစ်သောစကားတည်း။ ဟိ၊ ချဲ့အံ့။ ဝိပဿနာနိယမေန၊ ဝိပဿနာဟူသော မှတ်ကြောင်းဖြင့်။ သုက္ခဝိပဿကဿ၊ ဈာန်ဟူသော အစေးကင်း၍ခြောက်သော ဝိပဿနာရှိသောပုဂ္ဂိုလ်အား။ ဥပ္ပန္နမဂ္ဂေါပိ၊ ဖြစ်သောမဂ်သည်ငှင်း။ သမာပတ္တိလာဘိနော၊ သမာပတ်ကိုရသော ပုဂ္ဂိုလ်အား။ ဈာနံ၊ ကို။ ပါဒကံ အကတွာ၊ အခြေမပြုမူ၍။ ဥပ္ပန္နမဂ္ဂေါပိ၊ ဖြစ်သောမဂ်သည်ငှင်း။ ပဌမံ ဈာနံ၊ ကို။ ပါဒကံ ကတွာ၊ ၍။ ပကိဏ္ဏကသင်္ခါရေ၊ ပါဒကဈာန်မှ တပါးသောသင်္ခါရတို့ကို။ သမ္မသိတွာ၊ ၍။ ဥပ္ပါဒိတမဂ္ဂေါပိ၊ ဖြစ်စေအပ်သောမဂ်သည်ငှင်း။ ပဌမဈာနိကာဝ၊ ပဌမဈာန်နှင့်ယှဉ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ သဗ္ဗေသု၊ အလုံးစုံသော မဂ်တို့၌။ သတ္တ ဗောဇ္ဈင်္ဂါနိ၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့သည်။ အဋ္ဌ မဂ္ဂင်္ဂါနိ၊ ရှစ်ပါးသောမဂ္ဂင်တို့သည်။ ပဉ္စ ဈာနင်္ဂါနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏[၁]။

---

၁-အဘယ်ပုဂ္ဂိုလ်သည် သုက္ခဝိပဿကပုဂ္ဂိုလ်မည်သနည်း? ဤသို့ စသည်စုဒ်ရှိသောကြောင့် အဈာနလာဘီ သုဒ္ဓဝိပဿနာယာနိကော သုက္ခဝိပဿကော။ပ။ တသ္မာ သာ ဗောဇ္ဈင်္ဂါဒိဝိသေသနိယမနေ ကေန္တိကဟောတူတိ-မိန့်သော်။ ဋီကာ။ အဈာနလာဘီ၊ ဈာန်ကိုရခြင်းမရှိသော။ သုဒ္ဓဝိပဿနာယာနိကော၊ ပါဒကဈာန်နှင့်မဖက် သက်သက်သော ဝိပဿနာယာဉ်ရှိသော ပုဂ္ဂိုလ်သည်။ သုက္ခဝိပဿကော၊ မည်၏။ ဟိ-သစ္စံ၊ ၏။ သော၊ ထိုပုဂ္ဂိုလ်ကို။ ဈာနသိနေဒဟန၊ ဈာန်တည်းဟူသော အစေးဖြင့်။ အသိနိဒ္ဓဘာဝတော၊ မစွတ်သည်၏အဖြစ်ကြောင့်။ တေဿ၊ ထိုပုဂ္ဂိုလ်အား။ သုက္ခာ လူခါ၊ ကျန်းခြောက်သော။ ဝိပဿနာ၊ ဝိပဿနာသည်။ အတ္ထိ၊ ၏။ ဣတိ·တသ္မာ၊ ကြောင့်။ သုက္ခဝိပဿကောတိ၊

ဟိ၊ ထင်ရှားပြုအံ့။ တေသံ၊ ထိုအရိယမဂ်တို့၏။ ပုဗ္ဗဘာဂဝိပဿနာ၊ ရှေးအဖို့ဖြစ်သော ဝိပဿနာသည်။ သောမနဿသဟဂတာပိ၊ သောမနဿသဟဂုတ်သည်ရင်း။ ဥပေက္ခာသဟဂတာပိ၊ သည်ရင်း။ ဟုတွာ၊ ၍။ ဝုဋ္ဌာနကာလေ၊ ထသောကာလ၌။ သင်္ခါရုပေက္ခာဘာဝံ၊ သင်္ခါရုပေက္ခာ၏ အဖြစ်သို့။ ပတွာ၊ ရောက်၍။ သောမနဿသဟဂတာ၊ သောမနဿသဟဂုတ်သည်။ ဟောတိ၊ ၏။ ပဋ္ဌကနယေ၊ ပဋ္ဌကနည်း၌။ ဒုတိယတတိယစတုတ္ထဇ္ဈာနာနိ၊ တို့ကို။ ပါဒကာနိ၊ အခြေတို့ကို။ ကတွာ၊ ၍။ ဥပ္ပါဒိတမဂ္ဂေသု၊ ဖြစ်စေအပ်သောမဂ်တို့၌။ ယထာက္ကမေနေဝ၊ အစဉ်အတိုင်းသာလျှင်။ ဈာနံ၊ သည်။ စတုရင်္ဂိကံ၊ အင်္ဂါလေးပါးရှိသည်ရင်း။ တိဝင်္ဂိကံ၊ အင်္ဂါသုံးပါးရှိသည်ရင်း။ ဒုဝင်္ဂိကံ၊ အင်္ဂါနှစ်ပါးရှိသည်ရင်း။ ဟောတိ၊ ၏။ ပန၊ အထူးကိုဆိုအံ့။ သဗ္ဗေသု၊ အလုံးစုံသောမဂ်တို့၌။ သတ္တ မဂ္ဂင်္ဂါနိ၊ ခုနစ်ပါးသောမဂ္ဂင်တို့သည်။ ဟောန္တိ၊ ကုန်၏။ စတုတ္ထေ၊ စတုတ္ထဈာန်ကို အခြေပြု၍ဖြစ်သောမဂ်၌။ ဆ ဗောဇ္ဈင်္ဂါနိ၊ ခြောက်ပါးသော ဗောဇ္ဈင်တို့သည်။ ဟောန္တိ၊ ကုန်၏။ အယံ ဝိသေသော၊ ဤဒုတိယ

---

ဟူ၍။ ဝုစ္စတိ၊ ၏။ ပကိဏ္ဏကသင်္ခါရေတိ၊ ကား။ ပါဒကဈာနတော၊ မှ။ အညေ၊ တပါးကုန်သော။ သင်္ခါရေ၊ တို့ကို။ တေန၊ ထိုပကိဏ္ဏကသင်္ခါရ-ဟူသောပါဌ်ဖြင့်။ ပါဒကဈာန-သင်္ခါရေသု၊ ပါဒကဈာန်သင်္ခါရတို့ကို။ သမသိတေသု၊ သုံးသပ်အပ်ကုန်သည်ရှိသော်။ ဝတ္တဗ္ဗမေဝ၊ ဆိုဖွယ်သည်လျှင်။ နတ္ထိ၊ မရှိ။ ဣတိ-ဣမံ အတ္ထံ၊ ကို။ ဒဿေတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ ပဋ္ဌမံ ဈာနံ ပါဒကံ ကတွာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ စ၊ အံ့။ တတ္ထ၊ ဤပါဌ်ရပ်၌။ သုက္ခဝိပဿကာဒိဂဟဏံ၊ သုက္ခဝိပဿကအစရှိသည်ကို ယူခြင်းသည်။ ဝိပဿနာနိယမဿ၊ ဝိပဿနာဟူသောမှတ်ခြင်း၏။ ကေန္တိကဘာဝဒဿနတ္တံ၊ တခုတည်းသော အဖို့ရှိသည်၏ အဖြစ်ကို ပြခြင်းအကျိုးရှိသည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာကို။ ဝိနာ၊ ၍။ ကေဝလံ၊ သက်။ နိယမဟေတု၊ မှတ်ခြင်း၏အကြောင်းဖြစ်ကုန်သော။ ပါဒကဈာနာဒယော၊ ပါဒကဈာန်အစရှိသည်တို့ကို။ န ဒိဋ္ဌာ၊ မမြင်အပ်ဘူးကုန်။ ပန၊ အထူးကိုဆိုအံ့။ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်။ ပါဒကဈာနာဒီနံ၊ ပါဒကဈာန်အစရှိသည်တို့၏။ အဘာဝေ၊ မရှိခြင်းသည်။ သတိ၊ သော်။ သုက္ခဝိပဿကာဒီနံ၊ သုက္ခဝိပဿက အစရှိသောပုဂ္ဂိုလ်တို့အား။ မဂ္ဂဿ၊ ၏။ ပဋ္ဌမဈာနိကဘာဝဟေတု၊ ပဋ္ဌမဈာန်နှင့်ယှဉ်သည်၏ အဖြစ်၏အကြောင်းသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ သာ၊ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာသည်။ ဗောဇ္ဈင်္ဂါဒိဝိသေသနိယမနေ၊ ဗောဇ္ဈင်စသည်တို့၏အထူးကို မှတ်ခြင်း၌။ ကေန္တိကဟေတု၊ တခုသောအဖို့ရှိသောအကြောင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ မှတ်အပ်၏။ ။ငင်းနက်။ ။ဣဒါနိ ယထာဝုတ္တမတ္ထံ ပါကဋတရံ ကာတုံ တေသံ ဟီတိ-အာဒိ ဝုတ္တံ။ (ပြည်)

ချာန်စသည်တို့၏ စတုရင်္ဂိကအစရှိသောအထူးသည်။ ပါဒကဈာနနိယ-မေန စေဝ၊ ပါဒကဈာန်ဟူသော မှတ်ကြောင်းဖြင့်သာလျှင်ရှင်း။ ဝိပဿနာ-နိယမေန စ၊ ဝိပဿနာဟူသော မှတ်ကြောင်းဖြင့်သာလျှင်ရှင်း။ ဟောတိ၊ ၏။ ။(ရှေး၌ကဲ့သို့ ဝိပဿနာနိယမဖြင့်သာလျှင် မဟုတ်ဟူလို)၊ ဟိ-သစ္စံ၊ ၏။ တေသံပိ၊ ထိုပဉ္စကနည်း၌ ဒုတိယ တတိယ စတုတ္ထဈာန်တို့ကို အခြေပြု၍ ဖြစ်စေအပ်သောမဂ်တို့၏လည်း။ ပုဗ္ဗဘာဂဝိပဿနာ၊ သည်။ သောမနဿသဟဂတာပိ၊ သည်ရှင်း။ ဥပေက္ခာသဟဂတာပိ၊ သည်ရှင်း။ ဟောတိ၊ ၏။ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်။ သောမနဿ-သဟဂတာဝ၊ သောမနဿသဟဂုတ်သည်သာလျှင်။ ဟောတိ၊ ၏။ [၃၀၆] ပန၊ အထူးကိုဆိုအံ့။ ပဉ္စမဇ္ဈာနံ၊ ကို။ ပါဒကံ ကတွာ၊ ၍။ နိဗ္ဗတ္တိတ-မဂ္ဂေ၊ ဖြစ်စေအပ်သောမဂ်၌။ ဥပေက္ခာစိတ္တေကဂ္ဂတာဝသေန၊ ဥပေက္ခာစိတ္တေကဂ္ဂတာ၏အစွမ်းဖြင့်။ ဒွေ ဈာနင်္ဂါနိ၊ နှစ်ပါးသောဈာနင်တို့သည်။ ဟောန္တိ၊ ကုန်၏။ ဗောဇ္ဈင်္ဂမဂ္ဂင်္ဂါနိ၊ ဗောဇ္ဈင်မဂ္ဂင်တို့သည်။ ဆ၊ ခြောက်ပါးတို့သည်ရှင်း။ သတ္တ စေဝ၊ တို့သည်ရှင်း။ ဟောန္တိ၊ ကုန်၏။ အယံပိ ဝိသေ-သော၊ ဤနှစ်ပါးသောဈာနင်, ခြောက်ပါးသောဗောဇ္ဈင်, ခုနစ်ပါးသော မဂ္ဂင်ဟူသောအထူးသည်လည်း။ ဥဘယနိယမဝသေန၊ ပါဒကဈာနနိယမ, ဝိပဿနာနိယမ နှစ်ပါး၏အစွမ်းဖြင့်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဣမသ္မိံ နယေ၊ ဤနည်း၌။ ပုဗ္ဗဘာဂဝိပဿနာ၊ မဂ်၏ရှေးအဖို့၌ဖြစ်သော ဝိပဿနာသည်။ သောမနဿသဟဂတာ ဝါ၊ သောမနဿသဟဂုတ်သည် ရှင်း။ ဥပေက္ခာသဟဂတာ ဝါ၊ ဥပေက္ခာသဟဂုတ်သည်ရှင်း။ ဟောတိ၊ ၏။ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်။ ဥပေက္ခာသဟဂတာဝ၊ ဥပေက္ခာသဟဂုတ်သည်သာတည်း။ အရူပဈာနာနိ၊ တို့ကို။ ပါဒကံ ကတွာ၊ အခြေပြု၍။ ဥပ္ပါဒိတမဂ္ဂေပိ၊ ဖြစ်စေအပ်သောမဂ်၌လည်း။ ဧသေဝ နယော၊ ကိုသာလျှင်။ (ဝေဒိတဗ္ဗော၊ ၏။) ဧဝံ၊ သို့။ ပါဒကဈာနတော၊ ပါဒက ဈာန်မှ။ ဝုဋ္ဌာယ၊ ၍။ ယေကေစိ သင်္ခါရေ၊ အမှတ်မရှိ တော့ဘူမကသင်္ခါရ တို့ကို။ သမ္မသိတွာ၊ သုံးသပ်ဆင်ခြင်၍။ နိဗ္ဗတ္တိတမဂ္ဂဿ၊ ဖြစ်စေအပ်သော မဂ်၏။ အာသန္နပဒေသေ၊ နီးသောအရပ်၌။ ဝုဋ္ဌိတသမာပတ္တိ၊ ထအပ်သော သမာပတ်သည်။ အတ္တနော၊ မိမိ၏၊ ဝါ၊ နှင့်။ သဒိသဘာဝံ၊ တူသည်၏ အဖြစ်ကို။ ကရောတိ၊ ပြု၏။ ကိမိဝ၊ ကား။ ဘူမိဝဏ္ဏော၊ မြေအဆင်း

သည်။ ဂေါစရဝဏ္ဏနာသု၊ ဖွတ်အဆင်း၏။ အတ္တနော၊ နှင့်။ သဒိသဘာဝံ၊ ကို။ ကရောတိ ဝိယ၊ ပြုသကဲ့သို့တည်း[၁]။

၃၉၉။ ပန၊ ပါး။ ဒုတိယတ္ထေရဝါဒေ၊ ၌။ ယတော ယတော သမာ-ပတ္တိတော၊ အကြင် အကြင်သမာပတ်မှ။ ဝုဋ္ဌာယ၊ ၍။ ယေ ယေ သမာ-ပတ္တိဓမ္မေ၊ အကြင် အကြင်သမာပတ်တရားတို့ကို။ သမသိတွာ၊ ၍။ မဂ္ဂေါ၊ သည်။ နိဗ္ဗတ္တိတော၊ ဖြစ်စေအပ်သည်။ ဟောတိ၊ ဖြစ်အံ့။ တံတံသမာ-ပတ္တိသဒိသောဝ၊ ထိုထို သုံးသပ်အပ်သော သမာပတ်နှင့် တူသည်သာလျှင်။ ဟောတိ၊ ၏။ စ၊ ဆက်၍ဆိုအံ့။ တတြာပိ၊ ထိုဒုတိယထေရဝါဒ၌လည်း။ ဝိပဿနာနိယမော၊ ဝိပဿနာနိယမကို။ ဝုတ္တနယေနေဝ၊ လျှင်။ ဝေဒိ-တဗ္ဗော၊ ၏။

၄၀၀။ တတိယတ္ထေရဝါဒေ၊ ၌။ အတ္တနော အတ္တနော၊ ၏။ အဇ္ဈာ-သယာနုရူပေန၊ အလိုအားလျော်သဖြင့်။ (တံတံဈာနသဒိသောဝ-၌စပ်) ယံ ယံ ဈာနံ၊ အကြင် အကြင်ဈာန်ကို။ ပါဒကံ ကတွာ၊ ၍။ ယေ ယေ ဈာနဓမ္မေ၊ အကြင် အကြင်ဈာန်တရားတို့ကို။ သမသိတွာ၊ ၍။ နိဗ္ဗတ္တိတော၊ သော။ မဂ္ဂေါ၊ သည်။ တံတံဈာနသဒိသောဝ၊ ထိုထိုဈာန်နှင့် တူသည် သာလျှင်။ ဟောတိ၊ ၏။ ပန၊ သော်လည်း။ ပါဒကဈာနံ ဝါ၊ ပါဒက-ဈာန်ကိုဒင်း။ သမသိတဈာနံ ဝါ၊ ဈာန်ကိုဒင်း။ ဝိနာ၊ ကြဉ်၍။ အဇ္ဈာသယ-မတ္တေနေဝ၊ အလိုမျှဖြင့်သာလျှင်။ တံ- တံတံဈာနသဒိသဘာဝနံ၊ ထိုထိုထို ဈာန်နှင့် တူစွာဖြစ်ခြင်းသည်။ န ဣဇ္ဈတိ၊ မပြည့်စုံ။ သွာယမတ္ထော၊ ထို (ပါဒကဈာန် သမသိတဈာန် ဟူသော ဥပနိဿယတို့နှင့် ကင်း၍ အဇ္ဈာ-သယမျှဖြင့် မပြည့်စုံခြင်းဟူသော) အနက်ကို။ နန္ဒကောဝါဒသုတ္တေန၊ (ဥပနိဿယနှင့် ကင်း၍ သက်ပွမျှဖြင့် သကဒါဂါမိဖိုလ် စသည်တို့၏ မပြီး ခြင်းကို ပြတတ်သော) နန္ဒကောဝါဒသုတ်ဖြင့်။ ဒီပေတဗ္ဗော၊ ပြအပ်၏။ စ၊ ဆက်၍ဆိုအံ့။ ဧတ္ထာပိ၊ ဤတတိယထေရဝါဒ၌လည်း။ ဝိပဿနာ-နိယမော၊ ဝိပဿနာနိယမကို။ ဝုတ္တနယေနေဝ၊ (ယတော ယတော သမာပတ္တိတော ဝုဋ္ဌာယ-ဤသို့စသည်ဖြင့်) ဆိုအပ်ပြီးသောနည်းဖြင့် သာ လျှင်။ ဝေဒိတဗ္ဗော၊ ၏။ ဧဝံ၊ သို့။ တာဝ၊ စွာ။ သင်္ခါရုပေက္ခာ၊ သင်္ခါရု

---

၁-အာသန္နပဒေသေ-ဟူသော ဤပါဌ်ဖြင့် ဝိပဿကပုဂ္ဂိုလ်သည် အကြား အကြား၌ မိမိဝင်စားသော သမာပတ်၏ အစွမ်းဖြင့် ဤသို့သော အထူးသည် မရှိဟု ပြသတည်း။ (ပြည်)

ပေက္ခာဝိပဿနာသည်။ ဗောဇ္ဈင်္ဂမဂ္ဂင်္ဂဈာနင်္ဂါနိ၊ ဗောဇ္ဈင်မဂ္ဂင်ဈာနင် တို့ကို။ နိယမေတိ၊ မှတ်တတ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

၇၀၁။ ပန၊ ပါး။ အယံ၊ ဤသင်္ခါရုပေက္ခာဉာဏ်သည်[၁]။ အာဒိတော၊ လက်ဦး၌။ ကိလေသေ၊ တို့ကို။ ဝိက္ခမ္ဘယမာနာ၊ ခွါသည်ရှိသော်။ ဒုက္ခေန၊ ဆင်းရဲငြိုငြင်သဖြင့်။ သပ္ပယောဂေန၊ စိတ္တပယောဂဟုဆိုအပ်သော အားထုတ်ခြင်းနှင့်တကွ။ သသင်္ခါရေန၊ တိုက်တွန်းခြင်းနှင့်တကွ။ ဝိက္ခမ္ဘေတုံ၊ ခွါခြင်းငှါ။ သစေ အသက္ခိ၊ အကယ်၍မတတ်နိုင်ခဲ့သည်ဖြစ်အံ့။ ဒုက္ခာပဋိပဒါ နာမ၊ ဆင်းရဲငြိုငြင်သောအကျင့်မည်သည်။ ဟောတိ၊ ၏။ ဝိပ္ပရိယာယေန၊ ထိုမှပြန်သော အဒုက္ခအပ္ပယောဂအသင်္ခါရအားဖြင့်။

---

၁-အယံ-ဟူသောပုဒ်၏ ပုဂ္ဂိုလ်ကိုမစွဲ သင်္ခါရုပေက္ခာကိုစွဲသည်ဟု မြဲစေလိုသော ဋီကာဆရာသည် သာပိ ဟိ ကာမံ ဣမံ ဝါရံ ရောစေသုန္တိ ဧတ္ထ ကလာပသမ္မသနာဝသာနေ ဥဒယဗ္ဗယာနုပဿနာယ ပဝတ္တမာနာယ။ ပ။ တေန သဒ္ဓိံ ဣဒံ ဉာဏံ ကေတ္တနယဝသေန ကော ကတ္ဘာ အာဒိတော ကိလေသေ ဝိက္ခမ္ဘယမာနာတိ ဝုတ္တန္တိ ဝဒန္တိ-ဋီကာ။ ဟိ-သစ္စံ၊ ၏။ ဣမံ ဝါရံ ရောစေသုန္တိ ဧတ္ထ၊ ၌။ ကလာပသမ္မသနာဝသာနေ၊ ကလာပသမ္မသနအဆုံး၌။ ဥဒယဗ္ဗယာနုပဿနာယ၊ ဥဒယဗ္ဗယာနုပဿနာသည်။ ပဝတ္တမာနာယ၊ သော်။ ဥပ္ပန္နဿ၊ သော။ ဝိပဿနုပက္ကိလေသဿ၊ ဝိပဿနာ၏ညစ်ညူးကြောင်းကို။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဝိက္ခမ္ဘနေန၊ ခွါသဖြင့်။ ကိစ္ဆတာဝါရံ၊ ငြိုငြင်သည်၏အဖြစ်ဟူသောဝါရကို။ ဒုက္ခာပဋိ-ပဒါတိ၊ ဟူ၍။ ရောစေသုံ၊ အဋ္ဌကထာဆရာတို့ နှစ်သက်ကုန်၏။ ဣတိ၊ သို့။ အာစရိယာ၊ မူလဋီကာဆရာတို့သည်။ ကာမံ ဝဒန္တိ၊ အကယ်၍ကားဆိုကုန်၏။ ပန၊ သော်လည်း။ အဋ္ဌ-ကထာယံ၊ ၌။ ဝိပဿနာဉာဏေ၊ ဝိပဿနာဉာဏ်သည်။ တိက္ခေ၊ ထက်သည်။ သူရေ၊ ရဲသည်။ ပသန္နေ၊ ကြည်သည်။ ဝဟန္တေ၊ ဝန်ကိုရွက်ဆောင်သည်ရှိသော်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝိပဿနာနိကန္တိံ၊ ဝိပဿနာနိကန္တိကို။ ဒုက္ခေန၊ ဆင်းရဲသဖြင့်။ ကသိရေန၊ ငြိုငြင်သဖြင့်။ ကိလမန္တော၊ ပင်ပန်းသည်ဖြစ်၍။ ပရိယာဒိယတိ၊ ကုန်စေ၏။ ဣတိ၊ သို့။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ မုဋ္ဌိတုကမျတာဒိဘာဝေန၊ မုဋ္ဌိတုကမျတာ ဉာဏ်စသည်တို့၏အဖြစ်ဖြင့်။ ပဝတ္တမာနာ၊ ဖြစ်သော။ သာပိ သင်္ခါရုပေက္ခာ၊ ထိုသင်္ခါရုပေက္ခာသည်လည်း။ အတ္တနော၊ ၏။ ပဋိပက္ခေ၊ တို့ကို။ ကိစ္ဆေန၊ သဖြင့်။ ကသိရေန၊ ပင်ပန်းသဖြင့်။ ဝိက္ခမ္ဘေန္တီ၊ ခွါသည်ရှိသော်။ ဒုက္ခာပဋိပဒါပက္ခေယေဝ၊ ဒုက္ခာပဋိပဒါအဖို့၌သာလျှင်။ တိဋ္ဌတိ၊ တည်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗာ၊ ၏။ တေန၊ ကြောင့်။ အာဒိတော ကိလေသေ ဝိက္ခမ္ဘယမာနာတိအာဒိံ၊ ကို။ အာဟ၊ ၏။ ကေစိ ပန၊ ကေစိတို့သည်ကား။ ယေန ဉာဏေန၊ အကြင်ဉာဏ်ဖြင့်။ ဝိပဿနုပက္ကိလေသာ၊ ဝိပဿနာ၏ညစ်ညူးကြောင်းတို့ကို။ ဝိက္ခမ္ဘိတာ၊ ခွါအပ်ကုန်၏။ တေန ဉာဏေန၊ ထိုဥပက္ကိလေသကိုခွါကြောင်းဖြစ်သောဉာဏ်နှင့်။ သဒ္ဓိံ၊ တကွ။ ဣဒံ ဉာဏံ၊ ဤသင်္ခါရုပေက္ခာဉာဏ်ကို။ ကေတ္တနယဝသေန၊ ကေတ္တနည်း၏အစွမ်းဖြင့်။ ဧကံ ကတ္ဘာ၊ တခုတည်းပြု၍။ အာဒိတော ကိလေသေ ဝိက္ခမ္ဘယမာနာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဧင်းနက်။ (ပြည်)

ဝိက္ခမ္ဘေတုံ၊ ခွါခြင်းငှါ။ အသက္ကို၊ မတတ်နိုင်ခဲ့သည်ဖြစ်အံ့။ သုခါပဋိပဒါ၊ သုခပဋိပဒါမည်သည်။ ဟောတိ၊ ၏။ ပန၊ ထိုမှတပါး။ ကိလေသေ၊ ကိလေသာတို့ကို။ ဝိက္ခမ္ဘေတွာ၊ ခွါ၍။ ဝိပဿနာပရိဝါသံ၊ မဂ်ဟုဆိုအပ်သော တောင့်တအပ်သောအရာသို့ မကပ်ရောက်သေးပဲ မဂ်နှင့်ကင်းကွာ လျက်နေရာ ဝိပဿနာရှိသော။ မဂ္ဂပါတုဘာဝံ၊ မဂ်၏ထင်ရှားဖြစ်ခြင်းကို။ သဏိကံ၊ နှေးနှေးလေးလေး။ ကုရုမာနာ၊ ပြုသော။ အယံ သင်္ခါရုပေက္ခာ၊ သည်။ ဒန္ဓာဘိညာ နာမ၊ နှေးသော လေးသော အဘိညာဉ်ရှိသည် မည်သည်။ ဟောတိ၊ ၏[၁]။ ဝိပရိယာယေန၊ ထိုမှပြန်သောအားဖြင့်။ သီဃံ၊ လျင်စွာ။ ကုရုမာနာ၊ သော။ အယံ သင်္ခါရုပေက္ခာ၊ သည်။ ခိပ္ပါဘိညာ၊ လျင်သော အဘိညာဉ်ရှိသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ အယံ သင်္ခါ-ရုပေက္ခာ၊ သည်။ အာဂမနီယဋ္ဌာနေ၊ မဂ်၏လာကြောင်းဖြစ်သောအရာ၌။ ဌတွာ၊ တည်၍။ အတ္တနော အတ္တနော၊ ၏။ မဂ္ဂဿ၊ မဂ်အား။ နာမံ၊ ဒုက္ခာပဋိပဒါစသော အမည်ကို။ ဒေတိ၊ ပေး၏။ တေန၊ ထိုအာဂုံကြောင့် ရသော အမည်ဖြင့်။ မဂ္ဂေါ၊ မဂ်သည်။ စတ္တာရိ နာမာနိ၊ ဒုက္ခာပဋိပဒါ စသော လေးပါးသော အမည်တို့ကို။ လဘတိ၊ ရ၏။ (န ဟိ မဂ္ဂဿ သရသတော ဒေိသံ နာမံ အတ္ထိ။)

[၃၀၇] ပန၊ ဆက်၍ဆိုအံ့။ သာယံ ပဋိပဒါ၊ ဆိုအပ်ပြီးသော အပြား ရှိသော ထိုပဋိပဒါသည်။ ကဿစိ၊ အချို့သော။ ဘိက္ခုနော၊ ရဟန်းအား။ နာနာ၊ အသီးအသီး။ ဟောတိ၊ ၏။ ကဿစိ၊ သော။ ဘိက္ခုနော၊ အား။ စတူသုပိ မဂ္ဂေသု၊ လေးပါးသောမဂ်တို့၌လည်း။ ဧကာဝ၊ တခုတည်း သာလျှင်။ ဟောတိ၊ ၏။ ပန၊ အထူးကိုဆိုအံ့။ ဗုဒ္ဓါနံ၊ သဗ္ဗညုဘုရားရှင် တို့အား။ စတ္တာရောပိ မဂ္ဂါ၊ လေးပါးသောမဂ်တို့သည်လည်း။ သုခါပဋိပဒါ၊ ချမ်းသာသောအကျင့်ရှိကုန်သည်။ ခိပ္ပါဘိညာဝ၊ လျင်မြန်သောအဘိညာဉ် ရှိကုန်သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တထာ၊ တူ။ ဓမ္မသေနာ-ပတိဿ၊ တရားစစ်သူကြီးဖြစ်သော သခင်သာရိပုတ္တရာ၏။ စတ္တာရောပိ မဂ္ဂါ၊ တို့သည်လည်း။ သုခါပဋိပဒါ၊ ကုန်သည်။ ခိပ္ပါဘိညာဝ၊ ကုန်သည်သာ

---

၁-မဂ္ဂသည်ိတံ ဣစ္ဆိတဋ္ဌာနံ အနုပဂန္ဓာ ပရိဝသတိ ဝိပ္ပဝသတိ ဧတ္ထာတိ ပရိဝါသော၊ ဝိပဿနာ ပရိဝါသော ဧတဿ အတ္ထီတိ ဝိပဿနာပရိဝါသော၊ မဂ္ဂပါတုဘာဝေါ၊ တံ ပန သီဃံ ကုရုမာနာ ခိပ္ပါဘိညာ နာမ ဟောတီတိ ဝုတ္တံ၊ သဏိကံ ကုရုမာနာ အယံ သင်္ခါရု-ပေက္ခာတိ ယောဇနာ။ ဋီကာ။ (ပြည်)

လျှင်။ အဟောသိ၊ ကုန်၏။ ပန၊ အထူးကိုဆိုအံ့။ မဟာမောဂ္ဂလ္လာနတ္ထေ-ရဿ၊ ၏။ ပဌမမဂ္ဂေါ၊ သည်။ သုခါပဋိပဒေါ၊ ချမ်းသာသောအကျင့်ရှိသည်။ ခိပ္ပါဘိညော၊ လျင်သော အဘိညာဉ်ရှိသည်။ အဟောသိ၊ ၏။ ဥပရိ တယော မဂ္ဂါ၊ အထက်မဂ်သုံးခုတို့သည်။ ဒုက္ခာပဋိပဒါ၊ ကုန်သည်။ ဒန္ဓာဘိညာ၊ ကုန်သည်။ (အဘိ ဋ္ဌ ၁-၂၇၉-နှင့်အညီ ခိပ္ပါဘိညာသင့်သည်) အဟေသုံ၊ ကုန်၏။ (ပဋိပဒါပသင်္ကေန အဓိပတိ°ပိ ဒဿေတုံ ယထာ စာတိအာဒိ ဝုတ္တံ) စ၊ ဆက်၍ဆိုအံ့။ ပဋိပဒါ ယထာ၊ ပဋိပဒါကဲ့သို့။ ဧဝံ၊ တူ။ အဓိပတယောပိ၊ အဓိပတိတို့သည်လည်း။ (အဂ္ဂယော-ကဲ့သို့ ပုဒ်နေ) ကဿစိ၊ သော။ ဘိက္ခုနော၊ အား။ စတူသု မဂ္ဂေသု၊ တို့၌။ နာနာ၊ အသီးအသီး။ ဟောန္တိ၊ ကုန်၏။ ကဿစိ ဘိက္ခုနော၊ အား။ စတူသုပိ မဂ္ဂေသု၊ တို့၌လည်း။ ဧကာဝ၊ တူကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဧဝံ၊ သို့။ သင်္ခါရုပေက္ခာ၊ သည်။ ပဋိပဒါဝိသေသံ၊ ကို။ နိယ-မေတိ၊ မှတ်၏။ ပန၊ ထိုမှတပါး။ ယထာ၊ အကြင်အခြင်းဖြင့်။ ဝိမောက္ခ-ဝိသေသံ၊ ဝိမောက္ခအထူးကို။ နိယမေတိ၊ ၏။ တံ၊ ထိုအခြင်းအရာကို။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တမေဝ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။

၈၀၂။ အပိစ၊ ဆိုဖွယ်ရှိသေး၏။ မဂ္ဂေါ နာမ၊ မဂ်မည်သည်။ သရ-သေန ဝါ၊ မိမိသဘောအားဖြင့်သော်၎င်း။ (မိမိဖြစ်ခြင်း ဝိသေသအား ဖြင့်ဟူလို) ပစ္စနီကေန ဝါ၊ ဆန့်ကျင်ဖက်အားဖြင့်သော်၎င်း။ သဂု-ဏေန ဝါ၊ မိမိဂုဏ်အားဖြင့်သော်၎င်း။ အာရမ္မဏေန ဝါ၊ အာရုံအားဖြင့်သော်၎င်း။ အာဂမနေန ဝါ၊ အာဂုံအားဖြင့်သော်၎င်း။ (ဣတိ၊ သို့။) ပဉ္စဟိ၊ ကုန်သော။ ကာရဏေဟိ၊ တို့ကြောင့်။ နာမံ၊ ကို။ လဘတိ၊ ရ၏။ ဟိ၊ ထင်ရှားပြအံ့။ သစေ၊ အကယ်၍။ သင်္ခါရုပေက္ခာ၊ သည်။ အနိစ္စတော၊ အနိစ္စအားဖြင့်။ သင်္ခါရေ၊ တေဘူမကသင်္ခါရတို့ကို။ သမ္မသိတွာ-သမသန-ဟေတု၊ သုံးသပ်ခြင်းဟူသော အကြောင်းကြောင့်။ ဝုဋ္ဌာတိ၊ ထ၏[၁]။

၁-မဂ်သာ ဝုဋ္ဌာနမဟုတ်လောဟူမူ? မဂ္ဂကတ္တုကာယ ဝုဋ္ဌာနကြိယာယ ကေန္တိက-ဟေတုဘူတာ သင်္ခါရုပေက္ခာ ဖလူပစာရေန ဝုဋ္ဌာတီတိ ဝုတ္တာ။ ဋီကာ။ သင်္ခါရုပေက္ခာသာ ထသည်ဟူ၍ ဆိုသင့်သည်မဟုတ်၊ ဂေါတြဘူကိုလည်း ယူသင့်ပါသည်။ ထိုကြောင့် ယသ္မာ သင်္ခါရုပေက္ခာတိ ဝုဋ္ဌာဂါမိနီ သာ တော် ဥပလက္ခဏံ၊ တဒန္တောဂဓစ္စ ဂေါတြဘုဉာဏံ နိမိတ္တတော ဝုဋ္ဌာတိ၊ တသ္မာ ဝုတ္တံ ကေတ္တနယေန သမ္မသိတွာ ဝုဋ္ဌာတီတိ-မိန့်သော် ဋီကာ။ (ပြည်)

အနိမိတ္တဝိမောက္ခေန၊ အနိမိတ္တဟူ၍ မှတ်အပ်သော လွတ်ခြင်းဖြင့်။ (မဂ္ဂေါ၊ မဂ်သည်။) ဝိမုစ္စတိ၊ လွတ်၏။ (တနည်း) (တံသမင်္ဂိ-ပုဂ္ဂလော၊ ထိုမဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။) ဝိမုစ္စတိ၊ လွတ်၏။ ဒုက္ခတော၊ အားဖြင့်။ သမသိတ္တာ၊ သုံးသပ်သောကြောင့်၊ သစေ ဝုဋ္ဌာတိ၊ အကယ်၍ထအံ့။ အပ္ပဏိဟိတဝိမောက္ခေန၊ အပ္ပဏိဟိတဟူ၍ မှတ်အပ်သော လွတ်ခြင်းဖြင့်။ (မဂ္ဂေါ၊ သည်။) ဝိမုစ္စတိ၊ ၏။ အနတ္တတော၊ ဖြင့်။ သမသိတ္တာ၊ ကြောင့်။ သစေ ဝုဋ္ဌာတိ၊ အကယ်၍ထသည်ဖြစ်အံ့။ သုညတ-ဝိမောက္ခေန၊ သုညတဟူ၍ မှတ်အပ်သော လွတ်ခြင်းဖြင့်။ (မဂ္ဂေါ၊ သည်။) ဝိမုစ္စတိ၊ ၏။ ဣဒံ၊ ဤ(နိမိတ်စသည်မှကင်းသဖြင့် ရှုအပ်သော အနိမိတ္တ အပ္ပဏိဟိတ သုညတဟု သုံးပါးအပြားရှိသည်လည်း ဖြစ်သော) အမည်သည်။ (မဂ္ဂဿ၊ မဂ်၏။) သရသတော၊ မိမိသဘောအားဖြင့်။ နာမံ နာမ၊ ပြီးသောအမည် မည်၏။

ပန၊ ထိုမှတပါး။ ယသ္မာ၊ ကြောင့်။ သော-ဧသော မဂ္ဂေါ၊ ဤမဂ်သည်။ (ပုဗ္ဗဘာဂမဂ်နှင့်တကွ ဧကတ္တနည်းအားဖြင့် တခုတည်းပြု၍ ဆိုအပ်သော မဂ်ကိုယူ) အနိစ္စာနုပဿနာယ၊ အနိစ္စာနုပဿနာဖြင့်။ သင်္ခါရာနံ၊ တို့၏။ ဃနဝိနိဗ္ဘောဂံ၊ အပေါင်းကိစ္စ အာရုံအားဖြင့် တခဲနက်ကို ခွဲခြမ်းခြင်းကို။ ကတွာ၊ ပြု၍။ နိစ္စနိမိတ္တဓုဝနိမိတ္တသဿတနိမိတ္တာနိ၊ နိစ္စနိမိတ် ဓုဝနိမိတ် သဿတနိမိတ်တို့ကို။ ပဇဟန္တော၊ စွန့်လျက်။ အာဂတော၊ လာ၏။ တသ္မာ၊ ထိုကြောင့်။ အနိမိတ္တော၊ အနိမိတ္တမည်၏။ ပန၊ ပါး။ ဒုက္ခာနုပဿနာယ၊ ဖြင့်။ သုခသညံ၊ သုခသညာကို။ ပဟာယ၊ ၍။ ပဏိဓိံ ပတ္ထနံ၊ ပဏိဓိဟုဆိုအပ်သော တောင့်တခြင်းကို။ သုက္ခာပေတွာ၊ ခြောက်စေ၍။ အာဂတတ္တာ၊ လာသည်၏အဖြစ်ကြောင့်။ အပ္ပဏိဟိတော၊ မည်၏။ အနတ္တာနုပဿနာယ၊ ဖြင့်။ အတ္တသတ္တပုဂ္ဂလသညံ၊ အတ္တ သတ္တ ပုဂ္ဂလဟူသော အမှတ်သညာကို။ ပဟာယ၊ ၍။ သင်္ခါရာနံ၊ တို့၏။ သုညတော၊ အတ္တ သတ္တဝါပုဂ္ဂိုလ်မှ ဆိတ်သည်၏အဖြစ်ဖြင့်။ ဒိဋ္ဌတ္တာ၊ မြင်အပ်သည်၏ အဖြစ်ကြောင့်။ သုညတော၊ သုညတမည်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဣဒံ၊ ဤ(နိစ္စနိမိတ်စသည်တို့ကိုရင်း, ရာဂစသောပဏိဓိကိုရင်း, အတ္တသညာကိုရင်း ပယ်သည်၏အစွမ်းအားဖြင့် ရအပ်သောမဂ်၏ အနိမိတ္တ အပ္ပဏိဟိတ သုညတဟုဆိုအပ်သော) အမည်သုံးပါး အပေါင်း

သည်။ ပစ္စနီကတော၊ ဆန့်ကျင်ဖက်အားဖြင့်။ နာမံ နာမ၊ ပြီးသော အမည် မည်၏။

ပန၊ ပါး။ သေ-သော မဂ္ဂေါ၊ သည်။ ရာဂါဒီဟိ၊ ရာဂစသည်တို့မှ။ သုညတ္တာ၊ ဆိတ်သည်၏အဖြစ်ကြောင့်။ (မဂ်၌ ရာဂစသည် မရှိသော ကြောင့်ဟူလို) သုညတော၊ သုညတမည်၏။ ရူပနိမိတ္တာဒီနံ၊ စွဲလမ်းအပ် ကုန်သော ရူပနိမိတ် ဝေဒနာနိမိတ် စသည်တို့၏။ အဘာဝေန၊ မရှိခြင်း ကြောင့်။ ဝါ၊ ကား။ ရာဂနိမိတ္တာဒီနံယေဝ၊ ရာဂနိမိတ် ဒေါသနိမိတ် မောဟနိမိတ်တို့၏ သာလျှင်။ အဘာဝေန၊ မရှိခြင်းကြောင့်။ အနိမိတ္တော၊ အနိမိတ္တမည်၏။ (သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ ဟောတ္တ နိမိတ္တန္တိ အဓိပ္ပေတံ) ရာဂပဏိဓိအာဒီနံ၊ ရာဂပဏိဓိ ဒေါသပဏိဓိ စသည်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ အပ္ပဏိဟိတော၊ မည်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဣဒံ၊ ဤ(ရာဂစသည်တို့၏ ဆိတ်သည်၏ အဖြစ်ကြောင့်ရင်း, ရူပနိမိတ် စသည်တို့၏ မရှိသည်၏ အဖြစ်ကြောင့်ရင်း, ရာဂပဏိဓိစသည်တို့၏ မရှိ သည်၏ အဖြစ်ကြောင့်ရင်း ရအပ်သော သုညတ အနိမိတ္တ အပ္ပဏိဟိတ ဟူသော) အမည် သုံးပါးအပေါင်းသည်။ အဿ-မဂ္ဂဿ၊ ၏။ သဂုဏ-တော၊ မိမိဂုဏ်အားဖြင့်။ နာမံ၊ ပြီးသောအမည် မည်၏။

သွာယံ-သော အယံ မဂ္ဂေါ၊ သည်၊ ဝါ၊ ကို။ သုညံ၊ (အလုံးစုံသော သင်္ခါရမှ ဆိတ်သည်၏ အဖြစ်ကြောင့်ရင်း, အတ္တမှဆိတ်သည်၏ အဖြစ် ကြောင့်ရင်း) ဆိတ်သည်မည်သော။ အနိမိတ္တံ၊ (အလုံးစုံသော သင်္ခါရ နိမိတ် မရှိသည်၏ အဖြစ်ကြောင့်) အနိမိတ္တလည်းမည်သော။ အပ္ပဏိဟိ- တဉ္စ၊ (တဏှာပဏိဓိ စသည်တို့၏ မရှိသည်၏အဖြစ်ကြောင့်) အပ္ပဏိဟိတ လည်းမည်သော။ နိဗ္ဗာနံ၊ ကို။ အာရမ္မဏံ ကရောတိ၊ အာရုံပြု၏။ ဣတိပိ၊ ဤသို့သောအကြောင်းကြောင့်လည်း။ သုညတော အနိမိတ္တော အပ္ပဏိဟိ- တောတိ၊ သုညတ အနိမိတ္တ အပ္ပဏိဟိတဟူ၍။ ဝုစ္စတိ၊ ၏။ ဣဒံ၊ ဤ(သုညတ အနိမိတ္တ အပ္ပဏိဟိတမည်သောနိဗ္ဗာန်ကို အာရုံပြုသည်၏ အဖြစ်ကြောင့် ရအပ်သော) အမည် သုံးပါးအပေါင်းသည်။ အဿ-မဂ္ဂဿ၊ ၏။ အာရမ္မဏတော၊ အာရုံအားဖြင့်။ နာမံ၊ ရအပ်သော အမည်တည်း။

၈၀၃။ ပန၊ ပါး။ အာဂမနံ၊ လာကြောင်းဖြစ်သော အာဂုံသည်။ ဝိပဿနာဂမနံ၊ ဝိပဿနာဟူသော အာဂုံရင်း။ မဂ္ဂါဂမနဉ္စ၊ မဂ်ဟူသော

အာဂုံရင်း။ ဣတိ၊ သို့။ ဒုဝိဓံ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုနှစ်ပါးသော အာဂုံတို့တွင်။ မဂ္ဂေါ၊ ၌။ ဝိပဿနာဂမနံ၊ ဝိပဿနာဟူသော အာဂုံကို။ လဗ္ဘတိ၊ ရအပ်၏။ ဖလေ၊ ဖိုလ်၌။ မဂ္ဂါဂမနံ၊ မဂ်ဟူသော အာဂုံကို။ လဗ္ဘတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ အနတ္တာနုပဿနာ၊ သည်။ (အတ္တသုညတာယ၊ အတ္တမှ ဆိတ်သည်၏အဖြစ်ကို။ ဒိဋ္ဌတ္တာ၊ ရှုအပ်သည်၏ အဖြစ်ကြောင့်။ သရသတော၊ မိမိ သဘောအားဖြင့်။) သုညတာ နာမ၊ သုညတမည်၏။ သုညတာဝိပဿနာယ၊ ထိုသုညတာဝိပဿနာ၏။ မဂ္ဂေါ၊ သည်။ (ဝိပဿနာဂမနေန၊ ဝိပဿနာဟူသော အာဂုံဖြင့်။) သုညတော၊ မည်၏။ အနိစ္စာနုပဿနာ၊ သည်။ အနိမိတ္တာ နာမ၊ (နိစ္စနိမိတ်စသည်ကို ခွါခြင်းကြောင့်) အနိမိတ္တနိမိတ်မည်၏။ [ ၃၀၈ ] အနိမိတ္တဝိပဿနာယ၊ ၏။ မဂ္ဂေါ၊ သည်။ အနိမိတ္တော၊ ဝိပဿနာအာဂုံအားဖြင့် အနိမိတ္တမည်၏။ ပန၊ ဆက်၍ ဆိုအံ့။ ဣဒံ နာမံ၊ ဤမဂ်၏ အနိမိတ္တဟူသောအမည်ကို။ အဘိဓမ္မပရိယာယေန၊ အဘိဓမ္မာဒေသနာတော် နည်းအားဖြင့်။ န လဗ္ဘတိ၊ အပ်။ သုတ္တန္တပရိယာယေန၊ သုတ္တန်ဒေသနာအားဖြင့်။ (ဋီကာ၌ကား န-မရှိ၊ သုတ္တန်ဒေသနာ၌ပေး) ဟိ-သစ္စံ၊ မှန်၏။ တတြ၊ ထိုသုတ္တန်၌။ ဂေါတြဘုဉာဏံ၊ သည်။ အနိမိတ္တနိဗ္ဗာနံ၊ အနိမိတ္တမည်သော နိဗ္ဗာန်ကို။ အာရမ္မဏံ ကတွာ၊ ၍။ အနိမိတ္တနာမကံ၊ အနိမိတ္တအမည်ရှိသည်။ ဟုတွာ၊ ၍။ သယံ၊ မိမိသည်။ အာဂမနီယဋ္ဌာနေ၊ ရောက်ကြောင်း လာကြောင်း ပဋိပဒါ အရာ၌။ ဌတွာ၊ ၍။ မဂ္ဂဿ၊ မိမိမဂ်အား။ နာမံ၊ အနိမိတ္တဟူသော အမည်ကို။ ဒေတိ၊ ပေး၏။ ဣတိ၊ သို့။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏။ တေန၊ ထိုအကြောင်းဖြစ်သော ဝိပဿနာသည် ပေးအပ်သော အမည်ဖြင့်။ မဂ္ဂေါ၊ မဂ်ကို။ အနိမိတ္တောတိ၊ ဟူ၍။ ဝုတ္တော၊ ၏။ ပန၊ ထိုမှတပါး။ မဂ္ဂါဂမနေန၊ မဂ်ဟူသော အာဂုံဖြင့်။ ဖလံ၊ သည်။ အနိမိတ္တံ၊ အနိမိတ္တမည်၏။ ဣတိ ဝစနံ၊ ဤသို့သောစကားသည်။ ယုဇ္ဇတိယေဝ၊ သင့်သည်သာတည်း။ ဒုက္ခာနုပဿနာ၊ သည်။ သင်္ခါရေသု၊ တေဘူမကသင်္ခါရတို့၌။ ပဏိဓိံ၊ တဏှာဟူသော တောင့်တခြင်းကို။ သုက္ခာပေတွာ၊ ခြောက်စေ၍။ အာဂတတ္တာ၊ လာသည်၏ အဖြစ်ကြောင့်။ အပ္ပဏိဟိတာ နာမ၊ မည်၏။ အပ္ပဏိဟိတဝိပဿနာယ၊ နာဖြင့်။ မဂ္ဂေါ၊ သည်။ အပ္ပဏိဟိတော။ မည်၏။ အပ္ပဏိဟိတမဂ္ဂဿ၊ ၏။ ဖလံ၊ သည်။

အပ္ပဏိဟိတံ၊ မည်၏။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ဝိပဿနာ၊ သည်။ အတ္တနော၊ မိမိ၏။ နာမံ၊ အပ္ပဏိဟိတဟူသော အမည်ကို။ မဂ္ဂဿ၊ မဂ်အား။ ဒေတိ၊ ပေး၏။ မဂ္ဂေါ၊ သည်။ (အတ္တနော နာမံ၊ မိမိ၏ အပ္ပဏိဟိတဟူသော အမည်ကို။) ဖလဿ၊ အား။ ဒေတိ၊ ၏။ ဣတိ၊ ကြောင့်။ ဣဒံ၊ ဤအပ္ပဏိဟိတဟူသော အမည်သည်။ အာဂမနတော၊ အာဂုံအားဖြင့်။ နာမံ၊ ပြီးသောအမည်တည်း။ ဧဝံ၊ သို့။ အယံ သင်္ခါရုပေက္ခာ၊ သည်။ ဝိမောက္ခဝိသေသံ၊ ဝိမောက္ခအထူးကို။ နိယမေတိ၊ မှတ်၏။ ဣတိ၊ ဤဇွေတရပ်အပြီးတည်း။ ။သင်္ခါရုပေက္ခာဉာဏံ နိဋ္ဌိတံ။

**အနုလောမဉာဏကထာ**

၈၀၄။ တံ သင်္ခါရုပေက္ခာဉာဏံ၊ ထိုသင်္ခါရုပေက္ခာဉာဏ်ကို။ အာသေဝန္တဿ၊ အရိုအသေမှီဝဲသော။ ဘာဝေန္တဿ၊ ပွါးစေသော။ ဗဟုလီကရောန္တဿ၊ မီးပွတ်သောလား မနေမနား များစွာ အလေ့အလာ ပြုသော။ တဿ၊ ထိုယောဂီအား။ အဓိမောက္ခသဒ္ဓါ၊ ယုံကြည်သည်ဖြစ်၍ ဝတ္ထုဥ္မွတည်လျက် ဆုံးဖြတ်သော သဒ္ဓါသည်။ ဗလဝတရာ၊ (ဘာဝနာဝိသေသကိစ္စအားဖြင့် လွန်သည်၏အဖြစ်ကြောင့်) အလွန်အားသန်သည် ဖြစ်၍။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ သုပဂ္ဂဟိတံ၊ ကောင်းစွာ ချီးမြှောက်အပ်သော။ ဝီရိယံ၊ (မတွန့်တိုသည်ဖြစ်၍ အလွန်ထက်သည်၏ အဖြစ်ဖြင့်) ပဋိပက္ခကို လွှင့်ပျောက်ခြင်းငှါ စွမ်းနိုင်သော ဝီရိယသည်။ ဟောတိ၊ ၏။ သူပဋ္ဌိတာ၊ (အလွန်ထက်သည်၏ အဖြစ်ကြောင့်) အာရုံသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ကောင်းစွာထင်သော။ သတိ၊ သတိသည်။ ဟောတိ၊ ၏။ သုသမာဟိတံ၊ (ပဿဒ္ဓိသုခတို့၏ လွန်သည်၏ အဖြစ်ကြောင့်) အာရုံ၌ အညီအညွတ် ကောင်းစွာ ထားအပ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ၏။ တိက္ခတရာ၊ (အနုလောမဉာဏ် ဖြစ်ခြင်း၏အကြောင်း ဖြစ်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ဖြင့်) အလွန်အကဲနှင့်တကွ ထက်လှစွာသော။ သင်္ခါရုပေက္ခာ၊ သင်္ခါရတို့ကို စိစစ်လျစ်လျူဖြစ်သော သင်္ခါရုပေက္ခာပညာသည်။ ဥပ္ပဇ္ဇတိ၊ ၏။ တဿ၊ ထိုသင်္ခါရုပေက္ခာဖြစ်သော ယောဂီအား။ ဣဒါနိ၊ ယခု။ မဂ္ဂေါ၊ သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတံ့။ ဣတိ၊ သို့။ ဝတ္တဗ္ဗေ၊ ဆိုအပ်သည် ရှိသော်။ သင်္ခါရုပေက္ခာ၊ သည်။ သင်္ခါရေ၊ တို့ကို။ အနိစ္စာတိ ဝါ၊ အနိစ္စဟူ၍ရင်း။ ဒုက္ခာတိ ဝါ၊ ဟူ၍ရင်း။ အနတ္တာတိ ဝါ၊ ဟူ၍ရင်း။ သမ္မသိတွာ၊

အနိစ္စစသည်တို့တွင် တခုခုသော အခြင်းအရာဖြင့် သုံးသပ်သည်ဖြစ်၍။ (သတ္တက္ခတ္တုံ၊ ကြိမ်။ ပဝတ္တိတွာ၊ ၍။ ဘိဇ္ဇန္တိ၊ ချုပ်ပျက်သည်ဖြစ်၍။) ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ ဘဝင်္ဂါနန္တရံ၊ ဘဝင်၏ အခြားမဲ့၌။ သင်္ခါရုပေက္ခာယ၊ သင်္ခါရုပေက္ခာပညာသည်။ ကတနယေနေဝ၊ ပြုအပ်သော အနိစ္စစသောအားဖြင့် အာရုံပြုသော နည်းဖြင့်သာလျှင်။ (သုံးသပ်နည်းဖြင့်ကားမဟုတ်) သင်္ခါရေ၊ တို့ကို။ အနိစ္စာတိ ဝါ၊ ဟူ၍ ငင်း။ ဒုက္ခာတိ ဝါ၊ ဟူ၍ငင်း။ အနတ္တာတိ ဝါ၊ ဟူ၍ငင်း။ အာရမ္မဏံ၊ အာရုံကို။ ကုရုမာနံ၊ ပြုလျက်။ မနောဒွါရာဝဇ္ဇနံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တတော၊ ထိုမနောဒွါရာဝဇ္ဇန်း ချုပ်သည်မှ။ (ပရံ၊ နောက်၌။) ဘဝင်္ဂံ၊ ကို။ အာဝဋ္ဋေတွာ၊ လည်စေ၍၊ ဝါ၊ နစ်စေ၍။ (စိတ်အားဘဝင်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းငှါ မပေးသည်ကို နစ်စေသည်ဆိုသည်) ဥပ္ပန္နဿ၊ ဖြစ်သော။ တဿ ကိရိယာစိတ္တဿ၊ ထိုကိရိယာစိတ်၏။ အနန္တရံ၊ ၌။ အဝီစိကံ၊ (မတူသော စိတ်၏ ဖြစ်ခြင်းဟု ဆိုအပ်သော) အခြားအဆီး မရှိသော။ စိတ္တသန္တတိံ၊ စိတ်အစဉ်ကို။ အနုပ္ပဗန္ဓမာနံ၊ အစဉ်မပြတ် ဆက်စပ်လျက်။ ပဌမဇဝနစိတ္တံ၊ ပဌမဇောစိတ်သည်။ တထေဝ၊ ထိုရှေး အတူလျှင်။ သင်္ခါရေ၊ တို့ကို။ အာရမ္မဏံ ကတွာ၊ ၍။ ဥပ္ပဇ္ဇတိ၊ ၏[၁]။ ယံ-စိတ္တံ၊ အကြင်ပဌမဇောစိတ်ကို။ ပရိကမ္မန္တိ၊ (အရိယမဂ်ကိုပြုပြင်တတ်

---

၁-ကိရိယာမနောဓာတုယာ ဟိ ဘဝင်္ဂေ အာဝဋ္ဋိတေ ကိရိယမယစိတ္တပ္ပဝတ္တိ ဝိပါကစိတ္တုပ္ပတ္တိယာ သဝီစိကာ သန္တရာ၊ န ဧဝံ မနောဒွါရာဝဇ္ဇနေနာတိ ဝုတ္တံ "အဝီစိကံ သန္တတိံ အနုပ္ပဗန္ဓမာန"န္တိ။ တထေဝါတိ ယထာ အတီတာသု ဒွတ္တိဇဝနဝီထိသု သင်္ခါရုပေက္ခာ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သင်္ခါရေ အာရမ္မဏမကာသိ၊ တထေဝ။ ဋီကာ။ ကိရိယာ မနောဓာတ်သည် ဘဝင်ကိုလည်စေအပ်သည်ရှိသော် ကိရိယာမယစိတ်၏ ဖြစ်ခြင်းသည် ဝိပါက်စိတ်ဖြစ်ခြင်းဖြင့် အခြားအဆီးရှိသည်ဖြစ်၏၊ ထိုသို့အတူ မနောဒွါရာဝဇ္ဇန်းသည် ဘဝင်ကိုလည်စေသည်ရှိသော် ကိရိယာမယစိတ်၏ဖြစ်ခြင်းသည် ဝိပါက်စိတ် ဖြစ်ခြင်းဖြင့် အခြားအဆီးမရှိ။ ထို့ကြောင့် "အဝီစိံ စိတ္တသန္တတိံ အနုပ္ပဗန္ဓမာနံ" ဟူသည်။ တထေဝ ဟူသည်ကား လွန်လေပြီးသော နှစ်ခုသုံးခုသော ဇောဝီထိတို့၌ သင်္ခါရုပေက္ခာသည် အနိစ္စဟူ၍ငင်း ဒုက္ခဟူ၍ငင်း အနတ္တဟူ၍ငင်း သင်္ခါရတို့ကို အာရုံပြုသကဲ့သို့ ထိုအတူ သင်္ခါရတို့ကို အာရုံပြု၍ ပဌမဇောစိတ်ဖြစ်သည်ဟူလို။ (ပြည်)

မြန်မာမူ ဋီကာပါဠ်တို့၌ ဒွတ္တိဇဝနဝီထိသု-အရာတွင် ဒွတ္တိံသဇဝနဝီထိသု-ဟု ရှိ၏၊ သီဟိုဠ်မူဋီကာ၌ကား ဒွတ္တိဇဝနဝီထိသု-ဟူ၍ပင်ရှိ၏။ ၎င်းပါဠ်သည်သာလျှင် မဟာဋီကာ (၁-၁၉၁)၌ရှိသော "မဂ္ဂဝီထိတော ပုဗ္ဗေ ဒွေ တယော ဇဝနဝါရာ သဒိသာနုပဿနာဝ ပဝတ္တန္တိ" ဟူသောပါဠ်နှင့်ညီညွတ်၍ သင့်မြတ်ပေသည်၊ ထို့ကြောင့် ပြည်ဆရာတော်၏

သည်၏ အဖြစ်ကြောင့်) ပရိကံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ-ပဌမဇဝန-စိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တဒနန္တရံ၊ ထိုပရိကံဇောအခြားမဲ့၌။ တထေဝ၊ ထိုရှေးအတူလျှင်။ သင်္ခါရေ၊ တို့ကို။ အာရမ္မဏံ ကတွာ၊ ၍။ ယံ-စိတ္တံ၊ အကြင်ဇောစိတ်ကို။ ဥပစာရန္တိ၊ မဂ်၏ အနီး၌ ကျင်လည်သည်၏ အဖြစ်ကြောင့် ဥပစာရဟူ၍။ ဝုစ္စတိ၊ ၏။ ဒုတိယံ၊ နှစ်ခုမြောက်သော။ တံ-ဇဝနစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တဒနန္တရမ္ပိ၊ ထိုဥပစာရ၏ အခြားအမဲ့၌လည်း။ တထေဝ၊ လျှင်။ သင်္ခါရေ၊ တို့ကို။ အာရမ္မဏံ ကတွာ၊ ၍။ ယံ-စိတ္တံ၊ ကို။ အနုလောမန္တိ၊ ရှေ့နောက်ဖြစ်သော ဓမ္မတို့အား လျော်သည်၏အဖြစ်ကြောင့် အနုလုံဟူ၍။ ဝုစ္စတိ၊ ၏။ တတိယံ၊ သုံးကြိမ်မြောက်သော။ တံ-ဇဝနစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣဒံ၊ ဤပရိကံ ဥပစာ အနုလုံ ဟူသော အမည်သည်။ နေသံ-ဇဝနာနံ၊ ထိုသုံးပါးသော ဇောတို့၏။ ပါဋိ-ယေက္ကံ၊ အသီးသော။ နာမံ၊ အမည်တည်း။

ပန၊ သော်လည်း။ အဝိသေသေန၊ ခပ်သိမ်းသော ဇောတို့အား ဆက်ဆံသောအားဖြင့်။ တိဝိဓမ္ပိ၊ သုံးပါးအပြားရှိသည်လည်း ဖြစ်သော။ ဇေတံ-ဇဝနစိတ္တံ၊ ကို။ အာသေဝနန္တိပိ၊ ရိုသေစွာမှီဝဲတတ်သည်၏ အဖြစ်ကြောင့် အာသေဝနဟူ၍ရင်း။ ပရိကမ္မန္တိပိ၊ ပရိကံဟူ၍ရင်း။ ဥပစာရန္တိပိ၊ ဥပစာရဟူ၍ရင်း။ အနုလောမန္တိပိ၊ အနုလုံဟူ၍ရင်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ကိဿ၊ အဘယ်မည်သောဓမ္မအား။ အနုလောမံ၊ လျော်သနည်း။ ပုရိမဘာဂပစ္ဆိမဘာဂါနံ၊ ရှေးအဖို့နောက်အဖို့တို့၌ ဖြစ်ကုန်သော ဓမ္မအဖို့အစုတို့အား။ အနုလောမံ၊ လျော်၏။ ဟိ-သစ္စံ၊ ၏။ တံ-ဇဝနံ၊ ထို တတိယအနုလုံဇောသည်။ ပုရိမာနံ၊ ရှေးအဖို့၌ ဖြစ်ကုန်သော။ အဋ္ဌန္နံ ဝိပဿနာဉာဏာနံ၊ ဥဒယဗ္ဗယဉာဏ်အစရှိကုန်သော ရှစ်ပါးသော ဝိပဿနာဉာဏ်တို့၏။ တထကိစ္စတာယ၊ မဖောက်မပြန်မှန်သော ကိစ္စရှိသည်၏အဖြစ်အားလည်း။ အနုလောမေတိ၊ လျော်၏။ ဥပရိ၊ အထက်ဖြစ်သော မဂ်ခဏ၌။ သတ္တတိံသာယ ဗောဓိပက္ခိယဓမ္မာနံ၊ သုံးဆယ့်ခုနှစ်ပါးသော ဗောဓိပက္ခိယတရားတို့၏။ တထကိစ္စတာယ စ၊ မဖောက်မပြန် မှန်သော ကိစ္စရှိသည်၏အဖြစ်အားလည်း။ အနုလောမေတိ၊ လျော်၏။ ဟိ၊ ချဲ့အံ့။

---

အမှာစကားထဲမှ ဒွတ္တိံသဇဝနဝီထိသု-ဟူသောပုဒ်ကို ဒွတ္တိဇဝနဝီထိသု-ဟူ၍ရင်း သုံးဆယ့်နှစ်ပါးကုန်သော ဇောဝီထိတို့၌-ဟူသည်ကို နှစ်ခုသုံးခုသော ဇောဝီထိတို့၌-ဟူ၍ရင်း ပြင်လိုက်သည်။ (ဆ-သံ-သော)

တံ-အနုလောမဉာဏံ၊ သည်။ တဿ၊ ထိုအနုလောမဉာဏ်၏။ (ဟိတ်၏ သဒ္ဒှန်ထည့်) အနိစ္စလက္ခဏာဒိဝသေန၊ အနိစ္စလက္ခဏာ အစရှိသည်တို့၏ အစွမ်းဖြင့်။ သင်္ခါရေ၊ တေဘူမကသင်္ခါရတို့ကို။ [၃၀၉] အာရဗ္ဘ၊ အာရုံ ပြု၍။ ပဝတ္တတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ ဥဒယဗ္ဗယဝန္တာနညေဝ၊ ဖြစ်ခြင်း ပျက်ခြင်း ရှိသည်သာလျှင် ဖြစ်ကုန်သော။ ဓမ္မာနံ၊ သင်္ခါရတရား တို့၏။ ဥဒယဗ္ဗယဉာဏံ၊ ဖြစ်ခြင်းပျက်ခြင်းကို သိသောဉာဏ်သည်။ ဥပ္ပါဒ-ဝယေ၊ ဖြစ်ခြင်းပျက်ခြင်းတို့ကို။ ဝတ၊ စင်စစ်။ အဒ္ဒသ၊ မြင်ပြီ။ ဣတိ စ၊ ဤသို့ရင်း။ ဘင်္ဂဝန္တာနညေဝ၊ ဘင်္ဂက္ခဏရှိသည်သာလျှင် ဖြစ်ကုန်သော။ ဓမ္မာနံ၊ တို့၏။ ဘင်္ဂါနုပဿနံ၊ ဘင်ကိုရှုသောဉာဏ်သည်။ ဘင်္ဂံ၊ ဘင်ကို။ ဝတ၊ စင်စစ်။ အဒ္ဒသ၊ မြင်ပြီ။ ဣတိ စ၊ ရင်း။ သဘယညေဝ၊ ကြောက် အပ်သော သဘောရှိသော သင်္ခါရသည်သာလျှင်။ ဘယတုပဋ္ဌာနဿ၊ ဘယတုပဋ္ဌာနဉာဏ်အား။ ဝတ၊ စင်စစ်။ ဘယတော၊ ကြောက်အပ်သည် ၏အဖြစ်ဖြင့်။ ဥပဋ္ဌိတံ၊ ရှေးရှုထင်၏။ ဣတိ စ၊ ရင်း။ သာဒီန-ဝေယေဝ၊ အပြစ်ရှိသောသင်္ခါရ၌သာလျှင်။ အာဒီနဝါနုပဿနံ၊ အာဒီနဝ-အနုပဿနာဉာဏ်သည်။ အာဒီနဝံ၊ အပြစ်ကို။ ဝတ၊ စင်စစ်။ အဒ္ဒသ၊ မြင်၏။ ဣတိ စ၊ ရင်း။ နိဗ္ဗိန္ဒိတဗ္ဗယေဝ၊ ငြီးငွေ့အပ်သော သင်္ခါရတရား၌ သာလျှင်။ နိဗ္ဗိဒါဉာဏံ၊ နိဗ္ဗိဒါဉာဏ်သည်။ ဝတ၊ စင်စစ်။ နိဗ္ဗိန္ဒံ၊ ငြီးငွေ့၏။ ဣတိ စ၊ ဤသို့ရင်း။ မုဉ္စိတုဗ္ဗမိ့ယေဝ၊ စွန့်လွှတ်အပ်သော သင်္ခါရတရား၌ သာလျှင်။ မုဉ္စိတုကမျတာဉာဏံ၊ ဉာဏ်သည်။ မုဉ္စိတုကာမံ၊ လွတ်လိုသည်။ ဝတ၊ စင်စစ်။ ဇာတံ၊ ဖြစ်ပြီ။ ဣတိ စ၊ ရင်း။ ပဋိသင်္ခါတဗ္ဗညေဝ၊ သုံးသပ် ဆင်ခြင်အပ်သော တရားကိုသာလျှင်။ ပဋိသင်္ခါဉာဏေန၊ ဉာဏ်ဖြင့်။ ဝတ၊ စင်စစ်။ ပဋိသင်္ခါတံ၊ သုံးသပ်ဆင်ခြင်အပ်ပြီ။ ဣတိ စ၊ ဤသို့ရင်း။ ဥပေက္ခိ-တဗ္ဗညေဝ၊ လျစ်လျူရှုအပ်သော သင်္ခါရတရားကိုသာလျှင်။ သင်္ခါ-ရုပေက္ခာယ၊ သင်္ခါရုပေက္ခာဉာဏ်သည်။ ဝတ၊ စင်စစ်။ ဥပေက္ခိတံ၊ လျစ်လျူရှုအပ်ပြီ။ ဣတိ စ၊ ရင်း။ အတ္ထတော ဝဒမာနံ ဝိယ၊ မဆိုသော် လည်း အတ္ထာပတ္တိအားဖြင့်ဆိုသကဲ့သို့။ ဣမေသဉ္စ အဋ္ဌန္နံ ဉာဏာနံ၊ ဤ ဥဒယဗ္ဗယဉာဏ်အစရှိသော ရှစ်ပါးသောဉာဏ်တို့၏။ တထကိစ္စတာယ၊ မဖောက်မပြန် မှန်သောကိစ္စရှိသည်၏ အဖြစ်အားလည်း။ အနုလောမေတိ၊ လျော်၏။ (တဦ-၌တံ-သဒ္ဒါကို ဤအနုလောမေတိ-၌စပ်) ဥပရိ၊ အထက် ဖြစ်သောမဂ်ခဏ၌။ သတ္တတိံသာယ ဗောဓိပက္ခိယဓမ္မာနံ၊ တို့၏။ တထကိစ္စ-

တာယ၊ မဖောက်မပြန် မှန်သောကိစ္စရှိသည်၏ အဖြစ်အားလည်း။ အနုလောမေတိ၊ လျော်၏။ ကသ္မာ၊ ကား။ တာယ ပဋိပတ္တိယာ၊ ထိုအနုလောမဉာဏ်၏ ရှန့်ရင်းရှန့်ရင်းသော သစ္စာကိုဖုံးလွှမ်းတတ်သော သံကိလေသကို ခွါခြင်းအကျင့်ဖြင့်။ ပတ္တဗ္ဗတ္တာ၊ ရောက်အပ်သည်၏ အဖြစ်ကြောင့်တည်း။

ဟိ၊ ထင်ရှားပြုအံ့။ ဓမ္မိကော၊ တရားစောင့်သော။ ရာဇာ၊ မင်းသည်။ ဝိနိစ္ဆယဋ္ဌာနေ၊ တရားဆုံးဖြတ်ရာအရပ်၌။ နိသိန္နော၊ နေလျက်။ ဝေါဟာ-ရိကမဟာမတ္တာနံ၊ တရားဆုံးဖြတ်သော မဟာအမတ်ကြီးတို့၏။ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ သုတွာ၊ ကြား၍။ အဂတိဂမနံ၊ အဂတိသို့လိုက်ခြင်းကို။ ပဟာယ၊ ပယ်၍။ မဇ္ဈတ္တော၊ လျစ်လျူရှုသည်။ ဟုတွာ၊ ၍။ ဧဝံ ဟောတု-တိ၊ ဤအတိုင်းသာ အဆုံးအဖြတ်ဖြစ်စေဟု။ အနုမောဒမာနော၊ ဝမ်းမြောက်သည်ဖြစ်၍။ တေသံ၊ ထိုအမတ်ကြီးတို့၏။ ဝိနိစ္ဆယဿ စ၊ အဆုံးအဖြတ်အားလည်း။ အနုလောမေတိ ယထာ၊ လျော်သကဲ့သို့။ ပေါရာဏဿ၊ ရှေး၌ဖြစ်သော။ ရာဇဓမ္မဿ စ၊ မင်းတို့သည်ပညတ်အပ်သော အကျင့်အားလည်း။ အနုလောမေတိ ယထာ၊ လျော်သကဲ့သို့။ ဣဒံ၊ ဤအနုလုံ၏လျော်ခြင်းကို။ ဧဝံသမ္ပဒံ၊ ဤဥပမာနှင့်အတူ ပြီးစီးပြည့်စုံခြင်းရှိသည်ဟု။ ဝေဒိတဗ္ဗံ၊ ၏။ ဟိ-ကထံ သဒိသံ၊ အဘယ်သို့တူသနည်း။ ရာဇာ ဝိယ၊ မင်းကဲ့သို့။ အနုလောမဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ အဋ္ဌ ဝေါဟာ-ရိကမဟာမတ္တာ ဝိယ၊ တရားဆုံးဖြတ်သော ရှစ်ယောက်သော အမတ်ကြီးတို့ကဲ့သို့။ အဋ္ဌ ဉာဏာနိ၊ ရှစ်ပါးသောဉာဏ်တို့ကို။ ဒဋ္ဌဗ္ဗာနိ၊ ကုန်၏။ ပေါရာဏော၊ ရှေး၌ဖြစ်သော။ ရာဇဓမ္မော ဝိယ၊ မင်းကျင့်တရားကဲ့သို့။ သတ္တတိံသ ဗောဓိပက္ခိယာ၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို။ ဒဋ္ဌဗ္ဗာ၊ ကုန်၏။ တတ္ထ၊ ထိုဥပမာ၌။ ရာဇာ၊ မင်းသည်။ ဧဝံ ဟောတူတိ၊ ဤသို့ဖြစ်စေဟု။ ဝဒမာနော၊ ဆိုသည်ဖြစ်၍။ ဝေါဟာရိကာနံ၊ တရားဆုံးဖြတ်သော အမတ်ကြီးတို့၏။ ဝိနိစ္ဆယဿ စ၊ အဆုံးအဖြတ်အားရင်း။ ရာဇဓမ္မဿ စ၊ ရှေးမင်းတို့သည်ပညတ်အပ်သော မင်းကျင့်တရားအားရင်း။ အနုလောမေတိ ယထာ၊ လျော်သကဲ့သို့။ ဧဝံ-တထာ၊ တူ။ အနိစ္စာဒိဝသေန၊ အနိစ္စစသည်တို့၏ အစွမ်းဖြင့်။ သင်္ခါရေ၊ တို့ကို။ အာရဗ္ဘ၊ ၍။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ ဣဒံ-ဉာဏံ၊ သည်။ အဋ္ဌန္နံ၊ ကုန်သော။ ဉာဏာနံ၊ တို့၏။ တထကိစ္စတာယ စ၊ မဖောက်မပြန်သော ကိစ္စရှိသည်၏ အဖြစ်အားရင်း။

ဥပရိမဂ္ဂက္ခဏေ၊ အထက်မဂ်ခဏာ၌။ သတ္တတိံသဗောဓိပက္ခိယဓမ္မာနံ၊ တို့၏။ တဒထကိစ္စတာယ စ၊ အားဖြင့်။ အနုလောမေတိ၊ လျော်၏။ တေနေဝ၊ ထိုသို့အောက်၌ဖြစ်သော ဉာဏ်တို့အား လျော်သောအမြွက်ဖြင့် အထက်ဗောဓိပက္ခိယတရားတို့အား လျော်သည်၏အဖြစ်ကြောင့်သာလျှင်။ (ဣဒံ ဉာဏံ၊ ကို။) သစ္စာနုလောမိကဉာဏန္တိ၊ မဂ္ဂသစ္စာအားလျော်သော ဉာဏ်ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ ဤရွေ့အပြီးတည်း ¹။

အနုလောမဉာဏံ နိဋ္ဌိတံ။

## ဝုဋ္ဌာနဂါမိနီဝိပဿနာကထာ

၈၀၅။ ပန၊ ဆက်၍ဆိုအံ့။ ဣဒဉ္စ အနုလောမဉာဏံ၊ ဤအနုလောမဉာဏ်သည်သာလျှင်။ သင်္ခါရာရမ္မဏာယ၊ သင်္ခါရအာရုံရှိသော။ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ၊ မဂ်သို့ချဉ်းကပ်သော ဝိပဿနာ၏ ²။ ပရိယောသာနံ၊ အဆုံးသည်။ ဟောတိ၊ ၏။ ပန၊ စင်စစ်မူကား။ သဗ္ဗေန သဗ္ဗံ၊ သိမ်း။ ဂေါတြဘုဉာဏံ၊ သည်။ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ၊ ၏။ ပရိယောသာနံ၊ သည်။ ဟောတိ၊ ၏။ ဣဒါနိ၊ ၌။ တဿာယေဝ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ၊ ၌သာလျှင်။ အသမ္မောဟတ္ထံ၊ (ထိုထိုသုတ်၌ ပရိယာယ်တပါးတို့ဖြင့် လာရာ၌) မတွေးစိမ့်သောငှါ။ အယံ၊ လတံ့သော။ သုတ္တသံသန္ဒနာ၊ ထိုထို သုတ်ပုဒ်တို့အား လျော်စွာစေ့စပ် နှီးနှောခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။

[၃၁၀] သေယျထိဒံ၊ ထိုသုတ္တသံသန္ဒနာဟူသည် အဘယ်နည်းဟူမူကား။ ဟိ၊ ချဲ့အံ့။ အယံ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ကို။ သဠာယတနဝိဘင်္ဂသုတ္တေ၊ ၌။ အတမ္မယတံ ဘိက္ခဝေ။ပ။ တံ သမ္မတိက္ကမထာတိ၊ ဟူ၍။ ဧဝံ၊ သို့။ အတမ္မယတာတိ၊ အတမ္မယတာဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ [ဘိက္ခဝေ၊ တို့။ အတမ္မယတံ၊ တဏှာ၏

---

၁-ဤဥပမာ၌ ရှစ်ယောက်သော တရားဆုံးဖြတ်သော အမတ်ကြီးတို့၏ အဂတိသို့ လိုက်ခြင်းကိုပယ်၍ ထိုထိုအဆုံးအဖြတ်ကို ပြုခြင်းကဲ့သို့ ရှစ်ပါးသောဉာဏ်တို့၏ မိမိတို့အစွမ်းအလျောက် ဆန့်ကျင်ဖက်ကိုသာပယ်၍ သင်္ခါရတို့၌ ဥဒယဝယကိုပြုခြင်းအစရှိသော အကျင့်ကို မှတ်အပ်၏၊ မင်း၏လျစ်လျူရှုသော အဖြစ်ကဲ့သို့ အနုလောမဉာဏ်၏ ရှေးအဖို့ နောက်အဖို့၌ဖြစ်သော ဓမ္မကောဋ္ဌာသအား လျော်သည်၏အဖြစ်ကို မှတ်အပ်၏။ (ပြည်)

၂-ဝုဋ္ဌာနံ အရိယမဂ္ဂံ ဂစ္ဆတိ ဥပေတီတိ ဝုဋ္ဌာနဂါမိနီ။ သင်္ခါရာရမ္မဏာယ-ဖြင့် နိဗ္ဗာနာရမ္မဏဂေါတြဘု-ကို စင်စေသည်။ (ပြည်)

ဆန့်ကျင်ဖက်ဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို။ နိဿာယ၊ အမှီပြု၍၊ ဝါ၊ အခြေပြု၍၊ ဝါ၊ ပွါးစေ၍။ အတမ္မယတံ၊ ကို။ အာဂမ္မ၊ စွဲ၍၊ ဝါ၊ အကြောင်းပြု၍။ ယာယံ ဥပေက္ခာ၊ အကြင် အရူပစိတ္တုပ္ပါဒ်၌ အတွင်းဝင်သော ဝေဒနုပေက္ခာသည်၊ ဝါ၊ ထိုအရူပစိတ္တုပ္ပါဒ်လျှင် အာရုံရှိသော ဝိပဿနုပေက္ခာသည်။ ဧကတ္တာ၊ တခုတည်းသော သဘောရှိ၏။ ဧကတ္တသိတာ၊ တခုတည်းသော သဘောရှိသော အာရုံကိုမှီ၏၊ ဝါ၊ အာရုံပြု၏။ တံ၊ ထိုဧကတ္တ,ဧကတ္တသိတဥပေက္ခာကို။ တုမှေ၊ တို့သည်။ ပဇဟထ၊ (တဒါရမ္မဏကိလေသာကို ပယ်သောအားဖြင့်) စွန့်ကြကုန်။ တံ၊ ထိုဥပေက္ခာကို။ သမတိက္ကမထ၊ လွန်မြောက်နိုင်အောင် ကြိုးစား၍ ကျင့်ကြကုန်။] ၁

---

၁-ယေ လောကိယေ သင်္ခါရေ အာရဗ္ဘ အနုလောမပရိယောသာနာ ဝုဋ္ဌာနဂါမိနီ-ဝိပဿနာ ပဝတ္တတိ၊ တံသန္နိဿိတာ တပ္ပဋိဗဒ္ဓါ တဏှာ တေဟိ ဝိနာ အပ္ပဝတ္တနတော တမ္မယာ နာမ။ပ။ တံ ပဇဟထာတိ တဒါရမ္မဏကိလေသပဟာနေန ပဇဟထ။ တေနာဟ တံ သမတိက္ကမထာတိ။ ဋီကာ။ ယေ လောကိယေ သင်္ခါရေ၊ အကြင် လောကီသင်္ခါရတို့ကို။ အာရဗ္ဘ၊ ၍။ အနုလောမပရိယောသာနာ၊ အနုလုံအဆုံးရှိသော။ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ သည်။ ပဝတ္တတိ၊ ဖြစ်၏။ တံသန္နိဿိတာ၊ ထိုဝိပဿနာ၏ အာရုံဖြစ်သော သင်္ခါရတို့ကို မှီသော။ တပ္ပဋိဗဒ္ဓါ၊ ထိုဝိပဿနာ၏အာရုံဖြစ်သော သင်္ခါရတို့နှင့်စပ်သော၊ ဝါ၊ သင်္ခါရတို့ကိုတပ်သော။ တဏှာ၊ သည်။ တေဟိ၊ ထိုဝိပဿနာ၏အာရုံဖြစ်သော သင်္ခါရတို့နှင့်။ ဝိနာ၊ ကင်း၍။ အပ္ပဝတ္တနတော၊ မဖြစ်ခြင်းကြောင့်။ တမ္မယာ နာမ၊ ဝိပဿနာ၏အာရုံဖြစ်သော သင်္ခါရတို့ဖြင့်ဖြစ်သည်မည်၏။(တေဟိ နိဗ္ဗတ္တာ တမ္မယာ။ တေဟိ၊ ထိုဝိပဿနာ၏ အာရုံဖြစ်သော သင်္ခါရတို့ဖြင့်။ နိဗ္ဗတ္တာ၊ ဖြစ်သည်တည်း။ တမ္မယာ၊ ထိုဝိပဿနာ၏အာရုံ ဖြစ်သော သင်္ခါရတို့ဖြင့်ဖြစ်သည်။ တမ္မယာဝ၊ တမ္မယသည်ပင်လျှင်။ တမ္မယတာ၊ တမ္မယတာမည်၏။ တာ-အနက်မရှိဟူလို) ဝါ၊ ကား။ တဏှာသမ္ပယုတ္တာခန္ဓာ၊ တဏှာ-သမ္ပယုတ်ဖြစ်ကုန်သော လောဘမူနာမက္ခန္ဓာတို့သည်။ တမ္မယာ၊ တမ္မယမည်ကုန်၏။ တေသံ၊ ထိုဝိပဿနာ၏အာရုံဖြစ်သော သင်္ခါရတို့ဖြင့်ဖြစ်ကုန်သော တဏှာသမ္ပယုတ်-နာမက္ခန္ဓာတို့၏။ ဘာဝေါ၊ အဖြစ်တည်း။ တမ္မယတာ၊ ထိုဝိပဿနာ၏အာရုံဖြစ်သော သင်္ခါရတို့ဖြင့်ဖြစ်ကုန်သော သမ္ပယုတ်နာမက္ခန္ဓာတို့၏အဖြစ်။ သာ ဧဝ တဏှာ၊ ထိုတဏှာကိုပင်ရ၏။ တပ္ပဋိပက္ခာ၊ တမ္မယတာမည်သော တဏှာ၏ဆန့်ကျင်ဖက်ဖြစ်သော။ ဝုဋ္ဌာန-ဂါမိနီဝိပဿနာ၊ သည်။ အတမ္မယတာ၊ အတမ္မယတာမည်၏။ တေန၊ ထိုကြောင့်။ အဋ္ဌကထာယံ၊ သဠာယတနဝိဘင်္ဂသုတ် အဋ္ဌကထာ၌။ အတမ္မယတာ နာမ။ပ။ အတမ္မ-ယတာတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တဏှာ၊ သည်။ တမ္မယတာ နာမ၊ တမ္မယတာမည်၏။ တဿာ၊ ထိုတမ္မယတာမည်သောတဏှာကို။ ပရိယာဒိယနတော၊ ကုန်စေတတ်သည်၏အဖြစ် ကြောင့်။ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ သည်။ အတမ္မယတာ၊ အတမ္မယတာမည်၏။ နိဿာ-ယာတိ၊ ကား။ တံ အတမ္မယတံ၊ ထိုအတမ္မယတာမည်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို။ နိဿယံ ကတွာ၊ အခြေအမှီပြု၍။ ဘာဝေတွာ၊ ပွါးစေ၍။ ဣတိ အယံ၊ ဤသည်ကား။

အလဂဒ္ဒသုတ္တန္တေ၊ ၌။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတီတိ၊ ဟူ၍။ ဧဝံ၊ သို့။ (အယံ ဝုဋ္ဌာနဂါမိနီ၊ ကို။) နိဗ္ဗိဒါတိ၊ နိဗ္ဗိဒါဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ [နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သည်ဖြစ်၍။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိရာဂါ၊ တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ကိလေသာမှ လွတ်၏။]

---

အတ္ထော၊ အနက်တည်း။ ကေတ္တာတိ ဧတ္ထ၊ ကေတ္တာ-ဟူသောပါဌ်၌။ အယံ၊ ဤဆိုလတ့်သည်၊ ကား။ ပါဠိ၊ ပါဠိတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ရူပေသု၊ ရူပါရုံတို့၌။ပ။ ဖောဋ္ဌဗ္ဗေသု၊ ဖောဋ္ဌဗ္ဗာရုံတို့၌။ ယာ ဥပေက္ခာ၊ အကြင်ဖြစ်သော ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ (ယာ-ထည့်သည်) ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ဥပေက္ခာ၊ ဤအာရုံငါးပါး၌ ဖြစ်သော ဥပေက္ခာသည်။ နာနတ္တာ၊ အထူးထူးသဘောရှိ၏။ နာနတ္တသိတာ၊ အထူးထူးသော သဘောရှိသော အာရုံကိုမှီ၏၊ ဝါ၊ အာရုံပြု၏။ ဣတိ အယံ၊ ဤသည်ကား။ ပါဠိ၊ ပါဠိတည်း။ အယံ ဥပေက္ခာ၊ ဤငါးပါးသော အာရုံ၌ဖြစ်သော ဥပေက္ခာသည်။ သဃမ္ပိ၊ မိမိသည်လည်း။ နာနာသဘာဝါ စ၊ အထူးထူးသော သဘောရှိသည်ရင်း။ နာနာရမ္မဏနိဿိတာ စ၊ အထူးထူးသော အာရုံကိုမှီသည်ရင်း။ ဟောတိ၊ ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ အစဉ်အတိုင်းဖြစ်သော အနက်တည်း။ (နာနတ္တာ ကို နာနာသဘာဝါ-ဖွင့်သည်၊ နာနတ္တသိတာ-ကို နာနာရမ္မဏနိဿိတာ-ဖွင့်သည်) ပန၊ အဘိဓာနတ္ထမှတပါး အဘိဓေယျတ္ထကိုဆိုအံ့။ သာ၊ ထိုနာနတ္တ, နာနတ္တသိတဖြစ်သော ဥပေက္ခာကို။ သမာဓိသမ္ပယုတ္တာ၊ ဝိပဿနာသမာဓိနှင့်ယှဉ်သော။ ဝိပဿနုပေက္ခာ၊ ဝိပဿနုပေက္ခာဟူ၍။ ဝေဒိတဗ္ဗာ၊ ၏။ ဘိက္ခဝေ၊ တို့။ အာကာသာနဉ္စာယတနနိဿိတာ၊ အာကာသာနဉ္စာယတနစိတ္တုပ္ပါဒ်ကိုမှီသော။ (သမ္ပယုတ်အားဖြင့် မှီသည်ကိုယူ) ။ပ။နေဝသညာနာသညာယတနနိဿိတာ၊ နေဝသညာနာသညာ-ယတနစိတ္တုပ္ပါဒ်ကိုမှီသော။ ယာ ဥပေက္ခာ၊ သည်။ (ယာ-ကားထည့်သည်) အတ္ထိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ ဥပေက္ခာ၊ ဤအရူပစိတ္တုပ္ပါဒ်ကို သမ္ပယုတ်အားဖြင့်မှီသော ဥပေက္ခာသည်။ ဧကတ္တာ၊ တူသော သဘောရှိသည်ရင်း။ ဧကတ္တသိတာ၊ တူသော သသောရှိသော အာရုံကို မှီသည်ရင်း၊ ဝါ၊ အာရုံပြုသည်ရင်း။ ဟောတိ၊ ၏။ ဣတိ အယံ ပါဠိ၊ ဤလည်း ပါဠိတရပ်။ ဟိ-သစ္စံ၊ ၏။ တံတံအရူပစိတ္တုပ္ပါဒပရိယာပန္နာ၊ ထိုထို အရူပစိတ္တုပ္ပါဒ်လေးပါး၌ အတွင်းဝင်သော။ ယာ ဥပေက္ခာ၊ သည်။ အတ္ထိ၊ ၏။ သာ၊ ထိုဥပေက္ခာကို။ ဧကသဘာဝတ္တာ စ၊ တူသော သဘောရှိသည်၏ အဖြစ်ကြောင့်ရင်း။ ဧကာရမ္မဏတ္တာ စ၊ တူသော အာရုံရှိသည်၏ အဖြစ်ကြောင့်ရင်း။ ဧကတ္တာတိ၊ တူသော သဘောရှိ၏ဟူ၍ရင်း။ ဧကတ္တသိတာတိ၊ တူသော သဘောရှိသော အာရုံကိုမှီ၏ဟူရင်း။ ဝုစ္စတိ၊ ၏။ ပန၊ အာစရိယဝါဒကိုဆိုအံ့။ သာ၊ ထိုဧကတ္တ, ဧကတ္တသိတဖြစ်သော ဥပေက္ခာသည်။ တံတံဈာနသဟဂတဝေဒနုပေက္ခာ စ၊ ထိုထိုသို့သော အရူပဈာန်နှင့် တကွဖြစ်သော ဝေဒနုပေက္ခာသည်ရင်း။ တဒါရမ္မဏဝိပဿ-နုပေက္ခာ စ၊ ထိုသို့သော အရူပဈာန်လျှင် အာရုံရှိသော ဝိပဿနုပေက္ခာသည်ရင်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ အာစရိယာ၊ တို့သည်။ ဝဒန္တိ၊ ကုန်၏။ တံ ပဇဟထာတိ၊ ကား။ တဒါ-ရမ္မဏကိလေသပ္ပဟာနေန၊ ထိုဥပေက္ခာလျှင် အာရုံရှိသော ကိလေသာကိုပယ်သဖြင့်။ တံ၊ ထိုဧကတ္တ, ဧကတ္တသိတဥပေက္ခာကို။ ပဇဟထ၊ စွန့်ကြကုန်လော။ တေန၊ ထိုကြောင့်။ တံ သမတိက္ကမထာတိ၊ ဟူ၍။ အာဟ၊ ဟောတော်မူပြီ။ ရင်းနက်။ (ပြည်)

သုသိမသုတ္တန္တေ၊ ၌။ သုသိမ၊ သုသိမ။ ပုဗ္ဗေ ခေါ၊ မဆွကလျှင်။ ဓမ္မဋ္ဌိတိဉာဏံ၊ ဓမ္မဋ္ဌိတိဉာဏ်သည်။ (ဥပ္ပဇ္ဇတိ၊ ဖြစ်၏။) ပစ္ဆာ၊ နောက်၌။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ဉာဏံ၊ ဉာဏ်သည်။ (ဥပ္ပဇ္ဇတိ၊ ၏။) ဣတိ ဧဝံ၊ ဤသို့။ (အယံ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ကို။) ဓမ္မဋ္ဌိတိဉာဏန္တိ၊ ဓမ္မဋ္ဌိတိဉာဏ်ဟူ၍။ ဝုတ္တာ၊ ၏။ (ကသ္မာ၊ ကား။ ဓမ္မဋ္ဌိတိယံ ပဋိစ္စသမုပ္ပါဒေ၊ ၌။ အသမ္မုယ္ဟနဝသေန၊ မတွေဝေသည်၏ အစွမ်းအားဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်တည်း။)

ပေါဋ္ဌပါဒသုတ္တန္တေ၊ ၌။ ပေါဋ္ဌပါဒ၊ ပေါဋ္ဌပါဒ။ ခေါ၊ စင်စစ်။ သညာ။ သညာသည်။ ပဌမံ၊ စွာ။ ဥပ္ပဇ္ဇတိ၊ ၏။ ပစ္ဆာ၊ ၌။ ဉာဏံ၊ မဂ်ဉာဏ်သည်။ (ဥပ္ပဇ္ဇတိ၊ ၏။) ဣတိ ဧဝံ၊ သို့။ (အယံ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ကို။) သညဂ္ဂန္တိ၊ သညဂ္ဂံဟူ၍။ ဝုတ္တာ၊ ၏[၁]။

ဒသုတ္တရသုတ္တန္တေ၊ ၌။ ယာ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ သည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည်။ (ယာ, သာ-ကား ထည့်သည်) ပါရိသုဒ္ဓိပဓာနိယင်္ဂံ၊ ပါရိသုဒ္ဓိ၏ ပြဓာန်းသော အကြောင်းအင်္ဂါမည်၏။ ဣတိ ဧဝံ၊ ဤသို့။ (အယံ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ကို။) ပါရိသုဒ္ဓိပဓာနိယင်္ဂန္တိ၊ ဟူ၍။ ဝုတ္တာ၊ ၏။

ပဋိသမ္ဘိဒါမဂ္ဂေ၊ ၌။ ယာ စ မုဉ္စိတုကမျတာ၊ အကြင်မုဉ္စိတုကမျတာသည်ရင်း။ ယာ စ ပဋိသင်္ခါနုပဿနာ၊ သည်ရင်း။ ယာ စ သင်္ခါရုပေက္ခာ၊ သည်ရင်း။ အတ္ထိ၊ ၏။ ဣမေ ဓမ္မာ၊ တို့သည်။ ဧကတ္ထာ၊ တူသော သဘောရှိကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသာလျှင်။ နာနံ၊ ထူး၏။ ဣတိ ဧဝံ၊ သို့။ တီဟိ နာမေဟိ၊ တို့ဖြင့်။ ဝုတ္တာ၊ ၏။

---

၁-သုတ်၌ သညာ ခေါ-သာ ဟောသည်တကား၊ သညဂ္ဂံ-မဟောတကားဟူမူ? သညာခေါ ပေါဋ္ဌပါဒါတိ ဧတ္ထ ကာမံ သညာဂ္ဂဿေဝ ဝုစ္စတိ။ ပုဗ္ဗေ ပန အနုပုဗ္ဗေန သညဂ္ဂံ ဖုသတီတိ ဝုတ္တတ္တာ အာဟ သညဂ္ဂန္တိ ဝုတ္တာတိ၊ ဋီကာ။ သညာ ခေါ ပေါဋ္ဌပါဒါတိ ဧတ္ထ၊ ၌။ သညာဂ္ဂဿေဝ၊ သညာဟူ၍သာလျှင်။ ကာမံ ဝုစ္စတိ၊ အကယ်၍ကား ဟောအပ်၏။ ပန၊ ထိုသို့ဟောအပ်သော်လည်း။ ပုဗ္ဗေ၊ ရှေး၌။ အနုပုဗ္ဗေန၊ ဖြင့်။ သညဂ္ဂံ၊ အထွတ်အမြတ်ဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာနှင့် ယှဉ်သောသညာသို့။ ဖုသတိ၊ ရောက်၏။ ဣတိ၊ သို့။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ သညဂ္ဂန္တိ ဝုတ္တာတိ၊ ဟူ၍။ အာဟ၊ ၏။ ၎င်းနက်။ (ပြည်)

ပဋ္ဌာနေ၊ ပဋ္ဌာန်းကျမ်း၌။ အနုလောမံ ဂေါတြဘုဿ အနုလောမံ ဝေါဒါနဿာတိ၊ နဿဟူ၍။ ဧဝံ၊ သို့။ တီဟိ နာမေဟိ၊ အနုလုံဂေါတြဘူ ဝေါဒါန် သုံးပါးသောအမည်တို့ဖြင့်။ ဝုတ္တာ၊ ၏။

ရထဝိနီတသုတ္တန္တေ၊ ၌။ အာဝုသော၊ ရှင်။ ကိံ ပန၊ အသို့နည်း။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓတ္ထံ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအကျိုးငှါ။ ဘဂဝတိ၊ ရှင်တော်ဘုရားအထံ၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုဿတိ၊ သုံးသလော။ ဣတိ ဧဝံ၊ သို့။ (အယံ ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ ကို။) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓီတိ၊ ဟူ၍။ ဝုတ္တာ၊ ၏။

[၃၁၁] ဣတိ-ဧဝံ၊ ဤသို့။ အနေကေဟိ နာမေဟိ၊ တပါးမက များစွာသော အမည်တို့ဖြင့်။ မဟေသိနာ၊ သီလက္ခန္ဓစသည်ကျေးဇူးကို ရှာတော်မူသော ရှင်တော်ဘုရားသည်။ (အရိယမဂ္ဂမိဋ္ဌာနတာယ၊ အရိယမဂ်တရား၏ တည်ရာ၏ အဖြစ်ကြောင့်။) ကိတ္တိတာ-ထောမိတာ၊ ချီးမွမ်းတော်မူအပ်သော။ သန္တာ၊ ကိလေသာဟူ မီးပူခပ်သိမ်းငြိမ်းအေးစေတတ်သော။ ပရိသုဒ္ဓါ၊ ထက်ဝန်းကျင်စင်ကြယ်သော။ ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါမိနီမည်သော။ ယာ ဝိပဿနာ၊ သည်။ အတ္ထိ၊ သာသနာတော်ဝယ်ထင်ရှားရှိ၏။

တတ္ထ၊ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာ၌။ မဟာဗ္ဘယာ၊ ခံ၍ အစမဆုံးနိုင်ကြီးစွာသောဘေးဟုဆိုအပ်သော။ သံသာရဒုက္ခပက်ာ၊ သံသာရဒုက္ခတည်းဟူသော ညွန်မှ။ ဝုဋ္ဌာတုကာမော၊ ထမြောက်ခြင်း တက်ခြင်းကို အလိုရှိသော။ ပဏ္ဍိတဇာတိကော၊ တိဟိတ်ပဋိသန္ဓေပညာဖြင့် ပညာရှိသော ယောဂီသည်။ ယောဂံ၊ ဘာဝနာကို၊ ဝါ၊ ဘာဝနာကိုအားထုတ်ကြောင်းဖြစ်သော သမ္မာဝါယာမ သမ္မပ္ပဓာန် လုံ့လကို။ သတတံ၊ မီးပွတ်သော ယောကျ်ားပမာ အခါခပ်သိမ်း။ ကရေယျ၊ ပြုရာ၏၊ ဝါ၊ ပြုကြပါလေ။ ဣတိ၊ ဤရှေ့တခန်းတည်း။

ဣတိ သာဓုဇနပါမောဇ္ဇတ္ထာယ ကတေ ဝိသုဒ္ဓိမဂ္ဂေ

ပညာဘာဝနာဓိကာရေ

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသော နာမ ဧကဝီသတိမော ပရိစ္ဆေဒေါ။

# ၂၂-ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ (၃၁၂-၁)

## ပဌမမဂ္ဂဉာဏကထာ

[၃၁၂] ၈၀၆။ ဣတော၊ ဤအနုလောမဉာဏ်မှ။ ပရံ-ဥပရိ၊ အထက်၌။ ဂေါတြဘုဉာဏံ၊ သည်။ ဟောတိ၊ ၏။ တံ-ဂေါတြဘုဉာဏံ၊ သည်။ မဂ္ဂဿ၊ ၏။ အာဝဇ္ဇနဋ္ဌာနိယတ္တာ၊ အာဝဇ္ဇန်းအရာ၌ တည်သည်၏အဖြစ်ကြောင့်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိံ၊ သို့။ နေဝ ဘဇတိ၊ မဝင်။ (အနိစ္စာဒိဝသေန သင်္ခါရာနံ အဂဟဏတော၊ အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့် သင်္ခါရတို့ကို မယူခြင်းကြောင့်တည်း။) ဉာဏဒဿနဝိသုဒ္ဓိံ၊ ဉာဏဒဿနဝိသုဒ္ဓိသို့။ န ဘဇတိ၊ မဝင်။ (နိဗ္ဗာနာရမ္မဏတ္တာ၊ နိဗ္ဗာန်ကို အာရုံပြုသည်၏ အဖြစ်သည်။ သတိပိ၊ သော်လည်း။ ကိလေသာနံ၊ တို့ကို။ အခေပနတော၊ မကုန်စေနိုင်သည်၏ အဖြစ်ကြောင့်တည်း[၁]။) အန္တရာ၊ ဆဋ္ဌသတ္တမဝိသုဒ္ဓိတို့၏ အလယ်၌။ အဗ္ဗောဟာရိကမေဝ၊ ဝေါဟာရ မလောက်သည်သာလျှင်။ ဟောတိ၊ ၏။ (ဥဘယဝိသုဒ္ဓိလက္ခဏာဘာဝတော၊ ဆဋ္ဌသတ္တမ နှစ်ပါးဝိသုဒ္ဓိ၏ လက္ခဏာမရှိသောကြောင့်တည်း[၂]။) ပန၊ ထိုသို့သော်လည်း။ ဝိပဿနာသောတေ၊ ဝိပဿနာအလျဉ်၌။ ပတိတတ္တာ၊ ကျသည်၏အဖြစ်ကြောင့်။ ဝိပဿနာတိ သင်္ခံ၊ ဝိပဿနာဟု ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏[၃]။ ပန၊ ထိုမှတပါး။ သောတာပတ္တိ-မဂ္ဂေါ၊ ၎င်း။ သကဒါဂါမိမဂ္ဂေါ၊ ၎င်း။ အနာဂါမိမဂ္ဂေါ၊ ၎င်း။ အရဟတ္တ-

---

၁-တတော ဧဝေတံ ဝိညာဏဓာတူနံ ဝိသယံ ဥဒ္ဒေသန္တံ ဒဿနကိစ္စံ ကရောန္တံ ကိရိယာ-မဟနောဓာတု ဝိယ မဂ္ဂဿ အာဝဇ္ဇနဋ္ဌာနိယံ ဝုစ္စတိ။ တတော ဧဝ၊ ထိုသို့ကိလေသာကိုကို မကုန်စေနိုင်သည်၏အဖြစ်ကြောင့်သာလျှင်။ ဧတံ၊ ထိုဂေါတြဘုဉာဏ်ကို။ ဝိညာဏဓာတူနံ၊ တို့၏၊ ဝါ၊ တို့အား။ ဝိသယံ၊ အာရုံကို။ ဥဒ္ဒေသန္တံ၊ ညွှန်တတ်သည်ဖြစ်၍။ ဒဿနကိစ္စံ၊ ညွှန်ခြင်းကိစ္စကို။ ကရောန္တံ၊ ပြုတတ်သော။ ကိရိယာမနောဓာတု ဝိယ၊ ကဲ့သို့။ မဂ္ဂဿ၊ ၏။ အာဝဇ္ဇနဋ္ဌာနိယံ၊ အာဝဇ္ဇန်းအရာ၌တည်၏ဟူ၍၊ ဝုစ္စတိ၊ ၏။ ဋီကာစကား။ (ပြည်)

၂-ထိုသို့သော်လည်း ဝုဋ္ဌာနဂါမိနီ၏ ပရိယောသာနအဖြစ်ဖြင့် ဝိပဿနာပက္ခိက ဖြစ်သတည်း၊ ထိုကြောင့်လျှင် ထိုဂေါတြဘူ၏ ထိုဝိပဿနာသောတသို့ ကျသည်၏ အဖြစ်သင့်သတည်း၊ ထိုကြောင့်မဟုတ်လော ဝိပဿနာသောတေ။ပ။ ဂစ္ဆတိ-ဟုမိန့်သကား။ (ပြည်)

၃-ဤပါဌ်ဖြင့် ဂေါတြဘူဉာဏ်၏ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့ ဝင်ခြင်းကို ပြသတည်း။ (ပြည်)

မဂ္ဂေ၊ ၎င်း။ ဉာဏံ၊ သို့။ ဉာမေသု စတူသု မဂ္ဂေသု၊ တို့၌။ ဉာဏံ၊ ဖြစ်သောဉာဏ်သည်။ ဉာဏဒဿနဝိသုဒ္ဓိ နာမ၊ မည်၏။

တတ္ထ၊ ထိုလေးပါးသောမဂ်၌ဖြစ်သောဉာဏ်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ ပဌမမဂ္ဂဉာဏံ၊ ပဌမမဂ်၌ဖြစ်သောဉာဏ်ကို။ သမ္ပာဒေတုကာမေန၊ ပြည့်စုံစေလိုသောယောဂီသည်။ အညံ၊ သော။ ကိဉ္စိ၊ သော။ ကာတဗ္ဗံ နာမ၊ ပြုအပ်သောကိစ္စမည်သည်။ နတ္ထိ၊ မရှိ။ ဟိ-သစ္စံ၊ ၏။ အနေန၊ ဤယောဂီသည်။ ယံ၊ အကြင်ကိစ္စကို။ ကာတဗ္ဗံ၊ ပြုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ တံ-ကိစ္စံ၊ ကို။ အနုလောမာဝသာနံ၊ အနုလောမအဆုံးရှိသော။ ဝိပဿနံ၊ ကို။ ဥပ္ပါဒေန္တေန၊ ဖြစ်စေသော။ အနေန၊ ဤယောဂီသည်။ ကတမေဝ၊ ပြုအပ်ပြီးသည်သာလျှင်တည်း။ ပန၊ ထိုမှတပါး။ ဧဝံ၊ သို့။ ဥပ္ပန္နအနုလောမဉာဏဿ၊ ဖြစ်ပြီးသောအနုလောမဉာဏ်ရှိသော။ အဿ၊ ထိုယောဂီ၏။ (စိတ္တံ-၌စပ်) တီဟိပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ (တနည်း) တီဟိပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ (ဒွီဟိပိ၊ နှစ်ပါးလည်း ဖြစ်ကုန်သော။) တေဟိ အနုလောမဉာဏေဟိ၊ တို့ဖြင့်။ အတ္တနော ဗိမိမိမိ၏။ (ဝိစ္ဆာလောပ) ဗလာနုရူပေန-ဗလာနုရူပံ၊ အာနုဘော်အား လျော်စွာ။ (တနည်း) ဗလာနုရူပေန၊ အောက်၌သင်္ခါရုပေက္ခာဉာဏ်သည် ထုံအပ်ထားအပ်သော အားအစွမ်းအားလျော်သဖြင့်[၁]။ ထူလထူလေ၊ ရုန့်ရင်းရုန့်ရင်းကုန်သော။ သစ္စပဋိစ္ဆာဒကေ၊ သစ္စာလေးပါးကို ဖုံးလွှမ်း

---

၁-အတ္တနော ဗလာနုရူပေနာတိ အတ္တနော အတ္တနော အာနုဘာဝါနုရူဏံ။ပ။ အတ္ထော မုဒုတိက္ခတာဝိသေသော၊ ဋီကာ။ အတ္တနော ဗလာနုရူပေနာတိ၊ ကား။ အတ္တနော အတ္တ-နော၊ မိမိမိမိ၏။ အာနုဘာဝါနုရူဏံ၊ အာနုဘော်အားလျော်စွာ။ ဟိ-သစ္စံ၊ ၏။ ပဌမံ၊ သော။ အနုလောမဉာဏံ၊ သည်။ သဗ္ဗောဠာရိကံ၊ အလုံးစုံသောအောက် ရုန့်ရင်းသော။ တမံ၊ မောဟကို။ ဒုတိယံ၊ ဒုတိယအနုလုံသည်။ တတော၊ ထိုထက်။ နာတိဩဠာရိကံ၊ မရုန့်ရင်းလွန်းသော။ တမံ၊ ကို။ တတိယံ၊ တတိယအနုလုံသည်။ တတော၊ ထိုထက်။ နာတိဩဠာရိကံ၊ မရုန့်ရင်းလွန်းသော။ တမံ၊ ကို။ အန္တရဓာပေတိ၊ ကွယ်စေ၏။ အထ ဝါ၊ ကား။ ဗလာနုရူပေနာတိ၊ ကား။ ဟေဋ္ဌာ၊ အောက်၌။ သင်္ခါရုပေက္ခာယ၊ သည်။ အာဟိတ-ဗလာနုရူပေန၊ ထုံအပ်ထားအပ်သော အစွမ်းအားလျော်သဖြင့်။ ဟိ-သစ္စံ၊ ၏။ ပုဗ္ဗာဘိ-သင်္ခါရဝသေန၊ ရှေး၌ပြုပြင်ခြင်း၏အစွမ်းအားဖြင့်။ မဂ္ဂဉာဏဿ၊ ၏။ သဒ္ဓါဝိမုတ္တဒိဋ္ဌိပ္ပတ္တာနံ၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်, ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့၏။ ပဝတ္တိအာကာရသိဒ္ဓေါ၊ ဖြစ်သောအခြင်းအရာဖြင့် ပြီးသော။ ဝိသေသော၊ အထူးသည်။ အတ္ထိ ဝိယ၊ ရှိသကဲ့သို့။ အနုလောမဉာဏဿပိ၊ ဉာဏ်၏လည်း။ ပဝတ္တိအာကာရသိဒ္ဓေါ၊ သော။ မုဒုတိက္ခတာဝိသေသော၊ မုဒုအဖြစ်, တိက္ခအဖြစ်ဟူသောအထူးသည်။ အတ္ထေဝ၊ ရှိသည်သာတည်း။ ၎င်းနက်။ (ပြည်)

တတ်သော။ တမမှိ၊ အမိုက်မှောဟကို။ အန္တရဓာပိတော၊ ကွယ်စေအပ်သည် ရှိသော်။ သဗ္ဗသင်္ခါရဂတေသု၊ အလုံးစုံသောသင်္ခါရတို့၌။ စိတ္တံ၊ သည်။ န ပက္ခန္ဒတိ၊ မပြေးဝင်။ န သန္တိဋ္ဌတိ၊ မတည်။ နာဓိမုစ္စတိ၊ နှလုံးမသွင်း။ န သဇ္ဇတိ၊ မကပ်။ န လဂ္ဂတိ၊ မငြိ။ န ဗဇ္ဈတိ၊ မစပ်။ ပဒုမပလာသတော၊ စဉ်းငယ်ရှိုင်းသော ပဒုမာရွက်မှ။ ဥဒကံ ဝိယ၊ ရေကဲ့သို့။ ပတိလီယတိ၊ တွန့်၏။ ပတိကုဋတိ၊ ရှုံ့၏။ ပတိဝဋ္ဋတိ၊ လည်၏။ သဗ္ဗံ၊ အလုံးစုံသော။ နိမိတ္တာရမ္မဏမ္ပိ၊ သင်္ခါရနိမိတ်ဟူသောအာရုံသည်လည်း ကောင်း။ သဗ္ဗံ၊ သော။ ပဝတ္တာရမ္မဏမ္ပိ၊ မပြတ်မစဲဖြစ်သော ဥပါဒိန္နက ခန္ဓာဟူသော အာရုံသည်လည်းကောင်း။ ပလိဗောဓတော၊ ပလိဗောဓ အားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။ (ပလိဗောဓဘာဝပဋ္ဌိစ္ဆာဒကဿ တမဿ အန္တရဓာပိတတ္တာ၊ ပလိဗောဓအဖြစ်ကို ဖုံးလွှမ်းတတ်သော အမိုက်မှောင် ကို ကွယ်စေအပ် ဖျောက်အပ်ပြီးသည်၏အဖြစ်ကြောင့်တည်း။) အထပစ္ဆာ၊ ထိုနောက်၌။ အဿ၊ ထိုယောဂီအား။ သဗ္ဗသ္မိံ၊ အလုံးစုံသော။ နိမိတ္တပဝတ္တာရမ္မဏေ၊ နိမိတ္တ,ပဝတ္တဟူသောအာရုံသည်။ ပလိဗောဓတော၊ အားဖြင့်။ ဥပဋ္ဌိတေ၊ ထင်ပြီးလတ်သော်။ အနုလောမဉာဏဿ၊ ဒုတိယ အနုလောမဉာဏ်၏၊ ဝါ၊ တတိယအနုလောမဉာဏ်၏။ အာသေဝနန္တေ၊ ရအပ်သော အာသေဝနပစ္စည်းရှိသောဉာဏ်၏ အဆုံး၌[၁]။ အနိမိတ္တံ၊ နိမိတ်ကင်းသော၊ ဝါ၊ နိမိတ်၏ ဆန့်ကျင်ဖက်ဖြစ်သော။ အပ္ပဝတ္တံ၊ ပဝတ္တကင်းသော၊ ဝါ၊ ပဝတ္တ၏ ဆန့်ကျင်ဖက်ဖြစ်သော။ ဝိသင်္ခါရံ၊

---

၁-လဒ္ဓါသေဝန-ဆိုလိုလျက် လဒ္ဓ ကျေသည်၊ သုဂတဿ သုဂတစီဝရံ-ကဲ့သို့ အနုလောမဉာဏဿ-နှင့်လဒ္ဓါသေဝန-အနက် မပြားမှတ်ရာသည်၊ ထိုကြောင့် ဋီကာ၌ အာသေဝနန္တေတိ ဣမိနာ ဒုတိယဿ ဝါ တတိယဿ ဝါ အနုလောမဉာဏဿ အနန္တရဂေါတြဘုဉာဏုပ္ပတ္တိံ န ပဌမဿာတိ ဒဿေတိ တဿ အနာသေဝနတ္တာ၊ န ဟိ အလဒ္ဓါသေဝနံ ဂေါတြဘုဉာဏံ ဥပ္ပါဒေတုံ သက္ကောတိ-မိန့်သော်။ အာသေဝနန္တေတိ ဣမိနာ၊ ဖြင့်။ ဒုတိယဿ ဝါ၊ ဒုတိယလည်းဖြစ်သော။ တတိယဿ ဝါ၊ လည်းဖြစ်သော။ အနုလောမဉာဏဿ၊ ၏။ အနန္တရဂေါတြဘုဉာဏုပ္ပတ္တိံ၊ ဂေါတြဘုဉာဏ်တို့၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ ပဌမဿ၊ ပဌမအနုလုံဉာဏ်၏။ အနန္တရံ၊ ၌။ ဂေါတြဘုဉာဏုပ္ပတ္တိ၊ သည်။ န ဟောတိ၊ မဖြစ်။ ဣတိ-ဣမံ အတ္ထံ၊ ကို။ ဒဿေတိ၊ ၏။ (ကသ္မာ၊ ကား။) တဿ၊ ထိုပဌမအနုလုံဉာဏ်၏။ အနာသေဝနတ္တာ၊ အာသေဝနပစ္စည်းကို မရသည်၏ အဖြစ်ကြောင့်တည်း။ ဟိ-သစ္စံ၊ ၏။ အလဒ္ဓါသေဝနံ၊ မရအပ်သော အာသေဝနပစ္စည်းရှိသော ပဌမအနုလုံဉာဏ်သည်။ ဂေါတြဘုဉာဏံ၊ ကို။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ ၎င်းနက်။ (ပြည်)

သင်္ခါရမဟုတ်သော။ နိရောဓံ၊ သင်္ခါရ၏ ချုပ်ရာဖြစ်သော။ နိဗ္ဗာနံ၊ ကို။ အာရမ္မဏံ ကုရုမာနံ၊ အာရုံပြုလျက်။ ပုထုဇ္ဇနဂေါတ္တံ၊ ပုထုဇဉ်တို့၏ အနွယ်ဇာတ်ကို၊ ဝါ၊ ပုထုဇဉ်ဟူသော အမည်ကို။ ပုထုဇ္ဇနသင်္ခံ၊ ပုထုဇဉ်ဟူသော ဝေါဟာရကို။ ပုထုဇ္ဇနဘူမိံ၊ ပုထုဇဉ်တို့၏ အရာကို၊ ဝါ၊ ပုထုဇဉ်တို့၏ အခိုက်အတန့်ကို။ အတိက္ကမမာနံ၊ လွန်မြောက်၍။ အရိယဂေါတ္တံ၊ အရိယာတို့၏ အနွယ်ဇာတ်သို့။ အရိယသင်္ခံ၊ အရိယာဟူသော ဝေါဟာရသို့။ အရိယဘူမိံ၊ အရိယာတို့၏ အဝတ္ထာဘုံသို့။ ဩက္ကမမာနံ၊ သက်ဝင်လျက်။ နိဗ္ဗာနာရမ္မဏေ၊ ၌။ ပဌမာဝဋ္ဋန ပဌမာဘောဂ ပဌမသမန္နာဟာရဘူတံ၊ ရှေးဦးစွာလည်ခြင်း ရှေးဦးစွာနှလုံးသွင်းခြင်း ရှေးဦးစွာဆင်ခြင်ခြင်းဖြစ်၍ ဖြစ်သော။ မဂ္ဂဿ၊ ပဌမမဂ်အား။ အနန္တရ။ပ။ ဝသေန၊ ဖြင့်။ ဆဟိ၊ ခြောက်ပါးကုန်သော။ အာကာရေဟိ၊ ပစ္စယသတ္တိတို့ဖြင့်။ ပစ္စယဘာဝံ၊ ကျေးဇူးပြုသည်၏အဖြစ်ကို။ သာဓယမာနံ၊ ပြီးစေလျက်။ သိခါပ္ပတ္တံ၊ အပြီးသို့ရောက်သော။ ဝိပဿနာယ၊ ၏။ မုဒ္ဓဘူတံ၊ ဦးထိပ်ဖြစ်၍ဖြစ်သော။ အပုနရာဝဋ္ဋကံ၊ ကေန္တိက အဖြစ်ကြောင့်ရင်း, တကြိမ်သာလျှင်ဖြစ်သည်၏ အဖြစ်ကြောင့်ရင်း တဖန် မလည်သော။ ဂေါတြဘုဉာဏံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ယံ-ဂေါတြဘုဉာဏံ၊ ကို။ သန္ဓာယ၊ ၍။ ကထံ။ ပ ။ ဂေါတြဘူတိ၊ ဟူသောစကားကို။ ဝုတ္တံ၊ ၏။

[ဗဟိဒ္ဓါဝုဋ္ဌာနဝိဝဋ္ဋနေ၊ အသင်္ခတခေတ်မှအပဟု မှတ်အပ်သော သင်္ခါရမှထခြင်းဖြစ်၍ဖြစ်သော ဆုတ်နစ်ခြင်း လည်ခြင်းသည်။ (နိပ္ဖဇ္ဇ-မာနေ၊ ပြီးလတ်သော်။) ပညာ၊ ဖြစ်သောပညာသည်။ ဂေါတြဘုဉာဏံ၊ ဂေါတြဘူဉာဏ်မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ဥပ္ပါဒံ၊ သင်္ခါရတို့၏ဖြစ်ခြင်းကို။ အဘိဘုယျတိ၊ နှိပ်စက် လွှမ်းမိုးတတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဂေါတြဘု၊ ဂေါတြဘူမည်၏။ ပဝတ္တံ၊ ဥပါဒိန္နက ခန္ဓာတို့၏ ဖြစ်ခြင်းကို။ပ။ ဥပါယာသံ၊ ပြင်းစွာ ပင်ပန်းခြင်းကို။ အဘိဘုယျတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဂေါတြဘု၊ မည်၏။ ဗဟိဒ္ဓါ၊ အသင်္ခတခေတ်မှ အပ၌။ သင်္ခါရနိမိတ္တံ၊ ကို။ အဘိဘုယျတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဂေါတြဘု၊ မည်၏။ အနုပ္ပါဒံ၊ ဥပ္ပါဒမှ ကင်းသော၊ ဝါ၊ ဥပ္ပါဒ၏ ဆန့်ကျင်ဖက်ဖြစ်သော နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဂေါတြဘု၊ မည်၏။ အပ္ပဝတ္တံ၊ ပဝတ္တကင်းသော၊ ဝါ၊ ပဝတ္တ၏ ဆန့်ကျင်ဖက်ဖြစ်သော နိဗ္ဗာန်သို့။ပ။

အနုပါယာသံ၊ ဥပါယာသကင်းသော၊ ဝါ၊ ဥပါယာသ၏ ဆန့်ကျင်ဖက်ဖြစ်သော။ နိရောဓံ၊ သင်္ခါရတို့၏ ချုပ်ရာဖြစ်သော။ နိဗ္ဗာနံ၊ သို့။ [၃၁၃] ပက္ခန္ဒတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဂေါတြဘု၊ မည်၏။ ဥပ္ပါဒံ၊ ကို။ အဘိဘုယျိတွာ၊ နှိပ်စက်လွှမ်းမိုး၍။ အနုပ္ပါဒံ၊ သို့။ ပက္ခန္ဒတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဂေါတြဘု၊ မည်၏။ သဗ္ဗံ၊ ကို။ ဝိတ္ထာရေတဗ္ဗံ၊ ချဲ့အပ်၏[၁]။]

၈၀၇။ တတ္ထ-ဝစနေ၊ ထိုစကား၌။ အယံ၊ ဤဆိုလတံ့သည်ကား။ ဧကာဝဇ္ဇနေန၊ တချက်သောအာဝဇ္ဇန်းဖြင့်။ ဧကဝီထိယံ၊ တခုသောဝီထိ၌[၂]။ ပဝတ္တမာနာနမ္ပိ၊ ဖြစ်ကုန်သော်လည်း။ အနုလောမဂေါတြဘူနံ၊ အနုလုံဂေါတြဘူတို့၏။ နာနာရမ္မဏေ၊ ၌။ ပဝတ္တနာကာရဒီပိကာ၊ ဖြစ်သောအခြင်းအရာကို ပြတတ်သော။ ဥပမာ၊ ဥပမာတည်း။ ဟိ၊ ချဲ့အံ့။ မဟာမာတိကံ၊ ရေမြောင်းကြီးကို။ လင်္ဃိတွာ၊ ခုန်၍။ ပရတီရေ၊ ထိုမှာဖက်ကမ်း၌။ ပတိဋ္ဌာတုကာမော၊ တည်လိုသော။ ပုရိသော၊ သည်။ ဝေဂေန၊ လျင်စွာ။ ဓာဝိတွာ၊ ပြေးလတ်၍။ မာတိကာယ၊ မြောင်းကြီး၏။ ဩရိမတီရေ၊ ဤမှာဖက်ကမ်း၌။ ရုက္ခသာခါယ၊ သစ်ကိုင်း၌။ ဗန္ဓိတွာ၊ ချည်နှောင်၍။ ဩလမ္ဗိတံ၊ ဆွဲအပ်သော။ ရဇ္ဇုံ ဝါ၊ ကြိုးကိုရင်း။ ယဋ္ဌိံ ဝါ၊ လှံကန်ကိုရင်း။ ဂဟေတွာ၊ ကိုင်၍။ ဥလ္လင်္ဃိတွာ၊ မြောင်း၏အထက်အဖို့ဖြင့် ခုန်၍။ ပရတီရနိန္နပေါဏပဗ္ဘာရကာယော၊ ထိုမှာဖက်ကမ်းသို့ ညွတ်သော ကိုင်းရှိုင်းသောကိုယ်ရှိသည်။ ဟုတွာ၊ ၍။ ပရတီရဿ၊ ထိုမှာဖက်ကမ်း၏။ ဥပရိဘာဂံ၊ အထက်အဖို့သို့။ ပတ္တော၊ ရောက်သည်ဖြစ်၍။ တံ၊ ထိုကိုင်သောကြိုး လှံကန်ကို။ မုဉ္စိတွာ၊ လွှတ်၍။ ဝေဓ-မာနော၊ တုန်လှုပ်လျက်။ ပရတီရေ၊ ထိုမှာဖက်ကမ်း၌။ ပတိတွာ၊ ဆင်း၍။ သဏိကံ၊ ဖြည်းဖြည်း။ ပတိဋ္ဌာတိ ယထာ၊ တည်သကဲ့သို့။ ဧဝမေဝ၊ တူ။ အယံ ယောဂါဝစရောပိ၊ သည်လည်း။ ဘဝယောနိဂတိ-

---

၁-ဤစကား၌ကား ဥပ္ပါဒံ အဘိဘုယျတိ-အစရှိသည်ဖြင့် ပုထုဇ္ဇနဂေါတ္တကိုနှိပ်နင်းခြင်း ပုထုဇ္ဇနဂေါတ္တကို လွန်ခြင်းကိုဆိုအပ်၏။ (ပြည်)

၂-ဧကဝီထိယံ-ဟူသော သဒ္ဒါကို တခုသောအာဝဇ္ဇန်းရှိသောတရားတို့၏ အထူးထူးသော ဝီထိရှိသည်၏အဖြစ်ကို မြစ်ခြင်းငှါ ဆိုအပ်သလောဟူမူ? ဧကာဝဇ္ဇနာနံ နာနာဝီထိ-တာ နတ္ထီတိ န တံနိသေဓနာယ ဧကဝီထိဂဟဏံ၊ အထ ခေါ နာနာရမ္မဏာနမ္ပိ၊ ဧကာ-ဝဇ္ဇနာနံ နာနာဝီထိတာ နတ္ထီတိ ဒဿနတ္ထန္တိ ဒဋ္ဌဗ္ဗံ၊ ဋီကာ။ (ပြည်)

ဌိတိနိဝါသာနံ၊ တို့၏။ ပရတီရဘူတေ၊ ထိုမှာဖက်ကမ်း သဖွယ်ဖြစ်၍ ဖြစ်သော။ နိဗ္ဗာနေ၊ ၌။ ပတိဋ္ဌာတုကာမေ၊ တည်လိုသည်ဖြစ်၍။ ဥဒယဗ္ဗယာနုပဿနာဒိနာ၊ ဥဒယဗ္ဗယဝိပဿနာဉာဏ် အစရှိသည်ဟု ဆိုအပ်သော။ ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ ဓာဝိတွာ၊ ပြေးလတ်၍။ အတ္တဘာဝရုက္ခသာခါယ၊ အတ္တဘောတည်းဟူသော သစ်ကိုင်း၌။ ဗန္ဓိတွာ၊ ဖွဲ့၍။ ဩလမ္ဗိတံ၊ ဆွဲကိုင်အပ်သော။ ရူပရဇ္ဇုံ ဝါ၊ ရုပ်ဟူသော ကြိုးကိုငင်း။ ဝေဒနာဒီသု၊ ဝေဒနာအစရှိသည်တို့တွင်။ အညတရဒဏ္ဍံ ဝါ၊ တပါးပါးသော လှံကန်ကိုငင်း။ အနိစ္စန္တိ ဝါ၊ အနိစ္စဟူ၍ငင်း။ ဒုက္ခန္တိ ဝါ၊ ဟူ၍ငင်း။ အနတ္တာတိ ဝါ၊ ဟူ၍ငင်း။ ဣတိ၊ သို့။ အနုလောမာဝဇ္ဇနေန၊ အနုလောမ၏ အာဝဇ္ဇန်းဖြင့်။ ဂဟေတွာ၊ ကိုင်၍။ တံ အာရမ္မဏံ၊ ထိုလက္ခဏာရေးသုံးပါးဟူသော အာရုံကို၊ ဝါ၊ ရုပ်ဝေဒနာသညာသင်္ခါရ ဝိညာဉ်ဟူသော အာရုံကို။ အမုဉ္စမာနောဝ၊ မလွှတ်မူ၍သာလျှင်။ ပဌမေန အနုလောမစိတ္တေန၊ ရှေးဦးအနုလုံစိတ်ဖြင့်။ ဥလ္လင်္ဃိတွာ၊ ခုန်၍။ ဒုတိယေန (အနုလောမစိတ္တေန၊) ဒုတိယအနုလောမစိတ်ဖြင့်။ ပရတီရ-နိန္နပေါဏပဗ္ဘာရကာယော ဝိယ၊ ထိုမှာဖက်ကမ်းသို့ ညွတ်ကိုင်းရှိုင်းသော ကိုယ်ရှိသကဲ့သို့။ နိဗ္ဗာနနိန္နပေါဏပဗ္ဘာရမာနသော၊ နိဗ္ဗာန်ဟူသော ထိုမှာဖက်ကမ်းသို့ ညွတ်ကိုင်းရှိုင်းသောစိတ်ရှိသည်။ ဟုတ္ဝာ၊ ၍။ တတိယေန (အနုလောမစိတ္တေန)၊ ဖြင့်။ ပရတီရဿ၊ ထိုမှာဖက်ကမ်း၏။ ဥပရိဘာဂံ၊ အထက်အဖို့သို့။ ပတ္တော ဝိယ၊ ရောက်သကဲ့သို့။ ဣဒါနိ၊ ယခုပင်လျှင်။ ပတ္တဗ္ဗဿ နိဗ္ဗာနဿ၊ ရောက်အပ်သော နိဗ္ဗာန်မှ၊ ဝါ၊ နှင့်။ အာသန္နော၊ အနီးသည်။ ဟုတ္ဝာ၊ ၍။ တဿ စိတ္တဿ၊ ထိုတတိယအနုလုံစိတ်၏။ နိရောဓေန၊ ချုပ်သဖြင့်။ တံ သင်္ခါရာရမ္မဏံ၊ ထိုသင်္ခါရဟူသော အာရုံကို။ မုဉ္စိတွာ၊ လွှတ်၍။ ဂေါတြဘုစိတ္တေန၊ ဖြင့်။ ဝိသင်္ခါရေ၊ သင်္ခါရကင်းသော။ ပရတီရဘူတေ၊ ထိုမှာဖက်ကမ်းသဖွယ်ဖြစ်၍ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ (ယောဂါဝစရော၊ သည်။) ပတတိ၊ အာရုံပြုသောအားဖြင့် ကျ၏။ ပန၊ ထိုသို့နိဗ္ဗာန်ကို အာရုံပြုသော်လည်း။ ဧကာရမ္မဏေ၊ တကြိမ်သာလျှင် အာရုံပြုအပ်သော နိဗ္ဗာန်ဟူသောအာရုံ၌[၁]။ အလဒ္ဓါသေဝန-

၁-ဧကာရမ္မဏေတိ ဧကဝါရံယေဝ အာလမ္ဗိတေ အာရမ္မဏေ။ တေနာဟ အလဒ္ဓါသေဝနတာယာတိ။ တေန ဧကာရမ္မဏေ အာသေဝနာ ဥပကာရဝတီ၊ န တထာ နာနာရမ္မဏေတိ ဒဿေတိ။ ဋီကာ။ (ပြည်)

တာယ၊ အာသေဝနပစ္စည်းကို မရအပ်သည်၏အဖြစ်ကြောင့်။ ဝေဓမာနေ၁၊ တုန်လှုပ်သော။ သော ပုရိသော ဝိယ၊ ထိုယောကျ်ားကဲ့သို့။ သုပ္ပတိဋ္ဌိတော၊ မြဲမြံစွာတည်သည်။ န တာဝ ဟောတိ၊ မဖြစ်သေး။ တတော၊ ထိုဂေါတြဘူဖြစ်သည်မှနောက်၌။ မဂ္ဂဉာဏေန၊ ဖြင့်။ ပတိဋ္ဌာတိ၊ မြဲစွာတည်၏။ ဣတိ အယံ၊ ဤသည်ကား ဥပမာတည်း။

ဂ၀ဂ။ တတ္ထ၊ ထိုနှစ်ပါးသောဉာဏ်တို့တွင်။ အနုလောမံ၊ အနုလုံသည်။ သစ္စပဋိစ္ဆာဒကံ၊ သစ္စာကိုဖုံးလွှမ်းတတ်သော။ ကိလေသတမံ၊ ကိလေသာဟူသော အမိုက်မှောင်ကို။ ဝိနောဒေတုံ၊ ဖျောက်ခြင်းငှါသာလျှင်။ သက္ကောတိ၊ တတ်နိုင်၏။ နိဗ္ဗာနံ၊ ကို။ အာရမ္မဏံ ကာတုံ၊ အာရုံပြုခြင်းငှါမူကား။ န သက္ကောတိ၊ နိုင်။ ဂေါတြဘု၊ ဂေါတြဘူသည်ကား။ နိဗ္ဗာနမေဝ၊ ကိုသာလျှင်။ အာရမ္မဏံ ကာတုံ၊ ငှါ။ သက္ကောတိ၊ ၏။ သစ္စပဋိစ္ဆာဒကံ၊ သော။ တမံ၊ ကို။ ဝိနောဒေတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်။ တတြ၊ ထိုအနုလုံဂေါတြဘူတို့၏ အသီးအခြားတပါးသော ကိစ္စကိုပြုခြင်း၌။ အယံ၊ ကား။ ဥပမာ၊ တည်း။ ဧကော၊ သော။ စက္ခုမာ ပုရိသော၊ မျက်စိအမြင်ရှိသော ယောကျ်ားသည်။ နက္ခတ္တယောဂံ၊ နက္ခတ်နှင့်လ၏ယှဉ်ခြင်းကို။ ဇာနိဿာမိတိ၊ သိအံ့ဟူ၍။ ရတ္တိဘာဂေ၊ ညဥ့်အဖို့၌။ နိက္ခမိတွာ၊ အိမ်မှထွက်၍။ စန္ဒံ၊ လကို။ ပဿိတုံ၊ ရှုကြည့်ခြင်းငှါ။ ဥဒ္ဓံ၊ အထက်ကောင်းကင်သို့။ ဥလ္လောကေသိ၊ မော်၍ကြည့်၏။ တဿ၊ ထိုယောကျ်ားအား။ ဝလာဟကေဟိ၊ တိမ်တိုက်တို့သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ စန္ဒော၊ လသည်။ န ပညာယိတ္ထ၊ မထင်။ အထ၊ ထိုအခါ၌။ ဧကော၊ တခုသော။ ဝါတော၊ လေသည်။ ဥဋ္ဌဟိတွာ၊ ထလတ်၍။ ထူလထူလေ၊ အလွန်ရုန့်ရင်းကုန်သော။ ဝလာဟကေ၊ တိမ်တိုက်တို့ကို။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ အပရော၊ တပါးသောလေသည်။ မဇ္ဈိမေ၊ အလတ်ဖြစ်သော တိမ်တိုက်တို့ကို။ ဝိဒ္ဓံသေတိ၊ ၏။ အပရော၊ တပါးသောလေသည်။ သုခုမေပိ၊ သိမ်မွေ့သော တိမ်တိုက်တို့ကိုလည်း။ ဝိဒ္ဓံသေတိ၊ ၏။ တတော၊ ထိုသို့တိမ်တိုက်ကင်းပြီးသည်မှ။ သော ပုရိသော၊ သည်။ ဝိဂတဝလာဟကေ၊ ကင်းသောတိမ်တိုက်ရှိသော။ နဘေ၊ ကောင်းကင်၌။ စန္ဒံ၊ ကို။ ဒိသွာ၊ ၍။ နက္ခတ္တယောဂံ၊ ကို။ အညာသိ၊ သိ၏။

[၃၁၄] တတ္ထ၊ ထိုဥပမာ၌။ တယော ဝလာဟကာ ဝိယ၊ သုံးပါးသော တိမ်တိုက်တို့ကဲ့သို့။ သစ္စပဋိစ္ဆာဒကထူလမဇ္ဈိမသုခုမံ၊ သစ္စာကိုဖုံးလွှမ်းတတ်သော ထူလမဇ္ဈိမသုခုမဖြစ်သော။ ကိလေသန္ဓကာရံ၊ ကိလေသာဟူသော အမိုက်မှောင်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ တယော ဝါတာ ဝိယ၊ သုံးပါးသော လေတို့ကဲ့သို့။ တီဏိ အနုလောမစိတ္တာနိ၊ သုံးပါးသောအနုလုံစိတ်တို့ကို။ ဒဋ္ဌဗ္ဗာနိ၊ ကုန်၏။ စက္ခုမာ ပုရိသော ဝိယ၊ မျက်စိအမြင်ရှိသောယောကျ်ားကဲ့သို့။ ဂေါတြဘုဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဧကေကဿ ဝါတဿ၊ တပါး တပါးသောလေ၏။ ယထာက္ကမေန၊ အကြင်အကြင်ဆိုအပ်ပြီးသော အစဉ်ဖြင့်။ ဝလာဟကဝိဒ္ဓံသနံ ဝိယ၊ တိမ်တိုက်ကိုဖျက်ဆီးခြင်းကဲ့သို့။ ဧကေ-ကဿ အနုလောမစိတ္တဿ၊ တခုတခုသော အနုလုံစိတ်၏။ သစ္စပဋိစ္ဆာ-ဒကတမဝိနောဒနံ၊ သစ္စာကိုဖုံးလွှမ်းတတ်သော ကိလေသာဟူသော အမိုက်ကို ဖျက်ဆီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဝိဂတဝလာဟကေ၊ သော။ နဘေ၊ ၌။ တဿ ပုရိသဿ၊ ၏။ ဝိသုဒ္ဓစန္ဒဒဿနံ ဝိယ၊ စင်ကြယ်သောလကို မြင်ခြင်းကဲ့သို့။ သစ္စပဋိစ္ဆာဒကေ၊ သော။ တမေ၊ ကိလေသာဟူသောမှောင်သည်။ ဝိဂတေ၊ ကင်းပြီးလတ်သော်။ ဂေါတြဘုဉာဏဿ၊ ၏။ ဝိသုဒ္ဓနိဗ္ဗာန-ဒဿနံ၊ စင်ကြယ်သောနိဗ္ဗာန်ကို မြင်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။

ဟိ-ကထံ သဒိသံ၊ အဘယ်သို့တူသနည်း။ တယော ဝါတာ၊ သုံးပါးသော လေတို့သည်။ စန္ဒပဋိစ္ဆာဒကေ၊ လကိုဖုံးလွှမ်းတတ်ကုန်သော။ ဝလာဟကေယေဝ၊ တို့ကိုသာလျှင်။ ဝိဒ္ဓံသေတုံ၊ ဖျောက်လွှင့်ခြင်းငှါ။ သက္ကောန္တိ၊ ကုန်၏။ စန္ဒံ၊ ကို။ ဒဋ္ဌုံ၊ မြင်ခြင်းငှါ။ န သက္ကောန္တိ ယထာ ဝ၊ ကုန်သကဲ့သို့လျှင်။ ဧဝံ-တထာ၊ တူ။ အနုလောမာနိ၊ သုံးကြိမ်သော အနုလုံတို့သည်။ သစ္စပဋိစ္ဆာဒကံ၊ သော။ တမညေဝ၊ ထိုကိလေသာဟူသော မှောင်ကိုသာလျှင်။ ဝိနောဒေတုံ၊ ငှါ။ သက္ကောန္တိ၊ ကုန်၏။ နိဗ္ဗာနံ၊ ကို။ ဒဋ္ဌုံ၊ ငှါ။ န သက္ကောန္တိ၊ ကုန်။ သော ပုရိသော၊ သည်။ စန္ဒမေဝ၊ ကိုသာ လျှင်။ ဒဋ္ဌုံ၊ ငှါ။ သက္ကောတိ ယထာ၊ သို့။ ဝလာဟကေ၊ တို့ကို။ ဝိဒ္ဓံ-သေတုံ၊ ငှါ။ န သက္ကောတိ ယထာ၊ သို့။ ဧဝံ-တထာ၊ တူ။ ဂေါတြဘု-ဉာဏံ၊ သည်။ နိဗ္ဗာနမေဝ၊ ကိုသာလျှင်။ ဒဋ္ဌုံ၊ ငှါ၊ သက္ကောတိ၊ ၏။ ကိလေသတမံ၊ ကို။ ဝိနောဒေတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်။ တေနေဝ စ၊ ထိုသို့မတတ်နိုင်ခြင်းကြောင့်သာလျှင်။ တေံ၊ ထိုဂေါတြဘုဉာဏ်ကို။ မဂ္ဂဿ၊

မဂ်၏။ အာဝဇ္ဇနန္တိ၊ အာဝဇ္ဇန်းဟူ၍။ ဝုစ္စတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ တံ၊ ထိုဂေါတြဘူဉာဏ်သည်။ အနာဝဇ္ဇနမ္ပိ သမာနံ၊ အာဝဇ္ဇန်းမဟုတ်သည် ဖြစ်လျှင်းမူလည်း။ အာဝဇ္ဇနဋ္ဌာနေ၊ အာဝဇ္ဇန်းအရာ၌။ ဌတွာ၊ တည်၍။ ဧဝံ နိဗ္ဗတ္တာဟီတိ၊ ဤသို့ဖြစ်လေလော့ဟု၊ ဝါ၊ အနုလောမဉာဏ်တို့သည် သင်္ခါရကိုအာရုံပြုသကဲ့သို့ ထိုအတူ သင်္ခါရကိုအာရုံမပြုမူ၍ ငါကဲ့သို့ နိဗ္ဗာန် ကို အာရုံပြု၍ဖြစ်လေလော့ဟု။ မဂ္ဂဿ၊ အား။ သညံ၊ ကို။ ဒတွာ ဝိယ၊ ပေးသကဲ့သို့ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ မဂ္ဂေါပိ၊ မဂ်သည်လည်း။ တေန၊ ထိုဂေါတြဘူဉာဏ်သည်။ ဒိန္နသညံ၊ ပေးအပ်သောသညာကို။ အမုဉ္စိတွာဝ၊ မလွှတ်မူ၍သာလျှင်။ အဝီစိသန္တတိဝသေန၊ အကြားမရှိသောအစဉ်၏ အစွမ်းဖြင့်။ တံ ဉာဏံ၊ ထိုဂေါတြဘူဉာဏ်သို့။ အနုဗန္ဓမာနော၊ အစဉ် လိုက်လျက် [၁]။ အနိဗ္ဗိဒ္ဓပုဗ္ဗံ၊ မဖောက်မထွင်းဘူးသေးသော။ အပဒါလိတ-ပုဗ္ဗံ၊ မခွဲမစိတ်ဘူးသေးသော။ လောဘက္ခန္ဓံ၊ လောဘတုံးကို။ ဒေါသက္ခန္ဓံ၊ ဒေါသတုံးကို။ မောဟက္ခန္ဓံ၊ မောဟတုံးကို။ နိဗ္ဗိဇ္ဈမာနောဝ၊ ဖောက်ထွင်း လျက်သာလျှင်။ ပဒါလယမာနောဝ၊ ခွဲစိတ်လျက်သာလျှင်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။

၈၀၉။ တတြ၊ ထို(ဂေါတြဘူသည် ပေးအပ်သောသညာကို မလွှတ် သကဲ့သို့ဖြစ်၍ ထိုဂေါတြဘူသည် ယူအပ်သော နိဗ္ဗာန်အာရုံ၌သာလျှင် ဖြစ်၍) မဂ်သည် လောဘ ဒေါသ မောဟတုံးကို ဖောက်ခွဲခြင်း၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဥပမာ၊ ဥပမာတည်း။ ဧကော၊ သော။ ဣဿာ-သော၊ လေးသမားသည်။ အဋ္ဌဥသဘမတ္တေ၊ ရှစ်ဥသဘအတိုင်းအရှည် ရှိသော။ ပဒေသေ၊ အရပ်၌။ ဖလကသတံ၊ (ပိတောက်နှစ်ဖြင့်ပြီးသော) ပျဉ်ချပ်တရာကို။ ဌပါပေတွာ၊ ထားစေ၍။ ဝတ္ထေန၊ ပုဆိုးဖြင့်။ မုခံ၊ မျက်နှာကို။ ဝေဌေတွာ၊ ရစ်၍။ သရံ၊ မြားကို။ သန္နဟိတွာ၊ ကောင်းစွာ ဖွဲ့၍။ စက္ကယန္တေ၊ စက်ယန္တရား၌။ အဋ္ဌာသိ၊ ရပ်၏။ အညော၊ တပါး သော။ ပုရိသော၊ ယောကျ်ားသည်။ စက္ကယန္တံ၊ ကို။ အာဝိဇ္ဈိတွာ၊ လှိမ့်၍၊ ဝါ၊ လည်စေ၍။ ယဒါ၊ ၌။ ဣဿာသဿ၊ လေးသမားအား။ ဖလကံ၊ ပျဉ်ချပ်သည်။ အဘိမုခံ၊ ရှေးရှု။ ဟောတိ၊ ၏။ တဒါ၊ ၌။ တတ္ထ၊ ထိုပျဉ်ချပ်

[၁]-ဂေါတြဘူဉာဏ်သည် ပေးအပ်သောသညာကိုမလွှတ်၊ ဂေါတြဘူဉာဏ်သို့ အစဉ်လိုက် လျက်ဟူသောစကားကို နိဗ္ဗာန်ကို အာရုံပြုသည်ကိုသာလျှင်ရည်၍ မိန့်အပ်၏။ (ပြည်)

၌။ ဒတ္တကေန၊ လှံကန်ဖြင့်။ အညံ၊ ခေါက်သောအမှတ်သညာကို။ ဒေတိ၊ ပေး၏။ ဣဿာသော၊ သည်။ ဒတ္တကသညံ၊ လှံကန်ခတ်ခြင်းဖြင့် ဖြစ်စေအပ်သော အသံဟူသော အမှတ်ကို။ အမုဉ္စိတွာဝ၊ မလွှတ်မူ၍သာလျှင်။ သရံ၊ မြားကို။ ခိပိတွာ၊ ပစ်၍။ ဖလကသတံ၊ ကို။ နိဗ္ဗိဇ္ဈတိ၊ ဖောက်ထွင်း၏။ တတ္ထ၊ ထိုဥပမာ၌။ ဒတ္တကသညံ ဝိယ၊ (ပျဉ်ချပ်တရာကို ဖောက်ထွင်းခြင်း၏ အကြောင်းဖြစ်သော) လှံကန်ခတ်ခြင်းဖြင့်ဖြစ်စေအပ်သော အသံဟူသောအမှတ်ကဲ့သို့။ ဂေါတြဘုဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ (လောဘက္ခန္ဓာဒိနိဗ္ဗိဇ္ဈနဿ မဂ္ဂဉာဏဿ ပစ္စယဘာဝတော၊ လောဘတုံး စသည်ကို ဖောက်ထွင်းတတ်သော မဂ်ဉာဏ်၏ အကြောင်း၏ အဖြစ်ကြောင့်တည်း။) ဣဿာသော ဝိယ၊ လေးသမားကဲ့သို့၊ မဂ္ဂဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ (နိဗ္ဗိဇ္ဈိတဗ္ဗနိဗ္ဗိဇ္ဈနတော၊ ဖောက်ထွင်းအပ်သော လောဘတုံး စသည်ကို ဖောက်ထွင်းခြင်းကြောင့်တည်း။) ဣဿာသဿ၊ ၏။ ဒတ္တကသညံ၊ ကို။ အမုဉ္စိတွာဝ၊ လျှင်။ ဖလကသတနိဗ္ဗိဇ္ဈနံ ဝိယ၊ ပျဉ်ချပ်တရာကို ဖောက်ထွင်းခြင်းကဲ့သို့။ မဂ္ဂဉာဏဿ၊ ၏။ ဂေါတြဘုဉာဏေန၊ သည်။ ဒိန္နသညံ၊ ကို။ အမုဉ္စိတွာဝ၊ လျှင်။ နိဗ္ဗာနံ အာရမ္မဏံ ကတွာ၊ နိဗ္ဗာန်ကိုအာရုံပြု၍။ အနိဗ္ဗိဒ္ဓပုဗ္ဗာနံ၊ မဖောက်မထွင်းဘူးကုန်သေးသော။ အပဒါလိတပုဗ္ဗာနံ၊ မခွဲမစိတ်ဘူးကုန်သေးသော။ လောဘဒေါသမောဟက္ခန္ဓာနံ၊ လောဘ ဒေါသ မောဟ တုံးတို့ကို။ နိဗ္ဗိဇ္ဈနပဒါလနံ၊ ဖောက်ထွင်းခွဲစိတ်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ ၏။

၈၁၀။ ကေဝလဉ္စ၊ သက်သက်ကား။ ဧသ-ဧသော မဂ္ဂေါ၊ သည်။ လောဘက္ခန္ဓာဒီနံ၊ တို့ကို။ နိဗ္ဗိဇ္ဈနမေဝ၊ ဖောက်ထွင်းခြင်းကိုသာလျှင်။ ကရောတိ၊ ပြုသည်ကား။ န၊ မဟုတ်သေး။ အပိ စ ခေါ၊ စင်စစ်သော်ကား။ အနမတဂ္ဂသံသာရဝဋ္ဋဒုက္ခသမုဒ္ဒံ၊ ပဌမဘဝမှစ၍ ဖြစ်လတ့်သော မသိအပ်သော အစရှိသော သံသရာဝဋ်ဆင်းရဲဟူသောသမုဒ္ဒရာရေကို။ သောသေတိ၊ ခြောက်စေ၏။ သဗ္ဗအပါယဒွါရာနိ၊ အလုံးစုံသော အပါယ်တံခါးတို့ကို။ ပိဒဟတိ၊ ပိတ်၏။ သတ္တန္နံ အရိယဓနာနံ၊ သဒ္ဓါသီလစသော သူတော်ကောင်း ဥစ္စာ ခုနစ်ပါးတို့၏။ သမ္မုခီဘာဝံ၊ မျက်မှောက်ပြီးသည်၏အဖြစ်ကို။ ကရောတိ၊ ၏။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မိစ္ဆာမဂ္ဂံ၊ မိစ္ဆာမဂ်ကို။ ပဇဟတိ၊ စွန့်၏။ သဗ္ဗဝေရဘယာနိ၊ ပါဏာတိပါတစသော

ငါးပါးသော ရန် နှစ်ဆယ့်ငါးပါးသော ဘေးကြီးတို့ကို။ ဝူပသမေတိ၊ ငြိမ်းစေ၏။ သမ္မာသမ္ဗုဒ္ဓဿ၊ သဗ္ဗညုရှင်တော်ဘုရား၏။ ဩရသပုတ္တဘာဝံ၊ ရွှေရင်တော်နှစ်သားတော်စစ်၏အဖြစ်သို့။ [၃၁၅] ဥပနေတိ၊ ဆောင်တတ်၏။ အညေသံ၊ ထိုမှတပါးကုန်သော။ အနေကသတာနံ၊ အရာမကများကုန်သော။ အာနိသံသာနဥ္စ၊ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ခြင်းစသော အာနိသင်တို့ကိုလည်း။ ပဋိလာဘာယ၊ ရခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်ပေတတ်၏။ ဣတိ ဧဝံ၊ သို့။ အနေကာနိသံသဒါယကေန၊ များစွာသော အာနိသင်ကို ပေးတတ်သော။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ ဉာဏံ၊ ဉာဏ်သည်။ သောတာပတ္တိမဂ္ဂေ ဉာဏံ၊ သောတာပတ္တိမဂ်၌ဖြစ်သော ဉာဏ်မည်၏။ ဣတိ၊ ဤအရွှေအပြီးတည်း။

ပဌမမဂ္ဂဉာဏံ နိဋ္ဌိတံ။

## သောတာပန္နပုဂ္ဂလကထာ

ဂ၁၁။ ပန၊ ထိုမှတပါး။ ဣမဿ ဉာဏဿ၊ ဤသောတာပတ္တိမဂ်ဉာဏ်၏။ အနန္တရံ၊ ၌။ တဿေဝ သောတာပတ္တိမဂ္ဂစိတ္တဿ၊ ၏သာလျှင်။ ဝိပါကဘူတာနိ၊ အကျိုးဖြစ်ကုန်သော။ ဒွေ ဝါ ဖလစိတ္တာနိ၊ နှစ်ကြိမ်သော ဖိုလ်စိတ်တို့သည်ငှင်း။ တီဏိ ဝါ ဖလစိတ္တာနိ၊ သုံးကြိမ်သောဖိုလ်စိတ်တို့သည် ငှင်း။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဟိ-သစ္စံ၊ ၏။ လောကုတ္တရကုသလာနံ၊ တို့၏။ အနန္တရဝိပါကတ္တာယဝ၊ မိမိ၏အခြားမဲ့၌ အကျိုးပေးခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်သာလျှင်၊ ဝါ၊ မိမိ၏အခြားမဲ့၌ အကျိုးရှိသည်အဖြစ်ကြောင့်သာလျှင်။ သမာဓိမာနန္တရိကညမာဟူတိ စ၊ ဟူ၍ငှင်း။ ဒန္ဓံ အာနန္တရိကံ ပါပုဏာတိ အာသဝါနံ ခယာယာတိ စ၊ ဟူ၍ငှင်း။ ဣတိ-အာဒိ၊ ဤသို့အစရှိသောစကားကို။ ဝုတ္တံ၊ ၏ ¹။ [ယံ သမာဓိံ၊ အကြင်မဂ်သမာဓိကို။ အာနန္တရိကံ၊ (မိမိဖြစ်သည်၏အခြားမဲ့၌အမြဲအားဖြင့်သာလျှင် အကျိုးပေးခြင်းကြောင့်) မိမိအခြားမဲ့သာလျှင်ဖြစ်သော ဖိုလ်ဟူသော အကျိုး၌ ယှဉ်၏ဟူ၍၊ ဝါ၊ ဖိုလ်ဟူသောအကျိုးရှိ၏ဟူ၍၊ အာဟု၊ ဟောတော်မူကုန်ပြီ။ အာသဝါနံ၊ တို့၏။ ခယာယ၊ ကုန်ခြင်းငှါ။ ဒန္ဓံ၊

---

၁-ဤကဲ့သို့သောအရာ၌ ဣတိ-ကျေမြဲဟုမှတ်။ ကညမာဟု-ကို ကံ+ယံ+အာဟု-ဖြတ်။ သယေ စ-သုတ်ဖြင့် ပြီးစေ။ (ပြည်)

ဖြည်းဖြည်းနှေးနှေး။ အာနန္တရိကံ၊ မိမိ၏အခြားမဲ့၌သာလျှင်ဖြစ်သော ဖိုလ်ဟူသော အကျိုးရှိသောအရိယာမဂ်သို့။ ပါပုဏာတိ၊ ရောက်၏။] ကေစိ ပန၊ ကေစိတို့သည်ကား။ ကေ ဒွေ တီဏိ စတ္တာရိ ဝါ ဖလစိတ္တာနီတိ၊ ဟူ၍။ ဝဒန္တိ၊ ကုန်၏။ တံ-ဝစနံ၊ ထိုကေစိတို့၏စကားကို။ န ဂဟေတဗ္ဗံ၊ မယူအပ်¹။

ဟိ ကသ္မာ၊ အဘယ့်ကြောင့်။ န ဂဟေတဗ္ဗံ၊ နည်း။ အနုလောမဿ အာသေဝနန္တေ၊ အာသေဝနကို ရသောအနုလုံဉာဏ်၏အခြားမဲ့၌။ ဂေါတြဘုဉာဏံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မာ၊ ကြောင့်။ သဗ္ဗန္တိမေန၊ အလုံးစုံတို့အောက်ယုတ်သောအဖို့၌ဖြစ်သော။ ပရိစ္ဆေဒေန၊ အပိုင်းအခြားဖြင့်။ ဒွီဟိ အနုလောမစိတ္တေဟိ၊ နှစ်ကြိမ်သော အနုလုံစိတ်တို့သည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်၏²။ ဟိ-သစ္စံ၊ ၏။ ကေ၊ တကြိမ်သောအနုလုံသည်။ အာသေဝနပစ္စယံ၊ ကို။ န လဘတိ၊ မရ။ စ၊ အဖို့တပါးကိုဆိုအံ့။ ကောဝဇ္ဇနဝီထိ၊ တခုသော အာဝဇ္ဇန်းရှိသော ဝီထိသည်။ သတ္တစိတ္တပရမာ၊ ခုနစ်ချက်သောစိတ်အတိုင်းအရှည်ရှိသည်။ ဟောတိ၊ ၏³။ တသ္မာ၊ ကြောင့်။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဒွေ အနုလောမာနိ၊ နှစ်ကြိမ်သောအနုလုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဿ၊ အား။ တတိယံ၊ သုံးကြိမ်မြောက်သော။ ဂေါတြဘု၊ သည်။ (ဟောတိ၊ ဖြစ်၏။) စတုတ္ထံ၊ လေးကြိမ်မြောက်သော။ မဂ္ဂစိတ္တံ၊ သည်။ (ဟောတိ၊ ဖြစ်၏။) တီဏိ ဖလစိတ္တာနိ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယဿ၊ အား။ တီဏိ အနုလောမာနိ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) တဿ၊ အား။ စတုတ္ထံ၊ သော။ ဂေါတြဘု၊ သည်။ ပဉ္စမံ၊ သော။ မဂ္ဂစိတ္တံ၊ သည်။ ဒွေ ဖလစိတ္တာနိ၊ တို့သည်။ ဟောန္တိ၊

---

၁-ဒွေ တီဏိ-ကားသင့်၏၊ ကေ စတ္တာရိ-ကား မသင့်ဖြစ်၍ အဆိတ်ရောသော ဘောဇဉ်ကဲ့သို့ စွန့်အပ်သည်သာဟု န ဂဒဟာတဗ္ဗံ-ဟူသည်။ (ပြည်)

၂-ဘဝိတဗ္ဗ-အယှဉ် တတိယာကတ္တား နေမြဲမလွဲ ဓမ္မတာ၊ဘဝိတဗ္ဗံ-လည်း နပုံသာ။(ပြည်)

၃-အလွန်အားဖြင့် ဇောတို့သည် ခြောက်ကြိမ် ခုနစ်ကြိမ်သာဖြစ်ကုန်၏၊ ထိုကြောင့် စတ္တာရိ ဖလစိတ္တာနိ ဟောန္တိ-ဟူသောစကားကို မဆိုသင့်ဟုပြခြင်းငှါ သတ္တစိတ္တပရမာ စ ကောဝဇ္ဇနဝီထိ-မိန့်သော်။ တနည်း တကြိမ်မသင့်ကြောင်းကို ပြပြီး၍ လေးကြိမ်မသင့်ကြောင်းကို ပြခြင်းငှါ သတ္တစိတ္တပရမာ-စသည်ကိုမိန့်သော်။ အာသေဝနကိုရသော အနုလုံသည်သာလျှင် ဖြစ်စေလော့၊ အထက်၌ကား ခြောက်ကြိမ် ခုနစ်ကြိမ်သော ဇောတို့သည် ဖြစ်ကုန်၏၊ ထိုကြောင့် လေးကြိမ်သော ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏ဟု ဆိုရကား ထိုအဆိုကို ပိတ်ခြင်းငှါ သတ္တစိတ္တပရမာ စ ကောဝဇ္ဇနဝီထိ-မိန့်သော်၊ ဤသို့လည်း တက်ရာ၏။ (ပြည်)

ကုန်၏။ တေန၊ ကြောင့်။ ဒွေ တီဏိ ဝါ ဖလစိတ္တာနိ ဥပ္ပဇ္ဇန္တိတိ၊ ဟူ၍။ (မယာ၊ ငါသည်။) ဝုတ္တံ၊ ဆိုအပ်ပြီ။

ကေစိ ပန၊ ကေစိတို့သည်ကား။ ယဿ၊ အား။ စတ္တာရိ အနုလောမာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တဿ၊ အား။ ပဉ္စမံ၊ သော။ ဂေါတြဘု၊ သည်။ ဆဋ္ဌံ၊ သော။ မဂ္ဂစိတ္တံ၊ သည်။ ဧကံ၊ တကြိမ်သော။ ဖလစိတ္တံ၊ သည်။ (ဟောတိ၊ ၏။) ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ တံ ပန- ဝစနံ၊ ထို ကေစိတို့၏စကားကိုကား။ (န သာရတော ပစ္စေတဗ္ဗံ-ဉ်စပ်) ယသ္မာ၊ ကြောင့်။ စတုတ္ထံ၊ လေးကြိမ်မြောက်ရင်း။ ပဉ္စမံ၊ ငါးကြိမ်မြောက်ရင်း။ အပ္ပေတိ၊ အပ္ပနာ၏ အစွမ်းအားဖြင့်ဖြစ်၏။ တတော၊ ထိုငါးကြိမ်ထက်။ ပရံ၊ အလွန်။ န အပ္ပေတိ၊ အပ္ပနာ၏အစွမ်းအားဖြင့် မဖြစ်။ ကသ္မာ၊ ကား။ အာသန္နဘဝင်္ဂတ္တာ၊ ဘဝင်နီးသည်၏အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ပဋိက္ခိတ္တံ၊ အဌကထာ၌ ပယ်အပ်၏။ တသ္မာ၊ ထိုသို့ပယ်ပစ်ပြီးဖြစ်သောကြောင့်။ သာရတော၊ အနှစ်အားဖြင့်။ န ပစ္စေတဗ္ဗံ၊ မယုံကြည်အပ်။

၈၁၂။ ပန၊ ဆက်၍ ဆိုအံ့။ ဧတ္တာဝတာ စ၊ ဤမျှ အတိုင်းအရှည်ရှိသော ပဌမမဂ်၏ အခြားမဲ့၌ ဖိုလ်၏ ဖြစ်ခြင်းမျှဖြင့်သာလျှင်။ သေ-သော ပုဂ္ဂလော၊ သည်။ သောတာပန္နော နာမ၊ သောတာပန် မည်သော။ ဒုတိယော၊ နှစ်ယောက် မြောက်သော။ အရိယပုဂ္ဂလော၊ သည်။ ဟောတိ၊ ၏။ ဘုသမ္ပမတ္တောပိ၊ (သိကြားမင်းအဖြစ် စကြာမင်း အဖြစ် အစရှိသော မေ့လျော့ခြင်း၏ အရာသို့ ရောက်၍) ပြင်းစွာ မေ့လျော့သည်။ ဟုတ္ပာပိ၊ ဖြစ်သော်လည်း။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဒေဝေသု စ၊ နတ်ပြည်တို့၌ရင်း။ မနုဿေသု စ၊ လူ့ပြည်တို့၌ရင်း။ သန္ဓာဝိတွာ၊ အဖန်တလဲလဲပြေးသွား၍။ သံသရိတွာ၊ အဖန်တလဲလဲကျင်လည်၍။ ဒုက္ခဿန္တဿ၊ ဆင်းရဲ၏အဆုံးကို။ ကရဏသမတ္ထော၊ ပြုခြင်းငှါ စွမ်းနိုင်သည်။ ဟောတိ၊ ၏။ ပန၊ ထိုမှတပါး။ ဖလပရိယောသာနေ၊ ဖိုလ်၏အဆုံး၌။ အဿ၊ ထိုသောတာပန် ပုဂ္ဂိုလ်၏။ စိတ္တံ၊ သည်။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ တတော၊ ထိုဘဝင်သို့သက်သည်မှ။ (ပရံ၊ နောက်၌။) ဘဝင်္ဂံ-ဘဝင်္ဂဿ၊ ဘဝင်၏။ ဥပစ္ဆိန္ဒိတွာ-ဥပစ္ဆိန္ဒနတော၊ ပြတ်ခြင်းကြောင့်။ မဂ္ဂပစ္စဝေက္ခဏတ္ထာယ၊ မဂ်ကို ဆင်ခြင်ခြင်းငှါ။ မနောဒွါရာဝဇ္ဇနံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မိံ၊ ထိုမနောဒွါရာဝဇ္ဇန်းသည်။ နိရုဒ္ဓေ၊ ချုပ်ပြီးသော်။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။

သတ္တမဂ္ဂပစ္စဝေက္ခဏဇဝနာနိ၊ မဂ်ကို ဆင်ခြင်သောခုနစ်ကြိမ်သော ဇောတို့သည်။ (ဥပ္ပဇ္ဇန္တိ၊ ကုန်၏။) ဣတိ၊ ဤသည်လျှင် မဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာတည်း။ ပုန၊ ဖန်။ ဘဝင်ံ၊ သို့။ ဩတရိတွာ၊ သက်၍။ တေနေဝ နယေန၊ ထိုနည်းဖြင့်သာလျှင်။ [၃၁၆] ဖလာဒီနံ၊ ဖိုလ်စသည်တို့ကို။ ပစ္စဝေက္ခဏတ္ထာယ၊ ဆင်ခြင်ခြင်းငှါ။ အာဝဇ္ဇနာဒီနိ၊ အာဝဇ္ဇန်းအစရှိသည်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ယေသံ-ယထာဝုတ္တ အာဝဇ္ဇနဇဝနစိတ္တာနံ၊ အကြင် အကြင် ဆိုအပ်ပြီးသော အာဝဇ္ဇန်း ဇောစိတ်တို့၏။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းကြောင့်။ သော-သော သောတာပန္နော၊ ဤသောတာပန် ပုဂ္ဂိုလ်သည်။ မဂ္ဂံ၊ ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်သည် မည်၏။ ဖလံ၊ ကို။ ပစ္စဝေက္ခတိ၊ မည်၏။ ပဟီနကိလေသေ၊ ပယ်ပြီးသော ကိလေသာတို့ကို။ ပစ္စဝေက္ခတိ၊ မည်၏။ အဝသိဋ္ဌကိလေသေ၊ ပယ်ပြီးမှ ကြွင်းသော ကိလေသာတို့ကို။ ပစ္စဝေက္ခတိ၊ မည်၏။ နိဗ္ဗာနံ၊ ကို။ ပစ္စဝေက္ခတိ၊ မည်၏။

ဟိ၊ ချဲ့ဦးအံ့။ သော-ပုဂ္ဂလော၊ သည်။ အဟံ၊ သည်။ ဣမိနာ မဂ္ဂေန၊ ဤမဂ်ဖြင့်။ အာဂတော ဝတ၊ လာခဲ့၏ တကား။ ဣတိ၊ သို့။ မဂ္ဂံ၊ မဂ်ကို။ ပစ္စဝေက္ခတိ၊ ၏။ တတော၊ ထိုနောက်မှ။ မေ-မယာ၊ သည်။ အယံ အာနိသံသော၊ ဤအကျိုးကို။ လဒ္ဓေါ၊ ရအပ်၏။ ဣတိ၊ သို့။ ဖလံ၊ ကို။ ပစ္စဝေက္ခတိ၊ ၏။ တတော၊ မှ။ မေ-မယာ၊ သည်။ ဣမေ နာမ ကိလေသာ၊ ဤမည်သောကိလေသာတို့ကို။ ပဟီနာ၊ အပ်ကုန်ပြီ။ ဣတိ၊ သို့။ ပဟီနကိလေသေ၊ ပယ်အပ်ပြီးသော ကိလေသာတို့ကို။ ပစ္စဝေက္ခတိ၊ ၏။ တတော၊ မှ။ မေ၊ ငါ့အား။ ဣမေ နာမ ကိလေသာ၊ ဤမည်သော ကိလေသာတို့သည်။ အဝသိဋ္ဌာ၊ ကြွင်းကုန်သေး၏။ ဣတိ၊ သို့။ ဥပရိမဂ္ဂတ္တယဝဇ္ဈေ၊ အထက်မဂ်သုံးပါး အပေါင်းသည် သတ်အပ်ကုန်သော။ ကိလေသေ၊ တို့ကို။ ပစ္စဝေက္ခတိ၊ ၏။ အဝသာနေ စ၊ အဆုံး၌လည်း။ အယံ ဓမ္မော၊ ဤတရားကို။ မေ-မယာ၊ သည်။ အာရမ္မဏတော၊ အာရုံပြုသောအားဖြင့်။ ပဋိဝိဒ္ဓေါ၊ သိအပ်ပြီ။ ဣတိ၊ သို့။ အမတံ၊ သေခြင်းကင်းသော။ နိဗ္ဗာနံ၊ ကို။ ပစ္စဝေက္ခတိ၊ ၏။ ဣတိ၊ သို့။ သောတာပန္နဿ၊ သောတာပန်ဖြစ်သော။ အရိယသာဝကဿ၊ ၏။ ပဉ္စ ပစ္စဝေက္ခဏာနိ၊ ငါးကြိမ်သော ပစ္စဝေက္ခဏာတို့သည်။ ဟောန္တိ၊ ကုန်၏။ သောတာပန္နဿ၊

အား။ ပဉ္စ ပစ္စဝေက္ခဏာနိ၊ တို့သည်။ ဟောန္တိ ယထာ စ၊ ဖြစ်ကုန်သကဲ့သို့လည်း။ ဝေ-တထာ၊ တူ။ သကဒါဂါမိအနာဂါမီနမ္ပိ၊ တို့အားလည်း။ (ပဉ္စ ပစ္စဝေက္ခဏာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။) ပန၊ အထူးကိုဆိုအံ့။ အရဟတော၊ ရဟန္တာသခင်အား။ အဝသိဋ္ဌကိလေသပစ္စဝေက္ခဏံ နာမ၊ ကြွင်းသောကိလေသာကို ဆင်ခြင်ခြင်းမည်သည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့မှတ်အပ်၏။ ဝေ-ယထာဝုတ္တနယေန၊ ဖြင့်။ သဗ္ဗာနိပိ၊ ကုန်သော။ ဧကူနဝီသတိ ပစ္စဝေက္ခဏာနိ နာမ၊ တခုယုတ်နှစ်ဆယ်သော ပစ္စဝေက္ခဏာတို့မည်သည်။ (ဟောန္တိ၊ ကုန်၏။)

စ၊ ဆက်အံ့။ (ပဉ္စန္နံ ပစ္စဝေက္ခဏာနဉ္စ၊ ငါးပါးသော ပစ္စဝေက္ခဏာတို့ကိုင်း။ စတုန္နံ ပစ္စဝေက္ခဏာနဉ္စ၊ လေးပါးသော ပစ္စဝေက္ခဏာတို့ကိုငင်း။ ယဒိဒံ ဒဿနံ၊ အကြင်ပြခြင်းသည်။ အတ္ထိ၊ ၏။) ဧသော၊ ဤငါးပါးသောပစ္စဝေက္ခဏာ, လေးပါးသော ပစ္စဝေက္ခဏာတို့ကိုပြခြင်းသည်။ ဥက္ကဋ္ဌပရိစ္ဆေဒါယေဝ၊ အလွန်ကို ပိုင်းခြားခြင်းသာတည်း၊ ဝါ၊ အလွန်အားဖြင့် ပိုင်းခြားခြင်းသာတည်း။ ဟိ-သစ္စံ၊ ၏။ ပဟီနာဝသိဋ္ဌကိလေသပစ္စဝေက္ခဏံ၊ ပယ်အပ်ပြီးသောကိလေသာ, ကြွင်းသောကိလေသာတို့ကို ဆင်ခြင်ခြင်းသည်။ သေက္ခာနမ္ပိ၊ သေက္ခပုဂ္ဂိုလ်တို့အားလည်း။ ဟောတိ ဝါ၊ ဖြစ်သည်လည်းရှိ၏။ န ဝါ ဟောတိ၊ မဖြစ်သည်လည်းရှိ၏။ ဟိ-သစ္စံ၊ ၏။ တဿ ပစ္စဝေက္ခဏဿ၊ ထိုပယ်အပ်ပြီးသောကိလေသာ, ကြွင်းသောကိလေသာကို ဆင်ခြင်ခြင်း၏။ အဘာဝေနေဝ၊ မရှိခြင်းကြောင့်သာလျှင်[၁]။ မဟာနာမော၊ မဟာနာမ်မည်သော သာကီဝင်မင်းသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ပုစ္ဆိ၊ မေးလျှောက်၏။ (ကိံ ပုစ္ဆိ၊ အဘယ်သို့လျှောက်သနည်း။) ဘန္တေ၊ ဘုန်းတော်ကြီးသောဘုရား။ ယေန၊ အကြင်မပယ်အပ်သေးသောကိလေသာဓမ္မဖြင့်။ မေ၊ အကျွန်ုပ်၏။ စိတ္တံ၊ ကုသိုလ်စိတ်ကို။ ကဒါ၊ ရံခါ။ လောဘဓမ္မာပိ၊ လောဘဖြစ်သော တရားတို့သည်လည်း။ ပရိယာဒါယ၊ ကုန်စေ၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ မေ၊ အကျွန်ုပ်၏။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌။ အပ္ပဟီနော၊ မပယ်အပ်

---

၁-ပယ်အပ်ပြီးသော ကိလေသာ, ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သည် အချို့သော သေက္ခအား ဖြစ်၏၊ အချို့သောသေက္ခအား မဖြစ်၊ ဤသို့သောအနက်ကို အဘာဝေနေဝ-ဟူသောပါဌ်ဖြင့် ပြသည်။ (ပြည်)

သေးသော။ သော ဓမ္မော၊ ထိုကိလေသာဟူသောဓမ္မသည်။ ကော သု နာမ၊ အဘယ်မည်သောကိလေသဓမ္မနည်း။ ဣတိ၊ သို့။ ပုဗ္ဗိ၊ ၏။ သဗ္ဗံ၊ အလုံးစုံသောသုတ်ကို။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဝေဒိတဗ္ဗံ၊ အပ်၏။

## ဒုတိယမဂ္ဂညာဏကထာ

၈၁၃။ ပန၊ ထိုမှတပါး။ ဝေါ၊ သို့။ ပစ္စဝေက္ခိတ္ဝာ၊ ၍။ သောတာပန္နော၊ သောတာပန်ဖြစ်ပြီးသော။ သော အရိယသာဝကော၊ ထိုအရိယသာဝကသည်။ တသ္မိညေဝ ဝါ အာသနေ၊ ထိုနေရာ၌ပင်လျှင်မူလည်း။ နိသိန္နော၊ နေလျက်။ (ယောဂံ ကရောတိ-၌စပ်) အပရေန ဝါ သမယေန၊ တပါးသောအခါ၌မူလည်း။ ကာမရာဂဗျာပါဒါနံ၊ အားသန်သော ကာမရာဂဗျာပါဒတို့ကို၊ ဝါ၊ တို့၏။ တနုဘာဝါယ၊ ခေါင်းပါးသည်၏အဖြစ်ငှါ ငှင်း၊ ဝါ၊ ခေါင်းပါးစေခြင်းငှါရင်း[၁]။ ဒုတိယာယ၊ နှစ်ခုမြောက်သော။

၁-ကာမရာဂဗျာပါဒတို့၏ တနုဘာဝကို အဘယ်သို့သောအကြောင်းဖြင့် သိအပ်သနည်းဟူမူ? တတ္ထ ဒွိဟိ ကာရဏေဟိ တနုဘာဝေါ။ ပ ။ တသ္မာ ဝုတ္တာနယေနေဝ ဒွိဟိ ကာရဏေဟိ တေသံ တနုဘာဝေါ ဝေဒိတဗ္ဗော-မိန့်သော်၊ ဋီကာ။ တတ္ထ၊ ထိုတနုဘာဝါယ-ဟူသောပါဌ်၌။ အဓိစ္စုပ္ပတ္တိယာ၊ ရံခါကြိုးကြားဖြစ်သဖြင့်ရင်း။ ပရိယုဋ္ဌာနမန္ဒတာယ စ၊ ထိုးကျင့်ခြင်းနံ့ညံ့သည်၏အဖြစ်ဖြင့်ရင်း။ ဣတိ၊ သို့။ ဒွိဟိ၊ ကုန်သော။ ကာရဏေဟိ အကြောင်းတို့ဖြင့်။ ကာမရာဂဗျာပါဒါနံ၊ တို့၏။ တနုဘာဝေါ၊ ခေါင်း ပါးသည်၏အဖြစ်ကို၊ ဝါ၊ ကျဲပါးသည်၏အဖြစ် သေးသိမ်နံ့ညံ့သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ ဟိ၊ ချဲ့အံ့။ ဝဋ္ဋာနုသာရီ-မဟာဇနဿ၊ ဝဋ်သို့အစဉ်လျှောက်သောလူအများအား။ ကိလေသာ၊ တို့သည်။ အဘိဏှံ၊ မပြတ်။ ဥပ္ပဇ္ဇန္တိ ဝိယ၊ ကုန်သကဲ့သို့။ သကဒါဂါမိဿ၊ သကဒါဂါမ်အား။ ကိလေသာ၊ တို့သည်။ အဘိဏှံ၊ မပြတ်။ န ဥပ္ပဇ္ဇန္တိ၊ ကုန်။ ကဒါစိ ကဒါစိ၊ ရံခါ ရံခါ ကြိုးကြားကြိုးကြား၌သာ။ ဝိရဠာကာရာ၊ ကျဲသောအခြင်းအရာ ရှိကုန်သည်။ ဟုတွာ၊ ၍။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တထာ ဥပ္ပဇ္ဇန္တာပိ၊ ထိုသို့ ရံခါ ကြိုးကြား ကျဲပါးသောအခြင်းအရာဖြင့် ဖြစ်ကုန်သော်လည်း။ မဒ္ဒန္တာ၊ နှိပ်နင်းကုန်လျက်။ ဆာဒေန္တာ၊ ဖုံးလွှမ်းကုန်လျက်။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ကရောန္တာ၊ ပြုကုန်လျက်။ န ဥပ္ပဇ္ဇန္တိ၊ ကုန်။ ပန၊ အလျော်ကိုဆိုအံ့။ ဒွိဟိ မဂ္ဂေဟိ၊ နှစ်ပါးသောမဂ်တို့ဖြင့်။ ပဟီနတ္တာ၊ ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ မန္ဒမန္ဒာ၊ အလွန်နံ့ကုန်သည်။ တနုကာကာရာ၊ ကျဲပါးသော အခြင်းအရာရှိကုန်သည်။ ဟုတွာ၊ ၍။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ကေစိ ပန၊ တို့သည်ကား။ သကဒါဂါမိဿာပိ၊ သကဒါဂါမ် ပုဂ္ဂိုလ်အားလည်း။ ကိလေသာ၊ တို့သည်။ စိရေန၊ ကြာမြင့်သောကာလမှ။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ဥပ္ပဇ္ဇန္တာပိ၊ ဖြစ်ကုန်သော်လည်း။ ဗဟလာဝ၊ ထူထပ်အားသန်ကုန်သည် သာလျှင်။ ဟုတွာ၊ ၍။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တထာ-တံ ဝစနံ၊ သည်။ ဟိ-သစ္စံ၊ မှန်၏။ အဿ၊ ထို သကဒါဂါမ်ပုဂ္ဂိုလ်အား။ ပုတ္တဓီတရော၊ သားသမီးတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။ ဣတိ၊ သို့။

ဘူမိယာ၊ သကဒါဂါမိဖိုလ်သို့။ ပတ္တိယာ စ၊ ရောက်ခြင်းငှါလည်းကောင်း၊ ဝါ၊ ရခြင်းငှါလည်းကောင်း။ ယောဂံ၊ ဘာဝနာကို၊ ဝါ၊ ဘာဝနာ၌အားထုတ်ခြင်း ပယောဂကို။ ကရောတိ၊ ၏။ သော ပုဂ္ဂလော၊ သည်။ ဣန္ဒြိယဗလ-ဗောဇ္ဈင်္ဂါနိ၊ ဣန္ဒြေဗိုလ်ဗောဇ္ဈင်တို့ကို။ သမောဓာနေတွာ၊ ပေါင်း၍။ ရူပဝေဒနာသညာသင်္ခါရဝိညာဏဘေဒံ၊ ရူပဝေဒနာသညာသင်္ခါရဝိညာဉ် အပြားရှိသော။ တဒေဝ သင်္ခါရဂတံ၊ ထိုသင်္ခါရအပေါင်းကိုလျှင်။ အနိစ္စံ-ဒုက္ခမနတ္တာတိ၊ အနတ္တာဟူ၍။ ဉာဏေန၊ ဝိပဿနာဉာဏ်ဖြင့်။ ပရိမဒ္ဒတိ၊ လက္ခဏာရေးသုံးပါးကိုစုံစမ်းသည်၏အစွမ်းဖြင့် သုံးသပ်၏။ ပရိဝတ္တေတိ၊ ဆင့်ကာ ဆင့်ကာအဖန်တလဲလဲ ဝိပဿနာဉာဏ်ကို ဖြစ်စေ၏။ ဝိပဿနာ-ဝီထိံ၊ ဝိပဿနာအစဉ်သို့။ ဩဂါဟတိ၊ သက်၏။ ဧဝံ၊ ဤဆိုပြီးသောနည်းဖြင့်။ ပဋိပန္နဿ၊ ကျင့်သော။ တဿ၊ ထိုသောတာပန် ပုဂ္ဂိုလ်အား။ ဝုတ္တာ-နယေနေဝ၊ (ဥဒယဗ္ဗယဉာဏ်စသည်တို့ကို ဖြစ်စေခြင်း၌) ဆိုပြီးသော နည်းဖြင့်သာလျှင်။ သင်္ခါရုပေက္ခာဝသာနေ၊ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌။ ဧကာဝဇ္ဇနေန၊ တခုသော အာဝဇ္ဇန်းဖြင့်။ အနုလောမဂေါတြဘု-ဉာဏေသု၊ အနုလုံဂေါတြဘူဉာဏ်တို့သည်၊ ဝါ၊ အနုလောမဉာဏ် ဝေါဒါန် တို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်လတ်သော်။ ဂေါတြဘုအနန္တရံ ၁၊ ဂေါတြဘူ

ဝဒန္တိ၊ ကုန်၏။ တံ၊ ထိုကေစိတို့စကားသည်။ အကာရဏံ၊ အကြောင်းမဟုတ်။ ကသ္မာ၊ ကား။ ဝတ္ထုပဋိသေဝနေန၊ ဝတ္ထုကိုမှီဝဲခြင်းနှင့်။ ဝိနာပိ၊ ၍လည်း။ ဂဗ္ဘဂဟဏသမ္ဘဝတော၊ ကိုယ်ဝန်ယူခြင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ကြောင့်။ ဝုတ္တာ-နယေနေဝ၊ သာလျှင်။ ဒွီဟိ၊ ကုန်သော။ ကာရဏေဟိ၊ တို့ဖြင့်။ တေသံ၊ ထိုကာမရာဂ ဗျာပါဒတို့၏။ တနုဘာဝေါ၊ ကျဲပါးသည်၏အဖြစ်, သေးသိမ်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ ၎င်းအနက်။ ဘဝန္တိ သမ္ပယုတ္တာမေ့ဝ တ္တောတိ ဘူမိ၊ သမ္ပယုတ်တရားကို ဥပနိဿယ ပစ္စည်းတပ်သော ဒုတိယသာမညဖိုလ်ရ၏။ သယံ ဝါ ဘဝတီတိ ဘူမိ၊ လောကုတ္တရာ အဖြစ် သည် တူငြားသော်လည်း နိဗ္ဗာန်ကဲ့သို့ ထင်ရှားမဖြစ်သည်မဟုတ်၊ မိမိလည်း ထင်ရှားဖြစ် သောကြောင့် ၎င်းဒုတိယသာမညဖိုလ်ရ၏။

၁-ဂေါတြဘု ဝိယ ဂေါတြဘု၊ ဝေါဒါန်ရ၏၊ ထိုစကားသင့်စွ၊ ပဌမမဂ်၏ ရှေး၌ဖြစ်သော ဉာဏ်ကို ပုထုဇ္ဇနဂေါတ္တကိုနှိပ်နင်းခြင်းကြောင့်၎င်း အရိယဂေါတ္တကို ပွါးစေခြင်းကြောင့် ၎င်း မုချအားဖြင့် ဂေါတြဘူဟူ၍ ဆိုအပ်၏၊ ဤဒုတိယမဂ်၏ ရှေးဖြစ်သောဉာဏ်ကိုကား ထိုဂေါတြဘူအစစ်နှင့်တူသောကြောင့် ပရိယာယ်သဒိသူပစာအားဖြင့်၊ ဝါ၊ ဥပမာတဒ္ဓိတ် အားဖြင့် ဂေါတြဘူဟူ၍ ဆိုအပ်၏။ အဘယ့်ကြောင့်ဝေါဒါန်ဟူ၍ ဆိုအပ်သနည်း? ဟူမူ အချို့သော သံကိလေသမှစင်သောကြောင့်၎င်း စင်စစ် စင်ကြယ်စွာသောနိဗ္ဗာန်ကို အာရုံ ပြုသောကြောင့်၎င်း ဝေါဒါန်ဟူ၍ဆိုအပ်၏။ တေနာဟ ပဋ္ဌာနေ အနုလောမံ ဝေါဒါနဿ အနန္တရပစ္စယေန ပစ္စယောတိ၊ ယင်းသို့ဝေါဒါန်သာ မုချအမည်ဖြစ်ခဲ့သော် ဝေါဒါနာနန္တရံ

နှင့်တူသော ဝေါဒါန်၏အခြားမဲ့၌။ သကဒါဂါမိမဂ္ဂေါ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တေန၊ ထိုသကဒါဂါမိမဂ်နှင့်။ သမ္ပယုတ္တံ၊ သော။ ဉာဏံ၊ ဉာဏ်သည်။ သကဒါဂါမိမဂ္ဂေ ဉာဏံ၊ သကဒါဂါမိမဂ်၌ဖြစ်သော ဉာဏ်မည်၏။ ဣတိ၊ ဤသို့ရွေ့အပြီးတည်း။

ဒုတိယဉာဏံ နိဋ္ဌိတံ။

## တတိယမဂ္ဂဉာဏကထာ

[၁၁၇] ၈၁၄။ ဣမဿာပိ ဉာဏဿ၊ ဤဒုတိယ ဉာဏ်၏လည်း။ အနန္တရံ၊ ၌။ ဝုတ္တနယေနေဝ၊ သာလျှင်။ ဖလစိတ္တာနိ၊ တို့ကို။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ဧတ္တာဝတာ စ၊ ဤမျှအတိုင်းအရှည်ရှိသော ဒုတိယမဂ်၏ အခြားမဲ့၌ ဒုတိယဖိုလ်၏ဖြစ်ခြင်းမျှဖြင့် သာလျှင်။ ဧသ-ဧသော ပုဂ္ဂလော၊ သည်။ သကဒါဂါမီ နာမ၊ မည်၏။ စတုတ္ထော၊ လေးယောက်မြောက်သော။ အရိယပုဂ္ဂလော၊ သည်။ ဟောတိ၊ ၏။ သကိံဒေဝ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤလူ့ဘုံသို့။ အာဂန္တွာ၊ ပဋိသန္ဓေအားဖြင့် လာ၍။ ဒုက္ခဿ၊ ဝဋ္ဋဒုက္ခ၏။ အန္တကရဏသမတ္ထော၊ အဆုံးကိုပြုခြင်းငှါ စွမ်းနိုင်သည်။ ဟောတိ၊ ၏။ တတော၊ ထိုသို့ ဒုတိယဖိုလ်သို့ရောက်သည်မှ။ ပရံ၊ နောက်၌။ ပစ္စဝေက္ခဏံ၊ ပစ္စဝေက္ခဏာသည်။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသောနည်းရှိသလျှင်ကတည်း။

စ၊ ဆက်။ ဧဝံ၊ သို့။ ပစ္စဝေက္ခိတွာ၊ ပြီး၍။ သကဒါဂါမီ၊ သကဒါဂါမ်ဖြစ်ပြီးသော။ သော အရိယသာဝကော၊ သည်။ တသ္မိံယေဝ ဝါ အာသနေ၊ ထိုနေရာ၌မူလည်း။ နိသိန္နော၊ လျက်။ အပရေန ဝါ သမယေန၊ တပါးသော အခါ၌မူလည်း။ နိသိန္နော၊ လျက်။ ကာမရာဂဗျာပါဒါနံ၊ သကဒါဂါမိမဂ်ဖြင့် ခေါင်းပါးစေအပ်ပြီးသော ကာမရာဂသံယောဇဉ်, ဗျာပါဒသံယောဇဉ်တို့ကို။ အနဝသေသပ္ပဟာနာယ၊ အကြွင်းမဲ့ပယ်ခြင်းငှါ။ တတိယာယ၊

မဆိုမူ၍ အဘယ်ကြောင့် ဆိုရာရှိးရှား ပရိယာယ်အမည်ကိုယူ၍ ဂေါတြဘုအနန္တရံ-ဟု ဤ၌ ဆိုသနည်း?ကြောင့် ယသ္မာ ပန ပဋ္ဌိသမ္ဘိဒါမဂ္ဂေ ဥပ္ပါဒါဒိအဘိဘဝနတ္ထံ ဥပါဒါယ "အဋ္ဌ ဂေါတြဘုဓမ္မာ သမာဓိဝသေန ဥပ္ပဇ္ဇန္တိ၊ ဒသ ဂေါတြဘုဓမ္မာ ဝိပဿနာဝသေန ဥပ္ပဇ္ဇန္တိ"တိ- အာဒိသု ဂေါတြဘုနာမေနေဝ တံ အာဂတံ၊ တသ္မာ ဣဓာပိ ဂေါတြဘုအနန္တရန္တိ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ-ဋီကာမိန့်သော်။ (ပြည်)

သုံးခုမြောက်သော။ ဘူမိယာ၊ အနာဂါမိဖိုလ်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ ယောဂံ၊ ဝိပဿနာ၌ အားထုတ်ခြင်းလုံ့လကို။ ကရောတိ၊ ၏။ သော-သကဒါဂါမိပုဂ္ဂိုလ်သည်။ ဣန္ဒြိယဗလဗောဇ္ဈင်္ဂါနိ၊ တို့ကို။ သမောဓာနေတွာ၊ ၍။ တဒေဝ သင်္ခါရဂတံ၊ ထိုရုပ်နာမ်ဖြစ်သော တေဘူမကသင်္ခါရ တရားအပေါင်းကိုပင်လျှင်။ အနိစ္စံ ဒုက္ခမနတ္တာတိ၊ ဟူ၍။ ဉာဏေန၊ ဖြင့်။ ပရိမဒ္ဒတိ၊ သုံးသပ်နယ်ချေ၏။ ပရိဝတ္တေတိ၊ ဝိပဿနာဉာဏ်ကို အဖန်ဖန်ဖြစ်စေ၏။ ဝိပဿနာဝီထိံ၊ သို့။ ဩဂါဟတိ၊ သက်၏။ ဧဝံ၊ သို့သောနည်းဖြင့်။ ပဋိပန္နဿ၊ သော။ တဿ၊ ထိုသကဒါဂါမိပုဂ္ဂိုလ်အား။ ဝုတ္တနယေနေဝ၊ သာလျှင်။ သင်္ခါရုပေက္ခာဝသာနေ၊ ၌။ ဧကာဝဇ္ဇနေန၊ တခုသော အာဝဇ္ဇန်းဖြင့်။ အနုလောမဂေါတြဘုဉာဏေသု၊ တို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်လတ်သော်။ ဂေါတြဘုအနန္တရံ၊ ၌။ အနာဂါမိမဂ္ဂေါ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တေန၊ ထိုအနာဂါမိမဂ်နှင့်။ သမ္ပယုတ္တံ၊ သော။ ဉာဏံ၊ သည်။ အနာဂါမိမဂ္ဂေ ဉာဏံ၊ မည်၏။ ဣတိ၊ ဤမှေ့အပြီးတည်း။

တတိယဉာဏံ နိဋ္ဌိတံ။

### စတုတ္ထမဂ္ဂဉာဏကထာ

၈၁၅။ ဣမဿာပိ ဉာဏဿ၊ ၏လည်း။ အနန္တရံ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဖလစိတ္တာနိ၊ တို့ကို။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ တွောဝတာ စ၊ ဤမျှအတိုင်းအရှည်ရှိသော တတိယမဂ်၏ အခြားမဲ့၌ ဖိုလ်၏ဖြစ်ခြင်းဖြင့်သာလျှင်။ သေ-ဧသော ပုဂ္ဂလော၊ သည်။ ဩပပါတိကော၊ ဥပပါတ်ပဋိသန္ဓေသာရှိသော။ တတ္ထ၊ ထိုဗြဟ္မာဘုံ၌၊ ဝါ၊ သုဒ္ဓါဝါသဘုံ၌။ ပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗာန်ပြုလေ့ရှိသော။ အနာဝတ္တိဓမ္မော၊ ပဋိသန္ဓေအစွမ်းအားဖြင့် တဖန်မပြန်သော သဘောရှိသော ပုဂ္ဂိုလ်ဖြစ်၍။ ပဋိသန္ဓိဝသေန၊ ဖြင့်။ ဣမံ လောကံ၊ ဤကာမဓာတ်သို့။ န ပုနရာဂန္တာ[၁]၊ တဖန်မလာမူ၍၊ ဝါ၊ မလာခြင်းကြောင့်။ အနာဂါမိ နာမ၊ အနာဂါမ်မည်သော။ ဆဋ္ဌော၊ သော။ အရိယပုဂ္ဂလော၊ သည်။ ဟောတိ၊ ၏။ တတော၊ ထိုသို့ အနာဂါမိဖိုလ်သို့ ရောက်သည်မှ။ ပရံ၊ ၌။ ပစ္စဝေက္ခဏံ၊ သည်။ ဝုတ္တနယမေဝ၊ တည်း။

---

[၁]-ယခုမူသစ်၌ ပုန အနာဂန္တာ-ဟု ရှိ၏၊ တဖန်မပြန်လာသော၊ ဝါ၊ တဖန်မပြန်လာသည် ဖြစ်၍-ဟု အနက်ပေးရာ၏။ (ဆ-သံ-သော)

စ၊ ဆက်။ ဝေံ၊ သို့။ ပစ္စဝေက္ခိတ္ဗ္ဗာဝ၊ လျှင်။ သော-အနာဂါမိအရိယ-သာဝကော၊ သည်။ပ။ ရူပရာဂအရူပရာဂမာနဥဒ္ဓစ္စအဝိဇ္ဇာနံ၊ ရူပဘုံ၌တပ်သောရာဂ, အရူပဘုံ၌တပ်သောရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဟုဆိုအပ်ကုန်သော ဥဒ္ဓမ္ဘာဂိယသံယောဇဉ် ငါးပါးတို့ကို။ အနဝသေသပ္ပဟာနာယ၊ အကြွင်းမဲ့ပယ်ခြင်းအကျိုးငှါ။ (ကြွင်းသောအနက်နည်းတူ)။

စတုတ္ထညာဏံ နိဋ္ဌိတံ။

## အရဟန္တပုဂ္ဂလကထာ

[၃၁၇] ၈၁၆။ ဧတ္တာဝတာ စ၊ ဤမျှအတိုင်းအရှည်ရှိသော စတုတ္ထမဂ်၏ အခြားမဲ့၌ စတုတ္ထဖိုလ်၏ ဖြစ်ခြင်းမျှဖြင့်သာလျှင်။ ဧသ-ဧသော ပုဂ္ဂလော၊ သည်။ အရဟာ နာမ၊ ရဟန္တာမည်သော။ အဋ္ဌမော၊ ရှစ်ယောက်မြောက်သော။ အရိယပုဂ္ဂလော၊ သည်။ ဟောတိ၊ ၏။ မဟာခီဏာသဝေါ၊ ပူဇော်အပ်ကြီးမြတ်သော အာနုဘော်ရှိသော အာသဝေါကုန်ပြီးသော။ အန္တိမဒေဟဓာရီ၊ အဆုံးစွန်သော ကိုယ်ကိုဆောင်တတ်သော။ ဩဟိတဘာရော၊ ချအပ်ပြီးသော ခန္ဓာဝန်, ကိလေသာဝန်, အဘိသင်္ခါရဝန်ရှိသော။ အနုပ္ပတ္တသဒတ္ထော၊ အစဉ်အတိုင်းရောက်အပ်ပြီးသော အရဟတ္တဖိုလ်ဟူသော မိမိအကျိုးရှိသော။ ပရိက္ခီဏ-ဘဝသံယောဇနော၊ ကုန်ပြီးသော ဆယ်ပါးသော ဘဝသံယောဇဉ်ရှိသော။ သမ္မဒညာ ဝိမုတ္တော၊ ခန္ဓာစသည်တို့၏သဘောကို အသင့်အားဖြင့်သိ၍ အထူးသဖြင့်လွတ်ပြီးသော။ (သမ္မ-ကား သမ္မာ-လိုလျက် ရဿပြုသည်) သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ သတ္တလောက၏။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သည်ဖြစ်၍ အလှူခံပုဂ္ဂိုလ်သည်၊ ဝါ၊ မြတ်သော အလှူဝတ္ထုကိုခံထိုက်သော ပုဂ္ဂိုလ်ထူးသည်။ (ဟောတိ၊ ၏။) ဣတိ၊ ဤ၍ရှေ့အပြီးတည်း။

ဣတိ-ဣမိနာ ဝစနက္ကမေန၊ ဤရှေ့သော စကားအစီအစဉ်ဖြင့်။ သောတာပတ္တိမဂ္ဂေါ။ပ။ ဉာဏဒဿနဝိသုဒ္ဓိ နာမာတိ၊ ဟူသော။ ယံ တံ-ဝစနံ၊ အကြင်စကားကို။ မယာ၊ သည်။ ဝုတ္တံ၊ ပြီ။ တံ-ဝစနံ၊ ကို။ ဣမိနာ အနုက္ကမေန၊ ဤဆိုပြီးသော အစီအစဉ်ဖြင့်။ ပတ္တဗ္ဗာနိ၊ ရောက်အပ်

ကုန်၏။ ဣမာနိ စတ္တာရိ ဉာဏာနိ၊ ဤလေးပါးသော ဉာဏ်တို့ကို။ သန္ဓာယ၊ ၍။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်၏။

**ဗောဓိပက္ခိယကထာ**

၈၁၇။ ဣဒါနိ၊ ၌။ စတုဉာဏာယ၊ စတုမဂ္ဂဉာဏ်အားဖြင့် လေးပါးသော ဉာဏ်အစိတ်ရှိသော[၁]။ ဣမိဿာယေဝ ဉာဏဒဿနဝိသုဒ္ဓိယာ၊ ဤဉာဏဒဿနဝိသုဒ္ဓိ၏သာလျှင်။ အာနုဘာဝဝိဇာနနတ္ထံ၊ သတိပဋ္ဌာန်၏ ထက်ဝန်းကျင်ပြည့်စုံခြင်းအစရှိသောအာနုဘော်ကို သိခြင်းအကျိုးငှါ။

ပရိပုဏ္ဏဗောဓိပက္ခိယဘာဝေါ၊ ထက်ဝန်းကျင်ပြည့်စုံသော ဗောဓိပက္ခိယရှိသည်၏အဖြစ်ကိုရင်း။ ဝုဋ္ဌာနဗလသမာယောဂေါ၊ လေးပါးသော မဂ်ဉာဏ်တို့၏ နိမိတ္တ,ပဝတ္တမှထခြင်း, သမထဗလဝိပဿနာဗလတို့နှင့် ယှဉ်ခြင်းကိုရင်း။ ယေ ဓမ္မာ၊ အကြင်သံယောဇဉ်အစရှိသောဓမ္မတို့ကို။ ယေန ပဋ္ဌမမဂ္ဂါဒိနာ၊ အကြင်ပဋ္ဌမမဂ်အစရှိသည်သည်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ တေသံ ဓမ္မာနံ၊ ထိုသံယောဇဉ်အစရှိသောဓမ္မတို့ကို။ (တေန၊ ထိုပဋ္ဌမမဂ်အစရှိသည်သည်။) ပဟာနဥ္စ၊ ပယ်ခြင်းကိုရင်း။

အဘိသမယကာလေ၊ သစ္စာလေးပါးတို့ကို ရှေးရှုမျက်မှောက်သိသော ကာလ၌။ ပရိညာဒီနိ၊ ပရိညာဉ်ကိစ္စ ပဟာနကိစ္စအစရှိကုန်သော။ ယာနိ ကိစ္စာနိ၊ အကြင်ကိစ္စတို့ကို။ ဝုတ္တာနိ၊ ဆိုအပ်ကုန်ပြီ။ တာနိ စ၊ ထိုပရိညာ-ပဟာနသစ္ဆိကိရိယဘာဝနာ လေးဖြာသော ကိစ္စတို့ကိုရင်း။ ယထာ-သဘာဝေန၊ အကြင်အကြင်ဟုတ်မှန်သောသဘောအားဖြင့်၊ ဝါ၊ ဟုတ်မှန်

၁-စတူသု မဂ္ဂေသု ဉာဏံ ဧတိဿာတိ စတုဉာဏာ။ ဧတိဿာ၊ ဤအပေါင်းဖြစ်သော ဉာဏဒဿနဝိသုဒ္ဓိအား။ စတူသု မဂ္ဂေသု၊ လေးပါးသောမဂ်တို့၌။ ဉာဏံ၊ ဖြစ်သော အစိတ်ဉာဏ်သည်။ အတ္ထိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ သာ၊ ထိုအပေါင်းဖြစ်သော ဉာဏဒဿန-ဝိသုဒ္ဓိသည်။ စတုဉာဏာ၊ စတုဉာဏာမည်၏။ ဘိန္နာဓိကရဏဗဟုဗ္ဗီဟိဖြစ်၍ အညပုဒ်သို့ လိင်လိုက်ရကား စတုဉာဏာ-ဟု ဣတ္ထိလိင်ပြီးသည်၊ကမ္မဓာရယော စ ဒွန္ဒော စ၊တပ္ပုရိသော စ လာဘိနော။ တယော ပရပဒေ လိင်္ဂံ၊ ဗဟုဗ္ဗီဟိ ပဒန္တရေ-ဟူသော သဒ္ဒလက္ခဏာကို နှလုံးမူရာသည်။ တနည်း စတူသု မဂ္ဂေသု ဉာဏံ စတုဉာဏံ၊ စတုသစ္စံ-ကဲ့သို့ ကမ္မဓာရည်း မဟုတ်၊ တံ ဧတိဿာ အတ္ထီတိ စတုဉာဏာ၊ ဤသို့ပြုမူ အဿတ္ထိတဒ္ဓိတ်ဟူ၍ အထ ဝါ စတုမဂ္ဂေသု ပဝတ္တတ္တာ စတ္တာရိ ဉာဏာနိ ဧတိဿာတိ စတုဉာဏာ၊ ဤသို့ပြုမူ တုလျာဓိကရဏဗဟုဗ္ဗီဟိ၊ အထ ဝါ စတုမဂ္ဂေသု ပဝတ္တတ္တာ စတ္တာရိ ဉာဏာနိ စတုဉာဏံ ယထာ စတုသစ္စံ၊ တံ ဧတိဿာ အတ္ထီတိ စတုဉာဏာ၊ ပြု။ (ပြည်)

သော သဘောအလျောက်။ ဇာနိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ဣတိ အယံ၊ ကား။ မာတိကာ၊ မာတိကာတည်း။

၇၁၇။ တတ္ထ၊ ထိုမာတိကာ၌၊ ဝါ၊ ထိုလေးပါးတို့တွင်။ ပရိပုဏ္ဏ-ဗောဓိပက္ခိယဘာဝေါတိ၊ ကား။ ဗောဓိပက္ခိယာနံ၊ ဗောဓိပက္ခိယတရား တို့၏။ ပရိပုဏ္ဏဘာဝေါ၊ တည်း။ ဟိ၊ ချဲ့အံ့။ စတ္တာရော သတိပဋ္ဌာနာ၊ တို့ရင်း။ စတ္တာရော သမ္မပ္ပဓာနာ၊ တို့ရင်း။ စတ္တာရော ဣဒ္ဓိပါဒါ၊ တို့ရင်း။ ပဉ္စိန္ဒြိယာနိ၊ တို့ရင်း။ ပဉ္စ ဗလာနိ၊ တို့ရင်း။ သတ္တ ဗောဇ္ဈင်္ဂါနိ၊ တို့ရင်း။ အရိယော၊ မြတ်သော၊ ဝါ၊ ဖြူစင်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါး ရှိသော။ မဂ္ဂေါ၊ မဂ်ရင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ ဖြင့်။ သတ္တတိံသ၊ သုံးဆယ့်ခုနှစ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဗုဇ္ဈနဋ္ဌေန၊ သစ္စာလေးပါးကိုသိတတ်သောအနက်ကြောင့်။ ဗောဓေါတိ၊ ဗောဓဟူ၍။ လဒ္ဓနာမဿ၊ ရအပ်သောအမည်ရှိသော။ အရိယမဂ္ဂဿ၊ အရိယာမဂ်၏။ ပက္ခေ၊ (အကူအမြောင်လက်ဆောင်) အပင်းအသင်း၌။ ဘဝတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ (တနည်း) ပက္ခေ၊ ကျေးဇူးပြုတတ်သော အပင်းအသင်း၏အဖြစ်၌။ ဘဝတ္တာ-ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ ဗောဓိပက္ခိယာ နာမ၊ ကုန်၏။ ပက္ခေ ဘဝတ္တာတိ၊ ကား။ ဥပကာရဘာဝေ၊ ကူမြောင်၍ ကျေးဇူးပြုတတ်သည်၏အဖြစ်၌။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။

[၃၁၉] ၇၁၉။ တေသု-ဗောဓိပက္ခိယေသု၊ တို့တွင်။ အာရမ္မဏေသု၊ ကာယဝေဒနာအစရှိသောအာရုံတို့၌။ (တေသု အာရမ္မဏေသု-ဟု မရော လင့်) ဩက္ကန္ဒိတွာ ပက္ခန္ဒိတွာ၊ ၍။ (ဤနှစ်ပုဒ်ကား ဝေဝုစ်တည်း) ဥပဋ္ဌာနတော၊ (အသုဘအခြင်းအရာစသည်ကို ယူသည်၏ အစွမ်းဖြင့်) ကပ်၍တည်တတ်သည်၏အဖြစ်ကြောင့်။ ပဋ္ဌာနံ၊ ကာယဝေဒနာစသော အာရုံသို့ ကပ်၍တည်တတ်သည်မည်၏။ သတိယေဝ၊ သတိသည်ပင်လျှင်။ ပဋ္ဌာနံ၊ ကာယဝေဒနာစသောအာရုံသို့ ကပ်၍တည်တတ်သည်တည်း။ (ဣတိ-တသ္မာ၊ ကြောင့်။) သတိပဋ္ဌာနံ၊ မည်၏။ (သတိတခုကိုပင် အဘယ့် ကြောင့် စတ္တာရော သတိပဋ္ဌာနာ-ဟူသနည်း) ပန၊ ထိုသို့သတိသည်ပင်လျှင် သတိပဋ္ဌာန်မည်သော်လည်း။ အဿာ၊ ထိုသတိ၏။ ကာယဝေဒနာ-စိတ္တဓမ္မေသု၊ ကာယဝေဒနာစိတ္တဓမ္မဟူသော လေးပါးသောအာရုံတို့၌။

အသုဘဒုက္ခအနိစ္စအနတ္တာကာယဂဟဏဝသေန၊ အသုဘ အခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာကိုယူသည်၏အစွမ်းဖြင့်ရင်း။ သုဘ-သုခနိစ္စအတ္တသညာပဟာနကိစ္စသာဓနဝသေန စ၊ သုဘသညာ သုခ-သညာ နိစ္စသညာ အတ္တသညာကို ပယ်ခြင်းကိစ္စကို ပြီးစေသည်၏အစွမ်းဖြင့် ရင်း။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ စတုဓာ၊ လေးပါးသောအဖို့တို့ဖြင့်။ ဘေဒေါ၊ ပြားခြင်းသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ စတ္တာရော သတိပဋ္ဌာနာတိ၊ ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။

၇၂၀။ ဧတေန၊ ဤဝီရိယဖြင့်။ ပဒဟန္တိ ဝါယမန္တိ၊ အားထုတ်တတ် ကုန်၏။ (တနည်း) ကာယစိတ္တာနိ၊ ကိုယ်စိတ်တို့ကို။ ပဒဟန္တိ ပဂ္ဂဏှန္တိ၊ ချီးမြှောက်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ပဓာနံ၊ မည်၏။ သောဘနံ၊ တင့်တယ်သော၊ ဝါ၊ ကောင်းမြတ်သော[၁]။ ပဓာနံ၊ အားထုတ်ကြောင်းတည်း၊ ဝါ၊ ကိုယ်စိတ်ကို ချီးမြှောက်ကြောင်းတည်း။ ဣတိ-တသ္မာ၊ ကြောင့်။ သမ္မပ္ပဓာနံ၊ မည်၏။ ဝါ၊ ကား။ ဧတေန၊ ဤဝီရိယဖြင့်။ သမ္မာ၊ အသင့်အားဖြင့်။ ပဒဟန္တိ၊ အားထုတ်တတ်ကုန် ၏။ ဣတိ-တသ္မာ၊ ထိုသို့ အသင့်အားဖြင့် အားထုတ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သမ္မပ္ပဓာနံ၊ မည်၏။ ဝါ၊ ကား။ တံ ဝီရိယံ၊ သည်။ ကိလေသဝိရူပတ္တဝိဟရတော၊ ကိလေသာဟူသော ဖောက်ပြန်ခြင်းဟု ဆိုအပ်သော ရူပအသာရုပ္ပသဘောမှကင်းသည်၏အဖြစ်ကြောင့်။ သောဘ-နဉ္စ၊ တင့်တယ်လျောက်ပတ် ကောင်းမြတ်သည်လည်း။ ဟောတိ၊ ၏။ ဟိတသုခနိပ္ဖါဒကဋ္ဌေန၊ အခိုင်အမြဲ စီးပွါးချမ်းသာကို ပြီးစေတတ်သည်၏ အဖြစ်ကြောင့်။ သေဋ္ဌဘာဝါဝဟနတော စ၊ အထူးသဖြင့် ချီးမွမ်းအပ် သည်၏အဖြစ်ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်ရင်း။ ပဓာနဘာဝ-ကာရဏတော စ၊ မြတ်သည့်အဖြစ်၏ အကြောင်းဖြစ်သောကြောင့်ရင်း။ ပဓာနဉ္စ၊ အထူးသဖြင့် ချီးမွမ်းအပ်သည်လည်း၊ ဝါ၊ အထူးသဖြင့် မြတ်သည်လည်း။ ဟောတိ၊ ၏။ ဣတိ-တသ္မာ၊ ထိုနှစ်ပါးသော သတ္တိ ကြောင့်။ သမ္မပ္ပဓာနံ၊ သမ္မပ္ပဓာန်မည်၏။ တေ၊ ဤသမ္မပ္ပဓာန်ဟူသော

---

[၁] မတင့်တယ်ခြင်း၏ အကြောင်းဖြစ်ကုန်သော သံကိလေသဓမ္မတို့ကို ပယ်ခြင်းဖြင့်ရင်း တင့်တယ်ခြင်း၏ အကြောင်းဖြစ်ကုန်သော ဝေါဒါနဓမ္မတို့ကို ပွါးစေခြင်းဖြင့်ရင်း သောဘနသုန္ဒရဖြစ်သည်ဟူလို။ (ပြည်)

အမည်သည်။ ဝီရိယဿ၊ အသည်းအသန်ခြိုးခြံစွာလှ ဝီရိယ၏။ အဓိဝစနံ၊ အမည်တည်း။ (ယသ္မာ ပန၊ အကြင့်ကြောင့်ကား။) တယိဒံ-တံ ဣဒံ သမ္မပ္ပဓာနံ၊ ထိုသမ္မပ္ပဓာန်သည်။ ဥပ္ပန္နာနုပ္ပန္နာနံ အကုသလာနံ၊ ဖြစ်ကုန်ပြီးသော အကုသိုလ် မဖြစ်ကုန်သေးသော အကုသိုလ်တို့ကို။ ပဟာနာနုပ္ပတ္တိကိစ္စံ၊ ပယ်ခြင်းကိစ္စ, မဖြစ်စေခြင်း ကိစ္စကိုရင်း။ အနုပ္ပန္နုပ္ပန္နာနံ ကုသလာနံ၊ မဖြစ်ကုန်သေးသောကုသိုလ် ဖြစ်ကုန်ပြီးသော ကုသိုလ်တို့၏။ ဥပ္ပတ္တိဋ္ဌိတိကိစ္စဥ္စ၊ ဖြစ်စေခြင်းကိစ္စ, ပွါးစီးမြင့်ရှည်တည်ခြင်း ကိစ္စကိုရင်း။ သာဓယတိ၊ ၏။ ဣတိ-ဣမိနာ ကာရဏေန၊ ဤသို့ လေးပါးသော ကိစ္စတို့ကို ပြီးစေခြင်းဟူသော အကြောင်းကြောင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ လေးပါးသော ကိစ္စကို ပြီးစေသောအားဖြင့် လေးပါးအပြားရှိသည်၏ အဖြစ်ကြောင့်။ စတ္တာရော သမ္မပ္ပဓာနာတိ၊ ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။

၇၂၁။ ပုဗ္ဗေ၊ ရှေးဖြစ်သော ဣဒ္ဓိဝိဓဉာဏနိဒ္ဒေသဉ္စ။ ဝုတ္တေန၊ ပြီးသော။ ဣဇ္ဈနဋ္ဌေန၊ ပြီးခြင်းအနက် ပြည့်စုံခြင်းဟူသောအနက်ကြောင့်။ ဣဒ္ဓိ၊ မည်၏။ (တနည်း) ဣဇ္ဈနဋ္ဌေန၊ ပြီးကြောင်း ပြည့်စုံပွါးစီးခြင်းသို့ ရောက်ကြောင်း၏ အဖြစ်ကြောင့်။ ဣဒ္ဓိ၊ မည်၏[၁]။ သမ္ပယုတ္တာယ၊ သမ္ပယုတ်ဖြစ်သော။ တဿာ ဣဒ္ဓိယာ၊ ထိုဣဒ္ဓိ၏။ ပုဗ္ဗင်္ဂမဋ္ဌေန၊ ပြဋ္ဌာန်းသော အနက်ကြောင့်၊ ဝါ၊ အဓိပတိပစ္စည်း၏ အဖြစ်ကြောင့်။ ပါဒေါ၊ အခြေပါဒမည်သတည်း။ ဣတိ-တသ္မာ၊ ကြောင့်။ ဣဒ္ဓိပါဒေါ၊ မည်၏[၂]။ စ၊ တနည်းကား။ ဖလဘူတာယ၊ ဖိုလ်ဖြစ်၍ဖြစ်သော။ တဿာ ဣဒ္ဓိယာ၊ ထိုဣဒ္ဓိ၏။ ပုဗ္ဗဘာဂကာရဏဋ္ဌေန၊ ရှေးအဖို့၌ဖြစ်သော အကြောင်းဟူသော အနက်ကြောင့်။ ပါဒေါ၊ မည်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဣဒ္ဓိပါဒေါ၊

---

၁-သမာဓိပဓာနသင်္ခါရပမုခါမဂ္ဂဓမ္မာ ဣဓ ဣဒ္ဓီတိ အဓိပ္ပေတာ-ဋီကာဟူရကား သမာဓိပဓာန-ဟု ဆိုအပ်သော ပြုပြင်တတ်သော ဝီရိယအမှူးအကြီးရှိသော မဂ်တရားတို့ကို ဤ၌ ဣဒ္ဓိဟူ၍ လိုအပ်သည်။ (ပြည်)

၂-ပုဗ္ဗင်္ဂမဋ္ဌော အဓိပတိပစ္စယဘာဝေါ၊ တသ္မာ သောတာပတ္တိမဂ္ဂေ ဣဇ္ဈတီတိ ဣဒ္ဓိ။ တဿာ သမ္ပယုတ္တာ ဆန္ဒာဒယော ။ပ။ ဥတ္တရစူဠဘာဇနီယေ အာဂတနယေန လောကုတ္တရ ဝေဒိတဗ္ဗာ- ဋီကာဟူရကား ဣဒ္ဓိအရကို သောတာပတ္တိမဂ်စသော လေးပါးသောမဂ် ကောက်၍ ပါဒအရကို သမ္ပယုတ္တ ဆန္ဒစသည်ကို ကောက်ရသည်၊ သောတာပတ္တိမဂ္ဂေါ-ဟူသည်လည်း ဥပလက္ခဏနည်းသာမှတ်။ (ပြည်)

မည်၏[၁]။ သော ဣဒ္ဓိပါဒေါ၊ သည်။ ဆန္ဒာဒိဝသေန၊ ဆန္ဒစိတ္တဝီရိယဝီမံသ၏ အစွမ်းဖြင့်။ စတုဗ္ဗိဓော၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုတရားကိုယ် အားဖြင့် လေးပါးအပြားရှိသည်၏ အဖြစ်ကြောင့်။ စတ္တာရော ဣဒ္ဓိပါဒါတိ၊ ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏[၂]။ ယထာဟ၊ ကား။ စတ္တာရော။ပ။ ဝီမံသိဒ္ဓိ- ပါဒေါတိ၊ ဟူ၍။ အာဟ၊ ၏။ ဣမေ၊ ဤဆိုအပ်ခဲ့ပြီးသော ဆန္ဒစိတ္တ ဝီရိယဝီမံသတို့သည်။ လောကုတ္တရာဝ၊ ဥတ္တရဘာဇနီယ၌ လာသောနည်း အားဖြင့် လောကုတ္တရာတရားတို့သာတည်း။ ပန၊ ထိုသို့သော်လည်း။ ဘိက္ခု၊ သည်။ ဆန္ဒံ၊ ဆန္ဒကို။ အဓိပတိံ၊ အကြီးအမှူးကို။ ကရိတွာ၊ ၍။ သမာဓိံ၊ သမာဓိကို။ စေ လဘတိ၊ အကယ်၍ရသည်ဖြစ်အံ့။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တခုသောအာရုံရှိသည်၏ အဖြစ်ကို။ စေ လဘတိ၊ အကယ်၍ရသည်ဖြစ်အံ့။ အယံ၊ ဤသမာဓိကို။ ဆန္ဒသမာ- ဓိတိ၊ ဆန္ဒလျှင် အကြီးအကဲရှိသော သမာဓိဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ- အာဒိဝစနတော၊ ဤသို့အစရှိသောစကားကို ဘုရားဟောတော်မူသော ကြောင့်။ ဆန္ဒာဒိအဓိပတိဝသေန၊ ဆန္ဒအစရှိသော လေးပါးသော အဓိပတိ၏အစွမ်းဖြင့်။ ပဋိလဒ္ဓဓမ္မာ၊ ရအပ်သောတရားဖြစ်ကုန်သော။ လောကိယာ၊ လောကီဖြစ်ကုန်သော။ (ဖဿာဒယောပိ၊ ဖဿအစရှိသော တရားတို့သည်လည်း။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်မည်ကုန်သည်။) ဟောန္တိ၊ ကုန်၏[၃]။

၁၂၂။ အဿဒ္ဓိယကောသဇ္ဇပမာဒဝိက္ခေပသမ္မောဟာနံ၊ (သဒ္ဓါ၏ ဆန့်ကျင်ဖက်ဖြစ်သော အကုသိုလ်, ဝတ္ထုတ္တယမှတပါးတို့၌ ကြည်ညိုသော ပသာဒ၏ အတုအယောင်ဖြစ်သော မိစ္ဆာဓိမောက္ခဟူသော) အဿဒ္ဓိယ

---

၁-ဤနည်းအလိုသော် ဣဒ္ဓိအရကို အကျိုးယူ၍ ပါဒအရကို အကြောင်းဖြစ်သော ဆန္ဒစသည်ကိုကောက်။ (ပြည်)

၂-သတိပဋ္ဌာန်ကဲ့သို့ အာရုံအားဖြင့် လေးပါးပြားသည်မဟုတ်-သမ္မပ္ပဓာန်ကဲ့သို့ ကိစ္စအား ဖြင့် လေးပါးပြားသည်လည်းမဟုတ် တရားကိုယ်အားဖြင့် လေးပါးပြားသည် ဟူလို။ (ပြည်)

၃-ဖဿာဒယော ဣဒ္ဓိပါဒါ-ကား ထည့်သည်။ ဤအရာ၌ ဣဒ္ဓိပါဒ်ကားမည်၏ အဓိပတိ မမည်သောတရား, အဓိပတိမည်၏ ဣဒ္ဓိပါဒ်မမည်သောတရား အကယ်၍ကားမရှိ၊ ထိုသို့ မရှိသော်လည်း တခုသောပြည်၌ မင်း၏အဖြစ်ကိုထိုက်ကုန်သော လေးယောက်ကုန်သော မင်းလျာ မင်းသားတို့တွင် တရံတခါ တဦးသောမင်းသားသည်သာလျှင် မင်းပြု၏၊ အလုံးစုံ သော မင်းသားတို့သည် တပြိုင်နက်အားဖြင့်စု၍ မင်းမပြုကုန်။ ထိုကဲ့သို့ တခုသော စိတ္တုပ္ပါဒ်၌တခုသောအဓိပတိ တခုသော ဣဒ္ဓိပါဒ်သည်သာလျှင် အဓိပတိလည်းမည်၏၊ ဣဒ္ဓိပါဒ်လည်းမည်၏ ဟူ၍မှတ်အပ်၏။ (ပြည်)

တရား, (ထိနမိဒ္ဓပြမာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်-ဟု ဆိုအပ်သော) ကောသဇ္ဇတရား, (သတိ၏မေ့လျော့ကင်းလွတ်ချတ်ခြင်း ပျောက်ခြင်း ထိုသတိကင်းသော အခြင်းအရာကြောင့်ဖြစ်သော အကုသိုလ် ခန္ဓာ ဟူသော) ပမာဒတရား, စိတ်ပျံ့လွင့်ခြင်းဟူသော ဝိက္ခေပ, တွေဝေခြင်း သဘောရှိသော သမ္မောဟတို့ကို။ အဘိဘဝနတော၊ နှိပ်နင်းလွှမ်းမိုး တတ်သည်၏ အဖြစ်ကြောင့်။ အဘိဘဝနသင်္ခါတေန၊ နှိပ်နင်းလွှမ်းမိုး အစိုးရခြင်းဟု ဆိုအပ်သော။ အဓိပတိယဋ္ဌေန၊ အစိုးရသည်၏ အဖြစ် တည်းဟူသော သဘောဖြင့်၊ ဝါ၊ ယုံကြည်သဖြင့် ဆုံးဖြတ်တတ်သော သဒ္ဓါ, သမ္ပယုတ် တရားတို့ကို ချီးမြှင့်တတ်သောဝီရိယ အာရုံသို့ကပ်၍ တည်တတ်သောသတိ, မပျံ့လွင့်သောသမာဓိ, အပြားအားဖြင့် သိတတ် သောပညာ၏ တူသောလက္ခဏာအားဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရ သည်၏ အဖြစ်တည်းဟူသော သဘောဖြင့်။ ဣန္ဒြိယံ၊ မည်၏။ အဿဒ္ဓိယာ-ဒီဟိ၊ အဿဒ္ဓိယ ကောသဇ္ဇ စသောတရားတို့သည်။ အနဘိဘဝနီယတော၊ မနှိပ်စက်အပ်သည်၏အဖြစ်ကြောင့်။ အကမ္ပိယဋ္ဌေန စ၊ မတုန်မလှုပ်သည်၏ အဖြစ်တည်းဟူသော သဘောကြောင့်ရင်း။ (ထိရဘာဝေန စ၊ သမ္ပယုတ် တရားတို့၌ မြဲမြံခိုင်ခံ့သည်၏ အဖြစ်ကြောင့်ရင်း။) ဗလံ၊ ဗိုလ်မည်၏[၁]။ တဒုဘယမ္ပိ၊ ထိုနှစ်ပါးစုံသည်လည်း။ သဒ္ဓါဒိဝသေန၊ သဒ္ဓါဝီရိယစသည် တို့၏ အစွမ်းဖြင့်။ ပဉ္စဝိဓံ၊ ငါးပါးငါးပါးစီ အပြားရှိသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ပဉ္စိန္ဒြိယာနိ ပဉ္စ ဗလာနီတိ၊ ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။

၈၂၃။ ပန၊ ပါး။ ဗုဇ္ဈနကသတ္တဿ၊ လေးပါးသော အရိယသစ္စာတို့ကို သိသောသတ္တဝါ၏။ အင်္ဂဘာဝေန၊ အကြောင်း၏အဖြစ်ကြောင့်။ သတိ-အာဒယော၊ သတိအစရှိကုန်သော။ သတ္တ၊ ခုနစ်ပါးသော တရားတို့သည်။ ဗောဇ္ဈင်္ဂါနိ၊ မည်ကုန်၏။ စ၊ ပါး။ နိယျာနိကဋ္ဌေန၊ ဝဋ်မှထွက်မြောက် ကြောင်း၏ အဖြစ်ကြောင့်။ သမ္မာဒိဋ္ဌိအာဒယော၊ သမ္မာဒိဋ္ဌိအစရှိကုန် သော။ အဋ္ဌ၊ ရှစ်ပါးသောတရားတို့သည်။ မဂ္ဂင်္ဂါ၊ မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တေန၊ ကြောင့်။ သတ္တ ဗောဇ္ဈင်္ဂါ အရိယော အဋ္ဌင်္ဂိ-ကော မဂ္ဂေါတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

---

၁-စ-သဒ္ဒါသည် အဋ္ဌာနပယုဂ်ဖြစ်ရကား အကမ္ပိယဋ္ဌေန-၌ယှဉ်သည်၊ သမုစ္စယတ္ထလည်း ဖြစ်ရကား ထိရဘာဝေန-ကိုလည်းဆည်းသည်။ (ပြည်)

[၃၂၀] ၈၂၄။ ဣတိ-ဣမိနာ နယေန၊ ဖြင့်။ ဣမေ သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ၊ ဤသုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို။ ပုဗ္ဗဘာဂေ၊ အရိယမဂ်၏ ရှေးအဖို့၌။ (နာနာစိတ္တေသု လဗ္ဘန္တီတိ သမ္ဗန္ဓော) လောကိယဝိပဿနာယ၊ လောကီဝိပဿနာသည်။ ဝတ္တမာနာယ၊ ဖြစ်သည်ရှိသော်။ စုဒ္ဒသဝိဓေန၊ တဆယ့်လေးပါးသော အပြားဖြင့်[၁]။ ကာယံ၊ ရူပကာယကို။ ပရိဂ္ဂဏှတော၊ သိမ်းဆည်းသောပုဂ္ဂိုလ်အား။ ကာယာနုပဿနာသတိပဋ္ဌာနဉ္စ၊ ကာယာနုပဿနာသတိပဋ္ဌာန်ကိုလည်း။ (လဗ္ဘတိ၊ ၏။) နဝဝိဓေန၊ ကိုးပါးအပြားဖြင့်။ ဝေဒနံ၊ ကို။ ပရိဂ္ဂဏှတော၊ အား။ ဝေဒနာနုပဿနာသတိပဋ္ဌာနဉ္စ၊ ကိုလည်း။ (လဗ္ဘတိ၊ ၏[၂]။) သောဠသဝိဓေန၊ တဆယ့်ခြောက်ပါးသော အပြားအားဖြင့်။ စိတ္တံ၊ ကို။ ပရိဂ္ဂဏှတော၊ အား။ စိတ္တာနုပဿနာသတိပဋ္ဌာနဉ္စ၊ ကိုလည်း။ (လဗ္ဘတိ၊ ၏[၃]။) ပဉ္စဝိဓေန၊ နီဝရဏပဗ္ဗ ဥပါဒါနက္ခန္ဓပဗ္ဗ အာယတနပဗ္ဗ ဗောဇ္ဈင်္ဂပဗ္ဗ သစ္စပဗ္ဗ ဟူသော ငါးပါးသောအပြားဖြင့်။ ဓမ္မေ၊ သဘာဝဓမ္မတို့ကို။ ပရိဂ္ဂဏှတော၊ အား။ ဓမ္မာနုပဿနာသတိပဋ္ဌာနဉ္စ၊ ကိုလည်း။ လဗ္ဘတိ၊ ၏။ ဣမသ္မိံ အတ္တဘာဝေ၊ ဤမျက်မြင် ပစ္စုပ္ပန်အတ္တဘော၌။ အနုပ္ပန္နပုဗ္ဗံ၊ မိမိအား မဖြစ်စဘူးသော။ ပရဿ၊ သူတပါးအား။ ဥပ္ပန္နံ၊ သော။ အကုသလံ၊ ကိုရင်း။ တံနိမိတ္တံ၊ ထိုအကုသိုလ်လျှင် အကြောင်းရှိသော။ ဝဓဗန္ဓာရဟာဒီနိ စ၊ သတ်ခြင်း နှောင်ဖွဲ့ခြင်းငှါ ထိုက်သောအပြစ် စသည်တို့ကိုရင်း။ ဒိသွာ၊ မြင်၍။ (အဝုတ္တ-စသဒ္ဒါ ဂမျမာန်ပြု၍ယူ) ယထာ၊ အကြင် အခြင်းဖြင့်။ ပဋိပန္နဿ၊ ကျင့်သသူအား။ တံ၊ ဤအကုသိုလ် အကြောင်းရှိသော အပြစ်သည်။ ဥပ္ပန္နံ၊ ဖြစ်၏။ တထာ၊ ထိုအခြင်းဖြင့်။ န ပဋိပဇ္ဇိဿာမိ၊ ငါမကျင့်ပေအံ့။ ဧဝံ၊ ဤသို့ ကောင်းစွာကျင့်သည်ရှိသော်။ မေ၊ ငါ့အား။ တံ၊ ဤအကုသိုလ် အကြောင်းရှိသော အပြစ်သည်။

[၁] ၁-အာနာပါနပဗ္ဗ ဣရိယာပထပဗ္ဗ စတုသမ္ပဇညပဗ္ဗ ပဋိကူလမနသိကာရပဗ္ဗ ဓာတုမနသိကာရပဗ္ဗ ကိုးပါးသော သိဝဋ္ဌိကပဗ္ဗ၊ ဤကား စုဒ္ဒသဝိဓသေရုပ်တည်း။ (ပြည်)

[၂] ၂-သုခံ ဝေဒနံအစရှိသော သုံးပါး သာမိသအစရှိသော သုံးပါး နိရာမိသအစရှိသော သုံးပါး၊ ဤသို့ ကိုးပါးအပြားဖြစ်သည်။ (ပြည်)

[၃] ၃-သရာဂ ဝီတရာဂ သဒေါသ ဝီတဒေါသ သမောဟ ဝီတမောဟ သံခိတ္တ ဝိက္ခိတ္တ မဟဂ္ဂတ အမဟဂ္ဂတ သမာဟိတ အသမာဟိတ သဉတ္တရ အနုတ္တရ ဝိမုတ္တ အဝိမုတ္တ-ဟူ၍ တဆယ့်ခြောက်ပါး ပြားသည်မှတ်။ (ပြည်)

နုပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့။ ဣတိ မနသိ ကတွာ၊ ဤသို့ နှလုံးပြု၍။ တဿ-
တာဒိသဿ၊ ထိုကဲ့သို့ အကုသိုလ် အကြောင်းရှိသော အပြစ်ကို။ အနုပ္ပါ-
ဒါယ၊ ငှါ။ ဝါယမနကာလေ၊ အားထုတ်လုံ့လပြုသော ကာလ၌။ ပဌမံ၊
သော။ သမ္မပ္ပဓာနံ၊ ကို။ လဗ္ဘတိ၊ ၏။ အတ္တနော၊ အား။ သမုဒါစာရ-
ပ္ပတ္တံ၊ အကြိမ်များစွာ ဖြစ်ခြင်းသို့ရောက်သော၊ ဝါ၊ လေ့ကျက်ခြင်းသို့
ရောက်သော။ အကုသလံ၊ ကို။ ဒိသွာ၊ ၍။ တဿ-တာဒိသဿ၊ ကို။
ပဟာနာယ၊ ငှါ။ ဝါယမနကာလေ၊ ၌။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။
(သမ္မပ္ပဓာနံ၊ ကို။) လဗ္ဘတိ၊ ၏။ ဣမသ္မိံ အတ္တဘာဝေ၊ ၌။ အနုပ္ပန္နပုဗ္ဗံ၊
မဖြစ်ဘူးသေးသော။ ဈာနံ ဝါ၊ ကိုရင်း။ ဝိပဿနံ ဝါ၊ ကိုရင်း။ ဥပ္ပါဒေတုံ၊
ငှါ။ ဝါယမန္တဿ၊ လုံ့လပြုသောပုဂ္ဂိုလ်အား။ တတိယံ၊ သော။ (သမ္မပ္ပ-
ဓာနံ၊ ကို။) လဗ္ဘတိ၊ ၏။ (ဣမသ္မိံ အတ္တဘာဝေ၊ ၌။) ဥပ္ပန္နံ၊ ဖြစ်ဘူးသော။
(ဈာနံ ဝါ၊ ကိုရင်း။ ဝိပဿနံ ဝါ၊ ကိုရင်း။) ယထာ၊ အကြင် အခြင်းအရာ
အားဖြင့်။ (ဥပ္ပါဒိယမာနေ၊ ဖြစ်စေအပ်သည်ရှိသော်။) န ပရိဟာယတိ၊
မယုတ်။ ဧဝံ-တထာ၊ ဖြင့်။ ပုနပ္ပုနံ၊ လဲ။ ဥပ္ပါဒေန္တဿ၊ ဖြစ်စေသော
ပုဂ္ဂိုလ်အား။ စတုတ္ထံ၊ သော။ သမ္မပ္ပဓာနံ၊ ကို။ လဗ္ဘတိ၊ ၏။ ဆန္ဒံ၊ ကို။
ဓုရံ ကတွာ၊ အကြီးအမှူးပြု၍။ ကုသလုပ္ပါဒနကာလေ၊ ကုသိုလ်ကိုဖြစ်စေရာ
ကာလ၌။ ဆန္ဒိဒ္ဓိပါဒေါ၊ ကို။ လဗ္ဘတိ၊ ၏။ မိစ္ဆာဝါစာယ၊ မှ။ ဝိရမဏ-
ကာလေ၊ ကြဉ်ရှောင်သောကာလ၌။ သမ္မာဝါစာ၊ သမ္မာဝါစာကို။ လဗ္ဘတိ၊
၏[၁]။ ဣတိ-ဧဝံ၊ သို့။ နာနာစိတ္တေသု၊ အထူးထူးသော စိတ်တို့၌။ လဗ္ဘန္တိ၊
ကုန်၏။ ပန၊ ပါး။ ဣမေသံ စတုန္နံ ဉာဏာနံ၊ ဤလေးပါးသော အရိယမဂ်
ဉာဏ်တို့၏။ ဥပ္ပတ္တိကာလေ၊ ဖြစ်ရာကာလ၌။ (ဣမေ သတ္တတိံသ ဗောဓိ-
ပက္ခိယဓမ္မာ၊ တို့ကို။) ဧကစိတ္တေ၊ တခုသောစိတ္တုပ္ပါဒ်၌။ လဗ္ဘန္တိ၊ ကုန်၏။
ဖလက္ခဏေ၊ ဖိုလ်ခဏ၌။ စတ္တာရော သမ္မပ္ပဓာနေ၊ လေးပါးသော သမ္မပ္ပဓာန်
တို့ကို။ ဌပေတွာ၊ ၍[၂]။ အဝသေသာ၊ သမ္မပ္ပဓာန် လေးပါးမှ ကြွင်းကုန်

---

၁-ဣဒ္ဓိပါဒ်လေးပါးတို့တွင် ဆန္ဒိဒ္ဓိပါဒ်ကိုသာဆိုခဲ့၊ ဝိရတီသုံးပါးတွင် သမ္မဝါစာကိုသာ
ဆိုခဲ့၊ ကြွင်းသော ဣဒ္ဓိပါဒ် ကြွင်းသော ဝိရတိတို့သည် မလပ်ခဲ့ပြီလော? ကား ဆန္ဒိဒ္ဓိပါဒ-
သမ္မာဝါစာနံယေဝ ဂဟဏံ၊ တေသု ဝုတ္တေသု သေသိဒ္ဓိပါဒသေသဝိရတိယော အတ္ထတော
ဝုတ္တာဝ ဟောန္တီတိ လက္ခဏာဟာရဝသေန အယမတ္ထော ဝေဒိတဗ္ဗော-ဋီကာမိန့်သော်။ (ပြည်)
၂-အလုံးစုံလည်းဖြစ်သော ဗောဓိပက္ခိယတရားတို့သည် အကယ်၍ကား မဂ်စိတ္တုပ္ပါဒ်၌
အကျုံးဝင်ကုန်၏၊ ထိုသို့သော်လည်း မဂ်ခဏ၌ သမ္မပ္ပဓာန်၏ ကိစ္စသည် အလွန်အကဲနှင့်
တကွ ဖြစ်ရကား ဖလက္ခဏေ ဌပေတွာ စတ္တာရော သမ္မပ္ပဓာနေ- မိန့်သော်။ (ပြည်)

သော။ တေတ္တိံသ၊ သုံးဆယ့်သုံးပါးသော ဗောဓိပက္ခိယတရားတို့ကို။ လဗ္ဘန္တိ၊ ကုန်၏[၁]။

၈၂၅။ စ၊ ဆက်၍ဆိုအံ့။ ဧဝံ၊ သို့။ ကေစိတ္တေ၊ တခုသောစိတ်၌။ လဗ္ဘမာနေသု၊ ရအပ်ကုန်သော။ ဧတေသု၊ ထိုသတိပဋ္ဌာန် သမ္မပ္ပဓာန် စသည်တို့တွင်။ ကောဝ၊ သာလျှင်ဖြစ်သော။ နိဗ္ဗာနာရမ္မဏာ၊ နိဗ္ဗာန်လျှင် အာရုံရှိသော။ သတိ၊ သတိကို။ ကာယာဒိသု၊ ကာယဝေဒနာစိတ္တဓမ္မတို့၌။ သုဘသညာဒိပ္ပဟာနကိစ္စသာဓနဝသေန၊ သုဘသညာ သုခသညာ နိစ္စ-သညာ အတ္တသညာကို ပယ်ခြင်းကိစ္စကို ပြီးစေခြင်း၏ အစွမ်းဖြင့်။ စတ္တာရော သတိပဋ္ဌာနာတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ စ၊ ပါး။ ကေဝေ ဝီရိယံ၊ တခုသော ဝီရိယကိုပင်လျှင်။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို။ အနုပ္ပါဒါဒိကိစ္စသာဓနဝသေန၊ မဖြစ်စေခြင်းစသော လေးပါးသော ကိစ္စကို ပြီးစေသည်၏ အစွမ်းဖြင့်။ စတ္တာရော သမ္မပ္ပဓာနာတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပန၊ အထူး။ သေသေသု၊ သတိပဋ္ဌာန် သမ္မပ္ပဓာန်မှ ကြွင်းကုန်သော ဣဒ္ဓိပါဒ်စသော ငါးပါးသော ကောဋ္ဌာသတို့၌။ ဟာပန-ဝဍ္ဎနံ၊ ယုတ်ခြင်း ပွါးခြင်းသည်။ နတ္ထိ၊ မရှိ[၂]။

၈၂၆။ အပိစ၊ ဆိုဖွယ်အထူးကို ဆိုဦးအံ့။ တေသု၊ ထိုသုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့တွင်။

နဝ၊ ကိုးပါးသော ဗောဓိပက္ခိယတရားတို့သည်။ ဧကဝိဓာ၊ တပါးသော အဖို့ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဧကော၊ တခုသောတရားသည်။ ဒွေဓာ၊ နှစ်ပါးသောအဖို့ဖြင့်ရှင်း။ အထ၊ ထိုမှတပါး။ စတုပဉ္စဓာ၊ လေးပါးသောအဖို့၊ ငါးပါးသော အဖို့တို့ဖြင့်ရှင်း။ အဋ္ဌဓာ၊ ရှစ်ပါးသောအဖို့တို့ဖြင့်ရှင်း။ နဝဓာ စေဝ၊ ကိုးပါးသောအဖို့ဖြင့်ရှင်း။ ဣတိ ဧဝံ၊ ဤသို့။ ဆဓာ၊ ခြောက်ပါး။ ... ငှိတော၊ တည်၏။

---

၁-မုချ ဆတ်ဆတ်အားဖြင့်ပင် ရသလော? ကြောင့် တေ စ ခေါ် ပရိယာယတော၊ န နိပ္ပရိယာယတောတိ အဓိပ္ပါယော-မိန့်သော်။ ဋီကာ။ (ပြည်)

၂-သတိဝီရိယတို့၌ သတိပဋ္ဌာန် သမ္မပ္ပဓာန်-ဟု ချုံးသည်၏ အစွမ်းအားဖြင့် ယုတ်လျော့ခြင်း ကာယာနုပဿနာ အစရှိသည်ကို ခွဲခြမ်းခြင်းကိုပြသည်၏ အစွမ်းဖြင့် ပွါးခြင်းရှိ၏၊ ဤကဲ့သို့ ဣဒ္ဓိပါဒ်စသော ငါးပါးသော ကောဋ္ဌာသတို့၌ ဟာပနဝဍ္ဎနမရှိ ဟူလိုသည်။ ယခုအခါ၌ အလုံးစုံသော ဗောဓိပက္ခိယတရားတို့၌သာလျှင် ယထာရဟ ရသင့်သော ဝိဘာဂကိုပြခြင်းငှါ အပိစ-စသည်ကိုအားထုတ်သော်။ (ပြည်)

ဣတိ၊ သို့။ တေ၊ ထိုဗောဓိပက္ခိယတရားတို့သည်။ ဆဓာ၊ ခြောက်ပါးသော အဖို့တို့ဖြင့်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

နဝ ကေဝိဓာတိ၊ ကား။ ဆန္ဒော၊ ဆန္ဒရင်း။ စိတ္တံ၊ ရင်း။ ပီတိ၊ ရင်း။ ပဿဒ္ဓိ၊ ရင်း။ ဥပေက္ခာ၊ ရင်း။ သင်္ကပ္ပေါ၊ ရင်း။ ဝါစာ၊ သမ္မာဝါစာရင်း။ ကမ္မန္တော၊ သမ္မာကမ္မန္တရင်း။ အာဇီဝေါ၊ သမ္မာအာဇီဝရင်း။ ဣတိ ဣမေ နဝ၊ တရားတို့သည်။ ဆန္ဒိဒ္ဓိပါဒါဒိဝသေန၊ ပါဒ်စသည်တို့၏အစွမ်းဖြင့်။ ဧကဝိဓာဝ၊ တပါးသောအဖို့ရှိကုန်သည်သာလျှင်၊ ဝါ၊ တပါးသောအဖို့ဖြင့်သာလျှင်။ ဟောန္တိ၊ ကုန်၏။ အညံ၊ သော။ ကောဋ္ဌာသံ၊ အဖို့သို့။ န ဘဇန္တိ၊ မဝင်ကုန်၏[၁]။ ဧကော ဒွေဓာတိ၊ ကား။ သဒ္ဓါ၊ သည်။ ဣန္ဒြိယဗလဝသေန၊ သဒ္ဓိန္ဒြေ သဒ္ဓါဗိုလ်၏အစွမ်းဖြင့်။ ဒွေဓာ၊ တို့ဖြင့်။ ဌိတာ၊ တည်၏။ အထ စတုပဉ္စဓာတိ၊ ကား။ အထ-အညော၊ ထိုမှတပါးသော။ ဧကော၊ တခုသောတရားသည်။ စတုဓာ၊ တို့ဖြင့်။ (ဌိတော၊ တည်၏။) အညော ဧကော၊ တပါးသောတခုသောတရားသည်။ ပဉ္စဓာ၊ ငါးပါးသောအဖို့တို့ဖြင့်။ ဌိတော၊ ၏။ ဣတိ အတ္ထော၊ ဤကားအနက်။ တတ္ထ၊ ထိုသမာဓိပညာတို့တွင်။ သမာဓိ ဧကော၊ သမာဓိဟူသော တခုသော တရားသည်။ ဣန္ဒြိယဗလဗောဇ္ဈင်္ဂမဂ္ဂင်္ဂဝသေန၊ သမာဓိန္ဒြေ သမာဓိဗိုလ် သမာဓိသမ္ဗောဇ္ဈင် သမ္မာသမာဓိမဂ္ဂင် အစွမ်းဖြင့်။ စတုဓာ၊ တို့ဖြင့်။ ဌိတော၊ ၏။ ပညာ ဧကော၊ ပညာဟူသော တခုသောတရားသည်။ (ဧကော-လိုက်)တေသဉ္စ စတုန္နံ၊ ထိုလေးပါးသော ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်တို့၏ရင်း။ ဣဒ္ဓိပါဒကောဋ္ဌာသဿ၊ ဝီမံသိဒ္ဓိပါဒ် ဟူသော ကောဋ္ဌာသ၏ရင်း။ [၃၂၁] ဝသေန၊ ဖြင့်။ ပဉ္စဓာ၊ တို့ဖြင့်။ (ဌိတော၊ ၏။) အဋ္ဌဓာ နဝဓာ စေဝါတိ၊ ကား။ အပရော၊ သော။ ဧကော၊ တရားသည်။ အဋ္ဌဓာ၊ ရှစ်ပါးသောအဖို့တို့ဖြင့်။ (ဌိတော၊ ၏။) အပရော ဧကော၊ တပါးသော တခုသော တရားသည်။ (အပရော-လိုက်) နဝဓာ၊ တို့ဖြင့်။ ဌိတော၊ ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ သတိ၊ သတိဟူသောတခုသော တရားသည်။ စတုသတိပဋ္ဌာနဣန္ဒြိယဗလဗောဇ္ဈင်္ဂမဂ္ဂင်္ဂဝသေန၊ လေးပါး

---

၁-ဆန္ဒသည် ဆန္ဒိဒ္ဓိပါဒ်၊ စိတ္တသည် စိတ္တိဒ္ဓိပါဒ်၊ ပီတိပဿဒ္ဓိဥပေက္ခာသည် ဗောဇ္ဈင်၊ သင်္ကပ္ပဝါစာကမ္မန္တအာဇီဝတို့သည် မဂ္ဂင်၊ ဤသို့ကိုးပါးသောတရားတို့သည် တပါးသော အဖို့ဖြင့်သာလျှင် ဖြစ်ကုန်၏။ (ပြည်)

သော သတိပဋ္ဌာန် သတိန္ဒြေ သတိဗိုလ် သတိသမ္ဗောဇ္ဈင် သမ္မာသတိမဂ္ဂင်၏ အစွမ်းဖြင့်။ အဋ္ဌမာ၊ တို့ဖြင့်။ ဌိတော၊ ၏။ ဝီရိယံ၊ ဝီရိယဟူသော တခုသော တရားသည်။ စတုသမ္မပ္ပဓာနဣဒ္ဓိပါဒဣန္ဒြိယဗလဗောဇ္ဈင်မဂ္ဂင်ဝသေန၊ လေးပါးသောသမ္မပ္ပဓာန် ဝီရိယိဒ္ဓိပါဒ် ဝီရိယိန္ဒြေ ဝီရိယဗိုလ် ဝီရိယသမ္ဗောဇ္ဈင် သမ္မာဝါယာမမဂ္ဂင်၏ အစွမ်းဖြင့်။ နဝမာ၊ တို့ဖြင့်။ ဌိတံ၊ ၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ ဧဝံ-ဝုတ္တနယေန၊ ဤဆိုအပ်ပြီးသော နည်းဖြင့်။

ဧတေ ဗောဓိပက္ခိယာ၊ ထိုဗောဓိပက္ခိယတရားတို့သည်။ အသမ္ဘိန္နာ၊ ပုဒ်တပါးနှင့် မရောရှက်ကုန်သည်ဖြစ်၍။ အဂဟိတဂဟဏေန၊ မယူအပ်သေးသည်ကိုသာ ယူသဖြင့်။ ဂယှမာနာ၊ ယူအပ်ကုန်သည်ရှိသော်။ စုဒ္ဒသေဝ၊ တဆယ့်လေးပါးသော သဘာဝဓမ္မတို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏[၁]။ ကောဋ္ဌာသတော၊ အဖို့အစုအားဖြင့်။ သတ္တဝိဓာ၊ သတိပဋ္ဌာန် သမ္မပ္ပဓာန်ဣဒ္ဓိပါဒ်ဣန္ဒြေဗိုလ်ဗောဇ္ဈင်မဂ္ဂင်အားဖြင့် ခုနစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပဘေဒတော၊ အသီးသီးခွဲခြမ်းဝေဖန်သော အားဖြင့်။ သတ္တတိံသ၊ သုံးဆယ့်ခုနစ်ပါး အပြားရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ (သတ္တတိံသ ပဘေဒတော ကတန္တိအာဒိမာဟ သကိစ္စနိပ္ဖါဒန-တောတိ)

သကိစ္စနိပ္ဖါဒနတော၊ သတိဝီရိယစသော အချို့သောတရား၏သဘာဝ အားဖြင့် တပါးတည်းဖြစ်မှုလည်း မိမိ မိမိ၏ အာနုဘော်အားလျော်စွာ ကာယာနုပဿနာစသော ထိုထိုမိမိကိစ္စကို ပြီးစေတတ်သည်၏ အဖြစ်ဖြင့် ၎င်း။ သရူပေန ဝုတ္တိတော စ၊ မကွဲပြားသော စိတ္တုပ္ပါဒ်စသည်၏ သရုပ် အားဖြင့်သာလျှင် ဖြစ်ခြင်းအားဖြင့်၎င်း။ (သတ္တတိံသ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။) သဗ္ဗေဝ၊ အလုံးစုံသာ လျှင်ဖြစ်ကုန်သော။ တေ၊ ထိုဗောဓိ-ပက္ခိယ တရားတို့သည်။ အရိယမဂ္ဂေ၊ အရိယမဂ်၏။ သမ္ဘဝေ၊ ဖြစ်သင့်ခြင်းသည်။ သတိ၊ သော်။ သမ္ဘဝန္တိ၊ ကုန်၏။

---

[၁] ၁-အဓိပ္ပါယ်ကား သတိပဋ္ဌာနဆိုလျှင် ပဋ္ဌာန-ဟူသော တပါးသောပုဒ်နှင့် ရောသည်၊ သတိဟူ၍သာဆိုသော် မရော။ ဆန္ဒိဒ္ဓိပါဒ် ဆန္ဒာဓိပတိဆိုသော် ပုဒ်တပါးနှင့် ရောသည်၊ ဆန္ဒသာဆိုသော်မရော၊ ဤသို့ပုဒ်တပါးနှင့်မရော။ သတိဝီရိယဆန္ဒစိတ္တပညာသဒ္ဓါသမာဓိ-ပီတိပဿဒ္ဓိဥပေက္ခာသင်္ကပ္ပသမ္မာဝါစာသမ္မာကမ္မန္တသမ္မာအာဇီဝ ဤသို့ တရားကိုယ် သက်သက်စုဒ္ဒသ သာဟူလို။ (ပြည်)

ဝေ၊ သို့။ တာဝ၊ စွာ။ ဧတ္ထ-ဉာဏဒဿနဝိသုဒ္ဓိယံ၊ ၌။ ပရိပုဏ္ဏ-ဗောဓိပက္ခိယဘာဝေါ၊ ကို။ ဇာနိတဗ္ဗော၊ ၏[၁]။

## ဝုဋ္ဌာနဗလသမာယောဂကထာ

၈၂၇။ ဝုဋ္ဌာနဗလသမာယောဂေါတိ၊ ကား။ ဝုဋ္ဌာနဉ္စ၊ သင်္ခါရ နိမိတ်မှထခြင်းနှင့် ဥပါဒိန္နကခန္ဓာတို့၏ဖြစ်ခြင်းဟူသော ပဝတ္တမှကင်းခြင်း ကိုလည်း။ ဗလသမာယောဂေါ စ၊ သမထဝိပဿနာတို့၏အစွမ်းနှင့်ယှဉ်ခြင်း ကိုလည်း။ (ဇာနိတဗ္ဗော၊ ၏။) ဟိ၊ ချဲ့အံ့။ လောကိယဝိပဿနာ၊ သည်။ နိမိတ္တာရမ္မဏတ္တာ စေဝ၊ သင်္ခါရနိမိတ်ဟူသောအာရုံရှိသည်၏အဖြစ်ကြောင့် လည်း။ ပဝတ္တိကာရဏဿ၊ ပဝတ္တိ၏အကြောင်းဖြစ်သော။ သမုဒယဿ၊ သမုဒယသစ္စာကို။ အသမုစ္ဆိန္ဒနတော စ၊ မဖြတ်ခြင်းကြောင့်လည်း။

၁-အဘယ့်ကြောင့်ကား ဗောဓိပက္ခိယတရားတို့၌ ဈာနကောဋ္ဌာသကို မယူအပ်သနည်း၊ ဈာန်မှကင်းသော အရိယမဂ်သည်ကား မရှိသည်မဟုတ်လော? ဤသို့ စောဒနာဖွယ်ကို သစ္စံ နတ္ထိ၊ တထာ ဝေ န ခေါ ပနေတံ ဗေ၀ံ ဒဋ္ဌဗ္ဗံ၊ ဗောဓိပက္ခိယေသု ဈာနံ န ဂဟိတန္တိ၊ လက္ခဏူပနိဇ္ဈာနလက္ခဏဿ ဈာနဿ မဂ္ဂင်္ဂပာဓာနေန ဂဟိတတ္တာ၊ တဥ္ဖ သန္ဓာယ ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတီတိအာဒိ ဝုတ္တံ၊ အာရမ္မဏူပနိဇ္ဈာနလက္ခဏဿ ပနေတ္ထ သမ္ဘဝေါ ဧဝ နတ္ထိ-ဟု ဋီကာဖြေသတည်း။ ဈာနရဟိတော၊ သော။ အရိယမဂ္ဂေါ၊ သည်။ သစ္စံ နတ္ထိ၊ မရှိသည်မှန်၏။ ပန၊ ထိုသို့မှန်သော်လည်း။ တထာ ဧဝ၊ ထိုသို့ ဈာန်မှ ကင်းသော အရိယမဂ် မရှိခြင်းကြောင့်သာလျှင်။ ဧတံ၊ ဤစောဒကဆရာစကားကို။ ဗောဓိပက္ခိယေသု၊ တို့၌။ ဈာနံ၊ ဈာန်ကို။ န ဂဟိတံ၊ မယူအပ်။ ဣတိ ဧဝံ၊ ဤသို့ သင်စောဒကဆိုသောအခြင်းအရာဖြင့်။ န ခေါ ပန ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ကသ္မာ၊ ကား။ ဒွိသု ဈာနေသု၊ လက္ခဏူပနိဇ္ဈာနဈာန် အာရမ္မဏူပနိဇ္ဈာနဈာန် နှစ်ပါးတို့တွင်။ လက္ခဏူပ-နိဇ္ဈာနလက္ခဏဿ၊ သင္ခတလက္ခဏာကို ကပ်၍ ရှုခြင်းလက္ခဏာရှိသော။ ဈာနဿ၊ ၏။ မဂ္ဂင်္ဂပာဓာနေန၊ မဂ်ကိုယူသဖြင့်သာလျှင်။ ဂဟိတတ္တာ၊ ယူအပ်သည်၏အဖြစ်ကြောင့် တည်း။ ဟိ-သစ္စံ၊ မှန်၏။ တံ၊ ထိုလက္ခဏူပနိဇ္ဈာနလက္ခဏာရှိသောဈာန်ကို။ သန္ဓာယ၊ ၍။ ယသ္မိံ သမယေ။ပ။ ဘာဝေတီတိအာဒိ၊ ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ပန၊ ပါး။ အာရမ္မ-ဏူပနိဇ္ဈာနလက္ခဏဿ၊ ကသိုဏ်းစသောအာရုံကိုကပ်၍ ရှုခြင်းလက္ခဏာရှိသော။ ဈာနဿ၊ ၏။ ဧတ္ထ၊ ဤအရိယမဂ်၌။ သမ္ဘဝေါ ဧဝ၊ ဖြစ်သင့်ခြင်းသည်သာလျှင်။ နတ္ထိ၊ မရှိ။ ဣတိ-တသ္မာ၊ ထိုသို့လက္ခဏူပနိဇ္ဈာနလက္ခဏာရှိသော ဈာန်၏အရိယမဂ်ကိုယူသဖြင့် ယူအပ်ပြီးသည်၏အဖြစ် အာရမ္မဏူပနိဇ္ဈာနလက္ခဏာရှိသောဈာန်၏ ဤအရိယမဂ်၌ မဖြစ်သင့်သည်၏ အဖြစ်ကြောင့်။ ဗောဓိပက္ခိယေသု၊ တို့၌။ ဈာနကောဋ္ဌာသော၊ ကို။ န ဂဟိတော၊ မယူ အပ်။ ၎င်းနက်။ တသ္မာ-စသည်ကား ပါဌ်သေသ၊ အပရေန နယော-စသောအားဖြင့် ဋီကာ ကျယ်ပွါး၍စောဒနာသောနောပြသေးသည်။ စကားများအံ့စိုး၍ မရေးလိုက်သည်။ (ပြည်)

နိမိတ္တာ၊ သင်္ခါရနိမိတ်မှ။ နေဝ ဝုဋ္ဌာတိ၊ မထ။ ပဝတ္တာ၊ ပဝတ္တမှ။ န ဝုဋ္ဌာတိ၊ မထ[၁]။ ဂေါတြဘုဉာဏံ၊ သည်။ သမုဒယဿ၊ ကို။ အသမုစ္ဆိန္ဒနတော၊ ကြောင့်။ ပဝတ္တာ၊ မှ။ န ဝုဋ္ဌာတိ၊ မထ။ ပန၊ သမ္ဘာဝနာကိုဆိုအံ့။ နိဗ္ဗာနာရမ္မဏတော၊ နိဗ္ဗာန်ကိုအာရုံပြုသည်၏အဖြစ်ကြောင့်။ နိမိတ္တာ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ကေတော၀၊ တခုသောအဖို့မှ သာလျှင်။ ဝုဋ္ဌာနံ၊ ထမြောက်သည်။ ဟောတိ၊ ၏။ တေန၊ ကြောင့်။ ဗဟိဒ္ဓါ။ ပ။ ဂေါတြဘုဉာဏန္တိ၊ ဟူ၍ရင်း။ တထာ၊ ပါး။ ဥပ္ပါဒါ။ ပ။ ဝိဝဋ္ဋိတ္တာတိ၊ ဟူ၍ရင်း။ အာဟ၊ ၏။ သဗ္ဗံ၊ စကားကို။ ဝေဒိတဗ္ဗံ၊ ၏။ ဣမာနိ စတ္တာရိပိ ဉာဏာနိ၊ ဤလေးပါးသော မဂ်ဉာဏ်တို့သည်လည်း။ အနိမိတ္တာရမ္မဏတ္တာ၊ အနိမိတ္တဟူသော နိဗ္ဗာန်အာရုံ ရှိသည်၏အဖြစ် ကြောင့်၊ ဝါ၊ နိမိတ်ဟူသောအာရုံ မရှိသည်၏အဖြစ်ကြောင့်။ နိမိတ္တတော၊ မှ။ ဝုဋ္ဌဟန္တိ၊ ထကုန်၏။ သမုဒယဿ၊ ကို။ သမုစ္ဆိန္ဒနတော၊ အကြွင်းမဲ့ ဖြတ်ခြင်းကြောင့်။ ပဝတ္တာ၊ မှ။ ဝုဋ္ဌဟန္တိ၊ ကုန်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဒုဘတော၊ နိမိတ်,ပဝတ္တ နှစ်ပါးမှ။ ဝုဋ္ဌာနာနိ၊ ထမြောက်ကုန် သည်။ ဟောန္တိ၊ ကုန်၏။ တေန၊ ကြောင့်။ ကထံ။ ပ။ မဂ္ဂေ ဉာဏန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

[ဒုဘတော၊ နိမိတ္တ,ပဝတ္တ နှစ်ပါးမှ။ ဝုဋ္ဌာနဝိဝဋ္ဋနေ၊ ထမြောက်ခြင်း လည်ခြင်း၌။ ပညာ၊ သည်။ မဂ္ဂေ ဉာဏံ၊ မဂ်၌ဖြစ်သောဉာဏ်မည်သည်။ ကထံ ဟောတိ၊ နည်း။ သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ် ခဏ၌။ ဒဿနဋ္ဌေန၊ (ပရိညာဘိသမယ, ပဟာနာဘိသမယ, သစ္ဆိကိရိ- ယာဘိသမယ, ဘာဝနာဘိသမယလက္ခဏာရှိသော သစ္စာအနက် လွန်ခဲ ခက်ကို ပြက်ပြက်)မြင်တတ်သော အနက်သဘောကြောင့်။ သမ္မာဒိဋ္ဌိ၊

---

၁-ယထာက္ကမယူ၊ ပရိညာဘိသမယ စသည်တို့၏အစွမ်းအားဖြင့် ဒုက္ခစသည်တို့၌ အထူး အားဖြင့် ရှုတတ်သည်၏အဖြစ်ကြောင့် မဂ်ပညာကိုလည်း ဝိပဿနာဟုဆိုအပ်ရကား လော- ကိယဝိပဿနာ-ဟု အထူးပြု၍ ဆိုအပ်၏၊ တေနေဝါဟ ဝုဋ္ဌာနဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတီတိ၊ သင်္ခါရနိမိတ်ကိုစွန့်၍ နိဗ္ဗာန်ကိုအာရုံပြုခြင်းသည် နိမိတ္တတော ဝုဋ္ဌာနမည်၏၊ အကြောင်း၏ချုပ်ခြင်းဖြင့် နောင်အခါ၌ ဝိပါက်ဟူသော ပဝတ္တ၏ တဖန် မဖြစ်ခြင်းသဘော ရှိသည်၏အဖြစ်သို့ ရောက်စေခြင်းသည် ပဝတ္တတော ဝုဋ္ဌာနမည်၏၊ တေနာဟ သမုဒယဿ အသမုစ္ဆိန္ဒနတော ပဝတ္တာ န ဝုဋ္ဌာတီတိ။ (ပြည်)

သမ္မာဒိဋ္ဌိသည်။ မိစ္ဆာဒိဋ္ဌိယာ၊ ခြောက်ဆယ့်နှစ်ပါးအပြားရှိသည်လည်း ဖြစ်သော မိစ္ဆာဒိဋ္ဌိမှ။ ဝုဋ္ဌာတိ၊ ထ၏။ တဒနုဝတ္တကကိလေသေဟိ၊ အပါယဂမနီယ၏အဖြစ်ဖြင့် ထိုမိစ္ဆာဒိဋ္ဌိသို့အစဉ်လိုက်သော ဝိစိကိစ္ဆာ စသော ကိလေသာတို့မှရင်း။ ခန္ဓေဟိ စ·တဒနုဝတ္တကခန္ဓေဟိ စ၊ ထို မိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်သောခန္ဓာတို့မှရင်း။ ဝုဋ္ဌာတိ၊ ၏။ ဗဟိဒ္ဓါ၊ အသခ်တခာတ်မှအပ၌။ သဗ္ဗနိမိတ္တေဟိ စ၊ အလုံးစုံသောသင်္ခါရနိမိတ်တို့မှ လည်း။ ဝုဋ္ဌာတိ၊ ၏။ တေန၊ ကြောင့်။ ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ အဘိနိရောပနဋ္ဌေန၊ အာရုံသို့ ရှေးရှု တင်စေတတ်သောအနက်ကြောင့်။ သမ္မာသင်္ကပ္ပေါ၊ သည်။ မိစ္ဆာသင်္ကပ္ပါ၊ မိစ္ဆာသင်္ကပ္ပမှ။ ဝုဋ္ဌာတိ၊ ၏။ (တဒနုဝတ္တကကိလေသေဟိ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ယောဇနာ) ပရိဂ္ဂဟဋ္ဌေန၊ နှုတ်အမှု မရိုင်းပြရအောင် သိမ်း ဆည်းတတ်သောအနက်ကြောင့်။ သမ္မာဝါစာ၊ သည်။ မိစ္ဆာဝါစာယ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ သမုဋ္ဌာပနဋ္ဌေန၊ ကိုယ်အမှု မရိုင်းပြရအောင် ကောင်းစွာ ဖြစ်စေတတ်သောအနက်ကြောင့်။ သမ္မာကမ္မန္တော၊ သည်။ မိစ္ဆာကမ္မန္တာ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ (မရှိသော်ကားထည့်၊ ရှိသော်လည်း ကောင်း၏) ဝေါဒါနဋ္ဌေန၊ အသက်မွေးဖြူစင်စေတတ်သောအနက်ကြောင့်။ သမ္မာ-အာဇီဝေါ၊ သည်။ မိစ္ဆာဇီဝါ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ ပဂ္ဂဟဋ္ဌေန၊ ချီးမြှောက် တတ်သောအနက်ကြောင့်။ [၃၂၂] သမ္မာဝါယာမော၊ သည်။ မိစ္ဆာ-ဝါယာမာ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ ဥပဋ္ဌာနဋ္ဌေန၊ အာရုံသို့ကပ်၍ တည်တတ် သောအနက်ကြောင့်။ သမ္မာသတိ၊ သည်။ မိစ္ဆာသတိယာ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ အဝိက္ခေပနဋ္ဌေန၊ မပျံ့လွင့်တတ်သောအနက်ကြောင့်။ သမ္မာသမာဓိ၊ သည်။ မိစ္ဆာသမာဓိတော၊ မှ။ ဝုဋ္ဌာတိ၊ ၏။ တဒနုဝတ္တကကိလေသေဟိ စ၊ ထိုမိစ္ဆာသမာဓိသို့အစဉ်လိုက်သော ကိလေသာတို့မှရင်း။ ခန္ဓေဟိ စ၊ မိစ္ဆာသမာဓိသို့အစဉ်လိုက်သော ခန္ဓာတို့မှရင်း။ ဝုဋ္ဌာတိ၊ ၏။ ဗဟိဒ္ဓါ၊ ၌။ သဗ္ဗနိမိတ္တေဟိ စ၊ တို့မှလည်း။ ဝုဋ္ဌာတိ၊ ၏။ တေန၊ ကြောင့်။ ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ သက-ဒါဂါမိမဂ္ဂက္ခဏေ၊ ၌။ ဒဿနဋ္ဌေန၊ ကြောင့်။ သမ္မာဒိဋ္ဌိ၊ သည်။ ပ ။ အဝိက္ခေပနဋ္ဌေန၊ ကြောင့်။ သမ္မာသမာဓိ၊ သည်။ ဩဠာရိကာ၊ ရုန့်ရင်း သော။ ကာမရာဂသံယောဇနာ၊ မှရင်း။ ပဋိဃသံယောဇနာ၊ မှရင်း။ ဩဠာရိကာ၊ သော။ ကာမရာဂနုသယာ၊ မှရင်း။ ပဋိဃာနုသယာ၊

မှုဒင်း။ ဝုဋ္ဌာတိ၊ ၏[၁]။ အနာဂါမိမဂ္ဂက္ခဏေ၊ ၌။ ဒဿနဋ္ဌေန၊ ကြောင့်။ သမ္မာဒိဋ္ဌိ၊ သည်။ ပ ။ အဝိက္ခေပဋ္ဌေန၊ ကြောင့်။ သမ္မာသမာဓိ၊ သည်။ အနုသဟဂတာ၊ ကျပါးသိမ်မွေ့သည်၏အဖြစ်သို့ရောက်သော။ (ဤသို့ ပေးမှု အနု-ကား ဘာဝပ္ပဓာန၊ သဟ-ကား အနုတ္တ၊ ဂတ-ကား ပတ္တတ္ထ၊ တနည်း) အနုသဟဂတာ၊ ကျပါးသိမ်မွေ့သည်ဖြစ်၍ဖြစ်သော။ (ဤသို့ ပေးမှု သဟဂတ-တဗ္ဘော၊ အနုသဟဂတာတိ အနုဘာဝံ ဂတာ ပတ္တာ၊ တနုဘူတာတိ အတ္ထော၊ ဋီကာ) ကာမရာဂသံယောဇနာ၊ မှုဒင်း။ ပဋိဃသံယောဇနာ၊ မှုဒင်း။ ဝုဋ္ဌာတိ၊ ၏။ အနုသဟဂတာ၊ သော။ ကာမရာဂါနုသယာ၊ မှုဒင်း။ ပဋိဃာနုသယာ၊ မှုဒင်း။ ဝုဋ္ဌာတိ၊ ၏။ ပ ။ အရဟတ္တမဂ္ဂက္ခဏေ၊ ၌။ ဒဿနဋ္ဌေန၊ ကြောင့်။ သမ္မာဒိဋ္ဌိ၊ သည်။ ပ ။ အဝိက္ခေပဋ္ဌေန၊ ကြောင့်။ သမ္မာသမာဓိ၊ သည်။ ရူပရာဂါ၊ ရူပဘဝကို တပ်သော ရာဂမှ။ အရူပရာဂါ၊ မှ။ မာနာ၊ မှ။ ဥဒ္ဓစ္စာ၊ မှ။ အဝိဇ္ဇာယ၊ မှ။ မာနာနုသယာ၊ မှ။ ဘဝရာဂါနုသယာ၊ မှ။ အဝိဇ္ဇာနုသယာ၊ မှ။ ဝုဋ္ဌာတိ၊ ၏။ တဒနုဝတ္တကကိလေသေဟိ စ၊ ထိုရူပရာဂစသည်သို့ အစဉ်လိုက်သော ကိလေသာတို့မှုဒင်း။ ခန္ဓေဟိ စ၊ ထိုကိလေသာသို့ အစဉ်လိုက်သော ခန္ဓာတို့မှုဒင်း။ ဝုဋ္ဌာတိ၊ ၏။ ဗဟိဒ္ဓါ၊ ၌။ သဗ္ဗနိမိတ္တေဟိ စ၊ တို့မှုလည်း။ ဝုဋ္ဌာတိ၊ ၏။ တေန၊ ကြောင့်။ ဒုဘတော။ပ။ မဂ္ဂေ ဉာဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။]

၈၂၈။ စ၊ ပါး။ လောကိယာနံ၊ လောကီဖြစ်ကုန်သော။ အဋ္ဌန္နံ သမာပတ္တီနံ၊ ရှစ်ပါးသောသမာပတ်တို့ကို။ ဘာဝနာကာလေ၊ ပွါးစေသော

---

၁-ဥပရိမဂ္ဂတ္တယေ သမ္မာဒိဋ္ဌိ တံတံမဂ္ဂဝဇ္ဈာ မာနတော ဝုဋ္ဌာတိ၊ သော ဟိ အဟမသ္မီတိ ပဝတ္တိယာ ဒိဋ္ဌိဋ္ဌာနိယော မိစ္ဆာမဂ္ဂတော ပနေတ္ထ ဝုဋ္ဌာနံ အနုဒ္ဓရိတွာ တံတံမဂ္ဂဝဇ္ဈ-သံယောဇနာနုသယေဟေဝ ဝုဋ္ဌာနံ ဥဒ္ဓဋံ။ ဋီကာ။ ဥပရိမဂ္ဂတ္တယေ၊ အထက်မဂ်သုံးခု အပေါင်း၌။ သမ္မာဒိဋ္ဌိ၊ သည်။ တံတံမဂ္ဂဝဇ္ဈာ၊ ထိုထိုသို့သောမဂ်သည် သတ်အပ်သော။ မာနတော၊ မာနမှ။ ဝုဋ္ဌာတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ သော၊ ထိုမာနသည်။ အဟံ၊ သည်။ အသ္မိ၊ ၏။ ဣတိ၊ ဤသို့သောအခြင်းအရာဖြင့်။ ပဝတ္တိယာ၊ ဖြစ်ခြင်းကြောင့်။ ဒိဋ္ဌိဋ္ဌာနိ-ယော၊ ဒိဋ္ဌိအရာ၌တည်၏။ ပန၊ ထိုသို့သော်လည်း။ ဧတ္ထ၊ ဤအထက်မဂ်သုံးပါးအပေါင်း၌။ မိစ္ဆာမဂ္ဂတော၊ မိစ္ဆာမဂ်မှ။ ဝုဋ္ဌာနံ၊ ကို။ မိစ္ဆာဒိဋ္ဌိယာ ဝုဋ္ဌာတီတိအာဒိနာ၊ ဤသို့အစ ရှိသည်ဖြင့်။ အနုဒ္ဓရိတွာ၊ မထုတ်မူ၍။ တံတံ မဂ္ဂဝဇ္ဈသံယောဇနာနုသယေဟေဝ၊ ထိုသို့သော မဂ်သည်သတ်အပ်သော သံယောဇဉ်အနုသယတို့မှသာလျှင်။ ဝုဋ္ဌာနံ၊ ကို။ ဥဒ္ဓဋံ၊ ထုတ် အပ်၏။ ဒုင်းနက်။ (ပြည်)

ကာလ၌။ သမထဗလံ၊ သမာဓိ၏အားသည်။ အဓိကံ၊ သည်။ ဟောတိ၊ ၏။ (သမာဓိဘာဝနာဘာဝတော၊ သမာဓိဘာဝနာ၏အဖြစ်ကြောင့်တည်း။) အနိစ္စာနုပဿနာဒိနံ၊ တို့ကို။ ဘာဝနာကာလေ၊ ၌။ ဝိပဿနာဗလံ၊ ဝိပဿနာ၏အားသည်၊ ဝါ၊ ပညာ၏အားသည်။ အဓိကံ၊ သည်။ ဟောတိ၊ ၏။ (ဝိပဿနာဘာဝနာယ၊ ၏။ ဉာဏုတ္တရတ္တာ၊ ဉာဏ်အလွန်အကဲရှိသည်၏အဖြစ်ကြောင့်တည်း။) ပန၊ ပါး။ အရိယမဂ္ဂက္ခဏေ၊ ၌။ အညမညံ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်း မလွန်သောသဘောကြောင့်၊ ဝါ၊ ကိစ္စအားဖြင့် အချင်းချင်းမယုတ်မလွန်သည်၏အဖြစ်ကြောင့်။ တေ ဓမ္မာ၊ ထိုသမထဝိပဿနာတရားတို့သည်။ ယုဂနဒ္ဓါ၊ ထမ်းပိုး၌ ယှဉ်းစုံဖွဲ့အပ်သော အားတူနွားကဲ့သို့ အားတူအချင်းချင်း မယုတ်မလွန်ကုန်သည် ဖြစ်၍။ ပဝတ္တန္တိ၊ ကုန်၏။ (သမာနဘာဝေန ယုဂေ နဒ္ဓါ ဗဒ္ဓါ ဝိယ ဟောန္တီတိ ယုဂနဒ္ဓါ-ပု) တသ္မာ၊ ကြောင့်။ ဣမေသု စတူသုပိ ဉာဏေသု၊ ဤလေးပါးသောဉာဏ်တို့၌လည်း။ ဥဘယဗလသမာယောဂေါ၊ နှစ်ပါးစုံသော သမထဝိပဿနာအားတို့နှင့်တူမျှသော ပရိစ္ဆေဒအားဖြင့် ယှဉ်ခြင်းသည်။ ဟောတိ၊ ၏။ ယထာဟ၊ ကား။ ဥဒ္ဓစ္စသဟဂတကိလေသေဟိ စ။ ပ ။ အညမညံ နာတိဝတ္တန္တီတိ၊ ဟူ၍။ အာဟ၊ ၏။

[ဥဒ္ဓစ္စသဟဂတကိလေသေဟိ စ၊ ဥဒ္ဓစ္စနှင့်တကွဖြစ်သော ကိလေသာတို့မှရင်း၊ ဝါ၊ ဥဒ္ဓစ္စပြဓာန်းသောကိလေသာတို့မှရင်း။ ခန္ဓေဟိ စ၊ ဥဒ္ဓစ္စသို့အစဉ်လိုက်သော ခန္ဓာတို့မှရင်း။ ဝုဋ္ဌဟတော၊ ထသော။ စိတ္တဿ၊ ၏။ ဧကဂ္ဂတာ၊ တခုသောအာရုံရှိသည်၏ အဖြစ်ဟူသော။ အဝိက္ခေပေါ၊ ဝိက္ခေပ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်ဖြစ်သော။ သမာဓိ၊ သည်။ နိရောဓဂေါစရော၊ နိဗ္ဗာန်ဟူသောအာရုံရှိသည်။ ဟောတိ၊ ၏။ အဝိဇ္ဇာသဟဂတကိလေသေဟိ စ၊ အဝိဇ္ဇာပြဓာန်းသော ကိလေသာတို့မှရင်း။ ခန္ဓေဟိ စ၊ တဒနုဝတ္တကခန္ဓာတို့မှရင်း။ ဝုဋ္ဌဟတော၊ သော။ (စိတ္တဿ၊ ၏။) အနုပဿနဋ္ဌေန၊ အဖန်တလဲလဲရှုတတ်သည်၏အဖြစ်ကြောင့်။ ဝိပဿနာ၊ ဝိပဿနာသည်။ နိရောဓဂေါစရော၊ နိဗ္ဗာန်ဟူသောအာရုံရှိသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝုဋ္ဌာနဋ္ဌေန၊ နိမိတ်မှရင်း, ပဝတ္တမှရင်း ထတတ်သည်၏အဖြစ်ဖြင့်။ သမထဝိပဿနာ၊ သမထနှင့်ဝိပဿနာတို့သည်။ [၃၂၃] ဧကရသာ၊ တူသောကိစ္စရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ယုဂနဒ္ဓါ၊

ထမ်းပိုး၌ ယှဉ်းစုံဖွဲ့အပ်သောအားတူနွားကဲ့သို့ အားတူအချင်းချင်းမယုတ် မလွန်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အညမညံ၊ အချင်းချင်း။ နာတိဝတ္တန္တိ၊ မလွန်ကုန်။ တေန၊ ကြောင့်။ ဝုဋ္ဌာနဠေနေ၊ နိမိတ်မှရင်း, ပဝတ္တမှရင်း ထတတ်သည်၏အဖြစ်ဖြင့်။ သမထဝိပဿနံ၊ သမထနှင့်ဝိပဿနာကို။ ယုဂနဒ္ဓံ၊ ထမ်းပိုး၌ယှဉ်းစုံဖွဲ့အပ်သောနွားကဲ့သို့ အားတူပြု၍။ ဘာဝေတီတိ၊ ပွါးစေသည်ဟူ၍။ ဝုစ္စတိ၊ ၏။]

ဧဝံ၊ သို့။ ဧတ္တ၊ ဤဉာဏဒဿနဝိသုဒ္ဓိ၌။ ဝုဋ္ဌာနဗလသမာယောဂေါ၊ လေးပါးသော မဂ်ဉာဏ်တို့၏နိမိတ်မှထခြင်း, ပဝတ္တမှထခြင်း, သမထဗလ ဝိပဿနာဗလနှင့်ယှဉ်ခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။

**ပဟာတဗ္ဗဓမ္မပဟာနကထာ**

၈၂၉။ ပန၊ ပါး။ ယေ ယေန ပဟာတဗ္ဗာ ဓမ္မာ တေသံ ပဟာနဥ္စာတိ၊ ကား။ ဣမေသု စတူသု ဉာဏေသု၊ ဤလေးပါးသောဉာဏ်တို့တွင်။ ယေ ဓမ္မာ၊ အကြင်သံယောဇဉ်စသော အကုသိုလ်တရားတို့ကို။ ယေန ဉာဏေန၊ အကြင်ဉာဏ်သည်၊ ဝါ၊ ဉာဏ်ဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ တေသံ ဓမ္မာနံ၊ ထိုသံယောဇဉ်စသော အကုသိုလ်တရားတို့ကို။ ပဟာနဥ္စ၊ ပယ်ခြင်းကိုလည်း။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ ချဲ့အံ့။ တောနိ၊ ထိုလေးပါး သော ဉာဏ်တို့သည်။ ယထာယောဂံ၊ ယှဉ်သင့်သည်အားလျော်စွာ။ သံယောဇနကိလေသမိစ္ဆတ္တ။ ပ ။ သခါတာနံ၊ သံယောဇဉ် ဆယ်ပါး, ကိလေသာဆယ်ပါး, ဖောက်ပြန်သောသဘောရှိသော အကုသိုလ်တရား, လောက၌အကျုံးဝင်သော အကုသိုလ်တရား, မစ္ဆရိယ ဝိပလ္လာသ ဂန္ထ အဂတိ အာသဝ ဩဃ ယောဂ နီဝရဏ ပရာမာသ ဥပါဒါန် အနုသယ မလ အကုသလကမ္မပထ အကုသလစိတ္တုပ္ပါဒ်ဟုဆိုအပ်ကုန်သော။ ဓမ္မာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနကရာနိ၊ ပယ်ခြင်းကိုပြုတတ်ကုန်၏။

တတ္ထ၊ ထိုသံယောဇဉ်စသော အကုသိုလ်တရားတို့တွင်။ သံယော-ဇနာနီတိ ဣမိနာ၊ ဖြင့်။ ခန္ဓေဟိ၊ မျက်မြင်ပစ္စုပ္ပန်လောက၌ဖြစ်သော ခန္ဓာတို့နှင့်။ ခန္ဓာနံ၊ တမလွန်လောက၌ဖြစ်သော ခန္ဓာတို့ကို။ သံယောဇ-ကတ္တာ၊ ယှဉ်စေတတ်-စပ်တတ်-နှောင်ဖွဲ့တတ်သည်၏အဖြစ်ကြောင့်ရင်း။ ဖလေန၊ အကျိုးနှင့်။ ကမ္မဿ၊ အကြောင်းကံကို။ သံယောဇကတ္တာ၊

ငှင်း။ ဒုက္ခေန၊ ဒုက္ခအပေါင်းနှင့်။ သတ္တာနံ၊ ဝဋ်တွင်းသားသတ္တဝါတို့ကို။ သံယောဇကတ္တာ ဝါ၊ ငှင်း။ ရူပရာဂါဒယော၊ ရူပရာဂအရူပရာဂ အစရှိကုန်သော။ ဒသ ဓမ္မာ၊ ဆယ်ပါးသော သံယောဇဉ်တရားတို့ကို။ ဝုစ္စန္တိ၊ ကုန်၏။ ဟိ-ယသ္မာ၊ ကြောင့်။ တေ ရူပရာဂါဒယော၊ ထိုရူပရာဂအစရှိသော သံယောဇဉ်တို့သည်။ ယာဝ၊ အကြင်ရွေ့လောက်သော ကာလပတ်လုံး။ ပဝတ္တန္တိ၊ ကုန်၏။ န သမုစ္ဆိဇ္ဇန္တိ၊ အရိယမဂ်ဖြင့် မဖြတ်အပ်ကုန်သေး။ တာဝ၊ လုံး။ ဧတေသံ ခန္ဓဖလဒုက္ခာနံ၊ ထိုခန္ဓာအကျိုးတရား ဒုက္ခအပေါင်းတို့၏။ အနုပရမော-အဝိစ္ဆေဒေါ၊ မစဲမငြိမ်း မတိမ်းမပြတ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ (ဝုစ္စန္တိ၊ ကုန်၏။) တတြာပိ၊ ထိုဆယ်ပါးသော သံယောဇဉ်တို့တွင်လည်း။ ရူပရာဂေါ၊ ရူပရာဂသံယောဇဉ်ငှင်း။ အရူပရာဂေါ၊ ငှင်း။ မာနော၊ ငှင်း။ ဥဒ္ဓစ္စံ၊ ငှင်း။ အဝိဇ္ဇာ၊ ငှင်း။ ဣတိ ဣမေ ပဉ္စ၊ ဤငါးပါးသောသံယောဇဉ်တို့သည်။ ဥဒ္ဓံ၊ အထက်ဖြစ်သော ရူပဘဝတို့၌၊ ဝါ၊ တတိယမဂ်ဖြစ်သည်မှ အထက်၌။ နိဗ္ဗတ္တနက-ခန္ဓာဒိသံယောဇကတ္တာ၊ ဖြစ်လတ့ံသော ခန္ဓာစသည်တို့နှင့် ခန္ဓာစသည်တို့ကို ယှဉ်စေတတ်သည်၏ အဖြစ်ကြောင့်။ ဥဒ္ဓံဘာဂိယသံယောဇနာနိ နာမ၊ ဥဒ္ဓံဘာဂိယသံယောဇဉ် မည်ကုန်၏။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ-သံယောဇဉ်ငှင်း။ ဝိစိကိစ္ဆာ၊ ငှင်း။ သီလဗ္ဗတပရာမာသော၊ ငှင်း။ ကာမ-ရာဂေါ၊ ငှင်း။ ပဋိဃော၊ ပဋိဃသံယောဇဉ်ငှင်း။ ဣတိ ဣမေ ပဉ္စ၊ တို့သည်။ အဓောနိဗ္ဗတ္တနကခန္ဓာဒိသံယောဇကတ္တာ၊ ကာမဘုံဟူသော အောက်အဖို့၌ ဖြစ်လတ့ံသော ခန္ဓာ စသည်ကို ယှဉ်တတ် စပ်တတ်ဖွဲ့တတ်သည်၏ အဖြစ်ကြောင့်။ အဓောဘာဂိယသံယောဇနာနိ နာမ၊ မည်၏[၁]။

ကိလေသာတိ၊ ကား။ သယံ၊ မိမိသည်။ သံကိလိဋ္ဌတ္တာ၊ ညစ်နွမ်းသည်၏အဖြစ်ကြောင့်ငှင်း။ သမ္ပယုတ္တဓမ္မာနံ၊ မိမိနှင့် သမ္ပယုတ်ဖြစ်သော တရားတို့ကို။ သံကိလေသိကတ္တာ၊ ညစ်နွမ်းစေတတ်သည်၏အဖြစ်ကြောင့် ငှင်း။ လောဘော၊ ငှင်း။ ဒေါသော၊ ငှင်း။ မောဟော၊ ငှင်း။ မာနော၊

---

၁-အဓော ဘဇတီတိ အဓောဘာဂေါ၊ ကာမဘဝေါ။ တဿ အဝိစ္ဆေဒဟေတုတာယ ဟိတာနိ အဓောဘာဂိယာနိ။ ကိလိဿန္တိ၊ မိမိလည်းညစ်နွမ်းတတ်ကုန်၏။ ကိလေသေန္တိ စ၊ သမ္ပယုတ်တရားတို့ကိုလည်း ညစ်နွမ်းစေတတ်ကုန်၏။ ဤသို့နှစ်ပါးသောအနက်ကိုပြခြင်းငှါ သယံ သံကိလိဋ္ဌတ္တာ-စသည်ကိုမိန့်သော်။ (ပြည်)

ငြင်း။ ဒိဋ္ဌိ၊ ငြင်း။ ဝိစိကိစ္ဆာ၊ ငြင်း။ ထိနံ၊ ငြင်း။ ဥဒ္ဓစ္စံ၊ ငြင်း။ အဟိရိကံ၊ ငြင်း။ အနောတ္တပ္ပံ၊ ငြင်း။ ဣတိ ဣမေ ဒသ ဓမ္မာ၊ ဤဆယ်ပါးသော တရားတို့သည်။ ကိလေသာ၊ မည်ကုန်၏။

ဝိပဿနာဗလံ၊ သည်။ ကတမံ၊ နည်း[၁]။ အနိစ္စာနုပဿနာ၊ သည်။ ဝိပဿနာဗလံ၊ မည်၏။ ဒုက္ခာနုပဿနာ၊ သည်။ပ။ ပဋိနိဿဂ္ဂါနုပဿနာ၊ သည်။ ဝိပဿနာဗလံ၊ မည်၏။ ရူပေ၊ ရုပ်၌။ အနိစ္စာနုပဿနာ၊ သည်။ ပ။ ရူပေ၊ ၌။ ပဋိနိဿဂ္ဂါနုပဿနာ၊ သည်။ ဝိပဿနာဗလံ၊ မည်၏။ ဝေဒနာယ၊ ဝေဒနာ၌။ သညာယ၊ ၌။ သင်္ခါရေသု၊ တို့၌။ ဝိညာဏေ၊ ၌။ပ။ စက္ခုသ္မိံ၊ ၌။ပ။ ဇရာမရဏေ၊ ၌။ အနိစ္စာနုပဿနာ၊ သည်။ပ။ ဇရာမရဏေ၊ ၌။ ပဋိနိဿဂ္ဂါနုပဿနာ၊ သည်။ ဝိပဿနာဗလံ၊ မည်၏။ ဣတိ၊ သို့။ အာဟ၊ ၏။ ကေနဋ္ဌေန၊ ကြောင့်။ ဝိပဿနာဗလံ၊ မည်သနည်း[၂]။ အနိစ္စာနုပဿနာယ၊ ဖြင့်။ နိစ္စသညာယ၊ နိစ္စသညာကြောင့်။ န ကမ္ပတိ၊ မတုန်လှုပ်တတ်။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိပဿနာ-ဗလံ၊ မည်၏။ ဒုက္ခာနုပဿနာယ၊ ဖြင့်။ သုခသညာယ၊ ကြောင့်။ န ကမ္ပတိ၊ တတ်။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိပဿနာဗလံ၊ မည်၏။ အနတ္တာနုပဿနာယ၊ ဖြင့်။ အတ္တသညာယ၊ ကြောင့်။ န ကမ္ပတိ၊ တတ်။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိပဿနာဗလံ၊ မည်၏။ နိဗ္ဗိဒါနုပဿနာယ၊ ဖြင့်။ နန္ဒိယာ၊ သပိတိကတဏှာကြောင့်။ န ကမ္ပတိ၊ တတ်။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိပဿနာဗလံ၊ မည်၏။ ဝိရာဂါနုပဿနာယ၊ ဖြင့်။ ရာဂေ၊ ရာဂကြောင့်။ န ကမ္ပတိ၊ တတ်။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိပဿနာဗလံ၊ မည်၏။ နိရောဓာနုပဿနာယ၊ ဖြင့်။ သမုဒယေ၊ သမုဒယကြောင့်။ န

---

ဋီကာ။ တဒဘိဘဝေန၊ ထိုဥဒ္ဓစ္စကိုလွှမ်းမိုးသဖြင့်ပေး။ တော်၊ ဤဥဒ္ဓစ္စေ န ကမ္ပတိ-အစရှိသော စကားကိုစွဲ။ (ပြည်)

၁-ယခုအခါ၌ ဝိပဿနာဗလကို ပြလိုသည်ဖြစ်၍ အကြင်ကြောင့် ဝိပဿနာကိုအကျဉ်းအားဖြင့် ခုနစ်ပါးသော အနုပဿနာတို့ဖြင့် ပေါင်း၍ယူအပ်၏။ ထိုကြောင့် ထိုထိုသမာပတ်မှ ထ၍ ထိုခုနစ်ပါးသော အနုပဿနာတို့၏ အစွမ်းဖြင့် အနုပဿနာကိုပွားအပ်၏။ ထိုမျှတည်းသော ခုနစ်ပါးသော အနုပဿနာဖြင့်ပင်လျှင် ဤအရာ၌ အနုပဿနာကိစ္စ ပြည့်စုံသည်ဖြစ်သတည်း။ ထိုကြောင့် အနိစ္စာနုပဿနာဗလံ။ပ။ပဋိနိဿဂ္ဂါနုပဿနာဗလံ-ဟု သရုပ်အားဖြင့် ပြပြီး၍ တဖန် ထိုခုနစ်ပါးသော အနုပဿနာတို့ကို အောက်၌ ဆိုပြီးသော နည်းဖြင့် ဝိသယကို ဝေဖန်သောအားဖြင့် ပြခြင်းငှါ ရူပေ အနိစ္စာနုပဿနာ-စသည်ကို မိန့်သတည်း။ (ပြည်)

၂-ဤ၌လည်း ပဋိပက္ခတို့သည် မနှိပ်စက် မလွှမ်းမိုးအပ်သည်၏ အဖြစ်သည်သာလျှင် ဗလဋ္ဌတည်းဟု ပြခြင်းငှါ ကေနဋ္ဌေန ဝိပဿနာဗလံ-စသည်ကိုမိန့်သော်။ (ပြည်)

ကမ္ပတိ၊ တတ်။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိပဿနာဗလံ၊ မည်၏။ ပဋိ-နိဿဂ္ဂါနုပဿနာယ၊ ဖြင့်။ အာဒါနေ၊ စွဲလမ်းခြင်းကြောင့်။ န ကမ္ပတိ၊ တတ်၊ ဣတိ-တသ္မာ၊ ကြောင့်။ ဝိပဿနာဗလံ၊ မည်၏။ အဝိဇ္ဇာယ စ၊ တဆယ့်နှစ်ပါးသော အကုသိုလ်စိတ္တုပ္ပါဒ်၌ဖြစ်သော အဝိဇ္ဇာဟူသော အကြောင်းကြောင့်၎င်း။ အဝိဇ္ဇာသဟဂတကိလေသေ စ၊ အဝိဇ္ဇာနှင့် သမ္ပယုတ်ဖြစ်သော လောဘ ဒေါသ အစရှိသော အကြောင်းကြောင့်၎င်း။ ခန္ဓေ စ၊ အဝိဇ္ဇာနှင့် သမ္ပယုတ်ဖြစ်သော ခန္ဓာကြောင့်၎င်း။ န ကမ္ပတိ၊ တည်ရာမှ ရွေ့သောအားဖြင့် မတုန်လှုပ်တတ်။ န စလတိ၊ ပတ်ပတ်လည်၍ မတုန်လှုပ်တတ်။ န ဝေဓတိ၊ ပြင်းစွာ မတုန်လှုပ်တတ်။ ဣတိ-တသ္မာ၊ ကြောင့်။ ဝိပဿနာဗလံ၊ မည်၏။ ဣဒံ၊ ဤအနိစ္စာနုပဿနာစသည်တို့၏ အစွမ်းဖြင့်ရှုအပ်သောဝိပဿနာ၏ နိစ္စသညာ အစရှိသည်တို့ကြောင့် မတုန်လှုပ်သည်၏ အဖြစ်, ထိုအနိစ္စသညာ စသည်တို့ကို နှိပ်နင်းလွှမ်းမိုး၍ မြဲစွာတည်ခြင်းသည်။ ဝိပဿနာဗလံ၊ မည်၏။

တယော စ သင်္ခါရာနံ ပဋိပ္ပဿဒ္ဓိယာတိ၊ ကား။ ကတမေသံ၊ အဘယ် မည်ကုန်သော။ တိဏ္ဏံ သင်္ခါရာနံ၊ သုံးပါးသောသင်္ခါရတို့၏။ ပဋိပ္ပဿ-ဒ္ဓိယာ၊ ငြိမ်းခြင်းကြောင့်နည်းဟူမူကား။ ဒုတိယံ ဈာနံ၊ ကို။ သမာပန္နဿ၊ ဝင်စားသော ပုဂ္ဂိုလ်အား။ ဝိတက္ကဝိစာရာ၊ ဝိတက္ကဝိစာရဟု ဆိုအပ်ကုန်သော။ ဝစီသင်္ခါရာ၊ တို့သည်။ ပဋိပ္ပဿဒ္ဓါ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏[၁]။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်ကို။ သမာပန္နဿ၊ ဝင်စားသော ပုဂ္ဂိုလ်အား။ အဿာသပဿာသာ၊ ထွက်သက်ဝင်သက်ဟု ဆိုအပ်ကုန်သော။ ကာယ-သင်္ခါရာ၊ တို့သည်။ ပဋိပ္ပဿဒ္ဓါ၊ ကုန်သည်။ ဟောန္တိ၊ ကုန်[၂]။ သညာ-

၁-ဝါစံ သင်္ခရောန္တိ ပဝတ္တေန္တီတိ ဝစီသင်္ခါရာ။ ဝါစာကို ဖြစ်စေတတ်သော ဝိတက်ဝိစာရ-ရ၏။ ထိုကြောင့် ပုဗ္ဗေ ခေါ အာဝုသော ဝိသာခ ဝိတက္ကေတွာ ဝိစာရေတွာ ပစ္ဆာ ဝါစံ ဘိန္ဒ-တိ။ တသ္မာ ဝိတက္ကဝိစာရာ ဝစီသင်္ခါရာ-ဟု ဟောပြီ။ ထိုဝိတက်ဝိစာရသည်ကား ဒုတိယဈာန်၌ ငြိမ်းသည်ဖြစ်ကုန်၏။ ထိုကြောင့် ဒုတိယဈာနံ။ပ။ ပဋိပ္ပဿဒ္ဓါ ဟောန္တိ-မိန့်သော်။ (ပြည်)

၂-ကာယေန သင်္ခရီယန္တီတိ ကာယသင်္ခါရာ။ အဿာသပဿာသ ရသတည်း။ ထိုကြောင့် မဟုတ်လော အဿာသပဿာသာ ခေါ အာဝုသော ဝိသာခ ကာယိကာ ဧတေ ဓမ္မာ ကာယ-ပဋိဗဒ္ဓါ၊ တသ္မာ အဿာသပဿာသာ ကာယသင်္ခါရော-ဟုဓမ္မဒိန္နထေရီသခင်မဟောတကား။ ထိုအဿာသပဿာသတို့သည်ကား အကြင်ကြောင့်စတုတ္ထဈာန်၌ ငြိမ်းကုန်၏၊ ထိုကြောင့် စတုတ္ထဈာနံ။ပ။ ပဋိပ္ပဿဒ္ဓါ ဟောန္တိ-ဟူသတည်း။ (ပြည်)

ဝေဒယိတနိရောဓံ၊ သညာဝေဒနာတို့၏ချုပ်ရာ နိရောဓ သမာပတ်ကို။ သမာပန္နဿ၊ အား။ သညာ စ၊ သညာလည်း ဖြစ်သော။ ဝေဒနာ စ၊ ဝေဒနာလည်း ဖြစ်သော။ စိတ္တသင်္ခါရာ၊ တို့သည်။ ပဋိပ္ပဿဒ္ဓါ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏¹။ ဣမေသံ တိဏ္ဏံ သင်္ခါရာနံ၊ တို့၏။ ပဋိပ္ပဿဒ္ဓိယာ၊ ငြိမ်းခြင်းကြောင့်။

[၁၄၆] သောဠသဟိ ဉာဏစရိယာဟီတိ၊ ကား။ ကတမာဟိ၊ အဘယ် မည်ကုန်သော။ သောဠသဟိ၊ ကုန်သော။ ဉာဏစရိယာဟိ၊ ဉာဏ်၏ ဖြစ် ခြင်းတို့ဖြင့်။ (သမာပဇ္ဇန္တိ၊ ကုန်သနည်း။) အနိစ္စာနုပဿနာ၊ သည်။ ဉာဏစရိယာ၊ ဉာဏ်၏ဖြစ်ခြင်းမည်၏။ ဒုက္ခာနုပဿနာ၊ သည်။ အနတ္တာ-နုပဿနာ၊ သည်။ နိဗ္ဗိဒါနုပဿနာ၊ သည်။ ဝိရာဂါနုပဿနာ၊ သည်။ နိရောဓာနုပဿနာ၊ သည်။ ပဋိနိဿဂ္ဂါနုပဿနာ၊ သည်။ ဝိဝဋ္ဋာနုပဿနာ၊ သည်။ ဉာဏစရိယာ၊ ဉာဏ်၏ ဖြစ်ခြင်းမည်၏။ (ဤသို့ အနုပဿနာကို ပုဒ်တိုင်းယှဉ်) သောတာပတ္တိမဂ္ဂေါ၊ သည်။ ဉာဏစရိယာ၊ မည်၏။ သောတာပတ္တိဖလသမာပတ္တိ၊ သည်။ ဉာဏစရိယာ၊ မည်၏။ သကဒါဂါ-မိမဂ္ဂေါ၊ သည်။ပ။ အရဟတ္တဖလသမာပတ္တိ၊ သည်။ ဉာဏစရိယာ၊ မည်၏²။ ဣမာဟိ သောဠသဟိ ဉာဏစရိယာဟိ၊ တို့ဖြင့်။ (သမာပဇ္ဇန္တိ၊ ကုန်၏။)

နဝဟိ သမာဓိစရိယာဟီတိ၊ ကား။ ကတမာဟိ၊ ကုန်သော၊ နဝဟိ၊ ကုန်သော။ သမာဓိစရိယာဟိ၊ တို့ဖြင့်။ (သမာပဇ္ဇန္တိ၊ ကုန်သနည်း။)

---

၁-စိတ္တေန သင်္ခရီယန္တီတိ စိတ္တသင်္ခါရာ။ သညာဝေဒနာ ရသတည်း။ ထို့ကြောင့်သညာ စ ဝေဒနာ စ စေတသိကာ ဧတေ ဓမ္မာ စိတ္တပဋိဗဒ္ဓါ။ တသ္မာ သညာဝေဒနာစိတ္တသင်္ခါရာ- ဟု ဟောတကား။ ထိုသညာဝေဒနာတို့သည်ကား အကြင်ကြောင့် နိရောဓကို ဝင်စားသော ပုဂ္ဂိုလ်အား ငြိမ်းကုန်၏၊ ထို့ကြောင့် သညာဝေဒယိတ။ပ။ ပဋိပ္ပဿဒ္ဓါ ဟောန္တိ-မိန့်သော်။ (ပြည်)

၂-ဉာဏ်ပဓာနဖြစ်သောကြောင့် မဂ်ဖိုလ်သမာပတ်တို့ကို ဉာဏစရိယာ ဟူသတည်း။ တနည်း ဉာဏေန စရိတာ ပဝတ္တိတာတိ ဉာဏစရိယာ။ ဣန္ဒြိယအဓိပတိဟေတုမဂ္ဂသတ္တ အစရှိသည်တို့၏ အစွမ်းဖြင့် လွန်စွာကျေးဇူးပြုတတ်သောဉာဏ်သည် မိမိမှကြွင်းသော မဂ်ဖိုလ် တရားတို့ကို ဆိုပြီးသောသတ္တိဖြင့် ကျေးဇူးပြုရကား ဉာဏ်သည်ဖြစ်စေအပ်သော မဂ္ဂဖလဓမ္မ သည် ဉာဏစရိယာမည်၏ ဟူလိုသတည်း။ ဤအလို ဉာဏစရိယာ၊ ဉာဏ်သည် ဖြစ်စေအပ် သော တရားမည်၏ ပေး။ ဝိဝဋ္ဋာနုပဿနာကို ယူသဖြင့်လျှင် ထိုဝိဝဋ္ဋာနုပဿနာ၏ အာဒိ-ဘူတဖြစ်သော သေသအနုပဿနာကိုလည်း ယူအပ်ကုန်၏။ (ပြည်)

ပဌမံ ဈာနံ၊ သည်။ သမာဓိစရိယာ၊ မည်၏၊ ဝါ၊ သမာဓိသည် ဖြစ်စေအပ်သော တရားမည်၏။ ဒုတိယံ ဈာနံ၊ သည်။ပ။ နေဝသညာနာ-သညာယတနသမာပတ္တိ၊ သည်။ သမာဓိစရိယာ၊ မည်၏။ ပဌမဈာန-ပဋိလာဘတ္ထာယ၊ ပဌမဈာန်ကို ရခြင်းအကျိုးငှါ။ ဝိတက္ကော စ၊ ၎င်း။ ဝိစာရော စ၊ ၎င်း။ ပီတိ စ၊ ၎င်း။ သုခဥ္စ၊ ၎င်း။ စိတ္တေကဂ္ဂတာ စ၊ ၎င်း။ပ။ နေဝသညာနာသညာယတနသမာပတ္တိ ပဋိလာဘတ္ထာယ၊ ငှါ။ ဝိတက္ကော စ၊ ၎င်း။ ဝိစာရော စ၊ ၎င်း။ ပီတိ စ၊ ၎င်း။ သုခဥ္စ၊ ၎င်း။ စိတ္တေကဂ္ဂတာ စ၊ ၎င်း။ ဣမာဟိ နဝဟိ သမာဓိစရိယာဟိ၊ ဤကိုးပါးသော သမာဓိ၏ဖြစ်ခြင်းတို့ဖြင့်၊ ဝါ၊ သမာဓိသည် ဖြစ်စေအပ်သောတရားတို့ဖြင့်[၁]။ (သမာပဇ္ဇန္တိ၊ ကုန်၏။)

ဝသီတိ၊ ကား။ ဝသိယော၊ ဝသီတို့သည်။ အာဝဇ္ဇနဝသီ၊ အာဝဇ္ဇန-ဝသီ၎င်း။ သမာပဇ္ဇနဝသီ၊ ၎င်း။ အဓိဋ္ဌာနဝသီ၊ ၎င်း။ ဝုဋ္ဌာနဝသီ၊ ၎င်း။

---

၁-ရှစ်ပါးသော သမာပတ် ထိုရှစ်ပါးသောသမာပတ်၏ ဥပစာရသမာဓိလည်း ရှစ်ပါးဖြစ်၍ တဆယ့်ခြောက်ပါးရှိရမည်ကို အသို့ယူ၍ ကိုးပါးဖြစ်သနည်း?ဟု။ ကား နဝဟိ သမာဓိစရိယာဟီတိ အဋ္ဌ သမာပတ္တိယော အဋ္ဌ သမာဓိစရိယာ, တာသံ ဥပစာရသမာဓိ ဥပစာရသမာဓိဘာဝနာသာမညေန ဧကာ သမာဓိစရိယာတိ ဧဝံ နဝဟိ သမာဓိစရိယာဟိ။ တေနာဟ ပဌမဈာနံ သမာဓိစရိယာတိအာဒိ၊ ဋီကာ။ ပဌမဈာနပဋိလာဘတ္ထာယ ဝိတက္ကော-အစရှိသောစကားကို နာနာဝဇ္ဇနအားဖြင့် ဆိုအပ်သလော၊ ဧကာဝဇ္ဇနအားဖြင့် ဆိုအပ်သလော? ကြောင့် ပဌမဈာနပဋိလာဘတ္ထာယ ဝိတက္ကော စာတိအာဒိ နာနာဝဇ္ဇနုပစာရ-ဝသေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ၊ ဥပရိသမာပတ္တီနမ္ပိ ဥပစာရဿ တထေဝ ဝုတ္တတ္တာ။ န ဟိ ဧကာဝဇ္ဇနေ စတုတ္ထဈာနာဒိဥပစာရေ ပီတိအာဒယော သမ္ဘဝန္တိ။ တ္တေ စ ပဌမဈာနပဋိလာဘတ္ထာ-ယာတိအာဒိဝစနေန ဥပစာရသမာဓိဿာပိ ပါရိပူရိ ဣစ္ဆိတဗ္ဗာတိ ဒဿေတိ၊ ဋီကာ။ ဝသီဘာဝတာ ပညာ-ဟူသောပါဠ်၌ အဋ္ဌကထာမပြအပ်သောအနက်ကို ဋီကာဆရာ ဖော်ပြလို၍ ဝသီဘာဝတာ ပညာတိ တ္တေ ဝသော ဧတဿ အတ္ထီတိ ဝသီ၊ တဿ ဘာဝေါ ဝသီ-ဘာဝေါ၊ သာ ဧဝ ဝသီဘာဝတာ-ဋီကာမိန့်သော်။ ဝသီဘာဝတာ ပညာတိ တ္တေ၊ ၌။ ဧတဿ၊ အား။ ဝသော၊ လေ့လာခြင်းသည်၊ ဝါ၊ စွမ်းနိုင်သောသတ္တိသည်။ အတ္ထိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဝသီ၊ မည်၏။ တဿ၊ ထိုလေ့လာခြင်းရှိသောပုဂ္ဂိုလ်၏၊ ဝါ၊ စွမ်းနိုင်သောသတ္တိရှိသောပုဂ္ဂိုလ်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဝသီဘာဝေါ၊ လေ့လာခြင်းရှိသောပုဂ္ဂိုလ်၏အဖြစ်၊ ဝါ၊ စွမ်းနိုင်သောသတ္တိရှိသောပုဂ္ဂိုလ်၏အဖြစ်။ သာ ဧဝ၊ ထိုဝသီ-ဘာဝသည်ပင်လျှင်။ ဝသီဘာဝတာ၊ မည်၏။ ဒေဝေါယေဝ ဒေဝတာ-ကဲ့သို့ဟူလို၊ ၎င်းနက်။ ယင်းသို့သော် ဝသီဘာဝတာတိ-ဟု ပဒုဒ္ဓါရ မပြုမူ၍ အဘယ့်ကြောင့် ဝသီတိ ပဉ္စ ဝသိယော-ဟု ဖွင့်အပ်သနည်း?ဟု။ ကား "ဝသိယော"တိ ပန ပါဠိယံ ဣတ္ထိလိင်္ဂဝသေန ဝုတ္တတ္တာ တာယော ဒဿေတုံ "ဝသီတိ ပဉ္စ ဝသိယော"တိအာဒိ ဝုတ္တံ၊ ဋီကာ။

ပစ္စဝေက္ခဏာဝသီ၊ ၎င်း။ ဣတိ၊ သို့။ ပဉ္စ၊ တို့တည်း။ (ဝသနံ ဝသီ၊ အလို အလျောက်ဖြစ်စေနိုင်သော သတ္တိ ရသတည်း) တတ္ထ၊ ထိုငါးပါးသော ဝသီတို့တွင်။ ပဌမံ ဈာနံ၊ ကို။ ယတ္ထ၊ အကြင်အကြင်အရပ်၌။ ဣစ္ဆကံ၊ အလိုရှိ၏။ တတ္ထ၊ ထိုထိုအလိုရှိရာအရပ်၌။ အာဝဇ္ဇတိ၊ ဆင်ခြင်နိုင်၏။ ယဒါ၊ အကြင်အကြင်အခါ၌။ ဣစ္ဆကံ၊ အလိုရှိ၏။ တဒါ၊ ထိုထိုအလို ရှိသောအခါ၌။ အာဝဇ္ဇတိ၊ ဆင်ခြင်နိုင်၏။ (တနည်း) ယံ-ယသ္မိံ ယသ္မိံ ဈာနေ၊ အကြင်အကြင်ဈာနင်၌။ ဣစ္ဆကံ၊ အလိုရှိ၏။ တံ တံ၊ ထိုထို အလိုရှိသောဈာနင်ကို။ အာဝဇ္ဇတိ၊ ဆင်ခြင်နိုင်၏။ ယာဝ၊ အကြင်အကြင် ရွှေလောက်။ ဣစ္ဆကံ၊ အလိုရှိ၏။ တာဝ၊ ထိုထိုအလိုရှိသရွှေလောက်။ အာဝဇ္ဇတိ၊ နိုင်၏[၁]။ ယတ္ထ-ကတ္ထစိ ဌာနေ၊ အမှတ်မရှိသောအရပ်၌။ တဒါ တဒါ၊ အမှတ်မရှိသောအခါ၌။ ယံကိဉ္စိ ဈာနင်ံ၊ အမှတ်မရှိသော ဈာနင် ကို။ အာဝဇ္ဇန္တဿ၊ ဆင်ခြင်သောပုဂ္ဂိုလ်၏။ ယထိစ္ဆိတကာလံ၊ အကြင် အလိုရှိအပ်သောကာလပတ်လုံး။ (ဤကား အာဝဇ္ဇတိ-ဟူသောပုဒ်သည် ပုဂ္ဂလဝါစကဖြစ်၍ အာဝဇ္ဇန္တဿ အာဝဇ္ဇနာ ဟူသောအတ္ထကို ရသင့်သော ကြောင့် ပါဌသေသမူသတည်း) အာဝဇ္ဇနာယ-အာဝဇ္ဇနပဝတ္တိယာ၊ အာဝဇ္ဇန်းကိုဖြစ်စေခြင်းငှါ၊ ဝါ၊ အာဝဇ္ဇန်းဖြစ်ခြင်း၏၊ ဝါ၊ ဆင်ခြင်ခြင်း ၏၊ ဝါ၊ ၌။ ဒန္ဓာယိတတ္တံ၊ လေးထိုင်းသည်၏အဖြစ်သည်၊ ဝါ၊ နှေးဖြေး သည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ-ဧဝံ၊ ဤသို့ဖြစ်သည်ရှိသော်။ အာဝဇ္ဇနဝသီ၊ သည်[၂]။ (သိဒ္ဓါ၊ ပြီးသည်မည်သည်။ ဟောတိ၊ ၏[၃]။) ပဌမံ ဈာနံ၊ ကို။ ယတ္ထိစ္ဆကံ၊ အကြင်အကြင်အရပ်၌ ဝင်စားခြင်းငှါ အလို

---

၁-ဤသို့သောအရာ၌ ဝတ္တမာန်ဝိဘတ်သည်လည်း သတ္တိအနက်ကိုဟောရကား ဆင်ခြင် နိုင် ဟုယောဇနာသည်။ ယတ္ထ ယတ္ထ ပဒေသေ ဣစ္ဆာ ယတ္ထိစ္ဆကံ၊ ယဒါ ယဒါ ယသ္မိံ ယသ္မိံ ဝါ ကာလေ ဣစ္ဆာ ယဒိစ္ဆကံ၊ ယာဝ ယာဝ ဣစ္ဆာ ယဒိစ္ဆကံ၊ ဒကာရော ပဒသန္ဓိကရော၊ အောက်၌ ဋီကာဟူရကား ယတ္ထိစ္ဆကံ-စသည်ကို သမာသ်လည်းဟူစရ၏၊ ဣစ္ဆာ ဧဝ ဣစ္ဆကံ-မူ၍ ဝါကျလည်းဟူစရ၏၊ ယထာရုစိမှတ်။ (ပြည်)

၂-အာဝဇ္ဇနာယ ဝသီ အာဝဇ္ဇနဝသေန ဝါ ဝသီ အာဝဇ္ဇနဝသီ-ပြု၊ အာဝဇ္ဇနာယ၊ အာဝဇ္ဇန်းကိုဖြစ်စေခြင်းငှါ၊ ဝါ၊ ဆင်ခြင်ခြင်းငှါ။ ဝသီ၊ စွမ်းနိုင်ခြင်းသည်၊ ဝါ၊ အလို အလျောက် စိတ်ကိုဖြစ်စေနိုင်ခြင်းသည်။ ဝါ၊ ကား။ အာဝဇ္ဇနဝသေန၊ ဆင်ခြင်သည်၏ အစွမ်းအားဖြင့်။ ဝသီ၊ အလိုအလျောက်စိတ်ကို ဖြစ်စေနိုင်ခြင်းသည်။ အာဝဇ္ဇနဝသီ၊ မည်၏။ (ပြည်)

၃-ဤ၌ အနက်ပေးပုံအလွန်ကျယ်၏၊ ပါဌသေသများလွန်း၏၊ အကျဉ်းအနက်ကို အလို ရှိလျှင် ဤနိဿယ ပဌမတွဲ နှာ ၄၀၅-၌ ကြည့်ပါ။ (ဆ-သံ-သော)

ရှိ၏။ တတ္ထ တတ္ထ၊ ၌။ သမာပဇ္ဇတိ၊ ဝင်စားနိုင်၏။ ယဒိစ္ဆကံ၊ အကြင်အကြင်အခါ၌ ဝင်စားခြင်းငှါအလိုရှိ၏။ တဒါ တဒါ၊ ၌။ သမာပဇ္ဇတိ၊ ၏။ ယာဝဒိစ္ဆကံ၊ အကြင်မျှလောက်ဝင်စားခြင်းငှါ အလိုရှိ၏။ တာဝဒိစ္ဆိတံ ကာလံ၊ ထိုမျှလောက်အလိုရှိအပ်သောကာလပတ်လုံး။ သမာပဇ္ဇတိ၊ ၏။ သမာပဇ္ဇန္တဿ၊ ဝင်စားသောပုဂ္ဂိုလ်၏။ ယထိစ္ဆိတံ ကာလံ၊ အကြင်အကြင်အလိုရှိတိုင်းသောကာလပတ်လုံး။ သမာပဇ္ဇနာယ၊ ဝင်စားခြင်းငှါ။ ဒန္ဓာယိတတ္တံ၊ လေးထိုင်းသည်၏အဖြစ်သည်၊ ဝါ၊ နှေးဖြေးသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ-ဧဝံ၊ ဤသို့ ဖြစ်သည်ရှိသော်။ သမာပဇ္ဇနဝသီ၊ သည်။ သိဒ္ဓါ၊ အပြီးတိုင်သည်မည်သည်။ ဟောတိ၊ ၏။ ပဌမံ ဈာနံ၊ ကို။ ယာဝဒိစ္ဆကံ၊ အကြင်မျှလောက်ထားခြင်းငှါ အလိုရှိ၏။ တာဝဒိစ္ဆိတံ ကာလံ၊ ထိုသို့ထားခြင်းငှါအလိုရှိသမျှ ကာလပတ်လုံး။ အဓိဋ္ဌာတိ၊ ထားနိုင်၏။ အဓိဋ္ဌဟန္တဿ၊ ထားသောပုဂ္ဂိုလ်၏။ အဓိဋ္ဌာနေ၊ ဈာန်ကို အလိုရှိတိုင်း ထားခြင်း၌[၁]။ ဒန္ဓာယိတတ္တံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ-ဧဝံ၊ သော်။ အဓိဋ္ဌာနဝသီ၊ သည်။ (သိဒ္ဓါ၊ မည်သည်။ ဟောတိ၊ ၏။) (အဓိဋ္ဌာနေ ဝသီ အဓိဋ္ဌာနဝသီ၊ ပြု) ယာဝဒိစ္ဆကံ၊ အကြင်အကြင်မျှလောက်သော ကာလဖြင့် ဈာန်မှထခြင်းငှာ၊ အလိုရှိ၏။ တတ္တကေန၊ ထိုမျှလောက် ပိုင်းခြားတိုင်းသောကာလဖြင့်။ ဝုဋ္ဌာတိ၊ ဈာန်မှထနိုင်၏။ ဝုဋ္ဌဟန္တဿ၊ ထသောပုဂ္ဂိုလ်၏။ ဝုဋ္ဌာနေ၊ ပိုင်းခြားတိုင်းသောကာလဖြင့် ထခြင်း၌။ ဒန္ဓာယိတတ္တံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ-ဧဝံ၊ သော်။ ဝုဋ္ဌာနဝသီ၊ သည်။ (သိဒ္ဓါ၊ မည်သည်။ ဟောတိ၊ ၏။)ယာဝဒိစ္ဆကံ၊ အကြင် အကြင်မျှလောက်သော ကာလပတ်လုံး ဈာန်ကို ဆင်ခြင်ခြင်းငှါ အလိုရှိ၏။ တတ္တကေန၊ ထိုထို အလိုရှိသမျှလောက်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်နိုင်၏။ ယတ္ထ ကတ္ထစိ ဌာနေ၊ ၌။ တဒါ တဒါ၊ အမှတ်မရှိသောအခါ၌။ ယံကိဉ္စိ ဈာနင်္ဂံ၊ ကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သောပုဂ္ဂိုလ်အား။ ယထိစ္ဆိတ-ကာလံ၊ လုံး။ ပစ္စဝေက္ခဏာယ၊ ဆင်ခြင်ခြင်းငှါ၊ ဝါ၊ ၏။ ဒန္ဓာယိတတ္တံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ-ဧဝံ၊ သော်။ ပစ္စဝေက္ခဏဝသီ၊ သည်။ သိဒ္ဓါ၊ မည်သည်။ ဟောတိ၊ ၏။ (ဤသို့ ပြည့်စုံအောင် သမ္ဗန်)ဒုတိယံ၊ ကို။ပ။

---

၁-ဤအဓိဋ္ဌာနေ-ဟူသော သတ္တမျန္တပုဒ်ကိုထောက်လျှင် ရှေး၌ အာဝဇ္ဇနာယ-စသည်တို့၌လည်း သတ္တမျန္တချည်းသာ ဖြစ်ရာ၏။ (ဆ-သံ-သော)

နေဝသညာနာသညာယတနသမာပတ္တိံ ၊ ကို။ပ။ ဣမာ ပဉ္စ ဝသိယော၊ ဤငါးပါးသော ဝသီတို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ မှတ်အပ်၏ ၁။

၇၇၀။ စ၊ ဆက်။ ထေ့ရ၊ ဤပါဠိတော်၌။ သောဠသဟိ ဉာဏစရိယာဟီတိ၊ ဟိ-ဟူသော။ သေ-ဖေသော နိဒ္ဒေသော၊ သည်။ ဥက္ကဋ္ဌနိဒ္ဒေသော၊ အလွန်ကို ညွှန်ပြသော သဒ္ဒါတည်း၊ ဝါ၊ အကြွင်းမဲ့ သိမ်းကျုံး၍ပြသော သဒ္ဒါတည်း။ ပန၊ စင်စစ်သော်ကား။ အနာဂါမိနော၊ အား။ စုဒ္ဒသဟိ ဉာဏစရိယာဟိ၊ တဆယ့်လေးပါးသော ဉာဏစရိယာတို့ဖြင့်။ နိရောဓ-သမာပဇ္ဇနံ၊ ပတ်ကိုဝင်စားခြင်းသည်။ ဟောတိ၊ ၏။ (ကသ္မာ၊ ကား။ အဂ္ဂမဂ္ဂဖလာနံ၊ တို့၏။ အနဓိဂတတ္တာ၊ မရအပ်သည်၏ အဖြစ်ကြောင့်တည်း။) (ဥက္ကဋ္ဌနိဒ္ဒေသဝသေန၊ ဖြင့်။ သောဠသဟိ ဉာဏစရိယာဟီတိ၊ ဟူ၍။) ယဒိ ဝုတ္တံ၊ အကယ်၍ ဆိုအပ်သည်ဖြစ်အံ့။ (တတော၊ ထိုတဆယ့်ခြောက်ပါးမှ။ အဝကံသဝသေနပိ၊ အယုတ်အားဖြင့်လည်း။ ဣစ္ဆိတဗ္ဗံ၊ လိုအပ်သင့်၏။) ဧဝံ သန္တေ၊ ဤသို့ဖြစ်လျက်၊ ဝါ၊ သော်။ သကဒါဂါမိနော၊ အား။ ဒွါဒသဟိ၊ ကုန်သော။ ဉာဏစရိယာဟိ၊ တို့ဖြင့်။ သောတာပန္နဿ စ၊ သောတာပန်အားလည်း။ ဒသဟိ၊ ကုန်သော။ ဉာဏစရိယာဟိ၊ တို့ဖြင့်။ (နိရောဓသမာပဇ္ဇနံ၊ သည်။) ကိံ၊ အဘယ်ကြောင့်။ န ဟောတိ၊ မဖြစ်သနည်း။ ဣတိ-အယံ၊ ကား။ စောဒနာ၊ တည်း။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ ကား။ သမာဓိပါရိဗန္ဓိကဿ၊ သမာဓိ၏ ဘေးရန်ဖြစ်သော။ ပဉ္စကာမဂုဏိကရာဂဿ၊ ဝတ္ထုဖြစ်သော ငါးပါးသော ကာမဂုဏ်ရှိသော ကာမရာဂ၏။ အပ္ပဟီနတ္တာ-အသမုစ္ဆိန္နတ္တာ၊ မဂ်ဖြင့် မဖြတ်အပ်သေးသည်၏

၁-တတ္ထ ဈာနံ အာဝဇ္ဇန္တဿ နိရန္တရံ ဈာနင်္ဂေသု စိတ္တပဝတ္တနသမတ္ထတာ အာဝဇ္ဇနဝသီ။ သမာပဇ္ဇိတုကာမဿ သီဃံ ဈာနံ သမာပဇ္ဇနသမတ္ထတာ သမာပဇ္ဇနဝသီ။ အစ္ဆရာမတ္တံ ဝါ ကတိပယစ္ဆရာမတ္တံ ဝါ ခဏံ ဈာနံ ဌပေတုံ သမတ္ထတာ အဓိဋ္ဌာနဝသီ။ တထေဝ လဟုံ ဝုဋ္ဌာတုံ သမတ္ထတာ ဝုဋ္ဌာနဝသီ။ ပစ္စဝေက္ခဏဝသီ ပန အာဝဇ္ဇနဝသိယာ ဧဝ သိဒ္ဓါတိ။ ပစ္စဝေက္ခဏ-ဇဝနာနေဝ ဟိ တတ္ထ အာဝဇ္ဇနာနန္တရာနီတိ အယမေတ္ထ သင်္ခေပေါ၊ ဋီကာ။ တထေဝ အစ္ဆရာ-မတ္တံ ဝါ၊ လက်ဖျစ်တတွက် အတိုင်းအရှည်ရှိသည်လည်း ဖြစ်သော။ ကတိပယစ္ဆရာမတ္တံ ဝါ၊ လက်ဖျစ်နှစ်ခု သုံးခု အတိုင်းအရှည်ရှိလည်းဖြစ်သော။ ခဏံ၊ ခဏပတ်လုံး။ (တထေဝ၊ ကား အနုကစ္စနဖြစ်၍ အစ္ဆရာမတ္တံ ဝါ ကတိပယစ္ဆရာမတ္တံ ဝါ ခဏံ-ကိုငင်သည်။ တနည်း။) တထေဝ-ဝုတ္တကမေဝ ခဏံ၊ ထိုဆိုအပ်ပြီးသော အစ္ဆရာမတ္တစသော ခဏပတ်လုံးသာလျှင်။ ဈာနသမင်္ဂီ၊ ဈာန်နှင့်ပြည့်စုံသည်။ ဟုတွာ၊ ၍။ လဟုံ၊ လျင်စွာ။ ဈာနတော၊ မှ။ ဝုဋ္ဌာတုံ၊ ထခြင်းငှါ။ သမတ္ထတာ၊ စွမ်းနိုင်သည်၏ အဖြစ်သည်။ ဝုဋ္ဌာနဝသီ၊ မည်၏။ သမ္ဗန်။ (ပြည်)

အဖြစ်ကြောင့်တည်း။ ဟိ-သစ္စံ၊ ၏။ တေသံ၊ ထိုသောတာပန် သကဒါဂါမိ် ပုဂ္ဂိုလ်တို့သည်။ သော-ကာမရာဂေါ၊ ကို။ အပ္ပဟီနော၊ မပယ်အပ်သေး။ တသ္မာ၊ ထိုသို့ မပယ်အပ်သေးသည်၏ အဖြစ်ကြောင့်။ သမထဗလံ၊ သမထဗလသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံသည်။ န ဟောတိ၊ မဖြစ်။ တသ္မိံ၊ ထိုသမထဗလသည်။ အပရိပူရေ၊ မပြည့်စုံသည်ရှိသော်။ ဒွိဟိ ဗလေဟိ၊ နှစ်ပါးသော ဗလတို့ဖြင့်။ သမာပဇ္ဇိတဗ္ဗံ၊ ဝင်စားအပ်သော။ နိရောဓ-သမာပတ္တိံ၊ ကို။ ဗလဝေကလ္လေန၊ အစွမ်းချို့သည်၏ အဖြစ်ကြောင့်။ သမာပဇ္ဇိတုံ၊ ငှါ။ (တေ၊ ထိုသောတာပန် သကဒါဂါမိ်ပုဂ္ဂိုလ်တို့သည်။) န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ပန၊ အထူးကိုဆိုအံ့။ အနာဂါမိဿ၊ အနာဂါမိ် ပုဂ္ဂိုလ်သည်။ သော၊ ထိုသမာဓိ၏ ဘေးရန်ဖြစ်သော ကာမရာဂကို။ ပဟီနော၊ အကြွင်းမဲ့ ဖြတ်ပယ်အပ်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ထို(သမာဓိ၏ ဘေးရန်ဖြစ်သော ကာမရာဂ၏ အကြွင်းမဲ့ ဖြတ်ပယ်အပ်သည်၏ အဖြစ်)ကြောင့်။ ဧသ-ဧသော အနာဂါမီ၊ သည်။ [၃၄၇] ပရိပုဏ္ဏဗလော၊ ပြည့်စုံသောအားရှိသည်။ ဟောတိ၊ ၏။ ပရိပုဏ္ဏဗလတ္တာ၊ ပြည့်စုံသောအားရှိသည်၏ အဖြစ်ကြောင့်။ သမာပဇ္ဇိတုံ၊ ငှါ။ သက္ကောတိ၊ ၏။ တေန၊ ကြောင့်။ ဘဂဝါ၊ သည်။ နိရောဓာ ဝုဋ္ဌဟန္တဿ။ပ။ ပစ္စယောတိ၊ ဟူ၍။ အာဟ၊ ဟောတော်မူ၏။ ဟိ-သစ္စံ၊ ၏။ ဣဒံ၊ ဤနိရောဓာ ဝုဋ္ဌဟန္တဿ-အစရှိသော စကားကို။ ပဋ္ဌာနေ-မဟာပကရဏေ၊ ပဋ္ဌာန်းကျမ်းကြီး၌။ အနာဂါမိနော၀၊ ၏သာလျှင်။ နိရောဓာ ဝုဋ္ဌာနံ၊ နိရောဓသမာပတ်မှ ထခြင်းကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။ (ကသ္မာ၊ ကြောင့်။ ဉာယတိ၊ သိအပ်သနည်းဟူမူ။ နေဝသညာနာ-သညာယတနကုသလန္တိ၊ ဟူ၍။ ဝစနတော၊ ကြောင့်။ ဉာယတိ၊ ၏။ အညထာ၊ တပါးသောအပြားအားဖြင့်။ နေဝသညာနာသညာယတန-ကိရိယာတိ၊ ဟူ၍။ ဝုစ္စေယျ၊ ဟောတော်မူရာ၏။) ဣတိ၊ ဤမွေ့စကား တရပ်အပြီးတည်း။

၈၇၁။ ကတ္ထ သမာပဇ္ဇန္တီတိ၊ ကား။ ပဉ္စဝေါကာရဘဝေ၊ ၌[၁]။ သမာ-ပဇ္ဇန္တိ၊ ကုန်၏။ ကသ္မာ၊ ကား။ အနုပုဗ္ဗသမာပတ္တိသဗ္ဘာဝတော၊ (ပဉ္စ-

၁-ပဉ္စဝေါကာရဘဝေ-ဟုအဘယ်ကြောင့် ဆိုအပ်သနည်း၊ စတုဝေါကာရဘုံ၌လည်း အရူပ ဈာန်၏ အစွမ်းအားဖြင့် ယထာရဟ အနုပုဗ္ဗသမာပတ်ကို ရအပ်သည်မဟုတ်လော ဟူမူ? အကယ်၍ရသင့်၏၊ ထိုသို့ရသင့်သော်လည်း အရူပဈာန်အားဖြင့် ရသင့်သော

ဝေါကာရဘုံ၌သာလျှင်) အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်၏ ရှိသည်၏အဖြစ်ကြောင့်တည်း။ ပန၊ ဗျတိရိက်ကိုဆိုအံ့။ စတုဝေါကာရဘဝေ၊ ၌။ ပဉ္စမဇ္ဈာနာဒီနံ၊ တို့၏။ ဥပ္ပတ္တိ၊ သည်၊ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုသို့ ပဉ္စမဇျာန်စသည်တို့၏ ဖြစ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်။ တတ္ထ၊ ထိုစတုဝေါကာရဘုံ၌။ သမာပဇ္ဇိတုံ၊ နိရောဓသမာပတ်ကို ဝင်စားခြင်းငှါ။ န သက္ကာ၊ ကောင်း။ ဣတိ၊ ၏။ ကေစိ ပန၊ တို့သည်ကား။ ဝတ္ထုဿ၊ ဟဒယဝတ္ထု၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ (တနည်း) ဝတ္ထုဿ၊ ကရဇကာယ ဟုဆိုအပ်သော ဝတ္ထု၏။ အဘာဝါ၊ ကြောင့်။ တတ္ထ၊ ၌။ သမာပဇ္ဇိတုံ၊ ငှါ။ န သက္ကာ၊ ကောင်း။ ဣတိ ဝဒန္တိ၊ ကုန်၏[၁]။

၈၇၂။ ကသ္မာ သမာပဇ္ဇန္တီတိ၊ ကား။ သင်္ခါရာနံ၊ သင်္ခတတရားတို့၏။ ပဝတ္တိဘေဒေ၊ ခဏခဏ ဖြစ်ခြင်း ပျက်ခြင်း၌။ (တနည်း) သင်္ခါရာနံ၊ သင်္ခတတရားတို့၏။ ပဝတ္တိဘေဒေ၊ ကုသိုလ်စသော အပြားတို့ဖြင့် ပြား၍

---

သမာပတ်ကိုကား တစိတ်မျှ၏အဖြစ်ကြောင့် အနုပုဗ္ဗသမာပတ်ဟူ၍ မဆိုလေကာ်။ ထို စကားသင့်၏၊ ရှစ်ပါးသော သမာပတ်၏ အစွမ်းဖြင့်သာလျှင် အနုပုဗ္ဗသမာပတ်ဟူ၍ ဆို အပ်သတည်း။ ဤသို့သောအနက်ကိုပြခြင်းငှါ စတုဝေါကာရဘဝေ ပန ပဉ္စမဇ္ဈာနာ-ဒီနံ ဥပ္ပတ္တိ-မိန့်သော်။ (ပြည်)

၁-ဋီကာဆရာ မိမိဆိုသော နောက်အနက်ကို မြဲစေလို၍ ယဒိ ဟိ အာရုပ္ပေ နိရောဓံ သမာပဇ္ဇေယျ၊ စိတ္တစေတသိကာနံ အညဿ စ ကဿစိ အဘာဝတော အပညတ္တိကော ဝ ဘဝေယျ။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတသဒိသော။ ကိဥ္စာယံ ဥပါဒါယ နိရောဓံ သမာပန္နောတိ ဝုစ္စေယျ-မိန့်သော်။ ဝတ္ထုဿ အဘာဝါ-ဟူသော ကေစိစကားကို မနှစ်သက်သည်ဖြစ်၍ ပယ်လိုရကား ကိံ ဝါ တေသံ ဝတ္ထုစိန္တာယ အင်္ဂဝေကလ္လတော ဝ နတ္ထိ အာရုပ္ပေ နိရောဓသမာပတ္တိသမာပဇ္ဇနံ- မိန့်သော်၊ ဋီကာ။ ဟိ-သစ္စံ၊ ၏။ အာရုပ္ပေ၊ ၌။ နိရောဓံ၊ ကို။ ယဒိ သမာပဇ္ဇေယျ၊ အကယ်၍ဝင်စားငြားအံ့။ စိတ္တစေသိကာနံ၊ တရား တို့၏ရင်း။ အညဿ၊ စိတ်စေတသိက်မှတပါးသော။ ကဿစိ စ၊ တစုံတခုသော တရား၏ ရင်း။ အဘာဝတော၊ ကြောင့်။ အပညတ္တိကော၊ အသူသည် သမာပတ်ကို ဝင်စား၏ ဟု ပညတ်စရာမရှိသည်သာလျှင်။ ဘဝေယျ၊ ရာ၏။ အနုပါဒိသေသာယ၊ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗုတသဒိသော၊ ပရိနိဗ္ဗာန် ပြုသည်နှင့်တူသည်။ ဟောတိ၊ ၏။ ကိဥ္စ၊ အဘယ်ကိုလျှင်။ ဥပါဒါယ၊ စွဲ၍။ အယံ၊ ဤ သူသည်။ နိရောဓံ၊ ကို။ သမာပန္နော၊ ဝင်စား၏။ ဣတိ၊ သို့။ ဝုစ္စေယျ၊ ဆိုရအံ့နည်း။ ဝါ၊ ကား။ တေသံ ဝတ္ထုစိန္တာယ၊ ထိုဝတ္ထုကို ကြံသဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ အင်္ဂဝေကလ္လတော ဝ၊ အကြောင်းချို့တဲ့သည်၏ အဖြစ်ကြောင့်သာလျှင်။ အာရုပ္ပေ၊ ၌။ နိရောဓသမာပတ္တိသမာပဇ္ဇနံ၊ နိရောဓသမာပတ်ကို ဝင်စားခြင်းသည်။ နတ္ထိ၊ မရှိ။ ရင်း အနက်။ (ပြည်)

ယထာရဟ သုံးပါးသော ဒုက္ခတာတို့ဖြင့် နှိပ်စက်အပ်သော ဖြစ်ခြင်းအကွဲ အပြား၌။ ဥက္ကဏ္ဍိတ္វာ၊ ငြီးငွေ့၍[၁] ။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မြင်လောက ပစ္စက္ခ အတ္တဘော၌သာလျှင်။ အစိတ္တကာ၊ စိတ်စေတသိက်မရှိကုန်သည်။ ဟုတ္វာ၊ ၍။ နိရောဓံ၊ သညာ ဝေဒနာတို့၏ချုပ်ရာဖြစ်သော။ နိဗ္ဗာနံ၊ အနုပါဒိ-သေသနိဗ္ဗာနဓာတ်သို့။ ပတ္တာ၊ ရောက်သကဲ့သို့။ သုခံ၊ ဆင်းရဲကင်းသည် ဖြစ်၍။ ဝိဟရိဿာမ၊ နေကုန်အံ့။ ဣတိ၊ ဤသို့နှလုံးသွင်းသောကြောင့်။ သမာပဇ္ဇန္တိ၊ ကုန်၏။

၈၄၃။ ကထဉ္စဿ သမာပဇ္ဇနံ ဟောတီတိ၊ ကား။ သမထဝိပဿနာ-ဝသေန၊ (ထမ်းပိုး၌ ယှဉ်းစုံဖွဲ့အပ်သော နွားတို့ကဲ့သို့ အစုံဖွဲ့အပ် ကုန်သည်ဖြစ်၍ အချင်းချင်း ကျေးဇူးပြုသောအားဖြင့် တကွ ဖြစ်ကုန် သော) သမထ ဝိပဿနာတို့၏ အစွမ်းဖြင့်။ ဥဿက္ကိတ္វာ၊ အလွန်အကဲသို့ ရောက်၍ နေဝသညာနာသညာယတနစျာန်တိုင်အောင်ငင်း အနုလောမ ဉာဏ်တိုင်အောင်ငင်း မဆုတ်မနစ်အားထုတ်၍။ ကတပုဗ္ဗကိစ္စဿ၊ ပြုအပ် ပြီးသောပုဗ္ဗကိစ္စရှိသည်ဖြစ်၍။ နေဝသညာနာသညာယတနံ၊ နေဝသညာ-နာသညာယတနသမာပတ်ကို။ (သမာပဇ္ဇိတ္វာ၊ ဝင်စားပြီး၍။) နိရောဓ-ယတော၊ ထိုနေဝသညာနာသညာယတနသမာပတ်ကို ချုပ်စေသော ပုဂ္ဂိုလ်၏။ ဧဝံ-ဣမိနာ အနုပုဗ္ဗနေန၊ ဤသို့တစုံတခုမျှလည်းဖြစ်သော တပါးပါးသော စိတ်စေတသိက်တို့ကိုမဖြစ်စေသဖြင့်။ အဿ၊ ထိုနိရောဓ သမာပတ်ကို။ သမာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ဟိ၊ ချဲ့အံ့။ ယော-ပုဂ္ဂလော၊ သည်။ သမထဝသေနေဝ၊ သမထ၏အစွမ်းဖြင့်သာလျှင်။ ဥဿက္ကတိ၊ အားထုတ်အံ့။ သော-ပုဂ္ဂလော၊ သည်။ နေဝသညာနာသညာ-ယတနသမာပတ္တိံ၊ သို့။ ပတ္វာ၊ ၍။ တိဋ္ဌတိ၊ တည်၏, တန့်၏။ (တဒုဒ္ဓံ၊ နေဝသညာနာသညာယတနအထက်၌။ သုဒ္ဓသမထဝိပဿနာယ၊ သက်သက် သော သမထဝိပဿနာ၏[၂]။ အဘာဝတော၊ ကြောင့်တည်း။) ပန၊

---

၁-ရုပ်တရားတို့၌လည်း သခါရဒုက္ခတာကို ရကောင်းသည်မဟုတ်သောကြောင့် စိတ္တ-စေတသိကဝိဂမေဟိ ရူပဓမ္မေသု လဗ္ဘမာနာပိ သခါရဒုက္ခတာ အဗ္ဗောဟာရိကတံ အာပဇ္ဇတိ။ ဋီကာ။ (ပြည်)

၂-သီမူဋီကာ၌ သုဒ္ဓသမထဘာဝနာယ-ဟု ရှိ၏၊ သက်သက်သော သမထဘာဝနာ၏-ဟု အနက်ပေး၊ ထိုပါဌ်သာ ယုတ္တတရဖြစ်သည်။ (ဆ-သံ-သော)

ထိုမှတပါး။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဝိပဿနာ၀သေနေ၀၊ ဖြင့်သာလျှင်။ ဥဿက္ကတိ၊ လုံ့လပြုအံ့။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဖလသမာပတ္တိံ၊ သို့။ ပတွာ၊ ၍။ တိဋ္ဌတိ၊ တန့်၏။ ပန၊ ပါး။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဥဘယ၀သေနေ၀၊ သမထဝိပဿနာနှစ်ပါး၏ အစွမ်းဖြင့်သာလျှင်။ ဥဿက္ကိတွာ၊ လုံ့လပြု၍။ ပုဗ္ဗကိစ္စံ၊ မဝင်စားမီရှေးအဖို့၌ ပြုအပ်သော ပုဗ္ဗကိစ္စကို။ ကတွာ၊ ၍။ နေဝသညာနာသညာယတနံ၊ ဈာန်ကို။ နိရောဓေတိ၊ ချုပ်စေအံ့။ သော၊ ထိုဥဘယအားဖြင့်ကျင့်သောပုဂ္ဂိုလ်သည်။ တံ၊ ထိုနိရောဓသမာပတ်ကို။ သမာပဇ္ဇတိ၊ နိုင်၏။ ဣတိ-အယံ၊ ကား။ ဧတ္ထ၊ ဤ ကထာ၌သာ သမာပဇ္ဇနံ-ဟူသောပုဒ်၌။ သင်္ခေပေါ၊ တည်း။

၈၇၄။ အယံ ပန၊ ဤဆိုလတံ့သည်ကား။ ဝိတ္ထာရော၊ တည်း။ ဣဓ၊ ဤသာသနာတော်၌။ နိရောဓံ၊ ကို။ သမာပဇ္ဇိတုကာမော၊ ဝင်စားလိုသော။ ဘိက္ခု၊ သည်။ ကတဘတ္တကိစ္စော၊ ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စရှိသည်ဖြစ်၍။ သုဓောတဟတ္ထပါဒေါ၊ ကောင်းစွာဆေးကြောသုတ်သင်အပ်ပြီးသော လက်ခြေရှိသည်ဖြစ်၍။ ဝိဝိတ္တေ၊ ဆိတ်ငြိမ်သော။ ဩကာသေ၊ အရပ်၌။ သုပညတ္တမှိ၊ ကောင်းစွာခင်းအပ်ပြီးသော။ အာသနေ၊ နေရာ၌။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ခွေ၍။ ဥဇုံ၊ ဖြောင့်ဖြောင့်။ ကာယံ၊ အထက်ဖြစ်သောကိုယ်ကို။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ နိရောဓသမာပတ်သို့ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ၏။ သော ဘိက္ခု၊ ထိုနိရောဓသမာပတ်ကို ဝင်စားလိုသော ရဟန်းသည်။ ပဌမံ ဈာနံ၊ ကို။ သမာပဇ္ဇိတွာ၊ ၍။ ဝုဋ္ဌာယ၊ ပဌမဈာန်မှထလတ်၍။ တတ္ထ၊ ထိုပဌမဈာန်၌၊ ဝါ၊ ပဌမဈာန်စိတ္တုပ္ပါဒ်၌။ သင်္ခါရေ၊ တို့ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်ရင်း။ ဒုက္ခတော၊ အားဖြင့်ရင်း။ အနတ္တတော၊ ဖြင့်ရင်း။ ဝိပဿတိ၊ ရှု၏ ¹။

ပန၊ ဆက်။ သော ဝိပဿနာ၊ ဤဝိပဿနာသည်။ သင်္ခါရပရိဂ္ဂဏှနကဝိပဿနာ၊ သင်္ခါရတို့ကို သိမ်းဆည်းသောဝိပဿနာရင်း။ ဖလသမာပတ္တိဝိပဿနာ၊ ဖလသမာပတ်ကိုဆောင်တတ်သောဝိပဿနာရင်း။ နိရောဓ-

---

၁-ဝိပဿတိ-ဟူ၍ဆို၏၊ ဤ၌အဘယ်သို့သော ဝိပဿနာကို အလိုရှိအပ်သနည်း?ဟု စုံဒ်ရှိရကား ထိုလိုအပ်သော ဝိပဿနာကိုထုတ်ပြခြင်းငှါ ဝိပဿနာ ပနေသာ-စသည်ဖြင့် အလုံးစုံသာလျှင်ဖြစ်သော ဝိပဿနာကို ခွဲဝေ၍ပြ၏။ (ပြည်)

သမာပတ္တိဝိပဿနာ၊ နိရောဓသမာပတ်ကိုဆောင်တတ်သောဝိပဿနာရှင်း။ ဣတိ၊ သို့။ တိဝိဓာ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ သင်္ခါရပရိဂ္ဂဏှနကဝိပဿနာ၊ သည်။ မန္ဒာ ဝါ၊ နှံ့သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ တိက္ခာ ဝါ၊ ထက်သည်မူလည်း။ ဟောတု၊ စေ။ မဂ္ဂဿ၊ ၏။ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းသည်။ ဟောတိယေဝ၊ တည်း။ [၃၄၈] ဖလသမာပတ္တိဝိပဿနာ၊ သည်။ တိက္ခာဝ၊ ထက်သည်သာလျှင်။ ဝဋ္ဋတိ၊ သင့်၏။ (သင်္ခါရာရမ္မဏော၊ သင်္ခါရလျှင်အာရုံရှိသည်။ သတိပိ၊ သော်လည်း။ သဗ္ဗသင်္ခါရေဟိ၊ တို့မှ။ ဝိနိဝတ္တနာကာရေနေဝ၊ ဆုတ်နစ်ပြန်လည်သော အခြင်းအရာအားဖြင့်သာလျှင်။ ပဝတ္တနတော စ၊ ဖြစ်ခြင်းကြောင့်ရှင်း။ မဂ္ဂေါ ဝိယ၊ ကဲ့သို့။ ဝိသင်္ခါရဂတဿ၊ နိဗ္ဗာန်ဟူသောအာရုံ၌ဖြစ်သော။ ဖလဿ၊ ၏။ ပစ္စယဘာဝတော၊ အကြောင်း၏အဖြစ်ကြောင့်တည်း။) မဂ္ဂဘာဝနာသဒိသာ၊ မဂ်ကိုပွါးစေခြင်းနှင့်တူသည်။ ဟောတိ၊ ၏။ ပန၊ ပါး။ နိရောဓသမာပတ္တိဝိပဿနာ၊ သည်။ နာတိမန္ဒနာတိ-တိက္ခာ၊ မနှံ့လွန်းမထက်လွန်းမူကား။ ဝဋ္ဋတိ၊ သင့်၏။ တသ္မာ၊ ကြောင့်။ သေ-ဧသော နိရောဓသမာပဇ္ဇနကော၊ ဤနိရောဓသမာပတ်ကို ဝင်စားသော ရဟန်းသည်။ နာတိမန္ဒာယ၊ မနှံ့လွန်းသော။ နာတိတိက္ခာယ၊ မထက်လွန်းသော။ ဝိပဿနာယ၊ ဝိပဿနာဖြင့်။ တေ သင်္ခါရေ၊ ထိုပဉ္စမ ဈာန် သင်္ခါရတို့ကို။ ဝိပဿတိ၊ ၏။

တတော၊ ထိုနောင်မှ။ ဒုတိယံ ဈာနံ၊ ကို။ သမာပဇ္ဇိတွာ၊ ၍။ ဝုဋ္ဌာယ၊ ဒုတိယဈာန်မှထ၍။ တတ္ထ၊ ထိုဒုတိယဈာန်စိတ္တုပ္ပါဒ်၌။ သင်္ခါရေ၊ တို့ကို။ တထေဝ-နာတိမန္ဒာယ နာတိတိက္ခာယ ဝိပဿနာယ၊ ထိုအတူ နာတိမန္ဒနာတိတိက္ခဝိပဿနာဖြင့်သာလျှင်။ ဝိပဿတိ၊ ၏။ တတော၊ ထိုနောင်မှ၊ တတိယံ ဈာနံ၊ ကို။ပ။ တတော၊ မှ။ ဝိညာဏဉ္စာယတနံ၊ ကို။ သမာပဇ္ဇိတွာ၊ ၍။ ဝုဋ္ဌာယ၊ ဝိညာဏဉ္စာယတနဈာန်မှထ၍။ တတ္ထ၊ ထို ဝိညာဏဉ္စာယတန စိတ္တုပ္ပါဒ်၌။ သင်္ခါရေ၊ တို့ကို။ တထေဝ၊ ဖြင့်သာလျှင်။ ဝိပဿတိ၊ ၏။ အထ၊ ထိုဝိညာဏဉ္စာယတနသင်္ခါရကို ရှုသည်၏ အခြားမဲ့၌။ အာကိဉ္စညာယတနံ၊ ဈာန်ကို။ သမာပဇ္ဇိတွာ၊ ၍။ ဝုဋ္ဌာယ၊ အာကိဉ္စညာယတနဈာန်မှထ၍။ နာနာဗဒ္ဓအဝိကောပနံ၊ အသီးအသီးဖြစ်၍ မိမိကိုယ်နှင့်မစပ်သော ပရိက္ခရာ၏မပျက်စီးခြင်းကို မိဋ္ဌာန်

ခြင်းရှင်း။ သံဃပတိမာနနံ၊ သံဃာတော်၏ ငုံ့လင့် မြှော်လင့်ခြင်းကို ဆင်ခြင်ခြင်းရှင်း။ သတ္ထုပက္ကောသနံ၊ သဗ္ဗညုဘုရားမြတ်စွာ၏ ခေါ်တော်မူခြင်းကို ဆင်ခြင်ခြင်းရှင်း။ အဒ္ဓါနပရိစ္ဆေဒံ၊ ဇီဝိတိန္ဒြေ၏ အဝန့် အပိုင်းအခြားကို ဆင်ခြင်ခြင်းရှင်း။ ဣတိ၊ သို့။ စတုဗ္ဗိဓံ၊ သော။ ပုဗ္ဗကိစ္စံ၊ ကို။ ကရောတိ၊ ပြု၏။

၈၃၅။ တတ္ထ၊ ထိုလေးပါးတို့တွင်။ နာနာဗဒ္ဓအဝိကောပနန္တိ၊ ကား။ ယံ၊ အကြင်ပရိက္ခရာသည်။ ဣမိနာ ဘိက္ခုနာ၊ ဤနိရောဓသမာပတ်ကို ဝင်စားသောရဟန်းနှင့်။ သဒ္ဓိံ၊ ကွ။ ဧကာဗဒ္ဓံ၊ တစပ်တည်းစပ်သည်။ န ဟောတိ၊ မဖြစ်။ နာနာဗဒ္ဓံ၊ အထူးထူးသော တည်ရာနှင့်စပ်သည်။ ဟုတ္វာ၊ ၍။ ဌိတံ၊ တည်သော။ ပတ္တစီဝရံ ဝါ၊ သပိတ်သင်္ကန်းမူလည်း ဖြစ်သော။ မဉ္စပီဌံ ဝါ၊ ညောင်စောင်းအင်းပျဉ်မူလည်း ဖြစ်သော။ နိဝါသဂေဟံ ဝါ၊ နေရာကျောင်းမူလည်း ဖြစ်သော။ အညံ ဝါ ပန၊ ဆိုအပ်ပြီးသည်မှ တပါးလည်းဖြစ်သော။ ကိဉ္စိ ပရိက္ခာရဇာတံ၊ တစုံတခုသော ပရိက္ခရာမျိုးသည်။ အတ္ထိ၊ ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောပရိက္ခရာသည်၊ ယထာ၊ အကြင်အခြင်းဖြင့်။ အဓိဋ္ဌိတေ၊ မိဋ္ဌာန်သည်ရှိသော်။ န ဝိကုပ္ပတိ၊ မပျက်စီး။ အဂ္ဂိဥဒကဝါတစောရဥန္ဒူရာဒီနံ ဝသေန၊ မီး, ရေ, လေ, ခိုးသူ, ကြွက်အစရှိသည်တို့၏ အစွမ်းဖြင့်။ န ဝိနဿတိ၊ မပျက်စီး။ ဧဝံ-တထာ၊ ထိုအခြင်းဖြင့်။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်အပ်၏။ ဝါ၊ အဓိဋ္ဌာတဗ္ဗံ-စိတ္တံ ဥပ္ပါဒေတဗ္ဗံ၊ စိတ်ကိုဖြစ်စေအပ်၏။ (တထာ စိတ္တုပ္ပါဒမေဝ ဟေတ္ထ အဓိဋ္ဌာနံ)

တတြ၊ ထိုပုဗ္ဗကိစ္စ၌။ ဣဒံ၊ ဤဆိုလတ့ံသည်ကား။ အဓိဋ္ဌာနဝိဓာနံ၊ စိတ်ကိုဖြစ်စေရာသော အစီအရင်တည်း။ ဣဒဉ္စ ဣဒဉ္စ၊ ဤမည်သော ဤမည်သော ပရိက္ခရာကို။ ဣမသ္မိံ သတ္တာဟဗ္ဘန္တရေ၊ ဤခုနစ်ရက်အတွင်း၌။ အဂ္ဂိနာ၊ မီးသည်။ မာ ဈာယတု၊ မလောင်အပ်စေသတည်း။ ဥဒကေန၊ ရေသည်။ မာ ဝုယှတု၊ မမျောအပ်သည် ဖြစ်စေသတည်း။ ဝါတေန၊ လေသည်။ မာ ဝိဒ္ဓံသတု၊ မဖျက်ဆီးအပ်သည် ဖြစ်ပါစေသတည်း။ စောရေဟိ၊ ခိုးသူတို့သည်။ မာ ဟရိယတု၊ မဆောင်အပ်သည် ဖြစ်ပါစေသတည်း။ ဥန္ဒူရာဒီဟိ၊ ကြွက် ပိုးဟပ် စသည်တို့သည်။ မာ ခဇ္ဇတု၊ မခဲအပ်သည် ဖြစ်စေသတည်း။ ဣတိ-ဣဒံ၊ ဤသည်ကား။ အဓိဋ္ဌာနဝိဓာနံ၊

တည်း။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ အမိဋ္ဌတော၊ စိတ်ကိုဖြစ်စေသည် ရှိသော်။ တံ သတ္တာဟံ၊ ထိုခုနစ်ရက်ပတ်လုံး။ တဿ၊ ထိုပရိက္ခရာ အပေါင်း၏၊ ဝါ၊ ထိုရဟန်း၏။ ကောစိ၊ တစုံတခုသော။ ပရိဿယော၊ ဘေးရန်သည်။ န ဟောတိ၊ ဖြစ်။

အနမိဋ္ဌဟတော ပန၊ စိတ်ကို မဖြစ်စေသော ရဟန်း၏ကား။ (ပရိက္ခာရံ၊ သည်။)အဂ္ဂိအာဒီဟိ၊ မီးစသည်တို့ဖြင့်။ ဝိနဿတိ၊ ၏။ ကိမိဝ၊ ကား။ မဟာနာဂတ္ထေရဿ၊ မဟာနာဂထေရ်၏။ ပရိက္ခာရံ ဝိယ၊ ပရိက္ခရာကဲ့သို့တည်း။ ထေရော၊ မဟာနာဂထေရ်သည်။ မာတုဥပါသိ-ကာယ၊ မယ်တော် ဥပါသိကာမ၏။ ဂါမံ၊ သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိ ကိရ၊ ဝင်တော်မူသတတ်။ ဥပါသိကာ၊ သည်။ ယာဂုံ၊ ကို။ ဒတွာ၊ လှူ၍။ အာသနသာလာယ၊ ဆွမ်းစားစရပ်၌။ နိသီဒါပေသိ၊ ဆွမ်းကို ငံ့လင့်လျက် သီတင်းသုံးစေ၏။ ထေရော၊ သည်။ နိရောဓံ၊ နိရောဓသမာ ပတ်ကို။ သမာပဇ္ဇိတွာ၊ ၍။ နိသီဒိ၊ ၏။ တသ္မိံ၊ ထိုမဟာနာဂမထေရ် သည်။ နိသိန္နေ၊ သော်။ အာသနသာလာယ၊ ဆွမ်းစားစရပ်ကို။ အဂ္ဂိနာ၊ သည်။ ဂဟိတာယ၊ စွဲအပ်လတ်သော်။ သေသဘိက္ခူ၊ ကြွင်းသောရဟန်း တို့သည်။ အတ္တနော အတ္တနော၊ ၏။ နိသိန္နာသနံ၊ နေသောနေရာကို။ ဂဟေတွာ၊ ၍။ ပလာယိံသု၊ ပြေးကုန်၏။ ဂါမဝါသိကာ၊ ရွာသူရွာသား အပေါင်းတို့သည်။ သန္နိပတိတွာ၊ ဖြဖြတက်မျစည်းဝေးကြကုန်၍။ ထေရံ၊ ထေရ်ကို။ ဒိသွာ၊ မြင်၍။ အလသသမဏောတိ၊ ရဟန်းပျင်းရဟန်းပျင်း ဟူ၍။ အာဟံသု၊ ဆိုကုန်၏။ အဂ္ဂိ၊ မီးသည်။ တိဏဝေဏုကဋ္ဌာနိ၊ သက်ငယ်ဝါးသစ်သားတို့ကို။ ဈာပေတွာ၊ ကျွမ်းစေ၍။ ထေရံ၊ မဟာ ထေရ်ကို။ ပရိက္ခိပိတွာ၊ ခြံပွတ်ကဲ့သို့ရံ၍။ အဋ္ဌာသိ၊ တည်၏။ မနုဿာ၊ တို့သည်။ ဃဋေဟိ၊ အိုးတို့ဖြင့်။ ဥဒကံ၊ ကို။ အာဟရိတွာ၊ ဆောင်၍။ နိဗ္ဗာပေတွာ၊ ငြိမ်းစေ၍။ ဆာရိကံ၊ ပြာမီးသွေးအပေါင်းကို။ အပနေတွာ၊ ဖယ်၍။ ပရိဘဏ္ဍံ၊ နွားချေးစိုလိမ်းကျံသည်ကို။ ကတွာ၊ ၍။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ဝိကိရိတွာ၊ ကြဲ၍။ နမဿမာနာ၊ ရှိခိုးကုန်လျက်။ အဋ္ဌံသု၊ တည်ကုန်၏။ ထေရော၊ သည်။ ပရိစ္ဆိန္နကာလဝသေန၊ ပိုင်းခြားအပ်သော ကာလ၏အစွမ်းဖြင့်။ ဝုဋ္ဌာယ၊ ၍။ တေ မနုဿေ၊ ထိုရှိခိုးပူဇော်ကြသော လူတို့ကို။ ဒိသွာ၊ ၍။ ပါကဋ္ဌော၊ ထင်ရှားသည်။ ဇာတော အမှိ၊ ဖြစ်ပြီ

တကား။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ဝေဟာသံ၊ ကောင်းကင်သို့။ ဥပ္ပတိတွာ၊ ပျံတက်၍။ ပိယင်္ဂုဒီပံ၊ ပိယင်္ဂုကျွန်းသို့။ အဂမာသိ၊ ကြွတော်မူလေ၏။ ဣဒံ၊ ဤမိဋ္ဌာန်ခြင်းသည်။ နာနာဗဒ္ဓအဝိကောပနံ နာမ၊ အသီးအသီးသောအရပ်၌ဖြစ်၍ ကိုယ်နှင့်မစပ်သော ပရိက္ခရာ၏ မပျက်စီးခြင်းကို မိဋ္ဌာန်ခြင်းမည်၏။

ယံ နိဝါသနပါဝုရဏံ ဝါ၊ အကြင်သင်းပိုင် ကိုယ်ဝတ်သည်ဂုဏ်း။ ယံ နိသိန္နာသနံ ဝါ၊ အကြင်ထိုင်သောနေရာသည်ဂုဏ်း။ ကာယပဋိဗဒ္ဓံ၊ မိမိကိုယ်နှင့်စပ်သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုမိမိကိုယ်နှင့်စပ်သောပရိက္ခရာ၌။ ဝိသုံ အဓိဋ္ဌာနကိစ္စံ၊ စိတ်ကိုအသီးဖြစ်စေခြင်းကိစ္စသည်။ နတ္ထိ၊ မရှိ။ သမာပတ္တိဝသေနေဝ၊ နိရောဓသမာပတ်၏အစွမ်းဖြင့်သာလျှင်။ နံ၊ ထိုမီးအစရှိသောအန္တရာယ်ကို။ ရက္ခတိ၊ စောင့်၏။ ကိမိဝ၊ ကား။ အာယသ္မတော သက်တော်ရှည်သော။ သဉ္ဇီဝဿ၊ သဉ္ဇီဝမထေရ်အား။ ရက္ခတိ ဝိယ၊ စောင့်သကဲ့သို့တည်း။ [၃၄၉] စ-သစ္စံ၊ မှန်၏။ အာယသ္မတော သဉ္ဇီဝဿ သမာဓိဝိပ္ဖါရာ ဣဒ္ဓိ၊ အာယသ္မတော သာရိပုတ္တဿ သမာဓိဝိပ္ဖါရာ ဣဒ္ဓိတိ၊ ဟူ၍။ တေ-ဝစနံ၊ ကို။ ဝုတ္တမ္ပိ၊ ဆိုအပ်ပြီးသည်သာလျှင်တည်း။

၇၄၆။ သံဃပဋိမာနနန္တိ၊ ကား။ သံဃဿ၊ သံဃာတော်၏။ ပဋိမာနနံ-ဥဒိက္ခနံ၊ မြှော်လင့်ခြင်းတည်း။ ယာဝ၊ အကြင်မျှလောက်။ ဧသော ဘိက္ခု၊ ဤသမာပတ်ဝင်စားသောရဟန်းသည်။ အာဂစ္ဆတိ၊ လာ၏။ တာဝ၊ ထိုမျှလောက်။ သံဃကမ္မဿ၊ သံဃကံကို။ အကရဏံ၊ မပြုလင့်ခြင်းတည်း။ ဣတိ အတ္ထော၊ ဤကားအနက်။ စ၊ ဆက်၍ဆိုအံ့။ တွေ၊ ဤပုဗ္ဗကိစ္စလေးပါးတွင်။ ပဋိမာနနံ၊ သံဃာတော်၏မြှော်လင့်ခြင်းသည်။ ဧတဿ၊ ထိုနိရောဓသမာပတ်ကို ဝင်စားသောရဟန်း၏၊ ဝါ၊ ဝင်စားခြင်း၏။ ပုဗ္ဗကိစ္စံ၊ သည်။ န၊ မဟုတ်။ ပန၊ အလျော်ကား။ ပဋိမာနနာဝဇ္ဇနံ၊ သံဃာတော်မြှော်လင့်အံ့သည်ကို ဆင်ခြင်ခြင်းသည်။ ပုဗ္ဗကိစ္စံ၊ တည်း။ တသ္မာ၊ ကြောင့်။ ဧဝံ၊ ဤသို့ဆိုလတ့ံသောနည်းဖြင့်။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ မယိ၊ ငါသည်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ နိရောဓံ၊ နိရောဓသမာပတ်ကို။ သမာပဇ္ဇိတွာ၊ ၍။ နိသိန္နေ၊ နေသည်ရှိသော်။ သံဃော၊ သံဃာတော်သည်။ ဉတ္တိကမ္မာဒိသု၊ ဉတ္တိကံစသည်တို့တွင်။

ကိဥ္စိဒေဝ ကမ္မံ၊ တစုံတခုသောလျှင်ဖြစ်သောကံကို။ ကတ္တုကာမော၊ ပြုလိုသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်တုံအံ့။ ယာဝ၊ လောက်။ မံ၊ ကို။ ကောစိ ဘိက္ခု၊ တစုံတယောက်သောရဟန်းသည်။ အာဂန္တွာ၊ လာ၍။ န ပက္ကောသတိ၊ မခေါ်သေး။ တာဝဒေဝ၊ ထိုသို့မခေါ်မီသာလျှင်။ ဝုဋ္ဌဟိဿာမိ၊ ထအံ့။ ဣတိ၊ သို့။ အာဝဇ္ဇိတဗ္ဗံ၊ ၏။ ဟိ၊ အကျိုးကိုဆိုအံ့။ ဣတိ ကတွာ၊ ဤသို့ဆင်ခြင်ခြင်းကိုပြု၍။ သမာပန္နော၊ သမာပတ်ဝင်စားသော ရဟန်းသည်။ တသ္မိံ သမယေ၊ ထိုခေါ်အံ့ဟု လာသောရဟန်း၏ မိမိအနီးသို့ ကပ်သောအခါ၌။ ဝုဋ္ဌာတိယေဝ၊ သမာပတ်မှထသည်သာလျှင်တည်း။ (ကာလပရိစ္ဆေဒသဒိသံ ဟောတံ)

ယော ပန၊ အကြင်ရဟန်းသည်ကား။ ဧဝံ၊ ဤသို့စိတ်ကိုဖြစ်စေခြင်းကို။ န ကရောတိ၊ မပြု။ သံဃော စ၊ သံဃာတော်သည်လည်း။ သန္နိပတိတွာ၊ စည်းဝေး၍။ တံ ဘိက္ခုံ၊ ထိုသမာပတ်ဝင်စားသောရဟန်းကို။ အပဿန္တော၊ မမြင်သည်ဖြစ်၍။ အသုကော ဘိက္ခု၊ ဤမည်သောရဟန်းသည်။ ကုဟိံ၊ အဘယ်မှာနည်း။ ဣတိ၊ သို့။ ပုစ္ဆိ၊ ၏။ နိရောဓသမာပန္နောတိ၊ နိရောဓသမာပတ်ကိုဝင်စား၍ နေပါသည်ဟူ၍။ ဝုတ္တေ၊ တစုံတယောက်သောရဟန်း လျှောက်လတ်သော်။ သံဃော၊ သံဃာတော်သည်။ ကိဥ္စိ ဘိက္ခုံ၊ တစုံတယောက်သောရဟန်းကို။ ပေသေတိ၊ စေ၏။ ဂစ္ဆ၊ သွားချေ။ နံ ဘိက္ခုံ၊ ထိုရဟန်းကို။ သံဃဿ၊ သံဃာတော်၏။ ဝစနေန၊ စကားဖြင့်။ ပက္ကောသာဟိ၊ ခေါ်ချေလော့။ ဣတိ၊ သို့။ ပေသေတိ၊ ၏။ အထ၊ ထိုသို့စေလတ်သော်။ တေန ဘိက္ခုနာ၊ ထိုတမန်ရဟန်းသည်။ အဿ၊ ထိုနိရောဓသမာပတ်ဝင်စားသော ရဟန်း၏။ သဝနူပစာရေ၊ ကြားလောက်သောအရပ်၌။ ဌတွာ၊ ရပ်၍။ အာဝုသော၊ ငါ့ရှင်။ သံဃော၊ သံဃာတော်သည်။ တံ၊ ငါ့ရှင်ကို။ ပဋိမာနေတိ၊ မြှော်လင့်၏။ ဣတိ၊ သို့။ ဝုတ္တမတ္တေဝ၊ ဆိုကာမျှ၌သာလျှင်။ ဝုဋ္ဌာနံ၊ သမာပတ်မှထခြင်းသည်။ ဟောတိ၊ ၏။ (အဂ္ဂိအာဒီဟိပိ၊ မီးအစရှိသော ဘေးရန်တို့သည်လည်း။ အနဘိဘဝနီယံ၊ မနှိပ်နင်း မလွှမ်းမိုးနိုင်သော နိရောဓသမာပတ်ဝင်စားသောရဟန်းကို။ သမာပတ္တိတော၊ မှ။ ဝုဋ္ဌာပနႛတော၊ ထစေနိုင်သည်၏အဖြစ်ကြောင့်။) သံဃဿ အာဏာ နာမ၊ သံဃာတော်၏အာဏာသည်။ ဧဝံဂရုကာ ဟိ၊ ဤမျှလောက်ပင် ဝန်လေးသည်

သာတည်း။ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုသင်္ဃာတော် မြှော်လင့်အပ်
သည်ကို။ အာဝဇ္ဇိတွာ၊ ၍။ ယထာ၊ အကြင်အခြင်းဖြင့်။ သယမေဝ၊
သင်္ဃာတော်မခေါ်ရပဲ မိမိအလိုလိုသာလျှင်။ ဝုဋ္ဌာတိ၊ ၏။ ဧဝံ-တထာ၊
ဖြင့်။ သမာပဇ္ဇိတဗ္ဗံ၊ ၏။

၇၇၇။ သတ္ထုပက္ကောသနန္တိ၊ ကား။ ဣဓာပိ၊ ဤဘုရား ခေါ်တော်
မူရာ၌လည်း။ သတ္ထုပက္ကောသနာဝဇ္ဇနမေဝ၊ ဘုရားမြတ်စွာ ခေါ်တော်မူ
အပ်သည်ကို ဆင်ခြင်ခြင်းသည်သာလျှင်။ ဣမဿ၊ ဤသမာပတ် ဝင်စား
သော ရဟန်း၏။ ကိစ္စံ၊ ကိစ္စမည်၏။ တသ္မာ၊ ကြောင့်။ တမ္ပိ၊ ထိုဘုရား
ခေါ်တော်မူအပ်သည်ကိုလည်း။ ဧဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ အာဝဇ္ဇိ-
တဗ္ဗံ၊ ၏။ မယိ၊ သည်။ သတ္တာဟံ၊ လုံး။ နိရောဓံ၊ ကို။ သမာပဇ္ဇိတွာ၊
၍။ နိသိန္နေ၊ သော်။ သတ္ထာ၊ လူနတ်ဗြဟ္မာ ဆုံးမနာ၍ သတ္ထာမည်ရှိ
စောမုနိသည်။ ဝတ္ထုသ္မိံ၊ ဝတ္ထုသည်။ သြတိဏ္ဏေ၊ သံဃာဘောင်သို့
သက်သည်ရှိသော်။ (သြတိဏ္ဏဝတ္ထုသ္မိံ-ရှိမူ သံဃာဘောင်သို့သက်သော
ဝတ္ထုကြောင့်ပေး) သိက္ခာပဒံ ဝါ၊ သိက္ခာပုဒ်ကိုမူလည်း။ သစေ ပညပေတိ၊
အကယ်၍ပညတ်အံ့။ တထာရူပါယ၊ ထိုသို့သဘောရှိသော။ အဋ္ဌုပ္ပတ္တိယာ၊
အဋ္ဌုပ္ပတ္တိကြောင့်။ ဓမ္မံ ဝါ၊ တရားကိုမူလည်း။ သစေ ဒေသေတိ၊ အကယ်၍
ဟောအံ့။ ယာဝ၊ လောက်။ မံ၊ ကို။ ကောစိ၊ သည်။ အာဂန္တွာ၊ ၍။
အာဝုသော၊ ငါ့ရှင်။ တံ၊ ကို။ သတ္ထာ၊ ဘုရားမြတ်စွာသည်။ အာမန္တေတိ၊
ခေါ်၏။ ဣတိ၊ သို့။ န ပက္ကောသတိ၊ မခေါ်သေး။ တာဝဒေဝ၊ ထိုသို့
မခေါ်မီသာလျှင်။ ဝုဋ္ဌဟိဿာမိ၊ ထအံ့။ ဣတိ၊ သို့။ အာဝဇ္ဇိတဗ္ဗံ၊ ၏။
ဟိ၊ အကျိုးကိုဆိုအံ့။ ဧဝံ ကတွာ၊ ဤသို့ ဆင်ခြင်ခြင်းကိုပြု၍။ နိသိန္နော၊
နေသောရဟန်းသည်။ တသ္မိံ သမယေ၊ ထိုခေါ်အံ့ဟု လာသောရဟန်း၏
မိမိအနီးသို့ ကပ်သောအခါ၌။ ဝုဋ္ဌာတိယေဝ၊ သမာပတ်မှ ထသည်
သာလျှင်တည်း။

ယော ပန၊ အကြင်ရဟန်းသည်ကား။ ဧဝံ၊ ဤသို့စိတ်ကို ဖြစ်စေ
ခြင်းကို။ န ကရောတိ၊ မပြု။ သတ္ထာ စ၊ သည်လည်း။ သံဃေ၊ သင်္ဃာ
သည်။ သန္နိပတိတေ၊ စည်းဝေးသည်ရှိသော်။ တံ ဘိက္ခုံ၊ ထိုသမာပတ်
ဝင်စားသောရဟန်းကို။ အပဿန္တော၊ မမြင်သည်ဖြစ်၍။ အသုကော၊
သော၊ ဘိက္ခု၊ သည်။ ကုဟိံ၊ အဘယ်မှာနည်း။ ဣတိ၊ သို့။ (ပုစ္ဆိ၊ ၏။)

နိရောဓသမာပန္နောတိ၊ ဟူ၍။ ဝုတ္တော၊ သော်။ ကဉ္စိ ဘိက္ခုံ၊ ကို။ ပေသေတိ၊ ၏။ ဂစ္ဆ၊ သွားချေ။ မမ၊ ၏။ ဝစနေန၊ ဖြင့်။ ပက္ကောသ၊ ခေါ်ချေလော့။ ဣတိ၊ သို့။ ပေသေတိ၊ ၏။ အထ၊ ထိုသို့ စေလတ်သော်။ တေန ဘိက္ခုနာ၊ သည်။ အဿ၊ ထိုသမာပတ်ဝင်စားသော ရဟန်း၏။ သဝနူပစာရေ၊ ၌။ ဌတွာ၊ ၍။ သတ္ထာ၊ သည်။ အာယသ္မန္တံ၊ ငါ့ရှင်ကို။ အာမန္တေတိ၊ ခေါ်တော်မူ၏။ ဣတိ၊ သို့။ ဝုတ္တမတ္တေဝ၊ ၌လျှင်။ ဝုဋ္ဌာနံ၊ သည်။ ဟောတိ၊ ၏။ သတ္ထု၊ မြတ်စွာဘုရား၏။ ပက္ကောသနံ၊ ခေါ်တော်မူခြင်းသည်။ ဧဝံဂရုကံ ဟိ၊ ဤရွေ့လောက်ပင် ဝန်လေးသည်သာတည်း။ တသ္မာ၊ ကြောင့်။ တံ၊ ထိုဘုရားမြတ်စွာ ခေါ်တော်မူအံ့သည်ကို။ အာဝဇ္ဇိတွာ၊ ၍။ ယထာ၊ ဖြင့်။ သယမေဝ၊ ဘုရားမြတ်စွာ မခေါ်ရပဲ မိမိအလိုလိုသာလျှင်။ ဝုဋ္ဌာတိ၊ ၏။ ဧဝံ-တထာ၊ ဖြင့်။ သမာပဇ္ဇိတဗ္ဗံ၊ ၏။

၇၇၀။ အဒ္ဓါနပရိစ္ဆေဒေါတိ၊ ကား။ ဇီဝိတဒ္ဓါနဿ၊ မိမိ အသက်ရှင်အံ့သော ကာလ၏၊ ဝါ၊ မိမိဇီဝိတိန္ဒြေဖြစ်ရာ ကာလ၏။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားတည်း။ ဣမိနာ ဘိက္ခုနာ၊ ဤသမာပတ် ဝင်စားအံ့သော ရဟန်းသည်။ အဒ္ဓါနပရိစ္ဆေဒေသု၊ အသက်ရှင်ရာ ကာလအပိုင်းအခြားတို့၌။ သုကုသလေန၊ လိမ္မာသည်။ ဘဝိတဗ္ဗံ၊ ရာ၏။ အတ္တနော၊ ၏။ အာယုသင်္ခါရာ၊ အာယုသင်္ခါရတို့သည်[၁]။ [၃၅၀] သတ္တာဟံ၊ ခုနစ်ရက်တိုင်အောင်။ ပဝတ္တိဿန္တိ၊ ဖြစ်ကုန်လတ့်လော။ န ပဝတ္တိဿန္တိ၊ မဖြစ်ကုန်လတ့်လော။ ဣတိ၊ သို့။ အာဝဇ္ဇိတ္ဝာဝ၊ ဆင်ခြင်၍သာလျှင်။ သမာပဇ္ဇိ-တဗ္ဗံ၊ ဝင်စားအပ်၏။ ဟိ-ယသ္မာ၊ ကြောင့်။ သတ္တာဟဗ္ဘန္တရေ၊ ခုနစ်ရက်အတွင်း၌။ အာယုသင်္ခါရေ၊ သည်။ နိရုဇ္ဈနကေ၊ ချုပ်လတ့်သည်ရှိသော်[၂]။ အနာဝဇ္ဇိတ္ဝာဝ၊ မဆင်ခြင်မူ၍သာလျှင်။ သစေ သမာပဇ္ဇတိ၊ အကယ်၍ ဝင်စားအံ့။ အဿ-ဘိက္ခုနော၊ ထိုသမာပတ်ကို ဝင်စားသောရဟန်း၏။ မရဏံ၊ သေခြင်းကို။ နိရောဓသမာပတ္တိ၊ သည်။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ (စရိမဘာဝင်္ဂေန၊ အဆုံးဖြစ်သော

---

၁-အာယု ဝေ အာယုသင်္ခါရာ။ အာယု ဥသ္မာ ဝိညာဏာနီတိ စ ဝဒန္တိ၊ တေ စဿ ပကတိစိတ္တဿေဝ အာရမ္မဏံ ဟောန္တိ။

၂-နိရုဇ္ဈနကေ၊ ချုပ်လတ့်ကုန်သော။ အာယုသင်္ခါရေ၊ တို့ကို-ဤသို့အနက်ပေးလျှင် ရှေးနောက် ဝုစ်ညီသောကြောင့် သာ၍ကောင်းသည်။ (ဆ-သံ-သော)

ဘဝင်ဖြင့်။ မိယနတော၊ သေခြင်းကြောင့်။) အနန္တာနိရောဓေ၊ နိရောဓ သမာပတ်၏ အတွင်း၌။ မရဏဿ၊ ၏။ နတ္ထိတာယ၊ မရှိသည်၏ အဖြစ် ကြောင့်။ အန္တရာ၀၊ ခုနစ်ရက်အတွင်း၌သာလျှင်၊ ဝါ၊ မသေမီအကြား၌ သာလျှင်။ သမာပတ္တိတော၊ မှ။ ဝုဋ္ဌာတိ၊ ထရ၏။ တသ္မာ၊ ကြောင့်။ တေ၊ ထိုအာယုသင်္ခါရ၏ တည်လဘ့်သောအပိုင်းအခြားကို။ "(သဟသာ၀၊ အဆောတလျင်သာလျှင်။ မရဏံ၊ သည်။ မာ အဟောသိ၊ မဖြစ်ပါ စေလင့်။" ဣတိ၊ ဤသို့ နှလုံးပြု၍။) အာဝဇ္ဇိတွာ၀၊ လျှင်။ သမာပဇ္ဇိ- တဗ္ဗံ၊ ၏။ (အာဝဇ္ဇိတွာ၀-ဟု အ၀ဓာရဏ၏ အကျိုးကိုဖော်ခြင်းငှါ အဝသေသဥ္စ-စသည်ကိုမိန့်သော်)ဟိ၊ အ၀ဓာရဏ၏ အကျိုးကိုဖော်အံ့။ အဝသေသံ၊ ဤမှကြွင်းသော (နာနာဗဒ္ဓအဝိကောပနစသော သုံးပါး အပြား ရှိသည်လည်းဖြစ်သော)ပုဗ္ဗကိစ္စကို။ အနာဝဇ္ဇိတုမ္ပိ၊ မဆင်ခြင်ခြင်း ငှါလည်း။ ဝဋ္ဋတိ၊ သင့်သေး၏။ ဣဒံ ပန၊ ဤအဒ္ဓါနပရိစ္ဆေဒကိုကား။ အာဝဇ္ဇိတဗ္ဗမေ၀၊ မချွတ် ဆင်ခြင်သင့်သည်သာတည်း။ ဣတိ၊ သို့။ ဝုတ္တံ၊ အဋ္ဌကထာ၌ ဆိုအပ်၏။

၇၇၉။ သော-ဘိက္ခု၊ ထိုသမာပတ်ဝင်စားသောရဟန်းသည်။ ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အာကိဉ္စညာယတနံ၊ ဈာန်ကို။ သမာပဇ္ဇိတွာ၊ ၍။ ဝုဋ္ဌာယ၊ အာကိဉ္စညာယတနဈာန်မှထ၍။ ဣမံ ပုဗ္ဗကိစ္စံ၊ ကို။ ကတွာ၊ ၍။ နေဝသညာနာသညာယတနံ၊ ဈာန်ကို။ သမာပဇ္ဇတိ၊ ဝင်စား၏။ အထ-ပစ္ဆာ၊ ထိုနောင်မှ။ ဧကံ ဝါ၊ တကြိမ်သော စိတ္တဝါရကိုရင်း။ ဒွေ ဝါ စိတ္တဝါရေ၊ နှစ်ကြိမ်သောစိတ္တဝါရတို့ကိုရင်း။ အတိက္ကမိတွာ၊ ၍။ အစိတ္တ- ကော၊ စိတ်မရှိသည်။ ဟောတိ၊ ၏။ နိရောဓံ၊ စိတ်စေတသိက်တို့၏ ချုပ်ခြင်းသို့။ ဖုသတိ၊ ရောက်၏[1]။ ကသ္မာ ပန၊ ကြောင့်။ တဿ၊ ထိုရဟန်းအား။ ဒွိန္နံ စိတ္တာနံ၊ နှစ်ချက်သော စိတ်တို့၏။ ဥပရိ၊ ၌။ စိတ္တာနိ၊ တို့သည်။ နပဝတ္တန္တိ၊ မဖြစ်ကုန်သနည်း။ ဣတိ-အယံ၊ ကား။ (စောဒနာ၊ တည်း။) နိရောဓဿ၊ အနုပုဗ္ဗနိရောဓ၏၊ ဝါ၊ နိရောဓအကျိုးငှါ။ ပယော- ဂတ္တာ၊ ယှဉ်စေအပ်သော ပယောဂ၏အဖြစ်ကြောင့်။ နပဝတ္တန္တိ၊ မဖြစ်ကုန်။ ဟိ၊ ချဲ့အံ့။ ဣမဿ ဘိက္ခုနော၊ ၏။ ဒွေ၊ ကုန်သော။ သမထဝိပဿနာ-

---

၁-ကိဉ္စာပိ ဧကံ ဝါ ဒွေ ဝါတိ အနိယမေတွာ ဝိယ ဝုတ္တံ၊ ဒွေ ဝါရေ ဧဝ ပန နိယမတော ဝဒန္တိ။စိတ္တဝါရေတိ နေဝသညာနာသညာယတနစိတ္တဝါရေ။ ဋီကာ။ (ပြည်)

ဓမ္မေ၊ သမထဝိဿနာဓမ္မတို့ကို။ ယုဂနဒ္ဓေ၊ ထမ်းပိုး၌ ယှဉ်းစုံဖွဲ့အပ်သော နွားတို့ကဲ့သို့ အချင်းချင်းမလွန်စေပဲ အစုံဖွဲ့အပ်သည်တို့ကို။ ကတွာ၊ ၍။ ဣဒံ အဌသမာပတ္တိအာရောဟနံ၊ ဤရှစ်ပါးသော သမာပတ်သို့ တက်ခြင်း သည်။ အနုပုဗ္ဗနိရောဓဿ၊ (ပဌမစျာန် စသည်တို့၏ရင်း ထိုပဌမစျာန် စသည်တို့၌ ဖြစ်သောသခ်ါရတို့ကို ရှုသောအနုပဿနာတို့၏ရင်း) အစဉ် အားဖြင့် ချုပ်ခြင်း၏၊ ဝါ၊ ချုပ်ခြင်းငှါ။ ပယောဂေါ၊ ယှဉ်စေအပ်သော ပယောဂပေတည်း။ နေဝသညာနာသညာယတနသမာပတ္တိယာ၊ ကို။ (သမာပဇ္ဇနဿ၊ ဝင်စားခြင်း၏။) န ပယောဂေါ၊ ပယောဂမဟုတ်။ ဣတိ-တသ္မာ နိရောဓဿ ပယောဂတ္တာ၊ ထိုသို့အနုပုဗ္ဗနိရောဓ၏ ပယောဂ၏ အဖြစ်ကြောင့်။ ဒွိန္နံ စိတ္တာနံ၊ တို့၏။ ဥပရိ၊ ၌။ စိတ္တာနိ၊ တို့သည်။ န ပဝတ္တန္တိ၊ ကုန်။

ပန၊ ထိုသို့မဟုတ်။ ယော ဘိက္ခု၊ သည်။ အာကိဉ္စညာယတနတော၊ စျာန်မှ။ ဝုဋ္ဌာယ၊ ၍။ ဣဒံ ပုဗ္ဗကိစ္စံ၊ ဤလေးပါးသော ပုဗ္ဗကိစ္စကို။ အက-တွာ၊ ၍။ နေဝသညာနာသညာယတနံ၊ စျာန်ကို။ သမာပဇ္ဇတိ၊ ဝင်စား အံ့။ သော ဘိက္ခု၊ ထိုပုဗ္ဗကိစ္စကို မပြုသောရဟန်းသည်။ ပရတော၊ နေဝ-သညာနာသညာယတနစျာန်မှ နောက်၌။ (သကလံ ယထာပရိစ္ဆိန္နံ ကာလံ၊ အလုံးစုံပိုင်းခြားတိုင်းသော ကာလပတ်လုံး။) အစိတ္တကော၊ စိတ်မရှိသည်။ ဘဝိတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်[၁]။ ပဋိနိဝတ္တိတွာ၊ ပြန်လည်၍။ ပုန၊

---

၁-တဒ္ဓ ခေါ သံဃပဋိမာနနသတ္ထုပက္ကောသနအဒ္ဓါနပရိစ္ဆေဒါဝဇ္ဇနာနံ အကရဏေန။ န နာနာဗဒ္ဓအဝိကောပနဿ။ တဿ ဟိ အကရဏေန ကဒါစိ ကေဝလံ တာဒိသဿ ပရိက္ခာရဿ အဝိနာသော န သိယာ၊ န နိရောဓသမာပတ္တိဝိဗန္ဓော။ အယဋ္ဌ အတ္ထော မဟာ-နာဂတ္ထေရဝတ္ထုနာ ဝိဘာဝိတော ဧဝ။ ဧဝံ သန္တေ တီဟိ အာကာရေဟိ နိရောဓသမာပတ္တိ-ယာ ဝုဋ္ဌာနံ ဟောတီတိ အာပဇ္ဇတိ။ တသ္မာ တံ န သာရတော ပစ္စေတဗ္ဗံ။ ဋီကာ။ စ၊ ဆက်။ ခေါ၊ စင်စစ်။ တံ၊ ထိုသို့အစိတ္တကဖြစ်ခြင်းငှါ မစွမ်းနိုင်ခြင်းသည်။ သံဃပဋိမာနနသတ္ထု-ပက္ကောသနအဒ္ဓါနပရိစ္ဆေဒါဝဇ္ဇနာနံ၊ သင်္ဃာ၏ ငံ့လင့်ခြင်း, ဘုရားမြတ်စွာ၏ ခေါ်တော်မူ ခြင်း, ဇီဝိတိန္ဒြိယကာလအပိုင်းအခြားကို ဆင်ခြင်ခြင်းတို့ကို။ အကရဏေန၊ မပြုခြင်းကြောင့်။ ဟောတိ၊ ၏။ နာနာဗဒ္ဓအဝိကောပနဿ၊ နာနာဗဒ္ဓအဝိကောပနကို မိဋ္ဌာန်ခြင်းကို။ အကရဏေန၊ မပြုခြင်းကြောင့်။ န ဟောတိ၊ မဖြစ်။ ဟိ-သစ္စံ၊ ၏။ တဿ၊ ထိုနာနာဗဒ္ဓ-အဝိကောပနကို မိဋ္ဌာန်ခြင်းကို။ အကရဏေန၊ ကြောင့်။ ကဒါစိ၊ ရံခါ၊ ကေဝလံ၊ သက်သက်။ တာဒိသဿ၊ ထိုသို့သဘောရှိသော။ ပရိက္ခာရဿ၊ ပရိက္ခရာ၏။ အဝိနာသော၊ မပျက်စီးခြင်းသည်။ န သိယာ၊ မဖြစ်ရာ။ (ပျက်စီးရာ၏ဟူလိုသည်) နိရောဓသမာပတ္တိ-ဝိဗန္ဓော၊ နိရောဓသမာပတ်၏ ဘေးရန်သည်။ န သိယာ၊ မဖြစ်ရာ။ အယဋ္ဌ အတ္ထော၊

ဖန်။ အာကိဉ္စညာယတနေယေဝ၊ စျာန်၌သာလျှင်။ ပတိဋ္ဌာတိ၊ တည်၏ ^၁^။ စ၊ ဆက်၍ဆိုအံ့။ ဇတ္တေ၊ ပုဗ္ဗကိစ္စကိုမပြုပဲ သမာပတ်ကိုဝင်စားရာ၌။ မဂ္ဂံ၊ ခရီးသို့။ အဂတပုဗ္ဗပုရိသူပမာ၊ မသွားရောက်ဘူးသော ယောကျ်ားဥပမာကို။ ဝတ္တဗ္ဗာ၊ ဆိုအပ်၏။

---

ဤအနက်ကိုလည်း။ မဟာနာဂတ္ထေရဝတ္ထုနာ၊ ဖြင့်။ ဝိဘာဝိတော ဝေ၊ ပြအပ်ပြီးသည်သာလျှင်တည်း။ ဝေ ဣမသ္မိံ အတ္ထေ၊ ဤသို့သောအနက်သည်။ သန္တေ၊ ဖြစ်လတ်သော်။ တီဟိ အာကာရေဟိ၊ သုံးပါးသောအကြောင်းတို့ဖြင့်။ နိရောဓသမာပတ္တိယာ၊ မှ။ ဝုဋ္ဌာနံ၊ ထခြင်းသည်။ ဟောတိ၊ ၏။ ဣတိ အတ္ထော၊ ဤသို့သောအနက်သည်။ အာပဇ္ဇတိ၊ ဖြစ်ရာ၏။ တသ္မာ၊ ကြောင့်။ တံ ဝစနံ၊ ကို။ သာရတော၊ အနှစ်အားဖြင့်၊ ဝါ၊ အမြတ်အားဖြင့်၊ န ပစ္စေတဗ္ဗံ၊ မယုံကြည်အပ်။ ၎င်းနက်။ (ပြည်)

၁-ပဋ္ဌိနိဝတ္တိတွာ ပုန အာကိဉ္စညာယတနေယေဝ ပတိဋ္ဌာတီတိ ဣမိနာ သမာပတ္တိယာ ဝိဗန္ဓေ ဇာတေ ဝေ ဟောတီတိ ဒဿေတိ၊ အဝိဗန္ဓေနေဝ ပန ယထာပရိစ္ဆိန္နကာလဝီတိက္ကမနေ ဖလစိတ္တုပ္ပတ္တိယာ ဝုဋ္ဌာနံ ဟောတိ။ ဝေဠု ကတွာ ဂမ္ဘီရကန္ဒရေရုဠှတတ္တပါသာဏက္ကန္တ-ပုရိသနိဒဿနမ္ပိ သမတ္ထိတံ ဟောတီတိ ကေစိ ဝဒန္တိ။ အပရေ ပန ပုဗ္ဗကိစ္စဿ အကတတ္တာ နေဝသညာနာသညာယတနံ သမာပန္နမတ္တောဝ ပဋ္ဌိနိဝတ္တိတွာ အာကိဉ္စညာယတနေ ပတိဋ္ဌာတီတိ ဝုတ္တတ္တာ သံဃပဋိမာနနာဒိကေစ္စပုဗ္ဗကိစ္စာကရဏေ အင်္ဂဝေကလ္လတော နိရောဓ-သမာပတ္တိသမာပဇ္ဇနံ န ဣဇ္ဈတေဂါတိ ဝဒန္တိ။ ဝတ္တသဒိသံ ဟောတံ နိရောဓသမာပတ္တိယာ၊ ယဒိဒံ ပုဗ္ဗကိစ္စကရဏံ။ တသ္မာ တတ္ထ ယံ ဂရုတရံ၊ တဿ အကရဏံ သမာပဇ္ဇနံ ဝိဗန္ဓတီတိ အပရေ။ ဝီမံသိတွာ ဂဟေတဗ္ဗံ။ အာကိဉ္စညာယတနေ ပတိဋ္ဌာတီတိ စ ဣဒံ ပုန အာကိဉ္စညာ-ယတနဿ သမာပဇ္ဇိတဗ္ဗတ္တာ ဝုတ္တံ။ သမာပဇ္ဇိတွာ ဟိ ဝုဋ္ဌာယ ပုဗ္ဗကိစ္စဿ ကာတဗ္ဗတ္တာ။ ဋီကာ။ ပဋ္ဌိနိဝတ္တိတွာ။ပ။ ဋ္ဌာတီတိ ဣမိနာ၊ ဟူသောပါဌ်ဖြင့်။ သမာပတ္တိယာ၊ ၏။ ဝိဗန္ဓေ၊ တားဆီးတတ်သော ဘေးရန်သည်။ ဇာတေ၊ ဖြစ်လတ်သော်။ ဝေ၊ ဤသို့ပြန်လည်၍ တဖန် အာကိဉ္စညာယတနစျာန်၌တည်ပြန်သည်။ ဟောတိ၊ ၏။ ဣတိ ဣမံ အတ္ထံ၊ ကို။ ဒဿေတိ၊ ၏။ ပန၊ ပါး။ အဝိဗန္ဓေနေဝ၊ တားဆီးတတ်သောဘေးရန်မရှိသဖြင့်သာလျှင်။ ယထာ-ပရိစ္ဆိန္နကာလဝီတိက္ကမနေ၊ အကြင် အကြင်ပိုင်းခြားအပ်သောကာလကို လွန်သည်ရှိသော်။ ဖလစိတ္တုပ္ပတ္တိယာ၊ အနာဂါမိဖိုလ်အရဟတ္တဖိုလ်၏ ဖြစ်ခြင်းဖြင့်။ ဝုဋ္ဌာနံ၊ သည်။ ဟောတိ၊ ၏။ ဝေဠု ကတွာ-ဣမိနာ ကာရဏေန၊ ဤသို့သောအကြောင်းကြောင့်။ ဂမ္ဘီရကန္ဒရေ-ရုဠှတတ္တပါသာဏက္ကန္တပုရိသနိဒဿနမ္ပိ၊ နက်သောချောက်သို့သက်သော ပူသောကျောက်ဖျာကိုနင်းသော ယောကျ်ားဥပမာသည်လည်း။ သမတ္ထိတံ၊ ပြီးပြည့်စုံသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ကေစိ၊ တို့သည်။ ဝဒန္တိ၊ ကုန်၏။ အပရေ ပန၊ တို့သည်ကား။ ပုဗ္ဗကိစ္စဿ၊ ၏။ အကတတ္တာ၊ မပြုအပ်သည်၏ အဖြစ်ကြောင့်။ နေဝသညာနာသညာယတနံ၊ စျာန်ကို။ သမာပန္နမတ္တောဝ၊ ဝင်စားကာမျှ ဖြစ်၍လျှင်။ ပဋ္ဌိနိဝတ္တိတွာ၊ တဖန်ပြန်၍။ အာကိဉ္စညာ-ယတနေ၊ စျာန်၌သာလျှင်။ ပတိဋ္ဌာတိ၊ တည်၏။ ဣတိ၊ သို့။ ဝုတ္တတ္တာ၊ ကြောင့်။ သံဃ-ပဋိမာနနာဒိကေစ္စပုဗ္ဗကိစ္စာကရဏေ၊ သံဃာတော် ငံ့မြော်လင့်ခြင်းအစရှိသော အချို့သော ပုဗ္ဗကိစ္စကိုမပြုသည်ရှိသော်။ အင်္ဂဝေကလ္လတော၊ အင်္ဂါချို့သည်၏ အဖြစ်ကြောင့်။ နိရောဓ-သမာပတ္တိသမာပဇ္ဇနံ၊ နိရောဓသမာပတ်ကို ဝင်စားခြင်းသည်။ န ဣဇ္ဈတေ၊ မပြည့်စုံသည်

ကော် မဂ္ဂံ၊ ခရီးတကြောင်းသို့။ အဂတပုဗ္ဗော၊ မသွားစဘူးသော။ ကော ပုရိသော၊ ယောကျ်ားတဦးသည်။ အန္တရာ၊ ခရီးအကြား၌။ ဥဒကကန္ဒရံ ဝါ၊ ရေရှိသောချောက်ကိုဂင်း။ ဂမ္ဘီရံ၊ နက်သော။ ဥဒကစိက္ခလ္လံ ဝါ၊ ရေနှင့်ရောသောညွန်ကိုဂင်း။ အတိက္ကမိတွာ၊ လွန်၍။ ဌပိတံ၊ ထားအပ်သော။ စဏ္ဍာတပသန္တတ္တပါသာဏံ ဝါ၊ ကြမ်းသောနေပူဖြင့် လောလောပူသော ကျောက်ဖျာပူသို့လည်း။ အာဂမ္မ၊ ရောက်လတ်၍။ တံ နိဝါသနပါဝုရဏံ၊ ထိုဝတ်မြဲတိုင်း ရုံမြဲတိုင်းသော အဝတ်အရုံကို၊ အသဏ္ဌာပေတွာဝ၊ မပြုမပြင်မူ၍သာလျှင်။ ကန္ဒရံ၊ ချောက်သို့။ ဩရုဋ္ဌော၊ သက်လတ်သော်။ ပရိက္ခာရတေမနဘယေန၊ ပရိက္ခရာကို ရေစွတ်အံ့သည်မှ ကြောက်သော ကြောင့်။ ပုနဒေဝ၊ တဖန်သာလျှင်။ တီရေ၊ ကမ်း၌။ ပတိဋ္ဌာတိ၊ လည်၍ တည်ပြန်၏။ ပါသာဏံ၊ ကျောက်ဖျာကို။ အက္ကမိတွာပိ၊ နင်း၍လည်း။ သန္တတ္တပါဒေါ၊ လွန်စွာပူသော ခြေရှိသည်ဖြစ်၍။ ပုနဒေဝ၊ လျှင်။ ဩရဘာဂေ၊ ဤမှာဖက်အဖို့၌။ ပတိဋ္ဌာတိ ကိရ၊ တည်ပြန်သတတ်။ တတ္ထ၊ ထိုဥပမာ၌။ သော ပုရိသော၊ ခရီးသွားမကျွမ်းသော ထိုယောကျ်ားသည်။ အသဏ္ဌာပိတနိဝါသနပါဝုရဏတ္တာ၊ မပြုမပြင်အပ်သော အဝတ်အရုံရှိသည်၏အဖြစ်ကြောင့်။ ကန္ဒရံ၊ ချောက်သို့။ ဩတိဏ္ဏမတ္တောဝ၊ သက်ကာမျှဖြစ်၍သာလျှင်။ တတ္တပါသာဏဋ္ဌ၊ အလွန်ပူသော ကျောက်ဖျာကိုလည်း။ အက္ကန္တမတ္တော ဝေ၊ နင်းကာမျှဖြစ်၍သာလျှင်။ ပဋိနိဝတ္တိတွာ၊ ပြန်၍။ ဩရတော၀၊ ဤမှာဖက်၌သာလျှင်။ ပတိဋ္ဌာတိ ယထာ၊ တည်သကဲ့သို့။ ဧဝံ၊ တူ။ ယောဂါဝစရောပိ၊ သည်လည်း။ ပုဗ္ဗကိစ္စဿ၊ ၏။ အကတတ္တာ၊

---

သာလျှင်တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဟိ-ယသ္မာ၊ ကြောင့်။ ယဒိဒံ-ယံ ဣဒံ ပုဗ္ဗကိစ္စကရဏံ၊ အကြင်ပုဗ္ဗကိစ္စကိုပြုခြင်းသည်။ အတ္ထိ၊ ၏။ တေံ၊ ဤပုဗ္ဗကိစ္စကို ပြုခြင်းသည်။ နိရောဓသမာပတ္တိယာ၊ ၏။ ဝတ္တသဒိသံ၊ ဝတ်နှင့်တူ၏။ တသ္မာ၊ ကြောင့်။ တတ္ထ၊ ထိုပုဗ္ဗကိစ္စတို့တွင်။ ယံ၊ အကြင်ပုဗ္ဗကိစ္စသည်။ ဂရုတရံ၊ လေးမြတ်၏။ တဿ၊ ထိုလေးမြတ်သော ပုဗ္ဗကိစ္စကို။ အကရဏံ၊ သည်။ သမာပဇ္ဇနံ၊ နိရောဓသမာပတ်ကို ဝင်စားခြင်းကို။ ဝိဗန္ဓတိ၊ နှောင့်ရှက်တားမြစ်တတ်၏။ ဣတိ၊ သို့။ အပရေ၊ တို့သည်။ ဝဒန္တိ၊ ကုန်၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောစကားရပ်ကို။ ဝိမံသိတွာ၊ ယုတ္တာယုတ္တိနှိုင်းညှိဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ၏။ စ၊ ဆက်။ အာကိဉ္စညာယတနေ ပတိဋ္ဌာတီတိ ဣဒံ၊ ဤစကားကို။ ပုန၊ ဖန်။ အာကိဉ္စညာယတနဿ၊ စျာန်၏။ သမာပဇ္ဇိတဗ္ဗတ္တာ၊ ဝင်စားအပ်သည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊ ၏။ ဟိ-သစ္စံ၊ ၏။ သမာပဇ္ဇိတွာ၊ အာကိဉ္စညာယဘာနစျာန်ကို ဝင်စားပြီး၍။ ဝုဋ္ဌာယ၊ အာကိဉ္စညာယတနစျာန်မှထ၍။ ပုဗ္ဗကိစ္စဿ၊ ၏။ ကာတဗ္ဗတ္တာ၊ ကြောင့်တည်း။ ၎င်းနက်။ (ပြည်)

ကြောင့်။ နေဝသညာနာသညာယတနံ၊ ဈာန်ကို။ သမာပန္နမတ္တော၀၊ ဝင်စားကာမျှဖြစ်၍လျှင်။ ပဋိနိဝတ္တိတွာ၊ ၍။ အာကိဉ္စညာယတနေ၊ ၌။ ပတိဋ္ဌာတိ၊ ၏။

ပန၊ ဥပမာသံသန္ဒနတထွေပြအံ့။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ တံ မဂ္ဂံ၊ ထို ခရီးသို့။ ဂတပုဗ္ဗပုရိသော၊ သွားဘူးသော ယောကျာ်းသည်။ တံ ဌာနံ၊ ထိုအရပ်သို့။ အာဂမ္မ၊ ရောက်လတ်၍။ ဇော် သာဋကံ၊ တထည်ပုဆိုးကို။ ဒဠ္ဟံ နိဝါသေတွာ၊ မြဲမြဲကြပ်ကြပ်ဝတ်၍။ အပရံ၊ တထည်ကို။ ဟတ္ထေန၊ လက်ဖြင့်။ ဂဟေတွာ၊ ၍။ ကန္ဒရံ၊ ချောက်ကို။ ဥတ္တရိတွာ၊ ခုန်၍။ [၃၅၁] တတ္တပါသာဏံ ဝါ၊ လောလောပူသော ကျောက်ကိုမူလည်း။ အက္ကန္တမတ္တကမေဝ၊ နင်းမိကာမျှကိုသာလျှင်။ ကရိတွာ၊ ၍။ ပရတော၊ ထိုမှာဖက်သို့။ ဂစ္ဆတိ ယထာ၊ သွားသကဲ့သို့။ ဧဝမေဝ၊ တူ။ ကတပုဗ္ဗ-ကိစ္စော၊ ပြုအပ်ပြီးသောပုဗ္ဗကိစ္စရှိသော။ ဘိက္ခု၊ သည်။ နေဝသညာ-နာသညာယတနံ၊ ဈာန်ကို။ သမာပဇ္ဇိတွာ၀၊ ၍သာလျှင်။ ပရတော၊ နေဝသညာနာသညာယတနဈာန်မှနောက်၌။ အစိတ္တကော၊ စိတ်မရှိ သည်။ ဟုတွာ၊ ၍။ နိရောဓံ၊ စိတ်စေတသိက်စိတ္တဇရုပ်၏ချုပ်ခြင်းသို့။ ဖုသိတွာ၊ ၍။ ဝိဟရတိ၊ ၏။

၈၈၀။ ပန၊ ပါး။ ကထံ ဌာနန္တိ၊ ကား။ ဧဝံ၊ ဤသို့ဆိုပြီးသော နည်းဖြင့်။ သမာပန္နာယ၊ ဝင်စားပြီးသော။ အဿာ နိရောဓသမာပတ္တိယာ၊ ၏။ ကာလပရိစ္ဆေဒဝသေန စေဝ၊ ကာလအပိုင်းအခြား၏အစွမ်းဖြင့်၎င်း။ အန္တရာ၊ ကာလအပိုင်းအခြား၏အကြား၌။ အာယုက္ခယသံဃပဋိမာနန-သတ္ထုပက္ကောသနာဘာဝေန စ၊ အသက်၏ကုန်ခြင်း သံဃာတော်၏ငံ့မြှော် လင့်ခြင်း မြတ်စွာဘုရား၏ခေါ်တော်မူခြင်းမရှိသည်၏အဖြစ်ကြောင့်၎င်း။ ဌာနံ၊ တည်ခြင်းသည်။ ဟောတိ၊ ၏။

၈၈၁။ ကထံ ဝုဋ္ဌာနန္တိ၊ ကား။ အနာဂါမိဿ၊ အနာဂါမ်အား။ အနာဂါမိဖလုပ္ပတ္တိယာ၊ အနာဂါမိဖိုလ်၏ဖြစ်ခြင်းဖြင့်။ အရဟတော၊ ရဟန္တာအား။ အရဟတ္တဖလုပ္ပတ္တိယာ၊ အရဟတ္တဖိုလ်၏ဖြစ်ခြင်းဖြင့်။ ဣတိ ဧဝံ၊ သို့။ ဒွေဓာ၊ ဖြင့်။ ဝုဋ္ဌာနံ၊ သည်။ ဟောတိ၊ ၏။

၈၈၂။ ဝုဋ္ဌိတဿ၊ နိရောဓသမာပတ်မှထပြီးသောရဟန်း၏။ စိတ္တံ၊ သည်။ ကိံနိန္နံ၊ အဘယ်သို့ညွတ်သည်။ ဟောတိ၊ နည်း။ ဣတိ-အယံ၊

ကား။ (ပုစ္ဆာ၊ တည်း။) နိဗ္ဗာနနိန္နံ၊ နိဗ္ဗာန်သို့ညွတ်သည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ အာဝုသော ဝိသာခ၊ ဒါယကာ ဝိသာခ။ သညာဝေဒယိတ-နိရောဓသမာပတ္တိယာ၊ သညာဝေဒနာတို့၏ချုပ်ရာဖြစ်သော နိရောဓ-သမာပတ်မှ။ ဝုဋ္ဌိတဿ၊ သော။ ဘိက္ခုနော၊ ၏။ စိတ္တံ၊ သည်။ (ပဂေဝ၊ ရှေးမဆွကပင်လျှင်။ သင်္ခါရဝိမုခတာယ စ၊ သင်္ခါရမှ မျက်နှာလွှဲသည်၏အဖြစ်ကြောင့်ရင်း။ ဖလစိတ္တုပ္ပတ္တိယာ စ၊ ဖိုလ်စိတ်၏ ဖြစ်ခြင်းကြောင့်ရင်း။) ဝိဝေကနိန္နံ၊ နိဿရဏဝိဝေကသို့ ညွတ်သည်။ ဟောတိ၊ ၏။ ဝိဝေကပေါဏံ၊ ဝိဝေကသို့ကိုင်းသည်။ ဝိဝေကပဗ္ဘာရံ၊ ဝိဝေကသို့ ရှိုင်းသည်။ ဟောတိ၊ ၏။ ဣတိ-တော် ဝစနံ၊ ကို။ ဝုတ္တံ၊ ၏။

၈၈၃။ မတဿ စ၊ သေသသူ၏ရင်း။ သမာပန္နဿ စ၊ နိရောဓသမာပတ်ဝင်စားသသူ၏ရင်း။ ဝိသေသော၊ သည်။ ကော၊ အဘယ်နည်း။ ဣတိ၊ ဤကား။ (ပုစ္ဆာ၊ အမေး။) အယမ္ပိ အတ္ထော၊ ဤပုစ္ဆာအနက်ကိုလည်း။ သုတ္တေ၊ ပါဠိ၌။ ဝုတ္တောယေဝ၊ ဟောအပ်သည်သာတည်း။ ယထာ-ဟ၊ မှုကား။ အာဝုသော၊ ဒါယကာ ဝိသာခ။ ယွာယံ-ယော အယံ သတ္တော၊ အကြင်သတ္တဝါသည်။ မတော-ကာလကတော၊ သေ၏။ တဿ၊ ထိုသေသော သတ္တဝါအား။ ကာယသင်္ခါရာ၊ တို့သည်။ နိရုဒ္ဓါ၊ ကုန်၏။ ပဋိပ္ပဿဒ္ဓါ၊ ကုန်၏။ ဝစီသင်္ခါရာ၊ တို့သည်။ စိတ္တသင်္ခါရာ၊ တို့သည်။ နိရုဒ္ဓါ၊ ကုန်၏။ ပဋိပ္ပဿဒ္ဓါ၊ ကုန်၏။ အာယု၊ ဇီဝိတိန္ဒြေသည်။ ပရိက္ခီ-ဏော၊ ကုန်ပြီ။ ဥသ္မာ၊ ကမ္မဇတေဇောသည်။ ဝူပသန္တော၊ ငြိမ်းအေးလတ်ပြီ။ ဣန္ဒြိယာနိ၊ စက္ခုစသောဣန္ဒြေတို့သည်။ ပရိဘိန္နာနိ၊ ပျက်ကုန်ပြီ။ ယွာယံ-ယော အယံ ဘိက္ခု၊ သည်။ သညာဝေဒယိတနိရောဓံ၊ သညာဝေဒနာ၏ ချုပ်ရာနိရောဓသမာပတ်ကို။ သမာပန္နော၊ ဝင်စား၏။ တဿပိ၊ ထိုနိရောဓသမာပတ်ကိုဝင်စားသော ရဟန်း၏လည်း။ ကာယ-သင်္ခါရာ၊ တို့သည်။ နိရုဒ္ဓါ၊ ကုန်၏။ပ။ ပဋိပ္ပဿဒ္ဓါ၊ ကုန်၏။ အာယု၊ ဇီဝိတိန္ဒြေမူကား။ အပရိက္ခီဏော၊ မကုန်သေး။ ဥသ္မာ၊ ကမ္မဇတေဇောသည်လည်း။ အဝူပသန္တော၊ မငြိမ်းသေး။ ဣန္ဒြိယာနိ၊ တို့သည်။ အပရိ-ဘိန္နာနိ၊ မပျက်စီးကုန်သေး။ အယံ၊ သည်လျှင်။ ဝိသေသော၊ အထူးတည်း။ (ဣတိ-ကို အာဟ-သို့ဆိုက်)

၈၈၄။ ပန၊ ပါး။ နိရောဓသမာပတ္တိသင်္ခတာ အသင်္ခတာတိအာဒိ- ပုစ္ဆာယံ၊ ဤသို့အစရှိသောပုစ္ဆာ၌။ သင်္ခတာတိပိ၊ သင်္ခတဟူ၍ရင်း။ အသင်္ခတာတိပိ၊ အသင်္ခတဟူ၍ရင်း။ လောကိယာတိပိ၊ ဟူ၍ရင်း။ လောကုတ္တရာတိပိ၊ ဟူ၍ရင်း။ န ဝတ္တဗ္ဗာ၊ မဆိုသင့်။ ကသ္မာ၊ ကား။ သဘာဝတော၊ ပရမတ္ထသဘောတရားအားဖြင့်။ နတ္ထိတာယ၊ မရှိသည်၏ အဖြစ်ကြောင့်တည်း။ (ပရမတ္ထတော ဟိ ဝိဇ္ဇမာနာနံ သင်္ခတာဒိဘာဝေန ဝတ္တဗ္ဗတံ လဘတိ၊ န အဝိဇ္ဇမာနံ) ပန၊ ပါး။ ယသ္မာ၊ ကြောင့်။ အဿ၊ ထိုနိရောဓသမာပတ်ကို။ သမာပဇ္ဇန္တဿ၊ ဝင်စားသော အရိယာ ပုဂ္ဂိုလ်၏။ ဝသေန၊ ဖြင့်။ သမာပန္နာ နာမ၊ ဝင်စားအပ်သည်မည်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ နိပ္ဖန္နာတိ၊ နိပ္ဖန္နဟူ၍။ ဝတ္တုံ၊ ငှါ။ ဝဋ္ဋတိ၊ သင့်၏။ အနိပ္ဖန္နာ၊ ဟူ၍။ ဝတ္တုံ၊ ငှါ။ နော ဝဋ္ဋတိ၊ မသင့်[၁]။

ဣတိ-ဣမိနာ နယေန၊ ဤဆိုပြီးသောနည်းဖြင့်။ သန္တံ၊ (သင်္ခါရတို့၏ ငြိမ်းသည်၏ အဖြစ်ကြောင့်ရင်း ငြိမ်သက်သောတရားသို့ အစဉ်လိုက် သည်၏ အဖြစ်ကြောင့်ရင်း)ငြိမ်သက်စွာသော။ အရိယနိသေဝိတံ၊ ပုထုဇဉ်နှင့် မရော အရိယာတို့သည်သာလျှင် မှီဝဲအပ်ထသော။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်အဖြစ်၌သာလျှင်။ နိဗ္ဗာနမိတိ သင်္ခံ ဥပါဂတံ၊ (သုံးပါးသောဒုက္ခတာတို့၏ ငြိမ်းသည်၏ အဖြစ်ကြောင့်)နေရဗာန်ဟု ခေါ်ဝေါ်ခြင်းသို့ရောက်သော[၂]။ ဣမံ သမာပတ္တိံ၊ ဤနိရောဓသမာပတ်ကို။ ပဏ္ဍိတာ၊ ပညာရောက်သော အရှင်မြတ်တို့သည်။ အရိယံ ပညံ၊ စင်ကြယ် စွာသော မဂ်ပညာ ဖိုလ်ပညာကို။ ဘာဝေတွာ၊ ပွါးစေ၍။ ယသ္မာ၊

---

၁-အကြင်ကြောင့် သမာထဝိပဿနာဓမ္မတို့ကို ယုဂနဒ္ဓပြု၍ အဋ္ဌသမာပတ္တိတို့သို့ တက်သော အရိယာပုဂ္ဂိုလ်အား အစဉ်သဖြင့် သင်္ခါရတို့၏ ချုပ်ခြင်း ငြိမ်းခြင်းပယောဂ၏ ပြီးသဖြင့် နိရောဓသမာပတ်သည် ပြီးသည်မည်၏၊ ထိုကြောင့် နိရောဓသမာပတ်ကို ပယောဂပြီးခြင်းကို စွဲ၍ နိပ္ဖန္နဆိုခြင်းငှါသင့်၏-ဟူသောအနက်ကို သမာပဇ္ဇန္တဿ ဝသေန-စသောပါဌ်ဖြင့် ပြသတည်း။ (ပြည်)

၂-ပါဠိ၌ နိဗ္ဗာနံ-ပုဒ်သည် သက္ကတနိရ်ဝါဏံ-နှင့်တူညီ၏၊ ထိုကြောင့် ပါသာဒ-ကို ပြာသာဒ- ဟူသော သက္ကတသို့လိုက်၍ ပြာသာဒ်-ဟု ပြန်သကဲ့သို့ရင်း, စက္က-ကို စကြ-ဟူသော သက္ကတ သို့လိုက်၍ စကြာ-ဟု ပြန်သကဲ့သို့ရင်း နိရ်ဝါဏ-ဟူသော သက္ကတသို့လိုက်၍ နေရဗာန်-ဟု ပြန်ထားသည်။ (ဆ-သံ-သော)

ကြောင့်။ သမာပဇ္ဇန္တိ၊ ကုန်၏။ တဿာ၊ ကြောင့်။ ဣမိဿာပိ၊ ဤနိရောဓ
သမာပတ်ကိုလည်း။ သမာပတ္တိသမတ္ထတာ၊ ဝင်စားခြင်းငှါ စွမ်းနိုင်သည်၏
အဖြစ်ကို။ အရိယမဂ္ဂေသု၊ အရိယမဂ်တို့၌။ ပညာယ၊ ပွါးစေအပ်သော
ပညာ၏။ အာနိသံသောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ ဤဒွေ့ တရပ်
အပြီးသတ်တည်း။

## အာဟုနေယျဘာဝါဒိသိဒ္ဓိကထာ

၈၈၅။ [ ၃၅၂ ] အာဟုနေယျဘာဝါဒိသိဒ္ဓီတိ၊ ကား။ ကေဝလဥ္စ၊
သော်ကား။ နိရောဓသမာပတ္တိယာ၊ ကို။ သမာပဇ္ဇနသမတ္ထတာဝ၊
ဝင်စားခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်သည်သာလျှင်။ ပညာယ၊ ၏။
အာနိသံသော၊ သည်။ န၊ မဟုတ်သေး။ ပန၊ အဟုတ်သော်ကား။ အယံ
အာဟုနေယျဘာဝါဒိသိဒ္ဓိပိ၊ ဤအာဟုနေယျအဖြစ် စသည်တို့၏ ပြီးခြင်း
ကိုလည်း။ ဣမိဿာ လောကုတ္တရပညာဘာဝနာယ၊ ဤလောကုတ္တရာ
ပညာကို ပွါးစေခြင်း၏၊ ဝါ၊ ပွါးစေအပ်သော လောကုတ္တရာပညာ၏။
အာနိသံသော၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ ဟိ၊ ချဲ့အံ့။ အဝိသေသေန၊
ဒဿနမဂ္ဂပညာ ဘာဝနာမဂ္ဂပညာစသော ဝိသေသကိုမပြု သာမည
အားဖြင့်။ စတုဗ္ဗိဓာယပိ၊ လေးပါးအပြားရှိသည်လည်း ဖြစ်သော။
ဧတိဿာ-လောကုတ္တရပညာယ၊ ၏။ ဘာဝိတတ္တာ၊ ပွါးစေအပ်သည်၏
အဖြစ်ကြောင့်။ ဘာဝိတပညော၊ ပွါးစေအပ်သော လောကုတ္တရာပညာ
ရှိသော။ ပုဂ္ဂလော၊ အရိယာပုဂ္ဂိုလ်မြတ်သည်။ သဒေဝကဿ၊ နတ်နှင့်
တကွသော။ လောကဿ၊ သတ္တလောက၏။ အာဟုနေယျော၊ အဝေးမှ
သော်လည်း ဆောင်ယူ၍လာအပ်သော အလှူဝတ္ထုကိုခံခြင်းငှါထိုက်သည်။
ပါဟုနေယျော၊ အာဂန္တုကအား ရည်မှတ်သောအလှူဝတ္ထုကို ခံထိုက်
သည်။ ဒက္ခိဏေယျော၊ တမလွန်လောကကိုယုံကြည်၍ လှူအပ်သော
အလှူဝတ္ထုကို ခံထိုက်သည်။ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီခြင်းကို
ခံထိုက်သည်။ လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိ မြတ်လှစွာ
သော။ ပုညက္ခေတ္တံ၊ ကုသိုလ်အခင်း သန့်ရှင်းပေါင်းမြက် ခွန်ထွက်သန်သန်
လယ်ကောင်းမှန်သည်။ ဟောတိ၊ ၏။

၀၀၆။ ဝိသေသတော ပန၊ အထူးအားဖြင့်ကား။ ဧတ္ထ၊ ဤအရိယာ ပုဂ္ဂိုလ်တို့တွင်၊ ဝါ၊ အရိယမဂ်ပညာတို့တွင်။ တာဝ၊ လက်ဦးစွာ။ ပဌမ-မဂ္ဂပညံ၊ ပဌမမဂ်ပညာကို။ မန္ဒာယ၊ နုံ့သော၊ ဝါ၊ မထက်လွန်းသော။ ဝိပဿနာယ၊ ဝိပဿနာ၏။ (ဝသေန၊ ဖြင့်။)ဘာဝေတွာ၊ ပွါးစေ၍။ အာဂတော၊ သောတာပန်အဖြစ်သို့ ရောက်လာသော အရိယာသည်။ မုဒိန္ဒြိယော၊ နုသောသဒ္ဓါစသော ဣန္ဒြေရှိသည်။ သမာနောပိ၊ ဖြစ်မူလည်း။ သတ္တက္ခတ္တုပရမော နာမ၊ ခုနစ်ကြိမ် အတိုင်းအရှည်ဘဝ၌ဖြစ်ခြင်း (ဝါ) အတ္တဘောကိုယူခြင်းရှိသော သောတာပန်မည်သည်။ ဟောတိ၊ ၏။ (ထိုထက်အလွန် ရှစ်ခုမြောက်သောဘဝကို မယူပြီဟူလို)သတ္တ၊ ခုနစ်ကြိမ် တိုင်အောင်။ သုဂတိဘဝေ၊ သုဂတိဘဝ၌။ သံသရိတွာ၊ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ကျင်လည်၍။ ဒုက္ခဿ၊ ဝဋ္ဋဒုက္ခ၏။ အန္တံ-ပရိယောသာနံ၊ အဆုံးကို။ ကရောတိ၊ ပြုနိုင်၏။ မဇ္ဈိမာယ၊ အလတ်ဖြစ်သော။ ဝိပဿနာ-ယ၊ ၏။ (ဝသေန၊ ဖြင့်။)ပဌမပညံ၊ ကို။ ဘာဝေတွာ၊ ၍။ အာဂတော၊ သောတာပန်အဖြစ်သို့ရောက်သော။ မဇ္ဈိမိန္ဒြိယော၊ အလတ်ဖြစ်သောသဒ္ဓါ စသော ဣန္ဒြေရှိသော သောတာပန်သည်။ ကောလံကောလော နာမ၊ မြတ်သောအမျိုးတခုမှသည် မြတ်သောအမျိုးတခုသို့ လာသည်ဖြစ်၍ ကောလံကောလမည်သည်။ ဟောတိ၊ ၏။ (သောတာပတ္တိဖလသစ္ဆိကိရိယ-တော ပဋ္ဌာယ ဟိ နီစကုလေ ဥပပတ္တိ နာမ နတ္ထိ၊ မဟာဘောဂကုလေသု-ယေဝ နိဗ္ဗတ္တတိ အတ္ထော)ဒွေ ဝါ တီဏိ ဝါ ကုလာနိ၊ ဒေဝမနုဿ၏ အစွမ်းဖြင့် နှစ်ကြိမ် သုံးကြိမ်သော ဘဝတို့တိုင်အောင်။ သန္ဓာဝိတွာ-သံသရိတွာ၊ ကျင်လည်၍။ ဒုက္ခဿ၊ ဝဋ္ဋဒုက္ခ၏။ အန္တံ-ပရိယောသာနံ၊ ကို။ ကရောတိ၊ ၏။ (ဒေသနာမတ္တမေဝ စေတံ၊ ဒွေ ဝါ တီဏိ ဝါတိ ယာဝဆဋ္ဌ-ဘဝါ သံသရန္တောပိ ကောလံကောလောဝ ဟောတိ)တိက္ခာယ၊ထက်သော။ ဝိပဿနာယ၊ ၏။ ဝသေန၊ ဖြင့်။ မဂ္ဂပညံ၊ ကို။ ဘာဝေတွာ၊ ၍။ အာဂ-တော၊ သောတာပန်အဖြစ်သို့ရောက်သော အရိယာသည်။ တိက္ခိန္ဒြိယော၊ ထက်သောဣန္ဒြေ ရှိသည်ဖြစ်၍။ ဧကဗီဇီ နာမ၊ အတ္တဘောကိုယူခြင်းဟု ဆိုအပ်သော တခုသာလျှင်ဖြစ်သော ခန္ဓာဟူသောမျိုးစေ့ရှိသည်။ ဟောတိ၊ ၏။ (အတ္တဘာဝဂဟဏသင်္ခါတံ ဧကံယေဝ ခန္ဓဗီဇံ ဧတဿ အတ္ထီတိ

ကေဗိဇီ) ကေညေဝ၊ တကြိမ်သာလျှင်ဖြစ်သော။ မာနုသကံ ဘဝံ၊ လူဘဝ ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ဒုက္ခဿ၊ ၏။ အန္တံ၊ ကို။ ကရောတိ၊ ၏[၁]။

၈၈၇။ ဒုတိယမဂ္ဂပညံ၊ ကို။ ဘာဝေတွာ၊ ၍။ သကဒါဂါမီ နာမ၊ သကဒါဂါမ်မည်သော အရိယာသည်။ ဟောတိ၊ ၏။ သကိဒေဝ၊ တကြိမ် သာလျှင်။ ဣမံ လောကံ၊ ဤလူ့ဘုံသို့။ အာဂန္တွာ၊ ၍။ ဒုက္ခဿ၊ ၏။ အန္တံ၊ ကို။ ကရောတိ၊ ၏။

၈၈၈။ တတိယမဂ္ဂပညံ၊ ကို။ ဘာဝေတွာ၊ ၍။ အနာဂါမီ နာမ၊ ပဋိသန္ဓေအားဖြင့် ဤကာမဘုံသို့ မလာခြင်းကြောင့် အနာဂါမ်မည်သည်။ ဟောတိ၊ ၏။ သော အနာဂါမီ၊ သည်။ ဣန္ဒြိယဝေမတ္တတာဝသေန၊ အရဟတ္တဖိုလ်ကို ယှဉ်စေတတ်သော သဒ္ဓါစသော ဣန္ဒြေတို့၏ထူးသည်၏ အဖြစ်၏အစွမ်းဖြင့်။ အန္တရာပရိနိဗ္ဗာယီ၊ အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ငင်း။ ဥပဟစ္စပရိနိဗ္ဗာယီ၊ ငင်း။ အသင်္ခါရပရိနိဗ္ဗာယီ၊ ငင်း။ သသင်္ခါရပရိနိဗ္ဗာယီ၊ ငင်း။ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ၊ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ အနာဂါမ် ငင်း။ ဣတိ-ဣမိနာ အန္တရာပရိနိဗ္ဗာယီအာဒိဘာဝေန၊ ဤအန္တရာပရိနိဗ္ဗာယီ အစရှိသည်တို့၏အဖြစ်ဖြင့်။ ပဉ္စဓာ-ပဉ္စပကာရေန၊ ငါးပါးသောအပြားဖြင့်။ ဣဓ-ဣမံ လောကံ၊ ဤကာမဘုံကို။ (ဓ-ပစ္စည်းသည် ဥပယောဂအနက်၌ ဖြစ်သတည်း၊ ဣမံ-ဟူ၍သော်လည်း ပါဌ်ရှိရာ၏) ဝိဟာယ-ပဇဟိတွာ၊ စွန့်၍။ နိဋ္ဌော-ပရိနိဗ္ဗာယကော၊ ပရိနိဗ္ဗာန်ပြုသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုငါးဦးသော အနာဂါမ်တို့တွင်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသော။ သုဒ္ဓါဝါသဘဝေ သုဒ္ဓါဝါသဘုံ၌။ ဥပပဇ္ဇိတွာ၊ ၍။ အာယုဝေမဇ္ဈံ၊ အသက်အပိုင်းအခြား အလယ်သို့။ အပ္ပတွာဝ၊ မရောက်မူ၍သာလျှင်။ ပရိနိဗ္ဗာယတိ၊ ကိလေသပရိနိဗ္ဗာန်အားဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ် သည်။ (တနည်း) ယော၊ အကြင်အနာဂါမ်သည်။ ပရိနိဗ္ဗာယတိ၊

---

၁-မာနုသကံ ဘဝန္တိ ဣဒမ္ပိ ဒေသနာမတ္တံ၊ ဒေဝဘဝံ နိဗ္ဗတ္တေတွာပိ ဝတ္တုံ ဝဋ္ဋတိ-ယေဝ။ ထိုသုံးပါးသော သောတာပန်တို့၏ အထူးကို အဘယ်တရားသည် မှတ်သနည်း? ဟူမူ သုံးပါးသောမဂ်တို့၏ ဝိပဿနာသည်မှတ်၏။ ထိုစကားသင့်၏။ အထက်သုံးပါးသော မဂ်တို့၏ ဝိပဿနာသည် အကယ်၍ ဗလဝတိက္ခဖြစ်အံ့၊ ကေဗိဇီဖြစ်သတည်း။ ထိုအောက် နံ့၍ မဇ္ဈိမဖြစ်အံ့၊ ကောလံကောလ ဖြစ်သတည်း။ ထိုအောက်မန္ဒတရဝိပဿနာဖြစ်အံ့၊ သတ္တက္ခတ္တုပရမဖြစ်သတည်း။ (ပြည်)

ကိလေသပရိနိဗ္ဗာန်အားဖြင့် ပရိနိဗ္ဗာန်ပြု၏။ သော၊ သည်။ အန္တရာ-ပရိနိဗ္ဗာယီတိ-အန္တရာပရိနိဗ္ဗာယီ နာမ၊ အန္တရာပရိဗ္ဗာယီ မည်၏[၁]- "အာယု-ဝေမဇ္ဈ၏အကြား၌သာလျှင် ပရိနိဗ္ဗာန်ပြုသော အနာဂါမ် မည်၏"။ အာယုဝေမဇ္ဈံ၊ အသက်အပိုင်းအခြားအလယ်ကို။ အတိက္ကမိတွာ၊ လွန်၍။ ပရိနိဗ္ဗာယတိ၊ ကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်စံသော အနာဂါမ်သည်။ ဥပဟစ္စပရိနိဗ္ဗာယီ၊ မည်၏[၂]။ အသင်္ခါရေန-အပ္ပယောဂေန၊ လွန်ကဲသော ပယောဂနှင့်ကင်းသော။ (ဝိပဿနာစာရေန။ပ။ ဝိပဿနာအကျင့်ဖြင့်။) ဥပရိမဂ္ဂံ၊ အထက်ဖြစ်သော အရဟတ္တမဂ်ကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေသော အနာဂါမ်သည်။ အသင်္ခါရပရိနိဗ္ဗာယီတိ၊ မည်၏[၃]။ သသင်္ခါရေန-သပ္ပ-ယောဂေန၊ အဓိမတ္တပယောဂနှင့်တကွသော။ (ဝိပဿနာစာရေန၊ ဖြင့်။) ဥပရိမဂ္ဂံ၊ ကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေသောအနာဂါမ်သည်။ သသင်္ခါရပရိနိဗ္ဗာ-ယီတိ၊ မည်၏။ (ကသိရေနေဝ မုဒိန္ဒြိယတာယ ဒုက္ခေနေဝ နိဗ္ဗတ္တေတိ ဟူလိုသည်) ယတ္ထ၊ အဝိဟာစသည်တို့တွင် အကြင်အကြင်သို့သောဘုံ၌။ ဥပပန္နော၊ ဖြစ်၏။ တတော၊ လက်ဦးဖြစ်ရာ ထိုထိုဘုံမှ။ ဥဒ္ဓံ၊ ၌။ ယာဝ-အကနိဋ္ဌဘဝါ၊ တိုင်အောင်။ အာရုယှ၊ ပဋိသန္ဓေအားဖြင့်တက်၍။ တတ္ထ၊ ဘုံ၌။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်သည်။ ဥဒ္ဓံသောတော-အကနိဋ္ဌဂါမီတိ၊ ဂါမိအနာဂါမ် မည်၏[၄]။

---

၁-အာယုဝေမဇ္ဈာ အန္တရာယေဝ ကိလေသပရိနိဗ္ဗာနေန ပရိနိဗ္ဗာယနတော အန္တရာ-ပရိနိဗ္ဗာယီ။ ပြု။ အန္တရာ-သဒ္ဒါသည် သာပေက္ခဖြစ်ငြားသော် နိစ္စသာပေက္ခဖြစ်၍ ဂမ္မက ဖြစ်သောကြောင့် ပရိနိဗ္ဗာယီနှင့် သမာသ်ဖြစ်သတည်း၊ သတိပိ သာပေက္ခတ္တေ ဂမ္မကတ္တာ သမာသော-ဟူလိုသည်။ (ပြည်)

၂-အာယုဝေမဇ္ဈံ ဥပဟစ္စ အတိက္ကမိတွာ ပရိနိဗ္ဗာယီ ဥပဟစ္စပရိနိဗ္ဗာယီ။ ပြု။ ဋီကာ၌ ဥပဟစ္စာတိ ဝါ ဥပဂန္တွာ ကာလကိရိယံ-ဖွင့်သည်ကား ခန္ဓပရိနိဗ္ဗာန်ကို ရည်သည်။ (ပြည်)

၃-အသင်္ခါရေန အပ္ပယောဂေန ဝိပဿနာစာရေန ပရိနိဗ္ဗာယီ အသင်္ခါရပရိနိဗ္ဗာယီ။ ပြု။ ထက်သောဣန္ဒြေရှိသည်၏ အဖြစ်ကြောင့် မငြိုမငြင်ချမ်းသာသော ဝိပဿနာအကျင့်ဖြင့်သာလျှင် ကိလေသာကုန်သည်ဟူလို။ (ပြည်)

၄- ဥဒ္ဓံဝါဟိဘာဝေန ဥဒ္ဓမဿ တဏှာသောတံ ဝဋ္ဋသောတံ ဝါတိ ဥဒ္ဓံသောတော။ ဥဒ္ဓံ ဝါ ဂန္တွာ ပဋိလဘိတဗ္ဗတော ဥဒ္ဓမဿ မဂ္ဂသောတန္တိ ဥဒ္ဓံသောတော။ ပဋိသန္ဓိဝသေန အကနိဋ္ဌဘဝံ ဂစ္ဆတီတိ အကနိဋ္ဌဂါမီ။ ဥဒ္ဓံသောတော စ သော အကနိဋ္ဌဂါမီ စာတိ ဥဒ္ဓံသောတောအကနိဋ္ဌဂါမီ။ အလုတ္တသမာသ်။ အဿ၊ ထိုအနာဂါမ်အား။ ဥဒ္ဓံဝါဟိ-ဘာဝေန၊ အထက်ဘုံသို့ ဆောင်တတ်သည်၏ အဖြစ်ကြောင့်။ ဥဒ္ဓံ၊ အထက်ဘုံသို့ ဆောင်တတ်သော။ တဏှာသောတံ၊ သည်။ ဝါ၊ ကား။ ဝဋ္ဋသောတံ၊ ဝဋ္ဋသောတသည်။ အတ္ထိ၊

၈၈၉။ စတုတ္ထမဂ္ဂပညာံ၊ ကို။ ဘာဝေတွာ၊ ၍။ ကောစိ၊ အချို့သော ရဟန္တာသည်။ သဒ္ဓါဝိမုတ္တော၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည်။ ဟောတိ၊ ၏။ ကောစိ၊ သည်။ ပညာဝိမုတ္တော၊ သည်။ ဟောတိ၊ ၏။ ကောစိ၊ သည်။ ဥဘတောဘာဂဝိမုတ္တော၊ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်သည်။ ဟောတိ၊ ၏။ ကောစိ၊ သည်။ တေဝိဇ္ဇော၊ ဝိဇ္ဇာသုံးပါးရှိသော။ ကောစိ၊ သည်။ ဆဠဘိညော၊ ခြောက်ပါးသော အဘိညာဉ်ရှိသော။ ကောစိ၊ သည်။ ပဋိသမ္ဘိဒပ္ပဘေဒပ္ပတ္တော၊ ပဋိသမ္ဘိဒါ အထူးအပြားသို့ ရောက်သော။

---

၏၊ အဿ၊ ထိုအနာဂါမ်အား။ ဥဒ္ဓံ၊ အထက်ဘုံ၌ ရထိုက်သော။ မဂ္ဂသောတံ၊ မဂ္ဂသောတသည်။ အတ္ထိ၊ ၏။ပေး။ အကြင်အနာဂါမ်သည် အဝိဟာဘုံမှစ၍ လေးထပ်သော သုဒ္ဓါဝါသဘုံ၌ဖြစ်၍ အကနိဋ္ဌသို့ရောက်၍ ပရိနိဗ္ဗာန်ပြု၏၊ ဤအနာဂါမ်သည် ဥဒ္ဓံသောတော-အကနိဋ္ဌဂါမိအနာဂါမ်မည်၏။ အကြင်အနာဂါမ်သည် အောက်သုံးထပ်သော သုဒ္ဓါဝါသဘုံ၌ဖြစ်၍ သုဒဿီဘုံ၌တည်၍ ပရိနိဗ္ဗာန်ပြု၏၊ ဤအနာဂါမ်သည် ဥဒ္ဓံသောတောနအကနိဋ္ဌ-ဂါမိအနာဂါမ်မည်၏။ အကြင်အနာဂါမ်သည် ဤကာမဘုံမှ အကနိဋ္ဌဘုံ၌သာဖြစ်၍ ပရိနိဗ္ဗာန်ပြု၏၊ ဤအနာဂါမ်သည် နဥဒ္ဓံသောတောအကနိဋ္ဌဂါမိအနာဂါမ် မည်၏။ အကြင်အနာဂါမ်သည် အောက်လေးထပ်သော သုဒ္ဓါဝါသဘုံတို့တွင် ထိုထိုဖြစ်ရာဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြု၏၊ ဤအနာဂါမ်သည် နဥဒ္ဓံသောတအကနိဋ္ဌဂါမိအနာဂါမ်မည်၏၊ ဤသို့ ဥဒ္ဓံသောတအကနိဋ္ဌ-ဂါမိစတုက္ကကို သိအပ်၏။ ထိုအနာဂါမ်တို့သည် အဝိဟာဘုံ၌ဖြစ်၍ အခြားမဲ့၌ရင်း အာယု-ဝေမဇ္ဈသို့ မရောက်မူ၍ရင်း ရောက်၍ရင်း ပရိနိဗ္ဗာန်ပြုသည်၏အစွမ်းဖြင့် အန္တရာပရိနိဗ္ဗာယီ သုံးယောက်, ဥပဟစ္စပရိနိဗ္ဗာယီ တယောက်,ဥဒ္ဓံသောတ တယောက်, ဤသို့ အဝိဟာဘုံ၌ ငါးယောက်ရသတည်း။ ထိုငါးယောက်တို့သည် အသင်္ခါရပရိနိဗ္ဗာယီ ငါးယောက်, သသင်္ခါရ-ပရိနိဗ္ဗာယီ ငါးယောက်, ဝေဖန်သောအားဖြင့် တကျိပ်ဖြစ်ကုန်၏။ ထိုအတူ အတပ္ပါ၌ တကျိပ်, သုဒဿာ၌ တကျိပ်, သုဒဿီ၌ တကျိပ်, ဤသို့ လေးကျိပ်ဖြစ်သတည်း။ အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံသောတအနာဂါမ်မရှိရကား အန္တရာပရိနိဗ္ဗာယီ သုံးယောက်, ဥပဟစ္စ-ပရိနိဗ္ဗာယီ တယောက် ဤသို့ လေးယောက်ဖြစ်သတည်း။ ထိုလေးယောက်တို့သည် အသင်္ခါရပရိနိဗ္ဗာယီ လေးယောက်, သသင်္ခါရပရိနိဗ္ဗာယီ လေးယောက် ဝေဖန်သောအားဖြင့် ရှစ်ယောက်ဖြစ်ကုန်၏။ ဤသို့လျှင် အနာဂါမ်ပေါင်း လေးကျိပ်ရှစ်ယောက် ဖြစ်ကုန်သတည်း။ သောတာပန်သုံးယောက်တို့သည် ပဋိပဒါလေးပါးအပြားအားဖြင့် သတ္တက္ခတ္တု-ပရမ လေးယောက်, ကောလံကောလ လေးယောက်, ဧကဗီဇီ လေးယောက်အားဖြင့် တကျိပ်နှစ်ဖြစ်ကုန်၏။ သဒ္ဓါဓုရအားဖြင့် တကျိပ်နှစ်, ပညာဓုရအားဖြင့် တကျိပ်နှစ်ယောက် ဝေဖန်သော် သောတာပန် နှစ်ကျိပ်လေးယောက်ဖြစ်သတည်း။ သုညတဝိမောက္ခအား ဖြင့် လွတ်သောသကဒါဂါမ်တို့သည် ပဋိပဒါလေးပါးအားဖြင့် လေးယောက်, အနိမိတ္တ-ဝိမောက္ခအားဖြင့်လွတ်သော သကဒါဂါမ်လည်း ပဋိပဒါလေးပါးအားဖြင့် လေးယောက်, အပ္ပဏိဟိတဝိမောက္ခအားဖြင့်လွတ်သော သကဒါဂါမ်လည်း ပဋိပဒါလေးပါးအားဖြင့် လေးယောက် ဤသို့ သကဒါဂါမ် တကျိပ်နှစ်ယောက်ဖြစ်ကုန်၏။ (ပြည့်)

မဟာခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိသော ရဟန္တာမြတ်သည်။ ဟောတိ၊ ၏[၁]။ ယံ စတုတ္ထမဂ္ဂပညာဘာဝနံ၊ အကြင်လေးခုမြောက်သော မဂ္ဂပညာဘာဝနာကို။ သန္ဓာယ၊ ၍။ (ဟေဋ္ဌာ သခေ်ပတော ဂါထာဝဏ္ဏ-နာယံ၊ အောက်အကျဉ်းအားဖြင့် ဂါထာအဖွင့်၌။) မဂ္ဂက္ခဏေ ပနေသ။ပ။ ဟောတီတိ၊ ဟူ၍။ ဝုတ္တံ၊ မိန့်အပ်ပြီ။ [သေ-သော ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ မဂ္ဂက္ခဏေ၊ အရဟတ္တမဂ်ခဏ၌။ တံ ဇဋံ၊ ထိုတဏှာဟူသောအမြေးအရှက်ကို။ ဝိဇဋေတိ နာမ၊ ဖျက်ဆီးဆဲဖြေဆဲမည်၏။ [၃၅၃] ဖလက္ခဏေ၊ အရဟတ္တဖိုလ်ခဏ၌။ ဝိဇဋိတဇဋော၊ ဖျက်ဆီးအပ်ပြီး ဖြေအပ်ပြီးသော တဏှာ အမြေးအရှက်ရှိသည်ဖြစ်၍။ သဒေဝကဿ၊ သော။ လောကဿ၊ သတ္တလောက၏။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သော အလှူခံပုဂ္ဂိုလ်သည်။ ဟောတိ၊ ၏။]

ဝေံ-ယထာဝုတ္တနယေန၊ ဤသို့ အကြင် အကြင်ဆိုအပ်ပြီးသော နည်းဖြင့်။ အရိယပညာယ၊ အရိယမဂ်ပညာကို။ ဘာဝနာ၊ ပွါးစေခြင်းသည်။ အနေကာနိသံသာ၊ များသောအကျိုးရှိသည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဝိစက္ခဏော၊ အကျိုးအကြောင်းကို ရှုမြော်နိုင်သော အမျိုးကောင်းသားသည်။ တတ္ထ-အရိယပညာဘာဝနာယ၊ ထိုအရိယမဂ်ပညာကို ပွါးစေခြင်း၌။ ရတိံ၊ အလွန် မွေ့လျော်ခြင်းကို။ ကရေယျာထ၊ ပြုရာ၏။

၇၉၀။ စ၊ ဆက်။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော သဒ္ဒါ အစဉ် အနက်အစဉ်ဖြင့်။

သီလေ။ပ။ ဇဋန္တိ၊ ဟူသော။ ဣမိဿာ ဂါထာယ၊ ဤဂါထာ၌။ (မိမိ၏အနက်ဖြစ်သော ဝိသုဒ္ဓိမဂ်၏ တည်ရာဖြစ်ရကား ဂါထာကို အာဓာရအဖြစ်ဖြင့် ဆိုအပ်သည်။ တနည်း)ဣမိဿာ ဂါထာယ၊ ဤဂါထာ ၏။ (သာမိဝစနံ ဝါ ဧတံ အတ္ထဿ တံသမ္ဗန္ဓိဘာဝတော။ ဋီကာ)

၁-ထိုရဟန္တာအရှင်တို့သည် သကဒါဂါမ်ကဲ့သို့ပင်လျှင် တကျိပ်နှစ်ပါးဖြစ်ကုန်၏။ အထူးမှုကား ထိုရဟန္တာသခင်တို့သည် ပညာဝိမုတ္တ တကျိပ်နှစ်ပါး၊ ဥဘတောဘာဂဝိမုတ္တ တကျိပ်နှစ်ပါး၊ တေဝိဇ္ဇ တကျိပ်နှစ်ပါး၊ ဆဠဘိည တကျိပ်နှစ်ပါး၊ ပဋိသမ္ဘိဒါပတ္တ တကျိပ်နှစ်ပါးအားဖြင့် အမျှခြောက်ဆယ်ပြားကုန်၏။ ဤသို့လျှင် ပစ္စေကဗုဒ္ဓါသမ္မာသမ္ဗုဒ္ဓတို့နှင့်တကွ အရိယာပေါင်း တရာ့လေးကျိပ်ခြောက်ပါး ဖြစ်ကုန်၏။ (ပြည်)

သီလသမာဓိပညာမုခေန၊ သီလသမာဓိပညာကို အမှူးပြုသဖြင့်။ ဒေသိတေ၊ ဟောအပ်သော။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌။ သာနိသံသာ၊ အာနိသင်နှင့် တကွသော။ ပညာဘာဝနာ၊ ပညာဘာဝနာကို။ ပရိဒီပိတာ၊ ထက်ဝန်း ကျင်မှ ပြအပ်ပြီးသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤရွေ့အပြီးတည်း။

ဣတိ သာဓုဇနပါမောဇ္ဇတ္ထာယ ကတေ ဝိသုဒ္ဓိမဂ္ဂေ

**ပညာဘာဝနာနိသံသော နာမ**

**တေဝီသတိမော ပရိစ္ဆေဒေါ။**

# နိဂမနကထာ (၃၅၄-၂၂)

[ ၃၅၄ ] ဂ၉၁။ စ၊ ဆက်၍ဆိုအံ့။ သီလေ။ပ။ ဇဋ္ဋန္တိ၊ ဇဋံ-ဟူသော။ ဣမံ ဂါထံ၊ ဤဂါထာကို။ နိက္ခိပိတွာ၊ ထား၍။ ဣမိဿာ ဒါနိ ဂါထာယ။ပ။ သာဓဝေါတိ၊ သာဓဝေါ-ဟူ၍။ ယံ ဝိသုဒ္ဓိမဂ္ဂံ၊ အကြင်ဝိသုဒ္ဓိမဂ်ကို။ ဘာသိဿံ၊ ဟောပေအံ့။ ဣတိ-ဝေါ၊ သို့။ မယံ၊ ငါတို့သည်။ အဝေါစုမှာ၊ ဝန်ခံကုန်ပြီ။ (ဝိသုဒ္ဓိမဂ္ဂံ ဘာသိဿန္တိ၊ ဟူ၍။ ဝေါ၊ သို့။ ပဋိညာတော၊ ဝန်ခံအပ်ပြီးသော။)သွာယံ-သော အယံ ဝိသုဒ္ဓိမဂ္ဂေါ၊ ထိုဝိသုဒ္ဓိမဂ်သည်။ ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ ဘာသိတော၊ ဝန်ခံသောအလျောက် မဖောက်မပြန် ဟောအပ်ပြီးသည်။ ဟောတိ၊ ၏။

ဂ၉၂။ စ၊ ဆက်။ တတ္ထ၊ ထိုဝိသုဒ္ဓိမဂ်ကျမ်း၌။

တေသံ၊ ထိုသီလေ ပတိဋ္ဌာယ-ဟူသောဂါထာ၌ ဟောအပ်ကုန်သော။ သီလာဒိဘေဒါနံ၊ သီလစသည် အပြားရှိကုန်သော။ အတ္ထာနံ၊ အနက်တို့၏။ ပဥ္စန္နံပိ နိကာယာနံ၊ ငါးပါးသော နိကာယ်တို့၏လည်း။ အဋ္ဌကထာ-နယေ-အဋ္ဌကထာတန္တိယံ၊ အဋ္ဌကထာအစဉ်၌။ တတ္ထ တတ္ထ၊ ထိုထိုသို့သော အရာ၌။ ဝုတ္တော၊ ဆိုအပ်သော။ ယော ဝိနိစ္ဆယော၊ အကြင်အဆုံးအဖြတ်သည်။ အတ္ထိ၊ ရှိ၏။

ယေဘုယျေန၊ များသောအားဖြင့်။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော အဆုံးအဖြတ်ကို။ သမာဟရိတွာ၊ (အုံမပျားပျစ် လဘိုညစ်သို့ ဖျစ်ဖျစ်ကုန်အောင်) ကောင်းစွာဆောင်၍။ သဗ္ဗသင်္ကရဒေါသေဟိ၊ နိကာယ်တပါး၌ရင်း မိမိ၏ နိကာယ်၌ရင်း တည်သော ဝါဒအထူးတည်းဟူသော အလုံးစုံသော ဒေါသအပြစ် ရောရှက်ခြင်းတို့မှ။ မုတ္တော၊ လွတ်သော။ နိစ္ဆယော၊ အဆုံးအဖြတ်ကို။ (စာကိုယ်၌ သနိစ္ဆယော-ရှိ၏၊ အဆုံးအဖြတ်နှင့်တကွသော အနက်ကို။ပေး) ယသ္မာ၊ ကြောင့်။ ပကာသိတော၊ ပြအပ်ပြီ။

တသ္မာ၊ ထိုသို့ အလုံးစုံသောအပြစ်တို့မှလွတ်သော အဆုံးအဖြတ်နှင့် တကွသောအနက်ကို ပြအပ်သည်၏အဖြစ်ကြောင့်။ ဝိသုဒ္ဓိကာမေဟိ၊

နိဗ္ဗာန်ကို အလိုရှိကုန်သော။ သုဒ္ဓပညေဟိ၊ သန့်ရှင်းစင်ကြယ်သော ပညာ ရှိကုန်သော။ ယောဂီဟိ၊ ယောဂီပုဂ္ဂိုလ်တို့သည်။ တေသံ ဝိသုဒ္ဓိမဂ္ဂေ၊ ဤဝိသုဒ္ဓိမဂ်ကျမ်း၌။ သာဒရေ၊ ရိုသေစွာလှ အရအမိအားထုတ်ခြင်းကို။ ကရဏီယော၀၊ ပြုသင့်သည်သာတည်း။ ဣတိ၊ ဤသို့ ဥယျောဇဉ် အပြီးတည်း။

[၃၅၅] ဂါ၃။ ဝိဘဇ္ဇဝါဒိသေဋ္ဌာနံ၊ ဝိဘဇ္ဇဝါဒီဖြစ်သော ဘုရား မြတ်စွာ၏ သာ၀ကအပေါင်းတို့၌ အထူးသဖြင့် ချီးမွမ်းအပ်ကုန်ထသော။ ထေရိယာနံ၊ မြဲမြံခိုင်ခံ့သော သီလ သမာဓိ ပညာ သဒ္ဓေါသစသော ဂုဏ်ရှိကုန်ထသော။ ယသဿိနံ၊ မြတ်သော ကျော်စောသံရှိကုန်ထသော၊ ဝါ၊ များမြတ်သော အခြံအရံရှိကုန်ထသော။ မဟာဝိဟာရဝါသိနံ၊ ဒက္ခိဏ သာခါ မဟာဗောဓိဖြင့် တန်းဆာဆင်အပ်သော မဟာဝိဟာရအမည် ရှိသော ကျောင်းတိုက်ကြီး၌ သီတင်းသုံးလေ့ရှိကုန်ထသော။ ထေရာနံ၊ မဟာမဟိန္ဒစသော မထေရ်တို့၏။ ဝံသဇဿ၊ အနွယ်၌ဖြစ်ထသော။ ဝိဘာဝိနော၊ ထင်စွာပြတတ်သော ပညာရှိထသော။

သုစိသလ္လေခဝုတ္တိနော၊ စင်ကြယ်စွာသောကိလေသာတို့ကို ခေါင်းပါး စေနိုင်သော အကျင့်တော်လည်းရှိထသော။ ဝိနယာစာရယုတ္တဿ၊ ဝါရိတ္တ-သီလ စာရိတ္တသီလ၌ မပြောက်မကျားရအောင် အားထုတ်တော်မူထသော။ ပဋိပတ္တိယံ၊ ဓုတင်အကျင့် သမထဘာဝနာ ဝိပဿနာဘာဝနာအကျင့်၌။ ယုတ္တဿ၊ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ အမြဲအားထုတ်ထသော။ ခန္တိ-သောရစ္စမေတ္တာဒိဂုဏဘူသိတစေတသော၊ အပူအချမ်း ရန့်ကြမ်းစကား စသည်ကို သည်းခံခြင်း ခန္တိ, တင့်တယ်သော ကိုယ်နှုတ်နှလုံး သုံးပါးအမှု၌ မွေ့လျော်သည်၏ အဖြစ်တည်းယူသော သောရစ္စ, သတ္တဝါအများကို သား၏အသွင် ချစ်ခင်သော မေတ္တာစသောဂုဏ်တို့ဖြင့် တင့်တယ်သော စိတ်ရှိထသော။ ဘဒန္တသံဃပါလဿ၊ သံဃပါလအမည်ရှိသောမဟာထေရ် အရှင်မြတ်၏။ အဇ္ဈေသနံ၊ တိုက်တွန်းတောင်းပန်ခြင်းကို။ ဂဟေတွာ၀၊ ဝန်ခံ၍သာလျှင်။ ဣမံ ဝိသုဒ္ဓိမဂ္ဂံ၊ ဤဝိသုဒ္ဓိမဂ်ကို။ သမ္ဗုဒ္ဓိတိကာမေန၊ သာသနာတော် မြင့်မြဲစွာတည်ခြင်းကို အလိုရှိသည်ဖြစ်၍။ ကရောန္တေန၊ စီရင်သော။ မယာ၊ သည်။ ယော ပုညသဉ္စယော၊ အကြင်ကောင်းမှုအစု ကို။ ပတ္တော၊ ရအပ်ရောက်အပ်ပြီ။ တဿ-ပုညသဉ္စယဿ၊ ထိုကောင်းမှု

အစုဏ္ဏ။ တေဇေန၊ အစွမ်းအာနုဘော်ဖြင့်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ သုခံ၊ ချမ်းသာသုံးတန်သို့။ ဓေန္တု၊ ရောက်စေကုန်သတည်း။ (တနည်း) သုခံ၊ သုံးတန်သော ချမ်းသာကို။ ဓေန္တု၊ ပွါးများစေနိုင်သည် ဖြစ်စေကုန်သတည်း။ (ဓေ-ဝုဒ္ဓိယံ၊ သုခေဓိတော။ သဒ္ဒနီတိ)

၇၉၄။ ဣစ္ဆ သာသနေ၊ ၌။ ဧသော ဝိသုဒ္ဓိမဂ္ဂေါ၊ ဤဝိသုဒ္ဓိမဂ်ကျမ်းသည်။ အန္တရာယံ၊ နှောင့်ယှက်ငြိတွယ်တတ်သော အန္တရာယ်ကို။ ဝိနာဝ၊ ကြဉ်၍သာလျှင်။ ဝါ၊ အန္တရာယံ ဝိနာဝ၊ အန္တရာယ်ကင်းသည် ဖြစ်၍သာလျှင်။ အဋ္ဌပညာသဘာဏဝါရာယ၊ ငါးဆယ့်ရှစ် ဘာဏဝါရရှိသော။ ပါဠိယာ၊ ပါဠိဖြင့်။ နိဋ္ဌိတော ယထာ၊ အပြီးကမ္ပတ်ရောက်သကဲ့သို့။ တထေဝ၊ ထိုအတူလျှင်။ လောကဿ၊ အလုံးစုံသော သတ္တလောက၏။ သဗ္ဗေ၊ ကုန်သော။ ကလျာဏနိဿိတာ၊ ကောင်းသောကျေးဇူးကို မှီကုန်သော။ မနောရထာ၊ နှလုံးအလိုတို့သည်။ သီဃံ သီဃံ၊ လျင်စွာလျင်စွာ။ အနန္တရာယာ၊ အန္တရာယ်မရှိကုန်သည်ဖြစ်၍။ ဣဇ္ဈန္တု၊ ပြည့်စုံပါစေကုန် သတည်း။ ဣတိ၊ ဤသည်လျှင် အဗျွေသကပုဂ္ဂိုလ်နှင့်တကွ အာသီသ ပြုသော စကားအပြီးတည်း။

၇၉၅။ ပရမဝိသုဒ္ဓသဒ္ဓါဗုဒ္ဓိဝီရိယပဋိမဏ္ဍိတေ[၁] သီလာစာရဇ္ဇဝမဒ္ဒဝါဒိ-ဂုဏသမုဒယသမုဒိတေန၊ ပညာရှိတို့မွေလျော်အပ် မြတ်သော ညစ်ကြေး မလူး အထူးသဖြင့်စင်ကြယ်သော သဒ္ဓါပညာဝီရိယတို့ဖြင့် တန်းဆာဆင်အပ် သော ဝါရိတ္တသီလ, စာရိတ္တသီလ, ဖြောင့်မတ်သည်၏အဖြစ်, နူးညံ့သည်၏ အဖြစ်အစရှိသော ကျေးဇူးအပေါင်းတို့၏ စုဝေးပေါင်းဆုံရာ ဖြစ်ထသော။

---

၁-ဤ၌ ပဋိမဏ္ဍိတေန-ဟုရှိသည်ကားမတော် တသမာသ်တည်းသာ လျော်သည်။ အဘယ်ကြောင့်နည်းဟူမူ? ပါတိမောက္ခသံဝရသီလသည် သဒ္ဓါသာမနေဖြစ်၍ သဒ္ဓါဖြင့် တန်းဆာဆင်ရသည်၊ ပစ္စယသန္နိဿိတသီလသည် ပညာသာမနေဖြစ်၍ ပညာဖြင့် တန်းဆာ ဆင်ရသည်၊ အာဇီဝပါရိသုဒ္ဓိသီလသည် ဝီရိယသာမနေဖြစ်၍ ဝီရိယဖြင့် တန်းဆာဆင်ရ သည်၊ ပညာဝီရိယဖြင့် သတိကိုလည်းယူ၍ ဣန္ဒြိယသံဝရသီလကို သတိဖြင့် တန်းဆာ ဆင်ရသည်ဖြစ်၍ သီလာစာရစသည်တို့၏ ဝိသေသနဖြစ်ရကား တသမာသ်တည်း သင့် သည်။ ထို့ကြောင့် အထက်၌ ဝိပုလဝိသုဒ္ဓိဗုဒ္ဓိနာ-ဖြင့် ပညာကို အသီးဆိုလတ့်ဖြစ်သည်။ အဋ္ဌသာလိနီ ပါရာဇိကဏ်စသော ထိုထိုအဋ္ဌကထာတို့၌လည်း တသမာသ်တည်းသာ ရှိသည်။

သကသမယသမယန္တရဂဟနဇ္ဈောဂါဟဏသမတ္ထေန၊ မဟာဝိဟာရဝါသီဂိုဏ်းသားဖြစ်သော ထေရ်တို့၏အယူဟူသော သကသမယ, အဘယဂိရိဝါသီ ဇေတဝနဝါသီဂိုဏ်းသားတို့၏ အယူဟူသော သမယန္တရတည်းဟူသော တောအုပ်သို့ သက်စွမ်းနိုင်သော ဉာဏ်ရည်ရှိထသော။ ပညာဝေယျတ္တိယသမန္နာဂတေန၊ ပညာ၏အထူးအဆန်းအနက်အဓိပ္ပါယ်ကို သိနိုင်စွမ်း၍ ထက်မျက်သန့်ရှင်းသည်၏အဖြစ်နှင့် ပြည့်စုံထသော။ တိပိဋကပရိယတ္တိပ္ပဘေဒေ၊ ပိဋကတ်သုံးပုံဟူသော ပရိယတ်အပြားရှိသော။ သာဋ္ဌကထေ၊ အဋ္ဌကထာနှင့် တကွဖြစ်သော။ သတ္ထုသာသနေ၊ ဘုရားမြတ်စွာသာသနာတော်၌။ အပ္ပဋိဟတဉာဏပ္ပဘာဝေန၊ အပိတ်အပင်ကင်း၍ ချင်းနင်းနိုင်သော ဉာဏ်အစွမ်းနှင့်ပြည့်စုံထသော။ မဟာဝေယျာကရဏေန၊ အကြီးအမြတ်ဖြစ်၍ ဗျာကရိုဏ်းတတ်ပုဂ္ဂိုလ်မြောက်ထသော။ ကရဏသမ္ပတ္တိဇနိတသုခဝိနိဂ္ဂတမဓုရောဒါရဝစနလာဝဏ္ဏယုတ္တေန၊ ကရိုဏ်း၏ပြည့်စုံခြင်းသည် ဖြစ်စေအပ်သော ချမ်းချမ်းသာသာ သန့်ရှင်းစွာထွက်၍ မဓုရဂုဏ်, ဥဒါရဂုဏ်နှင့်ပြည့်စုံသော စကား၏ ဆားကဲ့သို့လေးလေးနက်နက်မျက်သည်၏အဖြစ်နှင့်ယှဉ်ထသော[၁]။ ယုတ္တမုတ္တဝါဒိနာ၊ သိကြားလွတ်သော လက်နက်သို့ ချက်တိုင်းမှန်သဖြင့် အသင့်ဆိုနိုင် တွေးမှိုင်နှိုင်းဆ မကြံရလျက် ချက်တဖြုတ် လွတ်လွတ်ဆိုနိုင်ထသော။ ဝါဒိဝရေန၊ ကျမ်းဆိုပုဂ္ဂိုလ်တို့အလယ်၌ မြတ်သောပုဂ္ဂိုလ်ဖြစ်ထသော။ မဟာကဝိနာ၊ အကြီးအမြတ်ပါမောက္ခဖြစ်၍ ကဝေမြောက် ပုဂ္ဂိုလ်ကျော်ဖြစ်ထသော။ ဆဠဘိညာပဋိသမ္ဘိဒါဒိဘေဒဂုဏပဋိမဏ္ဍိတေ၊ ခြောက်ပါးသောအဘိညာဉ် လေးပါးသော ပဋိသမ္ဘိဒါစသည်အပြားရှိသော ကျေးဇူးအပေါင်းတို့ဖြင့် တန်းဆာဆင်အပ်ထသော[၂]။ ဥတ္တရိမနုဿဓမ္မေ၊ လူတို့ ကုသိုလ်ဆယ်ပါးတရားထက် လွန်မြတ်သောဈာန် မဂ်ဖိုလ်တရား၌၊ ဝါ၊ ပကတိလူတို့ထက် လွန်မြတ်သော

---

၁-မဓုရောဒါတ- ဟု ရှိသည်ကားမသင့်၊ ဤမဓုရဂုဏ် ဥဒါရဂုဏ်တို့သည် အလင်္ကာကျမ်း ၁၁၇-ဂါထာစသည်၌ လာကုန်၏။ လဝဏံ ဝိယာတိ လဝဏံ၊ လဝဏဿ ဘာဝေါ လာဝဏ္ဏံ-ပြု။ (ပြည်)

၂-အဋ္ဌသာလိနီ သံယုတ်အဋ္ဌကထာစသည်တို့၌ ပဘိန္နပဋိသမ္ဘိဒါပရိဝါရေ ဆဠဘိညာဒိပ္ပဘေဒဂုဏပဋိမဏ္ဍိတေ-ရှိ၏။ ပဘိန္နပဋိသမ္ဘိဒါဝါရေ၊ အပြားအားဖြင့် ဖြစ်သော ပဋိသမ္ဘိဒါ ဟူသော အခြံအရံရှိထသော။ ဆဠဘိညာဒိပ္ပဘေဒဂုဏပဋိမဏ္ဍိတေ၊ ခြောက်ပါးသော အဘိညာဉ် ရှစ်စဉ်သောသမာပတ် ဝိဇ္ဇာအဋ္ဌစသည်အထူး ဂုဏ်ကျေးဇူးတို့ဖြင့် တန်းဆာဆင်အပ်သော။ ပေး။

ဈာနလာဘီ အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဈာန်မဂ်ဖိုလ်တရားဌ်။ အပ္ပဋိဟတဗုဒ္ဓိနံ၊ အပိတ်အပင် အဆီးအတားမရှိသော ပညာရှိကုန်ထသော[၁]။ ထေရဝံသပ္ပဒီပါနံ၊ အရှင်မဟာကဿပ အစရှိသော မထေရ်တို့၏အနွယ်ကို ပညာရောင်ဖြင့် ပြတတ်သည်ဖြစ်၍ မထေရ်တို့၏အနွယ်၌ ဆီမီးသဖွယ် ဖြစ်ကုန်ထသော။ မဟာဝိဟာရဝါသီနံ ထေရာနံ၊ မဟာဝိဟာရဝါသီမထေရ်တို့၏။ ဝံသာလင်္ကာရဘူတေန၊ အနွယ်အဆက်၏ တန်းဆာဖြစ်၍ ဖြစ်ထသော။ ဝိပုလဝိသုဒ္ဓဗုဒ္ဓိနာ၊ ပြန့်ပြောစင်ကြယ်သော ပညာရှိထသော၊ ဝါ၊ ပြန့်ပြောစင်ကြယ်သော ပညာရှိသည်ဖြစ်၍။ ဗုဒ္ဓဃောသောတိ၊ ဗုဒ္ဓဃောသဟူ၍၊ ဝါ၊ တောင်လက်ယာကျွန်းငူတွင် ဘုရားငယ်တဆူသို့ ကျော်စောသော ဗုဒ္ဓဃောသဟူ၍။ ဂရူဟိ၊ ကျောက်ထီးကဲ့သို့ အလေးအမြတ်ပြုအပ်သော ဆရာမြတ်တို့သည်။ ဂဟိတ-နာမဓေယျေန၊ မှည့်ခေါ်အပ်သော အမည်ရှိသော။ မုဒန္တခေဒက-ဝတ္တဗ္ဗေန၊ မုဒိတာဖြင့် ဝမ်းမြောက်တတ် ကရုဏာဖြင့် ပင်ပန်းခြင်းသို့ ရောက်တတ်သောကြောင့် မုဒန္တခေဒကဟု ခေါ်ဝေါ်အပ်ထသော[၂]။ ထေရေန၊ မထေရ်သည်။ ဝိသုဒ္ဓိမဂ္ဂေါ နာမ၊ ဝိသုဒ္ဓိမဂ် အမည်ရှိသော ကျမ်းကို။ ကတော၊ ပြုအပ်ပြီ။ အယံ ဝိသုဒ္ဓိမဂ္ဂေါ၊ ကျမ်းသည်။

[၃၅၆] ယာဝ၊ အကြင်ရွေ့လောက်သော ကာလပတ်လုံး။ သုဒ္ဓစိတ္တဿ၊ ရာဂ ဒေါသ မောဟ အစရှိသော အညစ်အကြေးမှ စင်ကြယ်သောစိတ် ရှိတော်မူထသော။ တာဒိနော၊ လာဘာလာဘအစရှိသော လောကဓံရှစ်ပါး၊ ဣဋ္ဌအနိဋ္ဌအာရုံကိုလည်း ပကတိသဘောကို မစွန့်သဖြင့် တုန်လှုပ်ခြင်း ကင်းသောဂုဏ်နှင့် ပြည့်စုံတော်မူထသော။ လောကဇေဋ္ဌဿ၊ လောက သုံးပါး၌ သီလသမာဓိပညာစသော ဂုဏ်အားဖြင့် ကြီးမားသောပုဂ္ဂိုလ်

---

၁-သံယုတ်အဋ္ဌကထာ စသည်တို့၌ သုပ္ပတိဋ္ဌိတဗုဒ္ဓိနံ-ဟုရှိ၏၊ လုံ့မစောက် ကောင်းစွာတည်သော ပညာရှိကုန်ထသော။ပေး။ (ပြည်)

၂-ဤပုဒ်သည် အစောင်စောင်မညီ ပျက်စီးသည်၊ ဆင်ခြင်။ (ပြည်) ဆဋ္ဌသံဂါယနာမှု အောက်ခြေ၌ပြထားသော မူကွဲပါဌ်သုံးမျိုးတွင် အင်္ဂလိပ်အက္ခရာနှင့်ပုံနှိပ်ထားသော ဝိသုဒ္ဓိမဂ်စာအုပ်မှ မောရဏ္ဍခေဋကဝတ္တဗ္ဗေန-ဟူသော မူသည်သာလျှင် အသင့်လျော်ဆုံးဖြစ်သည်။ ထိုကြောင့် ၎င်းကိုသာ ပါဌ်မှန်ဟုယူ၍ ဤနိဿယပဌမတွဲနိဒါန်း၌ ဖော်ပြခဲ့ပြီ။ သို့ဖြစ်၍ ဤအရာ၌လည်း "မောရဏ္ဍခေဋကဝတ္တဗ္ဗေန၊ မောရဏ္ဍ(ဒေါင်းဥ)ရွာသားဟူ၍ ခေါ်ဝေါ်အပ်ထသော။" ဟု အနက်ပြန်ရာ၏။ အကျယ်ကို နိဒါန်း စာမျက်နှာ(ကံ၊ကား)တို့၌ကြည့်ပါ။ (ဆ-သံ-သော)

ဖြစ်တော်မူထသော၊ ဝါ၊ အဝိဇ္ဇာဥခွံကိုပယ်ခွါ၍ လက်ဦးစွာထွက်သည်၏ အဖြစ်ကြောင့် လောကသုံးပါး၏ အကြီးအစ်ကို ဖြစ်တော်မူထသော။ မဟေသိနော၊ မြတ်သော သီလကျေးဇူးအပေါင်း စသည်ကို ရှာတော်မူပြီးသော မြတ်စွာဘုရား၏။ ဗုဒ္ဓေါတိ နာမမ္ပိ၊ ဘုရား ဘုရားဟူသော အမည်တော်သည်မူလည်း။ လောကမှိ၊ လောကသုံးပါး၌။ ပဝတ္တတိ၊ မပြတ်မစဲတည်သေး၏။ ၈၉၆။ တာဝ၊ ထိုရွေ့ ဘုရားဟူသည် အမည်တော် မပြတ်မစဲသမျှ ကာလပတ်လုံး။ လောကနိတ္ထရဏေသိနံ၊ လောကသုံးပါးမှ ထွက်မြောက်ခြင်းကို ရှာလေ့ရှိကုန်သော၊ ဝါ၊ လောကသုံးပါးမှ ထွက်မြောက်ရာနိဗ္ဗာန်ကို ရှာလေ့ရှိကုန်သော။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့အား။ သီလဝိသုဒ္ဓိယာ၊ သီလစင်ကြယ်ခြင်း၏။ "သီလစင်ကြယ်ခြင်းငှါ"။ နယံ၊ နည်းဥပဒေသကို။ ဒဿေန္တော၊ ပြလျက်။ လောကသ္မိံ၊ လောကသုံးပါး၌။ တိဋ္ဌတု၊ တည်စေသတည်း။ ဣတိ၊ ဤရွေ့လျှင်ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိဂုံးစကား အပြီးတည်း။

ဣတိ၊ ဤသို့သော စကားအစီအစဉ်ဖြင့်။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်းတို့ နှစ်သက်ဝမ်းမြောက်ခြင်းအကျိုးငှါ။ ကတာ၊ ပြုအပ်သော။ ဝိသုဒ္ဓိမဂ္ဂကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာသည်။ နိဋ္ဌိတာ၊ အပြီးကမ္ပတ်ရောက်လတ်ပြီ။

သာ ဝိသုဒ္ဓိမဂ္ဂကထာ၊ သည်။ ပါဠိဂဏနာယ ပန၊ ပါဠိတော်အရေအတွက်အားဖြင့်ကား။ အဋ္ဌပညာသဘာဏဝါရာ၊ ငါးဆယ့်ရှစ် ဘာဏဝါရအတိုင်းအရှည်ရှိသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသည်လျှင် နိဂုံးနှင့် တကွသော စကားရပ် အပြီးသတ်တည်း[၁]။

---

၁-ဤပါဠိကား ရှေးပါဌ်ဟောင်းမဟုတ်၊ အဘယ့်ကြောင့်နည်း?ဝိသုဒ္ဓိမဂ္ဂေါ ဧသော၀၊ အနန္တရယံ ဝိနာ ဣမ၊ နိဋ္ဌိတော အဋ္ဌပညာသ၊ ဘာဏဝါရာယ ပါဠိယာ-ဟု အောက်၌ဆိုပြီးဖြစ်သောကြောင့်တည်း။

## နိဿယနိဂုံး

ယေ'နန္တတန္တမန္တာယ၊ မန္တနေရုသုဗုဒ္ဓိယာ။
လဒ္ဓါ ဣတိ မတာ သာရာ၊ သုခိတာ သုခယန္တိ စ။
တေ မေ ဇယန္တိ ဂရဝေါ၊ ဂရဝေါ ဂုဏရာသိဘိ။
တပေါဓနာ သတာ ဓီရာ၊ သာသနောဒယကာရကာ။
သုဇာတာ တေဟိ ထေရေဟိ၊ လဒ္ဓေါပဒေသဘိက္ခဝေါ။
ဂန္ထကာရာ ဗဟူ ဇာတာ၊ ပယောပဒေသပါယကာ။

ဣစ္စာဘိမဟာတေဇဝန္တ သံဂုတ္တမဟာနဂြဿုပရိဂဗ္ဘ သံနိဝိဋ္ဌဗောဓော-ဒဗျာဘိဓာနဂ္ဂမုဂ္ဂတဿ ဤသုတ္တရောနတပစ္ဆိမဒိသာဘာဂေ မဟာဝိဟာ-ရေ ဝသနသီလာနံ ဘဒ္ဒန္တဉာဏောဘာသာဒိပုဗ္ဗာစရိယသီဟာနံ သုပရိသုဒ္ဓ-ပဘာဝလဇ္ဇိပေသလသိက္ခာကာမာနံ အဏုမတ္တေသုပိ ဝဇ္ဇေသု ဘယဒဿာ-ဝီနံ ဥဋ္ဌာရဗ္ဘသယာနံ နိသမ္မကာရီနံ မဟာဝေယျာကရဏာနံ ဒုက္ခော-ဂါဟပိဋကတ္တယမဟာဝနာသင်္ဂဉာဏစာရီနံ ကဝိကုဉ္ဇရကေသရီနံ ပထ-ဗျာ ပါကဋာနံ အယဉ္စ မေဓာဝီ အယဉ္စ မေဓာဝီ, ဣမေ ပနိမေသံ ဝိသေ-သေန မေဓာဝိနောတိ မေဓိယာနံ ဓဇုပမေန သုစိသလ္လေခဝုတ္တိနာ ခန္တျ-ဇ္ဇဝမဒ္ဒဝသောရစ္စဂရုဂါရဝယုတ္တေန ဥပါသကာနံ ဓမ္မာနုဂ္ဂဟေန သဗြဟ္မ-စာရီနဉ္စ ဒွိဟိပိ အနုဂ္ဂါဟကေန ရဋ္ဌသင်္ဂဟေပိ အဟာပေတွာ သဒါ သာသနောဒယကာရိနာ ဘာသိတတ္ထံ ခိပ္ပံ ဂဟဏဓာရဏသမတ္ထေန မေဓိယမဓောတိ ဂရူဟိ ဂဟိတနာမဓေယျေန သီလဝတိယာ သုဓမ္မဒေဝိ-ယုတ္တရူပရိယာ အာစရိယေန မဟာထေရေန ပရမ္ပရာဘတဝိနိစ္ဆယညူဘိ လဒ္ဓေါပဒေသမဝလမ္ဗ ကတာယံ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာယတ္ထယောဇနာ နာတိ-သင်္ခေပနာတိဝိတ္ထာရမဓုရသာရဝိနိစ္ဆယာ။

ဇယဝဿေတော တတိယေ၊ အယံ ဂန္ထော သုနိဋ္ဌိတော။
နိဋ္ဌံ ပတ္တော အနာယာသာ၊ ဂမ္ဘီရတ္ထသုဗောဓနော။
ယော ဟိ ရာဇာ မဟာပုညော၊ သန္တော ဒန္တော ဝိစက္ခဏော။
သာသနဿောဓနေ ဒဋ္ဌံ၊ သဒါ ဥဿာဟမာနသော။
အတ္တနော ဝိယ သဗ္ဗေသံ၊ ဒန္တကာမော ဒယာလုကော။
ကတွာ ဒါယကော ဒါနံ၊ ဒါနသာလံ စတုဒ္ဒိသာ။
ယံ နိဿာယ မမေသောပိ၊ သတ္ထုသာသနဇောတနေ။

အပ္ပေဝ နာမုပတ္ထမ္ဘော၊ ဘဝေယျာတိ အယံ ကတော။
နိဋ္ဌိတာယံ ယထာ ဂန္ထော၊ အန္တရာယံ ဝိနာ သုခံ။
တထေဝ ဟိတသက်ပ္ပါ၊ သမိဒ္ဓါ ဟောန္တု ပါဏိနံ။
န ရုစ္စတာယသမ္မန္တာနံ၊ အပရဒ္ဓံ မမ ကြိယံ။
တံ မေ ခမန္တု ဘဒ္ဒန္တာ၊ ပူဇာ ဟောတု အယံ မမ။
ဣမဥ္စ သင်္ဂရောန္တေန၊ ယံ ပုညံ ပသုတံ မယာ။
အညမ္ပိ တေန ပုညေန၊ ပသုတေနိဓ သာသနေ။
အသမ္ဘာကဥ္စ သုဘူပါနံ၊ ဇယော ဘဝတု သဗ္ဗဒါ။
တေ စ ရက္ခန္တု မမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။
နိရတာ ပုညကမ္မေသု၊ ဇောတေန္တု ဇိနသာသနံ။
ဣမေ စ ပါဏိနော သဗ္ဗေ၊ ပပ္ပေါန္တု အမတံ ပဒံ။
သောတာရော စ ပေဋကိကာ၊ အရောဂါ နိရုပဒ္ဒဝါ။
ပါရင်္ဂတာ ဂန္ထကာရာ၊ တာရကာ ရိဝ သာသနေ။
အာရက္ခကာ မရူ သဗ္ဗေ၊ ပါပုဏန္တု သုခံ နဝံ။
ပမာဒရဟိတာ ရက္ခန္တု၊ သမ္မာ ဒေဝေါ ပဝဿတု။
သပရတ္ထကောဝိဒေါဟံ၊ စရန္တော ဗောဓိပါစကံ။
သဗ္ဗညုတံ ဝရံ ပတွာ၊ တာရေမိ ဇနတာ ဗဟုံ။
ပရိတော တု ကုလေ ဥစ္စေ၊ သတ္တသဒ္ဓမ္မသံယုတော။
သဗ္ဗသာမယိကော ဓီရော၊ သောမေယျံ သောဂတံ သုဘံ။
သာသနန္တရဓာနေပိ၊ သုမေဓောဝ တပေါဓနော။
ကာယေ ဇီဝေနပေက္ခန္တော၊ စရေယျံ ဗောဓိပါစကံ။
တာဝါယံ တိဋ္ဌတံ လောကေ၊ လောကဇေဋ္ဌဿ တာဒိနော။
ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ ပဝတ္တတိ သိရိမတောတိ။

ယေ ဂရဝေါ၊ အကြင် တို့ကျေးဇူးရှင် ဆရာတော်မြတ်တို့ကို။ အနန္တတန္တမန္တာယ၊ ရတနာတို့၏တည်ရာ မဟာသမုဒ္ဒြာ မြစ်မင်းသည် ဆင်းသက်ကူးခပ်နိုင်ခဲစွာဘိ အဆုံးမရှိသကဲ့သို့ အနုပစိတသမ္ဘာရမန္ဒဗုဒ္ဓိတို့သည် သိနိုင်ခဲသည်ဖြစ်၍ အဆုံး အပိုင်းအခြားမရှိ ပါဠိအဋ္ဌကထာ ဋီကာဂန္ထန္တရဗျာကရိုဏ်းစသော ကျမ်းဂန်ရသာရည်ကို နှောက်နှည် ပွတ်မွှေကြောင်းဖြစ်သော။ မန္ထနေရုသုဗုဒ္ဓိယာ၊ နှိုရည်သမုဒ္ဒြာကိုမွှေနှည်နှောက်နက်ကြောင်း

ဖြစ်သော မြင့်မိုရ်တောင်မင်းသဖွယ် တင့်တယ်လျှင်လျှား သွားသော ဉာဏ်ဖြင့်။ လဒ္ဓါ၊ မွေ့နှည်နှောက်နက် အပ်သော အဆုံးမရှိ ကျက်စွာ ဘိသား ပါဠိအဋ္ဌကထာ ဋီကာဂဏ္ဌိတ္တရ ဗျာကရိုဏ်းစသော ကျမ်းဂန် တည်းဟူသော မဟာသမုဒ္ဒရာမှ ရအပ်ကုန်သည်ဖြစ်၍။ ဣမေ၊ ဤ တို့ကျေးဇူးရှင် ဆရာတော်တို့ကား။ သာရာ-သာရဘူတာ၊ အလုံးစုံသော ကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒရာ၏ အနှစ်အရသာစု ဆီဥဆီခဲသဖွယ် ဖြစ်ကုန်၏။ ဣတိ၊ သို့။ မတာ-ဉာတာ သမ္မတာ၊ ပညာရှိတို့ သိအပ် မှတ်အပ် သမုတ်အပ်ကုန်၏။ တပေါဓနာ၊ ငါးခန်းတိုက်၌ သိုက်မြိုက် သိမ်းစု လုလည်းမဖြစ် အနှစ်အနဋ္ဌ သီလဥစ္စာ ကြွယ်ဝတော်မူကုန် ထသော။ သတာ၊ စိရကတ စိရဘာသိတစသည် အာရုံခပင်းကို မရှင်း မပျောက် အောက်မေ့ခန့်ချိ သတိမြဲတော်မူကုန်ထသော။ မိရာ၊ သဘော အားယျော်စွာ မှတ်နိုင် ဆောင်နိုင်သော ပညာရှိတော်မူကုန်ထသော၊ ဝါ၊ ခိုင်ခံ့သော သမာဓိရှိတော်မူကုန်ထသော။ သာသနောဒယကာရကာ၊ သာသနာတော်၏ စီးပွါးကြောင်းအမှုကိုသာ ပြုကုန်ထသော။ ဂုဏာ-ရာသိဘိ၊ စင်စစ်သူတပါးတို့သည် ချီပိုးဆောင်ရွက်နိုင်ခဲလှစွာ သီလသမာဓိ သန္တောသ အစရှိကုန်သော သခင်တို့အပေါ်၌ တင်ရွက်အပ်ကုန်သော ကျေးဇူးဂုဏ် အစုအပုံကြီးတို့ဖြင့်။ ဂရဝေ။ လူသာမန်တို့ ချီပိုးဆောင်ရွက် နိုင်ခဲသောဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ စင်စစ်အားကြီး ကျောက်ထီးသို့ အင်မတန် လေးလန်သည်ဖြစ်၍ဖြစ်ကုန်ထသော။ မေ၊ ၏။ တေ ဂရဝေါ၊ ထိုကျေးဇူးရှင် ဆရာတော်မြတ်တို့သည်။ သုခိတာ၊ ကောင်းစွာပြီးစေ အပ်သော ဒိဋ္ဌဓမ္မသမ္ပရာယိက အကျိုးစီးပွါး များမြတ်ပေါဖြင့်၍ သခင် တို့လည်း ချမ်းသာခြင်းသို့ ရောက်တော်မူပေကုန်၏။ အညေ စ၊ သခင် တို့ကို နှစ်လိုလေးမြတ် မပြတ်နေ့ည ဩဝါဒခံကုန်သော တပါးသော သူတို့ကိုလည်း။ သုခယန္တု၊ သိုက်မှန်ဖောက်သို့ တတ်မြောက်စလွယ် ဆန်းကြယ်ဥပဒေ မူသေနိဿရည်း နည်းပေးကောင်းသဖြင့် မညောင်း ကာလ ကျမ်းဂန်ကျ၍ ဉာဏ်ဝပြည့်လျှမ်း ချမ်းသာစေကုန်၏။ ဇယန္တု စ၊ ကျမ်းဂန် အထူးအဆန်း၌ မသန်းဟယ်လောက် ကူးခပ်မြောက်၍ ပြိုင်ထောက်မထင် အောင်မြင်တော်မူပေကုန်၏။

တေဟိ ထေရေဟိ၊ ထိုကျေးဇူးရှင်သခင်တို့မှ။ သုဇာတာ၊ သခင်တို့ခြေ၌ ကပ်သောမြူဖြင့်ပြွမ်းသော ဦးခေါင်းရှိလျက် ချက်ချက်ကြည်ယုံ ဝတ်ပြည့်

စုံ၍ ခိုလှုံသောအားဖြင့် ကောင်းစွာပေါက်ဖွားကုန်သော။ ပယောပဒေသပါယကာ၊ ချိုမြိန်သောနို့ရည်အတူ သောက်ယူအပ်သော ဥပဒေသ ရှိကုန်သော။ လဒ္ဓေါပဒေသဘိက္ခဝေါ၊ သခင်တို့လက်ဆုပ်ဥပဒေ မူသေ နိဿရည်း နည်းကောင်းရကုန်သော ရဟန်းတို့သည်ကား။ ဂန္ထကာရာ ဇာတာ၊ စာဆိုနိုင်စွမ်း ကျမ်းပြုဆရာဖြစ်ကြကုန်သည်။ ဗဟူ၊ များလှ လေကုန်ပြီ။ (ဤ သုံးဂါထာဖြင့် အာစရိယပူဇာကို ပြသတည်း)

အဘိမဟာတေဇဝန္တသံဂုတ္တမဟာနဂြဿုပရိဂဗ္ဘသံနိဝိဋ္ဌဗောဓေဒဈာဘိဓာနဂ္ဂမုဂ္ဂတဿ၊ သာသနာ မြို့ရွာ သတ္တဝါစောင့်တတ် နတ်အဓိကရ အုပ်စိုး၍ အလွန်တန်ခိုးကြီးသော ပုဗ္ဗဝေါဟာရခေါ်ကြဟောင်းပဒုံကို အလုံတွင်စေဟု ရွှေနန်းရှင် ဗျာဒိတ်ညွှန်း၍ တကျွန်းလုံးကြေညာသော မြို့ကြီး၏ ခရိုင်ကျေးလက် အထက်တိုက်အဝင် မင်္ဂလာရှိသောမြေအဖို့၌ တည်ထောင်အပ်သော "ညောင်ကန်"အမည်ရှိသော ရွာကျော်၏။ ဤသုတ္တရောနတပစ္စိမဒိသာဘာဂေ၊ စဉ်းငယ်မြောက်သို့ယွန်းသော အနောက်အရပ်အဖို့၌။ မဟာဝိဟာရေ၊ မဟာမေဃဝန်၌တည်အပ်သော ဒက္ခိဏာသာခါ မဟာဗောဓိဖြင့် တင့်တယ်သော တမ္ဗပဏ္ဏိဒီပ မဟာဝိဟာရကဲ့သို့ ဖြစ်၍ မဟာဝိဟာရဟု သမိုက်အပ်သောကျောင်းတိုက်ကြီး၌။ ဝသနသီလာနံ၊ သီတင်းသုံးနေလေ့ရှိကုန်ထသော။ သုပရိသုဒ္ဓပဘာဝလဇ္ဇီပေသလသိက္ခာကာမာနံ၊ အလွန်လျှင် ထက်ဝန်းကျင်စင်ကြယ်သော အမွန်အဆက် ရှိကုန်သော လဇ္ဇီပေသလသိက္ခာကာမ ဖြစ်ကုန်ထသော။ အဏုမတ္တေသုပိ ဝဇ္ဇေသု၊ အဏုမြူမျှသေးငယ်သော အပြစ်တို့ကိုသော်လည်း။ ဘယဒဿာဝီနံ၊ မြင့်မိုရ်တောင်ကြီး ဖိစီးသကဲ့သို့ အလိုအလိုကြောက်ရွံ့သဖြင့် အသင့်ရှုလေ့ရှိကုန်ထသော။ ဥဠာရဇ္ဈာသယာနံ၊ ပြန့်ပြောထူးမြတ်သော အဇ္ဈာသယသမ္ဘာဆန္ဒ ရှိတော်မူကုန်ထသော။ နိသမ္မကာရီနံ၊ ပြုအပ်သောအမှုကိစ္စဟူသမျှကို စစ်မူပဲ ပညာဉာဏ်စွမ်းဖြင့် ထောက်လှန်းစူးစမ်း၍ ပြုမူလေ့ ရှိကုန်ထသော။ မဟာဝေယျာကရဏာနံ၊ အကြီးအမြတ် ပါမောက္ခဖြစ်၍ ဗျာကရိုဏ်းတတ် ဖြစ်ကုန်ထသော။ ဒုက္ကောဂါဟပိဋကတ္တယမဟာဝနာသင်္ဂဉာဏစာရီနံ၊ အနုပစိတဉာဏသမ္ဘာရဒုပ္ပညပုဂ္ဂိုလ်တို့သည် သက်ဝင်ခြင်းငှါ ခဲယဉ်းသော ပိဋကတ်သုံးပုံတည်းဟူသော တောအုပ်ကြီး၌ မငြိမရှောက် ကျက်စားသွားလာနိုင်သော ဉာဏ်ရည်ရှိကုန်ထသော။

ကဝိကုဉ္ဇရကေသရိနံ၊ ကဝိကုဉ္ဇရတို့၏အတွင်း၌ ကေသရာခြင်္သေ့မင်းသဖွယ် ဖြစ်ကုန်ထသော။ ပထဗျာ၊ မြေအပြင်၌။ ပါကဋာနံ၊ နဘောစန္ဒေ၁် လသို့ပေါ်၍ ကျော်စောထင်ရှားကုန်ထသော။ အယဥ္စ၊ ဤအရှင်သည် လည်း။ မေဓာဝီ၊ ပညာရှိပေတည်း။ အယဥ္စ၊ လည်း။ မေဓာဝီ၊ တည်း။ ဣမေ ပန၊ ဤသခင်တို့မူကား။ ဣမေသံ၊ ဤမေဓာဝီကျော်သခင်တို့ထက်။ ဝိသေသေန၊ ဖြင့်။ မေဓာဝိနော၊ ပညာရှိကြီးတို့ပေတည်း။ ဣတိ-ဣမိနာ အတ္တေန၊ ကြောင့်။ မေဓိယာနံ၊ ပညာရှိထက် ပညာရှိကြီးဖြစ်ကုန် ထသော။ ဘဒ္ဒန္တဣန္ဒေ၁ဘာသာဒိပုဗ္ဗာစရိယသီဟာနံ၊ ကြယ်ပုံသယောင် တပြောင်ပြောင်လျှင် အရောင်မင်းဝှန် ဝင်းသဝဏ်သို့ ရောင်ထန် တောက်ညီ မဏိရတနာ ကျရာမြေသဉ် ရေလျှဉ်ရစ်ထူး ချောင်းနဖူးဝယ် ရှေးဦးစေ့ပျိုး ထောင့်ကိုးဆယ့်လေးနှစ် သက္ကရာဇ်၌ မည်းငြစ်တိမ်တွန်း ဣန္ဒုထွန်းသို့ အစွန်းသာသနာ စေ့ခါတိုင်အောင် ထွန်းထောင်ရစ်ဖို့ အောင်မျှိုမင်္ဂလာ ယူစကားလျှင် ခါကောင်းကြိုက်၍ တိုက်တည် အာဒိ- ကမ္မိက သခင်ဣန္ဒေ၁ဘာသ အစရှိကုန်သော သီဟရာဇာ ကေသရာနှင့် ပမာနိုင်းလျော် ရှေးဆရာကျော်တို့၏။ ဓဇုပမေန၊ တံခွန်သဖွယ်ဖြစ်သော။ သုစိသလ္လေခဝုတ္တိနာ၊ စင်ကြယ်သော မာန ဣဿာ မိစ္ဆာ ဝိဟက်စသော အကုသိုလ်တရားကို ခေါင်းပါးစေနိုင်သော အကျင့်ရှိထသော။ ခန္တျာဇ္ဇဝ- မဒ္ဒဝသောရစ္စဂရုဂါရဝယုတ္တေန၊ သည်းညည်းခံစောက် မကောက်မဆန်း ဖြောင့်တန်းမဆူး နူးညံ့သောအဖြစ် အပြစ်မသင့် တင့်တယ်သောဘန ကာယကံ ဝစီကံ မနောကံ၌သာ မွေ့လျော်သည်၏အဖြစ် အလေးပြုထိုက် သော ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်တို့၌ ရိုသေကိုင်းညွတ်သည်၏အဖြစ်နှင့်ယှဉ်ထ သော။ ဥပါသကာနံ၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကုန်သော ဂိဟိပုဂ္ဂိုလ်တို့အား။ ဓမ္မာနုဂ္ဂဟေန၊ တရားချီးမြှင့်ခြင်းဖြင့်။ သဗြဟ္မစာရီ- နန္တု၊ သာသနာတော်အတွင်း သီတင်းသုံးဖော် သံဃာတော်တို့အား မူကား။ ဒွိဟိပိ အနုဂ္ဂဟေဟိ၊ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟနှစ်ပါးတို့ဖြင့်လည်း။ အနုဂ္ဂါဟကေန၊ ချီးမြှင့်ခြင်းအလေ့ကောင်းစွဲထသော။ ရဋ္ဌသင်္ခုဗ္ဘေပိ၊ တိုင်းပြည်တိမ်းပါး ချောက်ချားသော ကာလ၌သော်လည်း။ အဟာ- ပေတွာ၊ ပရိယတ်ပဋိပတ် သာသနာတော်ရေး မလစ်ဟင်းစေမူ၍။ သဒါ၊ အခါခပ်သိမ်း။ သာသနောဒယကာရိနာ၊ သာသနာတော်၏ ပွါးစီးကြောင်း အမှုကို အမြတ်တနိုးပြုလေ့ရှိထသော။ ဘာသိတတ္ထံ၊ ဘာသိတ, ဘာသိတ၏

အနက်ကို။ ခိပ္ပံ၊ မဟာစသာ လျင်မြန်စွာလျှင်။ ဂဟဏဓာရဏသမတ္တေန၊ မှတ်ခြင်းဆောင်ခြင်းငှါ စွမ်းရည်ရှိထသော။ မေဓိယဓဇောတိ၊ မေဓိယဓဇ ဟူ၍။ ဂရူဟိ၊ လူသာမန်တို့သည် ချီပိုးဆောင်ရွက်နိုင်ခဲသော သီလသမာဓိ- သန္တောသ အစရှိသော သခင်မြတ်တို့ ထမ်းရွက်သည်ပိုးအပ်ကုန်သော ကျေးဇူးဂုဏ်ကြီးဖြင့် ကျောက်ထီးကဲ့သို့ လေးကုန်သောဆရာကျော်တို့ သည်။ ဂဟိတနာမဓေယျေန၊ ယူအပ်သောအမည်ရှိထသော။ သီလဝတိ- ယာ၊ စန္ဒကိန္နရိ မဒ္ဒီ သမ္ဘုလ ရှင်မယသော်သို့ တော်မှန်ဖြောင့်မတ် မြတ်သောသီလကျင့်ဝတ် ပြည့်စုံစွာထသော။ သုဓမ္မာဒေဝိယာ၊ ထေရ် ပေါက်ကြီးတို့ ပွဲသီးခံရာ သုဓမ္မာစာပွဲသဘင်ကို ဆောက်လုပ်ပူဇော်ခြင်း ကြောင့် သုဓမ္မာဒေဝီမည်ပေထိုက်သော။ ဥတ္တရုပရိယာ၊ မြောက်နန်း မိဘုရား၏[၁]။ အာစရိယေန၊ ဆရာတော်ဖြစ်သော။ မဟာထေရေန၊ မဟာ ထေရ်သည်။ ပရမ္ပရာဘတဝိနိစ္ဆယညုဘိ၊ အဆက်ဆက်သောဆရာတို့၏ အနွယ်သည် ဆောင်အပ်ဆုံးဖြတ်အပ်သောအနက်ကို ဆုံးဖြတ်ခြင်းဥပဒေ ဆုံးဖြတ်ကြောင်းဥပဒေကို ကျွမ်းကျင်ကုန်သော ဆရာတော်တို့မှ။ လဒ္ဓေါ- ပဒေသံ၊ မဟာသယောစသည်တို့၌သော်လည်း အသက်ကိုပမာဏမထား ကျားမင်းပုဏ္ဏရိက်သို့ စိတ်သွားတိုင်းကိုယ်ပါလျက် ထိုရွာ၌ရွာ ဆရာ ကောင်းထံ ကျိုးနွံကပ်ဆည်း နည်းခံသဖြင့်ရအပ်သော လက်ဆုပ်ဥပဒေ နည်းနာကောင်းကို။ အဝလမ္ဗ၊ တမျဉ်းမှီငြမ်းပြု၍။ ကတာ၊ စီရင်အပ် သော။ နာတိသခေ်ပနာတိဝိတ္ထာရမဓုရသာရဝိနိစ္ဆယာ၊ မကျဉ်းလွန်း မကျယ်လွန်း ကောင်းမြတ်သောအရသာ လေးပင်စွာလျက် ချက်ချက် မာသော အနှစ်အတိ အဆုံးအဖြတ်ရှိသော။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာယ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၏။ အယံ အတ္ထယောဇနာ၊ ဤအနက်ယောဇနာသည်။ ဣတိ၊ ဤရှေ့သော စကားအစီအစဉ်ဖြင့်။ သမတ္တာ၊ သာသနာစောင့်တတ်

[၁] ဥတ္တရုပရိယာ-ဟူသော အထက်ပါပါဠိသည် ရှေးဟံသာဝတီရိုက် မူဖြစ်သည်။ ဇမ္ဗူ မိတ်ဆွေရိုက်မူ၌ကား ဥတ္တရဘရိယာ-ဟုရှိ၏၊ ထိုတွင် ဥဘရိ ကား ပါဠိ၌မထင်၊ ဇာဋ္ဌ ၂- ၁၄၂-၌ အဿကမင်း၏ မိဖုယားအမည်သည် မြန်မာမူတို့၌ ဥပရိ-ဟု ရှိ၏၊ နိုင်ငံခြားမူတို့၌ ကား ဥဗ္ဗရီ-ဟု ရှိ၏၊ ထိုပြင် ပေတဝတ္ထုပါဠိအဋ္ဌကထာတို့တွင် ဥဗ္ဗရီပေတဝတ္ထု၌ ဗြဟ္မဒတ် မင်း၏ မိဖုယားအမည်သည် မြန်မာရှေးမူတို့၌ ဥပ္ပရီ-ဟု ရှိ၍ ယခုမူသစ်၌ ဥဗ္ဗရီ-ဟု ရှိ၏၊ အဘိဓာန်တို့၌လည်း ဥဗ္ဗရီ (ထီ) မိန်းမ၊ မယား-ဟု ပြထားသည်ကိုတွေ့ရ၏၊ ထိုကြောင့် ထိုအမည်တို့မှ မြန်မာရှေးမူတို့၌ရှိသော ဥပရီ-ကို ယူ၍ ရေးခဲ့သည် ဖြစ်တန်ရာ၏။ (ဆ-သံ-သော)

ရှင်နတ်မြတ်နှင့် သူရဿတီ ဝန်းအုံညီ၍ ချီပင့်လေလော သောတုဘုန်းလျှင် ချိန်ဆုန်းခါသင့် နာခွင့်ရရာ မ,လေသလော ချောမောပေ၍ စေ့မြွေလုံခြုံ ပြည့်စုံလတ်ပြီ။

ဇယဝဿတော၊ အမရပုရ သာလှထူးလည် မြို့ကြီးတည်သည် ဇာနည်ဓိပတိ လောကီမျက်ပွင့် နတ်ရှင့်မြစ်လျှင် ကွန့်ရစ်တေဇ ဘုန်းတောက်ပသော တရာ့တစင်း မင်းတို့သရဖူ ဖြစ်လိမ့်ဟူ၍ လိုက်ဆူကြေညာ သမ္ဘာရင့်ကြွေင်း စောနန်းလောင်းလျှင် သောင်းတွင်းဇမ္ဗူ သိမ်းယူမြေပြင် အောင်မြင်ခါတန် ဘုန်းမိုးလျှံ၍ ရင့်သန်ပါရမီ နတ်ကူညီသို့ မထိမ့်လောက် ထွက်လတ်မြောက်က နောက်ထပ်မီလည်း ညီတော်ရဲဖျား ရန်ညွန့်တားလျှင် ပယ်ရှားလွင့်ပျောက် ကြံတိုင်းပေါက်လျက် ပယ်ဖျောက်ရန်လှေ့ ဘေးတော်ရိုက်ရာ အောင်ချာပြည်မ အောင်တပ်ချ၍ ကွဲကျမြင့်မိုရ် နတ်စက်ဖြိုသို့ ထိုထိုပြည်ထောင် ကုန်အောင်သိမ်းယူ အောင်တော်မူသစ် ဇေယျနှစ်မှ။ တတိယေ ဝဿေ၊ သုံးခုမြောက်ဖြစ် သက္ကရာဇ်ဂေါဇာ ရသာမေရု စက္ခုရူပ ရောက်ထတုံလစ် ခါကောင်းနှစ်၌။ သုနိဋ္ဌိတော၊ ကောင်းစွာဆုံးဖြတ်အပ်သော၊ ဝါ၊ ကောင်းစွာဆုံးဖြတ်အပ်သည်ဖြစ်၍။ ဂမ္ဘီရတ္ထ-သုဗောဓနေ၊ နက်နဲသောအနက်အဓိပ္ပါယ်ကို လွယ်လင့်တကူသိကြောင်းဖြစ်သော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ အနာယာသာ၊ မငြိုမငြင်သဖြင့်။ နိဋ္ဌံ ပတ္တော၊ လမြတ်နွယ်တာ ဝိသာခါနက်သတ် စင်နတ်ယှဉ်မှီ ရာသီမကွာ ကလာပြည့်ညီ ပုဏ္ဏမီသည် တိထိပြည့်၍ ဂဠုန်နေ့၌ စေ့စေ့ကမ္ပတ် ပြီးရောက်လတ်သတည်း။

ဟိ၊ အဖြေကိုဆိုအံ့။ ယော-ယာဒိသော၊ အကြင်သို့သဘောရှိသော။ ရာဇာ၊ ဒသရာဇဓမ္မ သင်္ဂဟလေးပါးဖြင့် လူအများကိုနှစ်သက်စေလျက် ရေမြေစိုးရ ခတ္တိယသည်။ မဟာပုညော၊ အပန်းကြီးစွာ ကိုယ်တိုင်မရိုး တန်ခိုးစေလွှတ်ကာ ချက်ကုန်ပြီး၍ ပုတီးစိပ်လျက် အောင်တော်မူက ပြည်သူတကာ သာယာစိတ်သန် နှုတ်မြန်မင်္ဂလာ ကောင်းချီးညာ၍ အပါပင့်ဆောင်မှ ရွှေတောင်ရွှေနန်း သိမ်းမြန်းသဖြင့် ဘုန်းတန်းလည်းကြီးတော်မူ၏။ သန္တော၊ မင်းတို့ဖွယ်ရာ ရံခါပျော်ရွှင် ဆင်တိုက်မြင်းတိုက် လက်ဝှေ့လက်ပမ်း ရှန့်ကျန်းသဘင် ပျော်ရွှင်မစံ နာမ်ရုပ်တရား ပိုင်းခြားဖြစ်ပျက် ချက်ချက်လေ့လာ ဘာဝနာစိမ်၍ ငြိမ်သက်ချမ်းမြေ့သော

နှလုံးတော်လည်း ရှိတော်မူ၏။ ဒန္တော၊ ကမ္မဿကတာ ဘာဝနာဉာဏ် ဆုံးမ၍ အပါယဂမနိယ အမနာပအမှုမယှဉ် ယဉ်ကျေးတော်မူ၏။ ဝိစက္ခဏော၊ တိုင်းပြည်သာသနာ အရေးနှစ်ပါးကို သူ့စကားဖြင့်သာ မကောက် မျက်မှောက်ကကာ ပညာဉာဏ်စွမ်းဖြင့် ခွဲခြမ်းမိမိ ကိုယ်ကြပ် သိအောင် စိစစ်ထောက်လှမ်း စုံစမ်းမြော်တင်းလေ့ရှိတော်မူ၏။ သာသနဿောဘနေ၊ ချဉ်ရေပေါ်ရောက် ကြေးညှိပျောက်သို့ ထွန်းတောက် သာသနာ ရောင်ဝါလင်းအောင် သန့်ရှင်းသုတ်သင်ခြင်း၌။ ဒဠှံ၊ စွာ။ သဒါ ဉဿာဟမာနသော၊ အခါမယုတ် အားထုတ်သောနှလုံးတော်လည်း ရှိတော်မူ၏။

အတ္တနော၊ ကိုယ်တော်၏။ ဒန္တကာမော ဝိယ၊ ယဉ်ကျေးခြင်းငှါ သမာဆန္ဒရှိတော်မူသကဲ့သို့။ သဗ္ဗေသံ၊ မင်းဆွေစိုးမျိုး ရဟန်းပုဏ္ဏား ဆင်းရဲသားမဟူ ကုန်အောင်စုံသသူတို့၏လည်း။ ဒန္တကာမော၊ အသွင် အားလျော်စွာ သရဏသီလဘာဝနာ စာရိတ္တဝါရိတ္တသီလစသည်၌ ယဉ် ကျေးစေခြင်းငှါ သမာဆန္ဒပြင်းပြတော်မူသည်ဖြစ်၍။ ပတိဋ္ဌာပေတိ၊ အဝတ်အစားပေး၍ ဆေးကုသောသမားကဲ့သို့ များစွာဆုလာဘ်ပြား၍ တရားနှင့်အညီ တည်စေတော်မူ၏။ (ဤပါဌ်သေသကို ဒန္တကာမော ဒယာ-လုကော-ဟူသောပုဒ်ဖြင့် သိသာသည်။) ဒယာလုကော၊ သခင်သာရိ-ပုတ္တရာအလောင်းသို့ အသည်လူပေါင်းကို လျစ်လျူသာမရှု ကရုဏာသနား များစွာဖြစ်တော်မူ၏။ ဒါနဇ္ဈာသယော၊ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၌ လွန်သောသမာဆန္ဒအဇ္ဈာသယရှိတော်မူသည်ဖြစ်၍။ စတုဒ္ဒိသာ-စတူသု ဒိသာသု၊ မြို့တော်အရပ်လေးမျက်နှာတို့၌။ ဒါနသာလံ၊ အလှူတင်းကုပ် ကို။ ကတွာ၊ ဆောက်လုပ်၍။ ဒါနံ၊ အလှူကို။ ဒါယကော၊ ဝန်တို ပိတ်သည်း ထုပ်သိမ်းဆည်းလျက် ပစ္စည်းဝန်ပုပ် မသိုမြှုပ်ပဲ လက်ဆုပ် ဖြေဆန့် ပေးဝေဖြန့်၍ နိဗ္ဗာန့်မျိုးကို စေ့ပျိုးစိုက်မြှုပ်တော်မူတတ်၏။ (ဒါနဇ္ဈာသယော-ကား ဤဌ်လိုလျက် အဘယ့်ကြောင့်တူရှု မဆိုသနည်း ဟူမူ? ဂမျမာနတ္တတ္တာ ဒါနဇ္ဈာသယောတိ ဣဒံ န ဝုတ္တံ၊ ဖြေ။ ဂမျ-မာနတ္တတ္တာ၊ သိအပ်သောအနက်ရှိသည်၏ အဖြစ်ကြောင့်။ ဒါနဇ္ဈာ-သယောတိ ဣဒံ၊ ဒါနဇ္ဈာသယော-ဟူသောဤပုဒ်ကို။ န ဝုတ္တံ၊ တူရှု တိုက်ရိုက် မဆိုအပ်သတည်း။ ဂမျမာနတ္ထဖြစ်တုံတပြီးကား ဂမျမာနတ္ထ

ဖြစ်သော ဒါနဇ္ဈာသယော-ဟူသော ဤပုဒ်ကို တင်းလင်းယှဉ်လျှင်း အပ်သည်တုံတကား၊ ဂမ္ဘမာနတ္တဖြစ်လျက် တင်းလင်းမယှဉ်တုံသလော၊ ဂမ္ဘမာနတ္တမဖြစ်မှ တင်းလင်းမယှဉ်အပ်တုံအံ့သည်တကား ဟူမူ? ဂမ္ဘ-မာနတ္တဿ ဟိ သဒ္ဒဿ ပယောဂမှိ ကာမစာရော၊ ဖြေ။ ဟိ-ယသ္မာ၊ ကြောင့်။ ဂမ္ဘမာနတ္တဿ၊ ဆဉ်ကို သိအပ်သောအနက်ရှိသော။ သဒ္ဒဿ၊ ကို။ ပယောဂမှိ၊ ယှဉ်ခြင်း၌။ အာစရိယာ၊ တို့သည်။ ကာမစာရော၊ မိမိ မိမိ အလိုဖြင့် ကျင့်ကုန်၏။ တသ္မာ၊ ကြောင့်။ ဂမ္ဘမာနတ္တတ္တာ၊ ဆဉ်ကို သိအပ် သော အနက်ရှိသည်၏အဖြစ်ကြောင့်။ ဒါနဇ္ဈာသယောတိ ဣဒံ၊ ဒါနဇ္ဈာ-သယော-ဟူသော ဤပုဒ်ကို။ န ဝုတ္တံ၊ တူရူတိုက်ရိုက် မဆိုအပ်သတည်း။ ဂမ္ဘမာနတ္တဖြစ်သောသဒ္ဒါကို ကျမ်းပြုဆရာတို့သည် ဝတ္တိစ္ဆာအားဖြင့် ယှဉ်လိုသော်လည်း ယှဉ်ကုန်ကာ မယှဉ်လိုသော်လည်း မယှဉ်ကုန်ကာ အမြဲယှဉ်ထုံးမဟုတ်ဟု ဖြေဆိုသည်။ ဤနည်းကို ဂမ္ဘမာနတ္တဖြစ်၍ မယှဉ် သော အရာခပ်သိမ်း၌သုံး)

ယံ ရာဇာနံ၊ အကြင်မင်းမြတ်ကို။ နိဿာယ၊ အမှီပြု၍။ မမ၊ ငါ၏။ ဧသောပိ၊ ဤဝိသုဒ္ဓိမဂ် နိဿရည်း ကျမ်းသည်လည်း။ သတ္တုသာသန-ဇောတနေ၊ ရှင်တော်ဘုရားသာသနာကို ထွန်းလင်းစေခြင်း၌။ ဥပတ္ထမ္ဘော၊ အထောက်အပံ့သည်။ အပ္ပေဝ နာမ-အပိ ဧဝ နာမ ဘဝေယျ၊ ဖြစ်ပါတုံ အံ့လော၊ ဝ။၊ ဖြစ်စေချင်စွာ၏။ ဣတိ စိန္တိယ၊ ဤသို့ကြံ၍။ အယံ ဂန္ထော၊ ဤနိဿရည်းကို။ မယာ၊ သည်။ ကတော၊ စီရင်အပ်၏။ တာဒိသဿ၊ ထိုသို့သော ကျေးဇူးသတင်း ကျော်စောသောမင်း၏။ ဇယဝဿော၊ ဇေယျနှစ်ဟူ။ ဝိဿဇ္ဇိတဗ္ဗော၊ ဖြေဆိုအပ်၏။

အယံ ဂန္ထော၊ ဤကျမ်းသည်။ အန္တရာယံ၊ နှောင့်ရှက်ငြိတွယ် အန္တရာယ် ကို။ ဝိနာ၊ ကြဉ်၍။ သုခံ၊ ချမ်းသာစွာ။ နိဋ္ဌိတော ယထာ၊ အပြီးကမ္ဘတ် ရောက်သကဲ့သို့။ တထေဝ၊ ထိုအတူ။ ပါဏိနံ၊ အလုံးစုံသောသတ္တဝါတို့၏။ ဟိတသက်ပ္ပါ၊ အစီးအပွါးနှင့်စပ်သော ကောင်းမြတ်သောအကြံတို့သည်။ သမိဒ္ဓါ၊ အလိုအလျောက် ပြည့်စုံကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန် သတည်း။

အပရဒ္ဓံ၊ မှားယွင်းသဖြင့် မသင့်မတော် ချွတ်ချော်စနိုးထင်သော။ မမ၊ အကျွန်ုပ်၏။ ယံ ကိရိယံ၊ အကြင်ကိုယ်နှုတ်နှလုံးအမှုအရာသုံးပါး

သည်။ အာယသ္မန္တာနံ၊ သက်တော်ရှည်သော အရှင်ကောင်းတို့အား။ န ရုစ္စတိ၊ နှစ်သက်ခြင်းကို မဖြစ်စေတတ်။ မေ၊ ၏။ တံ ကိရိယံ၊ ထိုကိုယ်နှုတ်နှလုံးသုံးပါး မှားမိသမျှအပေါင်း နှာခေါင်းရှုံ့ဖွယ်ကို။ ဘဒ္ဒန္တာ၊ အရှင်ကောင်းတို့သည်။ ခမန္တု၊ သည်းခံတော်မူစေကုန်သော်။ မမ၊ ၏။ အယံ မဟုဿာဟေန ကတာ အတ္တယောဇနာ၊ ဤလွန်စွာ ဥဿာဟဖြင့်ပြုအပ်သော အတ္ထယောဇနာသည်။ ပူဇာ ဟောတု၊ စိတ်ကျန်းမာန်လျော့ နှလုံးပြေ့သဖြင့် ကန်တော့ပွဲဖြစ်စေသော်။

စ၊ ဆက်၍ဆိုအံ့။ ဣမံ အတ္ထယောဇနံ၊ ဤအတ္ထယောဇနာကို။ သဒ်ရောစ္ဆေန၊ စီရင်သော။ မယာ၊ ငါသည်။ ယံ ပုညံ၊ အကြင်တိဟိတ် ဥက္ကဋ္ဌ မြတ်သောကောင်းမှုကို။ ပသုတံ၊ ပွါးစေအပ်ပြီ။ အညမ္ပိ၊ ဤမှတပါးလည်းဖြစ်သော။ ယံ ပုညံ၊ အကြင်ကောင်းမှုကို။ ပသုတံ၊ ပွါးစေအပ်ပြီ။ ဣမ သာသနေ၊ ဤဘုရားသာသနာတော်၌။ ပသုတေန၊ ပွါးစေအပ်သော။ တေန ပုညေန၊ ထိုအစုစုကောင်းမှုကြောင့်။

အသ္မာကံ၊ တို့၏။ သုဘူပါနံ၊ ရှင်ပင်သာသနာ စောင့်တာကျသည့် သိကြားအဆွေ ရေမြေထိန်းကျောင်း မင်းကောင်းမင်းမွန်တို့၏။ ဇယော၊ တွင်းပဘေးဒဏ် ရန်မာရ်အောင်မြင်ခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဘဝတု၊ ဖြစ်စေသော်။ တေ·သုဘူပါ၊ ထိုမင်းကောင်းမင်းမြတ်တို့သည်။ အတ္တနော ပဇံဝ၊ ရင်သွေးတော်စစ်ကဲ့သို့။ ပဇံ၊ သတ္တဝါအသည် လူအပေါင်းကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခန္တု၊ သိမ်းမြန်းပိုက်ထုပ် ကြက်သားအုပ်သို့ စိုးချုပ်စောင့်တော်မူစေကုန်သော်။

ပုညကမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ နိရတာ၊ အမြဲမွေ့လျော်ကုန်သည်ဖြစ်၍။ ဇိနသာသနံ၊ သဗ္ဗညုဘုရားရှင်သာသနာတော်ကို။ ဇောတေန္တု၊ ထွန်းလင်းအောင် ချီးမြှင့်တော်မူစေကုန်သော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣမေ စ ပါဏိနော၊ ဤအသည်သတ္တဝါတို့သည်လည်း။ ပုညကမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ နိရတာ၊ အမြဲမွေ့လျော်ကုန်သည်ဖြစ်၍။ အမတံ ပဒံ၊ သေခြင်းကင်းရာ နိဗ္ဗာန်ရွှေပြည်သို့။ ပပ္ပေါန္တု၊ ရောက်လွယ်စေကုန်သတည်း။

ပေဋကိကာ၊ ဘုရားသာသနာတော်ဝယ် စာပေပိဋကတ်သင်ကြားပို့ချကုန်သော။ သောတာရာ စ၊ စာသင်ပျို စာချပုဂ္ဂိုလ်တို့သည်လည်း။

(သုဒ္ဓဖြင့် စသင်, ဟေတုဖြင့် စချယ္ယူ) အရောဂါ၊ လေဆိုးမိုးဆိုး ချောင်းဆိုးလည်နာကစ ဆံမျှရောဂါ အနာကင်းကုန်သည်ဖြစ်၍။ နိရုပဒ္ဒဝါ၊ ကပ်၍နှိပ်စက်တတ်သော ဥပဒ်ဘေးဒဏ် အနှောင့်အရှက်ကင်းကုန်သည်ဖြစ်၍။ ပါရင်္ဂတာ၊ သမုဒ္ဒြာကြမ်း ကမ်းတဖက်သို့ရောက်ကုန်သည်ဖြစ်၍။ တာရကာရိဝ၊ တိမ်မှုကင်းစင် ကောင်းကင်ပြင်ဝယ် ထွက်သော ကြယ်ကဲ့သို့။ သာသနေ၊ သာသနာတော်၌။ ဂန္ထကာရာ၊ စာဆိုကျမ်းပြု ဆရာတို့သည်။ ဗဟူ ဟောန္တု၊ များပြားသည်ဖြစ်စေကုန်သတည်း။

အာရက္ခကာ၊ သာသနာမြို့ရွာ သတ္တဝါကိုစောင့်ပေကုန်သော။ သဗ္ဗေ မရူ၊ အလုံးစုံသော ရှင်နတ်မြတ်တို့သည်။ နဝံ သုခံ၊ အသစ်အသစ်တိုးပွါးသော စည်းစိမ်ချမ်းသာသို့။ ပါပုဏန္တု၊ ရောက်ပါစေကုန်သတည်း။ ပမာဒရဟိတာ၊ နတ်စည်းစိမ်ယစ်၍မကြည့်ဖြစ် မေ့လျော့ခြင်း ကင်းကုန်သည်ဖြစ်၍။ ရက္ခန္တု၊ မပြတ်နိစ္စ စောင့်ရှောက်မစေကုန်သော်။ ဒေဝေါ၊ မိုးမင်းသည်။ ကာလေန၊ လုပ်ချိန်အခါ၌။ သမ္မာ ပဝဿတု၊ ရေစိုင်ပုလဲ ကြဲဖြန့်နှံ့စပ် ရှစ်ရပ်မျက်နှာ ရွာစေသော်။

အဟံ၊ ငါမူကား။ သပရတ္ထကောဝိဒေါ၊ မဟာသေနက ဝိဓုရပညာရှိသို့ မိမိစီးပွါး သူစီးပွါး၌ ရေးခြားလိမ်မာသည်ဖြစ်၍။ ဗောဓိပါစကံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်ဧတတ်သော ပါရမီစာဂ စရိယကို။ စရန္တော၊ မဆုတ်မနစ်ကျင့်နိုင်သည်ဖြစ်၍။ သဗ္ဗညုတံ ဝရံ ပတ္တော၊ မြတ်သောသဗ္ဗညုတဉာဏ်သို့ရောက်လတ်၍။ ဇနတံ ဗဟုံ၊ သြဃလေးဖြာ ဗလဝါမုခ် ရည်ထုတ်ဒီမှုန် ရေအဟုန်ဖြင့် ပျက်ကုန်ဖန်ဖန် အားမသန်သား မကျန်ပြောထူ ဖော်သုံးလူကို။ တာရေမိ၊ ဆယ်ယူကယ်တင်ရလို၏။

ဣတော၊ ဤကိုယ်၏အဖြစ်မှ။ ပရံ တု၊ နောက်နောက်သောကိုယ်၏ အဖြစ်၌သော်ကား။ ဥစ္စေ ကုလေ၊ ဥစ္စာစည်းစိမ် ဂုဏ်သိမ်မည့်ိုး မြင့်မြတ်သော သူတော်ကောင်းအမျိုး၌။ ဟုတွာ၊ ဖြစ်၍။ သတ္တသဒ္ဓမ္မသံယုတော၊ သဒ္ဓါ သတိ ဟိရိ ဩတ္တပ္ပ ဗာဟုသစ္စ ဝီရိယ ပညာဟူသည် သူတော်ရတနာ ခုနစ်ဖြာနှင့် မကွာမကွေယှဉ်သော။ မီရော၊ သဘောအားလျော်စွာ မှတ်နိုင်ဆောင်နိုင်သောဉာဏ်ရည်ရှိသော၊ ဝါ၊ ဆန့်ကျင်ဖက်တရားတို့ လှုပ်ရှားမနိုင် ခိုင်သောသမာဓိရှိသောပုဂ္ဂိုလ်ထူးသည်။ ဟုတွာ၊ ဖြစ်၍။ သဗ္ဗသာမယိကော၊ အကြွင်းမရှိ နိကာယ်ငါးစုံ နှုတ်ငံလေ့လာ လိမ်မာ

ကျွမ်းကျင်သည်ဖြစ်၍။ သောဂတံ၊ ဘုရားသာသနာတော်ကို။ သုတံ၊ နေဝန်းလဝန်းသို့ တောက်ထွန်းတင့်တယ်အောင်။ သောဓေယျံ၊ မိစ္ဆာရန်နှောင့် ဆူးငြောင့်မရှိ တိတိရှင်းစင် သုတ်သင်နိုင်လို၏။

သာသနုဇ္ဇုရဓာနေပိ၊ သာသနာတော်ကွယ်လတ်သော်လည်း။ တပေါ-ဓနော၊ ငါးခန်းတိုက်၌ သိုက်မြိုက်သိမ်းစု လုလည်းမဖြစ် အနှစ်အနဋ္ဌ သီလဥစ္စာကြွယ်ဝသော။ သုမေဓသော၀၊ လက်ဦးအစ ဗျာဒိတ်ရသော ဘုရားအလျာ သုမေဓာရှင်ရသေ့ကဲ့သို့။ တပေါဓနော၊ ငါးခန်းတိုက်၌ သိုက်မြိုက်သိမ်းစု လုလည်းမဖြစ် အနှစ်အနဋ္ဌ သီလဥစ္စာကြွယ်ဝသည်။ ဟုတွာ၊ ဖြစ်၍။ ကာယေ ဇီဝေနပေက္ခန္တော၊ ကိုယ်နှင့်အသက် ငဲ့ကွက်မချစ် အနပေက်ပြု၍။ ဗောဓိပါစကံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတတ်သော ပါရမီစာဂ စရိယကို။ စရေယျံ၊ မဆုတ်မနစ် ဖြည့်ကျင့်နိုင်လို၏။

ယာဝ၊ အကြင်ရွှေလောက်သောကာလပတ်လုံး။ လောကဇေဋ္ဌော၊ လောကသုံးပါး၌ သီလ သမာဓိ ပညာစသောဂုဏ်အားဖြင့် ကြီးရင့်သော ပုဂ္ဂိုလ်ဖြစ်တော်မူထသော၊ ဝါ၊ အဝိဇ္ဇာဥခွံကိုပယ်ခွါ၍ လက်ဦးစွာ ထွက်သည်၏အဖြစ်ကြောင့် လောကသုံးပါး၏အကြီးအစ်ကိုဖြစ်တော်မူထသော။ တာဒိနော၊ လာဘာလာဘအစရှိသော လောကဓံရှစ်ပါး, ဣဋ္ဌအနိဋ္ဌ အစရှိသောအာရုံကိုလည်း ပကတိသဘောကို မစွန့်သဖြင့် တုန်လှုပ်ခြင်း ကင်းသောဂုဏ်နှင့် ပြည့်စုံတော်မူထသော။ သိရိမတော၊ အလွန်သော ဘုန်းပညာကြက်သရေ ရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဗုဒ္ဓေါတိ နာမမ္ပိ၊ ဘုရားဘုရားဟူသော အမည်တော်မျှသည်လည်း။ လောကေ၊ ၌။ ပဝတ္တတိ၊ မပြတ်မစဲတည်သေး၏။ တာဝ၊ ထိုရွှေလောက် ဘုရားဘုရားဟူသော အမည်တော် မပြတ်မစဲသမျှကာလပတ်လုံး။ အယံ အတ္တယောဇနာ၊ ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာ အတ္တယောဇနာသည်။ တိဋ္ဌတံ-တိဋ္ဌတု၊ သောတုဇနတို့အား အနက်အဓိပ္ပါယ်ကိုပြလျက်တည်စေသော်။

ဤရွှေလျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿယနိဂုံး အပြီးတည်း။

# ဝိသုဒ္ဓိမဂ် နိဿယ ပြီးပြီ။

ဝိသုဒ္ဓိမဂ် နိဿယ ပဌမတွဲ

# မှတ်သားဖွယ် အက္ခရာစဉ်


အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အံသကူဋံ၊ ပခုံးထက်သို့ — ၃၆

+အံသုံ၊ ချည်မျှင်ကို — ၁၃၁

+အကမ္ပိယဋ္ဌေန စ၊ မတုန်မလှုပ်သည်၏ အဖြစ်တည်းဟူသော သဘောဖြင့်ရင်း — ၃၃၅

အကာမကာရိယတော၊ အလို အားလျော်စွာ မပြုအပ်သော အားဖြင့် — ၂၅၀

အက္ခစက္ကပဉ္စရဏ္ဍသာဒီသု၊ ဝင်ရိုး လှည်းဘီး ရထား ချိုင့် လှည်းသံ အစ ရှိကုန်သော — ၂၇

အက္ခိကူပကေ၊ မျက်ကွင်း၌ — ၁၀

အခေတ္တညူ၊ ကျက်စားရာ ခေတ်ကို မသိသော — ၂၃

+အဂတိ၊ လေးပါးသော အဂတိကို — ၃၅၇

အဂဒဘူတံ၊ ဆေးသဖွယ် ဖြစ်၍ဖြစ်သော — ၃၉၀

အဂန္တဗ္ဗတ္တာ၊ မလားအပ် သည်၏ အဖြစ်ကြောင့် — ၃၅၀

အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အဂါရံတွေဝ၊ အိမ်ဟူ၍ သာလျှင် — ၂၆

အဂ္ဂဒက္ခိဏေယျော၊ မြတ်သည် ဖြစ်၍ အလှူခံပုဂ္ဂိုလ် သည် — ၃၂၉

အဃတော၊ ဘုရားအရိယာတို့ ကဲ့ရဲ့များ၍ စီးပွါးမဲ့ကို ဆောင်တတ်သော မကောင်းမှုအကုသိုလ် တို့၏ တည်ရာဝတ္ထု အားဖြင့် — ၈၉၊ ၂၃၈

အဃဘူတာ၊ အစီးအပွါး မဲ့ကို ဆောင်သကဲ့သို့ ဖြစ်ကုန်၍ရင်း — ၂၂၃

အဃမူလတော၊ ကြမ်းကြုတ် ရှန့်ရင်းသော မကောင်းမှု အကုသိုလ်၏အကြောင်း အဖြစ်ဖြင့် — ၉၃၊ ၂၃၉

အဃဝတ္ထုတာယ စ၊ အဃဟု ဆိုအပ်သော အကုသိုလ် ထိုထို၏ တည်ရာဝတ္ထု၏ အဖြစ်ကြောင့်ရင်း — ၈၉

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အင်္ဂသမ္ဘာရ၊ ဝင်ရိုး လှည်းဘီးစသော အစိတ်သမ္ဘာရအကြောင်း ရှိသောကြောင့် | ၂၅ |
| အင်္ဂသမ္ဘာရေသု၊ အစိတ် ဖြစ်သော အဆောက်အဦ တို့သည် | ၂၄ |
| အင်္ဂါရပစ္စိယံ၊ မီးသွေး တောင်း၌ | ၁၃၃ |
| အင်္ဂုလိအင်္ဂုဋ္ဌာဒီသု၊ လက်ချောင်း လက်မ စသည်တို့၌ | ၂၄ |
| +အင်္ဂုလင်္ဂုလန္တရေ၊ လက်တ သစ် လက်တသစ်ပမာဏ ရှိသောအရပ်၌ | ၁၃၁ |
| အစ္ဆံ၊ ကြည်သည် | ၁၄ |
| +အဇ္ဈညတော၊ မနှစ် သက်ဖွယ်ရှိသည် အဖြစ်ကြောင့် | ၂၃၉ |
| +အဇ္ဈနကာ၊ ရုပ်ဇ္ဈရိယာပုထ် ဝိညတ်တို့ကို မဖြစ်စေ တတ်သော စိတ်တို့ဟူ၍ | ၁၀၂ |
| အဇာတံ၊ မဖြစ်သေးသော ကိလေသာကို | ၃၆၂ |
| အဇာတဖလော၊ မဖြစ် သေးသော အသီးရှိသော | ၃၆၄ |
| အဇ္ဈတ္တာ၊ မိမိသန္တာန်၌ အတွင်းဝင်သော တရားမှ | ၂၇၂ |
| အဇ္ဈုပေက္ခနံ၊ လျစ်လျူ ရှုခြင်းသည် | ၂၇၀ |
| အဋ္ဌိတကဏ္ဍော၊ မတုန် မလှုပ်ထားအပ်သော နားရွက်ရှိသည်ဖြစ်၍ | ၁၀၀ |
| အညမညဝိရောဓိတာ၊ အချင်းချင်း အယူတို့ကို ဆန့်ကျင်စေကုန်သော | ၅၅ |
| အညမညသမာယောဂဝသေန၊ အချင်းချင်း မညီမညွတ် ယှဉ်တွဲကြသည်၏ အစွမ်းဖြင့် | ၃၁ |
| အညေ၊ အတိတ်ဘဝခန္ဓာမှ တပါးကုန်သော ခန္ဓာတို့သည် | ၅၄ |
| အဋ္ဌိယမာနာ- ဒုက္ခာပိယ- မာနာ၊ ဆင်းရဲစေအပ် ကုန်သည်ဖြစ်၍ | ၃၀ |
| အဋ္ဌသဋ္ဌိမနောဝိညာဏ- ဓာတုစိတ္တာနိ၊ ခြောက် ဆယ့်ရှစ်ပါးသော မနော ဝိညာဏဓာတ်ဖြစ်သော စိတ်တို့ကို | ၁၂ |
| အဋ္ဌသု၊ တေဇောကောဋ္ဌာသ သုံးပါး, ဝါယော | |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| ကောဋ္ဌာသ ငါးပါးအား ဖြင့် ရှစ်ပါးကုန်သော | ၇ |
| အစုဂ်ုလစုဂ်ုလန္တရေ၊ လက်သစ်ဝက် လက်သစ် ဝက် ပမာဏရှိသော အရပ်၌ | ၁၃၁ |
| +အစုဋ္ဌမာ၊ အခွဲဖြစ်သော ရက်လျှင် ရှစ်ခုမြောက် ရှိကုန်သော | ၁၂ |
| အစ္စေကာဒသမာတုယော၊ အခွဲဖြစ်သော မာတ်နှင့် တကွ တဆယ့်တပါးသော မာတ်တို့သည် | ၁၂ |
| အဏ္ဏဝေ၊ သမုဒ္ဒရာ၌ | ၃၈ |
| အတာဏတော၊ ဘေးကို မစောင့်ရှောက်နိုင်သော အားဖြင့် | ၇၆၊၉၁ |
| အတာယနတာယ စေဝ၊ စောင့်ရှောက်ခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်ဟုင်း | ၉၁ |
| အတိဝိသဒံ၊ သွေးအပ်သည် ဖြစ်၍ အလွန်ထက်သော | ၁၇၁ |
| အတီတကမ္မပစ္စယာ၊ အတိတ် ကံ-ဟူသော အကြောင်း ကြောင့် | ၅၈ |
| +အတီတက္ခန္ဓေသု၊ အတိတ် ဖြစ်သော ခန္ဓာတို့၌ | ၃၈၁ |
| [ အ ] | |
| အတီတေပိ အဒ္ဓါနေ၊ အတိတ် ဖြစ်သော အခွန့်၌လည်း | ၄၂ |
| အတ္တဒိဋ္ဌိံ၊ ပရမတ္ထအားဖြင့် အတ္တရှိ၏ဟု စွဲလမ်းသော ဒိဋ္ဌိကို | ၁၆၉ |
| +အတ္တပဋိက္ခေပတော စ၊ သာသနာတော်မှတပါး တိတ္ထိတို့သည် ကြံဆအပ် သော အတ္တကိုပယ်ခြင်း ကြောင့်ဟုင်း | ၁၃၈ |
| အတ္တဘာဝေါ စ၊ ဇီဝိတဝေဒ နာ ဝိညာဉ်ကို ထား၍ အဝသိဋ္ဌမမှဟု ဆိုအပ် သော အတ္တဘာဝသည် ဟုင်း | ၁၃၆ |
| အတ္တသညံ၊ အတ္တဟု မှတ်မှား သော သညာကို | ၆၉၊၁၅၀ |
| အတ္တာနုဒိဋ္ဌိံ၊ အတ္တဟူ၍ အစဉ် ပြေးသွားသော နှစ်ဆယ် သော ဝတ္ထုရှိသော သက္ကာ ယဒိဋ္ဌိကို | ၂၅၂ |
| အတ္တဒုဗ္ဗလာ၊ မိမိတို့၏ အား နည်းကုန်ရကား | ၃၈ |
| အတ္ထင်္ဂတံ၊ ချုပ်ခြင်းသို့ ရောက် သော ကိလေသာကို | ၃၆၁ |
| အတ္ထသာဓိကာ၊ ဒါနစသော ပါဏာတိပါတစသော ကိစ္စကို ပြီးစေတတ်သော | ၄၉ |

အက္ခရာစဉ် — စာမျက်နှာ

[ အ ]

+အတ္ထာ၊ သဘောအခြင်းအရာ တို့သည် ၃၈၆
အဒိဋ္ဌပုဗ္ဗပဒီပေါ၊ ရှေး၌ ဆီမီး ကို မမြင်စဘူးသော ၁၃၀
အဒိဋ္ဌမ္ပိ၊ မမြင်အပ်သောအတိတ် အနာဂတ် သင်္ခါရ တရား ကိုလည်း ၂၀၇
အဒေါသဒဿိတာဝသေန၊ အပြစ်ကို မမြင်သည်၏ အဖြစ်၏ အစွမ်းဖြင့် ၂၀၉
အဒ္ဓါနံ၊ ကြာမြင့်စွာသော ကာလပတ်လုံး ၅၁
အဒ္ဓါနပရိစ္ဆေဒံ၊ ဇီဝိတိန္ဒြေ၏ အရှည် အပိုင်းအခြားကို ဆင်ခြင်ခြင်းရှင်း ၄၄၇
အဓိဂတာ၊ ရအပ်ပြီးသည် မည်သည် ၇၀
အဓိဂန္တဗ္ဗာ၊ ရအပ်လတ္တံ့သည် မည်ကုန်သည် ၇၀
အဓိဂ္ဂဟိတတ္တာ ဝ၊ အယော နိသော မနသိကာရဖြင့် တက်စီး၍ ယူအပ်သည်၏ အဖြစ်ကြောင့်သာလျှင် ၃၇၆
+အဓိဋ္ဌာနေ၊ ဈာန်ကို အလို ရှိတိုင်း ထားခြင်း၌ ၄၃၆
အဓိပညာဓမ္မဝိပဿနာယ၊ လွန်ကဲသော ပညာဟု ဆိုအပ်သော သဘာဝဓမ္မ ကိုရှုသော အနုပဿနာ ဖြင့် ၃၉၀
အဓိပတိယဋ္ဌေန၊ အစိုးရသည် ၏ အဖြစ်တည်းဟူသော သဘောဖြင့် ၃၃၅
အဓိပတေယျဋ္ဌော၊ သစ္စာလေး ပါးကို မြင်ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့၏ အကြီးအမှူး၏ အဖြစ် ဟူသော သဘောသည် ၃၈၄
အဓိမတ္တာ-သတ္တိတော အဓိက-ပမာဏာ၊ အစွမ်းသတ္တိ အားဖြင့် လွန်ကဲသော ပမာဏ ရှိကုန်သည် ၁၂၇
အဓိမုတ္တတာ၊ ညွတ်ရှိုင်းသော အဖြစ်ရှင်း ၂၀၃
အဓိမောက္ခဗဟုလော၊ သဒ္ဓိန္ဒြေ အဖြစ်များသည် ဖြစ်၍ ၂၅၉
အဓိမောက္ခော၊ စိတ်စေတ သိက်တို့ကို အလွန်ကြည် စေတတ်သော အားရှိ သော သဒ္ဓါသည် ၁၇၅
+အဓောနိဗ္ဗတ္တနကခန္ဓာဒိ- သံယောဇကတ္တာ၊ ကာမ ဘုံဟူသော အောက်အဖို့၌ ဖြစ်လတ္တံ့သော ခန္ဓာ စသည်ကို ယှဉ်တတ် စပ်

အက္ခရာစဉ် စာမျက်နှာ

[ အ ]

တတ် ဖွဲ့တတ်သည်၏
အဖြစ်ကြောင့် ၃၄၇
အနစ္စန္တိကတော၊ နောက်အ
စွန်းကို လွန်နိုင်သော
သဿတ မဟုတ်သည်၏
အဖြစ်ကြောင့် ၂၃၇
အနစ္စာရဒ္ဓံ၊ အားမထုတ်
လွန်းသော ၁၀၄
အနတ္တတော၊ (တိတ္ထိတို့ ကြံဆ
အပ်သော) အတ္တ၏ ဆန့်
ကျင်ဖက်အားဖြင့် ၈၆
အနတ္တလက္ခဏံ၊ အနတ္တဟု
မှတ်ခြင်း လက္ခဏာ
မည်၏ ၁၉၉
အနတ္ထာနံ၊ မင်းဘေးမင်းဒဏ်
စသော အကျိုးမဲ့တို့ကို ၉၀
အနတ္ထေဟိ၊ ဗဟိဒ္ဓ၌ ဉာတိ
ဗျသနစသည် အဇ္ဈတ္တ၌
ရောဂါစသည် အပြားရှိ
ကုန်သော အနတ္ထတို့သည် ၉၀
အနန္တရစိတ္တတော၊ အခြားမဲ့
ဖြစ်သော စိတ်မှ ၁၁၁
အနန္တရိကတ္တာ၊ အခြားအဆီး
ရှိသည် မမည်သည်၏
အဖြစ်ကြောင့်တည်း ၄၂၅
အနန္တရိတာ၊ ခြားဆီးခြင်းကို
ပြုတတ်သော တစုံတခု
သော တရားသည် ၅၉

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အနဘိဘဝနီယံ၊ မနှိပ်နင်း
မလွှမ်းမိုးနိုင်သော နိရော
ဓသမာပတ် ဝင်စားသော
ရဟန်းကို ၄၄၆
အနဘိရူပဘာဝေါ၊ အဆင်း
မလှ မြောက်မအိုသို့ အရုပ်
ဆိုးသည်၏ အဖြစ်သည် ၃၀၈
အနာဝတ္တိဓမ္မော၊ ပဋိသန္ဓေ
အစွမ်းအားဖြင့် တဖန်
မပြန်သော သဘောရှိ
သော ပုဂ္ဂိုလ်ဖြစ်၍ ၃၂၀
+အနိစ္စလက္ခဏံ၊ အနိစ္စဟု
မှတ်ခြင်း လက္ခဏာ
မည်၏ ၁၉၈
+အနိစ္စာ၊ အနိစ္စမည်၏ ၁၄၈
အနိမာနဂတာ၊ တစုံတခု
သော အရပ်၌ သိုထား
အပ်သည်၏အဖြစ်သို့
မရောက်ကုန် ၁၃၀
အနိဗ္ဗတ္တံ၊ မရောက်သေး
သော ကိလေသာကို ၃၆၂
အနိဗ္ဗတ္တေန-အနုပ္ပန္နေန၊
ခဏတ္တယသို့ ရောက်ဆဲ
မဟုတ်သော ၁၃၇
အနိဗ္ဗိဒ္ဓပုဗ္ဗံ၊ မဖောက်မထွင်း
ဘူးသေးသော ၃၁၈
အနိမိတ္တဓာတုယာ၊ သဗ္ဗ-
သင်္ခါရနိမိတ်မှ ကင်းခြင်း

အက္ခရာစဉ် စာမျက်နှာ

[ အ ]

ဖြင့် အနိမိတ္တဟု ရအပ်
သော အစဉ်ရှိသော
အသင်္ခတဓာတ်၌ ၂၅၇
+အနိမိတ္တော၊ အနိမိတ္တ
မည်၏ဟူ၍ ၂၆၁
အနိဿရိယတော၊ အစိုးရသူ
မရှိသောအားဖြင့် ၂၅၁
အနုက္ကမေန၊ ဥဒယဗ္ဗယ
ဉာဏ်ကို ရခြင်းအစဉ်ဖြင့် ၁၁၃
အနုဂတတ္တာ၊ အစဉ်လျှောက်
၍ နှံ့သည်၏ အဖြစ်
ကြောင့်တည်း ၃၇၄
+အနုနယတ္ထံ၊ လျော်သည်
ဖြစ်၍ နှစ်သက်စေခြင်း
အကျိုးငှါ ၄၁၂
အနုနယော၊ လောဘသည် ၃၅၆
အနုပရမဓမ္မကတ္တာ၊
(ကောင်းမှု မကောင်း
မှု၏အစွမ်းဖြင့် အဆက်
ဆက် အဆင့်ဆင့်)
မပြတ်သော သဘော
ရှိသည်၏ အဖြစ်ကြောင့် ၃၄၀
အနုပါဒိန္နကပက္ခေ၊ အနုပါ-
ဒိန္နကအဖို့၌ ၁၁၀
အနုပါဒိန္နရူပါနိ၊ ကမ္မဇမဟုတ်
သော ရုပ်တို့ရင်း ၁၁
အနုပါယာသော၊ ဥပါယာသ
မရှိသော နိဗ္ဗာန်သည် ၂၂၆

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အနုပုဗ္ဗနိရောဓဝသေန၊
(ဝိပဿနာသို့ အစဉ်
လျှောက်သော ရှစ်ပါး
သော သမာပတ်သို့ တက်
သဖြင့် ထိုထိုသို့သော
ပဋိပက္ခ၏ ချုပ်ခြင်းကို
အကြောင်းပြုသဖြင့်)
သုံးပါးကုန်သော သင်္ခါရ
တို့၏ အစဉ်အတိုင်း
ချုပ်ခြင်း၏ အစွမ်း
အားဖြင့် ၄၂၀
အနုပေက္ခနဿ၊ လျစ်လျူမရှု
မငဲ့ကွက်ခြင်းကို ၃၉၇
အနုပုဗ္ဗတ္တာသဒတ္ထော၊ အစဉ်
အတိုင်း ရောက်အပ်
ပြီးသော အရဟတ္တဖိုလ်
ဟူသော မိမိအကျိုး
ရှိသော ၃၂၉
အနုပ္ပန္နံ၊ ခဏတ္တယသို့
မရောက်သေးသော
ကိလေသာကို ၃၆၂
အနုပ္ပဗန္ဓာပယမာနံ၊
အကြောင်းအကျိုး
အဆင့်ဆင့် အစဉ်စပ်
သောအားဖြင့် ဖြစ်သည်
ဖြစ်၍ ၁၄၀
အနုပ္ပါဒေ၊ ဥပ္ပါဒကင်းသော
နိဗ္ဗာန်၌ ၃၆၅

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အနုဗန္ဓမာနေ၁၊ အစဉ်တစိုက် လိုက်လတ်သည်ရှိသော် | ၄ |
| အနုဘူတာပဂတသေ်ါတံ၊ ခံစားပြီး၍ ကင်းသည် ချုပ်သည်ဟုဆိုအပ်သော | ၃၆၇ |
| အနုလောမဉာဏံ၊ (အရိယာ မဂ်ကို ရခြင်းအားလျော် သောကြောင့်) အနု- လောမမည်သောဉာဏ်ကို | ၈၅ |
| အနုလောမန္တိ၊ ရှေ့နောက် ဖြစ်သော ဓမ္မတို့အား လျော်သည်၏အဖြစ် ကြောင့် အနုလုံဟူ၍ | ၃၀၂ |
| အနုသဟဂတာ၊ ကျဲပါး သိမ်မွေ့သည်၏ အဖြစ်သို့ ရောက်သော | ၃၄၄ |
| အနေကဂ်သမ္ဘာရံ၊ အသီးရည်, သျှစ်သျှား, ချင်း အစ ရှိသော များစွာသော အကြောင်း အဆောက် အဦရှိသော | ၂၈၇ |
| အနေကဗျသနာဝဟနတာယ၊ အထွေထွေအပြားပြား များစွာသောပျက်စီးခြင်း ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် | ၉၀ |
| အနေကရောဂါတုရကပဏ ဇနုဒဃနေန၊ များ စွာသော ရောဂါတို့ဖြင့် ကျင်နာသော အထိး ကျန်သော လူဆင်းရဲကို မြင်သဖြင့် | ၃၉၀ |
| အန္တအန္တဂုဏပရိဝါရိတော၊ အူမအူသိမ်တို့ဖြင့် ခြံရံ အပ်သည်ဖြစ်၍ | ၄၁ |
| အန္တကရဏသမတ္ထော၊ အဆုံး ကိုပြုခြင်းငှါ စွမ်းနိုင်သည် | ၃၂၇ |
| အန္တရာ စ၊ အလယ်အကြား ၌လည်း | ၃၄ |
| အန္တရာပဏေ၊ ဈေးအတွင်း၌ | ၁၃၀ |
| အန္တိမဒေဟဓာရီ၊ အဆုံးစွန် သော ကိုယ်ကိုဆောင် တတ်သော | ၃၂၉ |
| အန္တေဝါသိကဿ၊ တပည့်၏ | ၅၈ |
| အန္တောဃရေ၊ အိုးတွင်း၌ | ၁၇ |
| အန္တောတုဒနတာယ၊ ကိုယ် တွင်း၌ ထိုးကျင့်စူးဝင် တတ်သည်၏အဖြစ် ကြောင့်ရင်း | ၈၉ |
| အပစယဂါမိ ၊ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော | ၂၆၁ |
| အပဒါလိတပုဗ္ဗံ၊ မခွဲမစိတ် ဘူးသေးသော | ၃၁၈ |
| အပရန္တံ၊ အနာဂတ်ဖြစ် သော ခန္ဓာ ပဗန္ဓ ကောဋ္ဌာသကို | ၄၃ |

အက္ခရာစဉ် စာမျက်နှာ

[ အ ]

+အပရပ္ပစ္စယေန၊ သူတပါးကို ယုံကြည်ရခြင်း ကင်းသော ၄၀၅
+အပရာပရိယဝေဒနီယံ၊ ဤအတ္တဘာဝနှင့် အနန္တရ အနာဂတ အတ္တဘာဝမှ တပါးသော အတ္တဘာဝ အဆက်ဆက် အပြန်ပြန်၌ ခံစားအပ်သော အကျိုးရှိသော ကံရင်း ၄၀
+အပရိညာတာ၊ မပိုင်းခြားအပ်ကုန်သော ၃၇၀
အပရိဏာယကံ၊ အကြီးအကဲမရှိဟူ၍ ၂၂၂
အပါတုဘူတံ၊ ထင်ရှားစွာ မဖြစ်သေးသော ကိလေသာကို ၃၆၂
အပါယဂမနီယာ၊ အပါယ်သို့ လားစေတတ်ကုန်သော ၃၅၄
အပုနရာဝဋ္ဋကံ၊ ဧကန္တိက အဖြစ်ကြောင်းရင်း, တကြိမ်သာလျှင် ဖြစ်သည်၏ အဖြစ်ကြောင်းရင်း တဖန်မလည်သော ၃၁၃
အပ္ပဋိသင်္ခါ၊ အနိစ္စစသည်တို့၌ အဖန်တလဲလဲ ဆင်ခြင်သောဉာဏ်၏ ဆန့်ကျင်ဖက်ဖြစ်သော အဝိဇ္ဇာကို ၁၅၂
အပ္ပဋိသန္ဓိကာ၊ တဖန် လာ၍ စပ်ခြင်းမရှိကုန်မူ၍ ၁၃၇
အပ္ပဏိဟိတာနုပဿနံ၊ တောင့်တတပ်မက် နှစ်သက်ဖွယ်မရှိဟု အသိဉာဏ်ဖြစ်ကြောင်းဖြစ်သော ဒုက္ခာနုပဿနာကို ၁၅၁
အပ္ပဏိဟိတာယ ဓာတုယာ၊ ရာဂပဏိဓိစသည်တို့၏ မရှိခြင်းကြောင့် အပ္ပဏိ-ဟိတဟုရအပ်သော အမည်ရှိသော အသင်္ခတ-ဓာတ်၌ ၂၅၀
အပ္ပသဝနဓမ္မတံ၊ မပွါးသော သဘောရှိသည်၏ အဖြစ်သို့ ၃၇၅
အပ္ပဟီနဋ္ဌေန၊ မဂ်ဖြင့် မပယ်အပ်သေးသည်၏ အဖြစ်ကြောင့် ၃၇၁
အပ္ပဝတ္တိ၊ အပ္ပနာ၏အစွမ်းအားဖြင့် ဖြစ်၍ ၃၂၂
+အဖလော၊ အကျိုးမရှိသည် ၃၅၉
အဗျာပန္နစိတ္တော၊ ဒေါသ မနှိပ်စက်အပ်သော စိတ်ရှိ၍ ၃၉၅

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အဗျောသာနေန၊ မတွန့်ဆုတ်
  မရပ်တန့်သဖြင့် ၉၇

အဘာဝေ္ဒနေ၊ အရှည်မတည်
  ချက်တဖြုတ်ပျက်တတ်
  သည် ဖြစ်၍ မရှိသည်၏
  အဖြစ်တည်းဟူသော
  သကတ်အနက်ကြောင့် ၁၄၈

အဘိက္ကမပဋိက္ကမအာလော-
  ကန ဝိလောကန သမိဉ္ဇန-
  ပသာရဏဝသေန၊ ရှေ့သို့
  တက်ခြင်း, နောက်သို့
  ဆုတ်ခြင်း, တူရူကြည့်
  ခြင်း, တစောင်းကြည့်
  ခြင်း,ကွေးခြင်း,ဆန့်ခြင်း
  တို့၏ အစွမ်းဖြင့် ၁၂၆

အဘိက္ကမာဒိဝသေန စေဝ၊
  ရှေ့သို့တက်ခြင်းစသည်
  တို့၏ အစွမ်းဖြင့်ရင်း ၁၃၂

အဘိက္ကမေယျံ ဝါ၊ ရှေ့သို့
  မူလည်း တက်နိုင်ရာ၏ ၃၆

အဘိညာပညာ၊ သဘာဝဓမ္မ
  တို့၏ လက္ခဏာကို
  ကောင်းစွာမှတ်သော
  အားဖြင့် ဥေယျတရားကို
  ရှေးဦးသိသောပညာသည် ၆၇

အဘိညေယျံ၊ ထူးသော ဉာဏ်
  ဖြင့် သိအပ်၏ ၇၆

အဘိဏှသမ္ပဋိပိဋ္ဌနံ၊သိမ်းဆည်း
  အပ်ပြီးသော ဥဒယဗ္ဗယ၏
  အစွမ်းဖြင့် သင်္ခါရတို့၏
  မပြတ် အဖန်တလဲလဲ
  နှိပ်စက်အပ် ညှဉ်းဆဲအပ်
  သည်၏အဖြစ်ကို ၁၉၆

အဘိဓာဝတိ နာမ၊ လွန်စွာ
  ပြေးသည်မည်၏ ၂၉

အဘိနဝါကာရံ၊ အသစ်ဖြစ်
  သော အခြင်းအရာကို ၁၅၇

အဘိနိပ္ပိဋ္ဌနံ၊ ရှေးရှု
  နှိပ်ခြင်းသည် ၁၂၇

အဘိနိဝေသံ၊ နိစ္စဟူ၍ သုခ
  ဟူ၍ အတ္တဟူ၍ မှားသော
  နှလုံးသွင်းခြင်းကို ၁၅၂၊၂၆၂

အဘိနိဝေသဿ၊ အတ္တသည်
  ပရမတ္ထဖြင့် ထင်ရှားရှိ၏
  ဟု မှားသောနှလုံးသွင်း
  ခြင်းကို ၃၉၈

အဘိဘဝနတော၊ နှိပ်နင်း
  လွှမ်းမိုးတတ်သည်၏
  အဖြစ်ကြောင့် ၃၅၅

အဘိရတိသညာယ၊ ဝင့်၌
  အလွန်မွေ့လျော်သည်၏
  အစွမ်းဖြင့်ဖြစ်သော
  သညာကို ၃၉၇

အဘိရတိသဟနတာ၊ ဆိတ်
  ညိမ်သော တောကျောင်း

အက္ခရာစဉ် စာမျက်နှာ

[ အ ]

သမထဝိပဿနာ ဘာဝ-
နာဟူသော လွန်ကဲသော
ကုသိုလ်တို့၌ မမွေ့လျော်
ခြင်း ကာမဂုဏ်တို့၌
မွေ့လျော်ပျော်ပိုက်ခြင်း
ကို နှိပ်နင်းနိုင်သည်၏
အဖြစ်ရင်း ၂၁၅

အဘိနိဝေသ၊ အတ္တဟု မှား
သော နှလုံးသွင်းခြင်းကို ၁၅၂

အဘိသင်္ခါရော စ၊ (စန္ဒေ ဝါ
သူရိယေ ဝါ တွေ့ကံ ဌာနံ
ဂတေ ဝုဋ္ဌဟိဿာမိဟု
ကာလအပိုင်းအခြားကို
ယူသည်၏ အစွမ်းအား
ဖြင့်) စိတ်ကိုပြုပြင်ခြင်း
ရင်း ၄၂၇

အဘိသန္ဒိတံ၊ အချင်းခပ်သိမ်း
ခြောက်သွေ့သည်၏အဖြစ်
မှ ကင်းသဖြင့် စွတ်စို၏ ၄၂၆

အဘိသမေတိ၊ သမ္မောဟကို
ပယ်သောအားဖြင့် ထိုး
ထွင်း၍သိ၏ ၃၁၀

အဘိဟရဏဝီတိဟရဏသော၊
ခြေကို ရှေ့သို့ဆောင်ခြင်း
ထိုမှဤမှ လွှဲဖယ်ရှောင်
ကွင်း ဆောင်ယူခြင်းတို့၌ ၁၂၀

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အဘူတသဘာဝံ၊ မဟုတ်မမှန်
ထင်ရှားမရှိသော သုဘ
သုခ နိစ္စ အတ္တသဘောကို ၃၅၂
အမဂ္ဂဥ္စ၊ လမ်းမှန်လမ်းရိုး
မဟုတ်သည်ကိုရင်း ၆၅
+အမဂ္ဂဝဇ္ဈတ္တာ၊ မဂ်ဖြင့်
မသတ်အပ်သည်၏ အဖြစ်
ကြောင့် ၃၇၀
+အမဏ္ဍနပဟတတော၊ ဝတ်
စားတန်ဆာ မဆင်သဖြင့်
ထိုသင်္ခါရတို့၏ သုဘ
အဖြစ်ကို ပယ်ဖျောက်
ခြင်းငှါ တတ်ကောင်း
သည်၏ အဖြစ်ကြောင့် ၂၃၉
အမတင္ဗော၊ သေခြင်းပျက်
ခြင်း ကင်းသည်၏ အဖြစ်
ဟူသော သဘောသည် ၃၀၄
အမနသိကာရော စ၊ (အဖြစ်
ကို မြင်ပြီး၍ စွန့်လွှတ်အပ်
သည်၏ အဖြစ်ကြောင့်)
မဆင်ခြင်ခြင်းရင်း ၄၁၉
+အမာနုသီ နာမ၊ လူတို့၏
ဥစ္စာမဟုတ်သော ၁၀၂
+အယံ၊ ဤသင်္ခါရုပေက္ခာ
ဉာဏ်သည် ၂၉၄
အယ။ ပ။ လတာဒိဘေဒံ၊
သံ ကြေး သလွဲဖြူ သလွဲ
မည်း ရွှေ ငွေ ပုလဲ ပတ္တမြား

အက္ခရာစဉ် စာမျက်နှာ

[ အ ]

ကျောက်မျက်ရွဲ။ ပ ။
နွယ် အစရှိသည် အပြား
ရှိသော ၁၃၉
အယောသူလံ၊ သံတံကျင်ရင်း ၂၁၉
+အရိယပုဂ္ဂလဝိဘာဂါယ၊
ခုနစ်ပါးသော အရိယာ
ပုဂ္ဂိုလ်တို့ကို ခွဲခြမ်း
ခြင်းငှါ ၂၅၇
အရိယဖလရသာနုဘဝနံ၊
သောတာပတ္တိဖိုလ် အစ
ရှိသော အရိယာဖိုလ်
ချမ်းသာ၏အရသာကို
ခံစားရခြင်းရင်း ၄၀၉
အရူပပရိဂ္ဂဟာယ၊ နာမ်ကို
သိမ်းဆည်းခြင်းငှါ ၂၂
အလဒ္ဒတ္တဘာဝဿ၊ မရအပ်
သော အတ္တဘောရှိသော
တရား၏ ၁၅၇
အလဗ္ဘနီယတော၊ ရှုပ်သည်
ဤသို့ဖြစ်စေသတည်း
ဤသို့မဖြစ်စေသတည်း
ဟု အလိုကို မရကောင်း
သည်၏ အဖြစ်ဖြင့် ၂၅၀
အလဗ္ဘနေယျခေမတာယ စ၊
(စောင့်ရှောက်စေလို
သော အာသာဖြင့် ဆည်း
ကပ်ပါသော်လည်း) မရ
အပ်သော ဘေးကင်းခြင်း

အက္ခရာစဉ် စာမျက်နှာ

[ အ ]

ရှိသည်၏ အဖြစ်ကြောင့်
ရင်း ၉၁
အလေဏတော၊ မှီခိုပုန်း
အောင်းရာ မဟုတ်သော
အားဖြင့် ၈၆၊၉၁
အလ္လီနာနမ္ဘိ၊ (မှီခိုကပ်ရပ်
လိုသော အာသာဖြင့်)
ကပ်ရပ်ခိုမှီလာသော
သူတို့အားလည်း ၉၁
အလ္လီယိတဗ္ဗံ၊ ပုန်းအောင်းရာ
စောင့်ရှောက်ရာဟု
ကပ်ငြိတွယ်တာအပ်
သော ၄၀၂
အလ္လီယိတုံ၊ (ဆင်းရဲဒုက္ခမှ
ကြောက်သည်ဖြစ်၍)
ခိုမှီကပ်ရပ်လိုသော
အာသာဖြင့် ကပ်ရပ်
ခိုမှီခြင်းငှါ ၉၁
အဝဆုအာဝဟနတာယ၊
သတ္တဝါအများတို့၏
စီးပွါးမဲ့ကို လွန်စွာဆောင်
တတ်သည်၏အဖြစ်
ကြောင့်ရင်း ၇၉
အဝသတာယ၊ အလိုသို့
မလိုက်တတ်သည်၏
အဖြစ်ကြောင့်ရင်း ၇၉
+အဝသဝတ္တနဋ္ဌေန၊ မိမိ
အလိုသို့ လိုက်တတ်သော

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အတ္တမရှိသည်၏အဖြစ်
တည်းဟူသော သကတ်
အနက်ကြောင့် ၁၄၇
အဝသဝတ္တိတော၊ ဆိုအပ်
ပြီးသော အပြားရှိသော
အလိုသို့ လိုက်တတ်သော
အဖြစ်မရှိခြင်းကြောင့်
ရှင်း ၁၁၇
အဝသဝတ္တိဘာဝါဝဗော-
ဓတော၊ အလိုသို့မလိုက်
တတ်သည်၏ အဖြစ်ကို
သိတတ်သောကြောင့်
တည်း ၁၆၉
အဝသိဋ္ဌကိလေသေ၊ ပယ်ပြီးမှ
ကြွင်းသော ကိလေသာ
တို့ကို ၃၂၃
အဝိက္ခေပနဋ္ဌေန၊ မပျံ့လွင့်
တတ်သော အနက်
ကြောင့် ၃၄၃
အဝိက္ခေပဝသေန၊ (ဥဒ္ဒစ္စကို
ခွါတတ်သော ဝိက္ခေပ၏
ဆန့်ကျင်ဖက်ဖြစ်သော
အညီအညွတ်ကောင်းစွာ
တည်သော) သမာဓိ၏
အစွမ်းဖြင့် ၄၃၀
အဝိဇ္ဇာနိရောဓာ၊ အရဟတ္တ
မဂ်ဉာဏ်ဖြင့် အဝိဇ္ဇာ၏
တဖန်မဖြစ်ပြန်ခြင်း

အက္ခရာစဉ် စာမျက်နှာ

[ အ ]

ဟူသော ချုပ်ခြင်း
ကြောင့် ၁၆၁
အဝိဇ္ဇာဝယ စ၊ တဆယ့်
နှစ်ပါးသော အကုသိုလ်
စိတ္တုပ္ပါဒ်၌ဖြစ်သော
အဝိဇ္ဇာဟူသော
အကြောင်းကြောင့်ရှင်း ၄၃၂
+အဝိဇ္ဇာသမုဒယာ၊
အဝိဇ္ဇာ၏ရှေးဘဝ၌
ဖြစ်ပြီးခြင်းကြောင့် ၁၅၉
အဝိဇ္ဇာသဟဂတကိလေသေ
စ၊ အဝိဇ္ဇာနှင့်သမ္ပယုတ်
ဖြစ်သော လောဘ ဒေါသ
အစရှိသော
အကြောင်းကြောင့်ရှင်း ၄၃၂
အဝိဒိတာနံယေဝ၊ (ဥဆဲ
ကြက်ငယ် ပေါက်ဝယ်
ကျေးသို့) တွေးဆ၍
သိခြင်းငှါ မတတ်အား
သည်သာလျှင်
ဖြစ်ကုန်သော ၉၀
အဝိပ္ပသိဒ္ဓေ၊ မကြည်သည်
ရှိသော် ၁၇
အဝိဝေကဘူတဿ၊ (ကိလေ
သာဟူသော အပေါင်း
အဖော်နှင့်ပေါင်းဖော်
ယှဉ်တွဲခြင်းစသည်တို့၏

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ အ ] | |
| အစွမ်းဖြင့်) မဆိတ်မညံ ဖြစ်၍ဖြစ်သော | ၃၇၉ |
| +အဝီစိကံ၊ (မတူသော စိတ်၏ဖြစ်ခြင်းဟု ဆိုအပ်သော) အခြားအဆီး မရှိသော | ၃၀၁ |
| အသံဝုတေဟိ၊ သတိတည်းဟူသော တံခါးရွက်ဖြြင့် မပိတ်အပ်ကုန်သော | ၃၅၀ |
| အသဇ္ဇမာနေ ာဝ၊ မငြိမရှက်မူ၍သာလျှင် | ၁၇၉ |
| အသနိဝိစက္ကံ၊ မိုးကြိုးစက်ဝန်း | ၂၁၆ |
| အသနိဝိစက္ကာဘိဟတဿ၊ မိုးကြိုးစက်ဝန်းသည် နှိပ်စက်အပ်သော | ၄၀၃ |
| အသပ္ပါယဘောဇနတော၊ မလျော်ကပ်သော ဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် | ၃၈၈ |
| အသမ္ဘုဟတံ၊ ထိုထိုသန္တာန်၌ တဖန်မဖြစ်ခြင်း။ပ။ မနုတ်အပ်သေးသော | ၃၆၉ |
| အသမ္ဘိန္နတ္တာ၊ မပျက်သည်၏အဖြစ်ကြောင့် | ၁၁၁ |
| အသမ္ဘိဿာ၊ အချင်းချင်း မရောနှောကြကုန် | ၃၃ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ အ ] | |
| အသမ္မောဟတ္ထံ၊ (ထိုထိုသုတ်၌ ပရိယာယ်တပါးတို့ဖြင့် လာရာ၌) မတွေးစိမ့်သောငှါ | ၃၀၅ |
| +အသမ္မောဟဘူမိယံ၊ (သတ္တဝါဟု လွန်စွာ တွေဝေသော သမ္မောဟ၏ ဆန့်ကျင်ဖက်ဖြစ်၍ ထိုသမ္မောဟကို ပယ်ခွါတတ်သော) အသမ္မောဟဘုံ၌ | ၂၅ |
| အသယံဝသီ၊ မဖောက်မပြန် ဉာဏ်အမြင်ဟူသော မိမိအလိုသို့မလိုက်ကုန် | ၅၅ |
| အသဟနာကာရေန၊ ဆတ်ဆတ်တုန်သည်းမခံနိုင်သော အခြင်းအရာအားဖြင့် | ၃၄၉ |
| အသာမိကတော၊ အစိုးပိုင် အရှင်သခင်ဖြစ်သူ တစုံတယောက်မရှိသည်၏ အဖြစ်ကြောင့်ဌင်း | ၁၁၇ |
| အသာရကဋ္ဌေန၊ အတ္တဟူသော အနှစ်သာရမရှိသည်၏ အဖြစ်ကြောင့် | ၇၄၊၀၃ |
| အသာရကတော၊ အနှစ်မဟုတ် အကာနှင့်တူသော အားဖြင့် | ဂ၆၊၉၁-၃၊၂၅၁ |

အက္ခရာစဉ် စာမျက်နှာ

[ အ ]

+အသိတာဒိပရိပါစကော၊ စားအပ်သော အာဟာရ စသည်ကို ကျက်စေတတ်သော ၇

အသုဒ္ဓတ္တာ၊ မစင်ကြယ်သည်၏ အဖြစ်ကြောင့် ၃၅၃

